ဗုဒ္ဓ၏ တရားတော်များ



မွေစကြံ

မွေစကြံ(တရားတည်း ဟူသောစက်) ဟူသည်မှာ သက္ကဋ္ဌဘာသာမှ ပြန်ဆိုထားသော ပေါဟာရ ဖြစ်သည်။ စဉ်ဆက်မပြတ် လည်နေသော လှည်းဘီးနှင့် အလားတူသည့် သဘောကို ဆိုလိုသည်။ အဓိပ္ပါယ်မှာ ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ဒေသနာတော်သည် အဆုံးမရှိ စဉ်ဆက်မပြတ် ဆက်စပ်၍ တရစပ် လည်ပတ်ပြီး ဆက်ကာ ဆက်ကာ ပြန့်ပွားနေသကဲ့သို့ သင်္ကေတသဘောကို ဆောင်ပေသည်။ လှည်းဘီး စက်ဝန်းအတွင်းရှိ ဒေါက်တိုင်ရှစ်ချောင်းသည် ဗုဒ္ဓဝါဒ၏ သံသရာမှ လွတ်ကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို ညွှန်းဆိုပေသည်။ အရေးပါဆုံးနှင့် လက်တွေ့ သဘောဆောင်သော နည်းနာန်သျှ လမ်းစဉ် ဖြစ်သည်။ ယင်းသို့ သံသရာမှ လွတ်မြောက်ရန် လမ်းစဉ်(ရှစ်)သွယ်မှာ-

(၁) မှန်ကန်သောရှုမြင်ခြင်း
(၂) မှန်ကန်စွာကြံစည်ခြင်း
(၃) မှန်ကန်စွာပြောဆိုခြင်း
(၄) မှန်ကန်စွာပြုလုပ်ခြင်း
(၅) မှန်ကန်စွာအသက်မွေးခြင်း
(၆) မှန်ကန်စွာလုံ့လထုတ်ခြင်း
(၇) မှန်ကန်စွာအောက်မေ့ခြင်း
(၈) မှန်ကန်စွာစိတ်တည်တံ့ခြင်း တို့ဖြစ်သည်။

ဗုဒ္ဓ ဆင်းတုတော်များ၊ ရုပ်တုများ မပေါ်ပေါက်မီ ရှေးကျသော ကာလများမှာ မွေစကြံတရား (တရားတည်း ဟူသောစက်) ကို ကိုးကွယ်အားထားရာအဖြစ် အလေးအမြတ်ပြု အားထားခဲ့ကြသည်။ ယနေ့ မျက်မှောက်ကာလခေတ်တွင်မူ မွေစကြံ (လှည်းဘီးပုံသဏ္ဍာန်) ကို နိုင်ငံအနှံ့အပြားမှာ ဗုဒ္ဓဝါဒ၏ ဘုံအမှတ်အသားအဖြစ် သတ်မှတ် အသုံးပြုနေကြပေသည်။

Copyright © 1987, 2017 by **BUKKYO DENDO KYOKAI**

ဤ စာအုပ်တွင် ပါရှိသော မည်သည့် စာပိုဒ်ကိုမဆို ခွင့်ပြုချက်မရှိဘဲ ကူးယူဖော်ပြ နိုင်ပါသည်။ ကူးယူထည့်သွင်းဖော်ပြရာ၌ တိုက်ဖျိုမြို့ BUKKYOU DENDOU KYOUKAI အား မှတ်တမ်းတင် ဖော်ပြ၍ စာရွက်စာတမ်း မိတ္တူတစ်စောင်ကို ပို့ပေးရန်အတွက်သာ မေတ္တာရပ်ခံပါသည်။ ကျေးဇူး တင်ပါသည်။

BUKKYO DENDO KYOKAI
(Society for the Promotion of Buddhism)
3-14, Shiba 4-chome,
Minato-ku, Tokyo, Japan, 108-0014
Phone: (03) 3455-5851
Fax: (03) 3798-2758
E-mail: bdk@bdk.or.jp http://www.bdk.or.jp

Twenty-fourth Printing, 2017

Printed by
Kosaido Co., Ltd.
Tokyo, Japan

ဗုဒ္ဓ၏ ဥာဏ်တော်သည် အနှိုင်းမရှိ ကျယ်ပြန့်လှ၏။ စိတ်ဓာတ်မှာလည်း မေတ္တာ ကရုဏာ အပြည့်ဖြစ်သည်။

ဗုဒ္ဓတွင် ပုံပန်းသဏ္ဌာန် မရှိသော်လည်း၊ ထူးခြားဆန်းကြယ်မှုဖြင့် ဖော်ပြ၍ ၊ ကြင်နာမှု နလုံးသား အပြည့်ဖြင့် ကျွန်ပ်တို့အား တရားဒေသနာ ဟောတော်မူလေသည်။ (ထေရဂါဒတွင်မူ ရုပ်နာမ်နှစ်ပါး ရှိ သည်။ တည်းဖြတ်ရေးအဖွဲ့)

ဤ စာအုပ်သည် အုပ်ရေပေါင်း ငါးထောင်ကျော်တို့တွင် မှတ်တမ်းတင် ဖော်ပြထားသည့် အကြောင်းအရာ၊ အနှစ်သာရများကို ရွေးချယ် ထည့်သွင်း ရေးသားထားခြင်းဖြစ်သဖြင့် အဖိုးတန်လှပေ သည်။ ဤ သွန်သင်ဟောပြောမှုများသည် လူမျိုးမရွေး၊ တိုင်းပြည်မရွေး ကမ္ဘာအနှံ့ပြန့်ပွားသွားပြီး၊ နှစ် ပေါင်း နှစ်ထောင့်ငါးရာကျော် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ တစ်ခေတ်မှသည် တစ်ခေတ်သို့ အဆင့်ဆင့် လက်ဆင့်ကမ်းလာခဲ့သည်။

ဤစာအုပ်ထဲ၌ ပါရှိသော ဗုဒ္ဓ၏ ဟောပြောမှုများသည် လူ့ဘဝ၏ ကဏ္ဍပေါင်းစုံနှင့် သက်ဆိုင်၍၊ လူ့ဘဝအား အဓိပ္ပာယ် ရှိစေလေသည်။

ဓမ္မပဒ

* ဤလောကမှာ ရန်တို့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မငြိမ်းအေးနိုင်ကြကုန်။ ရန်တို့မမူ ခြင်းဖြင့် သာလျှင် ရန်အေးနိုင်ကုန်၏။ ဤသဘောကား ရှေးရိုးစဉ်လာ ဓမ္မတာပင်တည်း။ (၅)

* လူမိုက်သည် မိမိမိုက်သည့် အပြစ်ကိုသိ၏။ ထိုသို့သိခြင်းကြောင့် ပညာရှိ ဖြစ်နိုင်သေး၏။ လူမိုက် သည် ငါပညာရှိဟူ၍ မိမိစိတ်ကို အထင်ရောက်မူကား ထိုသူကို လူမိုက်စစ်ဟု ခေါ်ဆိုရပေသည်။ (၆၃)

* အကြင်သူရဲကောင်းသည် စစ်မြေပြင်တွင် စစ်သည်ဗိုလ်ပါတို့ကို အကြိမ်တစ်သောင်း အောင်နိုင်ရာ၏။ အကြင်သူရဲကောင်းသည် ကိုယ်တွင်း ကိလေသာကို တစ်ကြိမ်တစ်ခါမျှ အောင်နိုင်ရာ၏။ ထိုသူရဲကောင်းသည် သာလျှင် အောင်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။ (၁၀၃)

* အကြင်သူသည် (အဖြစ်၊အပျက်) ကို မရှုမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်ငြားအံ့၊ ထိုသူ ၏ အသက်ရှည်ခြင်းသည် မမြတ်ချေ။ (အဖြစ်၊အပျက်)ကို ရှုမြင်သောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ခြင်းသည် သာလျှင် မြတ်၏။ (၁၁၅)

* လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော် ကောင်းတရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း ၏။ (၁၈၂)

* မကောင်းမှုဟူသမျှကို မပြုလုပ်ခြင်း၊ ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေခြင်း၊ မိမိ၏စိတ်ကို ဖြူစင်စေခြင်း၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။ (၁၈၃)

* သေမင်းနှိပ်စက်ခံရသော သူအား သေဘေးမှ ကယ်ဆယ် စောင့်ရှောက်နိုင်သော သားသမီးတို့ မရှိကုန်၊ အမိအဖတို့ မရှိကုန်၊ အဆွေခင်ပွန်းတို့လည်း မရှိကုန်၊ ဆွေမျိုးတို့တွင် စောင့်ရှောက်နိုင်မည့်သူ မရှိချေ။ (၂၈၈)

မာတိကာ

ဗုဒ္ဓ

အခန်း တစ် သက္ကမုနိဗုဒ္ဓ 2

I. ဗုဒ္ဓ၏အစ 2

II. ဗုဒ္ဓ၏နောက်ဆုံးဟောပြောချက်များ 11

အခန်း နှစ် အနိုင်းမဲ့ ဗုဒ္ဓ 15

I. ဗုဒ္ဓ၏ ကရုဏာတော်နှင့် သံန္ဓိဌာန်များ 15

II. ကယ်တင်ပေးနိုင်သော တရား 18

III. ထာဝရဗုဒ္ဓ 22

အခန်း သုံး ဗုဒ္ဓ၏အသွင်သဏ္ဌာန်နှင့်ပါရမီ၊သုစရိုက်များ 25

I. ဗုဒ္ဓ ခန္ဓာ၏ သွင်ပြင်သုံးရပ် 25

II. ဗုဒ္ဓနှင့် ကြံ့ကြိုက်ခွင့်ရခြင်း 28

III. ဗုဒ္ဓ၏ ကောင်းမြတ်သော ဂုဏ်တော်များ 31

ဓမ္မတရား

အခန်း တစ် အကြောင်းတရား 38

I. သစ္စာတရားလေးပါး 38

II. အကြောင်းတရား 41

III. ဒုက္ခ သမุဒယ 42

အခန်း နှစ် လူ့စိတ်နှင့်လက်ရှိသွင်ပြင် 46

I. မတည်မြဲမှု (အနိစ္စ) နှင့် အနတ္တများ 46

II. စိတ်ဖွဲ့စည်းပုံ 49
III. ရုပ်ဂတ္တုပစ္စည်းတို့၏ အခြေအနေမှန်များ 52
IV. မဖျိမ (၇) - အလယ်အလတ်လမ်း 56
အခန်း သုံး ဗုဒ္ဓ - သဘာဝ 64
I. သန့်စင်မှုစတ် 64
II. ဗုဒ္ဓ - သဘာဝ 69
III. ဗုဒ္ဓ သဘာဝနှင့် ငါမဟုတ်မှု 74
အခန်း လေး လူ့စိတ်၏အညစ်အကြေး (ကိလေသာ) များ 78
I. လူ့သဘာဝ 78
II. လူ့စရိုက် 85
III. လူ့ဘဝ 86
IV. လူ့ဘဝ၏ဖြစ်ရပ်မှန်များ (ဘဝတစ်ခု၏ သီအိုရီ) 92
အခန်း ငါး ဗုဒ္ဓ၏ကယ်တင်မှု 98
I. အမိတာဘဗုဒ္ဓ၏ သံန္ဓိဌာန်များ 98
II. အမိတာဘဗုဒ္ဓ၏ သန့်စင်မှုကမ္ဘာ (ဘုရားသာသနာ) 106

ကျင့်ကြံနည်းများ

အခန်း တစ် အမှန်တရားသို့ သွားရာလမ်း 110
I. သမာဓိ တည်ဆောက်နည်း
(စိတ်ကို စင်ကြယ်စေသောနည်း) 110
II. မွန်မြတ်သောအမှုအကျင့် 118
III. ပုံတိုပတ်စများမှ သင်ခန်းစာများ 129
အခန်း နှစ် လက်တွေ့ကျင့်ကြံနည်း 144
I. အမှန်တရားကို ရှာဖွေခြင်း 144
II. ကျင့်ကြံအားထုတ်နည်းများ 157

III. ယုံကြည်ကိုးကွယ်မှုလမ်းကြောင်း 170
IV. ဗုဒ္ဓ၏ တရားစကားများ 177

ညီအစ်ကိုဖြစ်မှု လုပ်ဖော်ကိုင်ဖက်

အခန်း တစ် သီတင်းသုံးဖော်၏ တာဝန်ဝတ္တရားများ 188
I. ရဟန်းဘဝ 188
II. ဥပါသကာ (၀ါ) ယုံကြည်ကိုးကွယ်သူ 193
III. မှန်ကန်သောနေထိုင်နည်းအတွက် လက်တွေ့လမ်းညွှန် ဝတ္တရားဘဝ 204
အခန်း နှစ် ဗုဒ္ဓသာသနာတော်ကို တည်ထောင်ခြင်း 217
I. သာသနာ့ညီနောင်များ၏ စည်းလုံးသင့်မြတ်မှု 217
II. ဗုဒ္ဓ၏ သာသနာ့နယ်မြေ 225
III. ဗုဒ္ဓနိုင်ငံတွင် ဆီးကြိုခြင်း ခံကြရသူများ 229

ကျမ်းကိုးစာရင်းများ 237

နောက်ဆက်တွဲများ

I. ဗုဒ္ဓဘာသာ၏ သမိုင်းအကျဉ်းချုပ် 250
II. ဗုဒ္ဓ၏ တရားတော်များ ပြန့်ပွားလာမှု 262
III. "ဗုဒ္ဓ၏တရားတော်များ" သမိုင်း 267
IV. "ဗုဒ္ဓ၏တရားတော်များ" အတွက် အညွှန်းများ 271
V. ဂေါဟာရများ (အက္ခရာစဉ်အလိုက်) 279

ဗုဒ္ဓဘာသာပြန့်ပွားရေးရံပုံငွေအဖွဲ့နှင့် "ဗုဒ္ဓ၏တရားတော်များ" ကိုထုတ်ဝေမှု 288

အခန်း တစ်

သကျမုနိဗုဒ္ဓ

I

ဗုဒ္ဓ၏အစ

၁. ဟိမဝန္တာတောင်၏ တောင်ဖက်ပိုင်း၊ တောင်ခြေရင်းတွင် ဖြတ်စီးလျက်ရှိသော ရောဟနီမြစ်ကမ်း တစ်လျှောက်တွင် သာကီဝင်မင်းမျိုးအနွယ် နေထိုင်ခဲ့ကြပေသည်။ ၎င်းတို့၏ ဘုရင်ဖြစ်သူ သုဒ္ဓေါဒနမင်း သည် ကပိလဝတ်ပြည်တွင် မြို့တော်ကို တည်ထောင်၍ ကြီးမားလှသောနန်းတော်ကြီးကို တည်ဆောက်ကာ မင်းကျင့်တရား ဆယ်ပါးဖြင့် အုပ်စိုးလေသောကြောင့် ပြည်သူအများစု၏ ချစ်ကြည်လေးစားမှုကို ခံယူရရှိလေသည်။

မိဖုရား၏ အမည်မှာ မာယာဖြစ်သည်။ မာယာမိဖုရားသည် ဘုရင်နှင့် နှမဝမ်းကွဲ တော်စပ်၍ မိဖုရား၏ ဖခမည်းတော်မှာလည်း အနီးနားရှိ ကောလိယ ပြည်တွင် အလားတူ သာကီဝင်မျိုးနွယ်များ၏ ဘုရင်တစ်ပါး ဒေဝဒဟမင်း ဖြစ်လေသည်။ ဘုရင်နှင့် မိဖုရားတို့တွင် အနှစ် နှစ်ဆယ်တိုင်တိုင် သားသမီး တစ်ယောက်မျှ မထွန်းကားကြပေ။ သို့ရာတွင် တစ်ည၌ မိမိ၏ လက်ျာဖက် နံပါးမှ နေ၍ ဝမ်းအတွင်းသို့ ဆင်ဖြူတစ်ကောင် ဝင်လာသည် ဟူသော ထူးခြားလှသည့် အိပ်မက်ကို မြင်မက်ကာ မိဖုရားတွင် ပဋိသန္ဓေ တည်ရှိ လာလေသည်။ မင်းသား ဖွားမြင်လာတော့မည်ကို ဘုရင်နှင့်တကွ တိုင်းသူပြည်သား များက ဝမ်းမြောက် ဝမ်းသာ စောင့်မျှော်နေကြလေသည်။ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ သန္ဓေ ရင့်မာ၍ ဆယ်လ စေ့သော် မိဖုရားသည် သားဖွားရန်အတွက် မိဘရပ်ထံသို့ ပြန်လာရာ၊ လမ်းခရီးတစ်ထောက်တွင် သာယာလှသော နွေဦးပေါက်ရာသီ၏ နေရောင် အောက်တွင် လုဗီနီဥယျာဉ်ထဲ၌ ခေတ္တဝင်ရောက်၊ အနားယူလေသည်။ (နွေဦးပေါက်ရာသီမှာ မိုးဦးရာသီ ဖြစ်သည်။ တည်းဖြတ်ရေးအဖွဲ့)

ပတ်ဝန်းကျင်ရှိ လှပလှသော အင်ကြင်းပန်းပွင့်များ မြိုင်ဆိုင်စွာ ဖူးပွင့်လျက် ရှိရာ၊ မိဖုရားသည် ဝမ်းသာကြည်နူးစွာဖြင့်၊ ပန်းခက်တစ်ခက်ကို ခူးရန်

လက်လှမ်းလိုက်သည်နှင့် တပြိုင်နက် မင်းသားလေး ကို မီးဖွားသန့်စင်လေသည်။ မိဖုရားနှင့်တကွ မင်းသားငယ်လေးတို့၏ မြင့်မြတ်တင့်တယ်မှုကို ပရိသတ် အပေါင်းက သောင်းသောင်းဖြဖြ ချီးကျူးကြလေသည်။ အထက်ကောင်းကင်နှင့် ကမ္ဘာမြေကြီးတို့က လည်း ဂမ်းသာကြည်နူးစွာ၊ ကောင်းချီးသြဘာ ပေးလေသည်။ (ထေရဂါဒအရ ကမ္ဘာမြေကြီး ငလျင် လှုပ် သည်။ တည်းဖြတ်သူ) ထူးခြားလှသော ဤနေ့ရက်မှာ ၊ ဇပြီလ (၈) ရက်နေ့ (မြန်မာလူမျိုးတို့၏ အဆိုအရ မဟာသက္ကရာဇ် ၆၈၃၊ ကဆုန်လပြည့်နေ့) ပင် ဖြစ်လေသည်။

ဘုရင်၏ ဂမ်းသာကြည်နူးမှုမှာလည်း လွန်ကဲလှသဖြင့် သားငယ်လေး၏ အမည်ကို သိဒ္ဓတ္တ "အကျိုးစီးပွားကို ပြည့်စုံစေသူ" ဟူသော အမည်နာမကို မှည့်ခေါ်လေသည်။

၂. သို့ရာတွင် ဘုရင့်နန်းတော်တွင်ကား မာယာမိဖုရားသည် ရုတ်ခြည်း (ထေရဂါဒ နိုင်ငံဖြစ်သော မြန်မာလူမျိုး အဆိုအရ သားတော်ဖွားမြင်တော်မူပြီးနောက် ခုနစ်ရက်မြောက်သောနေ့) ကွယ်လွန်သွား သဖြင့် ဂမ်းသာပျော်ရွှင်မှုသည် ဂမ်းနည်းကြေကွဲမှုသို့ ပြောင်းလဲသွားလေသည်။ မာယာမိဖုရား၏ ညီမတော် အရင်းဖြစ်သော မိထွေးတော် ဂေါတမီက မင်းသားငယ်လေးကို ချစ်ကြင်နာ ယုယစွာဖြင့် နို့တိုက် ကျွေးမွေး၊ ပြုစု စောင့်ရှောက်လာလေသည်။

မဂေးကွာလှသော တောတောင်ထဲတွင် သီတင်းသုံးနေသော အသိတ မည်သော (ထေရဂါဒ နိုင်ငံဖြစ်သော မြန်မာလူမျိုး အဆိုအရ ကာဠဒေဂီလ) ရသေ့သည် ဘုရင့်နန်းတော်တွင် မဂ်လာအပေါင်း တို့နှင့် ပြည့်စုံသော ရောင်ခြည် ထွက်နေသည်ကို တွေ့မြင်ရ၍ ကောင်းမွန်သော အတိတ်နိမိတ် အဖြစ် ကောက်ယူကာ၊ နန်းတော်သို့ ကြွမြန်းလာရာတွင် ဖွားမြင်ကာစ မင်းသားငယ် လေးကို တွေ့မြင်ရလေ သည်။ ထိုအခါ ရသေ့က "ဤမင်းသားငယ်သည်၊ အကယ်၍ အရွယ်ရောက်သည်အထိ ထီးမွေ နန်းမွေ ဆက်ခံမည် ဆိုပါက၊ ဒီပလေးကျွန်းကို ပိုင်နင်းသော စကြာ်မင်း ဖြစ်လာပေမည်။ အကယ်၍ နန်းစည်းစိမ်ကို စွန့်လွှတ်ကာ၊ ရဟန်းပြုမည် ဆိုပါက၊ နတ်လူအပေါင်းကို ကယ်တင်မည့် သမ္မာသမ္ဗုဒ္ဓဘုရား ဇကန် စင်စစ် ဖြစ်လိမ့်မည်" ဟု ဟောကိန်းထုတ်လေသည်။

သကျမုနိဗုဒ္ဓ

ထိုဟောကိန်းကို အစပထမ ကြားသိရသောအခါ၌ ဘုရင်ကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်မိ လေသည်။ သို့ရာတွင် နောက်ပိုင်း၌ တစ်ဦးတည်းသော သားတော်က နန်းတော်မှ ထွက်ခွာ၍ တောထဲ တွင် ရဟန်းဘဝဖြင့် တစ်ကိုယ်တည်း တရားအားထုတ်မည့် အလားအလာကို တွေးတောကာ စိုးရိမ်ပူပန် လာမိလေသည်။

အသက် (၇) နှစ်အရွယ်သို့ ရောက်လာသောအခါ မင်းသားသည် အဌာရသ ပညာရပ်များကို စတင်သင်ကြားရသော်လည်း အတွေးအခေါ်များမှာကား သဘာဝအလျောက် အခြားအရာများတွင် ပိုမို စိတ်ဝင်စားနေလေသည်။ နွေဦးပေါက်ရာသီတစ်နေ့တွင် မင်းသားငယ်သည် ဖခင်ခမည်းတော်နှင့် အတူ နန်းတော်မှ ထွက်လာပြီး၊ လယ်သမားတစ်ဦး လယ်ထွန်နေသည်ကို ရှုစားနေ လေသည်။ (ထေရဝါဒ အယူအရ လယ်ထွန်မင်္ဂလာဟု ဖွင့်ဆိုသည်။ တည်းဖြတ်ရေးအဖွဲ့) လယ်သမား၏ ထွန်တုံးကြောင့် မြေပေါ်သို့ ပေါ်လာသော တီကောင်ငယ်တစ်ကောင်အား ငှက်တစ်ကောင်က ပျံဆင်းလာကာ၊ ကိုက်ခဲ၍ သွားသည်ကို မင်းသားက တွေ့မြင်လိုက်ရလေသည်။ မင်းသားသည် သစ်ပင် တစ်ပင်၏ အရိပ်တွင် ဝင်ထိုင်ကာ၊ ယင်းအချင်းအရာကို တွေးတောလျက်၊ မိမိကိုယ်အား ဤကဲ့သို့ ရွတ်ဆိုနေမိလေသည်။

"သက်ရှိသတ္တဝါ အားလုံးသည် အချင်းချင်း သတ်ဖြတ်နေကြပါသည်တကား"

ဖွားမြင်လာပြီး မကြာမီပင်၊ မိခင် ကွယ်လွန်သွားခဲ့ရသော မင်းသားလေးသည်၊ ဤတိရစ္ဆာန်ငယ် လေးများ၏ ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်များကို ရှုစား၍ အထူးစိတ်ထိခိုက်နေမိလေသည်။

မင်းသားလေးတွင် ဤကဲ့သို့သော အတွင်းစိတ် နာကြည်းမှုဒဏ်ရာသည် အသက်ကြီးရင့်လာ သည်နှင့်အမျှ ဆထက်ထမ်းပိုး တိုးပွားလာခဲ့လေသည်။ အပင်ငယ်လေးတွင် ရှိသော ဒဏ်ရာကဲ့သို့ပင် ၎င်း၏ စိတ်ထဲ၌ လူ့ဘဝ၏ ဒုက္ခဝေဒနာများ ပိုမိုနက်ရှိုင်းစွာ စွဲမြဲလာလေသည်။

ရသေ့၏ ဟောကိန်းကို ပြန်လည် အမှတ်ရမိတိုင်း၊ ဘုရင်မင်းမြတ်မှလည်း ပိုမိုစိုးရိမ်ကြောင့်ကြလာသဖြင့် မင်းသားလေး ပျော်ရွှင်စွာနေနိုင်အောင် ကြိုးစား

ဆောင်ရွက်သည်။ အခြားသော နန်းတွင်းရေး လောကီရေးများတွင် စိတ်ပါဝင်စား လာအောင် ကြိုးပမ်းလုပ်ဆောင်လေသည်။ ဘုရင်မင်းမြတ်သည် အသက် (၁၉) နှစ်သို့ ရောက်ရှိလာပြီဖြစ်သော မင်းသားအား ယသော်ဓရာမင်းသမီးနှင့် ထိမ်းမြားပေးရန် စီစဉ်ဆောင်ရွက်လေသည်။ ယသော်ဓရာမင်းသမီးသည် ကွယ်လွန်သွားသူ မာယာမိဖုရား၏ မောင်တော်ဖြစ်သူ၊ ဒေဝဒဟပြည့်ရှင် သုပဗုဒ္ဓမင်း၏ သမီးတော် ဖြစ်လေသည်။

၃. နွေ၊ မိုး၊ ဆောင်း၊ စံနန်းတော် အမျိုးမျိုးတို့တွင် (၁၀) နှစ်တိုင်တိုင် အတီးအမှုတ်အဆိုအကတို့နှင့် ပျော်ရွှင်မှုမျိုးစုံတို့ဖြင့် စံမြန်းနေခဲ့ရသော်လည်း မင်းသား၏ အတွေးမှာမူ နလုံးမသာမယာဖြင့် လူဘဝ၏ အဓိပ္ပာယ်အမှန်ကို နားလည်သဘောပေါက်စေရန် ကြိုးပမ်းလျက်နှင့်ပင်၊ လူ့လောက၏ ဒုက္ခများကို တွေး တောနေမိလေသည်။

"နန်းတွင်းစည်းစိမ်များနှင့်၊ ကျန်းမာသန်စွမ်းသော ဤကိုယ်ခန္ဓာနှင့်အတူ ၊ ပျော်ရွှင်မြူးတူးနေ သော လူငယ်ဘဝ၊ ဤသည်တို့မှာ ကျွန်ုပ်အတွက် ဘာအဓိပ္ပာယ်ရှိပါသနည်း" ဟု သူက တွေးမိလေ သည်။ "တစ်နေ့နေ့တွင် ကျွန်ုပ်တို့ ရောဂါဝေဒနာ ခံစားကြမည်။ အိုမင်းရင့်ရော်လာမည်။ သေခြင်းတရား မှ ကင်းလွတ်နိုင်မည် မဟုတ်။ နုနယ်ပျိုမျစ်သည့် မာန၊ အနာရောဂါ ကင်းရှင်းသည့် မာန၊ အသက်ရှင် နေသည့် မာန၊ ဤသည်တို့ကို တွေးတောဆင်ခြင်တတ်သူတိုင်း၊ စွန့်လွှတ်သင့်ပေသည်။

"အသက်ရှင် နေထိုင်နိုင်ရန် ကြိုးပမ်းနေသူသည် သဘာဝအလျောက်၊ တန်ဖိုးရှိသည့် အရာ တစ်ခုခုကို ရှာကြံပေသည်သာ ဖြစ်သည်။ ရှာကြံနည်း ၂-မျိုး ရှိပေသည်။ အမှန်လမ်းနှင့် အမှားလမ်းတို့ ဖြစ်သည်။ မှားသောလမ်းကို ကြည့်မြင်သည့် အဓိပ္ပာယ်မှာ ဖျားနာခြင်း၊ အိုမင်းခြင်းနှင့် သေခြင်းတို့ကို ရှောင်ကွင်း၍ မရနိုင်ကြောင်း၊ သိနေလျက်နှင့်ပင်၊ အဆင့်ချင်း တူညီသော၊ ဗလာဖြစ်သည့် မတည်မြဲ သောအရာများတွင် ရှာကြံနေခြင်းပင် ဖြစ်သည်။

"လမ်းမှန်ကို ကြည့်မြင်ခြင်း အဓိပ္ပာယ်မှာ၊ အိုခြင်း၊ နာခြင်း၊ သေခြင်း

သဘောတို့၏ သဘာဝ အစစ်အမှန်ကို သိမြင်၍ လူ့ဆင်းရဲဒုက္ခအပေါင်းကို ကျော်လွန်နိုင်သည့် အဓိပ္ပာယ်ကို ရှာကြံခြင်းပင် ဖြစ် သည်။ သာယာပျော်ရွှင်မှု အတိရှိသော ဤထီးနန်းစည်းစိမ်တွင် ကျွန်ုပ်သည် မှားယွင်းသည့် လမ်းစဉ်၌ ရှာဖွေနေခြင်းပင် ဖြစ်ဟန်ရှိပေသည်။" (ထေရဂါဒအမြင်အရ နိမိတ်ကြီး (၄) ပါး မြင်တွေ့ရပြီး တောထွက် သည်ဟု ဖွင့်ဆိုသည်။ တည်းဖြတ်ရေးအဖွဲ့)

၄. ဤသို့ဖြင့်လျှင် မင်းသား၏ ရင်တွင်းဟယ်စိတ်၏ ရှုန်းကန်လှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွားလာ ရာ၊ သိဒ္ဓတ္တမင်းသားသည် အသက် ၂၉-နှစ် အရွယ်ရောက်မှ သားဖြစ်သူ ရာဟုလာကို ဖွားမြင်လေသည်။ သားတစ်ဦး ထွန်းကားလာသောအခါ မင်းသားသည် နန်းတော်မှ ထွက်ခွာကာ၊ စိတ်ချမ်းသာမှု ရှာရန် အဖြေရှာကြံနိုင်ရန် တောထွက်မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ထို့ကြောင့် ညတစ်ညတွင် မင်းသား သည် ၄င်း၏ မြင်းရထားမောင်းဖြစ်သူ ဆန္ဒကိုခေါ်၍ မြင်းဖြူတော် ကဏ္ဍကကို စီးနင်းကာ နန်းတော်မှ ထွက်ခွာသွားခဲ့လေသည်။

၄င်း၏ စိတ်ဆင်းရဲဒုက္ခများမှာ အဆုံးသတ်သွားခြင်း မရှိဘဲ မာရ်နတ်သား ကလည်း "နန်းတော်သို့ ပြန်ပါ။ အခြားသော အဖြေမျိုးကို ရှာကြံလျှင် ပိုကောင်းပေမည်၊ ထိုသို့ပြုလုပ်ပါက စက္ကြာဝတေးမင်း ဖြစ် ပေလိမ့်မည်" ဟု ဖြားယောင်း ပြောဆိုကြလေသည်။ သို့ရာတွင် လောကစည်းစိမ် မှန်သမျှသည် မိမိအား စိတ်ငြိမ်းချမ်းမှုကို ပေးနိုင်စွမ်းရှိလိမ့်မည် မဟုတ်ဟူသော အသိစိတ်ဖြင့် မင်းသားသည် မာရ်နတ်သား၏ ဖြားယောင်းပြောဆိုမှုများကို ငြင်းပယ်လေသည်။ မင်းသားသည် ဆံပင်များကို ဖြတ်ပယ်ပြီး၊ သပိတ်တစ် လုံးကို ပိုက်ကာ တောထွက်ခဲ့သည်။

မင်းသားသည် ရှေးဦးစွာ ဆရာရှာရန် ရသေ့တို့ထံသို့ သွားရောက်၍ တစ်ကိုယ်တည်း ပြင်းထန်စွာ တရားကျင့်ကြံနေထိုင်ပုံများကို ကြည့်ရှုလေ့လာ လေသည်။ ထို့နောက် မင်းသားသည် ကမ္မဋ္ဌာန်း ထိုင် ခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်ရှိစေရန် ကြိုးပမ်းနေကြသည့် အာဠာရကာလာမနှင့် ဥဒကရာမပုတ္တတို့၏ တရားကျင့်နည်းများကို သွားရောက်လေ့လာပြန်လေသည်။ သို့ရာတွင် မိမိ ကိုယ်တိုင် အတန်ကြာ ကျင့်ကြံကြည့်ပြီးသည့်နောက်၌ ဤနည်းများဖြင့်

သဗ္ဗညုတညာဏ်ကို ရရှိနိုင်မည် မဟုတ်ကြောင်း၊ ကောင်းစွာ သဘောပေါက်လာ မိလေသည်။ နောက်ဆုံးတွင် မင်းသားသည် မဂီနိုင်ငံသို့ သွားရောက်ကာ ဂယာမြို့ အနီး၌ ဖြတ်စီးသွားသော နေရဉ္ဇရာ မြစ်ကမ်းပေါ်ရှိ၊ ဥရုဝေလတောကြီးထဲတွင် တစ်ကိုယ်တည်း ပြင်းထန် စွာ တရားကျင့်ကြံလေသည်။

၅. မင်းသား၏ ကျင့်ကြံအားထုတ်မှုများမှာ မယုံကြည်နိုင်လောက်အောင်ပင် ပြင်းထန်လှလေသည်။ "မင်းသားလောက် စိတ်ဓာတ်ပြင်းပြစွာဖြင့်၊ တရားကျင့်ကြံ ခဲ့ဘူးသော၊ သို့မဟုတ် ကျင့်ကြံမည်ဖြစ်သော၊ ရသေ့ဟူသည်၊ အတိတ်ကာလ၌ သော်လည်းကောင်း၊ ပစ္စုပ္ပန်၌သော်လည်းကောင်း၊ အနာဂါတ်၌သော် လည်းကောင်း ရှိလိမ့်မည်မဟုတ်" ဟု နောင်တွင်ဆိုစမှတ်ပြုလောက်အောင် အစွမ်းကုန် ကြိုးစား ကျင့်ကြံနေလေသည်။

သို့ပင်ဖြစ်စေကာမူ မင်းသားသည် ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိနိုင်ခြင်း မရှိခဲ့ပေ။ တောထဲ၌ ၆နှစ်ကြာအောင် ကျင့်ကြံနေထိုင်ပြီးသောအခါတွင် မင်းသားသည် ဒုက္ကရစရိယာကို စွန့်လွှတ်လိုက် လေသည်။ သူသည် နေရဉ္ဇရာ မြစ်ထဲတွင် ရေချိုးပြီးသည့်နောက် ၊ အနီးအနားကျေးရွာမှ သူဌေးသမီး ဖြစ် သူ သုဇာတာ လှူဒါန်းသော ဃနာနို့ဆွမ်းကို လက်ခံလိုက်လေသည်။

မင်းသားနှင့်အတူ ၆-နှစ်တိုင်တိုင် ဒုက္ကရစရိယာကို ကျင့်ကြံခဲ့ကြသော ပဉ္စဝဂ္ဂီ ၅ပါးတို့သည် မင်း သားက လုံ့မပျိုတစ်ဦး၏ လက်မှ ဃနာနို့ဆွမ်း လက်ခံယူကြောင်း တွေ့ရှိကြရသောအခါ တအံ့တသြ ဖြစ်နေကြလေသည်။ ဤ ရဟန်းသည် ကမ္မဋ္ဌာန်း လူထွက်ပေတကားဟု အပေါင်းအဖော်များက ထင်မှတ် ကာ စွန့်ခွာသွားကြလေသည်။ (ထေရဝါဒ အမြင်တွင်မူ အစာအဟာရ မစားပဲ ကျင့်တာတာင်၊ ဘုရား အဖြစ်သို့ မရောက်နိုင်။ ယ္ခုလို ဃနာနို့ဆွမ်းကို ဘုန်းပေးလျှင် အဘယ်မှာ သဗ္ဗညုတညာဏ်တော်ကို ရနိုင်မည်နည်းဟု ကဲ့ရဲ့ အထင်သေးကာ စွန့်ခွာသွားကြ လေသည်)

မင်းသားသည် တစ်ဦးတည်း ကျန်ရစ်ခဲ့လေသည်။ သူသည် အင်အားချိန်ခဲ့

နေဆဲဖြစ်သော် လည်း အသက်ဆုံးရှုံးနိုင်သည့်အရေးကို လျစ်လျူရှုကာ "သွေးများ ကုန်ခမ်းပေစေ၊ အသားများ ဆွေးမြေ့ ပေစေ၊ အရိုးများ ကျေသွားပေစေ၊ သဗ္ဗညုတဉာဏ်ကို ရောက်ရှိနိုင်ရာလမ်းကို မတွေ့မချင်း ငါ၏ လုံ့လ ကို အနည်းငယ်မျှ မလျော့၊ ငါ၏ တင်ပလ္လင်ခွေကို မဖြေမလျော့တော့" ဟု အဓိဋ္ဌာန်ကာ၊ ထပ်မံ၍ တရား ကျင့်ကြံအားထုတ်ပြန်လေသည်။

ပြင်းထန်လှပြီး၊ မနှိုင်းယှဉ်သာသော ဇွဲလုံ့လမှုပင် ဖြစ်လေသည်။ ၎င်း၏ စိတ်မှာ၊ ထိန်းမနိုင် သိမ်း မရဖြစ်ပြီး၊ ရှုပ်ထွေးနေသော အတွေးများဖြင့် ပြည့်နှက်နေရုံသာမက စိတ်ဓာတ်တစ်ခုလုံးကို အမှောင် ရိပ်များ လွှမ်းခြုံနေကာ၊ မာရ်နတ်တို့၏ သွေးဆောင်ဖြားယောင်းမှုများကို အလူးအလဲ ခံနေရသလို ခံစား ရလေသည်။ သို့ရာတွင်၊ သူသည် စိတ်ရှည်စွာနှင့် သတိတရားကြီးစွာဖြင့် တစ်ခုချင်းစီကို စစ်ဆေး လေ့လာကာ၊ အားလုံးကို ပယ်ချလိုက်လေသည်။ ဤတရားကျင့်ကြံမှုသည်ကား အမှန်တကယ်ပင် ခက်ခဲ ကြမ်းတမ်းလှသော စိတ်ပိုင်းဆိုင်ရာ ကိလေသာကျင့်စဉ် တစ်ခု ဖြစ်သည်။ ၎င်း၏ အသွေးများကို ခြောက်ခမ်းစေရုံသာမက အသားများကို လျော့နည်းသွားစေကာ၊ အရိုးများကိုလည်း ကွဲကြေသွားစေနိုင် လောက်အောင် ပြင်းထန်ပေသည်။

သို့ရာတွင် အရှေ့ကောင်းကင်ယံ၌ မိုးသောက်ကြယ် ထွက်ပေါ်လာချိန်တွင် ဘုရားအလောင်း တော်၏ ကိလေသာတဏှာ၏ ချုပ်ရာငြိမ်းရာ နိဗ္ဗာန်မဂ်ဖိုလ်တရားကို သိမြင်ရရှိသွားလေသည်။ မင်းသား၏ စိတ်သည် မိုးလင်းချိန်ကဲ့သို့ပင် ကြည်လင် တောက်ပနေလေသည်။ သူသည် အရဟတ္တဖိုလ်ပေါက်၍ ဘုရားအဖြစ် သဗ္ဗညုတ ဉာဏ်ကို ရရှိသွားပေပြီ။ ထိုနေ့သည် ဒီဇင်ဘာလ (၈) ရက်နေ့ (မြန်မာလူမျိုးတို့ အဆိုအရ မဟာသက္ကရာဇ် ၁၀၃၃ အဆိုအရ ကဆုန်လပြည့်နေ့) ဖြစ်၍ မင်းသားသည် သက်တော် (၃၅) နှစ်အရွယ်၌ ဘုရားစင်စစ် ဇကာန်ဖြစ်၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူသည် ဖြစ်သွားလေ သည်။

၆. ထိုအချိန်မှစ၍ မင်းသားအား အမည်အမျိုးမျိုးဖြင့် ခေါ်ဆိုကြလေသည်။

အချို့တို့က သူ့အား ဗုဒ္ဓ၊ သဗ္ဗညုတရှင်၊ တထာဂတော ဟူ၍ဂုဏ်း၊ အခြားသော သူများကလည်း ဘဂဝါ သို့မဟုတ် သမ္မာသမ္ဗုဒ္ဓ ဟူ၍ဂုဏ်း၊ အသီးသီး ခေါ်ဆိုကြ လေသည်။

ဂုဏ်းသည် ရှေးဦးစွာ ဒုက္ခရစရိယာကို ၆-နှစ်တာကာလ အတူတကွ ကျင့်ခဲ့ကြသည့် ပဉ္စဝဂ္ဂီ ၅ပါး ရှိရာ ဗာရာဏသီပြည် မိဂဒါဝုန်သို့ ကြွသွားလေသည်။ ဂုဏ်းတို့သည် အစပထမ၌ ဘုရားကို အဝေးက ရှောင်၍ မမြင်ယောင် ပြုခဲ့ကြသော်လည်း ဓမ္မစက္ကြာ် ဟောကြားသည့်နောက်၌ သက်ဝင်ယုံကြည်ကြသ ဖြင့်၊ ဗုဒ္ဓ၏ ပထမဦးဆုံးသော နောက်လိုက်တပည့်များ ဖြစ်လာလေသည်။ ဂုဏ်းနောက် ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်သို့ ကြွမြန်းကာ အဆွေခင်ပွန်းဖြစ်သော ဗိမ္ဗသာရဘုရင်အား သိမ်းသွင်းခဲ့ပြန်လေသည်။ ထိုမှ နေ၍ ဗုဒ္ဓသည် နေရာအနှံ့ လှည့်လည်၍ ပြည်သူများထံမှ အလှူခံကာ သီတင်းသုံး နေထိုင်လျက် တရားဟောပြောလေသည်။

ရေငတ်နေသူက ရေကိုရှာဖွေသကဲ့သို့ဂုဏ်း၊ အစာငတ်နေသူက အစာကိုရှာသကဲ့သို့ဂုဏ်း၊ တိုင်းသူ ပြည်သားများသည် ဗုဒ္ဓအား စိတ်ဆန္ဒ ပြင်းပြစွာဖြင့် ချဉ်းကပ်ကြလေသည်။ အဂ္ဂသာဝကနှစ်ပါးဖြစ်ကြ သော ရှင်သာရိပုတ္တရာ နှင့် ရှင်မောဂ္ဂလန်တို့လည်း တပည့်နောက်လိုက် နှစ်ထောင်တို့နှင့် အတူ ဗုဒ္ဓထံသို့ ရောက်ရှိလာကြလေသည်။

ရှေးဦးပထမ၌ ဗုဒ္ဓ၏ ခမည်းတော် သုဒ္ဓါဒနမင်းကြီးသည် သားတော်က နန်းတော်မှ ထွက်ခွာ သွားရန် ဆုံးဖြတ်ခဲ့ခြင်းကို အတွင်းစိတ်ထဲ၌ မကျေမချမ်း ဖြစ်နေဆဲဖြစ်၍ ခပ်ခွာခွာနေခဲ့သော်လည်း၊ နောက်ပိုင်းတွင် ဗုဒ္ဓ၏ ဒါယကာတစ်ဦး ဖြစ်လာလေသည်။ ဗုဒ္ဓ၏ မိထွေးတော် မဟာပဇာပတိ၊ မိဖုရား ဖြစ်သူ ယသောဓရာနှင့်တကွ သကျသာကီဝင်လူမျိုးအားလုံးသည်လည်း ဗုဒ္ဓအား သက်ဝင် ယုံကြည်၍ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာလေသည်။ အခြားသော လူပေါင်း များစွာတို့သည်လည်း ဗုဒ္ဓအား ယုံကြည်ကိုး စားကြသည့် နောက်လိုက်တပည့်များ ဖြစ်လာကြလေသည်။

၇. ဗုဒ္ဓသည် ၄၅-နှစ် တိုင်တိုင် နိုင်ငံတစ်ခွင်လုံးသို့ လှည့်လည်ကာ တရား

ဟောပြောလာခဲ့ရာ နောက်ဆုံး သက်တော် (၈၀) အရွယ်၌ ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ အသွား၊ ဝေသာလီပြည်တွင် ဖျားနာလာသဖြင့် နောက်သုံးလအကြာ၌ နိဗ္ဗာန်စံမည်ဖြစ်ကြောင်း၊ မိန့်တော်မူလေသည်။ သို့တစေ၊ ဗုဒ္ဓ သည် ခရီးဆက်တော်မူ၍ ပါဝါမြို့သို့ ရောက်ရှိလာသောအခါ ပန်းထိမ်သည်စုန္ဒ ကပ်လှူသည့် ဆွမ်းကို ဘုန်းပေးပြီးနောက် နာမကျန်း ဖြစ်လာလေသည်။ ချိန်၍ ပြင်းထန်သော ရောဂါဝေဒနာ ခံစားရသော် လည်း၊ ဗုဒ္ဓသည် ခရီးအဆင့်ဆင့် ရပ်နားကာ၊ ကုသိနာရုံပြည်အနီးရှိ တောသို့ အရောက် ကြွမြန်းခဲ့လေ သည်။ အင်ကြင်းတောထဲရှိ အင်ကြင်းပင်ကြီး နစ်ပင်အကြားတွင် လဲလျောင်းကာ ဗုဒ္ဓသည် နိဗ္ဗာန် စံလွန် တော်မူခါနီးအထိ တပည့်နောက်လိုက်များအား ဆက်လက်၍ တရား ဟောပြောခဲ့လေသည်။ ဤသို့ဖြင့် ဗုဒ္ဓသည် ကမ္ဘာပေါ်ရှိ ဉာဏ်ပညာအရှိဆုံးသော ဆရာတစ်ဦးအဖြစ် လည်းကောင်း၊ ဗုဒ္ဓသာသနာပြု လုပ်ငန်းများကို ဆုံးခန်းတိုင် လုပ်ဆောင်ပြီးနောက်၊ ပရိနိဗ္ဗာန် ငြိမ်သက်စွာ ဝင်စံတော်မူလေသည်။

၈. ကုသိနာရုံပြည်ရှိ တိုင်းသူပြည်သားများသည် များစွာ စိတ်မချမ်းမသာဖြစ်၍ ဗုဒ္ဓ၏ တပည့်ဖြစ်သူ ရှင်အာနန္ဒာ၏ ညွှန်ကြားချက်အရ ကြွင်းကျန်ရစ်သော ဘုရား၏ အလောင်းတော်ကို မီးသင်္ဂြိုလ်လေ သည်။

ထိုအခါ ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် အဇာတသတ် အစရှိသော ခုနစ်ပြည်ထောင်မင်းတို့သည် ဘုရား ရှင်၏ ဓါတ်တော်များကို ခွဲဝေပေးရန် တောင်းဆိုကြသည်။ အစဦးပိုင်း၌ ကုသိနာရုံပြည် ဘုရင်က ငြင်း ဆန်ခဲ့သဖြင့် အငြင်းပွားမှုမှာ စစ်ဖြစ်ရမည့် အခြေအနေမျိုးသို့ပင် ဆိုက်ရောက်ခဲ့ရပေသည်။ သို့ရာတွင် ဒေါဏပုဏ္ဏား၏ အကြံပေးချက်ကြောင့် အရှင်မြတ်၏ ဓါတ်တော်များကို နိုင်ငံကြီး ၈-နိုင်ငံတို့အကြား ခွဲဝေ၍ အဋ္ဌဘာဂပြုမှ ကျေအေးလေသည်။ မီးလောင်တိုက်မှ ပြာများနှင့် အရိုးအကြွင်းများကို ထည့်ထား သော မြေအိုးကိုမူ၊ အခြားသော ဘုရင်နှစ်ပါးတို့အား ရှိခိုးပူဇော်ရန် ခွဲဝေပေးလိုက်လေသည်။ ဗုဒ္ဓ၏ ဓါတ်တော်များနှင့် အရိုးကြွင်းများကို စေတီဆယ်ဆူ တည်ကာ ဌာပနာ သွင်း၍ ကိုးကွယ်ခြင်း ပြုကြလေ သည်။

II
ဗုဒ္ဓ၏နောက်ဆုံးဟောပြောချက်များ

၁. ကုသိနာရုံပြည်ရှိ အင်ကြင်းပင်များ အောက်တွင် ဘုရားသည် တပည့်နောက်လိုက်များအား အောက်ပါအတိုင်း နောက်ဆုံးစကား ဟောပြော ဆုံးမတော်မူလေသည်။

"သင်တို့ကိုယ်ကို မီးရှူးတန်ဆောင်ပြုပါ။ ကိုယ့်ကိုယ်ကိုသာ အားကိုးပါ။ မည်သူ့ကိုမျှ အားမကိုး ပါနှင့်။ ငါ၏ သွန်သင်ဟောပြောမှုများကိုသာ အသင်တို့၏ လမ်းပြမီးတိုင်များအဖြစ် မှတ်ယူကျင့်သုံးပါ။ အခြားသော သွန်သင် ဟောပြောမှုများကို မီခိုခြင်း မပြုပါနှင့်။

သင်တို့၏ ကိုယ်ခန္ဓာကို ညစ်ညမ်းမှုကို စဉ်းစားကြည့်ပါက၊ ဆင်းရဲမှုသော် လည်းကောင်း၊ ချမ်းသာမှုသော် လည်းကောင်း၊ ဒုက္ခ၏ အကြောင်းရင်းဖြစ်သည်ကို သိပါလျက်နှင့်၊ အဘယ်ကဲ့သို့ ကာမ ဂုဏ် အရသာတွင် ပျော်ပိုက်နိုင်ပါမည်နည်း။ မိမိ "ကိုယ်"(အတ္တ) ကို စဉ်းစားကြည့်ပါ။ မတည်မြဲမှုကို ဆင်ခြင်ကြည့်ပါ။ နောက်ဆုံးတွင် မလွှဲမရှောင်သာပဲ ဆင်းရဲဒုက္ခနှင့် အဆုံးသတ်ရမည်ကို သိလျှက်၊ မှားယွင်းသော အမြင်မျိုးဖြင့် မာန်မာနနှင့် လောဘစိတ်များကို မြတ်နိုးလက်ခံနိုင် ပါသနည်း။ အရာဝတ္ထု ခပ်သိမ်းကို စဉ်းစားကြည့်ပါ။ တည်မြဲသော "ကိုယ်" ဟူ၍ ရှိပါသလော။ ယင်းတို့သည် အနေးနှင့်အမြန် ကြေမွ၊ ပျက်စီးလွင့်စင်သွားကြမည့် အရာများ မဟုတ်ပါလော။ အနတ္တဟု ထင်မှတ်ပါ။ ဆင်းရဲဒုက္ခ အပေါင်းတို့မှာ လူတိုင်း အတူတူ ဖြစ်သည်ဟူသောအချက်ဖြင့်၊ ဇရေဇဂါ မဖြစ်ကြပါနှင့်။ ငါ၏ တရားတော် ကို လိုက်နာကျင့်သုံးပါက၊ ငါကွယ်လွန်ပြီးသည့် နောက်၌ပင် အသင်သည် ဆင်းရဲဒုက္ခအပေါင်းမှ လွတ် ကင်းမည် ဖြစ်ပါသည်။ ဤသို့ ပြုလုပ်ပါက၊ အသင်သည် ငါ၏ စစ်မှန်သော တပည့် ဖြစ်ချေမည်။"

၂. "တပည့်တို့ ငါ၏ သွန်သင်ဟောပြောချက်များကို မည်သည့်အခါမျှ မေ့လျော့ခြင်း၊ စွန့်ပစ်ခြင်း မပြု ပါနှင့်။ ယင်းတို့ကို အမြဲတစေ အမြတ်တနိုးထား၍ အမြဲတစေ စဉ်းစားသုံးသပ်ကာ လက်တွေ့ကျင့်သုံး ရမည် ဖြစ်ပေသည်။ အကယ်၍

ဤဟောပြောချက်များအတိုင်း လိုက်နာကျင့်သုံးမည် ဆိုပါက အသင်သည် အမြဲပင် ပျော်ရွှင်ချမ်းသာမည် ဖြစ်သည်။

ဤ သွန်သင်ဟောပြောချက်များ၏ အဓိကအချက်မှာ အသင်တို့၏ ကိုယ်ပိုင်စိတ်ဓါတ်ကို ထိန်း ချုပ်ရေးပင် ဖြစ်သည်။ အသင်၏ စိတ်ကို လောဘမှ ကင်းဝေးအောင် ထားပါက အသင်၏ ကိုယ်ခန္ဓာ လည်း အမှန်အတိုင်း တည်ရှိနေမည် ဖြစ်ပြီး အသင်၏စိတ်သည် သန့်ရှင်းကြည်လင်၍၊ သစ္စာရှိသော စကားများကို ပြောဆိုပေလိမ့်မည်။ ဘဝ၏ မတည်မြဲမှုကို အနိစ္စဟူ၍ အမြဲ ဆင်ခြင်စဉ်းစားပါက အသင်သည် လောဘနှင့်ဒေါသများကို ချုပ်ထိန်းနိုင်မည် ဖြစ်ပြီး၊ မကောင်းမှုမှန်သမျှကို ရှောင်ရှားနိုင်မည် ဖြစ်ပေ သည်။

စိတ်၏ ဆွဲဆောင်မှုကြောင့် လောဘရမက်ထဲ၌ တဝဲလည်လည် ဖြစ်နေပါက၊ အသင်သည် ယင်း ဆွဲဆောင်မှုများကို ဖိနှိပ်ချိုးနှိမ်ရမည် ဖြစ်သည်။ မိမိ၏ စိတ်ကို နိုင်အောင် ထိန်းချုပ်ကြရမည် ဖြစ်သည်။

စိတ်သည် လူကို ဗုဒ္ဓ ဖြစ်စေနိုင်သကဲ့သို့၊ တောရိုင်းတိရစ္ဆာန်အဖြစ်လည်း ဖြစ်စေနိုင်ပေသည်။ အမှားနောက်သို့ လိုက်ပါက ရက္ခဘီလူး ဖြစ်လာမည်ဖြစ်ပြီး၊ အမှန်တရားကို သိရှိပါက ဗုဒ္ဓ ဖြစ်လာမည် ဖြစ်ပေသည်။ ထို့ကြောင့် အသင်၏ စိတ်ကို ချုပ်ထိန်းကာ၊ အမှန်တရားမှ တိမ်းစောင်းချွတ်ချော်ခြင်း မဖြစ်ပါစေနှင့်။"

၃. "တပည့်တို့ ငါ၏ ပြောဆိုဆုံးမမှုအောက်တွင် အသင်တို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်လေး စားကြ၍၊ အငြင်းပွားမှုများကို မဖြစ်စေရဘူး။ အသင်တို့သည် ဆီနှင့်ရေကဲ့သို့ မပေါင်းစပ်နိုင်သည့် အခြေ အနေမျိုး မဖြစ်သင့်ပဲ နို့နှင့်ရေကဲ့သို့ အတူတကွ ပေါင်းစပ်ရမည် ဖြစ်ပေသည်။

ငါ၏ ဆုံးမသွန်သင်မှုများကို အတူတကွ လေ့လာဆည်းပူး၍ အတူတကွ ကျင့်ကြံနေထိုင်ကြပါ။ ပျင်းရိမှုနှင့် အငြင်းပွားမှုများဖြင့် အသင်၏ စိတ်နှင့် အရိုန်ကို အလဟဿ မဖြုန်းတီးပါနှင့်။ အမှန်တရား ၏ ပန်းမာန်များကို ဆွတ်ခူး၍ လမ်းမှန်အတိုင်း ကျင့်သုံးနေထိုင်ကြပါ။

တပည့်တို့၊ ငါကိုယ်တိုင် လိုက်နာကျင့်သုံး၍ သိရှိလာရသော အမှန်တရား

များကို သင်တို့အား သင်ကြားဟောပြောခဲ့သည်။ အသင်တို့သည်၊ ဤတရားတော်များကို အမြဲမပြတ် လိုက်နာကျင့်သုံး သင့်ပေသည်။

အကယ်၍ ထိုကဲ့သို့ ကျင့်ကြံခြင်း မပြုပါက၊ အသင်သည် ငါနှင့် လုံးဝမတွေ့ဘူးသော အဓိပ္ပာယ် မျိုး သက်ရောက်မည်သာ ဖြစ်ပေသည်။ အသင်သည်၊ ငါနှင့် အတူတူ ရှိနေသော်လည်း ငါနှင့် အလုပ်မေး နေသည့် သဘောမျိုး သက်ရောက်မည် ဖြစ်သည်။ သို့ရာတွင် အကယ်၍ ငါ၏ ဟောပြောချက်များကို အသင် လက်ခံကျင့်သုံးမည် ဆိုပါက အသင်သည် ဝေးလံလှသော နေရာ၌ ရှိနေစေကာမူ ငါနှင့်အတူ ရှိနေသည့်သဘောမျိုး သက်ရောက်ပေမည်။"

၄. "တပည့်တို့ ၊ ငါနှင့်အသင်တို့ ခွဲခွာရတော့မည့်အချိန် နီးကပ်လာပေပြီ။ သို့ရာတွင် ဝမ်းနည်း ကြေကွဲခြင်း မဖြစ်ကြပါနှင့်။ ဘဝသည် အစဉ်အမြဲ ပြောင်းလဲနေ၍ သေခြင်းကို မည်သူကမျှ ရှောင်ကွင်း၍မရပါ။ ငါ၏ ကိုယ်ခန္ဓာသည် ဆွေးမြေ့နေသော လှည်းတစ်စီး ပြိုကျပျက်စီးသွားသကဲ့သို့၊ ငါ၏ သေဆုံး မှုက ဤအချက်ကို အနိစ္စတရားအဖြစ် သရုပ်ဖော်ပြမည် ဖြစ်သည်။

အဆင်ခြင်ကင်းမဲ့စွာ ပူဆွေးခြင်းမပြုပဲ၊ ထာဝစဉ် တည်မြဲသောအရာဟူ၍ မရှိဟူသော အသိ စိတ်ဖြင့်၊ လူဘဝ၏ အနတ္တသဘောကို ရှုမြင်သုံးသပ်ကြပါ။ ပြောင်းလဲနေသော အရာကို မပြောင်းလဲနိုင် သောအရာ ဖြစ်လာလိမ့်မည် ဟူသော တန်ဖိုးမရှိသည့် လိုအင်ဆန္ဒမျိုး၌ မြတ်နိုးတွယ်တာခြင်း မဖြစ်ကြ ပါနှင့်။

ကာမဂုဏ် လောဘစိတ်ရိုင်းသည် လူ့စိတ်ကို လှည့်ဖြားရန်၊ အမြဲပင် အခွင့်ကောင်းကို စောင့်မျှော် နေပေသည်။ အကယ်၍ အခန်းထဲ၌ မြွေဆိုး တစ်ကောင် ရှိနေ၍ အသင်က အေးချမ်းစွာ အိပ်စက်လိုမည် ဆိုပါက အသင်သည် မြွေဆိုးကို ရှေးဦးစွာ မောင်းနှင်ပစ်ရမည် ဖြစ်ပေသည်။

အသင်သည် မြွေဆိုးကဲ့သို့သော ကာမဂုဏ်ရမက်စိတ်များကို မောင်းထုတ်ပစ်ရမည် ဖြစ်သည်။ အသင်၏ စိတ်ကို ကာကွယ်စောင့်ထိန်းရမည် ဖြစ်သည်။"

၅. "တပည့်တို့၊ ငါ၏ နောက်ဆုံးသောအချိန်ပိုင်းလည်း ရောက်ရှိလာပေပြီ။

သကျမုနိဗုဒ္ဓ

သို့ရာတွင် သေခြင်းဟူသည်မှာ ရူပခန္ဓာကိုယ်၏ ပျောက်ကွယ်မှုသာ ဖြစ်ကြောင်းကို မမေ့ကြပါနှင့်။ ခန္ဓာကိုယ်သည် မိဘများက မွေးထုတ်လိုက်ပြီးသည့်နောက် အာဟာရများဖြင့် ကြီးထွားလာခြင်းသာ ဖြစ်၍ ဖျားနာခြင်းနှင့် သေဆုံး ခြင်းများကို ရှောင်ကွင်း၍ မရပါ။ ပျက်မြဲမမွတာတည်း။

ဗုဒ္ဓ အစစ်သည် လူ့ကိုယ်ခန္ဓာ မဟုတ်ပေ။ ၎င်းသည် အမှန်တရားကို သိမြင်ခြင်းသာ ဖြစ်ပေ သည်။ လူ့ကိုယ်ခန္ဓာက ပျောက်ကွယ်သွားမည် ဖြစ်သော်လည်း၊ အမှန်တရား၏ အသိဉာဏ်များမှာ မူကား သုတ်တော်၌၎င်း၊ ဂိုနည်းတော်၌၎င်း၊ ထာဝရကိန်းအောင်း တည်ရှိနေမည် ဖြစ်ပါသည်။ ငါ၏ ကိုယ်ခန္ဓာကိုသာ တွေ့မြင်သူသည် အမှန် တွေ့မြင်ခြင်း မဟုတ်၊ ငါ၏ သွန်သင်ဟောပြောမှုများကို လက်ခံသူသာလျှင် ငါ့ကို အမှန်တွေ့မြင်ခြင်း ဖြစ်ပေသည်။

ငါ သေဆုံးပြီးသည့်နောက် ငါ့ ဟောကြားပညတ်သည့် သုတ်နှင့် ဂိုနည်းတရား အပေါင်းသည် ဓမ္မ ဖြစ်သည်။ ဤသုတ်နှင့် ဂိုနည်းကို လိုက်နာ ကျင့်သုံးပါက ငါ၏ တပည့်ကောင်း ဖြစ်ပေမည်။

တပည့်တို့၊ ငါ့ဘဝ၏ နောင်းပိုင်း၊ ၄၅-နှစ်တာ ကာလအတွင်း၊ ငါသည် ထိန်ချန်ခြင်း မရှိဘဲ အလုံးစုံ သင်ပြဟောပြောခဲ့ပေသည်။ လျှို့ဝှက်သင်ကြားခြင်း၊ လျှို့ဝှက်သော အနက်အဓိပ္ပာယ်မျိုး လုံးဝ မရှိပေ။ အလုံးစုံကို ပွင့်လင်းစွာနှင့် ရှင်းလင်းပြတ်သားစွာ သင်ပြဟောပြောခဲ့ပါသည်။ တပည့်တို့ ဤ သည်မှာ နောက်ဆုံးပင် ဖြစ်၍ ခဏတာအတွင်း၌ပင်၊ ငါသည် ပရိနိဗ္ဗာန်သို့ ဝင်စံတော့မည် ဖြစ်သည်။ ဤသည်မှာ ငါ၏ သွန်သင်ညွှန်ကြားချက်များပင် ဖြစ်ပါသည်။"

အခန်း နှစ်

အနှိုင်းမဲ့ ဗုဒ္ဓ

I

ဗုဒ္ဓ၏ ကရုဏာတော်နှင့် သံန္ဓိဌာန်များ

၁. ဗုဒ္ဓ၏ စိတ်ဓာတ်သည် ချစ်ခင်ကြင်နာမှုနှင့်၊ ကရုဏာထားမှုတို့ပင်ဖြစ်ပေသည်။ ချစ်ခင်ကြင် နာစိတ်မှာ (မေတ္တာဟု ပြောင်းလဲနိုင်ပါသလား၊ ပြောင်းလဲသင့်ပါသလား။ အင်္ဂလိပ်လို Great Loving Kindness)၊ လူသားအားလုံးတို့အား ဖြစ်နိုင်သောနည်းဖြင့် ကယ်တင်ရန်ဖြစ်သည်။ ကရုဏာစိတ်မှာမူ လူသားများ၏ ဖျားနာမှု၊ ဆင်းရဲဒုက္ခများကို မိမိကိုယ်တိုင်သိမြင် ခံစားခြင်းပင် ဖြစ်ပေသည်။

ကရုဏာထားခြင်းမှာ ဗုဒ္ဓဖြစ်စဉ်၏ ပင်ကိုယ်သဘာဝပင် ဖြစ်သောကြောင့် "အသင်၏ ဆင်းရဲ ဒုက္ခများသည် ငါ၏ ဆင်းရဲဒုက္ခများပင် ဖြစ်၍၊ အသင်၏ ပျော်ရွှင်မှုသည် ငါ၏ ပျော်ရွှင်မှုပင် ဖြစ်သည်" ဟု ပြောကြားကာ၊ ဗုဒ္ဓသည် မိခင်က ရင်သွေးကို အမြဲ ချစ်သည့် နည်းတူ၊ ကြင်နာကရုဏာ ထားသည့် စိတ်ဓာတ်မျိုးကို ခဏတာမျှ မေ့ပျောက်ခြင်း မရှိပေ။

ဗုဒ္ဓ၏ ကရုဏာစိတ်ဓာတ်သည် လူသားတို့၏ လိုအပ်ချက်နှင့်အညီ နိုးကြားလာ၏။ လူသားများ၏ ယုံကြည်ကိုးစားမှုသည် ဤစိတ်ဓာတ်အပေါ် တုံ့ပြန်ချက်ပင် ဖြစ်၍၊ ယင်းမှ တစ်ဆင့် အမှန်တရားကို ရရှိ နိုင်ပေသည်။ မိခင်က ကလေးငယ်ကို ချစ်မြတ်နိုးခြင်းဖြင့် မိခင်၏ ဘဝဖြစ်စဉ်ကို နားလည်သဘော ပေါက်သကဲ့သို့ ကလေးငယ်သည်လည်း မိခင်မေတ္တာကို တုံ့ပြန်ခံစားကာ စိတ်ချမ်းသာမှုမျိုးကို ခံစားရ လေသည်။

သို့တိုင်အောင် လူသားများသည် ဗုဒ္ဓစိတ်ဓာတ်ကို နားမလည်ကြပဲ၊ ၎င်းတို့၏ နားမလည်မှုမှ ပေါ်ထွက်လာသော ထင်ယောင်ထင်မှားမှုများနှင့် လောဘရမက်များကို ဆက်လက် ခံစားနေကြပေ သည်။ ၎င်းတို့သည် ၎င်းတို့၏ ကာမဂုဏ်ရမက်များမှ စုပုံလာသော ကိုယ်ပိုင်လုပ်ရပ်များကို ခံစားရကာ လေးလံလှသော မကောင်းမှု

ဂန်ထုပ်ကို သယ်ပိုး၍ ထင်ယောင်ထင်မှားသည့် တောတောင်ထဲတွင် တဂဲ လည်လည် ဖြစ်နေကြပေသည်။

၂. ဗုဒ္ဓ၏ မေတ္တာကရုဏာများသည် လက်ရှိဘဝအတွက်သာဟု မထင်မှတ်ပါနှင့်။ ၄င်းသည် မခန့်မှန်းနိုင် သည့်အချိန်မှစ၍ တည်ရှိလာခဲ့သော အနှိုင်းမဲ့ဗုဒ္ဓ၏ အချိန်အကန့်အသတ် မရှိသည့် ကရုဏာတော်ပင် ဖြစ်၍ မသိနားမလည်သောကြောင့် လူသားများ မှားယွင်းဖော်ပြခဲ့ချိန်ကပင် တည်ရှိခဲ့ပေသည်။

ထာဝရဗုဒ္ဓသည် လူသားများရှေ့၌ အချစ်ခင်ဆုံးသော အသွင်ဖြင့်သာ၊ အမြဲတမ်း ပေါ်ပေါက်လာ၍၊ လူသားများအတွက် ပညာအရှိဆုံးသော သက်သာ ချမ်းသာမှု နည်းလမ်းများကို ယူဆောင်လာပေ သည်။

သကျသာကီဝင် လူမျိုးများထဲ၌ မင်းသားအဖြစ် ဖွားမြင်လာခဲ့သော သကျမုဏိဘုရားသည် တောထွက်၍ ဒုက္ခရစရိယကို ကျင့်သုံးခဲ့သည်။ ဆိတ်ငြိမ်စွာ တရားထိုင်ခြင်းမှတဆင့် သမ္ဗဒ္ဓတဘုရားကို ရရှိခဲ့ပေသည်။ ဗုဒ္ဓသည် လူသားများ အတွင်း၌ ဓမ္မတရားတော်ကို ဟောကြားတော်မူပြီး နောက်ဆုံး၌ ပရိနိဗ္ဗာန်စံ လွန်တော်မူလေသည်။

ဗုဒ္ဓ ဖြစ်စဉ်၏ ထာဝရ တည်မြဲသော လုပ်ရပ်များကို လူသားများက အလုံးစုံ နားမလည်နိုင်ချေ။ မသိနားမလည်မှု၏ အတိမ်အနက်ကို တိုင်းတာ၍ မရသကဲ့သို့ပင် ဗုဒ္ဓ၏ မေတ္တာကရုဏာများသည်လည်း တိုင်းတာ၍ မရနိုင်ပေ။

လောကီဘဝမှ ခွဲထွက်၍၊ အကျွတ်တရားရရှိရေးအတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်ခါစ၌ ဗုဒ္ဓသည် သန္ဓိဗာန် ၄-ရပ်ကို ချမှတ်ခဲ့ပေသည်။ လူသား အားလုံးတို့အား ကယ်တင်ရန်၊ လောဘရမက် အားလုံးကို စွန့်လွှတ်ရန်၊ အသိပညာရပ်အားလုံးကို ဆည်းပူးရန်နှင့် အမှန်တရားကို ရရှိရန်တို့ပင် ဖြစ် သည်။ ဤသန္ဓိဗာန်များသည် ဗုဒ္ဓဖြစ်စဉ်၏ အခြေခံ သဘာဝဖြစ်သော မေတ္တာနှင့် ကရုဏာများကို ဟော ပြောခဲ့လေသည်။

၃. ဗုဒ္ဓသည် ရှေးဦးပထမ သက်ရှိသတ္တဝါအားလုံးကို ကြင်နာသနားပြီး၊ သူတစ်ပါး၏ အသက်ကို သတ်သော ဒုစရိုက်မှုမှ ရှောင်ရှားနိုင်ရန်၊ မိမိကိုယ်ကို လေ့ကျင့်ခဲ့ပေသည်။ ယင်းသို့ လေ့ကျင့်ခြင်းဖြင့် အသက်ရှည်ခြင်းအကျိုးကို လူအားလုံး သိရှိနိုင်စေရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် သူတပါး၏ဥစ္စာကို ခိုးယူခြင်း၏ ဒုစရိုက်မှုမှ ကင်းလွတ်နိုင်စေရန် လေ့ကျင့်ခဲ့ခြင်းဖြင့် သန့်ရှင်းစင်ကြယ်သော စိတ်ဓာတ်နှင့် မပြည့်စုံနိုင်သော ရမက်များကို မခံစားရစေရန်၊ လူအားလုံးတို့အား သိရှိစေနိုင်ရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် လိမ်လည်မှုသားပြောဆိုမှုများမှ ကင်းလွတ်စေရန် လေ့ကျင့်ခဲ့ခြင်းဖြင့် လူသားအားလုံး တို့အား အမှန်တရားကိုသာ ပြောဆိုခြင်းဖြင့် ပေါ်ပေါက်လာသော စိတ်၏ တည်ငြိမ်အေးချမ်းမှုကို သိရှိ စေရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် စကားနှစ်ခွ မပြောမိစေရန် လေ့ကျင့်ခဲ့ခြင်းဖြင့် လူတိုင်းလူတိုင်းအား ချစ်ခင်ရင်းနှီးစွာ ပေါင်းဖက်ကြ၍ ပျော်ရွှင်ဖွယ်ရာများကို သိရှိစေရန် ဟောပြော ခဲ့ပေသည်။

ဗုဒ္ဓသည် အခြားသူများအား သတင်းအဖျင်းပြောဆိုမှုများ မပြုလုပ်မိစေရန် လေ့ကျင့်ခဲ့ခြင်းဖြင့် လူတိုင်းလူတိုင်း၌ ငြိမ်းချမ်းစွာ အတူတကွ စုပေါင်းနေထိုင်မှုမှ ဖြစ်ပေါ်လာသော တည်ငြိမ်အေးချမ်း သည့် စိတ်များကို ရရှိစေရန် ဟောပြော ခဲ့ပေသည်။

ဗုဒ္ဓသည် အကျိုးမရှိသော စကားပြောဆိုမှုများကို လုံးဝမပြုမိစေရန် လေ့ကျင့်ခဲ့ခြင်းအားဖြင့် ကိုယ်ချင်းစာနာစွာဖြင့် နားလည်မှုရှိခြင်း၏ အကျိုးကို လူအားလုံးတို့အား သိရှိစေရန် ဟောပြောခဲ့ပေ သည်။

ဗုဒ္ဓသည် ကိလေသာ လောဘရမက်မှ ကင်းဝေးစေရန်၊ လေ့ကျင့်ခဲ့ခြင်း အားဖြင့် လောဘရမက် ကင်းစင်မှုနှင့် အတူဒွန်တွဲ ပါရှိလာသော ငြိမ်းချမ်းမှုကို လူတိုင်းသိရှိနိုင်စေရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် သူတစ်ပါးကို မုန်းတီးခြင်းမှ ရှောင်ကွင်းနိုင်စေရန် လေ့ကျင့် ပြီးနောက် လူ အားလုံးတို့အား တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြစေရန် ဟောပြော

ခဲ့ပေသည်။

ဗုဒ္ဓသည် မောဟကို ရှောင်ရှားနိုင်စေရန် လေ့ကျင့်ခဲ့ခြင်းအားဖြင့် ဖြစ်ပျက်မှု အကြောင်းတရားကို လူတိုင်းသိရှိနားလည်ပြီး လျစ်လျူမရှုစေရန် ဟောပြောခဲ့ပေသည်။

ဤသို့ဖြင့် ဗုဒ္ဓ၏ မေတ္တာကရုဏာသည် လူသားအားလုံးနှင့် သက်ဆိုင်၍ လူသားအားလုံး၏ ပျော်ရွှင်ချမ်းသာမှုအတွက်ကိုသာ ရည်မှန်းခဲ့ပေသည်။

ဗုဒ္ဓသည် မိဘများက ၄င်းတို့၏ သားသမီးများကို ချစ်မြတ်နိုးသည့်နည်းတူ၊ လူသားများအား ချစ်မြတ်နိုး၍ လူသားများအတွက် အကြီးမားဆုံးသော ဆုမွန်ဖြစ်စေသည့် အသက်ရှင်ခြင်းနှင့် သေခြင်း တည်း ဟူသော ပင်လယ်သမုဒ္ဒရာ၏ နိဗ္ဗာန်တဖက်ကမ်းသို့ ဖြတ်ကူးနိုင်စေရန် ဟောပြောခဲ့ပေသည်။

II
ကယ်တင်ပေးနိုင်သော တရား

၁. အမှန်တရား၏ တဖက်ကမ်းမှနေ၍ ဟောပြောတော်မူသော ဗုဒ္ဓ၏ တရားစကားများကို၊ ကိလေသာ လောကထဲတွင် ရုန်းကန်လှုပ်ရှားနေသူများ ကြားသိနိုင်ရန် လွန်စွာခက်ခဲလှပေသည်။ ထို့ကြောင့် ဗုဒ္ဓ မြတ်စွာဘုရားသည် သံသရာဝဋ္ဋ ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ဖြစ်သော တရားများကို ဟောဖော်ညွှန်ပြလေသည်။

"အသင်တို့အား ဥပမာ ဥပမေယျတစ်ခု ပြောပြမည်" ဟု ဗုဒ္ဓက မြွက်ကြားတော်မူသည်။

"တရံရောအခါက ကြွယ်ဝချမ်းသာလှသော သူဌေးတစ်ဦး၏ နေအိမ်ကို မီးစွဲလောင်လေသည်။ ထိုအချိန်က အိမ်တွင် မရှိသော သူဌေးကြီးသည် နေအိမ်သို့ ပြန်ရောက်လာသောအခါ ကစားခုံစားမှုတွင် စိတ်ပါဝင်စားနေသဖြင့် အိမ်မီးလောင်သည်ကို သတိမပြုမိကြသော ၄င်း၏ ကလေးများအိမ်ထဲတွင် ရှိနေကြဆဲ

ဖြစ်ကြောင်း သိရှိရလေသည်။ "အိမ်ထဲကနေ မြန်မြန် ပြေးထွက်လာ ကြ" ဟု ဖခင်သူဌေးကြီးက အော်ပြောသော်လည်း ကလေးများကမူ အဖေခေါ်သံကို ဂရုမပြု ကြပေ။ ထို့ကြောင့် စိုးရိမ်ပူပန်စွာဖြင့် ဖခင်က ထပ်မံအော်ပြောပြန်လေသည်။ "ကလေးတို့၊ ဖေဖေ့ ဆီမှာ ကစားစရာ အရုပ်ဆန်းတွေ ရှိတယ်။ ထွက်လာယူကြ" ။ ဤတစ်ကြိမ်တွင်မူ ကလေးသူငယ် များသည် မီးလောင်နေသော အိမ်ထဲမှ ပြေးထွက်လာ၍ အသက်ဘေးမှ လွတ်ကင်းနိုင်ကြလေ တော့သည်။"

ဤလောကကြီးသည်လည်း မီးလောင်နေသော အိမ်ပင် ဖြစ်ချေသည်။ သို့ရာတွင် အိမ် မီးလောင် နေကြောင်း သတိမမူမိကြသော လူသားများသည် မီးလောင်သေဆုံးကြရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေ ကြရပေသည်။ ထို့ကြောင့် ဗုဒ္ဓသည် မဟာကရုဏာစိတ်ကြီးစွာဖြင့် ၄င်းတို့အား ကယ်တင်ရန် နည်းလမ်း များကို တည်ထွင်ကြံဆလေသည်။

၂. ဗုဒ္ဓက မြွက်ကြားတော်မူသေး၏။ "အသင်တို့အား နောက်ပုံပြင်တစ်ခု ပြောပြမည်။ တစ်ရံရော အခါက သူဌေးကြီးတစ်ဦး၏ တစ်ဦးတည်းသောသားသည် နေအိမ်မှ ထွက်သွားပြီးသည့်နောက် ဆင်းရဲ ဝတ်မွတ်လှသည့် ဘဝသို့ ရောက်ရှိနေလေသည်။

ဖခင်သည် နေအိမ်မှ ဝေးလံစွာ ထွက်ခွာသွားသည့် သားဖြစ်သူအား ရှာဖွေခဲ့သော်လည်း လမ်းစ ပျောက်ခါ မည်သို့မျှ ရှာမတွေ့နိုင်အောင် ဖြစ်နေလေသည်။ နှစ်ပေါင်းအတော်ကြာလာသော် ဆင်းရဲဝတ် ပြတ်နေသာ သားဖြစ်သူသည် ဖခင်နေရာမြို့သို့ တဝဲလည်လည် ရောက်ရှိလာလေသည်။

မိမိသားကို ချက်ချင်းမှတ်မိသော ဖခင်က၊ သားဖြစ်သူအား အိမ်သို့ခေါ်ဆောင်လာစေရန်၊ ၄င်း၏ အခိုင်းအစေများအား စေလွှတ်လိုက်လေသည်။ သို့ရာတွင် ကြီးကျယ်ခမ်းနားလှသော နေအိမ်ကို တွေ့ မြင်ရ၍ ကြောက်ရွံ့ထိတ်လန့်နေရုံသာမက မိမိအား လှည့်ဖြားနေသည်ဟု ထင်မှတ်ကာ သားဖြစ်သူက လာခေါ်သူများနောက်သို့ လိုက်မသွားချေ။ မိမိ၏ ဖခင် ဖြစ်ကြောင်းကိုလည်း မသိရှာပေ။

အနှိုင်းမဲ့ ဗုဒ္ဓ

ဖခင်က ၄င်း၏ အခိုင်းအစေများအား ထပ်မံစေလွှတ်ကာ ချမ်းသာလှသော သူဌေးကြီး၏ နေအိမ် ၌ အစေခံလုပ်မည် ဆိုပါက ငွေအသပြာ အသင့်အတင့်ရမည် သေချာကြောင်း မှာကြားလိုက်လေသည်။ ဤတစ်ကြိမ်တွင်မူ သားဖြစ်သူသည် ကမ်းလှမ်းချက်ကို လက်ခံကာ အစေခံတစ်ဦးအဖြစ် ဖခင်၏ နေ အိမ်သို့ လိုက်ပါသွားလေသည်။

ဖခင်ဖြစ်သူသည် ၄င်းအား ရတနာရွှေငွေနှင့် ဝတ္တုပစ္စည်းအားလုံးကို တာဝန်ယူ ချုပ်ထိန်းစေ သည်အထိ တဖြည်းဖြည်းချင်း ရာထူးတိုးမြှင့်ပေးလေသည်။ သို့တိုင်အောင် သားဖြစ်သူသည် ၄င်း၏ ကိုယ်ပိုင် မွေးသဖခင်အား မမှတ်မိသေးပေ။

သားဖြစ်သူ၏ သစ္စာရှိမှုအပေါ် ဖခင်က ဝမ်းသာအားရ ဖြစ်သဖြင့် ကွယ်လွန်ခါနီးအချိန်၌ ၄င်း၏ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို ခေါ်ယူ စုရုံးစေကာ "မိတ်ဆွေတို့ နှစ်ပေါင်းများစွာ ကျွန်ုပ် ရှာဖွေနေခဲ့ သော တစ်ဦးတည်းသော သားသည် ဤလူပင် ဖြစ်ချေသည်။ ယခုအချိန်မှစ၍ သူသည် ကျွန်ုပ်၏ ရတနာ ရွှေငွေပစ္စည်းအားလုံးကို ပိုင်ဆိုင်သူဖြစ်သည်" ဟု ဝန်ခံပြောကြားလိုက်သည်။

ဖခင်၏ ဝန်ခံပြောကြားချက်ကြောင့် အံ့အားသင့်သွားသော သားဖြစ်သူက "ကျွန်ုပ်သည် ဖခင်အား ပြန်လည်တွေ့ရှိခဲ့ရုံသာမက ဤရတနာရွှေငွေပစ္စည်း အားလုံးကိုလည်း ယခုအခါတွင် မမျှော်လင့်ဘဲ ပိုင်ဆိုင်ခွင့်ရပေပြီ" ဟု ပြောဆို လေသည်။

ဤပုံပြင်ထဲတွင် ပါရှိသော သူဌေးကြီးဆိုသည်မှာ ဗုဒ္ဓဖြစ်၍ တဂဲလည်လည် ဖြစ်နေသော သားဆို သူမှာ လူသားအားလုံးကို ရည်ညွှန်းသည်။ ဖခင်က တစ်ဦး တည်းသောသားအပေါ် ထားရှိသည့် အချစ်မျိုးဖြင့်ပင် ဗုဒ္ဓ၏ မေတ္တာကရုဏာ သည်လည်း လူသားအားလုံးအပေါ် သိုင်းခြုံနေလေသည်။ ထိုမေတ္တာစိတ် မျိုးဖြင့်ပင် ဗုဒ္ဓသည် လူသားများအား အမှန်တရား ရတနာဖြင့် ပြည့်ဖြိုးနိုင်ကြစေရန် ဦးဆောင်သင်ပြပေး နိုင်မည့် အကောင်းဆုံးသော နည်းလမ်းများကို ကြံဆ ဖော်ထုတ်လေသည်။

၃. မိုးရေသည် သစ်ပင်မြက်ပင်အားလုံးအပေါ် သို့ ညီတူမျှတူ ရွာကျလာသကဲ့သို့

ဗုဒ္ဓ၏ ကရုဏာ သည်လည်း လူသားအားလုံးအပေါ် တပြေးညီ သက်ရောက်နေ လေသည်။ သစ်ပင်အမျိုးမျိုးတို့သည် အတူတူဖြစ်သော မိုးရေမှ အသီးသီးသော အကျိုးထူးများကို ရရှိကြသကဲ့သို့ပင် ကွဲပြားသော သဘာဝ နှင့် အခြေအနေ မတူညီကြသော လူသားများသည်လည်း ခြားနားသော နည်းလမ်းများဖြင့် ဗုဒ္ဓ၏ ကရုဏာတော်ကို ခံစားကြရလေသည်။

၄. မိဘများသည် ၄င်းတို့၏ ကလေးသူငယ်အားလုံးကို ချစ်ကြသော်လည်း မကျန်းမာသော ကလေး အပေါ် အထူးကြင်နာယုယစိတ်ဖြင့် ချစ်သနားလေသည်။

ဗုဒ္ဓ၏ ကရုဏာတော်သည် လူသားအားလုံးအပေါ် ညီတူညီမျှပင် ထားရှိလေသည်။ သို့ရာတွင် မောဟကြောင့် ဒုစရိုက်ပေါများကာ ဘဝဝဋ္ဋကြွေးကို ပိုမိုလေးလံစွာ ခံစားရမည့်သူများအား အထူး ကြင်နာသနားလေသည်။

အရှေ့ကောင်းကင်ယံတွင် ထွက်ပေါ်လာသော နေဝန်းသည် နေရာဒေသ တစ်ခုတည်းကို မျက်နှာလိုက်၊ အလေးပေးခြင်းမရှိဘဲ ကမ္ဘာတစ်ခွင်လုံး၏ အမှောင်ထုကို ရှင်းလင်းဖြစ်လေသည်။ ဗုဒ္ဓ၏ ကရုဏာတော်သည်လည်း လူသား အားလုံးအပေါ် သိုင်းခြုံကာ အမှန်တရားဘက်သို့ အားပေးပြီး မကောင်းမှုဒုစရိုက် မပြုမိစေရန် လမ်းညွှန်သွန်သင်လေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် မသိမှု အမိုက်မှောင်ကို ခွင်း၍ လူသားများအား အမှန်တရားဘက်သို့ ဦးတည် ဆောင်ကြဉ်းလေသည်။

ဗုဒ္ဓသည် ကရုဏာစိတ်အရာတွင် ဖခင်တစ်ဦးဖြစ်၍ ချစ်ကြင်နာမှုတွင် မိခင်တစ်ဦး ဖြစ်လေသည်။ မသိတတ်မှုနှင့် ကိလေသာလောကဏ်၏ တဏှာစိတ် များမှ မလွတ်ကင်းနိုင်ကြသော လူသားများသည် မကြာခဏ ပြင်းထန် လွန်းလှသည့် စိတ်ဓာတ်မျိုးဖြင့် ပြုမူတတ်ကြလေသည်။ ဗုဒ္ဓသည်လည်း လူသား အားလုံးအပေါ် ကရုဏာစိတ်များဖြင့် စိတ်ဓာတ်ပြင်းပြလှပေသည်။ ဗုဒ္ဓ၏ ကရုဏာတော် မရှိပါက လူသားများသည်လည်း ခိုကိုးရာမဲ့ ဖြစ်ချေမည်။ ၄င်းတို့သည် ဗုဒ္ဓ၏ ကလေးသူငယ် တပည့်များအဖြစ် ဗုဒ္ဓ ၏ ကယ်တင်နည်းများကို လက်ခံနာယူသင့်ပေသည်။

III

ထာဝရဗုဒ္ဓ

(ထေရာဂါဒ **ဗုဒ္ဓဘာသာတို့** အဆိုအရ မြတ်စွာဘုရားသည် မည်သည့်အရာမှ မမြဲကြောင်း၊ အနိစ္စတရားကို အမြဲမပြတ် ဟောကြားတော်မူလေ၍ ဤနေရာရှိ ထာဝရာ ဗုဒ္ဓဆိုသည်မှာ ထာဝရသစ္စာဓမ္မ ကို ရည်ညွှန်းပါသည်။ တည်းဖြတ်ရေး အဖွဲ့)

၁. ဗုဒ္ဓသည် မင်းသားတစ်ဦးအဖြစ် ဖွားမြင်လာပြီးသည့်နောက် တောထွက်၍ အမှန်တရားကို ရှာဖွေ တွေ့မြင်ခဲ့သည်ဟု လူတိုင်း သိထားကြသော်လည်း အမှန်မှာ အစနှင့်အဆုံးဟူ၍ မရှိသော ကမ္ဘာကြီးထဲ ၌ ရှေးလွန်လေပြီးသော ကမ္ဘာပေါင်းများစွာကတည်းကပင် ပါရမီဖြည့်ခဲ့လေသည်။

ထာဝရဗုဒ္ဓအဖြစ် ဗုဒ္ဓသည် လူအားလုံး၏ စရိုက်၊ အကြိုက်ကို သိ၍ ကယ်တင်နည်းမျိုးစုံကို အသုံး ပြုခဲ့ပေသည်။

ဗုဒ္ဓက သင်ပြခဲ့သော ထာဝရသစ္စာဓမ္မ အမှားအယွင်း မရှိပါပေ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓ သည် ကမ္ဘာလောကထဲ၌ ရှိသော အရာခပ်သိမ်းကို သိရှိတော်မူ၍ ၄င်းတို့ကို လူအားလုံးတို့အား သင် ကြားပေးသည်။

အမှန်မှာ ကမ္ဘာလောကကြီး အကြောင်းကို အမှန်အတိုင်း သိရှိနိုင်ရန် လွန်စွာ ခက်ခဲပေသည်။ မှန်သည်ဟု ထင်ရသော်လည်း မမှန်ပဲ၊ မှားယွင်းသယောင်ယောင် ထင်ရသော်လည်း မမှားယွင်းပါပေ။ လူပြိန်းများသည် ကမ္ဘာလောကကြီး၏ အမှန်တရားများကို သိရှိနိုင်မည် မဟုတ်ပါပေ။ ၄င်းတို့ကို မြတ်စွာ ဘုရားတစ်ပါးသာ အကြွင်းမရှိ သိရှိခြင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားသည် လောကကြီး အကြောင်းကို ဖြစ်ပျက်သည့်အတိုင်းပြသည်။ မှန်ကန်သည် ဟူ၍၄င်း၊ ဆိုးသည် ဟူ၍၄င်း၊ ဝေဖန်ခြင်း လုံးဝ မပြုပါ။ အရှိ ကို အရှိအတိုင်းသာ ဖြစ်သည်။

ဗုဒ္ဓက သင်ပြခဲ့သည်မှာ၊ ဤသည်ပင်ဖြစ်သည်။ လူသားအားလုံးတို့သည် ၄င်းတို့၏ သဘာဝ အခြေအနေ လုပ်ဆောင်ချက်များနှင့် ယုံကြည်ချက်များအရ

ကောင်းမှုကုသိုလ် ဇစ်မြစ်များကို ပျိုးထောင် ကြရမည် ဖြစ်သည်။ ဤသွန်သင်ညွှန်ပြချက်သည် ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် အကျိုးဝင်ပေသည်။

၂. ဗုဒ္ဓသည် စကားဖြင့် သာမက မိမိကိုယ်ခန္ဓာဖြင့်လည်း သင်ပြခဲ့ပေသည်။ ဗုဒ္ဓ၏ ဘဝသည် ထာဝရ ဖြစ်သော်လည်း ဆန္ဒရမက်များဖြင့် ဤဘဝကို တွယ်တာနေသူများအား သိရှိနားလည်လာစေရန် ဗုဒ္ဓ သည် မွေးခြင်းနှင့်သေခြင်းကို အသုံးပြုလေသည်။

"ဆေးဆရာတစ်ဦးသည် အဝေးသို့ရောက်ရှိနေစဉ် ၎င်း၏ ကလေးများသည် မတော်တဆ အဆိပ်စားမိကြလေသည်။ ဆေးဆရာ ပြန်လာသောအခါ၌ အခြေအနေကို တွေ့မြင်သိရှိရ၍ ဖြေဆေး ပေးလေသည်။ ပြင်းထန်စွာ အဆိပ်ဒဏ် မခံကြရ၍ သတိမလစ်သော ကလေးအချို့တို့က ဖြေဆေးကို သောက်၍ ပျောက်ကင်းချမ်းသာသွားကြသော်လည်း၊ အပြင်းအထန် အဆိပ်ဒဏ်သင့် သတိလစ်နေကြ သူများကမူ ဆေးသောက်ရန် ငြင်းဆန်ကြလေသည်။

သားသမီးများအပေါ် ထားရှိသော မိဘတို့၏ အချစ်စိတ်ဖြင့် ဆေးဆရာသည် ဆေးဝါးကုသရန် အပြင်းထန်ဆုံးသော နည်းလမ်းကို သုံးစွဲရန် ဆုံးဖြတ်လိုက်လေသည်။ ၎င်းက ကလေးသူငယ်များအား ဤကဲ့သို့ပြောလေသည်။ "ငါသည် ဝေးလံစွာ ခရီးထွက်ရမည် ဖြစ်သည်။ ငါသည် အသက်ကြီးရင့်ပြီ ဖြစ်၍ အချိန်မရွေး တစ်နေ့နေ့၌ သေဆုံးသွားနိုင်ပေသည်။ အကယ်၍ ငါသေသွားကြောင်း သင်တို့ ကြားသိရပါ က အဆိပ်ဖြေဆေးကို သောက်ကြပါ။ "ထို့နောက် ဆေးဆရာသည် ဝေးလံရာသို့ ခရီးထွက်ခွာသွားခဲ့ပေ သည်။ အချိန်အတန်ကြာသော် ၎င်းသည် သေဆုံးသွားပြီဟု ကလေးများအား အကြောင်းကြားရန် လူတစ်ဦးကို စေလွှတ်လိုက်လေသည်။

ဖခင် သေဆုံးသွားကြောင်း သတင်းကို ကြားသိကြရသောအခါ ဖခင်၏ ကြင်နာယုယသော စောင့်ထိန်းမှုကို ခံရတော့မည် မဟုတ်ဟူသော အသိစိတ်ဖြင့် ကလေးများသည် အထူးစိတ်ထိခိုက်သွား ကြလေသည်။ ဖခင်၏ နောက်ဆုံးပန်ကြားချက်ကို ပြန်လည်အမှတ်ရမိကြကာ၊ ၎င်းတို့သည် ဝမ်းနည်း

ကြေကွဲစွာဖြင့် ဖြေဆေးကို သောက်သုံးကြပြီး ပြန်လည် ကျန်းမာလာ ကြလေသည်။"

ဖခင် ဆေးဆရာ၏ လှည့်ဖြားမှုကို ပြစ်တင်ရှုံ့ချခြင်း ပြုပုံသူရှိပါမည်လော။ ဗုဒ္ဓသည်လည်း ယင်း ဖခင်ကဲ့သို့ပင် ဖြစ်သည်။ ဗုဒ္ဓသည် လောဘရမက်နှံထဲတွင် နစ်မြုပ်နေသူများအား ကယ်တင်ရန်၊ အသက်နှင့် ပရိနိဗ္ဗာန်ပြုခြင်းတည်း ကို သက်သေ သာဓကပြု၍ သွင်သင်ခဲ့ပေသည်။

အခန်း သုံး
ဗုဒ္ဓ၏အသွင်သဏ္ဌာန်နှင့်ပါရမီသုစရိုက်များ

I
ဗုဒ္ဓ ခန္ဓာ၏ သွင်ပြင်သုံးရပ်

၁. ဗုဒ္ဓ၏ သွင်ပြင်များမှတဆင့်၊ ဗုဒ္ဓကို သိရှိနိုင်ရန် မကြိုးစားပါနှင့်။ အဘယ်ကြောင့်ဆိုသော် သွင်ပြင် ပုံပန်းသဏ္ဌာန်များသည် စစ်မှန်သော ဗုဒ္ဓမဟုတ်ပါပေ။ စစ်မှန်သော ဗုဒ္ဓသည်လည်း အိုခြင်းသေ ဟူသော အမှန်တရားပင် ဖြစ်လေသည်။ ဗုဒ္ဓအား သိရှိနိုင်ရန် စစ်မှန်သော လမ်းသည် အမှန်တရားဟူသော သစ္စာ ကို နားလည်သဘောပေါက်ရန်ပင် ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်က ထူးခြားဆန်းကျယ်လှသော ဗုဒ္ဓ၏ ပုံပန်းသဏ္ဌာန်များကို တွေ့မြင်ရ၍ ဗုဒ္ဓကို သိရှိပြီဟု ထင်မှတ်ပါက၊ သူသည် မသိနားမလည်သော မျက်လုံး၏ မှားယွင်းမှုပင် ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ဗုဒ္ဓအား လူသားတို့သည် သာမန်မျက်စိများဖြင့် ပုံစံတစ်ခု အသွင် မျိုး၊ အတိအကျ တွေ့မြင်နိုင်ခြင်း မရှိသောကြောင့်ပင် ဖြစ်ပေသည်။ ဗုဒ္ဓ၏ သွင်ပြင်ကို နားလည်သဘော ပေါက်လာနိုင်ရန်၊ ရှင်းလင်းဖော်ပြ၍လည်း မရနိုင်ပါပေ။ လူသားတို့၏ စကားလုံးများဖြင့် ရှင်းလင်းဖော်ပြ ရန် မဖြစ်နိုင်ပါပေ။

ဗုဒ္ဓ၏ အသွင်သဏ္ဌာန်ကို ကျွန်ုပ်တို့ ပြောဆိုလေ့ရှိကြသော်လည်း ထာဝရဗုဒ္ဓသည် ပုံသေ သဏ္ဌာန်မျိုး ရှိသော်လည်း အလိုရှိပါက အသွင်မျိုးစုံဖြင့် ဖော်ပြနိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ အသွင် သဏ္ဌာန်ကို ထင်ရှားစွာ တွေ့မြင်ရသော်လည်း အသွင်သဏ္ဌာန်အပေါ် တွယ်တာနေခြင်း မရှိပါက၊ ထိုသူ သည် ဗုဒ္ဓအား တွေ့မြင်သိရှိနိုင်စွမ်း ရှိပေသည်။

၂. ဗုဒ္ဓ၏ ခန္ဓာသည် အမှန်တရားပင် ဖြစ်သည်။ ပုံသဏ္ဌာန် မရှိဘဲ အကောင်အထည် မရှိသဖြင့် အမြဲတည်ရှိနေခဲ့ပြီး နောင်တွင်လည်း တည်ရှိ

နေမည်သာ ဖြစ်သည်။ ၄င်းသည် အစားအစာများဖြင့် အာဟာရ ဖြစ်ထွန်းစေမည့် ရူပခန္ဓာ မဟုတ်ပါပေ။ ၄င်းသည် ထာဝရခန္ဓာဖြစ်၍ အကောင်အထည်မှာ အသိဉာဏ် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသည် ကြောက်ရွံ့ခြင်း သို့မဟုတ် ရောဂါဖြစ်ပွားခြင်းများ မရှိဘဲ အမြဲ ထာဝရ ဖြစ်၍ ပြောင်းလဲခြင်း မရှိပါပေ။

ထို့ကြောင့် အမှန်တရား တည်ရှိနေသ၍ ဗုဒ္ဓသည်လည်း မည်သည့်အခါမျှ ပျောက်ကွယ်သွား မည် မဟုတ်ပါပေ။ အမှန်တရားသည် အသိဉာဏ်၏ အလင်းရောင်အဖြစ် ပေါ်ထွက်လာ၍ လူသားများ အား ဘဝအသစ်သို့ နိုးကြားစေကာ ဗုဒ္ဓကမ္ဘာ အတွင်း၌ မွေးဖွားလာစေသည်။

ဤအချက်ကို နားလည်သူများသည် ဗုဒ္ဓ၏ သားများ ဖြစ်လာလေသည်။ ၄င်းတို့သည် ဗုဒ္ဓ၏ ဓမ္မ ကို စောင့်ထိန်း၍ ဗုဒ္ဓ၏ ဟောပြောချက်များကို ဂုဏ်ပြုအလေးပေးကာ နောင်လာနောင်သားများသို့ လက်ကမ်းပေးလေသည်။ ဗုဒ္ဓ၏ တန်ခိုးတော်ထက် ထူးခြားဆန်းကြယ်သည့် အရာ မရှိနိုင်ပါပေ။

(ဤ အကြောင်းအရာများသည် ထေရဝါဒ ဗုဒ္ဓဘာသာထက် ၊ တစ်ခြားသော ဘာသာ အယူအဆ နှင့် ဆက်နွယ်သော ဖေါ်ပြချက်များ ရောထွေးနေပါသည်။ တည်းဖြတ်ရေးအဖွဲ့)

၃. ဗုဒ္ဓတွင် ခန္ဓာသုံးဆင့် ရှိပေသည်။ ဓမ္မကာယ သို့မဟုတ် လိုအပ်ချက်သဘော၊ သံဘောဂကာယ သို့မဟုတ် ဖြစ်နိုင်စွမ်း နှင့် နိမ္မိတကာယ သို့မဟုတ် ဖော်ပြခြင်းသဘောတို့ ဖြစ်လေသည်။

ဓမ္မကာယ ဆိုသည်မှာ ဓမ္မ၏ အနှစ်ပင် ဖြစ်သည်။ ဗုဒ္ဓတွင် ပုံသဏ္ဌာန် သို့မဟုတ် အရောင်မရှိ သဖြင့် ဗုဒ္ဓသည် မည်သည့်နေရာမှ လာရောက်ခြင်း မဟုတ်ဘဲ သွားရမည့် နေရာလည်း မရှိပါပေ။ ကောင်းကင်ပြာကဲ့သို့ပင် ဗုဒ္ဓသည် အရာခပ်သိမ်းအပေါ် လွှမ်းခြုံနေ၍ အရာခပ်သိမ်းပင် ဖြစ်သဖြင့် ဘာမျှ လိုအပ်ခြင်း မရှိပါပေ။

ဗုဒ္ဓသည် လူသားများက ရှိနေသည်ဟု ထင်မှတ်၍ ရှိနေခြင်းမဟုတ်။ လူသားများက မေ့လျော့ နေ၍လည်း ပျောက်ကွယ်ခြင်းမရှိ။ ဗုဒ္ဓသည် လူများက

ပျော်ရွှင်၍ သက်သက်သာသာ ရှိသဖြင့် ထွက်ပေါ် လာရမည့် အထူးအကြောင်း အချက်မရှိသကဲ့သို့ လူများက ဂရုမပြုဘဲ မေ့လျော့နေ၍လည်း ပျောက်ကွယ်သွားရန် မလိုအပ်ပါပေ။ ဗုဒ္ဓသည် လူတို့၏ အတွေးအခေါ် ဘက်စုံတို့ထက် ကျော်လွန်နေပေသည်။

ဤသဘောအရ ဗုဒ္ဓ၏ ခန္ဓာသည် စကြာဝဠာတစ်ခုလုံး၏ နေရာတိုင်း၌ အပြည့်ရှိနေသည်။ နေရာ တိုင်းသို့ ရောက်ရှိနေ၍ ထာဝရ တည်ရှိနေကာ၊ လူများက ဗုဒ္ဓအား ယုံကြည်မှု သို့မဟုတ် သံသယ ဖြစ်နေ မှုများနှင့် မသက်ဆိုင်ပါပေ။

၄. သံဘောဂကာယ ဆိုသည်မှာ ဗုဒ္ဓ၏ သဘာဝကို ဖော်ပြ၍ ကရုဏာ နှင့် ပညာတို့၏ ပေါင်းစပ်မှု၊ ၄င်းမှာ ရုပ်မဲ့စိတ်ဓာတ် ဖြစ်ပြီး မွေးခြင်းနှင့်သေခြင်း အမှတ်လက္ခဏာမှ၄င်း၊ သံနိဋ္ဌာန်ချခြင်း၊ လေ့ကျင့် ခြင်းနှင့် မြင့်မြတ်သောအမည်ကို ဖော်ပြခြင်း၄င်း၊ ပေါ်လွင်ထင်ရှားစေပြီး၊ လူသားအားလုံးတို့အား ကယ် တင်ရန်ပင် ဖြစ်သည်။

ထို့ကြောင့် ကရုဏာသည် ဗုဒ္ဓခန္ဓာ၏ အနှစ်သာရဖြစ်၍ စိတ်ဓာတ် အရာအားဖြင့် ဗုဒ္ဓသည် ကျွတ် လွတ်ရန် အဆင်သင့် ဖြစ်နေသူ အားလုံးတို့အား နည်းမျိုးစုံတို့ဖြင့် ကယ်တင်လေသည်။ ထွန်းညှိပြီး၍ လောင်စာ မကုန်မချင်း၊ အမြဲတောက်လောင်နေသော မီးကဲ့သို့ပင် ဖြစ်သည်။ ထို့ကြောင့် လောကီ သံယောဇဉ်ရမက်များ၊ လုံးဝမကုန်ခမ်းမချင်း၊ ဗုဒ္ဓ၏ ကရုဏာတော်မှာလည်း မည်သည့်အခါမျှ ယိမ်းယိုင် မည် မဟုတ်ပါ။ ဖုန်များကို လေက တိုက်ခတ်ပစ်သကဲ့သို့၊ ဤခန္ဓာတွင်း၌ ရှိသော ဗုဒ္ဓ ကရုဏာတော် သည်လည်း လူ့ဆင်းရဲဒုက္ခဖုန်များကို တိုက်ခိုက်ပစ်လေသည်။

နိမ္မနကာယ၏ သဘောမှာ ဖြစ်နိုင်စွမ်းရှိသော ဗုဒ္ဓ၏ အသွင်ကို အပြည့်အဝ ဖော်ပြရန် အတွက်၊ ဗုဒ္ဓသည် ဤကမ္ဘာလောကကြီးတွင် ကိုယ်ခန္ဓာအသွင်ဖြင့် ပေါ်ထွက်လာပြီး၊ သဘာဝနှင့် စွမ်းရည် အမျိုးမျိုးအလိုက် ရှိနေကြသော လူများအား မွေးဖွားခြင်း၊ ကမ္ဘာလောကကြီးအား စွန့်လွှတ်မှုနှင့် အမှန်တရားသို့ ရောက်ရှိမှုများကို ပြသခဲ့လေသည်။ လူသားများအား ဦးဆောင်ရန် အတွက်

ဗုဒ္ဓသည် ဤခန္ဓာထဲတွင် ဖျားနာခြင်းနှင့် သေခြင်းအစရှိသည့် နည်းမျိုးစုံတို့ကို အသုံးပြုလေသည်။ (ဤအကြောင်း အရာများသည် ထေရဝါဒ ဗုဒ္ဓဘာသာထက် ၊ တစ်ခြားသော ဘာသာအယူအဆနှင့် ဆက်နွယ်သော ဖေါ်ပြချက်များ ရောထွေးနေပါသည်။ တည်းဖြတ်ရေးအဖွဲ့ မှတ်ချက်)

ဗုဒ္ဓ၏ မူလအသွင်သည် ဓမ္မကာလ ဖြစ်သော်လည်း လူ့သဘာဝများ ကွာခြားမှုရှိသည်နှင့်အမျှ ဗုဒ္ဓ၏ အသွင်သဏ္ဌာန်သည်လည်း အကွဲကွဲအပြားပြား ထွက်ပေါ်လာလေသည်။ လူသားတို့၏ ကွာခြား သော လိုအင်ဆန္ဒများ၊ လုပ်ရပ်များနှင့် စွမ်းရည်များအလိုက် ဗုဒ္ဓ၏အသွင်သည် အမျိုးမျိုးပြောင်းလဲနေ သော်လည်း ၊ ဓမ္မ၏ အမှန်တရားတစ်ခုတည်းနှင့်သာ သက်ဆိုင်လေသည်။

ဗုဒ္ဓတွင် သုံးဆင့်ခန္ဓာ ရှိသော်လည်း စိတ်ဓာတ်နှင့် ရည်ရွယ်ချက်မှာမူ၊ လူသားအားလုံးတို့အား ကယ်တင်ရန် တစ်ခုတည်းသာ ရှိလေသည်။

အခြေအနေအားလုံးတို့၌ ဗုဒ္ဓသည် မွန်မြတ်သော ကိုယ်ခန္ဓာဖြင့် ပေါ်ထွက်သော်လည်း ဤခန္ဓာ မှာ ဗုဒ္ဓ မဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓသည် အသွင်သဏ္ဌာန်တစ်ခု မဟုတ်သောကြောင့်ပင် ဖြစ်သည်။ ဗုဒ္ဓသည် အရာခပ်သိမ်းတို့၌ ရှိနေသည်။ ဗုဒ္ဓသည် ခန္ဓာကိုယ်အဖြစ် အမှန်တရားကို အသုံးပြု ထားပြီး၊ အမှန်တရားမှာလည်း အမှန်ကို နားလည်နိုင်စွမ်းရှိသူ အားလုံးတို့၏ ရှေ့မှောက်၌ အမြဲပေါ်ထွက် လေသည်။

II
ဗုဒ္ဓနှင့် ကြုံကြိုက်ခွင့်ရခြင်း

၁. ဤကမ္ဘာလောကတွင် ဗုဒ္ဓထွက်ပေါ်လာရန် (ပွင့်တော်မူရန်မှာ) လွန်စွာရှားပါးလေသည်။ ဗုဒ္ဓ ထွက်ပေါ်လာပါက ဗုဒ္ဓသည် အမှန်တရားကို တွေ့မြင်သိရှိတော်မူ၍ ဓမ္မတရားကို သွန်သင်ဟောပြော ကာ သံသယကွန်ယက်ကို ဖြတ်တောက်ပြီး ကာမရမက်ကို အမြစ်မှ ဖယ်ရှား၍ မကောင်းမှု ဇစ်မြစ်များ ကို ပိတ်ပစ်လိုက်လေသည်။ လုံးဝအနှောင်အဖွဲ့မရှိဘဲ ဗုဒ္ဓသည် ကမ္ဘာလောကကြီး

တခွင်သို့ လွတ်လပ် စွာ သွားလာလည်ပတ်လေသည်။ ဗုဒ္ဓအား ကြည်ညိုခြင်းထက် ကြီးမြတ်သောအရာ မရှိပါပေ။

ဆင်းရဲဒုက္ခ များပြားလှသော ဤကမ္ဘာကြီး၌ ဗုဒ္ဓ ထွက်ပေါ်လာခြင်းမှာ ဗုဒ္ဓသည် ဒုက္ခရောက်နေ သူများအား မစွန့်ပစ်နိုင်သောကြောင့် ဖြစ်ပေသည်။ ဗုဒ္ဓ၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဓမ္မတရား ကို ကျယ်ပြန့်စွာ ဟောပြော၍ ဓမ္မ၏ အမှန်တရားဖြင့် လူသားအားလုံးတို့အား ကယ်တင်ရန်ပင် ဖြစ်သည်။

မတရားမင်းများနှင့် မှားယွင်းသော ခံယူချက်များဖြင့် ပြည့်နှက်နေသော ကမ္ဘာထဲသို့ ဓမ္မတရား ကို သွတ်သွင်းဖြန့်ဝေရန် လွန်စွာ ခက်ခဲပေသည်။ ယင်းကဲ့သို့သော ကမ္ဘာထဲတွင် လူသားများသည် မပြည့်စုံနိုင်သော ရမက်များနှင့် အခက်အခဲမျိုးစုံတို့ကို အချည်းနီး ဆန့်ကျင်ရုန်းကန်နေကြပေသည်။ ဗုဒ္ဓ သည် ကြီးမားလှသော ကရုဏာနှင့် မေတ္တာရှိ၍သာ ဤအခက်အခဲများကို ရင်ဆိုင်နိုင်ခြင်း ဖြစ်ပေသည်။

၂. ဗုဒ္ဓသည် ဤကမ္ဘာပေါ်ရှိ လူခပ်သိမ်းတို့နှင့် မိတ်ဆွေကောင်းတစ်ဦး ဖြစ်ပေသည်။ အကယ်၍ လောကီရမက် ဝန်ထုပ်ကြီး ကို သယ်ပိုးနေရသူတစ်ဦးအား တွေ့ရှိပါက ဗုဒ္ဓသည် ကရုဏာထား၍ ယင်းဝန်ထုပ်ကို ကူညီထမ်းဆောင် ပေးလေသည်။ အထင်မှားနေသူတစ်ဦးနှင့် တွေ့ပါက၊ ဗုဒ္ဓသည် ဉာဏ်တော်၏ အလင်းရောင်ဖြင့် ထိုသူ ၏ အထင်မှားမှုကို ဖယ်ရှားပေးလေသည်။

နွားငယ်က မိခင်နွားမကြီးနှင့် အတူတကွ ပျော်ရွှင်စွာ နေထိုင်သကဲ့သို့၊ ဗုဒ္ဓ၏ သွန်သင်ဟော ပြောမှုများကို ကြားနာဖူးသူများသည်လည်း ပျော်ရွှင်ကြည်နူးမှု ဖြစ်ကြရသဖြင့် ဗုဒ္ဓအား စွန့်ခွာသွားလိုစိတ် မရှိတော့ပါပေ။

၃. လဝင်သွားသောအခါ လပျောက်သွားပြီဟု လူအများက ပြောကြလေသည်။ လထွက်လာသော အခါ၌ လပေါ်လာပြီဟု ပြောကြလေသည်။ သို့ရာတွင် အမှန်မှာ လသည် ပေါ်ခြင်းဝင်ခြင်း မရှိပါပေ။ ကောင်းကင်ယံတွင် အပြောင်းအလဲမရှိ၊ တောက်ပနေခြင်းသာဖြစ်သည်။ ဗုဒ္ဓသည် လကဲ့သို့ပင် ဖြစ် သည်။ ဗုဒ္ဓသည်

ထွက်ပေါ်လာခြင်း၊ ပျောက်ကွယ်သွားခြင်း မရှိ။ လူသားများအား ချစ်ခင်မြတ်နိုး သဖြင့် ဟောပြောသွန်သင်နိုင်ရန်အတွက်သာ ဤလောကတွင် လာရောက်၍ မွေးဖွားလာပြီး သေဆုံး (ပဋ္ဌိနိဗ္ဗာန် ပြု ဟု အသုံးပြုလိုပါသည်) သွားခြင်းသာ ဖြစ်ပေသည်။

လူများသည် လ၏ အခြေအနေတစ်ရပ်ကို လပြည့်ဟု ခေါ်၍၊ အခြားသော အခြေအနေ တစ်ရပ် ကိုမူ လဆုတ်ဟု ခေါ်သည်။ သို့ရာတွင် အမှန်စင်စစ်မှာ လသည် အမြဲလုံးဝိုင်းနေ၍ ဆုတ်ယုတ်သွားခြင်း၊ ဆန်းသစ်ကြီးထွားလာခြင်း မရှိပါပေ။ ဗုဒ္ဓသည်လည်း လနှင့် တထေရာတည်းပင် ဖြစ်သည်။ လူသားတို့၏ မျက်စိထဲတွင် ဗုဒ္ဓ၏ အသွင်အပြင်များ ပြောင်းလဲဟန် ရှိသော်လည်း အမှန်မှာ ပြောင်းလဲခြင်း လုံးဝ မရှိပါ ပေ။

လသည် လူဦးရေ ထူထပ်ပေါများသော မြို့ပေါ်မှာ ဖြစ်စေ၊ ဆိတ်ငြိမ်သော ကျေးရွာပေါ်မှာ ဖြစ် စေ၊ တောင်၊ မြစ် အစရှိသည့် အရာအားလုံးအပေါ် နေရာတိုင်း၌ ထွက်ပေါ်လာ၏။ ရေအိုင်ထဲ၌ဝင်း၊ ရေအိုးထဲ၌ဝင်း၊ သစ်ရွက်ပေါ်တွင် တွဲလွဲခိုနေသော နှင်းရေစက်ထဲ၌ဝင်း တွေ့မြင်နိုင်ပေသည်။ အကယ် ၍ လူတစ်ယောက်က၊ မိုင်ပေါင်းရာပေါင်းများစွာ လျှောက်သွားသော်လည်း လသည် အတူ လိုက်ပါလာ လေသည်။ လူသားများအတွက် လသည် ပြောင်းလဲသယောင် ရှိသော်လည်း၊ အမှန်မှာ လတွင် ပြောင်း လဲခြင်း မရှိပါပေ။ ဗုဒ္ဓသည် လကဲ့သို့ပင်၊ ဤကမ္ဘာထဲရှိ အခြေအနေအမျိုးမျိုး ပြောင်းလဲနေသော လူသား များ၏ နောက်၌ လိုက်ပါနေ၍၊ အသွင်မျိုးစုံကို ဖော်ပြလျက်ရှိလေသည်။ သို့ရာတွင် အမှန်မှာ၊ ဗုဒ္ဓသည် ပြောင်းလဲခြင်း မရှိပါပေ။

၄. ဗုဒ္ဓက ထွက်ပေါ်လာခြင်းနှင့် ပျောက်ကွယ်သွားခြင်း စသည်တို့မှာ ကျိုးကြောင်းဆက်စပ်မှုဖြင့် ရှင်းလင်းနိုင်ပေသည်။ အကြောင်းရင်းနှင့် အခြေအနေများ ဟပ်စပ်ပါက ဗုဒ္ဓ ပေါ်လာ၍ သင့်တော် ဟပ်စပ်ခြင်း မရှိသည့်အခါ၌ ဗုဒ္ဓသည် ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားဟန် ရှိပေသည်။

ဗုဒ္ဓက ထွက်ပေါ်လာသည်ဖြစ်စေ၊ ပျောက်ကွယ်သွားသည်ဖြစ်စေ ဗုဒ္ဓ၏

သဘာဝမှာ အမြဲပင် အတူတူဖြစ်၏။ ဤမူကို သိထားခြင်းဖြင့် လူတစ်ဦးတစ်ယောက်သည် အမှန်တရားလမ်းစဉ်ကို ထိန်းသိမ်းလိုက်နာ၍ ပြည့်ဝသော အသိဉာဏ်ကို ရရှိနိုင်ရန်၊ ဗုဒ္ဓ၏ ပုံသဏ္ဌာန် ပြောင်းလဲဟန်များ၊ လောက၏ အခြေအနေများ၊ သို့မဟုတ် လူ့အတွေးအခေါ် ပြောင်းလဲမှုများကြောင့် အနှောင့်အယှက် မဖြစ်စေရပေ။

ဗုဒ္ဓသည် ရူပခန္ဓာ (ရုပ်တရား) မဟုတ်ဘဲ၊ အမှန်တရားဖြစ်သည်ကို ရှင်းလင်းတင်ပြပြီး ဖြစ်သည်။ ကိုယ်ခန္ဓာကို ခံယူရာ ခွက်တစ်ခုအဖြစ် ယူဆနိုင်ပေသည်။ အကယ်၍ ဤခွက်သည် အမှန်တရားများဖြင့် ပြည့်နှက်နေပါက ဗုဒ္ဓဟု ခေါ်ဆိုနိုင်ပေသည်။ ထို့ကြောင့်၊ ဗုဒ္ဓ၏ ရူပခန္ဓာကို စွဲမက်နေ၍ ပျောက်ကွယ်မှုကို ပူဆွေးနေပါက ထိုသူသည် စစ်မှန်သော ဗုဒ္ဓကို တွေ့မြင်နိုင်မည် မဟုတ်ပေ။

အမှန်မှာ အရာခပ်သိမ်းတို့၏ သဘာဝအမှန်သည် ပေါ်ထွက်လာခြင်းနှင့် ပျောက်ကွယ်ခြင်း၊ လာခြင်းနှင့် သွားခြင်း၊ အကောင်းနှင့်အဆိုးတို့ကို ခွဲခြားသိမြင်တတ်ခြင်းထက် များစွာ မြင့်မားလွန်းခဲ့နေ ပေသည်။ အရာခပ်သိမ်းတို့သည် ဝတ္တုမဲ့ဖြစ်၍ အားလုံး တူညီကြပေသည်။

ထိုကဲ့သို့သော ခွဲခြားမှုများမှာ ယင်းအခြင်းအရာများကို တွေ့မြင်သူတို့၏ မှားယွင်းသော ဇေဖန် ဆုံးဖြတ်မှုများကြောင့် ဖြစ်ပေသည်။ ဗုဒ္ဓ၏ စစ်မှန်သော သဏ္ဌာန်သည် ပေါ်ထွက်လာခြင်း မရှိသကဲ့သို့ ပျောက်ကွယ်သွားခြင်းလည်း မရှိပါပေ။

III
ဗုဒ္ဓ၏ ကောင်းမြတ်သော ဂုဏ်တော်များ

၁. ဗုဒ္ဓက ကမ္ဘာကြီးမှ ကြည်ညိုလေးစားမှုကို ခံယူနေရသည့် အကြောင်းရင်းမှာ ဂုဏ်တော် ၅-ပါး ကြောင့် ဖြစ်ရပေသည်။ (ထေရဂါဒတွင် ဂုဏ်တော် ၉ ပါးဟု ဖွင့်ဆိုသည်။ တည်းဖြတ်ရေးအဖွဲ့) သာလွန်မြင့် မားသော အမြင်၊ သာလွန်မြင့်မား

အကြည့်၊ ပြည့်ဝစုံလင်သော ပညာ၊ အဆင့်မြင့်သော တရားဟောပြော နိုင်စွမ်းနှင့် ဗုဒ္ဓ၏ ဟောပြောမှုများကို လိုက်နာ ကျင့်ကြံစေရန်၊ ဦးဆောင်နိုင်မှု စွမ်းရည်တို့ပင် ဖြစ်ပေ သည်။

ဌင်းအပြင် အခြားသော ဂုဏ်တော် ၈-ရပ်တို့ကြောင့် ဗုဒ္ဓသည် လူသားများအား မေတ္တာတော်နှင့် ပျော်ရွှင်မှုများကို ပေးစွမ်းနိုင်ခြင်း ဖြစ်ပေသည်။ ဗုဒ္ဓ၏ သွန်သင်ဟောပြောမှုများကို လိုက်နာကျင့်ကြံမှု မှ တဆင့် ကမ္ဘာကြီးတွင် ချက်ချင်းလက်ငင်း အကျိုးဖြစ်ထွန်းစေခြင်း၊ အကောင်းနှင့်အဆိုး အမှန်နှင့်အမှား တို့ကို မှန်ကန်စွာ ဝေခွဲဆုံးဖြတ်နိုင်ခြင်း၊ မှန်ကန်သော နည်းလမ်းကို သွန်သင်ပေးခြင်းဖြင့်၊ လူသားများ အား အမှန်တရားသို့ ပို့ဆောင်ပေးခြင်း၊ တူညီသော လမ်းစဉ်ဖြင့် လူသား အားလုံးကို ဦးဆောင်ခြင်း၊ ဂုဏ် မောက်မှုနှင့် ကြွားဝါမှုများကို ရှောင်ရှားခြင်း၊ ဟောပြောသည့်အတိုင်း မိမိကိုယ်တိုင် လုပ်ဆောင်ခြင်း၊ လုပ်ပြီးသည်ကို ပြောရ၍ ပြောသလို လုပ်ခြင်း၊ ဗုဒ္ဓ၏ ကရုဏာ ကြီးမားလှသော နှလုံးသားမှ ကတိပြုချက် များကို ဖြည့်စွမ်းခြင်းတို့ ဖြစ်လေသည်။

တရားထိုင်ခြင်းဖြင့် ဖလသမ်ပါတ် ဂင်စားခြင်းဖြင့် ဗုဒ္ဓသည် တည်ငြိမ်၍ အေးချမ်းသော စိတ် ဓာတ်၊ ကြင်နာမှု၊ ကရုဏာရှိမှုနှင့် ပျော်ရွှင်မှုတို့ဖြင့် ပြည့်ဝနေခြင်းကို ထိန်းထားနိုင်ပေသည်။ ဗုဒ္ဓသည် လူသားအားလုံးတို့အား တန်းတူညီတူ ဆက်ဆံ၍ ညစ်ညမ်းသော စိတ်များကို သန့်ရှင်းစင်ကြယ်စေပြီး၊ ပျော်ရွှင်မှုကို ပေးလေသည်။

၂. ဗုဒ္ဓသည် ကမ္ဘာလောကရှိ ခပ်သိမ်းသော လူသားများအတွက် ဖခင်နှင့်မိခင် (၂) မျိုးစလုံးပင် ဖြစ် လေသည်။ ကလေးမွေးဖွားပြီးနောက် (၁၆) လတိုင်တိုင်ပင် မိခင်နှင့်ဖခင်တို့သည် ကလေးစကားလုံးများ ဖြင့် ပြောဆိုရပြီးသည့်နောက်၊ တစ်ဖြည်းဖြည်းချင်း လူကြီးတစ်ဦး အသွင်ဖြင့် ပြောဆိုစေရန် သင်ကြား ပေးလေသည်။

လူသားမိဘများနည်းတူ ဗုဒ္ဓသည် ရှေးဦးစွာ လူသားများကို စောင့်ရှောက်ပြီးသည့်နောက်၊ မိမိကိုယ်ကို မိမိစောင့်ရှောက်ရန်၊ လွှတ်ထားပေး

လေသည်။ ဗုဒ္ဓသည် လူသားများအား ၄င်းတို့၏ လိုအင် ရမက်များမှ ကျော်လွန်နိုင်စေရန် ကယ်တင်ပြီးနောက် ငြိမ်းချမ်း၍ လုံခြုံသည့် နေရာသို့ သယ်ဆောင်ပေး လေသည်။

ဗုဒ္ဓက ဟောကြားသောအခါ လူသားများသည် မိမိအတွက်သာ ရည်စူး ဟောပြောပေးသည့် အလား၊ ခံယူမှတ်သားနိုင်ကြလေသည်။

ဗုဒ္ဓ၏ စိတ်နေသဘောထားများသည် လူ့အတွေးအခေါ်များထက် ကျော်လွန်နေပေသည်။ ယင်းကို စကားလုံးများဖြင့် ရှင်းလင်းစွာ ပြောဆိုနိုင်ခြင်း မရှိပဲ၊ အရိပ်အမြွှက်မျှသာ နှိုင်းယှဉ် ပြောဆိုနိုင်လေ သည်။

ဂဂ်ါမြစ်တွင်း ရေနောက်ကျိစေနိုင်သည့် မြင်းများနှင့်ဆင်များက ခုန်ပေါက်ပြေးလွှားကြခြင်း၊ ငါးများနှင့် လိပ်များက ကူးခပ်လှုပ်ရှားခြင်းများ ပြုစေကာမူ မြစ်ရေများမှာမူ၊ သန့်ရှင်းကြည်လင်စွာနှင့် သွင်ပြင်မပျက်၊ စီးဆင်းမြဲ စီးဆင်းသွားလေသည်။ ဗုဒ္ဓသည် မြစ်ကြီးနှင့် တူလေသည်။ ငါးများနှင့် လိပ်များဟူသော မိစ္ဆာဒိဋ္ဌိများ မည်မျှ ကူးခပ်လာရောက်နှောင့်ယှက်သော်လည်း အချည်းနီးပင် ဖြစ်ရေ သည်။ ဗုဒ္ဓ၏ တရားဓမ္မသည် သန့်ရှင်းကြည်လင်စွာနှင့် မတုန်မလှုပ် စီးဆင်းမြဲ စီးဆင်းနေလေသည်။

၃. ဗုဒ္ဓ၏ ဉာဏ်တော်သည် ကြီးမြတ်ပြည့်စုံလှသဖြင့် အလွန်အကျွံဖြစ်မှုနှင့် တစ်ဖက်စောင်းဖြစ်မှု များမှ လွတ်ကင်းပြီး ရှင်းလင်းဖော်ပြနိုင်စွမ်းမရှိသော သင့်တင့်မျှတမှုမျိုးကို ထိန်းထားလေသည်။ ဗုဒ္ဓ သည် လူသားအားလုံးတို့၏ အတွေးအခေါ်များနှင့် ခံစားချက်ဟူသမျှကို သိရှိ၍၊ လောကကြီး အတွင်းရှိ အရာခပ်သိမ်းတို့ကို တစ်မဟုတ်ချင်း နားလည်သိရှိလေသည်။

ကောင်းကင်ပေါ်ရှိ ကြယ်ပွင့်များက တည်ငြိမ်သော ပင်လယ်ရေပြင်တွင် ရောင်ပြန်ဟပ် နေသကဲ့သို့ လူတို့၏ အတွေးအခေါ်များ၊ ခံစားချက်များနှင့် အခြေအနေများသည်လည်း ဗုဒ္ဓ၏ နက်နဲလှသော ဉာဏ်တော်တွင် ရောင်ပြန်ဟပ် နေလေသည်။ ထို့ကြောင့်ပင်လျှင် ဗုဒ္ဓအား အမှန်တရား အလုံးစုံကို သိ မြင်သူဟု ခေါ်ဆိုကြခြင်း ဖြစ်လေသည်။

ဗုဒ္ဓ၏အသွင်သဏ္ဌာန်နှင့်ပါရမီ၊သုစရိုက်များ

ဗုဒ္ဓ၏ ဉာဏ်တော်ကြောင့် လူသားတို့၏ စိတ်များ ရှင်သန်လန်းဆန်းလာ၍ ပညာ တိုးပွားလာကာ ဤလောကကြီး၏အကြောင်း၊ အကြောင်းနှင့်အကျိုး၊ ပေါ်ထွက်လာခြင်းနှင့် ပျောက်ကွယ်သွားခြင်းများ ကို ဆည်းပူးနိုင်လေသည်။ ဗုဒ္ဓဉာဏ်တော်၏ အကူအညီမရှိပဲနှင့် အဘယ်သို့သော လောက၏ အ ကြောင်းကို လူသားများက သိရှိနားလည်နိုင်ကြပါမည်နည်း။

၄. ဗုဒ္ဓသည် ဗုဒ္ဓအဖြစ် အမြဲတမ်း ပေါ်ထွက်လာခြင်း မဟုတ်ပေ။ ဗုဒ္ဓသည် တခါတရံ မာရ်နတ်သား အဖြစ်၄င်း၊ တခါတရံ မိန်းမအဖြစ်၄င်း၊ ဘုရား၊ ဘုရင် သို့မဟုတ် အမတ်အဖြစ်၄င်း၊ တခါတရံ ပြည့်တန်ဆာအိမ်၌ ဖြစ်စေ၊ လောင်းကစားနေရာ၌ ဖြစ်စေ ပေါ်ထွက်လာလေသည်။

ဗုဒ္ဓသည် ရောဂါဘယ ထူပြောသော နေရာ၌ ဆေးဆရာအဖြစ် ၄င်း၊ စစ်မက် ဖြစ်ပွားသော နေရာ ၌၊ လူသားများ၏ ဆင်းရဲဒုက္ခများကို ကြင်နာသနားရေးအတွက် ဟောပြောရန် ပေါ်ထွက်လာလေသည်။ အရာဝတ္ထုများ ထာဝရ တည်မြဲနေသည်ဟု ထင်မှတ်နေသူများအား ဗုဒ္ဓသည် အနိစ္စတရားကို ဟောပြော လေသည်။ ဂုဏ်မာနကြီးမြင့်၍ တစ်ကိုယ်ကောင်းဆန်သူများအား အနတ္တတရားကို ဟောပြောလေသည်။ လောကစည်းစိမ်၌ ယစ်မူးနေသူများအား ဗုဒ္ဓက လောက ဆင်းရဲများ အကြောင်းကို ဟောပြော လေသည်။

ဗုဒ္ဓ၏ ဟောပြောမှုများသည် အကြောင်းခြင်းရာအားလုံးနှင့် အချိန်အားလုံး တို့တွင် ဓမ္မကာယ၏ စစ်မှန်သော အနစ်သာရကို ပေါ်လွင်စေလေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ မေတ္တာ နှင့် ကရုဏာတို့သည် ဤ ဓမ္မကာယမှ အကန့်အသတ် မရှိ၊ ယိုစီးဖြာထွက်လာ၍ လူသားများအား ကယ်တင်လေသည်။

၅. ဤ ကမ္ဘာကြီးသည် အမြဲပင် ပျက်စီး၍ ပြန်လည် တည်ဆောက်ရသော မီးလောင်နေသည့် အိမ် နှင့် တူလေသည်။ မသိနားမလည်မှု၊ အမှောင်ထဲတွင် စမ်းတဝါးဝါး ဖြစ်နေကြသည့် လူသားများသည် ဒေါ်ပွမှု (ဒေါသ)၊ မကြိုက် မနှစ်သက်မှု (ကုသသာသာ)၊ မနာလိုမှု (မစ္ဆရ)၊ တဖက်တိမ်းစောင်းဖြစ်မှုနှင့် လောကရမက်များ (အလိုရမက်များ/လောဘကိလေသာ)တွင် မထိန်းနိုင်မသိမ်းနိုင်

ဖြစ်နေကြလေသည်။ ၄င်းတို့သည် မိခင်မရှိသော မွေးခါစ ကလေးများနှင့် တူလေသည်။ လူတိုင်းသည် ဗုဒ္ဓ၏ မေတ္တာ ကရုဏာအပေါ် မှီခိုကြရမည် ဖြစ်ပေသည်။

ဗုဒ္ဓသည် ကမ္ဘာကြီးတစ်ခုလုံး၏ ဖခင်ဖြစ်လေသည်။ လူသားအားလုံးတို့သည် ဗုဒ္ဓ၏ ကလေးများ သာ ဖြစ်ကြလေသည်။ ဗုဒ္ဓသည် အမြင့်မြတ်ဆုံးသော ဘုရားသခင် ဖြစ်လေသည်။ ကမ္ဘာကြီးသည် ဆင်းရဲဒုက္ခ၊ သေခြင်းတို့ဖြင့် ပြည့်နှက်နေလေသည်။ သို့ရာတွင် လောကစည်းစိမ်များကို အချည်းနီး ရှာဖွေနေကြသော လူသားများသည် ဤဖြစ်ရပ်မှန်ကို အပြည့်အဝ နားလည်သိရှိ နိုင်သော အသိဉာဏ် မျိုး မရှိကြပါပေ။

ထင်ယောင်ထင်မှား ဖြစ်ဖွယ်ရာရှိသော ဤကမ္ဘာကြီးမှာ စင်စစ်အားဖြင့် မီးလောင်နေသည့် အိမ်ကြီးသဖွယ် ဖြစ်ကြောင်းကို ဗုဒ္ဓက သိမြင်သဖြင့်၊ ဆိတ်ငြိမ်သော တောထဲ၌ ခိုလှုံကာ၊ ငြိမ်းချမ်းရေးကို ရှာကြံခဲ့လေသည်။ ဗုဒ္ဓသည် ဆိတ်ငြိမ်သော တောထဲမှာနေ၍ အထူးကြီးမားလှသော ကရုဏာ၊ မေတ္တာ၊ ကြင်နာမှုဖြင့် "ပြောင်းလဲမှုနှင့် ဆင်းရဲဒုက္ခများလှသော ဤကမ္ဘာကြီးသည် ငါနှင့် သက်ဆိုင်ပေသည်။ မသိမိုက်မဲ၍၊ သတိလစ်ဟင်းနေကြသော ဤလူအားလုံးတို့သည် ငါ၏ ကလေးများဖြစ်ကြ၏။ ၄င်းတို့၏ အထင်မှားမှုနှင့် ဆင်းရဲဒုက္ခများမှ လွတ်ကင်းအောင်၊ ငါတစ်ဦးတည်းသာလျှင်၊ ကယ်တင်နိုင်ပေသည်" ဟု ကျွန်ုပ်တို့အား ခေါ်ဆောင်လေသည်။

ဗုဒ္ဓသည် မဟာဓမ္မရာဇာ ဖြစ်၍ လူသားအားလုံးတို့အား လိုအပ်သလို သင်ပြ ဟောပြောနိုင်လေ သည်။ ထို့ကြောင့် ဗုဒ္ဓသည် လူသားများအား ဟောပြောကယ်တင်ရန် ဤကမ္ဘာကြီးတွင် ထွက်ပေါ်လာ ခြင်း ဖြစ်ပေသည်။ ဆင်းရဲဒုက္ခများမှ ကယ်တင်ရန်အတွက် ဗုဒ္ဓသည် တရားဓမ္မကို ဟောပြောသော် လည်း၊ လောဘရမက်ဖြင့် နားထိုင်းနေကြသော လူသားများမှာမူ အာရုံစူးစိုက်ခြင်း မပြုကြပါပေ။

သို့ရာတွင် ဗုဒ္ဓ၏ ဟောပြောမှုများကို နားဆင်ကြသူများသည် ဘဝ၏ ဆင်းရဲဒုက္ခများနှင့် အထင် မှားမှုများမှ လွတ်ကင်းကြလေသည်။

ဗုဒ္ဓ၏အသွင်သဏ္ဌာန်နှင့်ပါရမီ၊သုစရိုက်များ

"မိမိတို့၏ ကိုယ်ပိုင်အသိဉာဏ်များအပေါ်၌သာ မှီခိုနေကြသူများအား ကယ်တင်နိုင်မည် မဟုတ်၊ ယုံကြည်ကိုးကွယ်မှု မှတဆင့်၊ ၎င်းတို့သည် ငါ၏ သင်ပြဟောပြောမှုများကို လက်ခံကြရမည် ဖြစ်သည်" ဟု ဗုဒ္ဓက မြွက်ကြားတော်မူခဲ့လေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ ဟောပြောမှုများကို နားဆင်၍ လက်တွေ့ လိုက်နာကျင့်သုံးသင့်ပေသည်။

ဓမ္မတာရား

အခန်း တစ်
အကြောင်းတရား

I
သစ္စာတရားလေးပါး

၁. လောကကြီးသည် ဆင်းရဲဒုက္ခအပေါင်းနှင့် ပြည့်နှက်နေ၏။ မွေးဖွားခြင်းသည် ဆင်းရဲဒုက္ခ၊ အိုမင်း ရင့်ရော်မှုသည် ဆင်းရဲဒုက္ခ၊ ဖျားနာခြင်းနှင့် သေခြင်းများသည် ဆင်းရဲဒုက္ခများဖြစ်၏။ မုန်းတီးသူနှင့် တွေ့ ရခြင်းသည် ဆင်းရဲဒုက္ခ၊ ချစ်သူနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲဒုက္ခ၊ လိုအင်ဆန္ဒများကို ဖြည့်စွမ်းရန် အချည်းနှီး ရုန်းကန်နေခြင်းသည် ဆင်းရဲဒုက္ခ ဖြစ်၏။ အမှန်မှာ၊ ဆန္ဒရမက်များမှ မလွတ်ကင်းသော ဘဝ သည် ဆင်းရဲဒုက္ခများနှင့် အမြဲ ကြုံတွေ့နေရပေသည်။ ဤသည်ကို ဒုက္ခသစ္စာဟု ခေါ်သည်။

လူသားတို့၏ ဆင်းရဲဒုက္ခများကို ရူပကိုယ်ခန္ဓာ၏ ဆာလောင်မွတ်သိပ်မှုနှင့် လောကရမက်များ၏ အထင်မှားပြစ်မှုများတွင် မလွဲမသွေ တွေ့မြင်နိုင်ပေသည်။ အကယ်၍ ဤဆာလောင်မွတ်သိပ်မှုများနှင့် ထင်ယောင်ထင်မှားဖြစ်မှုများ၏ ဖစ်မြစ်များကို လေ့လာကြည့်မည် ဆိုပါက ၄င်းတို့သည် ရူပအာရုံများ၏ ပြင်းထန်သော ဆန္ဒရမက်များတွင် အမြစ်တွယ်နေကြောင်း တွေ့ရှိရမည် ဖြစ်ပေသည်။ ဤသို့ဖြင့် အသက်ရှင်နေလိုသော စိတ်ဆန္ဒ၏ အခြေခံအဖြစ်၊ ရမက်သည် တခါတရံ သေဆုံးခြင်းပင်ဖြစ်စေ၊ လိုလားဖွယ်ရာများကို ရှာကြံတတ်လေသည်။ ယင်းရှာကြံလိုသောစိတ်ကို သမုဒယသစ္စာ (၇၊) ဆင်းရဲဒုက္ခ၏ အကြောင်းရင်း အမှန်တရားဟု ခေါ်လေသည်။

အကယ်၍ ဆန္ဒရမက်ဟူသော လူ့ရမက်များကို ဖယ်ရှားနိုင်မည် ဆိုပါက ဆန္ဒရမက်များ ပျောက် ဆုံးကာ လူသားတို့၏ ဆင်းရဲဒုက္ခများအားလုံး ကုန်ဆုံးသွားပေမည်။ ဤသည်ကို နိရောဓသစ္စာ (၇၊) ဆင်းရဲဒုက္ခ ကုန်ဆုံးမှု၏ အမှန်တရားဟု ခေါ်လေသည်။

ဆန္ဒရမက်နှင့် ဆင်းရဲဒုက္ခများ မရှိသောဘဝအခြေအနေသို့ ရောက်ရှိနိုင်ရန် အတွက် မဂ္ဂင်ရှစ်ပါး ဟူသောလမ်းစဉ်ကို လိုက်ရပေမည်။ မဂ္ဂင်ရှစ်ပါးလမ်းစဉ်၏ အဆင့်များမှာ မှန်ကန်သော အမြင်၊ မှန်ကန် သော အတွေးအခေါ်၊ မှန်ကန်သော အပြောအဆို၊ မှန်ကန်သော အမူအကျင့်၊ မှန်ကန်သော စားသောက် နေထိုင်မှု၊ မှန်ကန်သော အားထုတ်ကြိုးပမ်းမှု၊ မှန်ကန်သော စိတ်နေစိတ်ထားနှင့် မှန်ကန်သော အာရုံ စူးစိုက်မှုတို့ ဖြစ်လေသည်။ ဤသည်ကို ဆင်းရဲဒုက္ခအကြောင်းရင်းများကို အဆုံးသတ်စေရန် မြင့်မြတ် သော လမ်းစဉ်၏ အမှန်တရား (၇၊) နိဗ္ဗာန်သို့ ရောက်ကြောင်း တရားလမ်းကောင်းဟု ခေါ်လေသည်။

လူတို့သည် ဤအမှန်တရားများကို စိတ်ထဲတွင် ခိုင်မြဲစွာ ထားရှိသင့်ပေသည်။ အဘယ်ကြောင့် ဆိုသော် လောကကြီးသည် ဆင်းရဲဒုက္ခများနှင့် ပြည့်နှက်နေ၍ ယင်းဆင်းရဲဒုက္ခများမှ ကင်းလွတ်လိုသူ သည် ဆင်းရဲဒုက္ခများ၏ တစ်ခုတည်းသော အကြောင်းရင်းဖြစ်သည့် လောဘရမက်များကို ဖြတ်တောက် ပစ်ရပေမည်။ လောဘရမက်နှင့် ဆင်းရဲဒုက္ခများမှ ကင်းလွတ်သော ဘဝလမ်းကြောင်းကို အမှန်တရား သိမြင်မှုမှတဆင့် သိရှိရယူနိုင်ခြင်း၊ အမှန်တရား သိမြင်မှုကိုလည်း မဂ္ဂင်ရှစ်ပါး မှတဆင့်သာ သိရှိရယူနိုင် ပေသည်။

၂. အမှန်တရားကို ရှာကြံနေသူ အားလုံးတို့သည် သစ္စာတရားလေးပါးကို သိရှိနားလည်ကြရမည် ဖြစ်သည်။ ဤသည်ကို မသိရှိပါက ၄င်းတို့သည် ထင်ယောင်ထင်မှားဖြစ်မှု၊ ဝဋ်ဩဃထဲတွင် အဆုံးအစ မရှိ တဝဲလည်လည် ဖြစ်နေကြပေမည်။ သစ္စာတရားလေးပါးကို နားလည်ကြသူများအား (**ဓမ္မစက္ခု**) "အမှန် တရား မျက်စိများကို ရရှိထားကြသူများ (မှန်သော အသိဉာဏ်ပညာ ရရှိသူများ)" ဟု ခေါ်လေသည်။

ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမများကို လိုက်နာကျင့်သုံးလိုသူများအား သစ္စာတရားလေးပါးကို စိတ် အာရုံပြုသင့်ကြပြီး၊ အနက်အဓိပ္ပာယ်များကို ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်လာစေရန် ကြိုးပမ်းသင့်ပေသည်။ ခေတ်အဆက်ဆက်တို့မှ စစ်မှန်သော ရဟန္တာများသည် သစ္စာတရားလေးပါးကို ကောင်းစွာ နားလည်သဘောပေါက်ကြ၍ အခြားသူများအား သင်ကြားပေးလေသည်။

သစ္စာတရားလေးပါးကို ကောင်းစွာ နားလည်သဘောပေါက်သောအခါ ၊

အကြောင်းတရား

မဂ္ဂင်ရှစ်ပါးလမ်းစဉ် မှတ ဆင့်၊ လောဘနှင့် ကင်းဝေးရာသို့ ရောက်ရှိနိုင်လေသည်။ အကယ်၍ လောဘ ကင်းမဲ့ပါက ကမ္မာ့ကြီးနှင့် ခိုက်ရန် ဖြစ်ပွားမည် မဟုတ်ဘဲ၊ သတ်ဖြတ်ခြင်း၊ ခိုးဃိုက်ခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊ လိမ်လည်မှုသား ပြောဆိုခြင်း၊ မတရားပြုမူခြင်း၊ မြောက်ပင့်ခြင်း၊ မနာလိုဝန်တိုခြင်း၊ စိတ်ကို မထိန်းနိုင် ခြင်း၊ ဘဝ၏ မတည်မြဲမှုကို မေ့လျော့ခြင်းနှင့် မတရားပြုမူခြင်းများကို ပြုလုပ်မည် မဟုတ်ပါပေ။

၃. မြင့်မြတ်သော လမ်းစဉ်ကို လိုက်ခြင်းသည် လက်ထဲတွင် ဖယောင်းတိုင်မီးကို ကိုင်၍၊ မှောင်နေ သောအခန်းထဲသို့ ဝင်ရောက်ခြင်းနှင့် တူလေသည်။ အမှောင်ထုများ အားလုံး ကင်းရှင်း၍ အခန်းထဲတွင် လင်းနေပေမည်။

အမှန်တရားများ၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်၍ မြင့်မြတ်သော လမ်းစဉ်ကို လိုက်နာ တတ်သောသူသည် ဉာဏ်ပညာ၏ အလင်းရောင်ကို ပိုင်ဆိုင်၍၊ မသိတတ်မှု အမှောင်ထုကို ရှင်းလင်းပစ် လေသည်။

ဗုဒ္ဓသည် သစ္စာတရားလေးပါးကို ညွှန်ပြခြင်းဖြင့်သာ လူသားများကို ဦးဆောင်လေသည်။ ကောင်းမွန်စွာ နားလည်သဘောပေါက်သူများသည် အမှန်တရားကို သိရှိကြလေသည်။ ၄င်းတို့သည် တည်မြဲခိုင်ခန့်ခြင်း မရှိသော ဤကမ္ဘာအတွင်းရှိ အခြားသူများအား လမ်းညွှန်ကူညီနိုင်ကြမည် ဖြစ်ပြီး ယုံကြည်အားကိုးထိုက်သူများ ဖြစ်လေသည်။ သစ္စာတရားလေးပါးကို ကောင်းစွာ နားလည်သဘော ပေါက်သောအခါ၊ လောဘရမက်များ အားလုံး ခမ်းခြောက် သွားလေသည်။

သစ္စာတရားလေးပါးမှတဆင့် ချီတက်၍၊ ဗုဒ္ဓ၏ တပည့်တော်များသည် အခြားသော အဖိုးတန် အမှန်တရားအားလုံးကို သိမြင်ကြလေသည်။ ၄င်းတို့သည် အဓိပ္ပာယ်အားလုံးကို သိရှိနားလည်ကြသည့် ဉာဏ်ပညာများ ရရှိလာကာ ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့အား တရားဓမ္မကို ဟောပြော သင်ကြားနိုင် စွမ်း ရှိလာလေသည်။

II
အကြောင်းတရား

၁. လူသားတို့၏ ဆင်းရဲဒုက္ခများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများ ရှိလေသည်။ ဤဆင်းရဲ ဒုက္ခများကို အဆုံးသတ်စေနိုင်သော နည်းလမ်းတစ်ခု ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်ရှိ အရာခပ်သိမ်းတို့သည် များပြားလှသော အကြောင်းရင်းများနှင့် အခြေအနေများကြောင့် ဖြစ်ပေါ်လာရ ခြင်း ဖြစ်ပြီး၊ ဤအကြောင်းရင်းများနှင့် အခြေအနေများ ပြောင်းလဲပျောက်ကွယ် သွားသည်နှင့် အမျှ၊ အစစအရာရာ ပျောက်ကွယ်သွားလေသည်။

မိုးရွာခြင်း၊ လေတိုက်ခြင်း၊ ပန်းပွင့်ခြင်း၊ သစ်ရွက်များ ရင့်ရော်လာ၍ ကြွေကျလွင့်စင်သွားခြင်း အစရှိသည့် အခြင်းအရာအားလုံးတို့သည် အကြောင်းရင်း များနှင့် အခြေအနေများ ပြောင်းလဲသွားသည် နှင့်အမျှ ပျောက်ကွယ်သွား လေသည်။

လူသားတို့သည် မိမိတို့၏ ကိုယ်ခန္ဓာကို မိဘများမှ ရရှိသည်။ မွေးဖွားလာသူ၏ ကိုယ်ခန္ဓာကို အစားအစာများဖြင့် အာဟာရ ဖြစ်ထွန်းစေ၍၊ စိတ်ဓာတ်ကိုမူ ပညာဗဟုသုတနှင့် အတွေ့အကြုံများဖြင့် အာဟာရ ဖြစ်ထွန်းစေ လေသည်။

ထို့ကြောင့် အသွေးအသားနှင့် စိတ်ဓာတ်နှစ်ခုစလုံးသည် အခြေအနေ အရပ်ရပ်နှင့် ဆက်စပ်နေ၍ အခြေအနေများ ပြောင်းလဲသည်နှင့်အမျှ ပြောင်းလဲ သွားလေသည်။

ပိုက်ကွန်တစ်ခုကို အထုံးအဖွဲ့များ ပြုလုပ်ထားသကဲ့သို့ ဤလောကကြီး မှာလည်း အနှောင်အဖွဲ့ များဖြင့် ဆက်နွယ်နေလေသည်။ ပိုက်ကွန်တစ်ခုအတွင်းရှိ ဆက်စပ်နှောင်ဖွဲ့မှုများမှာ သီးခြားဖြစ်သည်ဟု ယူဆပါက မှားယွင်းမည်သာ ဖြစ်လေသည်။

ဆက်စပ်နေသော နှောင်ဖွဲ့မှုများ ရှိ၍သာ ပိုက်ကွန်ဟု ခေါ်ဆိုခြင်းဖြစ်ပြီး၊ နှောင်ဖွဲ့မှု တစ်ခုချင်း စီသည် အခြားသော အနှောင်အဖွဲ့များနှင့် ဆက်စပ်၍

ကိုယ်ပိုင်တည်နေရာနှင့် တာဝန်ဝတ္တရားများ ရှိပေ သည်။

၂. ပန်းပွင့်များသည် အစီအရီသော အကြောင်းအချက်အမျိုးမျိုးတို့ကြောင့် ပွင့်ဖူးလာခြင်းဖြစ်၏။ သစ်ရွက်များ ကြွေကျလွင့်စင်မှုဌာနသည်း ထိုကဲ့သို့ ဖြစ်လာစေသော အခြေအနေများကြောင့်ပင် ဖြစ်၏။ ပန်းပွင့်များသည် အကြောင်းရင်းမဲ့ ပွင့်ဖူးလာခြင်းမဟုတ်သကဲ့သို့ သစ်ရွက်များသည်လည်း ရာသီချိန်ခါ မဟုတ်၊ အလိုအလျောက်၊ ကြွေကျလာခြင်း မရှိပါပေ။ ထို့ကြောင့် အရာခပ်သိမ်းတို့ဌာ ဖြစ်ပေါ်လာခြင်းနှင့် ပျက်စီးပျောက်ကွယ်သွားခြင်းများ ရှိပေသည်။ အပြောင်းအလဲ မရှိသော သီးခြား အရာဝတ္ထုဟူသည် မရှိ ပါပေ။

အရာခပ်သိမ်းတို့သည် အစီအရီသော အကြောင်းရင်း၊ အခြေအနေများအရ ဖြစ်ပေါ်လာခြင်း၊ ပျောက်ကွယ်သွားခြင်းများမှာ ဤကမ္ဘာလောကကြီး၏ မပြောင်းလဲသော ထာဝရ ဓမ္မတာပင် ဖြစ်ပေ သည်။ အရာခပ်သိမ်းတို့သည် ပြောင်းလဲနေကြ၍ ပြောင်းလဲမှု မရှိသော အရာဟူသည် ဘာမျှ မရှိပါပေ။

III

ဒုက္ခ သမุဒယ

၁. လူသားတို့၏ ဝမ်းနည်းပူဆွေးမှု၊ နာကျင်မှုနှင့် ဆင်းရဲဒုက္ခများ၏ မူရင်းဖစ်မြစ်သည် အဘယ်မှာ နည်း။ လူသားများသည် အများအားဖြင့် မသိမှုနှင့် စိတ်လိုက်မာန်ပါမှုများ ရှိသည်ဟူသော အချက်တွင်၊ ရှာဖွေတွေ့ရှိနိုင်သည် မဟုတ်ပါလော။

လူသားများသည် ဆင်းရဲဒုက္ခ၏ ဖစ်မြစ်ဖြစ်သော ချမ်းသာ ကြွယ်ဝမှုနှင့်ဂုဏ်ရှိမှု၊ စည်းစိမ်ရှိမှုနှင့် ပျော်ပါးမှု၊ စိတ်လှုပ်ရှားမှုနှင့် ကိုယ်ကျိုးရှာမှု တို့ကို မသိနားမလည်ပဲ၊ လိုချင်တပ်မက်စွာနှင့် ပြုလုပ်ရယူ နေကြသည်။ လက်ဝယ် ရရှိမှုကြောင့် ပူပင်ကြောင့်ကြမှုများ ဖြစ်ပေါ်ကြရသည်။

ဤကမ္ဘာကြီးသည် အစကနဦးကပင် အမျိုးမျိုးသော ဆင်းရဲဒုက္ခများ ရှိနေပြီး ဖျားနာခြင်း၊ အသက်ကြီးရင့်ခြင်းနှင့် သေဆုံးခြင်းတို့ကို ရှောင်လွှဲမရ၍ ပူပင်ကြောင့်ကြမှုများ ရှိနေကြသည်။

သို့ရာတွင် ဤအကြောင်းအချက်အားလုံးကို သေချာစွာ စဉ်းစားလေ့လာ ကြည့်မည် ဆိုပါက လိုချင်တပ်မက်မှု နောက်ကွယ်တွင် ဆင်းရဲဒုက္ခအပေါင်း ရှိနေကြောင်း၊ ယုံကြည် သိရှိမည် ဖြစ်ပေသည်။ အကယ်၍ လောဘကို ဖယ်ရှားနိုင်မည်ဆိုပါက လူ့ဆင်းရဲဒုက္ခများသည်လည်း အဆုံးသတ်သွားမည် ဖြစ်ပေသည်။

မသိနားမလည်မှုသည် လူ့စိတ်ထဲတွင် ပြည့်လျှံနေသော လောဘ၌ ပေါ်လွင် နေပေသည်။

အရာဝတ္ထုများ၏ ဖြစ်ပေါ်ပြောင်းလဲမှု၊ အကြောင်းအစစ်အမှန်ကို မသိကြ၍သာ၊ လူသားများ၏ မိုက်မဲမှုနှင့် မှားယွင်းသော တည်ထွင်ကြံဆချက်များ ထွက်ပေါ်လာခြင်းဖြစ်ပေသည်။

မသိမှုနှင့် လောဘတို့မှနေ၍၊ မသန့်စင်သော တပ်မက်မှုများ ဖြစ်ပေါ်လာကာ၊ မရနိုင်သောအရာကို မနှား မနေ၊ စမ်းတဝါးဝါး ရှာကြံကြလေသည်။

အဂိဇ္ဇာ (၇၂) မသိနားမလည်မှုနှင့် လောဘကြောင့် လူများသည် ခွဲခြားမှုမရှိသော်လည်း ရှိသယောင် ထင်မှတ်ကြလေသည်။ မူလ လူ့အပြုအမူ များတွင် အမှန်နှင့်အမှား ခွဲခြားမှု မရှိသော်လည်း မသိနားမလည်မှုကြောင့် ထိုကဲ့သို့သော ခြားနားချက်များ ရှိသည်ဟု တွေးထင်ကာ၊ မှန်သည် သို့မဟုတ် မှားသည်ဟု ဇေဖန်ဆုံးဖြတ်ကြလေသည်။

မသိနားမလည်မှုကြောင့် လူသားများသည် အမြဲပင် မှားယွင်းသည့် အတွေးများကို တွေးခေါ်၍၊ မှန်ကန်သော ထင်မြင်ချက်များ ဆုံးရှုံးကာ ကိုယ့်ကိုယ်ကို အထင်ကြီးစိတ်ဖြင့် မှားယွင်းစွာ လုပ်ဆောင် ကြလေသည်။ ထို့ကြောင့် ၄င်းတို့သည် မရေရာသော ဘဝ၌ တွယ်ကပ်နေကြလေသည်။

လူတို့သည် မိမိတို့၏ လုပ်ရပ်များကို ကိုယ်ကျိုးရှာသော ဘဝင်မြင့်သည့်

အကြောင်းတရား

နယ်ပယ်တစ်ရပ် အဖြစ် ဖန်တီးကာ စိတ်၏ ခွဲခြားသိမြင်မှုကို မျိုးစေ့အဖြစ် အသုံးချလျက်၊ မသိနားမလည်မှုများ ဖြင့် စိတ်ကို ဖုံးလွှမ်းစေကာ၊ လိုချင်တပ်မက်မှု မိုးရေဖြင့် ရှင်သန်ဖွံ့ဖြိုးစေ၍၊ ကိုယ့်ကိုယ်ကို အထင်ကြီးမှု တူးမြောင်းမှ ရေပေးသွင်းကာ၊ မကောင်းဆိုးဝါးသော အသိဉာဏ်ကို ဖြည့်သွင်းလျက်၊ မရေမရာသော ရပ်တည်ချက် မျိုးဌ၍ ရှိနေကြလေသည်။

၂. ထို့ကြောင့် အမှန်စင်စစ်မှာ၊ မိမိတို့၏ ကိုယ်ပိုင်စိတ်များကသာ၊ ဂမ်းနည်း ကြေကွဲခြင်း၊ သောက ရောက်မှု၊ နာကျင်မှုနှင့် ဒုက္ခဝေဒနာများ၏ အကြောင်းရင်းခံ ဖြစ်လေသည်။

မရေမရာသော ဤကမ္ဘာကြီးတစ်ခုလုံးသည် ဤစိတ်ကြောင့် ဖြစ်ပေါ်လာသော အရိပ်အယောင်မျှ သာဖြစ်ပေသည်။ သို့သော်လည်း အမှန်တရား သိမြင်မှု ကမ္ဘာကြီးသည်လည်း ဤစိတ်မှပင် ထွက်ပေါ် လာပေသည်။

၃. ဤလောကကြီး၌ မှားယွင်းသော ထင်မြင်ယူဆချက် ၃-ရပ် ရှိလေသည်။ ဤထင်မြင်ချက်များကိုသာ ဖက်တွယ်ထားမည် ဆိုပါက ကမ္ဘာကြီး တစ်ခုလုံး အတွင်းရှိ အရာခပ်သိမ်းတို့ကို ငြင်းပယ်ရာ ကျပေ မည်။

ပထမ ယူဆချက်မှာ လူ့အတွေ့အကြုံ ခံစားချက် မှန်သမျှသည် ကံကြမ္မာပေါ်တွင် မူတည်နေ သည်ဟု အချို့သူတို့က ပြောဆိုကြ၍ ဒုတိယ ယူဆချက်မှာ အရာခပ်သိမ်းတို့သည် ဘုရားသခင်က ဖန်ဆင်းထားခြင်း ဖြစ်၍ ဘုရားသခင်၏ အလိုတော်အရ ချုပ်ထိန်းထားခြင်း ဖြစ်သည်ဟု အချို့က ထင်မှတ်ကာ တတိယ ယူဆချက်မှာမူ အရာခပ်သိမ်းတို့သည် အကြောင်းရင်း သို့မဟုတ် အခြေအနေ ဟူ၍ မရှိဘဲ မတော်တဆ ဖြစ်ပွားမှုများသာ ဖြစ်သည်ဟု အချို့က ပြောဆိုကြလေသည်။

အကယ်၍ အရာခပ်သိမ်းအလုံးစုံကို ကံကြမ္မာကသာ အဆုံးအဖြတ်ပေးမည် ဆိုလျှင် ကောင်း သော လုပ်ရပ်သည် ၄င်း၊ မကောင်းသော လုပ်ရပ်များသည် ၄င်း၊ ကြိုတင်သတ်မှတ်ပြီးသား ဖြစ်နေ၍ ဆင်းရဲဒုက္ခများကိုလည်း ရှောင်လွှဲ၍ ရနိုင်မည်

မဟုတ်ပါပေ။ ကြိုတင် သတ်မှတ်ပြီးသော အရာများသာ တည်ရှိပေမည်။ သို့ဖြစ်လျှင် လူသားတို့၏ တိုးတက်ကောင်းမွန်ရေးအတွက် ကြံစည်ကြိုးပမ်းချက်များ သည်လည်း အချည်းနှီးသာ ဖြစ်ကာ၊ လူ့ဖြစ်စဉ်သည် မျှော်လင့်ချက် ကင်းမဲ့နေမည် ဖြစ်ပေသည်။

အခြားသော ထင်မြင်ယူဆချက်များ အတွက်လည်း အလားတူပင် ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် အကယ်၍ အရာခပ်သိမ်းတို့၏ ဘဝကံကြမ္မာတို့သည် မသိနိုင်သော ဘုရားသခင်၏ လက်ထဲ၌ ရှိနေပါက သို့မဟုတ် မတော်တဆ ဖြစ်မှုပေါ်မူတည်နေပါက လူ့ဘဝသည် ဝပ်တွား ခံယူရုံမှအပ အဘယ် တွင် မျှော်လင့်ချက် ရှိမည်နည်း။ ဤအတွေးအခေါ်များကို ခံယူထားသူတို့က မျှော်လင့်ချက် ကင်းမဲ့ကာ၊ မကောင်းမှုများကို ရှောင်ရှား၍ အမှန်အတိုင်း လုပ်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းမှု မပြုကြသည်မှာ အံ့သြဖွယ်ရာ မဟုတ်ပါပေ။

အမှန်မှာ၊ ဤ တွေးခေါ်မျှော်မြင်မှု ၃-ရပ်စလုံးသည် လုံးဝ မှားယွင်းနေပေသည်။ အရာခပ်သိမ်း တို့သည် ဖြစ်ပေါ်လာမှု အစဉ်အဆက်များဖြစ်၍၊ အကြောင်းရင်းတရားနှင့် အခြေအနေ အဆင့်ဆင့်တို့၌ အရင်းခံလေသည်။ (ထေရဝါဒ အနေဖြင့် ပြောရလျှင် ကံ၊ ကံ၏ အကျိုးသာ ဖြစ်ပေသည်။ တည်းဖြတ်ရေးအဖွဲ့)

အခန်း နှစ်
လူ့စိတ်နှင့်လက်ရှိသွင်ပြင်

I
မတည်မြဲမှု (အနိစ္စ) နှင့် အနတ္တများ

၁. ကိုယ်ခန္ဓာနှင့် စိတ်နှစ်ရပ်စလုံး စုပေါင်းသည့် အကြောင်းရင်းများကြောင့် ထွက်ပေါ်လာသော်လည်း ငါ ဟူသော ကိုယ်အင်္ဂါရပ် မရှိပါပေ။ ကိုယ်ခန္ဓာအသားများသည် ဒြပ်များ၏ စုပေါင်းဖွဲ့စည်းမှု ဖြစ်သဖြင့် တည်မြဲမှု မရှိပါပေ။

အကယ်၍ ကိုယ်ခန္ဓာကသာ ငါ ဟူသော အင်္ဂါရပ် ဖြစ်ခဲ့လျှင် လုပ်လိုရာကို လုပ်နိုင်ပေမည်သာ ဖြစ်သည်။

ရှင်ဘုရင်သည် ချီးကျူးခြင်း သို့မဟုတ် ဒဏ်ခတ်ခြင်းတို့ကို စိတ်ဆန္ဒအလျောက် ပြုလုပ်နိုင်သည့် အာဏာရှိသော်လည်း မလိုလားပဲနှင့် ဖျားနာခြင်း၊ ဆန္ဒမရှိပဲနှင့် အသက်ကြီးရင့်လာခြင်း၊ စည်းစိမ်ဥစ္စာနှင့် လိုအင်ဆန္ဒများ သီးခြားစီ ဖြစ်သွားခြင်းများ ဖြစ်တတ်ပေသည်။

စိတ်သည်လည်း ငါ ဟူသော အင်္ဂါရပ်တစ်ရပ် မဟုတ်ပါပေ။ လူ့စိတ်သည် အကြောင်းရင်းများနှင့် အခြေအနေများ၏ စုပေါင်းအကျိုးပင် ဖြစ်ပေသည်။ ၎င်းသည် အစဉ်အမြဲ ပြောင်းလဲနေပေသည်။

အကယ်၍ စိတ်ကသာ ငါ ဟူသော အင်္ဂါရပ်တစ်ခု ဖြစ်ပါက လုပ်ချင်တိုင်း လုပ်၍ ရပေမည်။ သို့ရာတွင် စိတ်သည် သိမြင်ထားသော အမှန်မှ ရှောင်ကွင်းကာ မကောင်းမှု နောက်သို့ လိုက်ပါသွား တတ်ပေသည်။ မိမိ၏ ဆန္ဒအတိုင်း အတိအကျ မဖြစ်နိုင်ပါပေ။

၂. ကိုယ်ခန္ဓာသည် ထာဝစဉ် တည်မြဲမှု ရှိသလား၊ မတည်မြဲပါသလားဟု မေးပါက "မတည်မြဲပါ" ဟု သာ ဖြေဆိုရမည် ဖြစ်ပေသည်။

မတည်မြဲသော ရပ်တည်မှုသည် ဟော်ရွှင်မှုလော၊ ဆင်းရဲဒုက္ခလောဟု မေးပါက "ဆင်းရဲဒုက္ခ" ဟုသာ ဖြေဆိုရမည် ဖြစ်ပေသည်။

ယင်းကဲ့သို့သော တည်မြဲမှု မရှိသည့်အရာ၊ ပြောင်းလဲလွယ်လှပြီး၊ ဆင်းရဲဒုက္ခအတိ ဖြစ်သော အရာကို တည်မြဲသော အဂါရုပ်အဖြစ် မှတ်ယူပါက ၊ ဆိုးဝါးလှသော အမှားသာ ဖြစ်ပေမည်။

လူစိတ်သည်လည်း မတည်မြဲပဲ ဆင်းရဲဒုက္ခ ရှိပေသည်။ တည်မြဲသော အဂါရုပ် မဟုတ်ပါပေ။

လူတစ်ဦးတစ်ယောက်၏ ဘဝနှင့် ပတ်ဝန်းကျင်ရှိ ပြင်ပကမ္ဘာကို ဖြစ်ပေါ်စေသော စစ်မှန်သည့် ကိုယ်ခန္ဓာနှင့် စိတ်သည် "ကျွန်ုပ်" နှင့် "ကျွန်ုပ်၏ ဥစ္စာ" ဟူသော အတွေးအခေါ် ခံယူချက်များနှင့် အလှမ်း ဝေးလှပေသည်။

ၜင်းသည် မသန့်စင်သော လိုအင်ဆန္ဒများဖြင့် ဖုံးလွှမ်းနေကာ အသိပညာကို နားမလည်နိုင်ဘဲ ခေါင်းမာစွာဖြင့် "ကျွန်ုပ်" နှင့် "ကျွန်ုပ်၏ ဥစ္စာ" တို့ကိုသာ စွဲမြဲ စဉ်းစားနေခြင်း ဖြစ်ပေသည်။

ကိုယ်ခန္ဓာနှင့် ပတ်ဝန်းကျင်နစ်ရပ်စလုံးသည် အကြောင်းရင်းများနှင့် အခြေအနေတို့၏ ပေါင်း လဒ်မှ ထွက်ပေါ်နေခြင်း ဖြစ်၍ အစဉ်အမြဲ ပြောင်းလဲနေကာ ဆုံးခန်းတိုင်သို့ ရောက်ရှိနိုင်မည် မဟုတ်ပါ ပေ။

ဆုံးခန်းတိုင် မရှိသော၊ ပြောင်းလဲမှုများဖြင့် ဖြစ်နေသည့် လူစိတ်သည် မြစ်ထဲ၌ စီးဆင်းနေသော ရေ နှင့် ၜင်း တောက်လောင်နေသော ဖယောင်းတိုင်မီးနှင့် ၜင်း တူပေသည်။ မျောက်ဝံတစ်ကောင်ကဲ့သို့ အမြဲတမ်း ခုန်ဆွခုန်ဆွ ဖြစ်နေကာ၊ ခဏတာမျှပင် ရပ်နားခြင်း မရှိပါပေ။

ပညာရှိသော သူသည် အမှန်တရားကို ရရှိလိုပါက ယင်းကဲ့သို့သော အမြင်နှင့်အကြားတို့ ကြောင့် ကိုယ်ခန္ဓာနှင့် စိတ်အပေါ် တွယ်တာမှုများမှ ရှောင်ကွင်းသင့်ပေသည်။

လူစိတ်နှင့်လက်ရှိသွင်ပြင်

၃. ဤကမ္ဘာကြီးတွင် မည်သူမျှ ရယူနိုင်စွမ်း မရှိသော အရာငါးခု ရှိပေသည်။ ပထမ - အသက်ကြီးရင့် လာသည်ကို ရပ်ဆိုင်းထားခြင်း၊ ဒုတိယ - ဖျားနာမှုများမှ လွတ်ကင်းခြင်း၊ တတိယ - သေဆုံးမှုမှ ရှောင် ကွင်းခြင်း၊ စတုတ္ထ - ကြေမွပျက်စီးသွားမှုမှ ရှောင်ကွင်းခြင်း၊ ပဉ္စမ - လုံးဝပျက်ပြား ပျောက်ဆုံးသွားမှုမှ ရှောင်ကွင်းခြင်းတို့ ဖြစ်ပေသည်။

ဤကမ္ဘာပေါ်တွင် ရှိကြသော သာမန်လူသားအားလုံးတို့သည် အနေးနှင့်အမြန် ဆိုသလို ဤအ ချက်များနှင့် ရင်ဆိုင်တွေ့ကြရပြီး၊ အများစုမှာ ဆင်းရဲဒုက္ခမျိုးစုံနှင့် ကြုံတွေ့ကြရသော်လည်း ဗုဒ္ဓ၏ ဟောပြောမှုကို ကြားနာဘူးသူများမှာမူ မခံစားကြရပါပေ။ အဘယ်ကြောင့်ဆိုသော် ဤအရာများကို ရှောင်ကွင်း၍ မရနိုင်ကြောင်း ၎င်းတို့ နားလည်ကြသောကြောင့် ဖြစ်ပေသည်။

တဖန် ၊ ဤလောကတွင် အမှန်တရားလေးရပ် ရှိပေသည်။ ပထမ - သက်ရှိသတ္တဝါ မှန်သမျှ သည် အဂိဇ္ဇာ (ဝါ) မသိနားမလည်မှုမှ ပေါက်ဖွားလာကြသည်။ ဒုတိယ - လိုချင်တပ်မက်သော အရာဝတ္ထု ခပ်သိမ်းသည် မတည်မြဲဘဲ ပြောင်းလဲတတ်ပြီး ဆင်းရဲဒုက္ခသာဖြစ်သည်။ တတိယ - အရာဝတ္ထု မှန်သမျှ သည်လည်း တည်မြဲခြင်းမရှိဘဲ ပြောင်းလဲတတ်ပြီး ဆင်းရဲဒုက္ခများပင် ဖြစ်သည်။ စတုတ္ထ - ကမ္ဘာလောက တစ်ခွင်လုံးတွင် အတ္တ (ဝါ) ငါ ဟူသော အဂါရုပ် မရှိဘဲ "ကျွန်ုပ်၏ ဥစ္စာ" ကဲ့သို့သော အရာသည်လည်း မရှိပါပေ။

အရာခပ်သိမ်းတို့သည် တည်မြဲမှု မရှိဘဲ ဖြစ်လိုက်ပျက်လိုက်နှင့် ငါ ဟူသော အဂါရုပ် ကင်းမဲ့နေသည့် အဖြစ်မှန်များသည် ဗုဒ္ဓက ဤကမ္ဘာတွင် ပေါ်ထွက်လာမည် သို့မဟုတ် ပေါ်ထွက်လာခြင်း မပြု ဟူ သောအချက်နှင့် ဆက်စပ်မှု မရှိပါပေ။ ဤအမှန်တရားများသည် ဖောက်ပြန် ပြောင်းလဲခြင်း မရှိနိုင်ပေ။ ဤအချက်ကို ဗုဒ္ဓက သိမြင်၍ လူသားအပေါင်းတို့အား သွန်သင် ဆုံးမခြင်း ဖြစ်လေသည်။

II
စိတ်ဖွဲ့စည်းပုံ

၁. တွေးဇေမှု ၊ သံသယဖြစ်မှုနှင့် အမှန်တရားရမှုတို့သည်၊ စိတ်တွင်းမှ စတင်ဖြစ်ပေါ်လာခြင်း ဖြစ်ပြီး၊ တည်ရှိမှု သို့မဟုတ် ဖြစ်စဉ်အပေါင်းတို့သည်လည်း စိတ်၏ လှုပ်ရှားမှုမှ ထွက်ပေါ်လာခြင်းဖြစ်ရာ မျက်လှည့်ဆရာ တစ်ဦး၏ အကျီလက်မောင်း အတွင်းမှ ဂတ္ထုပ္ပစ္စည်းမျိုးစုံ ထွက်ပေါ်လာသကဲ့သို့ပင် ဖြစ်ပေသည်။

စိတ်၏ လှုပ်ရှားမှုများသည် အကန့်အသတ် မရှိဘဲ ဘဝ၏ ပတ်ဝန်းကျင်တစ်ခုလုံးကို ဖန်တီး လျက် ရှိပေသည်။ မသန့်စင်သော စိတ်ကို မသန့်စင်သော အရာများက ဝိုင်းရံနေ၍ သန့်စင်သော စိတ်ကို သန့်စင်သော အရာများက ဝိုင်းရံထားလေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်၏ ပြောင်းလဲလှုပ်ရှားမှုမှာ လည်း အကန့်အသတ်ထက် ပို၍ မရှိနိုင်ပေ။

ပန်းချီဆရာတစ်ဦးက ပန်းချီကားကို ရေးဆွဲသကဲ့သို့ပင်၊ ပတ်ဝန်းကျင်ကမ္ဘာကိုလည်း စိတ်၏ လှုပ်ရှားမှုများက ဖန်တီးလေသည်။ ဗုဒ္ဓက ဖန်တီးသည့် ပတ်ဝန်းကျင်သည် သန့်စင်၍ အပြစ်အနာအဆာ ကင်းမဲ့သော်လည်း သာမန်လူသားများက ဖန်တီးသော ပတ်ဝန်းကျင်မှာမူ ထိုကဲ့သို့ မဟုတ်ပါပေ။

ပန်းချီကားတစ်ချပ်တွင် မရေမတွက်နိုင်လောက်သော အသေးစိတ် အချက်အလက်များ ပါရှိနိုင် လေသည်။ လူသားတို့၏ စိတ်သည်လည်း ဘဝ၏ ပတ်ဝန်းကျင်လောကတွင် အပြည့် ဖြစ်လေသည်။ ကမ္ဘာပေါ်တွင် စိတ်က ဖန်တီးခြင်း မဟုတ်သော အရာဟူသည် ဤ ကမ္ဘာမြေနှင့် တောတောင်မြစ်ချောင်း သမုဒ္ဒရာတို့သာ ရှိ၏။

တည်မြဲမှု မရှိသော စိတ်က ဖန်တီးသည့် အရာခပ်သိမ်းကို ဗုဒ္ဓက မှန်ကန်စွာ သိရှိနားလည်လေ သည်။ ထို့ကြောင့် ဤအချက်ကို သိရှိသောသူများသည် စစ်မှန်သော ဗုဒ္ဓကို တွေ့မြင်နိုင်လေသည်။

လူစိတ်နှင့်လက်ရှိသွင်ပြင်

၂. သို့ရာတွင် မိမိ၏ ပတ်ဝန်းကျင်ကို ဖန်တီးသောစိတ်သည် အတိတ်ကာလ သာမက ပစ္စုပ္ပန်နှင့် အနာဂါတ်တို့တွင်လည်း အမှတ်ရခြင်း၊ ကြောက်ရွံ့ခြင်း၊ သို့မဟုတ် နောင်တရ ညည်းညူခြင်းတို့မှ မည် သည့်အခါမျှ ကင်းမဲ့နိုင်မည် မဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် မသိနားမလည်မှုနှင့် လောဘတို့မှ ပေါက်ဖွားလာခြင်းကြောင့် ဖြစ်ပေသည်။

ထင်ယောင်ထင်မှား ဖြစ်သော ကမ္ဘာကြီးသည် မသိနားမလည်မှုနှင့် လောဘရမက်တို့မှ စတင် ပေါက်ဖွားလာခြင်း ဖြစ်၍ များမြောင်ရှုပ်ထွေးလှသော အကျိုးအကြောင်းဆက် အကြောင်းရင်းများနှင့် အခြေအနေများသည်လည်း စိတ်အတွင်း၌သာ တည်ရှိပြီး အခြားမည်သည့်နေရာတွင်မျှ မရှိပါပေ။

အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းတို့သည် စိတ်မှ ပေါက်ဖွားလာခြင်း ဖြစ်၍ စိတ်ထဲ၌ပင် တည်ရှိ လေသည်။ ထို့ကြောင့် အသက်ရှင်မှု၊ သေဆုံးမှုတို့ကို မှန်ကန်သော ကျင့်စဉ်ဖြင့် ကျော်သွားပါက အသက်ရှင်မှုနှင့် သေဆုံးမှု ကမ္ဘာသည်လည်း ပြီးဆုံးသွားပေလိမ့်မည်။

မိမိ၏ ကိုယ်ပိုင် ထင်ယောင်ထင်မှား ဖြစ်သော ကမ္ဘာဖြင့် ယောင်လည်လည် ဖြစ်နေသော စိတ်မှ၊ မသိနားမလည်ပဲ ယောင်လည်လည်ဖြစ်နေသော ဘဝ ထွက်ပေါ်လာလေသည်။ စိတ်၏ ပြင်ပ၌ ထင် ယောင်ထင်မှားဖြစ်သော ကမ္ဘာကြီး မရှိကြောင်း သိရှိနားလည်လာသည်နှင့်အမျှ ယောင်လည်လည် ဖြစ် နေသော စိတ်သည်လည်း ကြည်လင်သန့်ရှင်းလာလေသည်။ မသန့်စင်သော ပတ်ဝန်းကျင်ကို ဖန်တီး ခြင်း မပြုတော့သည်နှင့်အမျှ အမှန်တရားကို ရရှိနိုင်လေသည်။

ဤသို့သော နည်းအားဖြင့် အသက်ရှင်ခြင်းနှင့် သေခြင်းလောကသည် စိတ်၏ ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာပြီး၊ စိတ်၏ ချုပ်နှောင်မှု နှင့် အုပ်စိုးမှုကို ခံနေရလေသည်။ စိတ်သည် အခြေအနေပေါင်းစုံ၏ အချုပ်ပင် ဖြစ်ပေသည်။ ဆင်းရဲဒုက္ခ ကမ္ဘာကြီးသည် အထင်မှား၍ မတည်မြဲသော စိတ်ကြောင့် ဖြစ်ပေါ် လာရလေသည်။

၃. ထို့ကြောင့် အရာခပ်သိမ်းတို့သည် အခြေခံအားဖြင့် စိတ်၏ ထိန်းချုပ်မှုနှင့် အုပ်စိုးမှုကို ခံရ၍ စိတ် ၏ စေစားရာအတိုင်း ဖြစ်လေသည်။ လှည်းကိုဆွဲသော နွားဏ၏ နောက်သို့ ဘီးက လိုက်ပါရသကဲ့သို့ပင်၊ မသန့်စင်သော စိတ်ဖြင့် ပြောဆိုပြုမူသူ၏ နောက်သို့ ဆင်းရဲဒုက္ခက လိုက်ပါလာလေသည်။

သို့ရာတွင် အကယ်၍ လူတစ်ယောက်က ကောင်းမွန်သော စိတ်ဖြင့် ပြောဆိုပြုမူမည် ဆိုပါက ပျော်ရွှင်ချမ်းသာမှုသည် အရိပ်သဖွယ် ၄င်း၏ နောက်၌ လိုက်ပါလာလေသည်။ မကောင်းမှုကို ပြုသော သူ၏နောက်သို့ "ငါအမှားပြုမိပြီ" ဟူသော အတွေးလိုက်ပါလာကာ ယင်းလုပ်ဆောင်ချက်၏ အမှတ် သညာသည် နောင်လာမည့် ဘဝများ၌ မလွဲမသွေလက်စားချေ တုံ့ပြန်ခြင်း ခံရရန် ကျန်ရစ်လေသည်။ သို့ရာတွင် ကောင်းသော ရည်ရွယ်ချက်မျိုးဖြင့် ပြုမူပြုလုပ်သူသည် "ငါ ကောင်းမှု လုပ်ခဲ့သည်" ဟူသော အတွေးကြောင့် ပျော်ရွှင်ကြည်နူးမည် သာမက၊ ကောင်းမွန်သော လုပ်ရပ်ကြောင့် နောင်ဘဝများ ၌လည်း ဆက်လက် ပျော်ရွှင်ချမ်းသာလိမ့်မည် ဟူသော အတွေးကြောင့်၊ ပိုမို ပျော်ရွှင်နိုင်ကြလေသည်။

အကယ်၍ စိတ်က မသန့်စင်ပါက ခြေထောက်များသည် ကြမ်းတမ်း၍ ခက်ခဲသော လမ်းကြောင်း ပေါ်တွင် ခလုတ်တိုက်နေမည် ဖြစ်ပြီး၊ အကြိမ်ကြိမ်အခါခါ လဲကျခြင်းနှင့် နာကျင်မှုများ ဖြစ်ပေါ်ပေမည်။ သို့ရာတွင် သန့်စင်သောစိတ် ရှိပါက လမ်းကြောင်းသည် ချောမွတ်ဖြောင့်ဖြူး၍ ခရီးစဉ်မှာလည်း အေး ချမ်းသက်သာမည်သာ ဖြစ်လေသည်။

ကိုယ်ခန္ဓာ နှင့် စိတ် နှစ်ခုစလုံးတို့၌ သန့်ရှင်းစင်ကြယ်သူသည် ဗုဒ္ဓဖြစ်စဉ် လမ်းကြောင်းတလျှောက်၊ လျှောက်လှမ်းကာ တစ်ကိုယ်ကောင်းဆန်မှု၊ မသန့်စင်သော အတွေးအခေါ်နှင့် မကောင်းသော ရမက်ပိုက်ကွန်ကို ချိုးဖောက်ပစ် လေသည်။ စိတ်တည်ငြိမ်မှုရှိသူသည် အေးချမ်းမှု ရရှိကာ၊ မိမိ၏ စိတ်ကို နေ့ရောညပါ လုံ့လဂိရိယ ပိုမိုကြီးမားစွာဖြင့် ပျိုးထောင်နိုင်လေသည်။

III
ရုပ်ဝတ္ထုပစ္စည်းတို့၏ အခြေအနေမှန်များ

၁. ဤလောကအတွင်းရှိ အရာခပ်သိမ်းအားလုံးတို့သည် အကြောင်းရင်းနှင့် အခြေအနေများ၏ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ရာ နဂိုကတည်းက ကွဲပြားခြားနားချက်များ မရှိနိုင်ပါပေ။ ကွာခြားမှုများ တည်ရှိရခြင်းမှာ လူသားတို့၏ အဓိဋ္ဌာယ် ကင်းမဲ့သော ခွဲခြားသည့် အတွေးအခေါ် များ ကြောင့် ဖြစ်ပေသည်။

ကောင်းကင်ပေါ်တွင် အရှေ့နှင့်အနောက် ဟူသော အရပ် ခြားနားမှုများ မရှိပါပေ။ ယင်းကွာခြား မှုများကို လူတို့က ၄င်းတို့၏ စိတ်ထဲမှ ဖန်တီးကာ၊ မှန်ကန်သည်ဟု ထင်မှတ်နေကြလေသည်။

တစ် မှ မရေတွက်နိုင်သည်အထိသော ကိန်းဂဏန်းများမှာလည်း ပြည့်စုံသော ဂဏန်းတစ်ခုစီ ဖြစ်၍ ယင်းဂဏန်းတစ်ခုချင်းစီ၏ ပင်ကိုယ်၌ အရေအတွက် ကွာခြားမှု မရှိပါပေ။ သို့ရာတွင် ပမာဏ အမျိုးမျိုးကို ညွှန်ပြနိုင်ရန်အတွက်၊ လွယ်ကူအဆင်ပြေစေရန် လူတို့က သီးခြား ခွဲခြားထားခြင်း ဖြစ်လေသည်။

စကြာဝဠာအတွင်းရှိ ဖြစ်ပေါ်ခြင်းနှင့် ဆိုင်သော ဖြစ်စဉ်တွင်၊ မူရင်းအားဖြင့် ဘဝဖြစ်စဉ်နှင့် ပျက်သုဉ်းမှု ဖြစ်စဉ်တို့ အကြား၌ ကွဲပြားမှုမရှိပါပေ။ လူသားများက ခွဲခြားမှုပြုကာ၊ တစ်ခုကို မွေးဖွားခြင်း နှင့် ကျန်တစ်ခုကို သေဆုံးခြင်းဟု ခေါ်ဆိုကြလေသည်။ လုပ်ရပ်တွင်လည်း အမှန် နှင့် အမှား အကြား ကွာခြားမှုမရှိပါပေ။ သို့ရာတွင် လူသားများက ၄င်းတို့၏ မှားယွင်းသော ကိုယ်ပိုင် အဆင်ပြေမှုအတွက် ခွဲခြားထားလေသည်။

ဗုဒ္ဓသည် ဤ ခွဲခြားမှုများမှ ရှောင်ကွင်းကာ၊ ကမ္ဘာလောကကြီးကို ရွှေ့လျားနေသော တိမ်ထု သဖွယ် ကြည့်မြင်လေသည်။ ဗုဒ္ဓအတွက် တိကျပြတ်သားသော အရာဝတ္ထု မှန်သမျှသည် လှည့်စားမှုသာ ဖြစ်ပေသည်။ စိတ်က သိရှိခံယူ၍၊ လွှင့်ပစ်သော အရာမှန်သမျှသည် အရာဝတ္ထု မဟုတ်ကြောင်း ဗုဒ္ဓက သိလေသည်။ ထို့ကြောင့် ဗုဒ္ဓသည် ရုပ်အသွင်၏ မှားယွင်းမှုများနှင့် ခွဲခြားသည့် အတွေးအခေါ်များကို ကျော်လွန်သွားလေသည်။

၂. လူတို့သည် မိမိတို့၏ ကိုယ်ပိုင် စိတ်ကူးယဉ် သက်သာမှုနှင့် အဆင်ပြေမှုတို့အတွက် အရာဝတ္ထု များကို ရှာကြံရယူလေသည်။ ၄င်းတို့သည် စည်းစိမ်ပစ္စည်း၊ ကျောက်မျက်ရတနာနှင့် ဂုဏ်ရာထူးများကို ရှာကြံရယူလေသည်။ ၄င်းတို့သည် မတည်မြဲသော ဘဝကို အစွမ်းကုန် ကြိုးစား ဖက်တွယ်ထားကြလေသည်။

၄င်းတို့သည် မိမိတို့ ဆန္ဒအလျောက် တည်ရှိမှုနှင့် မတည်ရှိမှု၊ အကောင်းနှင့်အဆိုး၊ အမှန်နှင့် အမှား စသည်တို့ကို ခွဲခြားထားလေသည်။ လူသားများအတွက် ဘဝသည် ဆုပ်ကိုင်ရယူမှုနှင့် တွယ်တာ မှု ဝဲသြဃ ဖြစ်နေ၍၊ ဝေဒနာနှင့် ဆင်းရဲဒုက္ခတို့၏ လှည့်စားမှုများကို ခံယူကြရလေသည်။

တစ်ရံရောအခါက ခရီးရှည် နင်လာသော လူတစ်ဦးသည် မြစ်ကြီးတစ်သွယ်နားသို့ ရောက်လာ လေသည်။ ၄င်းက "မြစ်၏ ဤဘက်ကမ်းသည် အန္တရာယ် များ၍ လျှောက်သွားရန် ခက်ပေသည်။ ဟို ဘက်ကမ်းမှာမူ လွယ်ကူ၍ လုံခြုံစိတ်ချရပေသည်။ သို့ရာတွင်၊ မြစ်ကို အဘယ်သို့ ဖြတ်ကူးရမည်နည်း" ဟု မိမိကိုယ်ကို ပြောလေသည်။ ထို့ကြောင့် ၄င်းသည် သစ်ခက်များနှင့် မြက်ပင်တို့ဖြင့် ဖောင်ငယ်တစ်ခု ကို ဖွဲ့ကာ၊ မြစ်ကို ဖြတ်ကူးလိုက်လေသည်။ ထို့နောက်၊ ၄င်းသည် ဤသို့ တွေးမိလေသည်။ "မြစ်ကို ဖြတ်ကူးရန်အတွက်၊ ဤဖောင်သည် ငါ့အတွက် အထူး အသုံးဝင်ပေသည်။ ကမ်းဘေးတွင် ဆွေးမြေ့ ပျက်စီးသွားစေရန် စွန့်ပစ်မထားဘဲ ငါနှင့်အတူ ထမ်းပိုးသွားမည်။" ဤသို့ဖြင့် ၄င်းသည် မိမိ ဆန္ဒအ လျောက်၊ မလိုအပ်သော ဝန်ကို သယ်ဆောင်သွားလေသည်။ ဤလူကို ပညာရှိဟု ခေါ်နိုင်ပါမည်လော။

ဤပုံပြင်အရ မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုး ဖြစ်လာသောအခါ မကောင်းသော အရာကို မဆို ထားဘိ၊ ကောင်းသောအရာ ဖြစ်သည့်တိုင်အောင်၊ စွန့်ပစ်သင့်လေသည်။ ဗုဒ္ဓသည် မိမိ၏ ဘဝ၌ အမိပ္ပာယ် ကင်းမဲ့၍ မလိုလားအပ်သော ဆွေးနွေးမှုများကို ရှောင်ကွင်းရန် မူချထားလေသည်။

လူစိတ်နှင့်လက်ရှိသွင်ပြင်

၃. အရာဝတ္ထုများသည် လာခြင်းမရှိ၊ ထွက်ပေါ်လာခြင်း မရှိ၊ ပျောက်ကွယ်သွားခြင်း မရှိပါပေ။ ထို့ကြောင့် အရာဝတ္ထုများကို ရယူခြင်းသော် ၄င်း၊ ဆုံးရှုံးခြင်းသော် ၄င်း မရှိပါပေ။

အရာဝတ္ထုများသည် အမှန်တည်ရှိခြင်းနှင့် မတည်ရှိခြင်းတို့ထက် များစွာမြင့်မားကာ ထွက်ပေါ် ခြင်း မရှိ၊ ပျောက်ကွယ်ခြင်းလည်းမရှိဟု ဗုဒ္ဓက ဟောပြောလေသည်။ အဓိပ္ပာယ်မှာ အရာခပ်သိမ်း မှန် သမျှသည် အကြောင်းရင်းများနှင့် အခြေအနေများ၏ ဝါသြယထဲ၌ တိုက်ဆိုင်မှုသာ ဖြစ်၍ တည်ရှိခြင်းမရှိ။ တစ်ချိန်တည်းမှာပင် အကြောင်းရင်းနှင့် အခြေအနေများနှင့် ခိုင်းနှိုင်းဆက်စပ်မှု ရှိ၍ မတည်ရှိမှု မဟုတ် ဟုလည်း ပြောဆိုနိုင်လေသည်။

အသွင်သဏ္ဌာန်ကြောင့် ဝတ္ထုတစ်ခုကို တွယ်ကပ်ခြင်းသည် တွေးဝေသောစိတ်၏ ဇစ်မြစ် ဖြစ်လေ သည်။ အကယ်၍ ယင်းအသွင်သဏ္ဌာန်ကို တွယ်ကပ်စွဲလမ်းခြင်း မပြုပါက၊ မှားယွင်းသော ထင်မြင်ချက် နှင့် အဓိပ္ပာယ် ကင်းမဲ့သော လှည့်စားမှုများ ဖြစ်ပေါ်လာမည် မဟုတ်ပါပေ။ အမှန်တရား သိမြင်ခြင်းသည် ဤအဖြစ်မှန်ကို ကြည့်မြင်ကာ မိုက်မဲသော လှည့်စားမှုများမှ လွတ်ကင်းနိုင်သော ဉာဏ်ပညာ ဖြစ်လေ သည်။

ကမ္ဘာလောကကြီးသည် အမှန်တကယ်ပင် အိပ်မက်နှင့်တူ၍ ကမ္ဘာ့ရှေ့ငွေ့ရတနာများသည် စွဲမက် ဖွယ်ရာကောင်းသော တံလျှပ်ပင် ဖြစ်လေသည်။ ရုပ်ပုံတစ်ခုအတွင်းရှိ ကွာဝေးသော နေရာများ၏ ပုံသဏ္ဌာန်အတိုင်း အရာဝတ္ထုများတွင် အမှန်တကယ် ဖြစ်စဉ် ဟူ၍ မရှိဘဲ၊ အပူဒွေ့များကဲ့သို့ပင် ဖြစ်လေ သည်။

၄. မရေမတွက်နိုင်သော အကြောင်းရင်း အစဉ်အဆက်များကြောင့် ဖြစ်ပေါ်လာသည့် အရာများ သည် ထာဝရတည်မြဲနေနိုင်သည်ဟု ယုံကြည်သည်မှာ အထူးမှားယွင်းမှုပင် ဖြစ်၍ (သသတဒိဋ္ဌိ) တည်မြဲ မှု အမြင်ဟု ခေါ်လေသည်။ သို့ရာတွင် အရာဝတ္ထုများ လုံးဝ ပျောက်ကွယ်သွားသည်ဟု ယုံကြည်သည် မှာလည်း အလားတူပင် ကြီးမားလှသော မှားယွင်းမှု ဖြစ်ပေသည်။ ဤသည်ကို

မတည်ရှိမှု အမြင်ဟု (ဥစ္ဆေဒ ဒဋ္ဌိ) ခေါ်လေသည်။

ဤကဲ့သို့သော (သသတဒိဋ္ဌိ) ထာဝရ တည်မြဲသည့် ဘဝနှင့် ထာဝရ တည်မြဲသည့် သေဆုံးခြင်း၊ (ဥစ္ဆေဒ ဒဋ္ဌိ) တည်ရှိမှုနှင့် မတည်ရှိမှုတို့သည် အရာဝတ္ထုတို့၏ ပင်ရင်းသဘာဝနှင့် အကြိုးမဂင်ဘဲ မှား ယွင်းသော လူသားတို့၏ မျက်စိများဖြင့် တွေ့မြင်ရသည့် အသွင်သဏ္ဌာန်များသာ ဖြစ်လေသည်။ လူသားတို့၏ ဆန္ဒရမက်ကြောင့် လူတို့သည် ဤအသွင်သဏ္ဌာန်များနှင့် ဆက်နွယ်ကာ တွယ်ကပ်သွားခြင်း ဖြစ်လေသည်။ သို့ရာတွင် အရာဝတ္ထုတို့၏ မူလသဘာဝတွင် ယင်းကဲ့သို့သော ခွဲခြားမှုများနှင့် တွယ်တာ မှုများ ကင်းမဲ့နေလေသည်။

အရာခပ်သိမ်းတို့သည် အစီအရီဖြစ်သော အကြောင်းရင်းများနှင့် အခြေအနေများကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ရာ အရာဝတ္ထုတို့၏ အသွင်သဏ္ဌာန်များသည် အမြဲပင် ပြောင်းလဲနေလေသည်။ ဆိုလို ရင်းမှာ စစ်မှန်သော ဒြပ်ဝတ္ထုများ၌ ရှိသင့်သော ရှေ့နောက်ကိုက်ညီမှု ဟူသည် မရှိ။ ဤကဲ့သို့သော အစဉ်အမြဲ ဖြစ်သည့် အသွင်သဏ္ဌာန် အစဉ်အမြဲ ပြောင်းလဲမှုများကြောင့် အရာဝတ္ထုများကို တံလျှပ်လိုလို အိပ်မက်လိုလို မြင်ရလေသည်။ သို့ရာတွင် အစဉ်အမြဲ အသွင်သဏ္ဌာန် ပြောင်းလဲမှု ရှိနေစေကာမူ အရာဝတ္ထုများ၏ ပင်ကိုယ်နာမ်သဘာဝမှာ တည်မြဲ၍ ပြောင်းလဲခြင်း မရှိပါပေ။

လူတစ်ဦးတစ်ယောက်အတွက် မြစ်ကို မြစ်ကဲ့သို့ မြင်ရစေကာမူ၊ ရေထဲတွင် မီးကို မြင်ရသော ဆာလောင်နေသည့် ပြိတ္တာဘီလူးသရဲအတွက် မြစ်ကို မီးကဲ့သို့ပင် မြင်ရကောင်း မြင်ရပေလိမ့်မည်။ ထို့ကြောင့် မြစ်ရှိနေကြောင်း လူတစ်ဦးအား ပြောပြပါက အဓိပ္ပာယ်ရှိမည် ဖြစ်သော်လည်း ယင်း ဘီလူး သရဲအတွက်မူကား အဓိပ္ပာယ်ရှိမည် မဟုတ်ပါပေ။

အလားတူပင် အရာခပ်သိမ်းတို့ကို ပြောဆိုနိုင်လေသည်။ အရာဝတ္ထုများသည် တံလျှပ် နှင့် တူ၍ တည်ရှိခြင်း မဟုတ်၊ မတည်ရှိခြင်း မဟုတ်ဟု ပြောဆိုနိုင်လေသည်။

ထို့အပြင် အပြောင်းအလဲ မရှိသော စစ်မှန်သည့် ဘဝကို ခဏတာမျှ ဖြစ်သော ဤဘဝနှင့် ခိုင်း နှိုင်းပါက မှားယွင်းမည်သာ ဖြစ်ပေသည်။ သို့ရာတွင်

ပြောင်းလဲမှုနှင့် ဖြစ်ပေါ်မှု ရှိသည့် ဤကမ္ဘာကြီးမှအပ အခြားသော တည်မြဲမှုနှင့် စစ်မှန်သည့်ကမ္ဘာ ရှိသည်ဟု မပြောနိုင်ပါပေ။ ဤကမ္ဘာကြီးအား ပြောင်းလဲနေသော ကမ္ဘာအဖြစ်၎င်း၊ သို့မဟုတ် သခါရကမ္ဘာ စစ်မှန်သော ကမ္ဘာအဖြစ် ၎င်း မှတ်ယူပါက မှားယွင်းပေ မည်။

သို့ရာတွင် ဤကမ္ဘာရှိ မသိနားမလည်သော လူသားများသည် စစ်မှန်သော ကမ္ဘာအဖြစ် ယူဆ ကာ ထိုမှားယွင်းသော ယူဆချက်နှင့်အတူ ပြုမူလုပ်ဆောင်ကြလေသည်။ သို့ရာတွင် ဤ ကမ္ဘာကြီးသည် တံလျှပ်တစ်ခုသာ ဖြစ်သဖြင့် အမှားအပေါ် အခြေခံထားသော ၎င်းတို့၏ လုပ်ရပ်များသည် ဘေးဒုက္ခနှင့် ဆင်းရဲဒုက္ခများကိုသာ ဖြစ်ပေါ်စေလေသည်။

ဤကမ္ဘာကြီးသည် တံလျှပ်တစ်ရပ်သာ ဖြစ်သည်ကို သိရှိထားသော ပညာရှိသူမှာမူ စစ်မှန်သော ကမ္ဘာတစ်ခုသဖွယ် ပြုမူခြင်း မရှိသဖြင့် ဆင်းရဲဒုက္ခများမှ လွတ်ကင်းလေသည်။

IV

မဖျိမ (၇) - အလယ်အလတ်လမ်း

၁. အမှန်တရားသို့ ရောက်ရှိနိုင်သော လမ်းကို ရွေးချယ်သူများသည် အလွန်အကျွံဖြစ်မှု နှစ်ရပ်ကို ရှောင်ရှားသတိပြုသင့်ပေသည်။ ပထမမှာ၊ ကိုယ်ခန္ဓာ၏ ဆန္ဒရမက်ကို အလွန်အကျွံ အလိုလိုက်မှု ဖြစ် သည်။ ဒုတိယမှာ ဆန့်ကျင်ဘက် လွန်ကဲမှု ဖြစ်၍၊ မိမိ၏ ခန္ဓာကိုယ်နှင့် စိတ်ကို ယုတ္တိကင်းမဲ့စွာ ညှင်းဆဲ သော ဒုက္ကရစရိယာဘဝ ဖြစ်ပေသည်။

ဤအလွန်အကျွံဖြစ်မှု နှစ်ရပ်စလုံးကို ကျော်လွန်ကာ အမှန်တရား၊ အသိဉာဏ်နှင့် စိတ်၏ အေး ချမ်းမှုကို ရယူနိုင်စေသော၊ မြင့်မြတ်လှသည့် လမ်းစဉ်ကို မဖျိမဟု ခေါ်ဆိုနိုင်ပေသည်။ မဖျိမ (၇) အလယ်အလတ်လမ်း ဟူသည် အဘယ်နည်း။ ယင်းမှာ မဂ္ဂင်ရှစ်ပါး၊ မှန်ကန်သော အမြင်၊ မှန်ကန်သော အတွေး၊ မှန်ကန်သော စကား၊ မှန်ကန်သော အပြုအမူ၊ မှန်ကန်သော နေထိုင်မှု၊

မှန်ကန်သော ကြိုးပမ်းမှု၊ မှန်ကန်သော ဆင်ခြင်သတိထားမှုနှင့် မှန်ကန်သော အာရုံစူးစိုက်မှုတို့ပင် ဖြစ်လေသည်။

အရာခပ်သိမ်းတို့သည် ယခင်က ဖော်ပြခဲ့သည့်အတိုင်း၊ အဆုံးအစ မရှိသော အစီအရီသော အကြောင်းရင်းများကြောင့် ပေါ်ထွက်လာခြင်း၊ သို့မဟုတ် ပျောက်ကွယ်သွားခြင်း ဖြစ်ပေသည်။ မသိနား မလည်သော သူများသည် ဘဝကို တည်ရှိမှု သို့မဟုတ် မတည်ရှိမှုအဖြစ် ကြည့်မြင်ကြသော်လည်း ပညာ ရှိသူများမှာမူ ၊ တည်ရှိမှုနှင့် မတည်ရှိမှု နှစ်ရပ်စလုံးထက် ကျော်လွန်ကာ ယင်းတို့ထက် သာလွန်မြင့်မား သောအရာအဖြစ် ကြည့်မြင်ကြလေသည်။ ဤသည်မှာ အလယ်အလတ်လမ်းကို ကြည့်မြင်မှုပင် ဖြစ်ပေ သည်။

၂. မြစ်ထဲ၌ သစ်တုံးတစ်တုံး မျောပါနေသည် ဆိုပါစို့။ အကယ်၍ တစ်နေရာရာ၌ ငြိနေခြင်း၊ သို့မဟုတ် နစ်မြုပ်သွားခြင်း၊ သို့မဟုတ် လူတစ်ဦးတစ်ယောက်က ဆယ်ယူခြင်း၊ သို့မဟုတ် ဆွေးမြေ့ သွားခြင်း မရှိပါက၊ ယင်းသစ်တုံးသည် နောက်ဆုံး၌ ပင်လယ်သို့ ရောက်ရှိသွားပေမည်။ ဘဝသည်လည်း မြစ်ကြီးတစ်ခု၏ ရေစီးကြောင်းထဲ၌ မျောပါနေသော သစ်တုံးနှင့် တူပေသည်။ အကယ်၍ လူတစ်ဦးသည် မိမိကိုယ်ကို အလိုလိုက်သော ဘဝ၌ တွယ်ကပ်နေခြင်း မရှိပါက သို့မဟုတ် ဘဝကို စွန့်လွှတ်ခြင်းဖြင့် ကိုယ့်ကိုယ်ကို ညှင်းဆဲသောဘဝ၌ စွဲကပ်နေခြင်း မရှိပါက၊ အကယ်၍ လူတစ်ဦးသည် ၄င်း၏ ကောင်းမှု များအတွက် ဂုဏ်ယူခြင်း မရှိပဲ၊ သို့မဟုတ် မကောင်းသော လုပ်ရပ်များ၌ တွယ်ကပ်နေခြင်း မရှိပါက၊ အကယ်၍ အမှန်တရားကို ရှာကြံရာ၌ လှည့်ဖျားမှုများကို အထင်သေးခြင်း သို့မဟုတ် စိုးရွံ့ခြင်း မရှိပါက ထိုကဲ့သို့သော လူသည် မဖွံ့မြ (၇) အလယ်အလတ်လမ်းကို လိုက်နေပေသည်။

အမှန်တရား လမ်းကြောင်းကို လိုက်နာရာ၌ အရေးကြီးသောအရာမှာ မည်သည့် အလွန်အကျွံ ဖြစ်မှုတွင်မျှ တွယ်ကပ်ငြိစွန်းနေခြင်း မရှိအောင်၊ ရှောင်ကွင်းရန်ပင် ဖြစ်ပေသည်။ ဆိုလိုသည်မှာ အလယ် အလတ်လမ်းကို အမြဲလိုက်နာရန်ပင် ဖြစ်ပေသည်။

လူစိတ်နှင့်လက်ရှိသွင်ပြင်

အရာဝတ္ထုများသည် တည်ရှိခြင်း မရှိ၊ မတည်ရှိခြင်းလည်း မရှိဟူသည်ကို သိရှိထားကာ အရာ ခပ်သိမ်းတို့၏ အိပ်မက်ဆန်သော သဘာဝကို စွဲမြဲမှတ်သားကာ ဝင့်ဂါမောက်ကြွားမှု၊ သို့မဟုတ် ကောင်း သော လုပ်ငန်းရပ်များအတွက် ချီးကျူးမှု၊ သို့မဟုတ် အခြားသော အရာများ၌ တွယ်တာငြိစွန်းနေမှုများမှ ရှောင်ကွင်း သင့်ပေသည်။

အကယ်၍ လူတစ်ဦးသည် ၄င်း၏ ဆန္ဒရမက် စီးကြောင်းများ၌ ငြိစွန်းနစ်မွန်းသွားခြင်း မရှိစေရန်၊ ရှောင်ကွင်းလိုပါက ၄င်းသည် အစကနဦး၌ပင် အရာဝတ္ထုများနောက်သို့ လိုက်လံ ဖမ်းဆီးခြင်း မပြုမိရန် ဆည်းပူးရပေမည်။ သို့မဟုတ်ပါက ယင်းအရာများနှင့် ယဉ်ပါးကာ၊ စွဲမြဲသွားမည် ဖြစ်ပေသည်။ ၄င်းသည် တည်ရှိမှု၊ သို့မဟုတ် မတည်ရှိမှု၊ အရာခပ်သိမ်းတို့၏ အတွင်း၊ သို့မဟုတ် အပြင် ကောင်းသောအရာ သို့မဟုတ် မကောင်းသော အရာ၊ အမှန် သို့မဟုတ် အမှားများ၌ တွယ်တာစွဲမြဲနေမှု မဖြစ်ရပါပေ။

အကယ်၍ အရာဝတ္ထုများ၌ တွယ်တာစွဲကပ်သွားမည် ဆိုပါက ယင်းအချိန်၌ပင် ချက်ချင်းလက် ငင်း၊ တွေးဝေသော ဘဝ၊ ဒွိဟာဖြစ်သော ဘဝ၊ စတင်လာမည် ဖြစ်ပေသည်။ အမှန်တရားသို့ မြင့်မြတ်သော လမ်းစဉ်အတိုင်း လိုက်သူသည် ဝမ်းနည်းမှု မရှိသကဲ့သို့၊ မျှော်လင့်ချက်များလည်း မထားရှိပါပေ။ သို့ရာ တွင် တည်ငြိမ်အေးချမ်းသော စိတ်ဖြင့်၊ မည်သည့်အရာကိုမဆို လက်ခံရင်ဆိုင်ပေသည်။

၃. အမှန်တရားသည် အသွင်သဏ္ဌာန်ဖြင့် ဖော်ပြနိုင်သော တိကျသည့်ပုံစံ သို့မဟုတ် သဘာဝမျိုး မရှိပါပေ။ ထို့ကြောင့် အမှန်တရား၌ပင်လျှင်၊ အမှန်အတိုင်း သိရှိနိုင်သောအရာ ဘာမျှ မရှိပါပေ။

တွေးဝေမှု၊ သံသယဖြစ်မှုနှင့် မသိနားမလည်မှုများကြောင့်သာလျှင်၊ အမှန်တရား တည်ရှိနေခြင်း ဖြစ်ပေသည်။ အကယ်၍ ယင်းအရာများ ပျောက်ကွယ်သွားမည် ဆိုပါက အမှန်တရားလည်း ပျောက် ကွယ်သွားမည် ဖြစ်ပေသည်။ ဤအချက်နှင့် ဆန့်ကျင်ဘက်လည်း မှန်ကန်ပေသည်။ တွေးဝေမှု၊

သံသယ ဖြစ်မှုနှင့် မသိနားမလည်မှုများ တည်ရှိနေခြင်းမှာ၊ အမှန်တရား ရှိနေသောကြောင့် ဖြစ်ပေသည်။ အမှန် တရား မရှိပါက မသိနားမလည်မှုနှင့် တွေးခေါ်မှု၊ သံသယဖြစ်မှုများလည်း ရှိမည် မဟုတ်ပါပေ။

ထို့ကြောင့် အမှန်တရားအား ဖမ်းယူချုပ်ကိုင်နိုင်သော "အရာ" တစ်ခုအဖြစ် မထင်မှတ်မိစေရန်၊ သတိပြုရမည် ဖြစ်ပေသည်။ သို့မဟုတ်ပါက အမှန်တရားသည်လည်း အဟန့်အတားတစ်ခု ဖြစ်လာပေ မည်။ အမှောင်ထဲ၌ ရှိနေသည့် စိတ်၏ အလင်းရောင် ရရှိလာပါက ပျောက်ကွယ်သွားမည် ဖြစ်ပြီး၊ ဤပျောက်ကွယ်မှုနှင့်အတူ အမှန်တရားဟု ခေါ်သော အရာသည်လည်း ပျောက်ကွယ်သွားမည် ဖြစ်ပေ သည်။

အမှန်တရားကို လိုလားကာ လိုက်လံဖမ်းဆီးနေသမျှ ကာလပတ်လုံး ထင်ယောင်ထင်မှားဖြစ်မှု ရှိနေဆဲပင်ဖြစ်ကြောင်း သိသာသေည်။ ထို့ကြောင့် အမှန်တရား လမ်းစဉ်ကို လိုက်နေသော သူများသည် လိုက်လံဖမ်းဆီးခြင်း မပြုကြရပါပေ။ အကယ်၍ အမှန်တရားကို ရရှိပါကလည်း တွယ်ကပ် တုံ့ဆိုင်းနေခြင်း မပြုရပါပေ။

ဤအနက်သဘောဖြင့် အမှန်တရားကို ရရှိပါက အရာခပ်သိမ်းတို့သည် အမှန်တရားပင် ဖြစ်ပေ သည်။ ထို့ကြောင့် လူသားများသည် ၄င်းတို့၏ အတွေးများ၊ လောဘရမက်များနှင့် အမှန်တရားများ၊ လုံးဝထပ်တူညီမျှ ဖြစ်သွားသည်အထိ၊ အမှန်တရားလမ်းစဉ်ကို လိုက်နာသင့်ပေသည်။

၄. အရာခပ်သိမ်းတစ်ခုတည်း ဖြစ်မှု ဟူသော ဤအတွေးအခေါ်ကို အရာခပ်သိမ်းတို့၏ ပင်ကိုယ် သဘာဝ၌ ထူးခြားကွဲပြားခြားနားမှု မရှိဟူသော တွေးခေါ်မှု "သုညq (0) နတ္တိ" ဟု ခေါ်သည်။ သုညq (နတ္တိ) ၏ အဓိပ္ပာယ်မှာ အကောင်အထည်မရှိမှု၊ မမွေးမှု၊ ပင်ကိုယ်သဘာဝ မရှိမှု၊ ဒွိဟ မရှိမှုပင် ဖြစ်ပေ သည်။ အဘယ်ကြောင့်ဆိုသော် အရာဝတ္ထုများကိုယ်၌ပင် ဒြပ် သို့မဟုတ် ပုံပန်းသဏ္ဌာန်၊ သို့မဟုတ် မွေးဖွားလာခြင်းမရှိ သို့မဟုတ် ပျက်စီးခြင်းမရှိ ဟူသော ဂုဏ်ထူးဂိသေသများ မရှိသောကြောင့် ဖြစ်ပေ သည်။ ခွဲခြားမှုသဘောဖြင့်

ဖော်ပြနိုင်သော အရာဝတ္ထုများ၏ ပင်ကိုယ်သဘာဝများ လုံးဝမရှိသဖြင့် သုညသည် (နတ္တိ) ဟု ခေါ်ဆိုခြင်း ဖြစ်လေသည်။

ယခင်က ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အရာခပ်သိမ်းတို့သည် အကြောင်းရင်းများနှင့် အခြေ အနေ တိုက်ဆိုင်မှုများကြောင့် ပေါ်ထွက်ခြင်းနှင့် ပျောက်ကွယ်ခြင်းများ ဖြစ်ရပေသည်။ မည်သည့်အရာ မျှတစ်ခုတည်း အထီးတည်းရပ်တည်ခြင်း မရှိပါပေ။ အရာခပ်သိမ်းတို့သည် အခြားသော အရာများနှင့် ဆက်နွယ်နေပေသည်။

အလင်းရောင်ရှိသော နေရာတိုင်း၌ အရိပ်ရှိသည်။ အရှည်ရှိသည့် နေရာတိုင်း၌ အတိုရှိသည်။ အဖြူရှိသည့် နေရာတိုင်း၌ အမဲရှိသည်။ ဤအရာများကဲ့သို့ပင် အရာဝတ္ထုများ၏ အနှစ်သာရမှာ အထီး တည်း ရပ်တည်ခြင်း မရှိနိုင်သောကြောင့် ၎င်းတို့ကို အကောင်အထည် မဟုတ်ဟု ဖော်ဆိုပေသည်။

အလားတူ အတွေးအခေါ်အရပင်လျှင် အမှန်တရားသည် မသိနားမလည်မှုနှင့် သီးခြားစီ ရပ် တည်နေနိုင်ခြင်း မရှိဘဲ၊ မသိနားမလည်မှုသည်လည်း အမှန်တရားနှင့် သီးခြားစီ မတည်ရှိနိုင်ပါပေ။ အရာဝတ္ထုများ၏ ပင်ကိုယ်သဘာဝများ၌ ကွာခြားမှု မရှိသောကြောင့် အဘယ်မှာလျှင် ဒွိဟသဘော ရှိနိုင် ပါမည်နည်း။

၅. လူများသည် မိမိကိုယ်ကို မွေးခြင်းနှင့် သေခြင်းတို့ဖြင့် ဆက်နွယ်နေသည်ဟု အလိုအလျောက် ထင်မှတ်လေ့ ရှိပေသည်။ သို့ရာတွင် အမှန်မှာ ယင်းကဲ့သို့သော အတွေးအခေါ်များ မရှိပါပေ။

ဤအဖြစ်မှန်ကို လူများက နားလည်နိုင်စွမ်း ရှိပါက ၎င်းတို့သည် မွေးခြင်းနှင့် သေခြင်းတို့၏ ဒွိဟ မဟုတ်သော အမှန်တရားကို နားလည်ပြီး ဖြစ်ပေသည်။

ငါ ဟူသော အတ္တသဘောကို မြတ်နိုးသောကြောင့် လူများသည် ပိုင်ဆိုင်မှုသဘောကို ဖက်တွယ် ထားကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် "ငါ" ဟူသော အရာမျိုး မရှိသဖြင့် "ပိုင်ဆိုင်မှု" ဟူသော အရာများ လည်း မရှိပါပေ။ ဤအမှန်တရားကို နားလည်နိုင်ပါက ဒွိဟမဟုတ်သော အမှန်တရားကို နားလည်နိုင် မည် ဖြစ်ပေသည်။

လူများသည် သန့်စင်မှုနှင့် ညစ်ထေးမှုတို့၏ ကွဲပြားခြားနားမှုကို အာရုံစိုက်ကြလေသည်။ သို့ရာတွင် အရာဝတ္ထုများ၏ သဘာဝတွင် ထိုကဲ့သို့သော ကွဲပြားခြားနားမှုမျိုး မရှိပါပေ။ စိတ်တွင်းရှိ မှားယွင်း ၍ အဓိဗွာယ်ကင်းမဲ့သော ရုပ်လွှာများမှ ပေါ်ထွက်လာခြင်းသာ ဖြစ်ပေသည်။

အလားတူပင် လူများသည် အကောင်းနှင့် အဆိုးတို့၏ ကွဲပြားခြားနားမှုကို အာရုံပြုလေသည်။ သို့ရာတွင် အကောင်းအဆိုးဟူ၍ သီးခြားခွဲခြား တည်ရှိနေသော အရာမျိုး မရှိပါပေ။ အမှန်တရားလမ်းစဉ် သို့ လိုက်နေသူများသည် ယင်းကဲ့သို့သော ဒွိဟမျိုးကို အသိအမှတ်မပြု၍ အကောင်းကို ချီးမွမ်းခြင်း၊ သို့မဟုတ် အဆိုးကို ဂေဖန်ပြစ်တင်ခြင်းမျိုး မရှိသကဲ့သို့ပင်၊ အကောင်းကိုရှုံ့ချကာ အဆိုးကို ခွင့်လွှတ် ခြင်းလည်း မရှိပါပေ။

လူများသည် သဘာဝအလျောက် ကံဆိုးမှုကို စိုးရိမ်ကြောက်ရွံ့ကြ၍ ကံကောင်းမှုကို လိုလား တပ်မက်ကြလေသည်။ သို့ရာတွင် ဤကွာခြားချက်ကို သေသေချာချာ လေ့လာကြည့်ရှုမည် ဆိုပါက ကံဆိုးမှုသည် မကြာခဏ ဆိုသလိုပင် ကံကောင်းမှု ဖြစ်လာ၍ ကံကောင်းမှုမှာလည်း ကံဆိုးမှု ဖြစ်လာ တတ်လေသည်။ ဉာဏ်ပညာရှိသူသည် ဘဝ၏ အတက်အကျ ပြောင်းလဲမှု အခြေအနေများကို တည်ငြိမ်သော စိတ်ဓာတ်ဖြင့် ရင်ဆိုင်လက်ခံ၍ အောင်မြင်မှုကြောင့် ပျော်ရွှင်ခြင်း မဖြစ်သကဲ့သို့၊ ကျရှုံးမှုကြောင့် လည်း ဝမ်းနည်းစိတ်ပျက်ခြင်း မဖြစ်ပါပေ။ ဤသို့ဖြင့် ဒွိဟမဟုတ်သော အမှန်တရားကို နားလည် သဘောပေါက်လေသည်။

ထို့ကြောင့် ဒွိဟဆက်နွယ်မှု၊ ပဋိပက္ခဖြစ်မှုကို ဖော်ပြသော စကားလုံး အားလုံးတို့သည် ဥပမာ တည်ရှိမှုနှင့် မတည်ရှိမှု၊ လောကီရမက်နှင့် အမှန်တရား၊ သခါရနှင့် အသခါရ၊ အကောင်းနှင့်အဆိုး စသည်တို့သည် လူတစ်ဦး တစ်ယောက်၏ တွေးခေါ်မှုဌ ခြားနားခြင်းများသာ ဖြစ်၍ သဘာဝ၏ အစစ် အမှန်မဟုတ်ပါပေ။ ဤကဲ့သို့သော စကားလုံးများနှင့် ယင်းစကားလုံးများကြောင့် ပေါ်ထွက်လာသော စိတ်လှုပ်ရှားမှုများမှ လွတ်ကင်းနိုင်ပါက သုည (၀)နတ္တိဟူသော အမှန်တရားကို နားလည်ခြင်းပင် ဖြစ် ပေသည်။

၆. သန့်ရှင်းသော မြေပြန့်ပေါ်မှ မဟုတ်ဘဲ ရှုံ့နွံရေအိုင်ထဲမှ နေ၍ သန့်စင်၍ မွှေးကြိုင်သော ကြာပွင့် များ ထွက်ပေါ်လာသကဲ့သို့ပင် ညစ်ညမ်းလှသော လောကီရမက်များအတွင်းမှ သန့်စင်သော ဗုဒ္ဓ၏ အမှန်တရားများ ထွက်ပေါ်လာလေသည်။ အယူမှားယွင်းနေသူများ၏ အမြင်သဘောထားများနှင့် လောကီရမက်များ၏ လှည့်စားမှုများပင်လျှင်၊ ဗုဒ္ဓဖြစ်မှု၏ အခြေခံမျိုးစေ့များ ဖြစ်နိုင်ပေသည်။

ရေငုပ်နေသူ တစ်ဦးသည် ပုလဲများကို ရယူလိုပါက ကြမ်းတမ်း ခက်ထန်လှသော ကျောက်ဆောင် ကျောက်သားများနှင့် ငါးမန်းများ၏ ဘေးအန္တရာယ်များကို စွန့်စားဖြတ်ကျော်ကာ၊ ပင်လယ်ရေပြင် အောက်အထိ ငုပ်ဆင်းရပေမည်။ ထို့ကြောင့် အမှန်တရားဟူသော အဖိုးတန်ပုလဲကို ရယူလိုသော သူ သည် လောကရမက် အပေါင်း၏ အန္တရာယ်များနှင့် ရင်ဆိုင်ရပေမည်။ ၄င်းသည် ရှေးဦးစွာ အတ္တဟူသော တစ်ကိုယ်ကောင်းဆန်မှု အနောင်အဖွဲ့များအတွင်း၌ နစ်မွန်းကာ ပျောက်ကွယ်နေပြီးမှ အမှန်တရားသို့ ရောက်ရှိနိုင်မည့် လမ်းကြောင်းကို ရှာဖွေလိုသော ဆန္ဒမျိုး ဖြစ်ထွန်းလာမည် ဖြစ်ပေသည်။

အမှန်တရားကို တွေ့ရှိလိုလှသော ဆန္ဒရှိသည့် ရဟေ့တစ်ပါးသည် တွေ့ရှိလိုလှသော ဆန္ဒ ကြောင့် သည်းခံကာ ဓါးများဖြင့် အပြီးဖြစ်သော တောင်ပေါ်သို့ တက်ရောက်ကာ မီးထဲသို့ ခုန်ချခဲ့ကြောင်း ပုံပြင်တစ်ခုရှိလေသည်။ လမ်းစဉ်တလျှောက်ရှိ ဘေးအန္တရာယ်များကို ရင်ဆိုင်စွန့်စားလိုသောသူသည် အတ္တဟိတဓါးများဖြင့် အပြည့်ဖြစ်သော တောင်ပေါ်နှင့် မုန်းတီးမှု မီးပုံထဲတွင် လေပြည်လေညှင်း တိုက် ခတ်နေကြောင်း တွေ့ရှိရမည်ဖြစ်ပြီး၊ မိမိ ခံစားခဲ့ရ၍ ဆန့်ကျင်ရုန်းကန်လာခဲ့သော၊ တစ်ကိုယ်ကောင်း ဆန်မှုနှင့် လေကီရမက်များသည် အမှန်တရားပင် ဖြစ်ကြောင်း၊ နားလည်သဘောပေါက်လာမည် ဖြစ်ပေ သည်။

၈. ဗုဒ္ဓ၏ အဆုံးအမသည် ပဋ္ဌိပက္ခ ဖြစ်နေသော အမြင်သဘောထား နှစ်ခုတို့မှ သီးခြားကွဲပြားထားသော အတွေးအခေါ်ဖြစ်သည့် ဒွိဟမဟုတ်မှုသို့ ရောက်ရှိ နိုင်ပေသည်။ အကောင်းနှင့်အမှန်ဟု ယူဆရ သော အရာဝတ္ထုကို ရှာကြံခြင်းနှင့် အဆိုးနှင့်အမှားဟု ယူဆရသော အခြားသောအရာမှ ရှောင်ကွင်းခြင်း သည်

မှားယွင်းမှုပင် ဖြစ်ပေသည်။

အရာဝတ္ထုခပ်သိမ်းတို့သည် ဗလာပင် ဖြစ်၍ ယာယီသာ ဖြစ်သည်ဟု ပြောဆိုပါက အမှန်ပင် ဖြစ် ၍ ပြောင်းလဲခြင်း မရှိဟု ပြောဆိုသည့်အတိုင်းပင် မှားယွင်းမည်သာ ဖြစ်ပေသည်။ အကယ်၍ လူတစ်ဦး တစ်ယောက်က ၄င်း၏ ငါ အဂ်ါရုပ်၌ တပ်မက်စွဲလမ်းနေမည် ဆိုပါက ထိုစွဲလမ်းမှုကြောင့် မကျေနပ်မှုနှင့် ဆင်းရဲဒုက္ခများမှ မိမိကိုယ်ကို ကယ်တင်နိုင်မည် မဟုတ်သဖြင့် မှားယွင်းမှုပင် ဖြစ်ပေသည်။ အကယ်၍ "ငါ" ဟူသော အရာမရှိဟု ယုံကြည်ပါကလည်း အမှန်တရားလမ်းစဉ်ကို ကျင့်ကြံရန် အဓိပ္ပာယ် မရှိသော ကြောင့် မှားယွင်းမှုပင် ဖြစ်ပေသည်။ အကယ်၍ အရာခပ်သိမ်းသည် ဆင်းရဲဒုက္ခပင် ဖြစ်သည်ဟု ပြော ဆိုပါက မှားယွင်းမည်သာ ဖြစ်ပြီး၊ အရာခပ်သိမ်းသည် ပျော်ရွှင်မှုပင် ဖြစ်သည်ဟု ပြောဆိုပါကလည်း မှားယွင်းမည်သာဖြစ်ပေသည်။ ဤမှားယွင်းသော အတွေး အခေါ်များထက် ကျော်လွန်ကာ ဒွိဟသည် လည်း တစ်ခုတည်း ဖြစ်လာသော အလယ်အလတ်လမ်းကို ဗုဒ္ဓက ဟောပြောခဲ့ပေသည်။

အခန်း သုံး

ဗုဒ္ဓ - သဘာဝ

I

သန့်စင်မှုစိတ်

၁. လူသားများအထဲတွင် စိတ်နေသဘောထားအမျိုးမျိုးနှင့် အဆင့်ဆင့် ရှိကြလေသည်။ အချို့ သောသူများသည် ဉာဏ်ပညာရှိ၍ အချို့သောသူများက အသိဉာဏ် ခေါင်းပါးကြလေသည်။ အချို့က သဘောကောင်း၍ အချို့က သဘောဆိုးလေသည်။ အချို့က အလွယ်တကူ ယုံကြည်၍၊ အချို့က အလွယ်တကူ မယုံကြည်ပေ။ အချို့က သန့်စင်သောစိတ်မျိုး ရှိ၍ အချို့က ညစ်ညမ်းသောစိတ် ရှိလေ သည်။ သို့ရာတွင် ဤကွာဟချက်များသည် အမှန်တရား ရရှိရေး၌ မပြောပလောက်သော အရာများသာ ဖြစ်လေသည်။ ကမ္ဘာကြီးသည် အပင်အမျိုးအစား မြောက်များစွာ ပေါက်ရောက်နေသော ကြာပန်းအိုင် နှင့် တူလေသည်။ အရောင်အမျိုးမျိုး ရှိသော ပန်းပွင့်များ ပွင့်ဖူးနေလေသည်။ အချို့သော ပန်းများသည် အဖြူရောင်၊ အချို့က ပန်းရောင်၊ အချို့က အပြာရောင်၊ အချို့ အဝါရောင် ဖြစ်နေ၍ အချို့သော ကြာပင် များသည် ရေအောက်၌သာ ဖူးပွင့်နေကြပြီး အချို့သော အရွက်များက ရေပြင်ပေါ်တွင် ပေါ်နေကာ အချို့သော အရွက်များက လေထဲတွင် ရှိနေကြလေသည်။ လူသားများတွင် ထိုထက်များသော ခြားနား ချက်များ ရှိလေသည်။ လိင်ခြားနားမှုများ ရှိသော်လည်း ဤခြားနားချက်များမှာ အရေးမကြီးပါပေ။ အဘယ်ကြောင့်ဆိုသော် သင့်တင့်မှန်ကန်သော လေ့ကျင့်မှုများဖြင့် ယောက်ျားနှင့် မိန်းမ နှစ်ဦးစလုံး သည် အမှန်တရားကို ရရှိနိုင်ပေသည်။

ဆင်ဦးစီး ဖြစ်ရန်အတွက် အရည်အချင်းငါးရပ် ရှိရမည် ဖြစ်ပေသည်။ ကျန်းမာရေး ကောင်းမွန် ခြင်း၊ ယုံကြည်မှုရှိခြင်း၊ ဂီရိယရှိခြင်း၊ ရည်ရွယ်ချက် စစ်မှန်ခြင်းနှင့် ပညာရှိခြင်းတို့ ဖြစ်ပေသည်။ ဗုဒ္ဓ၏ မြင့်မြတ်လှသော အမှန်တရားလမ်းစဉ်ကို လိုက်နာရန်အတွက် အလားတူ ကောင်းမွန်သော အရည်

အချင်းငါးရပ်နှင့် ပြည့်စုံရမည် ဖြစ်ပေသည်။ ဤအရည်အသွေးများ ရှိပါက ကျား-မ မရွေး၊ အမှန်တရားသို့ ရောက်ရှိနိုင်ပေသည်။ ဗုဒ္ဓ၏ ဟောပြောချက်များကို လေ့လာသိရှိနိုင်ရန်၊ အချိန်ကြာမြင့်စွာ မလိုအပ်ပါ ပေ။ အဘယ်ကြောင့်ဆိုသော် လူသား အားလုံးတို့တွင် အမှန်တရားကို ချစ်မြတ်နိုးသော ပင်ကိုယ် သဘာဝများ ရှိကြလေသည်။

၂. အမှန်တရားလမ်းစဉ်ကို ကျင့်ကြံအားထုတ်ရာတွင် လူသားများသည် ၄င်းတို့၏ ကိုယ်ပိုင် မျက်စိ များဖြင့် ဗုဒ္ဓကို ကြည့်မြင်၍ ၊ ကိုယ်ပိုင်စိတ်များဖြင့် ဗုဒ္ဓကို ယုံကြည်လေသည်။ ဗုဒ္ဓအား ကြည့်မြင်သော မျက်စိများနှင့် ယုံကြည်သော စိတ်များသည် ထိုနေ့မတိုင်မီအထိ၊ မွေးခြင်းနှင့် သေခြင်းကမ္ဘာထဲ၌ တဝဲ လည်လည် ဖြစ်နေခဲ့သော မျက်စိများနှင့် စိတ်များပင် ဖြစ်ပေသည်။

အကယ်၍ ရှင်ဘုရင်တစ်ပါးသည် သူပုန်သောင်းကျန်းသူများ၏ အနှောင့်အယှက်ကို ခံနေရပါက သူပုန်များအား တိုက်ခိုက်နှိမ်နင်းခြင်း မပြုမီ၊ ၄င်းတို့၏ နေရာစခန်းကို ရှာဖွေသိရှိရန် လိုအပ်ပေသည်။ ထို့ကြောင့် လောကီရမက်များ၏ အနှောင့်အယှက်ကို ခံနေရသောသူသည် ရှေးဦးစွာ မူရင်းဇစ်မြစ်များကို သိရှိနိုင်ရန် စူးစမ်းသင့်ပေသည်။

အိမ်ထဲတွင် ရှိနေသူတစ်ဦးသည် ၄င်း၏ မျက်စိများကို ဖွင့်ကြည့်ပါက ရှေးဦးစွာ အခန်းတွင်းရှိ အရာများကို တွေ့မြင်ပြီးနောက်မှသာ ပြတင်းဘောင်ပြင်ပရှိ ရှုခင်းကို တွေ့မြင်ရမည် ဖြစ်ပေသည်။ အလားတူသဘောပင် ကျွန်ုပ်တို့သည် အိမ်တွင်းရှိ အရာဝတ္ထုများကို မတွေ့မြင်ရမီ၊ ပြင်ပရှိ အရာများကို တွေ့မြင်ရမည် မဟုတ်ပါပေ။

ကိုယ်ခန္ဓာထဲ၌ စိတ်ရှိမည် ဆိုပါက ကိုယ်ခန္ဓာအတွင်းရှိ အရာများကို ရှေးဦးစွာ သိရှိသင့်ပေ သည်။ သို့ရာတွင် ယေဘုယျအားဖြင့် လူများသည် ပြင်ပအရာများ၌သာ စိတ်ပါဝင်စားမှု ရှိပြီး၊ ကိုယ်ခန္ဓာ အတွင်းရှိ အရာများကို သိရှိဟန် သို့မဟုတ် သတိပြုဟန် မရှိကြပါပေ။

အကယ်၍ စိတ်သည် ကိုယ်ခန္ဓာ၏ ပြင်ပ၌ တည်ရှိနေမည် ဆိုပါက

အဘယ်သို့လျှင် စိတ်သည် ကိုယ်ခန္ဓာ၏ လိုအပ်ချက်များနှင့် ဆက်သွယ်နိုင်ပါ မည်နည်း။ သို့ရာတွင် အမှန်တကယ်၌ စိတ်က သိရှိ သည်များကို ကိုယ်ခန္ဓာက ခံစားနိုင်၍၊ ကိုယ်ခန္ဓာက ခံစားရသည်များကိုလည်း စိတ်က သိပေသည်။ ထို့ကြောင့် လူ့စိတ်သည် ကိုယ်ခန္ဓာ၏ ပြင်ပ၌ ရှိသည်ဟု မပြောနိုင်ပါပေ။ သို့ဖြစ်လျှင် စိတ်၏ ပင်ကိုယ် ဂုဏ္ဌသည် အဘယ်နေရာ၌ တည်ရှိပါသနည်း။

၃. ရှေးအတိတ်ကာလကပင်လျှင် မိမိတို့၏ ကိုယ်ပိုင်လုပ်ရပ်များနှင့် အခြေခံ ကျသော မှားယွင်း သည့် တွေးခေါ်ယူဆချက် နစ်ရပ်တို့ကြောင့် လူသားများသည် မသိနားမလည်စွာဖြင့် တဂဲလည်လည် ရစ်ဂဲသွားလာနေကြလေသည်။

ရှေးဦးပထမ ၄င်းတို့သည် မွေးဖွားခြင်းနှင့် သေခြင်းဟူသော ဤဘဝ၏ အောက်ခြေ ဇစ်မြစ်၌ တည်ရှိသည့် သံသယစိတ်ကို ၄င်းတို့၏ စစ်မှန်သော သဘာဝဟု ယုံကြည်ကြလေသည်။ ဒုတိယမှာ သံသယစိတ်၏ နောက်ကွယ်၌ ဖုံးကွယ်နေသော အမှန်တရားကို သိရှိသည့် သန့်စင်သောစိတ်သည် ၄င်းတို့၏ စစ်မှန်သော သဘာဝ ဖြစ်ကြောင်း ၄င်းတို့ မသိကြပါပေ။

လူတစ်ဦးတစ်ယောက်က ၄င်း၏လက်သီးကို ဆုပ်၍ လက်မောင်းကို မြှောက်လိုက်သောအခါ၊ မျက်စိက ကြည့်မြင်၍ စိတ်က ခွဲခြားလိုက်သော်လည်း ခွဲခြားသိရှိသောစိတ်သည် စစ်မှန်သောစိတ် မဟုတ်ပါပေ။

ခွဲခြားမှုရှိသော စိတ်သည် မိမိကိုယ်နှင့် ဆက်စပ်နေသော လောဘနှင့် အခြားသော စိတ်အခြေ အနေများက ဖန်တီးလိုက်သည့် စိတ်အထင် ခြားနားမှုများကို ခွဲခြားသောစိတ်သာ ဖြစ်လေသည်။ ခွဲခြား မှုရှိသောစိတ်သည် အကြောင်းရင်းနှင့် အခြေအနေများပေါ်တွင် မူတည်၍၊ ပင်ကိုယ်ဂုဏ္ဌဟူ၍ လုံးဝ မရှိ ဘဲ အစဉ်အမြဲ ပြောင်းလဲနေလေသည်။ သို့ရာတွင် ဤစိတ်သည် မိမိတို့၏ စစ်မှန်သောစိတ်ဟု လူများ ထင်မှတ်ယုံကြည်သောကြောင့်၊ ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေသော အကြောင်းရင်းများနှင့် အခြေအနေများ အတွင်းသို့ ထင်ယောင်ထင်မှားဖြစ်မှုများ ဝင်ရောက်လာလေသည်။

လူတစ်ဦးတစ်ယောက်က ၄င်း၏ လက်ဝါးကို ဖြန့်လိုက်သောအခါ စိတ်က

သိလေသည်။ သို့ရာ တွင် ရွှေ့လျားရ်ု သွားသောအရာသည် မည်သည့်အရာနည်း။ စိတ်လော၊ လက်လော။ သို့မဟုတ် မည်သည်မျှ ရွှေ့လျားခြင်း မရှိသလော။ လက်က ရွှေ့လျားလျှင် စိတ်ကလည်း ရွှေ့လျားရ်ု စိတ်က ရွှေ့ လျားလျှင်လည်း လက်က ရွှေ့လျားပေသည်။ သို့ရာတွင် ရွှေ့လျားသောစိတ်သည် စိတ်၏ အပေါ်ယံ ရုပ်သွင်သာ ဖြစ်လေသည်။ ၄င်းသည် စစ်မှန်ရ်ု အခြေခံကျသောစိတ် မဟုတ်ပါပေ။

၄. မူလအခြေခံအားဖြင့် လူတိုင်းတွင် သန့်စင်သည့်စိတ် ရှိပေသည်။ သို့ရာတွင် သာမန်အားဖြင့် ၄င်းစိတ်သည် အခြေအနေအရပ်ရပ်ကြောင့် ပေါ်ပေါက်လာသော သံသယအညစ်အကြေး ဖုန်များဖြင့် ဖုံးလွှမ်းနေလေသည်။ ဤညစ်ညမ်းနေသော သံသယစိတ်သည် မူလသဘာဝ အစစ်အမှန် မဟုတ်ပါပေ။ အသစ်ဝင်ရောက်လာသူ၊ သို့မဟုတ် ဇည့်သည်တစ်ဦးကဲ့သို့ ဖြစ်ရ်ု အိမ်ရှင် မဟုတ်ပါပေ။

လသည် မကြာခဏ၊ တိမ်များ၏ ဖုံးအုပ်ခြင်းကို ခံရသော်လည်း၊ တိမ်များကြောင့် ရွှေ့လျားသွား ခြင်း၊ ညစ်ညမ်းသွားခြင်း မရှိပါပေ။ ထို့ကြောင့် ဤညစ်ညမ်းသော သံသယစိတ်သည်၊ မိမိတို့၏ ကိုယ်ပိုင် စစ်မှန်သောစိတ် ဖြစ်သည်ဟု မှားယွင်းစွာ မထင်မှတ်ကြရပါပေ။

လူများသည် ၄င်းတို့၏ အတွင်း၌ရှိသော၊ သန့်စင်ပြောင်းလဲခြင်း မရှိသော အမှန်တရား အခြေခံ စိတ်ကို နိုးကြားလာစေရန် ကြိုးပမ်းလုပ်ဆောင်ခြင်းဖြင့်၊ မှန်ကန်သောအချက်ကို အမြဲမပြတ် သတိပြုရ မည် ဖြစ်ပေသည်။

အစဉ်အမြဲ ပြောင်းလဲညစ်ညမ်းနေသောစိတ်တွင် ချုပ်မိနေကာ၊ မိမိတို့၏ ကိုယ်ပိုင် ဖောက်ပြန်နေ သော အတွေးအခေါ်ဖြင့် မျက်စိလည်နေသောကြောင့်၊ ၄င်းတို့သည် သံသယကမ္ဘာထဲတွင် တဝဲလည် လည် ဖြစ်နေကြလေသည်။

လူ့စိတ်၏ ဒွိဟဖြစ်မှုများနှင့် ညစ်ညမ်းမှုများသည် လောဘနှင့်တကွ၊ အခြေအနေ ပြောင်းလဲမှု များ အပေါ်စိတ်၏ တုံ့ပြန်မှုများ နှိုးဆွပေးကြလေသည်။

အဖြစ်အပျက်များကြောင့် တုန်လှုပ်ခြင်းမရှိဘဲ မည်သည့်အခြေအနေမျိုးမဆို၊ အစဉ်အမြဲ သန့်စင်ကာ၊ တည်ငြိမ်မှုရှိသော စိတ်သည်၊ စိတ်က ပျောက်ကွယ်သွားသဖြင့်၊ မိမိ၏ စစ်မှန်သော ကိုယ်ပျောက် ကွယ်သွားပြီဟု

မပြောနိုင်ပါပေ။ ပြောင်းလဲနေသော အခြေအနေများနှင့်အညီ၊ ပြောင်းလဲသောအရာသည် စိတ်၏ စစ်မှန်သော ပင်ကိုယ်သဘာဝ မဟုတ်ပါပေ။

၅. နေရောင်တောက်ပနေ လင်းနေသော်လည်း၊ နေဝင်သွားသောအခါ၌ မှောင်မဲသွားသော ဓမ္မာရုံ ကြီးတစ်ခုအကြောင်းကို စဉ်းစားကြည့်ကြပါစို့။

နေနှင့်အတူ အလင်းရောင်ပျောက်ကွယ်သွားပြီး၊ ညနှင့်အတူ အမှောင်ထုရောက်ရှိလာသည်ကို ကျွန်ုပ်တို့ တွေးထင်နိုင်ကြသော်လည်း၊ အလင်းနှင့်အမှောင်ကို သိရှိသောစိတ်ကိုမူ၊ ထိုကဲ့သို့ထင်၍ မရပါ ပေ။ အလင်းနှင့်အမှောင်ကို သိရှိခံစားနိုင်စွမ်းရှိသောစိတ်အား၊ မည်သူ့ထံသို့မှ ပြန်လည်ပေးအပ်နိုင်ခြင်း မရှိဘဲ၊ ပိုမိုစစ်မှန်သော သဘာဝဖြစ်သည့် အခြေခံ သဘာဝသို့သာ၊ ပြောင်းလဲနိုင်ခြင်း ရှိလေသည်။

ဌင်းသည်၊ နေထွက်နှင့်နေဝင်ချိန်နှင့်အတူ၊ ပြောင်းလဲဖြစ်ပေါ်လာသော အလင်းနှင့် အမှောင်တို့ ကို အခိုက်အတန့်အားဖြင့်သာ မှတ်သားသိရှိနိုင်သည့် `ယာယီ´ စိတ်သာ ဖြစ်လေသည်။

ဌင်းသည် ဘဝအခြေအနေ ပြောင်းလဲမှုများနှင့်အတူ၊ တိုတောင်းလှသော အချိန်ပိုင်းတစ်ခုမှ သည်၊ နောက်အချိန်ပိုင်းတစ်ခုသို့၊ ခြားနားသောခံစားချက်များ ရှိနေသည့် `ယာယီ´ စိတ်တစ်ခုသာ ဖြစ် လေသည်။

ပတ်ဝန်းကျင်နှင့် ပြောင်းလဲနေသော ပြင်ပ အခြေအနေများကြောင့် ပေါ်ထွက်လာသည့်၊ အကောင်းနှင့်အဆိုး၊ အချစ်နှင့်အမုန်း၊ အစရှိသော ယာယီခံစားချက်များသည်၊ လူ့စိတ်ထဲ၌၊ စုဆောင်း ကိန်းအောင်းနေခဲ့သော ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည့် ယာယီ တုံ့ပြန်မှုသာ ဖြစ်ပေ သည်။

စိတ်က ခံယူထားသော၊ လိုချင်တပ်မက်မှုများနှင့် လောကီရမ္မက်များများ၏ နောက်ကွယ်တွင်၊ သန့်စင်ကြည်လင်၍၊ အခြေခံကျသော၊ စစ်မှန်သည့်စိတ်၏ ပင်ကိုယ်သဘာဝများ တည်ရှိနေလေသည်။

ရေသည် ခွက်အလုံးထဲတွင် လုံးဝိုင်း၍ လေးထောင့်ခွက်ထဲတွင် လေးထောင့်ပုံသဏ္ဌာန် ရှိသော် လည်း၊ ရေ၌ ပင်ကိုယ်ပုံသဏ္ဌာန်ဟူ၍ မရှိပါပေ။ လူများသည် ဤအချက်ကို နားလည်သဘောပေါက် သည့်တိုင်အောင်၊ မကြာခဏ မေ့လျော့နေတတ်လေသည်။

လူများသည် အကောင်းနှင့်အဆိုးကို ကြည့်မြင်ခြင်း၊ ချစ်ကြိုက်ခြင်းနှင့်မုန်းတီးခြင်း၊ တည်ရှိမှုနှင့် မတည်ရှိမှုတို့ကို ခွဲခြားခြင်း၊ စသည်တို့ကို ပြုလုပ်ကြလေသည်။ ထို့နောက်၊ ဤအနှောင်အဖွဲ့များ၌ ချုပ်နှောင်မိပြီး တွယ်တာမှု ရှိလာသဖြင့်၊ ဆင်းရဲဒုက္ခ ရောက်ကြရလေသည်။

အကယ်၍သာ၊ လူများသည် စိတ်ကူးယဉ်ဖြစ်၍ မှားယွင်းသော ဤခွဲခြားမှုစိတ်အပေါ် တွယ်တာ မှုများကို စွန့်လွှတ်၍၊ မူလစိတ်၏ သန့်စင်မှုကို ပြန်လည်ရရှိနိုင်မည် ဆိုပါက၊ ၎င်းတို့၏ စိတ်နှင့်ကိုယ်ခန္ဓာ နှစ်ရပ်စလုံးသည် ညစ်ညမ်းမှုနှင့် ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်နိုင်မည် ဖြစ်ပေသည်။ ၎င်းတို့သည် ယင်း ကင်းလွတ်မှုနှင့်အတူ၊ ဒုန်တွဲပါလာသော လွတ်လပ်မှုနှင့် အေးချမ်းမှုကိုပါ ခံစားကြတော့မည် ဖြစ် ပေသည်။

II

ဗုဒ္ဓ - သဘာဝ

၁. သန့်စင်၍ စစ်မှန်သောစိတ်သည် အခြေခံပင် ဖြစ်သည်ဟု၊ ကျွန်ုပ်တို့ ပြောကြားခဲ့ပြီး ဖြစ်ပေ သည်။ ၎င်းသည် ဗုဒ္ဓသဘာဝပင် ဖြစ်သည်။ တစ်နည်းဆိုသော်၊ ဗုဒ္ဓဖြစ်စဉ်၏ မျိုးစေ့ပင် ဖြစ်ပေသည်။

နေနှင့်ရွက်ခြောက်တို့အကြား၌ မှန်ဘီလူးကို ခံထားပါက၊ မီးလောင်ပေမည်။ သို့ရာတွင်၊ ၎င်းမီး သည် ဘယ်မှ လာသနည်း။ မှန်ဘီလူးသည် နေနှင့် အလှမ်းဝေးလှပေသည်။ သို့သော်လည်း၊ မှန်ဘီလူး ကြောင့် ရွက်ခြောက်ပေါ်တွင် မီးစွဲလာလေသည်။ သို့ရာတွင်၊ ရွက်ခြောက်သည် မီးတောက်လောင်နိုင် သည့် သဘာဝမျိုး မရှိပါက၊ မီးစွဲလာမည် မဟုတ်ပါပေ။

အလားတူပင်၊ အကယ်၍ ဗုဒ္ဓဘာဂ်တော်၏ အလင်းရောင်ကို၊ လူစိတ်ပေါ်သို့ စုဆုံ ကျရောက် စေမည် ဆိုပါက ဗုဒ္ဓဖြစ်စဉ် ဖြစ်သော စိတ်၏စစ်မှန်သည့် သဘာဝသည် ထွန်းတောက်လာမည် ဖြစ်ပြီး၊ ယင်းအလင်းရောင်၏ တောက်ပမှုဖြင့်၊ လူသားတို့၏စိတ်ကို ထွန်းလင်းစေကာ၊ ဗုဒ္ဓအား ယုံကြည်စိတ်များ နိုးကြားလာပေမည်။ လူသားအားလုံးတို့၏ စိတ်များရှေ့တွင်၊ ဗုဒ္ဓသည် အသိဉာဏ် မှန်ဘီလူးကို ခံပေးထားသဖြင့် ယုံကြည်စိတ်များ စောလျင်စွာ ဖြစ်ထွန်းလာလေသည်။

၂. မိမိတို့၏ စစ်မှန်သောစိတ်သည်၊ အမှန်တရားကို သိမြင်သော ဗုဒ္ဓ၏ဉာဏ်တော်နှင့် နီးစပ်ကြောင်းကို လူများက မကြာခဏ လျစ်လျူရှု ထားကြသဖြင့်၊ လောကီရမက်များတွင် စွဲညှိကာ၊ အကောင်းနှင့်အဆိုး ခွဲခြားမှုများ၌ တွယ်ကပ်နေပြီးနောက်၊ မိမိတို့၏ အနှောင်အဖွဲ့များနှင့် ဆင်းရဲဒုက္ခ များတွင် ရှုန်းကန်လူးလွန့်နေကြလေသည်။

ဤအခြေခံကျ၍ သန့်စင်သောစိတ်ကို ပိုင်ဆိုင်လျက်နှင့်ပင်၊ လူများသည် အဘယ်ကြောင့် လှည့် ဖျားမှုနှင့် ဆင်းရဲဒုက္ခ သံသရာထဲ၌ တဝဲလည်လည် ဖြစ်စေမည့်၊ မသေချာဘဲ သံသယရှိသော ဘဝကို ဆက်လက်တွယ်ဖက်ထားကာ၊ မိမိတို့၏ ပတ်ဝန်းကျင်နေရာအားလုံး၌ ဗုဒ္ဓ၏ ဉာဏ်တော်အလင်းရောင် များ ပြည့်နှက်နေသော်လည်း၊ မိမိတို့၏ ကိုယ်ပိုင်ဗုဒ္ဓသဘာဝကို အဘယ်ကြောင့် ဖုံးကွယ်ထားပါသနည်း။

တရံရောအခါက၊ လူတစ်ဦးသည် ကြည့်မှန်တချပ်၏ နောက်ဖက်သို့ ကြည့်သောအခါ၊ မိမိ၏ မျက်နှာနှင့်ခေါင်းတို့ကို မတွေ့မြင်ရသဖြင့် အံ့ဩသြထိတ်လန့်သွားလေသည်။ သတိမေ့လျော့ကာ၊ မှန်၏ အခြားတစ်ဖက်သို့ ကြည့်မိရုံမျှဖြင့် ရူးသွားရန် မလိုအပ်ပါပေ။

အလားတူပင်၊ တွေ့ရှိရလိမ့်မည်ဟု ထင်မှတ်ထားသောနေရာ၌၊ အမှန်တရားကို မတွေ့ရှိရသဖြင့်၊ ဆက်လက်၍ ဆင်းရဲဒုက္ခ ရောက်နေခြင်းသည်လည်း၊ မလိုအပ်သော ပိုက်မမှုပင် ဖြစ်ပေသည်။ အမှန် တရား၌ ဒွိဟာဖြစ်မှု မရှိပါပေ။ မိမိတို့၏ စစ်မှန်သောစိတ်ကို ဖုံးလွှမ်းကွယ်ပျက်ထားသော၊ လောဘနှင့် အထင်မှားမှုတို့၏

ပေါင်းစုမှုကြောင့် ဖြစ်ပေါ်လာသည့် စိတ်အတုအယောင်များ၊ တစ်နည်းအားဖြင့် ခွဲခြား စိတ်များသာ ဖြစ်ကြောင်း မသိရှိဘဲ အမှန်တရားကို နှစ်ပေါင်းများစွာ ရှာကြံခဲ့သူများသာ ကျရှုံးမှု ရှိပေ သည်။

အကယ်၍ မှားယွင်းသော ယုံကြည်မှုများ စုပုံလာခြင်းကို ဖယ်ရှားပစ်မည် ဆိုပါက၊ အမှန်တရား ပေါ်ထွက်လာပေမည်။ သို့ရာတွင်၊ အံ့သြဘွယ်ရာ ကောင်းလောက်အောင်ပင်၊ မှားယွင်းသော ယုံကြည် ချက်များ မရှိဘဲနှင့်၊ အမှန်တရားများ မရှိနိုင်ကြောင်းကို၊ အမှန်တရား ရရှိပြီး သူများက နားလည်လာကြ မည် ဖြစ်ပေသည်။

၃. ဗုဒ္ဓသဘာဝသည် အဆုံးတိုင် မရောက်နိုင်ပေ။ စဉ်းလဲကောက်ကျစ်သူများသည် တောရိုင်း တိရိစ္ဆာန်များ သို့မဟုတ် ဆာလောင်မွတ်သိပ်နေသော ပြိတ္တာများအဖြစ် ပြန်လည်မွေးဖွားလာသည် ဖြစ်စေ၊ သို့မဟုတ် ငရဲပြည်သို့ ကျရောက်သွားသည်ဖြစ်စေ၊ ၄င်းတို့၏ ဗုဒ္ဓသဘာဝများသည် မည်သည့် အခါမျှ ပျောက်ပျက်ဆုံးရှုံးသွားခြင်း မရှိပါပေ။

အသားဏ်၏ ညစ်ညမ်းမှုတွင် မည်ကဲ့သို့နစ်မြုပ်နေသည်ဖြစ်စေ၊ သို့မဟုတ် လောဂီရမက်များ၏ အမြစ်တွင် ဖုံးကွယ်နေ၍ မေ့ပျောက်နေသည်ဖြစ်စေ၊ လူသားတို့၏ ဗုဒ္ဓဖြစ်စဉ် ပင်ကိုယ်သဘောသည်၊ မည်သည့်အခါမျှ လုံးဝချုပ်ငြိမ်းသွားခြင်း မရှိပါပေ။

၄. အရက်ကြောင့် မူးယစ်အိပ်ပျော်သွားသော လူတစ်ယောက်အကြောင်း၊ ရှေးဟောင်းပုံပြင် တစ်ခု ရှိလေသည်။ ၄င်း၏သူငယ်ချင်းသည် ၄င်း၏ဘေးနား၌ တတ်နိုင်သ၍ စောင့်ကြည့်နေခဲ့သော်လည်း၊ မလွှဲမရှောင်သာဘဲ ထွက်ခွာသွားရမည့် အချိန်၌၊ သူငယ်ချင်း၌ ငွေကြေး လိုအပ်လိမ့်မည်ကို စိုးရိမ်သဖြင့်၊ အရက်မူးနေသူ၏ အဝတ်အစားထဲတွင်၊ ကျောက်သံပတ္တမြားတစ်ခုကို ထည့်ထားပေးခဲ့လေသည်။ အရက်မူးသူသည် အမူးပြေသွားသောအခါ၌၊ သူငယ်ချင်းက အဝတ်အစားထဲတွင် ကျောက်သံပတ္တမြား တခုကို ထည့်ထားပေးခဲ့သည်ကို မသိရှိသဖြင့်၊

ဆင်းရဲနွမ်းပါးစွာနှင့် ဆာလောင်မွတ်သိပ်စွာဖြင့် ခြေဦး တည့်ရာ ခရီးလှည့်ခဲ့လေသည်။ အချိန်များစွာ ကြာမြင့်လာပြီးနောက် သူငယ်ချင်းက ဆင်းရဲသူအား၊ ကျောက်သံပတ္တမြားအကြောင်း ပြောပြကာ၊ ရှာကြည့်ရန် အကြံပေးလေသည်။

ဤပုံပြင်ထဲ၌ ပါရှိသောအရက်မူးသူကဲ့သို့ပင်၊ လူများသည် ၄င်းတို့၏ အတွင်းသဘာဝ၌ သန့်စင် ကြည်လင်စွာဖြင့် ဖုံးကွယ်နေသော၊ တန်ဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓသဘာဝရတနာရှိနေကြောင်းကို သတိမမူ မိကြဘဲ၊ မွေးဖွားခြင်းနှင့်သေခြင်းဖြစ်သော ဤဘဝထဲတွင်၊ ဆင်းရဲဒုက္ခကြီးစွာဖြင့် တဝဲလည်လည် ဖြစ်နေကြလေသည်။

ဤအထွတ်အထိပ်ဖြစ်သော သဘာဝကို လူတိုင်းက ပိုင်ဆိုင်နေကြောင်း၊ မည်ကဲ့သို့ပင် သတိ မမူမိစေကာမူ၊ မည်မျှပင် အသိဉာဏ်ကင်းမဲ့၍ နိမ့်ကျနေစေကာမူ၊ အနိမ့်ကျဆုံးသော သူ၌ပင်၊ ဗုဒ္ဓဖြစ် စဉ်သို့ ရောက်ရှိနိုင်သော ပါရမီ အလားအလာများ ရှိနေကြောင်းကို ဗုဒ္ဓ သိရှိထားသဖြင့်။ လူသားများ အပေါ် မည်သည့်အခါမျှ အယုံအကြည် မပျက်ပါပေ။

ထို့ကြောင့်၊ အသိဉာဏ်ကင်းမဲ့မှုကြောင့် လှည့်စားခြင်း ခံရကာ၊ မိမိတို့၏ ကိုယ်ပိုင်ဗုဒ္ဓ သဘာဝကို မတွေ့မြင်နိုင်သူများအား၊ ဗုဒ္ဓက ယုံကြည်စိတ်ကို နှိုးဆွပေးပြီး၊ ၄င်းတို့၏ ထင်ယောင်ထင်မှားမှုမှ ဝေးရာ သို့ ဆောင်ကြဉ်းကာ၊ ၄င်းတို့ကိုယ်တိုင်နှင့် ဗုဒ္ဓဖြစ်စဉ်၏အကြားဌ၊ မူရင်းအခြေခံအားဖြင့် ကွာခြားမှု မရှိ ကြောင်းကို သွန်သင်ဟောပြောလေသည်။

၅. ဗုဒ္ဓသည်၊ ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိခဲ့သူဖြစ်၍၊ လူများမှာမူ၊ ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိနိုင်စွမ်းရှိသူများ ဖြစ်လေသည်။ ဤသည်မှာ၊ ဗုဒ္ဓနှင့်လူသားတို့၏ ခြားနားချက် အလုံးစုံပင် ဖြစ်လေသည်။

အကယ်၍၊ လူတစ်ဦးတယောက်က၊ ၄င်းသည် အမှန်တရားကိုရရှိခဲ့ပြီဟု ထင်မှတ်ပါက၊ မိမိ ကိုယ်ကို လှည့်စားခြင်းပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်၊ ၄င်းသည် အကျွတ်တရားဖက်သို့ ဦးတည်ရွှေ့လျား နေစေကာမူ၊ ဗုဒ္ဓဖြစ်စဉ်သို့ မရောက်ရှိသေးသည့်အတွက်ကြောင့် ဖြစ်ပေသည်။

ဇွဲဂိရိယရှိရှိ၊ သစ္စာရှိရှိဖြင့် ကြိုးပမ်းခြင်း မရှိပါက၊ ဗုဒ္ဓသဘာဝသည် ပေါ်ထွက်လာခြင်း ရှိသကဲ့သို့၊ ကြိုးပမ်းဆောင်ရွက်ချက်များသည်လည်း ဗုဒ္ဓသဘာဝ ပေါ်ထွက်လာခြင်း မတိုင်မီ ပြီးဆုံးခြင်း မရှိပါပေ။

၆. တရံရောအခါက၊ ရှင်ဘုရင်တစ်ပါးသည် မျက်မမြင်အချို့တို့အား၊ ဆင်တစ်ကောင်အနီးဌ် စုရုံးစေ ပြီး၊ ဆင်၏ပုံသဏ္ဌာန်ကို ပြောပြပါရန် မေးမြန်းလေသည်။ ပထမလူသည် ဆင်စွယ်ကို စမ်းသပ်ကိုင်တွယ် ကာ၊ ဆင်သည် အကြီးစား မုန်လာဥနီနှင့် တူပါသည်ဟု ပြောလေသည်။ အခြားသော မျက်မမြင်တစ်ဦး ကမူ၊ ဆင်၏ နားရွက်ကိုစမ်းမိသဖြင့်၊ ယပ်တောင်အကြီးစားနှင့် တူကြောင်း ပြောလေသည်။ အခြား တစ်ဦးကလည်း နှာမောင်းကိုစမ်းမိကာ၊ ကျည်ပွေနှင့် တူကြောင်း ပြောလေသည်။ နောက်တစ်ဦးကမူ၊ ခြေကိုစမ်းမိပြီး၊ ထောင်းဆုံနှင့် တူကြောင်း ပြောလေသည်။ ဆင်၏အမြီးကို ကိုင်တွယ်မိသူက၊ ကြိုးနှင့် တူကြောင်း ပြောလေသည်။ ဆင်၏ ပုံသဏ္ဌာန်အစစ်အမှန် မျက်မမြင်တစ်ဦးတစ်ယောက်ကမျှ ရှင်ဘုရင် အား ပြောပြနိုင်ခြင်း မရှိပါပေ။

အလားတူပင်လျှင်၊ လူသဘာဝကို တစ်စိတ်တစ်ပိုင်း ရှင်းလင်း ပြောပြနိုင်စေကာမူ၊ ဗုဒ္ဓ သဘာဝ တည်းဟူသော လူသားတဦး၏ သဘာဝအစစ်အမှန်ကို ရှင်းလင်းပြောပြနိုင်ခြင်း ရှိမည် မဟုတ်ပါပေ။

လောကီရမက်များဖြင့် တုန်လှုပ်ခြင်းမရှိဘဲ သေခြင်းဖြင့်လည်း ပျက်ပြား သွားခြင်း မရှိသော၊ ထာဝရတည်မြဲသည့် ဗုဒ္ဓသဘာဝခေါ်၊ လူသဘာဝကို ရှာဖွေတွေ့ရှိနိုင်ရန်၊ တစ်ခုတည်းသော နည်းလမ်းမှာ၊ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ မွန်မြတ်လှသော အဆုံးအမများမှတစ်ဆင့်သာ ဖြစ်လေသည်။

III
ဗုဒ္ဓ သဘာဝနှင့် ငါမဟုတ်မှု

၁. ဗုဒ္ဓသဘာဝသည် ရှင်းလင်းဖော်ပြနိုင်သည့် အရာတစ်ခုခုကဲ့သို့ဌင်း၊ အခြားသော သွန်သင်မှု များ၏ `ဂိညာဉ်´နှင့် ဆင်တူသကဲ့သို့ဌင်း၊ ကျွန်ုပ်တို့ ပြောဆိုနေခဲ့ကြသော်လည်း၊ အမှန်မှာ မဟုတ်ပါ ပေ။

အတ္တ (ဂါ) `ငါ´ ဟူသော အတွေးအခေါ်သည်၊ ခွဲခြားသော စိတ်ကရှေးဦးစွာ ဖမ်းယူဆုပ်ကိုင် ထားပြီးနောက်၊ စွဲငြိနေကာ၊ စွန့်လွှတ်ရမည့် စိတ်ကူးယဉ် အရာဝတ္ထုတစ်ခုခုသာ ဖြစ်ချေသည်။ ဗုဒ္ဓ သဘာဝမှာမူ၊ ရှင်းလင်းဖေါ်ပြနိုင်သော အရာမဟုတ်ဘဲ၊ ရှေးဦးစွာ ရှာဖွေတွေ့ရှိရမည့်အရာ ဖြစ်ပေသည်။ တစ်နည်းအားဖြင့်၊ ဗုဒ္ဓသဘာဝသည် `ငါ´ နှင့် ဆင်တူရိုးမှားဖြစ်သော်လည်း `အတ္တ´ သို့မဟုတ် `အတ္တဟိတ´ ဟူသော `အတ္တ´ မဟုတ်ပါပေ။ အတ္တ (ဂါ) `ငါ´ ရှိသည်ဟု ယုံကြည်ခြင်းသည် မတည်ရှိ မှုကို ယူဆထားသော မှားယွင်းသည့် ယုံကြည်မှုဖြစ်သည်။ ဗုဒ္ဓသဘာဝကို ငြင်းပယ်ခြင်းသည်လည်း မှားယွင်းပေသည်။ အဘယ်ကြောင့်ဆိုသော်၊ တည်ရှိမှုသည် မတည်ရှိမှု ဖြစ်သည်ဟု ယူဆထားသော ကြောင့် ဖြစ်သည်။

ဤသဘောတရားကို ပုံပြင်တခုဖြင့် ရှင်းပြနိုင်ပေသည်။ မိခင်တစ်ဦးသည် ဖျားနာနေသော သူမ၏ နို့စို့ကလေးအား ဆရာဝန်တစ်ဦးထံသို့ ခေါ်ဆောင် ပြသလေသည်။ ဆရာဝန်သည် ကလေးသောက်ရန် ဆေးပေးပြီးနောက်၊ ဆေးသောက်သုံးပြီး၊ ကောင်းစွာ ကြေညက်သွားချိန် အထိ၊ နို့မတိုက်ရန် ညွှန် ကြားလိုက်လေသည်။

ကလေးက နို့စို့လိုစိတ် မရှိစေရန်အတွက်၊ မိခင်သည် သူမ၏ နို့အုံကို ခါးသောအရာဖြင့် သုတ် လိမ်းထားလေသည်။ ဆေးကို သောက်သုံးပြီး၍ ကောင်းစွာ ကြေညက်လောက်ပြီးသော အချိန်သို့ ရောက်လာမှ၊ မိခင်သည် သူမ၏ နို့အုံကို ဆေးကြောသန့်စင်ကာ၊ ကလေးအား နို့တိုက်လေသည်။ ကလေးကို ချစ်သောကြောင့်၊ မိခင်သည် ကြင်နာသနားစိတ်ဖြင့်၊ ဤနည်းကို အသုံးပြုကာ၊ ကလေးကို ကယ်တင်လေသည်။

ပုံပြင်ထဲ၌ ပါရှိသော မိခင်ကဲ့သို့ပင်၊ ထင်မှားမှုများကို ဖယ်ရှားပစ်ရန်နှင့် `ငါ´

၌ ဖက်တွယ် စွဲလမ်းနေမှုများကို ဖြတ်တောက်ပစ်ရန်အတွက် ဗုဒ္ဓသည် `ငါ´မရှိကြောင်း မြွက်ကြားခြင်း ဖြစ်လေသည်။ အထင်မှားမှုနှင့် စွဲလမ်းမှုများကို ရှင်းလင်းပြီးသည့်နောက်တွင် ဗုဒ္ဓသည် ဗုဒ္ဓသဘာဝဖြစ်သော စစ်မှန် သည့် စိတ်၏ ဖြစ်ရပ်အမှန်များကို ရှင်းလင်းမြွက်ကြားလေသည်။

`ငါ´ဟူသော အဂ်ါရုပ်၌ စွဲမက်နေမှုသည်၊ မရေရာသောဘဝသို့ ခေါ်ဆောင်သွား၍၊ ဗုဒ္ဓ သဘာဝကို ယုံကြည်မှုသည် အမှန်တရားသို့ ရောက်စေနိုင်လေသည်။

ဤသည်မှာ သေတ္တာတစ်လုံး အမွေရလိုက်သော ပုံပြင်ထဲမှ အမျိုးသမီးနှင့် တူလေသည်။ သေတ္တာထဲ၌ ရွှေရှိကြောင်းကို မသိရှိသော အမျိုးသမီးသည်၊ ဆင်းရဲကျပ်တည်းစွာ၊ ဆက်လက် နေထိုင် လာခဲ့ရာ၊ နောက်ဆုံး၌ အခြားသူတစ်ဦးက ရွှေရှိနေကြောင်း၊ သေတ္တာကို ဖွင့်ပြခဲ့ရလေသည်။ ဗုဒ္ဓသည် လူသားများ၏ စိတ်ကိုဖွင့်၍၊ သန့်စင်လှသော ၄င်းတို့၏ ဗုဒ္ဓသဘာဝကို ပြသလေသည်။

၂. အကယ်၍၊ လူတိုင်းတွင် ဤဗုဒ္ဓသဘာဝ ရှိနေပါက အဘယ်ကြောင့်၊ အချင်းချင်း လိမ်လည်နေ သော၊ သို့မဟုတ် သတ်ဖြတ်နေကြသော လူများ၌ ဆင်းရဲဒုက္ခများလှပါသနည်း။ အဘယ်ကြောင့် ရာထူး ကြီးငယ်၊ ကြွယ်ဝမှုနှင့် ဆင်းရဲမှု ဟူသော များပြားလှသည့် ကွဲပြားခြားနားမှုများ ရှိနေပါသနည်း။

တန်ဆာဆင်သည့်အနေဖြင့်၊ အဖိုးတန်ကျောက်မျက်ရတနာတစ်ခုကို နဖူးတွင် ဆင်ယင်ထား လေ့ရှိသော နဘမ်းသမားတယောက်အကြောင်း၊ ပုံပြင်တခုရှိလေသည်။ တစ်ချိန်တွင်၊ နဘမ်း သတ်နေစဉ် ယင်းကျောက်မျက်ရတနာသည်၊ ၄င်း၏ နဖူးအတွင်းသို့ နစ်ဝင်သွားလေသည်။ အဖိုးတန် ကျောက်မျက်ရတနာ ပျောက်ဆုံးသွားပြီဟု ထင်မှတ်ကာ၊ ၄င်းသည် အနာကို ဆေးထည့်ရန် အတွက် ခွဲစိတ်ဆရာဝန်တစ်ဦးထံသို့ သွားလေသည်။ ဆရာဝန်သည် ဆေးထည့် ပေးရန်အတွက် ကြည့်လိုက် သောအခါ၊ နဖူးတွင်းသို့နစ်ဝင်ပြီး၊ သွေးနှင့်ချွေးတို့ဖြင့် ဖုံးကွယ်ပေရေနေသော ကျောက်ကို တွေ့မြင်ရ လေသည်။ ၄င်းသည် ကြည့်မှန်တချပ်ကို ထောင်ပြကာ၊ ယင်း ကျောက်မျက်ရတနာကို နဘမ်းသမားအား ပြသလေသည်။

ဗုဒ္ဓသဘာဝသည်၊ ဤပုံပြင်ထဲရှိ အဖိုးတန်ကျောက်မျက်ရတနာနှင့် တူလေသည်။ အခြားသော လိုအင်ဆန္ဒရမက်များမှ အညစ်အကြေးဖုန်များဖြင့် ဖုံးကွယ်နေ၍ ပျောက်ဆုံးသွားပြီဟု လူများက ထင်မှတ်နေကြသော်လည်း ဆရာကောင်းတစ်ဦးက၊ ယင်းဗုဒ္ဓသဘာဝကို ၎င်းတို့အား ပြန်လည် ထုတ်ဖော်ပေးလေသည်။

မည်မျှပင်၊ လောဘ၊ ဒေါသနှင့် မောဟတို့ဖြင့် ဖုံးလွှမ်းနေစေကာမူ၊ သို့မဟုတ် ကံအကျိုး အကြောင်းကြောင့် ဝင့်လည်နေစေကာမူ၊ လူတိုင်းတွင် ဗုဒ္ဓသဘာဝ ရှိလေသည်။

ဗုဒ္ဓသဘာဝသည် ပျောက်ဆုံးသွားခြင်း၊ သို့မဟုတ် ပျက်ဆီးသွားခြင်း မရှိနိုင်ပေ။ ညစ်ညမ်းမှု အားလုံးကို ဖယ်ရှားလိုက်သောအခါ၊ အနှေးနှင့်အမြန်ဆိုသလို ဗုဒ္ဓသဘာဝ ထွက်ပေါ်လာမည် ဖြစ်ပေ သည်။

ကြေးမုံတစ်ချပ်ဖြင့်၊ အသွေးနှင့်အသားထဲ၌ နစ်ဝင်နေသော ကျောက်မျက်ရတနာကို၊ နဘမ်း သမားအား ပြသခဲ့သကဲ့သို့၊ လောကီရမက်အောက်တွင် နစ်မြုပ်နေသော ဗုဒ္ဓသဘာဝကို ဗုဒ္ဓ၏ အလင်း ရောင်ဖြင့် ပြသနိုင်လေသည်။

၃. နေထိုင်မှု ဘဝအခြေအနေများနှင့် ပတ်ဝန်းကျင်များ မည်ကဲ့သို့ပင် ပြောင်းလဲနေစေကာမူ၊ ဗုဒ္ဓ သဘာဝသည် အစဉ်အမြဲပင် သန့်စင်၍ တည်ငြိမ်နေလေသည်။ နွားဏ်အရောင်သည် အနီ၊ အဖြူ၊ သို့မဟုတ် အနက်ဖြစ်စေကာမူ၊ နွားနို့၏အရောင်သည် အမြဲတမ်း ဖြူနေသကဲ့သို့ပင်လျှင်။ လုပ်ရပ် အမျိုးမျိုးတို့ကြောင့်၊ ဘဝအခြေအနေများ ပြောင်းလဲသွားရာ သို့မဟုတ် လုပ်ရပ်များနှင့် အတွေးအခေါ် များကြောင့် ဖြစ်ပေါ်လာသော၊ အမျိုးမျိုးသော အကျိုးသက်ရောက်မှုများသည် အကြောင်း မဟုတ်ပါပေ။

ဟိမဝန္တာတောင်ပေါ်ရှိ၊ ရှည်လျားလှသော မြက်ပင်များအောက်တွင် ကွယ်နေသော လျှို့ဝှက် ဆန်းကြယ်သည့် ဆေးဖက်ဝင်သော အပင်အကြောင်း၊ အိန္ဒိယပုံပြင်တစ်ခု ရှိလေသည်။ ယင်းဆေးပင်ကို လူများက နှစ်ပေါင်းများစွာ ရှာဖွေခဲ့ကြသော်လည်း၊ အချည်းနှီးဖြစ်ခဲ့ပေသည်။ သို့ရာတွင်၊ နောက်ဆုံး၌

ပညာရှိတစ်ဦးက၊ ဆေးပင်၏ ချိုမြသော အမွှေးအကြိုင်အရ၊ ရှာဖွေတွေ့ရှိခဲ့လေသည်။ ၄င်းပညာရှိသည် အသက်ရှင်နေစဉ်ကာလအတွင်း၊ ဆေးပင်များကို ကောက်ယူစုဆောင်းကာ၊ အိုးတစ်လုံးတွင် ထည့်ထား လေသည်။ သို့ရာတွင်၊ ပညာရှိ ကွယ်လွန်သွားပြီး သည့်နောက်၌ ချိုမြသော ဆေးထည့်ထားသည့် အိုးသည် တောင်တန်းထဲရှိ ဝေးလံလှသော ချောင်းငယ် တခု၌၊ မည်သူမျှ ရှာမတွေ့သဖြင့်၊ ဆေးရည်များ သည်လည်း အချဉ်ပေါက်ကာ၊ ဥပါဒ် ဖြစ်စေနိုင်သည့်၊ အရသာပျက်သွားသော အရည်မျိုး ဖြစ်သွားလေ သည်။

အလားတူပင်၊ ဗုဒ္ဓသဘာဝသည် လောကီရမက်တည်းဟူသော၊ တောမြက်ရိုင်းများအောက်တွင် ကွယ်နေပြီး၊ ရှာဖွေတွေ့ရှိနိုင်ရန် လွန်စွာ ခက်ခဲလေသည်။ သို့ရာတွင်၊ ဗုဒ္ဓက ရှာဖွေတွေ့ရှိခဲ့ပြီး၊ လူသား များအား ဖေါ်ပြခဲ့ရာ၊ အာရုံအမျိုးမျိုးကိုဖြင့် ခံစားကြရာ၌၊ လူတစ်ယောက်နှင့်တစ်ယောက် ခံစားရသော အရသာချင်း မတူညီကြပါပေ။

၄. အမာဆုံးဝတ္ထုဖြစ်သည့် စိန်ကို ကြေမွသွားစေရန် ချေဖျက်၍ မရပါပေ။ သဲနှင့်ကျောက်ခဲများကို အမှုန့်ဖြစ်သွားအောင် ချေဖျက်၍ ရသော်လည်း၊ စိန်များကိုမူ၊ အစင်းထင်သွားစေရန် ခြစ်၍ မရနိုင်ပါပေ။ ဗုဒ္ဓသဘာဝသည် စိန်ကဲ့သို့ပင် ဖြစ်သောကြောင့်၊ ချိုးဖျက်၍ မရနိုင်ပါပေ။

ဗုဒ္ဓသဘာဝသည် အမှန်တကယ်ပင်၊ လူ့သဘာဝ၏ ကောင်းမွန်ဆုံးသော သွင်ပြင် လက္ခဏာ တစ်ခုပင် ဖြစ်လေ၏။ လူ့သဘာဝတွင်၊ ယောဂျားနှင့်မိန်းမကဲ့သို့သော အဆုံးမရှိသည့် အမျိုးအစားမျိုးစုံ ရှိသော်လည်း ဗုဒ္ဓသဘာဝနှင့် ပတ်သက်၍မူ၊ ကွဲပြားခြားနားမှု မရှိပါပေ။

ရွှေသတ္တုရိုင်းကို အရည်ကျိုး၍ မသန့်စင်သော ဝတ္ထုပစ္စည်းအားလုံးကို ဖယ်ရှားလိုက်ခြင်းဖြင့်၊ ရွှေ အစစ်ကို ရယူနိုင်လေသည်။ အကယ်၍ လူများသည် ၄င်းတို့စိတ်ရိုင်းကို အရည်ကျိုး၍၊ လောကီရမက် များနှင့် ငါဟူသော အတ္တအညစ်အကြေးအားလုံးကို ဖယ်ရှားလိုက်မည် ဆိုပါက အတူတူပင်ဖြစ်သော၊ သန့်စင်သည့် ဗုဒ္ဓသဘာဝကို ဖော်ထုတ်ရယူနိုင်လေသည်။

အခန်း ၎း

လူ့စိတ်၏အညစ်အကြေး (ကိလေသာ) များ

I

လူ့သဘာဝ

၁. ဗုဒ္ဓက (လူ) သဘာဝ၏ သန့်စင်မှုကို ဖုံးလွှမ်းညစ်ညမ်းစေသော၊ လောဘီရမက်များ နှစ်မျိုးနှစ်စား ရှိသည်ဟု ဟောကြားလေသည်။ ပထမတစ်မျိုးမှာ၊ ဆုံးဖြတ်ချက်ကို အရောရော အနှောနှော ရှုပ်ထွေး သွားစေသော တွေးခေါ်ဆင်ခြင်မှုရမက် ဖြစ်လေသည်။ ဒုတိယတစ်မျိုးမှာမူ၊ လူ့တန်ဖိုးများ ရောနှော ရှုပ်ထွေးသွားစေသည့်၊ စိတ်လှုပ်ရှားမှု အတွေ့အကြုံရမက် ဖြစ်လေသည်။

တွေးခေါ်ဆင်ခြင်မှုနှင့် လက်တွေ့လုပ်ဆောင်မှု နှစ်မျိုးစလုံးတို့တွင်၊ ထင်ယောင်ထင်မှား ဖြစ်ရ ခြင်းကို လူသားများ၏ ညစ်ညမ်းမှုအလုံးစုံဟု ခွဲခြားသတ်မှတ်နိုင်ကြောင်း၊ မှတ်ယူနိုင်သော်လည်း၊ အမှန် စင်စစ်မှာမူ အခြေခံအားဖြင့်၊ မူရင်း လောဘီအခြေအနေ နှစ်ရပ် ရှိပေသည်။ ပထမမှာ အဝိဇ္ဇာ (၇၂) မသိ နားမလည်မှု ဖြစ်၍ ဒုတိယမှာမူ၊ တဏှာရမက်ပင် ဖြစ်လေသည်။

တွေးခေါ်ဆင်ခြင်မှု၏ ထင်ယောင်ထင်မှားဖြစ်မှုများသည်၊ မသိနားမလည်မှု ပေါ်တွင် အခြေခံ၍ လက်တွေ့လုပ်ဆောင်မှု၏ ထင်ယောင်ထင်မှားဖြစ်မှုများသည် တဏှာရမက်ပေါ်တွင် အခြေခံသဖြင့်၊ ဤ နှစ်ရပ်သော ထင်ယောင်ထင်မှား ဖြစ်မှုများသည်၊ စိတ်ဆင်းရဲမှုအပေါင်း၏ ပင်ရင်းဖစ်မြစ် ဖြစ်လေ သည်။

အကယ်၍ လူများသည် မသိနားမလည်ပါက၊ တိကျမှန်ကန်စွာနှင့် လုံခြုံစိတ်ချစွာ၊ ချင့်ချိန် စဉ်းစားနိုင်မည် မဟုတ်ပါ။ ရပ်တည်နေလိုသည့်ရမက်ကြောင့်၊ အရာဝတ္ထုခပ်သိမ်းကို ဆုပ်ကိုင်ဖက် တွယ်မှုများနှင့် တွယ်တာမှုများ၊ မလွဲမသွေ ဖြစ်ပေါ်လာလေသည်။ ဤကဲ့သို့သော၊ တွေ့မြင်ကြားသိ ရသည့် သာယာနာ ပျော်ဖွယ် အရာခပ်သိမ်းကို၊ အစဉ်အမြဲ လိုလားတပ်မက်မှု မှတဆင့်၊ အလေ့အထ၏ ထင်ယောင်ထင်မှားဖြစ်မှုများ ဖြစ်ပေါ်လာလေသည်။ အချို့သော လူများသည်၊

ကိုယ်ခန္ဓာ၏ သေဆုံးမှု အတွက်၊ ဆန္ဒရမက်မျိုးပင် ရှိကြလေသည်။

ဤ မူလဖစ်မြစ်များမှ၊ အလုံးစုံသော လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌ (အထင်မှားမှု)၊ ဒေါသ (မကျေနပ်မှု)၊ မနာလိုမှု၊ မြောက်ပင့်မှု၊ လိမ်လည်မှု၊ မာန (ဘဝင်မြင့်မှု)၊ အထင်သေးမှု၊ မူးယစ်မှု၊ တစ်ကိုယ်ကောင်းဆန်မှုများ ထွက်ပေါ်လာလေသည်။

၂. မှားယွင်းသည့် ကျေနပ်မှု အတွေးအခေါ်များမှ လောဘ ထွက်ပေါ်လာလေသည်။ မိမိ၏ အကြောင်းကိစ္စနှင့် ပတ်ဝန်းကျင် အခြေအနေများအပေါ်၊ မှားယွင်းသော ထင်မြင်ယူဆချက်များ မှ ဒေါသ ထွက်ပေါ်လာလေသည်။ မှန်ကန်သော အကျင့်စရိုက်ကို ခွဲခြားဆုံးဖြတ်နိုင်စွမ်းမရှိမှုမှ၊ မိုက်မဲမှု ထွက်ပေါ်လာလေသည်။

လောဘ၊ ဒေါသနှင့် မောဟဟူသော၊ ဤအရာသုံးခုကို၊ ကမ္ဘာအရာသုံးခုကို၊ ကမ္ဘာကြီး၏ မီး သုံးပါးဟု ခေါ်လေသည်။ လောဘကြောင့် မိမိတို့၏ စိတ်ရင်းအမှန် ပျောက်ဆုံးသွားသူများသည် လောဘမီး တောက်လောင်ခြင်း ခံရလေသည်။ ဒေါသကြောင့် စိတ်ရင်းအမှန် ပျောက်ဆုံးသွားသူများ အား၊ ဒေါသမီး စွဲလောင်လေသည်။ ဗုဒ္ဓအဆုံးအမများကို ကြားနာသတိမူခြင်းမရှိမှုကြောင့်၊ စိတ်ရင်း အမှန် ပျောက်ဆုံးနေသူများအား၊ မောဟမီး စွဲလောင်လေသည်။

အမှန်မှာ၊ ဤကမ္ဘာကြီးတွင်၊ မီးမျိုးစုံ အမြောက်အများ တောက်လောင်နေလေသည်။ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ပဋ္ဌိသန္ဓေမီး၊ အိုမင်းရင့်ရော်မီး၊ ဖျားနာမှုမီးနှင့် သေဆုံးမှုမီး၊ ဝမ်းနည်းကြေကွဲမှုနှင့် ဆင်းရဲဒုက္ခရောက်မှုမီး၊ နာကျင်မှုမီး စသည်ဖြင့် မီးမျိုးစုံရှိလေသည်။ နေရာတိုင်းတွင်၊ ဤမီးများ တောက်လောင်နေလေသည်။ ဤမီးများသည်၊ မိမိကိုယ်ကို တောက်လောင်ရသာမကပဲ၊ အခြားသူများ အားလည်း ဆင်းရဲဒုက္ခရောက်စေကာ၊ ကိုယ်ကာယ၊ နှုတ်ဝစီနှင့် စိတ်မနောတို့၏ မှားယွင်းမှုများကို ကျူးလွန်စေလေသည်။ ဤမီးများကြောင့် ရရှိလာသော ဒဏ်ရာများမှ ထွက်ပေါ်လာသော ပြည်သည်၊ ချဉ်းကပ်လာသူများအား ကူးစက်အဆိပ်သင့်စေကာ၊ မကောင်းသည့် လမ်းသို့ ပို့ဆောင်ပေးလေသည်။

၃. ကျေနပ်မှုမှ လောဘ၊ မကျေနပ်မှုမှ ဒေါသနှင့် မသန့်စင်သော အတွေးအခေါ်များမှ မောဟတို့ ထွက်ပေါ်လာလေသည်။ လောဘတွင်ရှိသော အည်စ်အကြေးအနည်းငယ်ကို ဖယ်ရှားရန် လွန်စွာ ခဲယဉ်းလေသည်။ ဒေါသတွင် အည်စ်အကြေး ပိုများသော်လည်း၊ ဖယ်ရှားပစ်ရန် လွယ်ကူလေသည်။ မောဟတွင်မူ၊ အည်စ်အကြေးမြောက်များစွာရှိ၍၊ ဖယ်ရှားရန်လည်း လွန်စွာ ခက်ခဲလေသည်။

ထို့ကြောင့်၊ လူသားများသည် စစ်မှန်သည့်ကျေနပ်မှု ပိုပေးစွမ်းနိုင်သောအရာကို၊ မှန်ကန်စွာ ဆုံးဖြတ်ခြင်း၊ ဘဝ၏ မကျေနပ်ချက်များနှင့် ကြုံတွေ့ရာ၌၊ စိတ်ကို ကျပ်တည်းစွာ ချုပ်ထိန်းခြင်းနှင့်၊ စိတ်ကောင်းထားရှိခြင်းနှင့် ကြင်နာသနားခြင်း ဟူသော ဗုဒ္ဓ၏ ဟောပြောချက်များကို ပြန်ပြောင်း အမှတ်ရခြင်း တို့ဖြင့်၊ မည်သည့်နေရာ၊ မည်သည့်အချိန်၌မဆို၊ ထွက်ပေါ်လာသော ဤမီးများကို ငြိမ်းသတ်သင့်ပေသည်။ စိတ်ထဲ၌ ပညာရှိ၍၊ သန့်စင်ပြီး တစ်ကိုယ်ကောင်း မဆန်သော အတွေးအခေါ်များဖြင့် ပြည့်နှက် နေပါက လောကီရမက်တဏှာများ ဖြစ်ပေါ်လာရန် နေရာရှိမည် မဟုတ်ပါပေ။

၄. လောဘ၊ ဒေါသနှင့် မောဟများသည်၊ အဖျားရောဂါနှင့် တူလေသည်။ ဤကဲ့သို့သော အဖျား ရောဂါမရှိသောသူသည် ချမ်းအေးသော ဆောင်းတွင်းညဉ့် လဲလျောင်းနေစေကာမူ၊ အပူဝေဒနာ ခံစား ရပြီး၊ အိပ်ပျော်နိုင်မည် မဟုတ်ပါပေ။

ဤကဲ့သို့သော အဖျားရောဂါမရှိသောသူသည် ချမ်းအေးသော ဆောင်းတွင်းညဉ့်၄င်း၊ မြေပေါ်တွင် သစ်ရွက်အနည်းငယ်ဖြင့်သာ ဖုံးအုပ်ထားသည့် နေရာတွင်သော်၄င်း၊ သို့မဟုတ် ပူအိုက်သော နွေရာသီ ညဉ့် ပိတ်လျှောင်နေသည့် အခန်းကျဉ်းထဲတွင်၄င်း၊ အေးချမ်းစွာ အိပ်ပျော်နိုင်ရန် အခက်အခဲ ရှိမည် မဟုတ်ပါပေ။

ထို့ကြောင့်၊ လောဘ၊ ဒေါသနှင့် မောဟဆိုသော ဤသုံးခုတို့သည် လူ့ဆင်းရဲဒုက္ခအပေါင်း၏ ပင်ရင်းဇစ်မြစ်များ ဖြစ်လေသည်။ ဤဒုက္ခဇစ်မြစ်များကို စွန့်ပစ်နိုင်ရန်အတွက်၊ သီလတရားတော်ကို လိုက်နာကျင့်သုံးခြင်း၊ သမာဓိ စိတ်အာရုံစူးစိုက်မှုကို လေ့ကျင့်ခြင်းများ ပြုလုပ်ရမည့်အပြင်၊ ဉာဏ်ပညာ ရှိရမည်

ဖြစ်ပေသည်။ တရားတော်ကို လိုက်နာကျင့်သုံးခြင်းဖြင့်၊ လောဘကို ဖယ်ရှားနိုင်မည် ဖြစ်ပြီး၊ မှန်ကန်သောစိတ်၏ အာရုံရူးစိုက်မှုက ဒေါသ အညစ်အကြေးကို ဖယ်ရှား၍၊ ဉာဏ်ပညာက မိုက်မဲမှု အညစ်အကြေးကို ဖယ်ရှားမည် ဖြစ်လေသည်။

၅. လူသားတို့၏ ရမက်များသည် အဆုံး မရှိပါပေ။ ဆားငန်ရေကို သောက်သော လူတစ်ယောက်၏ ရေတပ်မှုကဲ့သို့ပင် ရေတပ်ပြေခြင်းမရှိဘဲ၊ ပို၍သာ ရေတပ်လာလေသည်။

မိမိ၏ ဆန္ဒရမက်များကို ဖြည့်စွမ်းလိုသော လူသည်လည်း၊ ထိုအတိုင်းပင် ဖြစ်ချေသည်။ မကျေနပ် မှုများသာ တိုးပွားလာ၍ ဒုက္ခများသည်လည်း အဆပေါင်းများစွာ တိုးပွားလာလေသည်။

ဆန္ဒရမက်များကို ဖြည့်စွမ်းပေးခြင်းအားဖြင့်၊ မည်သည့်အခါမျှ ရောင့်ရဲ တင်းတိမ်နိုင်မည် မဟုတ်ပါပေ။ မည်သည့်အခါမျှ လျှော့၍ မရနိုင်သော၊ မတည်ငြိမ်မှုများနှင့် စိတ်စနောင့်စနင်းဖြစ်မှုများသာ ဖြစ်ပေါ်လာပြီး လိုအင်ရမက်ကို ဖြည့်စွမ်းပေးနိုင်ခြင်းမရှိသောအခါ၊ မကြာခဏပင်၊ ရူးသွပ်သွားတတ် လေသည်။

မိမိတို့၏ ရမက်ကို ဖြည့်စွမ်းကြရန်အတွက်၊ လူသားများသည် ရုန်းကန်ကြိုးပမ်းကြ၍၊ အချင်းချင်း တိုက်ခိုက်ကြလေသည်။ ရှင်ဘုရင်နှင့်ရှင်ဘုရင်၊ အမတ်နှင့်အမတ်၊ မိဘနှင့်ကလေး၊ ညီနှင့်အစ်ကို၊ ညီမနှင့်အမ၊ သူငယ်ချင်းနှင့်သူငယ်ချင်း၊ အချင်းချင်း တိုက်ခိုက်ကြလေသည်။ ၄င်းတို့သည် မိမိတို့၏ ရမက်ကို ဖြည့်စွမ်းကြရန်အတွက်၊ အချင်းချင်း တိုက်ခိုက်ကြကာ၊ အချင်းချင်း သတ်ဖြတ်ကြသည့်အထိ ပြုလုပ်ကြရလေသည်။

လူများသည်၊ ဆန္ဒရမက်ကို ဖြည့်စွမ်းရန်၊ ကြိုးပမ်းရာ၌၊ မကြာခဏပင်၊ ဘဝပျက်စီးမှုများ ဖြစ်တတ် ကြလေသည်။ ၄င်းတို့သည် ခိုးဝှက်ခြင်း၊ လိမ်လည်ခြင်းနှင့်၊ သူတပါးသားမယားကို ကျူးလွန်ခြင်းများ ပြုလုပ်ကြ၍ လက်တွေ့အဖမ်းခံရသောအခါတွင် အရှက်ကွဲခြင်းနှင့် အပြစ်ဒဏ်များကို ခံကြရလေသည်။

လူစိတ်၏အညစ်အကြေး (ကိလေသာ)များ

ရမက်အလိုလိုက်မှုကြောင့် နောက်ဆုံးတွင်၊ စိတ်မချမ်းသာမှုနှင့် ဆင်းရဲဒုက္ခ ရောက်ကြရမည်ကို ကောင်းစွာ သိရှိလျက်နှင့်ပင်၊ မိမိတို့၏ ခန္ဓာနှင့်နှတ်တို့ဖြင့်ဌင်း၊ ကိုယ်ပိုင်စိတ်ဖြင့်ဌင်း၊ မကောင်းမှုများကို ကျူးလွန်တတ်ကြသဖြင့်၊ ဆန္ဒရမက်သည် ကြောက်ရွံ့ဖွယ်ရာ ကောင်းလှပေသည်။ ဌင်းနောက် နောင် ဘဝများ၌ ခံစားကြရမည့် ဆင်းရဲဒုက္ခမျိုးစုံများ၊ ထိုကဲ့သို့သော ဘဝမျိုးသို့ ကျရောက်ရမည့် ဆင်းရဲဒုက္ခ များ ဆက်တိုက်ဖြစ်ပေါ်လာလေသည်။

၆. လောကီရမက်အပေါင်းတို့တွင် ကာမရာဂသည် အပြင်းထန်ဆုံးပင် ဖြစ်လေသည်။ ကာမရာဂ နောက်တွင် အခြားသော လောကီရမက်အလုံးစုံ ရှိနေလေသည်။

အခြားသောရမက်များ ရှင်သန်ကြီးထွားစေရန်အတွက်၊ ကာမရာဂသည် ပြုစုပျိုးထောင်ပေးရာ၊ မြေသြဇာကောင်းမွန်သည့် မြေနေရာဖြစ်ဟန် ရှိလေသည်။ ကာမရာဂသည်၊ ကမ္ဘာပေါ်ရှိ ကောင်းမှု အလုံးစုံကို စားသုံးဖျက်ဆီးပစ်သော ဘီလူးမနှင့် တူလေသည်။ ကာမရာဂသည် ပန်းခြံထဲ၌ ပုန်းအောင်း နေသော အဆိပ်ပြင်းထန်သည့် မြွေဆိုးပင် ဖြစ်လေသည်။ အလှကို ရှာဖွေရန် ရောက်ရှိလာသူများအား အဆိပ်သင့်စေလေသည်။ ကာမရာဂသည် အကိုင်းအခက်အားလုံးသို့ ရစ်ခြိုတွယ်တက်၍၊ အပင်ကို သေစေသော နွယ်ပင်နှင့် တူလေသည်။ ကာမရာဂလက်များသည် လူစိတ်အတွင်းရှိ၊ စိတ်ကောင်းစိတ် မြတ်များသို့ ပြန့်နှံ့ရစ်နောင်ကာ စိတ်ညှိုးကျ ပျက်စီးသွားသည်အထိ၊ စုပ်ယူဖျက်ဆီး ပစ်လေသည်။ ကာမ ရာဂသည် မာရ်နတ်သားက မြှုဆွယ်ရန် ပစ်ထားသည့် အစာ ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော်၊ လူသားများသည် ဌင်းအစာကို ဟပ်စားကြခြင်းဖြင့်၊ မကောင်းသောကမ္ဘာ၏ နက်ရှိုင်းလှသော နေရာများ အထိ ဆွဲချသွားခြင်း ခံကြရသောကြောင့် ဖြစ်ပေသည်။

ခြောက်သွေ့နေသော အရိုးကို သွေးဖြင့် လူး၍ ခွေးတစ်ကောင်အား ပေးပါက ခွေးသည် မောပန်း၍ စိတ်ဓာတ်ကျဆင်းသွားသည့်အထိ၊ ဌင်းအရိုးကို ကိုက်ပေမည်။ လူသားတစ်ယောက်အတွက် ကာမရာဂသည် ဤအရိုးအတိုင်းပင် ဖြစ်လေသည်။ ကိုယ်ပမ်းစိတ်ပမ်း ကျသည့်အထိ၊ တွယ်တာ မြတ်နိုးနေမည်သာ

ဖြစ်ပေသည်။

တောရိုင်းတိရိစ္ဆာန်နှစ်ကောင်အား အစာတစ်ခု ပစ်ပေးမည်ဆိုပါက၊ ၄င်းတို့သည် အစာရရန် အတွက်၊ အချင်းချင်း ခြစ်ကုတ်၊ တိုက်ခိုက်ကြမည် ဖြစ်ပေသည်။ လေစုန်ကို ဆန့်ကျင်၍၊ မီးရှူးတိုင်ကို သယ်ဆောင်သွားလောက်အောင် မိုက်မဲသောသူသည် မီးသင့်ခြင်း ခံရနိုင်ပေသည်။ ဤတောရိုင်း တိရိစ္ဆာန်နှစ်ကောင်နှင့် လူမိုက်ကဲ့သို့ပင်လျှင်၊ လူသားများသည် လောဘီရမက် စိတ်များကြောင့်၊ မိမိတို့ ကိုယ်ကို နာကျင်စေခြင်းနှင့် မီးသင့်စေခြင်းများကို ဖြစ်ပွားစေလေသည်။

၇. ပြင်ပကိုယ်ခန္ဓာကို အဆိပ်မြှား မထိမှန်စေရန်၊ အလွယ်တကူ ကာကွယ်နိုင်သော်လည်း၊ စိတ် တွင်းမှ ဖြစ်ပေါ်လာသော၊ အဆိပ်မြှားငယ်လေးများ မထိမှန်စေရန်အတွက်၊ စိတ်ကို ကာကွယ်ရန် မဖြစ် နိုင်ပါပေ။ လောဘ၊ ဒေါသ၊ မောဟနှင့် အတ္တ (ငါမှငါ) ဟူသော၊ အဆိပ်မြှားငယ် လေးစင်းတို့သည်၊ စိတ်အတွင်းမှ ထွက်ပေါ်လာကြ၍၊ စိတ်ကိုပြင်းထန်စွာ အဆိပ်သင့်စေလေသည်။

အကယ်၍ လူများသည် လောဘ၊ ဒေါသနှင့် မောဟအဆိပ်ဒဏ်များ သင့်နေပါက၊ ၄င်းတို့သည် လိမ်လည်ခြင်းနှင့် ကြမ်းတမ်းစွာ ဆဲဆိုခြင်းများကို ပြုလုပ်၍၊ ထို့နောက်၌ ၄င်းပြောစကားများအတိုင်း အကောင်အထည်ဖော်ကာ၊ သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်းနှင့် သူတပါးသားမယားကို ကျူးလွန်ခြင်းများ ပြုလုပ်လာလေသည်။

ဤ မနောကံ (၃) ပါး၊ ဝစီကံ (၄) ပါးနှင့် ကာယကံ (၃) ပါးတို့ကို ပေါင်းစပ်လိုက်ပါက၊ ဒုစရိုက် တရား (၁၀) ပါး ဖြစ်လာလေသည်။

လိမ်လည်ပြောဆိုမှုတွင် အကျင့်ဖြစ်နေသူသည်၊ မှားယွင်းသောလုပ်ရပ်များကို သတိမမူမိဘဲ ကျူးလွန်တတ်လေသည်။ ကောက်ကျစ်စဉ်းလဲစွာ မပြုလုပ်မီ၊ လိမ်လည်ပြောဆိုရမည်ဖြစ်၍၊ စတင် လိမ်လည်ပြောဆိုသည်နှင့်၊ အစိုးရိမ်ကင်းမဲ့စွာဖြင့်၊ ကောက်ကျစ်စဉ်းလဲစွာ ပြုကျင့်တတ်လေသည်။

လောဘ၊ တဏှာ၊ ကြောက်ရွံ့ခြင်း၊ ဒေါသ၊ ကံဆိုးခြင်း၊ စိတ်မချမ်းသာခြင်း၊

စသည်တို့သည် မောဟမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့်၊ မောဟသည် အပြင်းထန်ဆုံးသော အဆိပ်အ တောက်ပင် ဖြစ်ပေသည်။

၈. လိုအင်ရမက်မှ ကံပါလာသည်။ ကံမှဆင်းရဲဒုက္ခလိုက်ပါလာသည်။ လိုအင်ရမက်၊ ကံနှင့် ဆင်းရဲ ဒုက္ခတို့သည် ထာဝရလည်ပတ်နေသော ချားရဟတ်နှင့် တူလေသည်။

ဤရဟတ်၏ လည်ပတ်မှုသည် အဆုံးအစ မရှိပါပေ။ လူများသည်၊ ဤကဲ့သို့သော သံသရာလည်မှု မှ မည်ကဲ့သို့၊ လွတ်မြောက်နိုင်အုံ့နည်း။ အဆုံးအစမရှိသော သံသရာထဲတွင် တစ်ဘဝပြီး တစ်ဘဝ ဆက်လက် ဖြစ်ပေါ်နေလေသည်။

ဘဝသံသရာ တစ်လျှောက်လုံးရှိ၊ မိမိ၏ အရိုးနှင့်ပြာများကို စုပုံလိုက်မည်ဆိုပါက၊ ယင်းအပုံကြီး သည် တောင်ကြီးတစ်ခုစာမျှ မြင့်ပေမည်။ ဘဝသံသရာတစ်လျှောက်လုံး၌ စို့ခဲ့သော မိခင်များ၏ နို့ရည် များကို စုဆောင်းခံယူထားမည် ဆိုပါက၊ ပင်လယ်ရေထက်ပင် နက်ပေမည်။

လူအားလုံးတို့တွင် ဗုဒ္ဓဖြစ်စဉ်၏ သဘာဝမျိုးရှိကြသော်လည်း၊ လောကီရမက် အညစ်အကြေးထဲ၌၊ အထူးနက်ရှိုင်းစွာ နစ်မြုပ်နေသဖြင့်၊ ကာလကြာရှည်စွာပင် မသိဘဲ ရှိနေခဲ့လေသည်။ ထို့ကြောင့် ၊ လူ တိုင်းတွင် ဆင်းရဲဒုက္ခရောက်မှုနှင့် ဆင်းရဲနုံ့ချာလှသော ဘဝများ အဆုံးအစမရှိ အဖန်တလဲလဲ ဖြစ်ပေါ် နေခြင်း ဖြစ်လေသည်။

II
လူစရိုက်

၁. လူသဘာဝသည်၊ အဝင်ဝ မရှိ၍ ဖောက်ထွင်းဝင်ရောက်ရန် ခက်ခဲသော ထူပြစ်လှသည့် ချဲဖုတ်နှင့် တူလေသည်။ ယှဉ်ကြည့်ပါက၊ တိရိစ္ဆာန်တစ်ကောင်၏ သဘာဝကို နားလည်နိုင်ရန် ပိုမို လွယ်ကူလေသည်။ သို့တိုင်အောင်ပင်၊ ကျွန်ုပ်တို့သည် ယေဘုယျအားဖြင့်၊ သိသာထင်ရှားသည့် ခြားနား ချက်လေးရပ်အရ၊ လူသဘာဝကို ခွဲခြားသတ်မှတ်နိုင်လေသည်။

ပထမအချက်မှာ၊ မှားယွင်းသော သွန်သင်ဆုံးမမှုများကြောင့်၊ ပြင်းထန်စွာ ကြီးပမ်း လေ့ကျင့် ကာ၊ ဆင်းရဲဒုက္ခရောက်ကြရသူများ ဖြစ်လေသည်။ ဒုတိယမှာ ရက်စက်ကြမ်းကြုတ်မှု၊ ခိုးဝှက်မှု၊ သတ်ဖြတ်မှု၊ သို့မဟုတ် အခြားသောသူများအား ဆင်းရဲဒုက္ခရောက်စေသူများ ဖြစ်လေသည်။ တတိယမှာ မိမိနှင့်အတူ အခြားသောသူများကိုပါ၊ ဆင်းရဲဒုက္ခရောက်စေသူများ ဖြစ်သည်။ စတုတ္ထမှာ မိမိ ကိုယ်တိုင် ဆင်းရဲဒုက္ခမဖြစ်ဘဲ၊ အခြားသောသူများအား ဆင်းရဲဒုက္ခမှ ကူညီကယ်တင်သူများ ဖြစ်လေ သည်။ နောက်ဆုံးအမျိုးအစားလူများသည်၊ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို လိုက်နာကျင့်သုံးခြင်းဖြင့်၊ လောဘ၊ ဒေါသ၊ သို့မဟုတ် မောဟအလိုသို့ မလိုက်ကြဘဲ၊ သတ်ဖြတ် ခြင်းနှင့် ခိုးဝှက်ခြင်း ကင်းမဲ့သော အေးချမ်းသော ဘဝမျိုးတွင် နေထိုင်ကြလေသည်။

၂. ကမ္ဘာပေါ်တွင် လူသုံးမျိုး ရှိလေသည်။ ပထမအမျိုးမှာ ကျောက်ဆောင်ပေါ်တွင် ထွင်းထားသော စာလုံးများနှင့် တူသည့် လူများ ဖြစ်လေသည်။ ၄င်းတို့သည် အလွယ်တကူ အမျက်ထွက်ကြ၍၊ ဒေါသ ထွက်သော အတွေးအခေါ်များကို အချိန်ကြာရှည်စွာ ထိန်းသိမ်းကြသူများ ဖြစ်လေသည်။ ဒုတိယအမျိုး မှာ သဲထဲတွင် ရေးသားထားသော စာလုံးများနှင့် တူသော လူများ ဖြစ်လေသည်။ ၄င်းတို့သည် ဒေါသ ထွက်ကြသော်လည်း၊ အမျက်ထွက်သော အတွေးအခေါ်များ အလွယ်တကူ ပျောက်ကွယ်သွားသူများ ဖြစ်လေသည်။ တတိယအမျိုးမှာ စီးဆင်းနေသော ရေထဲတွင် ရေးထားသည့်စာလုံးများနှင့်

တူလေသည်။ ခေါင်းထဲ ဝင်လာသော အတွေးအခေါ်များကို ထိန်းထားနိုင်ခြင်း မရှိကြပါပေ။ ဆဲဆိုစော်ကားခြင်းနှင့် မကောင်းသော ကောလာဟာလ စကားများကိုလည်း သတိမမူကြပါပေ။ ၄င်းတို့၏ စိတ်သည် အစဉ်အမြဲပင် သန့်စင်၍ တုန်လှုပ်ခြင်း မရှိကြပါပေ။

နောက်ထပ် လူမျိုးသုံးမျိုး ရှိကြပေသေးသည်။ ပထမအမျိုးမှာ ဘဝင်မြင့်၍ အဆင်ခြင် ကင်းမဲ့စွာ ပြုမူကြပြီး၊ မည်သည့်အခါမျှ ကျေနပ်မှုမရှိသူများ ဖြစ်လေသည်။ ၄င်းတို့၏ သဘာဝကို သိရှိနားလည် နိုင်ရန် လွယ်ကူပေသည်။ ၄င်းနောက်၊ ယဉ်ကျေးသိမ်မွေ့၍ အမြဲပင် ဆင်ခြင်တုံတရားဖြင့် ပြုမူတတ်သူ များ ရှိလေသည်။ ၄င်းတို့၏ သဘာဝကို သိရှိနားလည်နိုင်ရန် ခက်ခဲပေသည်။ တတိယအမျိုးမှာ၊ မိမိတို့၏ ဆန္ဒရမက်ကို လုံးဝအောင်နိုင်သူများ ဖြစ်ကြလေသည်။

III

လူဘဝ

၁. လူဘဝအကြောင်း သရုပ်ဖော်ထားသည့် ပုံပြင်တခု ရှိလေသည်။ တရံရောအခါက၊ မြစ်တခုထဲ တွင် ရေစုန်အတိုင်း လော်ခတ်စီးဆင်းနေသူ လူတစ်ယောက် ရှိလေသည်။ ကမ်းပေါ်တွင် ရှိနေသူ တစ်ဦး က၊ ၄င်းအား အော်ဟစ်သတိပေးလေသည်။ လျင်မြန်လှသော ရေစီးအလိုက် ပျော်ရွှင်စွာ လော်ခတ် နေခြင်းကို ရပ်ဆိုင်းပါလော့၊ အကွေ့တွင် လှိုင်းတံပိုးနှင့် အွန္တာရာယ်ကြီးများလှသော ရေဝဲသြဃသည် ၄င်း၊ ကျောက်ဂူများထဲတွင် အဆင်သင့် စောင့်မျှော်နေကြသော မိကျောင်းများနှင့် ဘီလူးသူရဲများသည် ၄င်း ရှိနေကြပေသည်။ အသင်သည် ဆက်လက် လော်ခတ်သွားမည် ဆိုပါက၊ သေဆုံးသွားပေလိမ့်မည်။

ဤပုံပြင်ထဲရှိ `လျင်မြန်လှသော ရေစီးကြောင်း´ သည် ကာမရာဂဖြင့် အပြည့်ဖြစ်သော ဘဝပင် ဖြစ်သည်။ `ပျော်ရွှင်စွာလော်ခတ်ခြင်း´ သည် လောကီရမက်များကို ချုပ်ထိန်းခြင်း ဖြစ်သည်။ `အကွေ့ တွင်ရှိသော

လိုင်းတံပိုးများ´ ဟူသည်မှာ နောင်တွင် ဖြစ်ပေါ်ခံစားရမည့် ဆင်းရဲဒုက္ခများနှင့် နာကျင်မှု ဝေဒနာများ ဖြစ်သည်။ `ရေဝဲသြဃ´ မှာ ပျော်ရွှင်မှု ဖြစ်၍၊ `မိကျောင်းများနှင့် ဘီလူးသူရဲများ´ မှာ တဏှာ နှင့်အပျော်လိုက်မှု ဘဝ၏ နောက်ခ္ခံလိုက်ပါလာသော ပျက်စီးခြင်းနှင့် သေဆုံးခြင်း ဖြစ်လေသည်။ သတိပေးပြောဆိုသော `ကမ်းပေါ်မှလူတစ်ဦး´ မှာ ဗုဒ္ဓပင် ဖြစ်သည်။

အခြားသော ပုံပြင်တစ်ခုလည်း ရှိလေသည်။ ပြစ်မှုတစ်ခုကို ကျူးလွန်မိသော လူတစ်ယောက် သည် ထွက်ပြေးတိမ်းရှောင်နေ၏။ အစောင့်များ လိုက်လာသဖြင့်၊ ၄င်းသည် ပုန်းအောင်းနေရန်၊ ကြိမ်ပင် အချို့ကို တွယ်၍၊ ရေတွင်းတစ်ခုထဲသို့ ဆင်းသွားလေသည်။ ထိုကဲ့သို့ ဆင်းသွားစဉ်၊ ရေတွင်းအောက်ခ္ခံ မြွေဆိုးများကို တွေ့မြင်ရသဖြင့်၊ ၄င်းသည် ကြိမ်ပင်များကို တွဲလောင်း ဖက်တွယ်နေရန် ဆုံးဖြတ်လိုက် လေသည်။ အချိန်အတန် ကြာလာ၍ လက်ပမ်းကျလာသောအခါ၌၊ ၄င်းသည် ကြိမ်ပင်ကို ကိုက်နေသော ကြွက်နှစ်ကောင်၊ အဖြူနှင့်အနက်တို့ကို သတိပြုမိလေသည်။

ကြိမ်ပင် ပြတ်သွားမည်ဆိုပါက၊ ၄င်းသည် မြွေဆိုးများရှိရာသို့ ကျဆင်းသွားကာ၊ သေဆုံးသွားပေ လိမ့်မည်။ ရုတ်တရက် အပေါ်သို့ မော့ကြည့်လိုက်သောအခါ၌၊ ၄င်း၏ မျက်နှာအနီး၌၊ မကြာမကြာ ပျားရည်စက်များ ကျလာသော ပျားအုံတစ်ခုကို တွေ့မြင်ရလေသည်။ ၄င်းလူသည် ဘေးအွန္တရာယ် အပေါင်းကို မေ့လျော့ကာ၊ ပျားရည်ကို ဝမ်းမြောက်ဝမ်းသာ သောက်သုံးလေသည်။

`လူတစ်ယောက်´ ဆိုသည်မှာ၊ မွေးဖွားလာပြီးနောက် ဆင်းရဲဒုက္ခရောက်ကာ၊ တစ်ယောက်တည်း သေဆုံးရမည့်လူကို ဆိုလိုပေသည်။ `အစောင့်များ´ နှင့် `မြွေဆိုး´ များမှာ၊ လောဘရမက် အပြည့် ဖြစ်နေ သော ကိုယ်ခန္ဓာကို ရည်ညွှန်းလေသည်။ `ကြိမ်ပင်´ များမှာ၊ လူဘဝများ ဆက်မပြတ် တည်ရှိမှုကို ဆိုလို သည်။ `အဖြူနှင့်အနက် ကြွက်၂ကောင်´ မှာ နေ့နှင့်ည အချိန်ကို ဆိုလို၍၊ အချိန်ကာလပင် ဖြစ်သည်။ `ပျားရည်´ မှာ နှစ်ကာလကြာရှည်စွာ ဆင်းရဲဒုက္ခ `ရောက်နေမှုများကို မေ့ပျောက်သွားစေရန် လှည့်စား တတ်သော ကိုယ်ခန္ဓာရုပ်၏ ပျော်ပါးမှုများ ဖြစ်လေသည်။

၂. နောက်ထပ်ပုံပြင်တစ်ခု ရှိသေးဏ။ ရှင်ဘုရင်တစ်ပါးသည် မြွေဆိုးလေးကောင်ကို သေတ္တာတစ်ခုထဲတွင် ထည့်ကာ၊ ကောင်းမွန်စွာ ထိန်းသိမ်းကြည့်ရှုထားပါရန်၊ အစေခံတစ်ယောက်ထံ ပေးအပ်ထား လေသည်။ မြွေဆိုးများကို ကောင်းမွန်စွာ စောင့်ရှောက်ကြည့်ရှုထားရန်နှင့် အကယ်၍ မြွေဆိုးတစ်ကောင်ကောင်အား စိတ်ဆိုးအောင် ပြုမူမည် ဆိုပါက၊ သေဒဏ်ပေးမည်ဟု ရှင်ဘုရင်က မိန့်တော်မူ လေသည်။ အစေခံသည် ကြောက်ရွံ့လှသဖြင့်၊ သေတ္တာကိုပစ်ပြီး ထွက်ပြေးတိမ်းရှောင်နေရန် ဆုံးဖြတ် လိုက်လေသည်။

ဘုရင်သည် အစေခံအား ဖမ်းဆီးလာစေရန် အစောင့်ငါးယောက်ကို စေလွှတ်လိုက်လေသည်။ ၄င်းတို့သည် အစပထမ၌၊ လုံခြုံစွာ ဖမ်းဆီးခေါ်ဆောင်သွားရန် ရည်ရွယ်ချက်ဖြင့် အစေခံထံသို့၊ ချစ်ကြည်ရင်းနှီးဟန်ဖြင့် ချဉ်းကပ်လာကြလေသည်။ သို့ရာတွင် အစေခံက မယုံသဖြင့်၊ အခြားသော ကျေးရွာတစ်ခုသို့ ထွက်ပြေးသွားလေသည်။

ဤရွာထဲတွင် အသံတစ်ခုက လုံခြုံစိတ်ချရသည့် နေရာမရှိကြောင်းနှင့် လူဆိုးများပြ ခြောက် ယောက်တို့က ၄င်းအား တိုက်ခိုက်လိမ့်မည်ဟု ပြောသဖြင့်၊ အစေခံသည် အထူး ကြောက်လန့်တုန်လှုပ် စွာ ထွက်ပြေးသွားပြန်ရာ၊ ရေစီးကြမ်းတမ်းလှသော မြစ်တစ်ခုနားသို့ ရောက်ရှိသွားလေသည်။ နောက်၌ လိုက်ပါလာမည့် အန္တရာယ်များအကြောင်းကို တွေးတောကာ၊ ၄င်းသည် ဖောင်ငယ်တစ်ခု ဖွဲ့၍၊ ရေစီးကြမ်းတမ်းလှသောမြစ်ကို အောင်မြင်စွာ ဖြတ်ကူးနိုင်သဖြင့်၊ နောက်ဆုံးတွင် လုံခြုံမှုနှင့်ငြိမ်းချမ်းမှုတို့ကို ရနိုင်ခဲ့လေသည်။

`သေတ္တာထဲရှိ မြွေဆိုးလေးကောင်´ ဟူသည်မှာ၊ ကိုယ်ခန္ဓာကို ဖွဲ့စည်းထားသော ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး ဖြစ်လေသည်။ ကိုယ်ခန္ဓာကို တဏှာရာဂ အုပ်စိုးသဖြင့်၊ စိတ်၏ ရန်သူ ဖြစ်လေသည်။ ထို့ကြောင့် ၄င်းသည် ကိုယ်ခန္ဓာနှင့် ဝေးကွာရာသို့ ထွက်ပြေးခြင်း ဖြစ်လေသည်။

`ချစ်ခင်ရင်းနှီးဟန်ဖြင့် ချဉ်းကပ်လာသော အစောင့်ငါးယောက်´ မှာ၊ ကိုယ်ခန္ဓာနှင့် စိတ် တို့ကို ပေါင်းစပ်ထားသော ပုံစံ၊ ခံစားချက်၊ သိရှိမှု၊ စိတ်ကြိုက်ပြုခြင်းနှင့် သတိရှိမှုများ ဖြစ်လေသည်။

`လုံခြုံသောနေရာ´ မှာ အာရုံခြောက်ပါး ဖြစ်ပုံ၊ အမှန်မှာ လုံခြုံမှု မရှိပါပေ။ `လူဆိုးဓါးပြ ခြောက် ယောက်´ မှာ အာရုံခြောက်ပါးဖြင့် ခံစားနိုင်သော၊ အရာဝတ္ထု ခြောက်ခု ဖြစ်လေသည်။ ထို့ကြောင့်၊ အာရုံ ခြောက်ပါးအတွင်းရှိ အန္တရာယ်များကို တွေ့မြင်ကာ၊ ၄င်းသည် ထပ်မံထွက်ပြေး တိမ်းရှောင်လာ၍ လောကီရမက်များဖြစ်သည့် ကြမ်းတမ်းလှသော ရေစီးကြောင်းသို့ ရောက်ရှိလာလေသည်။

၄င်းနောက်၊ သူသည် ဗုဒ္ဓ၏ ကောင်းမွန်သော သွန်သင်ဆုံးမမှု ဖောင်ငယ်ကို ဖွဲ့ကာ၊ ကြမ်းတမ်းလှသော ရေစီးကြောင်းကို ဖြတ်ကျော်လေသည်။

၃. သားက မိခင်ကို မကယ်နိုင်ဘဲ၊ မိခင်ကလည်း သားကို မကယ်နိုင်သော ဘေးအန္တရာယ်များလှ သည့်အခါသုံးရပ် ရှိလေသည်။ ၄င်းတို့မှာ၊ မီးလောင်ခြင်း၊ ရေကြီးခြင်းနှင့် ဓါးပြတိုက်ခြင်းတို့ ဖြစ်လေသည်။ သို့တိုင်အောင်ပင်၊ တစ်ယောက်နှင့်တစ်ယောက်၊ အချင်းချင်း ကူညီကယ်တင်ရန် အခွင့်အလမ်း ရှိပေသည်။

သို့ရာတွင်၊ သားနှင့်မိခင်တို့၊ အပြန်အလှန် ကယ်ဆယ်နိုင်ခြင်း မရှိသောအခါ သုံးပါး ရှိလေသည်။ ၄င်းတို့မှာ၊ ဗျားနာသည့်အခါ၊ အသက်ကြီးရင့်လာသည့်အခါနှင့် သေဆုံးချိန်တို့ ဖြစ်လေသည်။

အိုမင်းရင့်ရော်လာနေသော မိခင်၏ နေရာ၌ သားငယ်သည် အဘယ်ကဲ့သို့ အစားထိုး ဝင်ရောက် နိုင်ပါသနည်း။ ဗျားနာနေသောသား၏ နေရာ၌ မိခင်သည် အဘယ်ကဲ့သို့ အစားထိုး ဝင်ရောက်နိုင်ပါသ နည်း။ သေဆုံးချိန် ရောက်လာသောအခါ၌ တစ်ဦးက တစ်ဦးအား အဘယ်ကဲ့သို့ ကူညီနိုင်ပါသနည်း။ ထိုကဲ့သို့သောအခါမျိုးများ၌၊ မိခင်နှင့်သားတို့သည် တစ်ဦးနှင့်တစ်ဦး မည်မျှပင် ချစ်ခင်ကြင်နာကြစေကာ မူ၊ အချင်းချင်း ကူညီပေးနိုင်ခြင်း မရှိကြပါပေ။

၄. တစ်ခါက၊ ဝရဲမင်းကြီးယမသည် ဝရဲပြည်သို့ ရောက်လာသော လူတစ်ယောက်အား၊ ၄င်းအသက် ရှင်စဉ်က ကျူးလွန်ခဲ့သော မကောင်းမှုများအကြောင်းနှင့် ပတ်သက်၍၊ အထက်ကောင်းကင်ဘုံမှ

စေတမန်တော်သုံးဦးအား တွေ့ခဲ့ဖူးပါသလားဟု မေးလေသည်။ ထိုလူက `ယင်းကဲ့သို့သော လူမျိုးကို တစ်ခါမျှ မတွေ့ဘူးပါဘုရား´ ဟု ပြန်လည်ဖြေကြားလေသည်။

ထိုအခါ၊ ယမမင်းက၊ အသက်ကြီးရင့်၍ ခါးကုန်းနေကာ၊ တုတ်ကောက်ဖြင့် လမ်းလျှောက်ရသော လူအိုကို တွေ့ဖူးပါသလားဟု မေးပြန်လေသည်။ ၄င်းလူက `မှန်လှပါဘုရား၊ ထိုကဲ့သို့သော လူများကို ကြိမ်ဖန်များစွာ တွေ့ခဲ့ဖူးပါသည်။´ ဟု ပြန်လည်ဖြေကြားလေသည်။ ထိုအခါ ယမမင်းက `အသင်သည် ယခုအပြစ်ဒဏ်ကို ခံရခြင်းမှာ လူအိုဖြစ်မလာမီ နေထိုင်မှု ဘဝလမ်းကြောင်းကို လျင်မြန်စွာ ပြုပြင်ပြောင်း လဲပါဟု၊ သတိပေးရန်အတွက် သင့်ထံသို့ စေလွှတ်လိုက်သော ယင်းလူအိုမှတဆင့်၊ အထက် ကောင်းကင်ဘုံမှ တမန်တော်ကို အသင် မသိသောကြောင့် ဖြစ်သည်။´ ဟု ပြောလေသည်။

ဆင်းရဲဖျားနာကာ၊ မိတ်ဆွေသူငယ်ချင်းမရှိသော လူမျိုးကို တွေ့မြင်ဖူးပါသလားဟု ယမမင်းက ၄င်းအား ထပ်မံမေးမြန်လေသည်။ ၄င်းလူက `မှန်ပါဘုရား ထိုကဲ့သို့သော လူမျိုးကို မြောက်များစွာ တွေ့မြင်ဖူးပါသည်´ ဟု ဖြေကြားလေသည်။ ထိုအခါ ယမမင်းက `ဤနေရာသို့ အသင် ရောက်လာခြင်းသည် အသင်၏ ကိုယ်ပိုင်ဖျားနာမှုကို သတိပေးရန်အတွက်၊ ယင်းလူနာများ မှတဆင့် စေလွှတ်လိုက်သော တမန်တော်များကို အသင် မသိသောကြောင့် ဖြစ်သည်´ ဟု ပြောလေသည်။

နောက်တဖန်၊ ယမမင်းက လူသေအား တွေ့ဖူးပါသလားဟု ၄င်းအား မေးပြန်လေသည်။ ၄င်းက `မှန်ပါဘုရား၊ လူသေအမြောက်အများကို တွေ့မြင်ဖူးပါသည်´ ဟုဖြေလေသည်။ ထိုအခါ၊ ယမမင်းက `ဤလူသေများမှတဆင့်၊ သင့်ထံသို့စေလွှတ်ခဲ့သော တမန်တော်များကို အသင် မသိသည့်အတွက်၊ ယခုနေရာသို့ ရောက်လာရခြင်း ဖြစ်ပေသည်။ အကယ်၍သင်သည် ယင်းတမန်တော်များကို သိရှိ မှတ်မိမည် ဆိုပါက၊ ၄င်းတို့၏ သတိပေးချက်များကို သတိမူကာ လမ်းစဉ်ကို ပြောင်းလဲကျင့်သုံးခဲ့မည် ဆိုပါက၊ ဤဝဲရေပြည်သို့ ရောက်ရှိလာမည် မဟုတ်´ ဟု ပြောလေသည်။

၅. တရံရောအခါက၊ ကြွယ်ဝချမ်းသာသော လူတစ်ဦး၏ ဇနီးဖြစ်သူ ကိသာဂေါတမီသည် ကလေး ဆုံးသွားသဖြင့်၊ ရူးသွပ်သွားလေသည်။ သူမသည်၊ ကလေးအလောင်းကို ထွေးပိုက်ကာ၊ တစ်အိမ်ဝင် တစ်အိမ်ထွက် သွားရောက်ပြီး၊ ကလေးငယ်ကို ကုသပေးပါရန်၊ တောင်းပန်ပြောဆိုလေသည်။

မည်သူမျှ၊ သူမအား ကူညီပေးနိုင်ခြင်း မရှိကြပါပေ။ နောက်ဆုံးတွင် ဗုဒ္ဓ၏ တပည့်တစ်ဦးက၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသော ဗုဒ္ဓထံ သွားရောက်တွေ့ဆုံပါရန် သူမအား အကြံပေးလေ သည်။ ထို့ကြောင့်၊ သူမသည် သေဆုံးနေသော ကလေးငယ်ကို ထွေးပိုက်လျက်၊ ဗုဒ္ဓထံသို့ ရောက်ရှိ လာလေသည်။ ဗုဒ္ဓသည် သူမအား ကြင်နာကရုဏာဖြင့် ဤသို့ မြွက်ကြားလေသည်။

`ဤကလေးကို ကုသပေးရန်အတွက်၊ ကျွန်ုပ်သည် မုန်ညင်းစေ့ အနည်းငယ်ကို လိုအပ်ပါသည်။ သေခြင်း တစ်ခါမျှ မရှိဘူးသော အိမ်အချို့သို့ သွားရောက်ကာ၊ မုန်ညင်းစေ့ ၄-၅စေ့မျှ တောင်းယူလာပါ။´

ထို့ကြောင့်၊ သားသေခြင်းကြောင့် ဝမ်းနည်းနေသော အမျိုးသမီးသည် သေခြင်းတစ်ခါမျှ မရှိဖူး သော နေအိမ်ကို သွားရောက်ရှာဖွေလေသည်။ သို့ရာတွင်၊ အချည်းနှီးသာဖြစ်ချေ၏။ နောက်ဆုံးတွင် သူမသည် ဗုဒ္ဓထံသို့သာ ပြန်လာခဲ့ရလေသည်။ တည်ငြိမ်အေးချမ်းလှသော ဗုဒ္ဓ၏ ရှေ့တော်မှောက်တွင် သူမ၏ စိတ်သည်လည်း ကြည်လင်ကောင်းမွန်လာပြီး၊ ဗုဒ္ဓ၏ မြွက်ကြားချက် အနက်အဓိပ္ပါယ်များကို နားလည်သဘောပေါက်လာလေသည်။ သူသည် ကလေးအလောင်းကို ယူဆောင်သွားကာ၊ သင်ကြိုလ်ပြီးစီး ပြီးနောက်၊ ဗုဒ္ဓထံသို့ ပြန်လာကာ၊ ဗုဒ္ဓ၏ တပည့်တော်မတစ်ဦး ဖြစ်လာလေသည်။

IV
လူ့ဘဝ၏ဖြစ်ရပ်မှန်များ (ဘဝတစ်ခု၏ သီအိုရီ)

၁. ဤကမ္ဘာပေါ်ရှိ လူသားများသည်၊ တစ်ကိုယ်ကောင်းဆန်ခြင်း ဖြစ်တတ်ကြ၍ ကိုယ်ချင်းစာနာမှု ကင်းမဲ့တတ်ကြလေသည်။ ၄င်းတို့သည် အချင်းချင်း၊ ချစ်ခင်မှုနှင့် လေးစားမှုများကို မသိကြပါပေ။ ၄င်းတို့ သည် အသေးအဖွဲကိစ္စရပ်များအပေါ် ငြင်းခုန်ကြခြင်းဖြင့်၊ နာကျင်ခံစားမှုများသာ ဖြစ်ပေါ်ကာ၊ ဘဝသည် လည်း ပျော်ရွှင်မှု မရှိသော သံသရာထဲတွင် တဝဲလည်လည် ဖြစ်နေလေသည်။

၄င်းတို့သည် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ငွေကြေးအကြောင်း ပူပန်ကြလေသည်။ ၄င်းတို့သည် ဆင်းရဲဒုက္ခ ခံစားကြရသကဲ့သို့၊ ကြွယ်ဝ ချမ်းသာသည့် ဒုက္ခကိုလည်း ခံကြရလေသည်။ လောဘ၏ နိုပ်စက်မှုကို ခံနေကြရသော ၄င်းတို့၏ ဘဝသည် မည်သည့်အခါမျှ တင်းတိမ်ရောင့်ရဲမှု၊ ကျေနပ်မှု၊ ငြိမ်သက်သာယာမှု မရှိကြပါပေ။

ချမ်းသာသော လူတစ်ယောက်သည်၊ ၄င်း၏မြေ၊ အိမ်နှင့်တကွ အခြားသော ဥစ္စာပစ္စည်းများ အတွက် စိုးရိမ်ပူပန်တတ်လေသည်။ ၄င်းသည် ပျက်စီးဆုံးရှုံးမှု ဖြစ်လာမည်။ နေအိမ် မီးလောင်သွား မည်၊ ဓါးပြအတိုက်ခံရမည်၊ ပြန်ပေးဆွဲခြင်းခံရမည်တို့ကို စိုးရိမ်နေလေသည်။ ၄င်းသည် သေခြင်းနှင့် ရွှေငွေပစ္စည်းများ ခွဲဝေပေးမှုတို့အတွက် ပူပန်နေလေသည်။ အမှန်မှာ၊ ၄င်းသည် မရဏလမ်းစဉ်ကို တစ်ယောက်တည်းသာ လျှောက်လှမ်းရမည် ဖြစ်ပြီး၊ မည်သူမျှ လိုက်ပါလာမည် မဟုတ်ပါပေ။

မရှိဆင်းရဲသောလူသည် အမြဲပင် မလုံမလောက်ဖြစ်နေသ၍ မြေနှင့်အိမ် ရရှိလိုခြင်း စသဖြင့်၊ အဆုံးအစ မရှိသော ဆန္ဒရမက်များ ဖြစ်ပေါ်လာလေသည်။ လိုချင်တပ်မက်မှု ပြင်းထန်လှသဖြင့်၊ ၄င်းသည် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ကာ၊ ဘဝသက်တမ်း တစ်ဝက်လောက်၌ပင် သေဆုံးသွား တတ်လေသည်။

ကမ္ဘာကြီးတခုလုံးက ၄င်းအား ဆန့်ကျင်နေသယောင်ဖြစ်ကာ၊ မရဏလမ်းကြောင်းမှာလည်း အဖော်မရှိသည့်၊ ရှည်လျားလှသော ခရီးသဖွယ်

ပျင်းရိခြောက်သွေ့ဖွယ်ရာ ဖြစ်လေသည်။

၂. ဤကမ္ဘာပေါ်တွင် မကောင်းမှုငါးရပ် ရှိလေသည်။ ပထမမှာ ရက်စက်မှု ဖြစ်လေသည်။ သတ္တဝါမှန် သမျှတို့သည် ပိုးမွှားများပင်လျှင်၊ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ယှဉ်ပြိုင် ရုန်းကန်ကြရလေသည်။ သန်မာသူ က အားနည်းသူကို တိုက်ခိုက်၍၊ အားနည်းသူက သန်မာသူကို လိမ်လည်လှည့်စားလေသည်။ နေရာတိုင်းတွင် တိုက်ခိုက်မှုနှင့် ရက်စက်မှုများ ရှိနေလေသည်။

ဒုတိယမှာ၊ ဖခင်တစ်ဦးနှင့်သားတစ်ဦးတို့၏ အခွင့်အရေးများအကြား၊ ထင်ရှားပြတ်သားသော နယ်နိမိတ်စည်းမျဉ်းမျိုး မရှိမှုပင် ဖြစ်လေသည်။ အစ်ကိုနှင့်ညီအကြား၌၊ လင်နှင့်မယား အကြား၌၊ အသက်ကြီးသောဆွေမျိုးနှင့် အသက်ငယ်သောဆွေမျိုးအကြား၌ ထိုကဲ့သို့သော နယ်နိမိတ်စည်းမျဉ်းမျိုး မရှိပါပေ။ အချိန်အခါတိုင်း၌၊ တစ်ဦးက အမြင့်ဆုံးနေရာတွင် ရှိလိုပြီး၊ အခြားသူများထံမှ အမြတ်ထုတ်လို လေသည်။ ၄င်းတို့သည် တစ်ဦးနှင့်တစ်ဦး လိမ်လည်လှည့်ဖျားကြ၍ လှည့်စားမှုရှိပြီး စိတ်ကောင်း စေတနာ ခေါင်းပါးကြလေသည်။

တတိယမှာ ယောက်ျားနှင့် မိန်းမတို့၏ အပြုအမူများအကြား၌၊ တိကျပြတ်သားသော နယ်နိမိတ် စည်းမျဉ်းများ မရှိမှုပင် ဖြစ်လေသည်။ လူတိုင်းလူတိုင်းသည် တစ်ချိန်ချိန်က မသန့်စင်ဘဲ၊ ကာမရာဂမျိုး ဖြစ်သော အတွေးအခေါ်များနှင့် ဆန္ဒများ ရှိခဲ့ဖူးပြီး၊ ထိုမှတဆင့် မကောင်းသော လုပ်ရပ်များနှင့်၊ မကြာခဏ အငြင်းပွားမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ မတရားမှုနှင့် ကောက်ကျစ်မှုများကို ကျူးလွန်တတ်ကြလေ သည်။

စတုတ္ထမှာ လူများသည် အခြားသော သူများ၏ အခွင့်အရေးကို မလေးစားသည့် သဘာဝမျိုး ရှိ တတ်ကြ၍ အခြားသူများကို မားစာခံပြုကာ၊ မိမိ၏ အရေးပါမှုကို ချဲ့ထွင်ပြောဆိုခြင်း၊ မကောင်းသော အပြုအမူများကို ပြုကျင့်ခြင်းနှင့် မတရားပြောဆိုတတ်သဖြင့်လည်း၊ အခြားသူများအား လှည့်စားခြင်း၊ မကောင်းကြောင်း ပြောဆိုခြင်းနှင့် ဆဲဆိုခြင်းများ ပြုလုပ်တတ်ကြလေသည်။

လူစိတ်၏အညစ်အကြေး (ကိလေသာ)များ

ပဌမမှာ၊ လူများသည် အခြားသူများအပေါ် ထားရှိရမည့် တာဝန်ဝတ္တရားများကို လျစ်လျူရှုတတ် သည့် သဘောရှိလေသည်။ ၄င်းတို့သည် မိမိတို့၏ ကိုယ်ပိုင်ဆန္ဒများနှင့် သက်သာရေးများကိုသာ၊ အလေးပေးလွန်းလှသဖြင့်၊ သူတပါး၏ ကျေးဇူးများကို မေ့လျော့ကာ၊ မတရားမှုကြီးများအထိ ဖြစ်ပွားလာသည့်တိုင်အောင်၊ အခြားသူများအား စိတ်အနှောင့်အယှက် ပေးတတ်ကြလေသည်။

၃. လူတို့သည်၊ တစ်ယောက်နှင့်တစ်ယောက်၊ ပိုမိုကိုယ်ချင်းစာသင့်ပြီး၊ ကောင်းမွန်သော အမူအကျင့်များအတွက် ပိုမိုလေးစားသင့်ကာ၊ အခက်အခဲ ကြုံချိန်၌ ၊ အချင်းချင်း ကူညီသင့်ကြလေသည်။ သို့ရာတွင်၊ ၄င်းတို့သည် တစ်ကိုယ်ကောင်းဆန်၍ အသဲနလုံး မာကြောကြလေသည်။ ၄င်းတို့သည် အချင်းချင်း ချွတ်ယွင်းချက်များအတွက် အထင်သေး၍၊ အခွင့်သာမှုများအတွက် မနာလို မုန်းတီးကြလေ သည်။ ဤကဲ့သို့သော၊ အထင်သေးမှု၊ မုန်းတီးမှုများသည် အများအားဖြင့် အချိန် ကြာမြင့်လာသည်နှင့် အမှု ပိုမိုကြီးထွားလာပြီး အတန်ကြာသောအခါ မခံမရပ်နိုင် ဖြစ်လာတတ်လေသည်။

ဤကဲ့သို့သော မကြိုက်မနှစ်သက်မှု၊ ခံစားချက်များသည် အကြမ်းဖက် လုပ်ဆောင်မှုများဖြင့် ချက်ချင်းကုန်ဆုံးသွားခြင်း မရှိပါပေ။ ယင်းတို့သည် ဘဝကို၊ မုန်းတီးမှုနှင့်ဒေါသဖြစ်မှု ခံစားချက်ရမက် များဖြင့် အဆိပ်အတောက် ဖြစ်စေကာ၊ စိတ်ထဲ၌ အထူးနက်ရှိုင်းစွာ စွဲငြိနေသဖြင့်၊ နောင်ဘဝများ တိုင်အောင်၊ ပါသွားတတ်လေသည်။

အမှန်စင်စစ်မှာ၊ ဤကာမရာဂ ကမ္ဘာကြီးတွင် လူတစ်ဦးသည်၊ တစ်ဦးတည်းသာ မွေးဖွားလာပြီး၊ တစ်ဦးတည်းသာ သေဆုံးရ၍၊ နောင်ဘဝ၌ ခံရမည့်ဒဏ်ကို မည်သူ တစ်ဦးတစ်ယောက်ကမျှ ဂိုင်းခံမည် မဟုတ်ပါပေ။

အကျိုးနှင့်အကြောင်းတရားသည်၊ နေရာတိုင်း၌ မှန်လေသည်။ လူတိုင်းသည် ၄င်း၏ ဒုစရိုက် ဝန်ထုပ်ကို သယ်ပိုးကာ၊ ဝဋ်ခံရမည် ဖြစ်ပေသည်။ ဤ အကျိုးနှင့်အကြောင်းတရားသည် ကောင်းသော လုပ်ရပ်များ အတွက်လည်း

အကျိုးဝင်လေသည်။ ကိုယ်ချင်းစာနာမှုနှင့် ကြင်နာမှု ရှိသော ဘဝသည် ချမ်းသာကြွယ်ဝခြင်းနှင့် ပျော်ရွှင်ခြင်းရလဒ်ကို ပေးလေသည်။

၄. နစ်ကာလ ကျော်လွန်လာသည်နှင့်အမျှ၊ လောဘ၊ အလေ့အထနှင့် ဆင်းရဲဒုက္ခများဖြင့်၊ ကျပ်တည်းစွာ နှောင်ဖွဲ့နေသော ဖြစ်ရပ်ကို တွေ့မြင်သိရှိလာကြသော လူများသည်၊ အထူးဝမ်းနည်းမှုနှင့် စိတ်ဓာတ်ကျဆင်းမှုများ ဖြစ်လာတတ်လေသည်။ မကြာခဏာပင်လျှင်၊ စိတ်ဓာတ်ကျဆင်းမှုနှင့်အတူ ၄င်းတို့သည် ခိုက်ရန်ဖြစ်ပွားကြ၍၊ ဒုစရိုက်မှုများကို ပိုမိုကျူးလွန်လာကြကာ၊ မှန်ကန်သော လမ်းစဉ် လျှောက်လှမ်းရေးကို၊ လက်လွှတ်တတ်ကြလေသည်။ မကြာခဏာပင်လျှင်၊ ၄င်းတို့၏ ဘဝသည်လည်း၊ ကောက်ကျစ်စဉ်းလဲမှု ကာလတွင်းဦးပင် စောလျင်စွာ ကုန်ဆုံးသွားကြပြီး၊ ထာဝရဒုက္ခ ခံကြရလေသည်။

ဤကဲ့သို့သော ကံမကောင်းမှုနှင့် ဆင်းရဲဒုက္ခများကြောင့်၊ စိတ်ဓာတ်ကျဆင်းခြင်းသည် အထူးပင် သဘာဝမကျလှ၍ အထက်ကောင်းကင်နှင့် ကမ္ဘာဟူသော ဓမ္မတရားနှင့်လည်း ဖီလာ ဆန့်ကျင်ဖြစ်နေ သဖြင့်၊ ဤလောကတွင် သာမက၊ သေဆုံးပြီးနောက်ပိုင်း လောကများတွင်လည်း ဒုက္ခခံစားရမည် ဖြစ်လေသည်။

ဤဘဝတွင် ရှိသောအရာခပ်သိမ်းသည်၊ တည်မြဲမှုမရှိဘဲ၊ မရေရာမှုများနှင့်သာ ပြည့်နှက်နေ သည်မှာ မှန်ကန်သော်လည်း၊ ဤအချက်ကို လျစ်လျူရှုကာ၊ မိမိ၏ လိုအင်ဆန္ဒများကို ဖြည့်စွမ်းရန်နှင့် ပျော်ရွှင်မှုများကို ရှာကြံရန်၊ ဆက်လက်ကြိုးပမ်းနေခြင်းမှာ ဝမ်းနည်းဖွယ်ရာ ဖြစ်လေသည်။

၅. ဆင်းရဲဒုက္ခသာဖြစ်သော ဤလောကကြီးတွင်၊ လူများက တစ်ကိုယ်ကောင်းဆန်စွာ၊ ငါတည်း ဟူသော ကိုယ်ကျိုးအတွက် စဉ်းစား၊ ပြုမူကြခြင်းမှာ သဘာဝပင်ဖြစ်၍၊ ထိုကဲ့သို့ပြုမူခြင်းကြောင့်၊ ဆင်းရဲ ဒုက္ခများနှင့် စိတ်ချမ်းသာမှုများ ဖြစ်ပေါ်လာခြင်းမှာလည်း သဘာဝပင် ဖြစ်လေသည်။

လူများသည်၊ မိမိကိုယ်အလေးပေး၍ အခြားသူများအား လျစ်လျူရှုလေသည်။

လူများသည်၊ ၄င်းတို့၏ လိုအင်ဆန္ဒများကို၊ လောဘ၊ တဏှာနှင့် မကောင်းမှု အလုံးစုံအထိ ဖြစ်ပွားစေတတ်လေသည်။ ဤကဲ့သို့သော အကြောင်းများကြောင့်၊ ၄င်းတို့သည် အဆုံးအစမရှိ ဒုက္ခ ခံစားကြရလေသည်။

ကြွယ်ဝချမ်းသာသော အချိန်ကာလများသည်၊ တာရှည်မခံပါပေ။ လျှင်မြန်စွာ ကုန်ဆုံးသွားတတ် လေသည်။ ဤလောကတွင် မည်သည့်အရာကိုမျှ၊ တာရှည်စွာ ခံစား စံစားနိုင်ခြင်း မရှိပါပေ

၆. ထို့ကြောင့်၊ ငယ်ရွယ်ကျန်းမာစဉ်၊ လူများသည် ၄င်းတို့၏ လောဘနှင့် လောဘီရေးရာ သံယောဇဉ် များကို စွန့်လွှတ်ဖြတ်တောက်သင့်ကြပြီး၊ အမှန်တရားကို စိတ်အားထက်သန်စွာဖြင့် ရှာကြံသင့်ကြလေ သည်။ အဘယ်ကြောင့်ဆိုသော်၊ အမှန်တရားမှအပ၊ တာရှည်တည်မြဲသော မှီခိုအားထားရာ၊ သို့မဟုတ် ပျော်ရွှင်မှုများ မရှိသောကြောင့် ဖြစ်ပေသည်။

သို့ရာတွင်၊ လူတိုင်းလိုလိုတို့သည် ဤအကျိုးနှင့် အကြောင်းတရားကို မယုံကြည်ခြင်း၊ သို့မဟုတ် လျစ်လျူရှုခြင်း ပြုတတ်ကြလေသည်။ ၄င်းတို့သည် ကောင်းမှုပြုပါက၊ ချမ်းသာပျော်ရွှင်မှု ရရှိ၍ မကောင်း မှုပြုပါက၊ ဆင်းရဲဒုက္ခရောက်မည် ဟူသောအချက်ကို မေ့လျော့နေကြကာ၊ လောဘနှင့် တစ်ကိုယ် ကောင်းဆန်မှု အလေ့အထများအတိုင်း ဆက်လက်ပြုကျင့် ကြလေသည်။ ဤဘဝ၌ လုပ်ဆောင်မှုများက၊ နောင်ဘဝတွင် အကျိုး သက်ရောက်မှု ရှိပြီး၊ ကောင်းကျိုးပေးမည် သို့မဟုတ် ဝဋ်ခံရမည် စသည်တို့ကို လည်း၊ ၄င်းတို့သည် အမှန်တကယ် ယုံကြည်ခြင်း မရှိကြပါပေ။

၄င်းတို့သည်၊ ၄င်းတို့၏ ဆင်းရဲဒုက္ခများကို ညည်းတွားပြောဆို၊ ငိုယိုတတ်ကြသော်လည်း၊ ပစ္စုပ္ပန်လုပ်ရပ်များက နောင်ဘဝများအပေါ်၊ အကျိုးသက်ရောက်မှုရှိပုံနှင့်၊ ၄င်းတို့၏ ဆင်းရဲဒုက္ခများ သည် ယခင်ဘဝဟောင်းက လုပ်ရပ်များနှင့် ဆက်စပ်နေပုံများကို လုံးဝ နားမလည်ကြပါပေ။ ၄င်းတို့သည် ပစ္စုပ္ပန်ဆန္ဒများနှင့် ဆင်းရဲဒုက္ခအကြောင်းများကိုသာ စဉ်းစားကြလေသည်။

ဤလောကကြီးတွင် မည်သည့်အရာမျှ တာရှည်တည်မြဲမှု၊ သို့မဟုတ်

ထာဝရတည်မြဲမှု မရှိကြပါ ပေ။ အရာခပ်သိမ်းသည် ခေတ္တခဏမျှသာ ဖြစ်၍ အစဉ်အမြဲ ပြောင်းလဲနေပြီး ဟောကိန်းထုတ်၍ မရပါ ပေ။ သို့ရာတွင်၊ လူများသည် မသိနားမလည်ကြဘဲ၊ တစ်ကိုယ်ကောင်းဆန်ကြ၍၊ ခဏတာမျှသာ ဖြစ်သော လိုအင်ဆန္ဒများနှင့် ဆင်းရဲဒုက္ခများအကြောင်းကိုသာ စဉ်းစားတွေးတောကြလေသည်။ ၄င်းတို့ သည် ကောင်းသောသွန်သင်ဆုံးမမှုများကို နားမဆင်ပဲ၊ နားလည်ရန်လည်း မကြိုးစားကြပါပေ။ ၄င်းတို့ သည် ပစ္စုပ္ပန်အကျိုး၊ စည်းစိမ်ဥစ္စာနှင့် ကာမရာဂများကို လွယ်လင့်တကူ ရှာကြံလိုက်စားကြလေသည်။

၇. ရှေးပဝေသဏီကပင်လျှင်၊ မရေမတွက်နိုင်သော လူများသည်၊ မရေရာမှုနှင့် ဆင်းရဲဒုက္ခဖြစ်သော ဤကမ္ဘာကြီးတွင် မွေးဖွားလာခဲ့ပြီး ဖြစ်ကြ၍၊ ယခုထက်တိုင် မွေးဖွား နေကြဆဲဖြစ်သည်။ သို့ရာတွင်၊ ကမ္ဘာကြီးတွင် ဗုဒ္ဓ၏ သွန်သင် ဟောပြောမှုနှင့်၊ လူများက ယင်းဟောပြောမှုများကို ယုံကြည်လိုက်နာကာ၊ ကယ်တင်ခြင်းခံနိုင်မှု ရှိနေခြင်းမှာ၊ ကံကောင်းလှပေသည်။

ထို့ကြောင့် လူများသည်၊ နက်နဲစွာ ဆင်ခြင်စဉ်းစား၍ စိတ်များကို သန့်စင်စွာနှင့် ကိုယ်ခန္ဓာများကို ကျန်းမာကောင်းမွန်စွာ ထိန်းသိမ်းထားရှိပြီး လောဘနှင့် မကောင်းမှုများမှ ရှောင်ကွင်းကာ၊ ကောင်းမှုကို ရှာကြံသင့်ကြလေသည်။

ကံအားလျှော်စွာပင်၊ ကျွန်ုပ်တို့အတွက်၊ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများ ရှိနေလေသည်။ ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ သန့်စင်သော ကမ္ဘာတွင် မွေးဖွားလာရန် အတွက်၊ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို ယုံကြည်ရ မည် ဖြစ်ပေသည်။ ဗုဒ္ဓ၏ ဆုံးမမှုများကို သိရှိနေလျက်နှင့်၊ ကျွန်ုပ်တို့သည် အခြားသော သွန်သင်မှုများ အရ၊ လောဘနှင့်ဒုစရိုက်လမ်းစဉ်များသို့ အလိုက်မမှားကြဘဲ မိမိ တစ်ကိုယ်တည်း သာလျှင်၊ ဗုဒ္ဓ၏ ဟောပြောမှုများကို လိုက်နာကျင့်သုံးခြင်း မပြုမူ၍ အခြားသူများ ထံသို့လည်း ဖြန့်ဝေသင့်လေသည်။

အခန်း ၈၊

ဗုဒ္ဓ၏ကယ်တင်မှု

(ဤအခန်းတွင်ပါဝင်သော အကြောင်းအရာ အများစုသည် မဟာယာန အယူအဆများဟု မှတ်ယူနိုင်ပေသည်။ တည်းဖြတ်ရေးအဖွဲ့)

I

အမိတာဘဗုဒ္ဓ၏ သံန္ဓိဌာန်များ

၁. ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း၊ လူများသည် အစဉ်ထာဝရပင်၊ လောကီရမက်များကို တပ်မက်လိုက်စားခြင်း၊ ဒုစရိုက်များကို တစ်ခုပြီးတစ်ခု ကျူးလွန်ခြင်းနှင့်၊ သည်းမြီးမခံနိုင်သော လုပ်ရပ် ဂန်ထုပ်များကို သယ်ပိုးကာ မိမိတို့၏ ကိုယ်ပိုင်စွမ်းအား၊ သို့မဟုတ် အသိဉာဏ်များဖြင့် ဤလောဘနှင့် အလိုလိုက်မှု အလေ့အထများအား ဖြတ်တောက်နိုင်ခြင်း မရှိကြပါပေ။ လောကီရမက်များကို ထိန်းချုပ် ခြင်းနှင့် ဖယ်ရှားပစ်ခြင်းများကို မပြုလုပ်နိုင်ပါက၊ အဘယ်သို့လျှင် မိမိတို့၏ စစ်မှန်သော ဗုဒ္ဓဖြစ်စဉ် သဘာဝကို ဖော်ထုတ်နိုင်ရန် မျှော်လင့်နိုင်ပါမည်နည်း။

လူ့သဘာဝကို ကောင်းစွာ သိကျွမ်းနားလည်သော ဗုဒ္ဓသည် လူသားများအပေါ် အထူး ကြင်နာ သနားမှု ရှိ၍၊ လူသားများ၏ စိုးရိမ်ကြောက်ရွံ့မှုများနှင့် ဆင်းရဲဒုက္ခများမှ ကယ်တင်ရန်အတွက်၊ မိမိအဖို့ အထူး ပင်ပန်းခက်ခဲစေကာမူ၊ တတ်စွမ်းသ၍ ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ကြောင်း၊ သံန္ဓိဌာန်ချခဲ့လေသည်။ ဤကဲ့သို့ ကယ်တင်ရေးကို အကောင်အထည် ဖော်နိုင်ရန်အတွက်၊ ဗုဒ္ဓသည် ရှေးလွန်လေပြီးသော ဘဝပေါင်းများစွာကပင်လျှင်၊ ဗောဓိသတ်ဘုရားလောင်းအဖြစ်၊ အောက်ပါ သံန္ဓိဌာန်ကြီး ဆယ်ရပ်ကို ချမှတ်ခဲ့လေသည်။ (ထေရာဂါဒနှင့် ကွဲလွဲနေသော အကြောင်းအရာများ ပါရှိပါသည်။ တည်းဖြတ်ရေး အဖွဲ့)

(က) ဝါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင်၊ ကမ္ဘာလောကရှိ လူအားလုံးတို့က၊ ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိရန်နှင့် အမှန်တရားကို သိရှိရန်၊

သေချာခြင်း မရှိပါက၊ ငါသည် အကျွတ်တရား မရပြီ။

(ခ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသော်လည်း ငါ၏ မှန်ကန်ခိုင်မြဲသော အလင်းရောင်က၊ ကမ္ဘာတစ်ပှမ်းလုံးအား ထွန်းလင်းပေးနိုင်ခြင်း မရှိပါက၊ အကျွတ်တရား မရပြီ။

(ဂ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင် ငါ၏ အသက်သည် ထာဝရ တည်မြဲနေ၍ မရေမတွက် နိုင်လောက်အောင် များပြားသော လူများအား ကယ်တင်နိုင်ခြင်း မရှိပါက အကျွတ်တရား မရပြီ။

(ဃ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသော်လည်း အရပ်ဆယ်မျက်နှာမှ ဗုဒ္ဓအပေါင်းတို့က ငါ၏ အမည် ကို တစ်ပေါင်းတစ်စည်းတည်း ဝိုင်းဝန်းချီးကျူးခြင်း မရှိပါက အကျွတ်တရား မရပြီ။

(င) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင် ငါ၏ သွန်သင်ဟောပြောမှုများကို အမှန်တကယ် ယုံကြည်၍ ငါ၏ နိုင်ငံတွင် ပြန်လည်မွေးဖွားလာနိုင်ရန်၊ ငါ၏ အမည်ကို ယုံကြည်စိတ် အပြည့်ဖြင့် ဆယ်ကြိမ်ခေါ်ဝေါ်ကာ ကြိုးပမ်းကြ၍ ထိုအတိုင်း အောင်မြင်စွာ မွေးဖွားလာနိုင်ခြင်း မရှိပါက ငါသည် ပြီးပြည့်စုံမည် မဟုတ်ပါပေ။

(စ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသော်လည်း နေရာတိုင်းရှိ လူများက အမှန်တရားကို ရရှိစေရန် ဆုံးဖြတ်ကြ၍ ကုသိုလ်ကောင်းမှုပြုကာ၊ ငါ၏ နိုင်ငံ၌ ပြန်လည်မွေးဖွားလာလိုသည့် စစ်မှန်သော စိတ်ထားမျိုးများ မရှိမချင်း၊ ငါသည် ပြီးပြည့်စုံမည် မဟုတ်ပါပေ။ ၎င်းတို့ သေဆုံးမည့်အချိန်၌ ငါသည် ဗောဓိသတ် အမြောက်အများခြံရံလျက် ၎င်းတို့အား ငါ၏ သန့်စင်သောနိုင်ငံသို့ ကြိုဆိုရန် ထွက်ပေါ်လာ မည် ဖြစ်သည်။

(ဆ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင်အောင် လူသား အားလုံးတို့က ငါ၏ အမည်ကို ကြားနာ ၍ ငါ၏ နိုင်ငံအကြောင်း တွေးတောကာ၊ ငါ၏နိုင်ငံ၌ ပြန်လည်မွေးဖွားလာလိုခြင်း၊ ထိုကဲ့သို့ ဖြစ်နိုင်စေရန် စိတ်ကောင်း စေတနာဖြင့် ကောင်းမှုပြုခြင်း၊ ယင်းမှသည် မိမိတို့၏ လိုအင်ဆန္ဒအပေါင်းကို အောင်မြင်စွာ ဖြည့်စွမ်းနိုင်ခြင်းမရှိပါက ငါသည် ပြီးပြည့်စုံခြင်း မရှိပါပေ။

(ဇ) ငါသည်ဘုရားအဖြစ် ရရှိသည် မှန်သော်လည်း ငါ၏သာသနာ

အတွင်းမှာ ဖြစ်သောသူတို့၊ နောက်နောင်ဘဝ ဘုရားဖြစ်မည့် ဇာတိမျိုးရိုး အဆင့်အတန်းရမည်ဟု ဆိုစေကာမူ မပြည့်စုံ။ ဤကိစ္စမှာ အောက်ပါပုဂ္ဂိုလ်များကို ချွင်းချက်မှတ်ယူရပေမည်။ သစ္စာအဓိဌာန် ပြုထားသူများ (ဘုရားဆုပန်ထားသူများ)၊ လူအများ ကောင်းကျိုးအတွက် သစ္စာအဓိဌာန် ပါရမီဆုတောင်းထားသူများ၊ အများအကျိုး လိုလားဆောင်ရွက်သူများ၊ လောကဓာ၏ ငြိမ်းချမ်းမှုကို လိုလားသူများ၊ လူအများအကျိုးအတွက် ဦးစီး ရှေ့ဆောင်ပြုမည့်သူများ၊ မေတ္တာ၊ ကရုဏာ ကြီးမားစွာဖြင့် ကောင်းမှု ဆောင်ရွက်လိုသူများတို့ကို ဆိုလို သည်။

(ဃ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင်အောင် ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့က ငါ၏ ချစ် ကြင်နာမှု ကရုဏာစိတ်များဖြင့် လွှမ်းမိုးခြင်းခံရကာ ၄င်းတို့၏ ကိုယ်ခန္ဓာများနှင့် စိတ်များကို သန့်ရှင်း စင်ကြယ်စေ၍ လောကီရေးရာများ၏ အထက်သို့ မိမိတို့ကိုယ်ကို မြှင့်တင်နိုင်ခြင်း မရှိပါက၊ ငါသည် အကျွတ်တရား မရပြီ။

(ဍ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသော်လည်း လူသားခပ်သိမ်းတို့က ငါ၏ အမည်ကို ကြားသိ၍၊ အသက်ရှင်ခြင်းနှင့်သေခြင်း သဘောတရား အစစ်အမှန်များကို ရရှိကာ၊ ကမ္ဘာလောကရှိ လောဘနှင့် ဆင်းရဲဒုက္ခများအလယ်၌ ၄င်းတို့၏ စိတ်များကို သန့်စင်တည်ငြိမ်စွာ ထိန်းထားနိုင်မည့် အပြစ်ကင်းစင် သော အသိဉာဏ်မျိုး ရရှိခြင်း မရှိပါက ငါသည် အကျွတ်တရား မရပြီ။

"ထို့ကြောင့် ငါသည် ဤအဓိဌာန်များကို ချမှတ်သည်။ ယင်းအဓိဌာန်များကို ဖြည့်စွမ်းနိုင်ခြင်းမရှိ မီ၊ ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ မရောက်ပါစေနှင့်။ ငါသည် အကန့်အသတ်မရှိသော အလင်းရောင်၏ ပင်မ ဖြစ်လာ၍ ငါ၏ အသိဉာဏ်နှင့် ပါရမီအလင်းရောင်ခြည်များကို ထုတ်လွှတ်ကာ၊ ကမ္ဘာ အပေါင်းအား ထွန်းလင်းစေနိုင်ပြီး၊ ဆင်းရဲဒုက္ခရောက်နေသူအားလုံးတို့အား ကယ်တင်လွတ်မြောက်နိုင်ပါစေ။"

၂. ဤသို့ဖြင့် မခန့်မှန်းနိုင်လောက်အောင် ကြာရှည်သော နှစ်ကာလများ တစ်လျှောက်၊ များပြား လှသည့်ပါရမီများကို ဖြည့်ဆည်းစုဆောင်းလာခြင်းဖြင့် ၄င်းသည် အမိတဘဗုဒ္ဓ သို့မဟုတ် အဆုံးအစ မရှိသော အလင်းရောင်နှင့်

အကန့်အသတ် မရှိသော ဘဝ၏ ဗုဒ္ဓဖြစ်လာ၍ မိမိ၏ ကိုယ်ပိုင်သန့်စင်သော ဗုဒ္ဓနိုင်ငံကို အပြီးသတ် တည်ဆောက်ကာ၊ ယခုအခါတွင် ယင်း ငြိမ်းချမ်းသည့် ကမ္ဘာထဲ၌ နေထိုင်လျက်၊ လူသားအားလုံးတို့အား အလင်းရောင်ပေးနေလေသည်။

ဆင်းရဲဒုက္ခကင်းမဲ့သော၊ ဤသန့်စင်ကမ္ဘာသည် အမှန်ပင် အငြိမ်းချမ်းဆုံးနှင့် အပျော်ရွှင်ဆုံး ဖြစ် လေသည်။ ဤကမ္ဘာတွင် နေထိုင်သူ အားလုံးတို့က ဆန္ဒရှိမည်ဆိုပါက အဂတိအစား၊ စားသောက်ဖွယ်ရာနှင့် လှပသည့် အရာခပ်သိမ်းတို့သည် ထွက်ပေါ်လာလေသည်။ ကျောက်မျက်ရတနာများ အပြည့် သီးပွင့်နေသော သစ်ပင်များကို ညင်သာသည့်လေညှင်း တိုက်ခိုက်သွားသောအခါ အာကာသ လေဟာပြင်တစ်ခုလုံး၌ ဗုဒ္ဓဟောပြောချက် တေးသံများ ပျံ့နှံ့သွားပြီး၊ ကြားရသူအပေါင်း၏ စိတ်ကို သန့်စင်ပေးလေသည်။

ဤသန့်စင်ကမ္ဘာတွင် မွှေးကြိုင်လှသော ပဒုမ္မာကြာပန်း အမြောက်အများရှိနေ၍ ပန်းပွင့်တိုင်း၌ အဖိုးတန်ပွင့်ဖတ်များ ပြည့်နှက်နေကာ၊ ပွင့်ဖတ်တစ်ခုချင်းစီသည်လည်း မဖော်ပြနိုင်လောက်သော အလှ မျိုးဖြင့် တောက်ပနေလေသည်။ ဤကြာပန်းပွင့်များ၏ တောက်ပမှုသည် အသိဉာဏ် လမ်းကြောင်းကို ထွန်းလင်းစေ၍၊ ဗုဒ္ဓ၏ ဆုံးမဟောပြောမှုတေးသံကို နားဆင်သူတို့သည်လည်း လုံးဝငြိမ်းချမ်းမှု ရရှိကြ လေသည်။

၃. ယခုအခါတွင် အရပ်ဆယ်မျက်နှာတို့မှ ဗုဒ္ဓများသည် ဤအဆုံးအစမရှိသော အလင်းရောင် နှင့် အကန့်အသတ်မရှိသော ဘဝ၏ ဗုဒ္ဓပါရမီတော်များကို ကောင်းချီးသြဘာပေးနေကြလေသည်။

ဤဗုဒ္ဓ၏ အမည်နာမကို ကြားရသူတိုင်းသည် ဝမ်းမြောက်ဝမ်းသာဖြင့် ယုံကြည်လက်ခံ၍ ဗုဒ္ဓ၏ စိတ်နှင့်ထပ်တူထပ်မျှဖြစ်ကာ၊ ဗုဒ္ဓ၏ သန့်စင်သော ကမ္ဘာတွင် မွေးဖွားလာမည် ဖြစ်ပေသည်။

ဤသန့်စင်ကမ္ဘာတွင် မွေးဖွားလာသူတို့သည် ဗုဒ္ဓ၏ အကန့်အသတ်မရှိသော ဘဝတွင် ပါဝင် ဆင်နွှဲနိုင်ကြ၍၊ ဆင်းရဲဒုက္ခရောက်နေသူများအား သနားကြင်နာစိတ်များ ချက်ချင်းပွားများလာကာ ဗုဒ္ဓ၏ ကယ်တင်မှု

နည်းလမ်းမျိုးဖြင့် သွားရောက်ကယ်တင်ကြလေသည်။

ဤသံနှိုဌာန်များကို ချမှတ်ခဲ့ရာတွင် လောကီသံယောဇဉ်အပေါင်းကို ဖြတ်တောက်ထား၍ ဤ ကမ္ဘာကြီး၏ မတည်မြဲမှု (ဂါ) အနိစ္စကို အသိအမှတ်ပြုထားလေသည်။ ၎င်းတို့သည် ဘဝအပေါင်း၏ လွတ်မြောက်မှုကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ထား၍ မိမိတို့၏ ကိုယ်ပိုင်ဘဝများကို အခြားသော ဘဝများနှင့် ပေါင်းစည်းကာ၊ အတူတကွ ဒုက္ခခံထားသော်လည်း တစ်ချိန်တည်းမှာပင် ဤလောကီဘဝ၏ ချည်နှောင်မှုများနှင့် သံယောဇဉ်မှ လွတ်ကင်းမှုကို ဖြစ်ထွန်းစေလေသည်။

၎င်းတို့သည် လောကီဘဝ၌ ရှိသော အတားအဆီးများနှင့် အခက်အခဲများကို သိရှိသကဲ့သို့ပင် ဗုဒ္ဓ၏ အတိုင်းအဆ မရှိသော မေတ္တာကရုဏာတော်ကိုလည်း သိရှိကြလေသည်။ ၎င်းတို့သည် လွတ်လပ်စွာ သွားလာခြင်း၊ ရှေ့သို့တိုးခြင်း၊ သို့မဟုတ် ရပ်ခိုင်းခြင်း ပြုလုပ်နိုင်ကြသော်လည်း ဗုဒ္ဓ၏ ကရုဏာတော် ထားရှိသောသူများနှင့် အတူနေရန် ရွေးချယ်ကြလေသည်။

ထို့ကြောင့် ဤ အမိတာဘဗုဒ္ဓ၏ အမည်ကို ကြားသိရသူမှန်သမျှက ယင်းအမည် ကို ယုံကြည်စွာ ရွတ်ဆိုမည်ဆိုပါက ထိုသူသည် ဗုဒ္ဓ၏ ကရုဏာတော်ကို ခံယူရမည် ဖြစ်ပေသည်။ ထို့ကြောင့်၊ လူ အပေါင်းတို့သည် ဗုဒ္ဓ၏ ဆုံးမမှုကို နားဆင်သင့်ကြ၍၊ ဤသေခြင်းနှင့် ရှင်ခြင်းကမ္ဘာကို ဖုံးအုပ် လောင်ကျွမ်းနေသော မီးတောက်များအတွင်းသို့ ထပ်မံ ဝင်ရောက် ရသယောင်ရှိစေကာမူ ဗုဒ္ဓ၏ ဆုံးမမှု များအတိုင်း လိုက်နာကျင့်သုံးသင့်ပေသည်။

အကယ်၍ လူများသည် အမှန်တကယ်ပင် အမှန်တရားကို ရရှိလိုစိတ် ပြင်းထန်ကြပါက ၎င်းတို့ သည် ဤဗုဒ္ဓ၏ စွမ်းအားအပေါ် မှီခိုကြရမည် ဖြစ်ပေသည်။ သာမန်လူတစ်ဦးသည် ဤဗုဒ္ဓ၏ ကူညီမှုကို မရယူပဲနှင့် ၎င်း၏ အမြင့်မားဆုံးဖြစ်သော ဗုဒ္ဓသဘာဝကို ရယူနိုင်မည် မဟုတ်ပါပေ။

၄. အမိတာဘဗုဒ္ဓသည် မည်သူနှင့်မျှ အလှမ်းမဝေးပါပေ။ ဗုဒ္ဓ၏ သန့်စင်မှုကမ္ဘာသည် အနောက်ဖက် ဝေးလံလှသော နေရာ၌ ရှိသည်ဟု

ဖော်ပြကြသော်လည်း ထိုကမ္ဘာတွင် မွေးဖွားလာရန် စိတ်ဆန္ဒ ပြင်းပြသူများ၏ စိတ်ထဲ၌လည်း ရှိနေပေသည်။

လူတစ်ဦးတစ်ယောက်က ရှေ့ရောင်တစ်လက်လက်ဖြင့်၊ တင့်တယ်စွာ တောက်ပနေသော အမိတာဘဗုဒ္ဓ၏ ရုပ်ပုံတော်ကို စိတ်ထဲတွင် မှန်းကြည့်သောအခါ ယင်းရုပ်ပုံတော်သည် ရုပ်ပုံပေါင်း ရှစ်သောင်းလေးထောင် ကွဲသွားပြီး ရုပ်ပုံတစ်ခုချင်းစီမှ အလင်းရောင်ခြည်ပေါင်း ရှစ်သောင်းလေးထောင် ထုတ်လွှတ်ကာ အလင်းရောင်ခြည်တစ်ခုစီသည် ကမ္ဘာတစ်ခုအား ထွန်းလင်းစေ၍၊ ဗုဒ္ဓနိဗ္ဗာန်ရောက်ပြီးနောက် ဘာဝနာ ပွားများနေသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမှောင်ထဲ၌ ချန်လှပ်ထားမည် မဟုတ်ပါပေ။ ဤသို့ ဖြင့် ဤဗုဒ္ဓသည် လူသားများအား ၄င်း၏ ကယ်တင်မှုကို ခံယူနိုင်ရန် ကူညီပေးလေသည်။

ဗုဒ္ဓ၏ ရုပ်ပုံကို ဖူးမြင်ခြင်းအားဖြင့် ဗုဒ္ဓ၏ စိတ်ကို နားလည်နိုင်လေသည်။ ဗုဒ္ဓ၏ စိတ်သည် လူ အားလုံးအပေါ် အထူးမေတ္တာကရုဏာထား၍၊ ယုံကြည်စွာ အမှတ်ရနေသူများ ထက်ပင်လျှင် မသိနား မလည်သူ၊ သို့မဟုတ် မေ့လျော့နေသူများအားပင် ပိုမို ကရုဏာထားလေသည်။

ဗုဒ္ဓသည် ယုံကြည်သက်ဝင်သူများအား ဗုဒ္ဓနှင့် အတူဖြစ်လာရန် အခွင့်အလမ်းပေးလေသည်။ ဤဗုဒ္ဓသည် အလုံးစုံပေါင်းစပ်ပါဝင်သော ညီမျှမှုဖြစ်သဖြင့် ဗုဒ္ဓအား စဉ်းစားသူ မှန်သမျှအား ဗုဒ္ဓက စဉ်းစား၍ ၄င်း၏ စိတ်ထဲသို့ လွတ်လပ်စွာ ဝင်ရောက်လာလေသည်။

အမိဟွာယ်မှာ လူတစ်ဦးတစ်ယောက်သည် ဗုဒ္ဓကို တောင့်တသောအခါ၊ ၄င်း၏ စိတ်သည် သန့်စင် ပျော်ရွှင်၍ အေးချမ်းသော ဗုဒ္ဓ၏ စိတ် ဖြစ်လာလေသည်။ တစ်နည်းအားဖြင့် ၄င်းသည် ဗုဒ္ဓ၏ စိတ်ဓာတ် ရလာလေသည်။

ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီသည် သန့်စင်ယုံကြည်မှုဖြင့် မိမိ၏ ကိုယ်ပိုင်စိတ်သည် ဗုဒ္ဓ၏ စိတ်ပင် ဖြစ်သည်ဟု နားလည်သင့်ပေသည်။

၅. ဗုဒ္ဓသည် ပုံပန်းအသွင်အမျိုးမျိုး ပြောင်းလဲဖြစ်ပေါ်နိုင်၍ လူတစ်ယောက်ချင်းစီ၏ အရည်အချင်း နှင့်အညီ အသွင်မျိုးစုံဖြင့် ဖော်ပြ

နိုင်လေသည်။

ဗုဒ္ဓသည် ကောင်းကင်ပြင်တစ်ခုလုံးနှင့်တကွ အကန့်အသတ် မရှိသော အာကာသ လေဟာနယ် တစ်ခွင်လုံးအထိ ဖုံးလွှမ်းနိုင်သော ကြီးမားလှသည့် ကိုယ်ခန္ဓာကို ပြလေသည်။ ဗုဒ္ဓသည် မိမိကိုယ်ကို သေးငယ်လှသော သဘာဝအဖြစ် တခါတရံပုံစံအသွင်ဖြင့်ဌင်း၊ တခါတရံ စွမ်းအင်အဖြစ်ဌင်း တခါတရံ ဥပမိရုပ်အဖြစ်ဌင်း ဖော်ပြလေသည်။

သို့ရာတွင် တစ်နည်းတစ်ဖုံဖြင့် ဗုဒ္ဓသည် ယုံကြည်စွာဖြင့် ဗုဒ္ဓအမည်ကို ရွတ်ဆိုသူများထံ မလွဲမသွေ ပေါ်လာလေသည်။ ယင်းကဲ့သို့သော သူများထဲတွင် အမိတဗုဒ္ဓသည် ကရုဏာတော် ဗောဓိသတ်ဘုရားလောင်းဖြစ်သည့် လောကီ တေသရဘုရားလောင်း၊ ဉာဏ်ပညာတော် ဗောဓိသတ် ဘုရားလောင်း ဖြစ်သည့် မဟာထာမပြတ္တ ဘုရားလောင်းနှစ်ပါး အစဉ်အမြဲ လိုက်ပါလာလျက် ပေါ်လာ တော်မူလေသည်။ ဗုဒ္ဓ၏ ဖော်ပြမှုသည် လူတိုင်း ဖူးမြင်နိုင်စေရန် ကမ္ဘာတစ်ခုလုံးတွင် အပြည့် ဖြစ်နေသော်လည်း ယုံကြည်သူများသာလျှင် တွေ့မြင်နိုင်ပေသည်။

ဗုဒ္ဓ၏ အချိန်အခါအလိုက် ဖော်ပြမှုကို တွေ့မြင်နိုင်စွမ်းရှိသူများသည် တာရည်တည်မြဲသော ကျေနပ်မှုနှင့် ပျော်ရွှင်မှုများကို ရရှိလေသည်။ ထို့အပြင် စစ်မှန်သောဗုဒ္ဓကို ဖူးမြင်နိုင်စွမ်းရှိသူများသည် အတိုင်းအဆမရှိသော ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုစည်းစိမ်များကို ရရှိကြလေသည်။

၆. အတိုင်းအဆမရှိသော မေတ္တာကရုဏာနှင့် အသိဉာဏ်တို့ဖြင့် ပြည့်လျှမ်းနေသော အမိတာဘ ဗုဒ္ဓ၏ စိတ်တော်သည် ကြင်နာကရုဏာထားမှုပင် ဖြစ်သောကြောင့်၊ ဗုဒ္ဓသည် လူသားအားလုံးတို့အား ကယ်တင်နိုင်လေသည်။

အကောက်ကျစ်ဆုံးသော လူများ၊ မယုံကြည်နိုင်လောက်သော ပြစ်မှုများကို ကျူးလွန်ကြသူများ၊ စိတ်ထဲတွင်လောဘ၊ ဒေါသနှင့် မောဟမှုများဖြင့် အပြည့်ဖြစ်နေသူများ၊ လိမ်လည် ခြင်း၊ ဆဲဆိုခြင်းနှင့် လှည့်စားတတ်သူများ၊ သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်းနှင့် ရာဂကြီးစွာဖြင့် ပြုမူတတ်သူများ၊ နှစ်ပေါင်းများစွာ ဒုစရိုက်များကို လုပ်ဆောင်လာပြီးသည့်နောက်၊ သေဆုံးချိန် နီးကပ်နေသူများ၊

ယင်းလူများသည် ဘဝ ပေါင်းများစွာ ဝဋ္ဋခံကြရမည် ဖြစ်ပေသည်။

သူငယ်ချင်းကောင်းသည် ၄င်းတို့ထံ လာ၍၊ ယခုကဲ့သို့ ပြောကြားပါမည်။ "အသင်သည် ယခုအခါ၌ သေဆုံးချိန်သို့ ရောက်လာပေပြီ။ ကောက်ကျစ်စဉ်းလဲသော အသင်၏ ဘဝကို ဖျက်ပစ်ရန် မဖြစ်နိုင်ပါ။ သို့ရာတွင် အဆုံးအစမရှိသော အလင်းရောင်ရှင် (ဂါ) အမိတာဘဗုဒ္ဓ၏အမည်ကို ရွတ်ဆိုခြင်းဖြင့် (ဗုဒ္ဓနုဿတိ ဘာဝနာ ပွားများခြင်းဖြင့်) ဗုဒ္ဓ၏ ကရုဏာတော်အောက်တွင် ခိုလှုံနိုင် ပါသည်။"

အကယ်၍ ဤကောက်ကျစ်စဉ်းလဲသူ အပေါင်းတို့က အာရုံစူးစိုက်၍ ဗုဒ္ဓနုဿတိ ဘာဝနာ ပွား များကြမည်ဆိုပါက ငရဲဘုံသို့ ရောက်ရှိစေမည် ဖြစ်သော ဒုစရိုက်အပေါင်းတို့သည် ရှင်းလင်းပပျောက် ကာ သုဂတိဘုံသို့မည် ဖြစ်ပေသည်။

အကယ်၍ ဗုဒ္ဓ၏ အမည်တော်ကို အကြိမ်ကြိမ်အခါခါ ရွတ်ဆိုရုံမျှဖြင့် ဤသို့ ဖြစ်လာနိုင်ပါက ဤဗုဒ္ဓအပေါ် အာရုံစူးစိုက်နိုင်သူအတွက် မည်မျှပိုရ၍ အကျိုးရှိ လိမ့်မည်နည်း။

ဤကဲ့သို့ ဘဝသက်တမ်းကုန်ဆုံးခါနီး၌ ဗုဒ္ဓ၏ အမည်တော်ကို ရွတ်ဆိုနိုင်သူများအား အမိတာဘဗုဒ္ဓနှင့် တကွ မေတ္တာဂရုဏာတော်နှင့် ဉာဏ်ပညာရှင် ဗောဒိသတ္တတို့က လာရောက် တွေ့ဆုံ ကာ၊ ဗုဒ္ဓနိုင်ငံသို့ ခေါ်ဆောင်သွားမည်ဖြစ်၍ ကြာဖြူ၏ သန့်စင်မှုကမ္ဘာတွင် မွေးဖွားလာမည် ဖြစ်သည်။ (ဤသည်မှာ စိတ်၏ ဖန်တီးတွေးတောမှု တစ်ခုသာ ဖြစ်ပေသည်။ တည်းဖြတ်ရေးအဖွဲ့)

ထို့ကြောင့်၊ လူတိုင်းလူတိုင်းသည် "နမောအမိတာဘဗုဒ္ဓ" ၊ သို့မဟုတ် "အဆုံးအစ မရှိသော အလင်းရောင်နှင့် အကန့်အသတ်မရှိသော ဘဝရှင်ဗုဒ္ဓအပေါ် စိတ်နှလုံးသားအပြည့်ဖြင့် မှီခိုအားထား ခြင်း" ဟူသော စကားလုံးများကို စွဲမှတ်ထားသင့်ပေသည်။

II
အမိတာဘဗုဒ္ဓ၏ သန့်စင်မှုကမ္ဘာ (ဘုရားသာသနာ)

၁. အလင်းရောင်နှင့် ဘဝအနန္တရှင် ဗုဒ္ဓသည် အစဉ်အမြဲပင် ရှင်သန်နေ၍ ၄င်း၏ အမှန်တရားများကို ဟောနေပေသည်။ ဗုဒ္ဓ၏သန့်စင်သောကမ္ဘာတွင် ဆင်းရဲဒုက္ခမရှိ၊ အမှောင်ထုမရှိပဲ၊ နာရီတိုင်းမှာလည်း ပျော်ရွှင်မှုဖြင့်သာ ကျော်လွန်သွားလေသည်။ ထို့ကြောင့် ၄င်းကို ပျော်ရွှင်မှုကမ္ဘာ (၀ါ) သုဂတိဘဝဟု ခေါ်လေသည်။

ဤကမ္ဘာ၏ အလယ်တွင် သန့်စင်ကြည်လင်လှသော ရေကန်တစ်ခုရှိ၍ လှိုင်းငယ်လေးများသည် လည်း ရွှေသဲပွင့်များသာဖြစ်သော ကမ်းခြေပေါ်သို့ ညင်သာစွာ ရိုက်ခတ်နေလေသည်။ ဟိုတစ်နေရာ၊ ဤတစ်နေရာတို့တွင် လှည်းယာဉ်ဘီးအရွယ်မျှ ကြီးမားလှသော ကြာပွင့်များ၊ ရောင်စုံဖူးပွင့်နေလေ သည်။ အပြာရောင်ကြာပန်းမှ အပြာရောင်ခြည်၊ အ၀ါရောင်ကြာပန်းမှ အ၀ါရောင်ခြည်၊ အနီရောင် ကြာပန်းမှ အနီရောင်ခြည်၊ အဖြူရောင်ကြာပန်းမှ အဖြူရောင် အလင်းရောင်စု ရှိနေကြ၍ အမွှေးရနံ့များ သည် လေပြင်တစ်ခုလုံး၌ သင်းပျံ့နေလေသည်။

ရေကန်၏ အနီးပတ်၀နန်းကျင်၌ ရွှေနှင့်ငွေ၊ ကျောက်စိမ်း၊ ကျောက်သလင်းတို့ဖြင့် ဆင်ယင်ထား သော ပြဿဒ်များရှိနေ၍ ရေစပ်အထိ ဆင်းသက်သွားနိုင်သော၊ ကျောက်ဖြူလှေခါးထစ်များ ရှိနေလေ သည်။ အခြားသောနေရာများတွင်မူ ရေမျက်နှာပြင်ပေါ်သို့ ကားထွက်နေသော ကျောက်မျက် ရတနာ တင်းတိမ်တို့ဖြင့် ကာရံထားသည့် ပါးလွှာချောမွတ်သော သိုးမွေးထည်များရှိနေ၍ ကြားနေရာများတွင် အမွှေးရနံ့ပင်များနှင့် ပန်းချီများ ရှိနေလေသည်။

ကမ္ဘာသည် အလှရောင်ရှိန်တို့ဖြင့် တောက်ပနေ၍ လေပြင်မှာလည်း ကောင်းကင်ယံ၏ သာယာ ငြိမ့်ညောင်းသံများဖြင့် တုန်ခါနေလေသည်။ နေ့နှင့်ညအခါ ကာလအတွင်း ရောင်စုံသန်းနေသော ပန်း ဂတ်လွှာများက ခြောက်ကြိမ်တိုင်တိုင် ကောင်းကင်မှ ရွာကျလာသည်ကို လူများက ပန်းအိုးများဖြင့်

ကောက်ယူ၍ အခြားသော ဗုဒ္ဓကမ္ဘာများသို့ သယ်ဆောင်သွားကာ၊ များပြားလှစွာသော ဗုဒ္ဓများထံ ပေးအပ်ပူဇော်ကြလေသည်။

၂. အံ့မခန်းဖွယ်ရာဖြစ်သော ဤကမ္ဘာတွင် ၄င်းယ်များ အမြောက်အများ ရှိလေသည်။ နှင်းကဲ့သို့ ဖြူဖွေးနေသော ရေဗျိုင်းများနှင့် ရေငန်းများ လှပတောက်ပြောင်နေသည့် ရောင်စုံဒေါင်းငှက်များနှင့် အပူ ပိုင်းဇုံငှက်မျိုးစုံနှင့် အုပ်စုလိုက်ဖြစ်သော ၄င်းယ်ကလေးများသည် ညင်သာစွာ သီဆို ကျူးရင့်နေကြ လေသည်။ ဗုဒ္ဓ၏ သန့်စင်သောကမ္ဘာ တွင် ချိုမြစွာ အော်မြည်နေကြသော ဤ၄င်းယ်ကလေးများသည် ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို ရင့်ကျူးကြ၍ ဗုဒ္ဓ၏ ပါရမီတော် ကောင်းမှုများကို ချီးကျူးနေကြလေသည်။

ဤတေးသံသာများကို ကြားရသူတိုင်းသည် ဗုဒ္ဓ၏အသံတော်ကို နားဆင်ခြင်းပင် ဖြစ်၍ ယုံကြည် မှုစိတ်ဓာတ်သစ်နှင့် နေရာတိုင်းရှိ ယုံကြည်ကိုးစားသူ အချင်းချင်းတို့နှင့် ညီရင်းအစ်ကိုဖြစ်မှု၏ ပျော်ရွှင် ချမ်းမြေ့မှုများ ရှင်သန်နိုးကြားလာလေသည်။ ညင်သာသော လေပြေလေညင်းများသည် ယင်းသန့်စင် ကမ္ဘာအတွင်းရှိ သစ်ပင်များကို ဖြတ်သန်းကာ၊ ပြဿဒ်များ၏ ရနံ့မွှေးကြိုင်သော တင်းတိမ်များကို တုန် လှုပ်စေကာ သာယာ ပျော့ပြောင်းလှသည့် တေးသံများဖြင့် ကျော်ဖြတ်သွားကြလေသည်။

ဤကောင်းကင်ဘုံတေးသံ၏ တိုးလှသော ပဲ့တင်သံများကို ကြားရသည့်လူများသည် တရားနှင့် သံယာတို့ကို အာရုံပြုကြလေသည်။ ကောင်းမွန်ထူးမြတ်လှသော ဤအရာအပေါင်းတို့သည် သန့်စင် ကမ္ဘာတွင်းရှိ သာမန်အရာများသာ ဖြစ်ချေသည်။

၃. ဤကမ္ဘာရှိ ဗုဒ္ဓအား အမိတာဘ (ဂါ) အလင်းရောင်ခြည်နှင့် ဘဝအန္တနဗုဒ္ဓဟု အဘယ်ကြောင့် ခေါ်ဆိုကြပါသနည်း။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓ၏ အမှန်တရားများသည် ဗုဒ္ဓကမ္ဘာအလုံးစုံ၏ နေရာ အပေါင်းစုံသို့ အဟန့်အတားမရှိ ပျံ့လွင့်လွှမ်းခြုံနေသောကြောင့် ဖြစ်ပေသည်။ ဗုဒ္ဓ၏ မေတ္တာ ကရုဏာ တော်များသည် မရေမတွက်နိုင်သော ဘဝများနှင့် ခေတ်ကာလတစ်လျှောက်လုံးတွင်

မည်သည့်အခါမျှ လျော့နည်း ယုတ်လျော့သွားခြင်း မရှိသောကြောင့် ဖြစ်ပေသည်။

ဗုဒ္ဓ၏ သန့်စင်သောကမ္ဘာတွင် မွေးဖွားလာ၍ လုံးဝအမှန်တရား ရရှိကာ၊ သံသယ ဖြစ်မှုနှင့် သေခြင်းကမ္ဘာသို့ မည်သည့်အခါမျှ ပြန်သွားမည် မဟုတ်ကြသော လူဦးရေများ မရေမတွက်နိုင်လောက် အောင် များပြားလှသောကြောင့် ဖြစ်ပေသည်။

ဗုဒ္ဓ၏ အလင်းရောင်ဖြင့် ဘဝ၏ဆန်းသစ်မှုကို သိရှိလာကြသော လူဦးရေများလည်း မရေ မတွက်နိုင်အောင် များပြားလှသောကြောင့် ဖြစ်ပေသည်။ (ထေရဝါဒတွင်မူ တရားထူးရ၍ ဘဝ အဆုံး သတ်ခြင်းမျိုးဟု ဆိုရပေမည်။ တည်းဖြတ်ရေးအဖွဲ့)

ထို့ကြောင့် ဗုဒ္ဓအမည်ကို အာရုံစူးစိုက်၍ သေဆုံးခါနီးဌ် တစ်ရက်တည်းသာဖြစ်စေ သို့မဟုတ် ခုနစ်ရက်ဖြစ်စေ၊ ယုံကြည်မှုအပြည့်ဖြင့် ဗုဒ္ဓနုဿတိ ဘာဝနာ ပွားများသူများသည် တည်ငြိမ်သော စိတ် ဖြင့် ပြုလုပ်ခြင်းဖြစ်ပါက သေဆုံးချိန်ဌ် ပေါ်ထွက်လာမည် ဖြစ်သော အမိတာဘဗုဒ္ဓနှင့်တကွ အခြားသော ဗုဒ္ဓမြောက်များစွာတို့၏ ဦးဆောင်ခေါ်ဆောင်မှုအရ ဗုဒ္ဓ၏ သန့်စင်မှုကမ္ဘာတွင် မွေးဖွားလာကြမည် ဖြစ်ပေ သည်။ (ထေရဝါဒတွင်မူ သေခါနီး ဗုဒ္ဓနုဿတိကို အာရုံယူကာ ကောင်းသော ကုသိုလ် ဣန္ဒာရုံဖြင့် စုတီ စိတ်ကျ၍ သုဂတိဘုံသို့ တက်လှမ်းရန် ကြိုးစားကြသော ထေရဝါဒ ဘာသာဝင်များကဲ့သို့ မှတ်ယူသင့်ပါသည်။ တည်းဖြတ်ရေးအဖွဲ့)

လူတစ်ဦးတစ်ယောက်သည် အမိတာဘဗုဒ္ဓ၏အမည်ကို ကြားရ၍ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများတွင် ယုံကြည်စိတ်နိုးကြားလာပါက ၄င်းသည် တုပနှိုင်းယှဉ် ဖွယ်ရာ မရှိသော အမှန်တရားကို ရရှိနိုင်မည် ဖြစ်ပေသည်။

ကျင့်ကြံနည်းများ

အခန်း တစ်

အမှန်တရားသို့ သွားရာလမ်း

I

သမာဓိဆောက်တည်နည်း

(စိတ်ကို စင်ကြယ်စေသောနည်း)

၁. လူတို့တွင် လောကီရမက်များရှိကြ၍ ယင်းမှတဆင့် သံသယဖြစ်မှုနှင့် ဆင်းရဲဒုက္ခများ ဖြစ်ပွား ကြရလေသည်။ လောကီရမက်အနှောင်အဖွဲ့မှ ကျွတ်လွတ်နိုင်စေရန် နည်းလမ်းငါးခု ရှိလေသည်။

ပထမ၊ ၄င်းတို့သည် သေချာစွာ သမ္မာဒိဋ္ဌိ ကြည့်ရှုမှတ်သားချက်များအပေါ် အခြေခံထားသော မှန်ကန်သည့်အတွေးအခေါ်များရှိကြ၍ အကျိုးအကြောင်းနှင့်တကွ ယင်း၏ အရေးပါမှုကို မှန်ကန်စွာ နား လည်ရမည် ဖြစ်ပေသည်။ စိတ်၏ရမက်နှင့် တွယ်တာမှုများမှ ဆင်းရဲဒုက္ခများ အကြောင်းရင်းခံ ဖြစ်ပေါ် လာ၍ ရမက်နှင့်တွယ်တာမှုများမှာလည်း ငါဟူသော မိမိကိုယ်၏ မှားယွင်းသော တွေ့မြင်မှုများနှင့် ဆက် စပ်နေကာ၊ အကျိုးနှင့်အကြောင်း နိယာမ၏ အရေးပါမှုကို လျစ်လျူရှုကာ ဤသို့သော မှားယွင်းသည့် အတွေးအခေါ်များ ဖြစ်ပေါ်ခြင်း ဖြစ်သောကြောင့် ဤလောကီရမက်များကို စိတ်အတွင်းမှ ဖျောက်ပစ် နိုင်မှသာလျှင် ငြိမ်းချမ်းမှု ရရှိနိုင်ပေမည်။

ဒုတိယ၊ ဤမှားယွင်းသော အထင်အမြင်များနှင့် ယင်းမှတဆင့်ဖြစ်သော လောကီရမက်များကို ဂရုတစိုက်နှင့်စိတ်ရှည်စွာဖြင့် စိတ်ကိုချုပ်ထိန်းခြင်းဖြင့် ဖယ်ရှား ပစ်နိုင်လေသည်။ ထိရောက်သော စိတ် ချုပ်ထိန်းမှုဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ အရေခွံနှင့် စိတ်တို့၏ နှိုးဆော်မှုမှ ဖြစ်ပေါ်လာသော ဆန္ဒ ရမက်များကို ရှောင်ကွင်းနိုင်ကြပြီး၊ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် လောကီရမက် အပေါင်းတို့ကို အမြစ်မှ နေ၍၊ ဖြတ်တောက်ပစ်နိုင်လေသည်။

တတိယ၊ အရာခပ်သိမ်းတို့ကို (ယာနိသော မနသီကာရ- နှလုံးသွင်း)

သင့်တော်စွာ အသုံးပြုရေး နှင့် ပတ်သက်သည့် မှန်ကန်သော အတွေးအခေါ် ရှိရမည် ဖြစ်ပေသည်။ ဥပမာ- အစားအစာနှင့် အဝတ် အထည် ပစ္စည်းများနှင့် ပတ်သက်၍ သက်တောင့်သက်သာရှိမှုနှင့် ပျော်ရွှင်မှုအတွက် မစဉ်းစားပဲ ကိုယ်ခန္ဓာ၏ လိုအပ်ချက်အတွက်သာ စဉ်းစားရမည် ဖြစ်သည်။ အဝတ်အစားသည် အပူနှင့် အအေးဒဏ် တို့မှ ကိုယ်ခန္ဓာကို ကာကွယ်ရန်နှင့် ကိုယ်ခန္ဓာ၏ အရှက်ကို ဖုံးကွယ်ရန်တို့အတွက် လိုအပ်ပေသည်။ အစား အစာသည် အမှန်တရားရရှိရေးနှင့် ဗုဒ္ဓဘာသာသို့ ရောက်ရှိရေးအတွက် လိုအပ်ပေသည်။ ထိုကဲ့သို့သော မှန်ကန်သည့် တွေးခေါ်စဉ်းစားနည်းမှတဆင့် လောကီရမက်များ ထွက်ပေါ်လာနိုင်ခြင်း မရှိပါပေ။

စတုတ္ထ၊ (ခွန်) သည်းခံချုပ်တည်းနိုင်ရန် ဆည်းပူးလေ့ကျင့်ရမည် ဖြစ်သည်။ အပူနှင့်အအေး၊ အစာငတ်မွတ်ခြင်းနှင့် ရေငတ်ခြင်းတို့ကို သည်းခံနိုင်ရန် လေ့လာရမည်ဖြစ်သည်။ ဆဲဆိုခြင်း၊ ပြောင် လှောင်ခြင်းများကို ခံရချိန်တွင် သည်းခံနိုင်ရန် လေ့လာရမည်ဖြစ်သည်။ သည်းခံမှုကို ကျင့်သုံးခြင်းဖြင့် ကိုယ်ခန္ဓာကို လောင်ကျွမ်းနေသော လောကီရမက်မီးများကို ငြိမ်းသတ်နိုင်လေသည်။

ပဉ္စမ၊ (အသေဝနာစ ဘလာနံ) အန္တရာယ်အပေါင်းကို ကြည့်မြင်၊ ရှောင်ကွင်းနိုင်ရန် လေ့လာရ မည်ဖြစ်သည်။ ပညာရှိသူက မြင်းရိုင်းများ သို့မဟုတ် ခွေးရူးများနှင့် လွတ်ကင်းရာတွင် ရှောင်နေကြသကဲ့ သို့ မကောင်းသောလူများနှင့် မိတ်ဖွဲ့ခြင်းကို မပြုသင့်ဘဲ ပညာရှိများက ရှောင်ကွင်းနေသော နေရာများ သို့လည်း မသွားသင့်ပါပေ။ ဆင်ခြင်သတိထားမှုကို လက်ကိုင်ကျင့်သုံးပါက ကိုယ်ခန္ဓာအတွင်း လောင် ကျွမ်းနေသော လောကီရမက်မီးလည်း ငြိမ်းကျသွားပေမည်။

၂. လောကတွင် လိုအင်ရမက်ငါးရပ်ရှိလေသည်။ မျက်စိများက တွေ့မြင်ရသည့် ရုပ်ပုံများမှ ထွက်ပေါ် လာသော လိုအင်ရမက်များ၊ နားမှကြားရသောအသံများမှ နှာခေါင်းက ရှူရှိုက်မိသော အမွှေးရနံ့များမှ လျှာက ခံစားမိသော အရသာများမှ တွေ့ထိမှုကြောင့် ကောင်းစွာခံစားရသော အာရုံမှ လိုအင်ရမက်များ ထွက်ပေါ်လာလေသည်။ လိုအင်ရမက်အတွက် ဤကာမဂုဏ်ငါးပါးတို့မှ ကိုယ်ခန္ဓာ၏ စည်းစိမ်ချစ်မြတ် နိုးမှု ထွက်ပေါ်လာလေသည်။

အမှန်တရားသို့ သွားရာလမ်း

ကိုယ်ခန္ဓာ၏ စည်းစိမ်မြတ်နိုးမှု သြဇာလွှမ်းခြင်းခံရသူ အားလုံးလိုလိုတို့သည် စည်းစိမ်၏ နောက် တွင် လိုက်ပါလာသော မကောင်းမှုများကို သတိမမူမိကြပဲ တောအုပ်ထဲ၌ မုဆိုး၏ ထောင်ချောက်တွင် အမိခံရသော သမင်တစ်ကောင်ပမာ၊ မာရ်နတ်၏ ထောင်ချောက်ထဲ၌ အမိခံကြရလေသည်။ အမှန်မှာ အာရုံငါးပါးမှ ထွက်ပေါ်လာသော လိုအင်ရမက် ငါးပါးတို့သည် ကြောက်မက်ဖွယ်ရာ အကောင်းဆုံးသော ထောင်ချောက်များ ဖြစ်လေသည်။ ယင်းထောင်ချောက်များ၌ အမိခံနေရသောလူများသည် လောကီ ရမက်များ၏ နောင်ဖွဲ့ရစ်ပတ်မှုကို ခံရကာ၊ ဆင်းရဲဒုက္ခ ရောက်ကြရလေသည်။ ဤထောင်ချောက်များမှ လွတ်ကင်းနိုင်သော နည်းလမ်းကို ၄င်းတို့ သိရှိသင့်ပေသည်။

၃. လောကီရမက် ထောင်ချောက်တွင်းမှ လွတ်ကင်းနိုင်သော နည်းလမ်း တစ်ခုမျှ မရှိပါပေ။ ဥပမာ အသင်သည် စရိုက်ချင်းကွာခြားလှသော မြွေ၊ မိကျောင်း၊ ၄က်၊ ခွေး၊ မြေခွေးနှင့် မျောက် အစရှိသည့် တိရစ္ဆာန်ခြောက်ကောင်ကို ဖမ်းဆီး၍ ခိုင်ခန့်သော ကြိုးတစ်ချောင်းဖြင့် ချည်နှောင်ကာ လွှတ်ပေး လိုက်သည်ဆိုပါစို့။ တိရစ္ဆာန်တစ်ကောင်ချင်းစီသည် မိမိနည်းဖြင့် မိမိ၏ ပုန်းအောင်းနေထိုင်ရာ နေရာသို့ ပြန်သွားရန် ကြိုးပမ်းကြပေမည်။ မြွေသည် မြက်ပင် ရှိရာနေရာသို့၄င်း၊ မိကျောင်းသည် ရေရှိရာနေရာ သို့၄င်း၊ ၄က်သည် လေပြင်ထဲသို့ပျံတက်ရန်၄င်း၊ ခွေးသည် လူနေကျေးရွာတစ်ခုသို့၄င်း၊ မျောက်သည် သစ်ပင်ပေါများသည့် တောတောင်ရှိရာသို့၄င်း၊ ထွက်ခွာသွားရန် ကြိုးပမ်းကြမည် ဖြစ်သည်။ ထိုကဲ့သို့ ကြိုးပမ်းရုန်းကန်ကြရာတွင် တစ်ချိန်ချိန်၌ အသန်မာဆုံးသော တိရစ္ဆာန်က ကျန်တိရစ္ဆာန်များကို မိမိသွား လိုရာဖက်သို့ ဆွဲသွားမည် ဖြစ်ပေသည်။

ဤပုံပြင်ထဲရှိ တိရစ္ဆာန်များကဲ့သို့ပင် လူသားသည်လည်း မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ထိတွေ့မှု နှင့် ဦးနှောက်တည်းဟူသော အာရုံခြောက်ပါးတို့၏ ဆွဲဆောင်မှုအမျိုးစုံကို ခံကြရ၍ အပြင်းထန်ဆုံးသော လိုအင်ရမက်၏ ချုပ်ထိန်းမှုကို ခံကြရလေသည်။

အကယ်၍ တိရစ္ဆာန်ခြောက်ကောင်စလုံးအား တိုင်တစ်ခုတွင် ချည်နှောင်ထားပါက ၄င်းတို့သည် လွတ်မြောက်နိုင်ရန် ရုန်းကန်ကြမည်ဖြစ်ပြီး၊

မောပန်းလာသောအခါ၌ တိုင်ခြေရင်းတွင် လဲလျောင်း နေကြမည်ဖြစ်သည်။ ထိုကဲ့သို့ပင်လျှင် အကယ်၍သာ လူများသည် မိမိတို့၏ စိတ်ကို ချုပ်ထိန်းနိုင်ရန် လေ့ကျင့်ကြမည်ဆိုပါက အခြားသောအာရုံငါးပါးတို့၏ အနောင့်အယှက်များ ထပ်မံခံယူမည် မဟုတ်ပါ ပေ။ အကယ်၍ စိတ်ကို ချုပ်ထိန်းနိုင်မည် ဆိုပါက လူများသည် ပစ္စုပ္ပန်၌ငှင်း၊ အနာဂါတ်တွင်ငှင်း ပျော်ရွှင် ချမ်းသာမှုကို ရရှိနိုင်ပေမည်။

၄. လူတို့သည် မိမိတို့၏ ကိုယ်နှင့်ဆိုင်သော စည်းစိမ်ချမ်းသာကို ချစ်မြတ်နိုးကြ၏။ ၄င်းမှာ ကျော် ကြားမှုနှင့် ချီးကျူးမှုများကို ချစ်မြတ်နိုးခြင်းပင် ဖြစ်သည်။ သို့ရာတွင် ကျော်ကြားမှုနှင့် ချီးကျူးမှုတို့မှာ နံ့သာပေါင်းကဲ့သို့ပင်၊ မိမိကိုယ်ကို လောင်ကျွမ်းစေ၍ မကြာမီပင် ပျောက်ကွယ်သွားတတ်သည်။ အကယ်၍ လူများသည် ဂုဏ်ပကာသနနှင့် ပြည်သူတို့၏ ကောင်းချီးညြှောပေးမှုကို ရယူနိုင်ရန် ကြိုးပမ်းကာ၊ အမှန်တရား၏ လမ်းကြောင်းမှ လွဲချော်သွားကြ မည်ဆိုလျှင်၊ ၄င်းတို့သည် ဆိုးဂါးလှသော အွန်ရာယ်မျိုး နှင့်ကြုံတွေ့ကာ၊ မကြာမီပင် ဂမ်းနည်းဖွယ်ရာ ဖြစ်ရပ်များ ပေါ်ပေါက်လာပေမည်။

ထင်ပေါ်ကျော်ကြားမှု ရှေ့ငွေပစ္စည်းနှင့် အချစ်ရေးကိစ္စရပ်များကို ခုံမင်၍ လိုက်လံရှာဖွေသူသည် ဓားသွားပေါ်ရှိ ပျားရည်ကို လျှာနှင့်လျက်စားသော ကလေးသူငယ်နှင့် တူလေသည်။ ပျားရည်၏ ချိုမြ သောအရသာကို ခံစားနေဆဲမှာပင် လျှာကို ရှနာစေနိုင်သည့် အွန်ရာယ်နှင့် ရင်ဆိုင်ရပေသည်။ ထိုလူ သည် ပြင်းထန်စွာ တိုက်ခတ်လာနေသော လေဆန်ဘက်သို့ မီးရှူးတိုင်ကို သယ်ဆောင်သွားသူနှင့် တူပေသည်။ မီးတောက်များက ၄င်း၏ လက်များနှင့် မျက်နှာတို့ကို မလွဲမသွေ လောင်ကျွမ်းစေမည် ဖြစ်ပေသည်။

လောဘ၊ ဒေါသနှင့် မောဟတို့ဖြင့် အပြည့်ဖြစ်နေသော မိမိ၏ ကိုယ်ပိုင်စိတ်ကို ယုံကြည်ကိုးစား ခြင်းမပြုရပါပေ။ မိမိ၏ စိတ်ကို လွတ်လပ်စွာ လှုပ်ရှားနိုင်စေရန် လွှတ်မပေးဘဲ တင်းကြပ်ပိုင်နိုင်စွာ ချုပ်ထိန်းထားရမည် ဖြစ်သည်။

၅. စိတ်ချုပ်ထိန်းမှုကို ပိုင်နိုင်စွာ ပြုလုပ်နိုင်ရန်မှာ အခက်ခဲဆုံးသော အရာ

ဖြစ်ပေသည်။ အမှန် တရားကို ရှာဖွေသူတို့သည် ရှေးဦးစွာ မိမိတို့ကိုယ်မှ လိုအင်ရမက်မီးအပေါင်းကို ရှင်းလင်း သုတ်သင် ပစ်ရမည်ဖြစ်ပေသည်။ လိုအင်ရမက်သည် တဟုန်းဟုန်း တောက်လောင်နေသော မီးဖြစ်၍ မြက်ခြောက်များကို သယ်ဆောင်လာသူက မီးကို ရှောင်ရှားသည့်နည်းတူ၊ အမှန်တရားကို ရှာဖွေနေသူသည် လိုအင် ရမက်မီးကို ရှောင်ရှားရမည် ဖြစ်သည်။

သို့ရာတွင် လှပသော အသွင်ပုံသဏ္ဌာန်များ၏ ဆွဲဆောင်မှုကို ခံရမည်ကြောက်၍၊ မျက်စိ မှိတ်ထားမည်ဆိုပါက မိုက်မဲရာ ကျပေမည်။ စိတ်သည်သာလျှင် အရှင်ဖြစ်၍ စိတ်ကို ချုပ်ထိန်းထားနိုင် ပါက အခြားသောသေးငယ်သည့် လိုအင်ရမက်များ ပျောက်ကွယ်သွားမည် ဖြစ်သည်။

အမှန်တရားသို့ ရောက်ရှိနိုင်မည့် လမ်းကို လိုက်နာကျင့်သုံးရန် ခက်ခဲပေသည်။ သို့ရာတွင် ထိုကဲ့သို့သော လမ်းကို ရှာဖွေလိုစိတ်မရှိပါက၊ ပိုမိုခက်ခဲမည် ဖြစ်ပေသည်။ အမှန်တရား မရှိပါက အသက်ရှင် ခြင်းနှင့် သေခြင်းဖြစ်သော ဤကမ္ဘာလောကများအတွင်းတွင် အဆုံးအစ မရှိသော ဆင်းရဲဒုက္ခများသာ ရှိပေမည်။

အမှန်တရားသို့ ရောက်ရှိနိုင်ရန် လမ်းကြောင်းကို ရှာဖွေနေသူသည် လေးလံလှသော ဝန်ကို သယ်ဆောင်ကာ၊ ရွှံ့နွံများကို ဖြတ်ကျော်သွားရမည့် နွားနှင့် တူပေသည်။ အကယ်၍ ၄င်းနွားက အခြားသောအရာများကို ဂရုမပြုဘဲ အစွမ်းကုန် ကြိုးပမ်းဖြတ်ကျော်သွားမည်ဆိုပါက၊ ရွှံ့နွံများကို ကျော် လွန်ပြီး အနားယူနိုင်မည် ဖြစ်သည်။ ထိုနည်းတူပင်လျှင် စိတ်ကိုချုပ်ထိန်း၍ မှန်ကန်သော လမ်းစဉ် အတိုင်း လျှောက်လှမ်းနိုင်မည် ဆိုပါက၊ လောဘရွှံ့နွံများ၏ အဟန်အတားများကို ကျော်လွန်နိုင်မည် ဖြစ်ပြီး၊ ဆင်းရဲဒုက္ခအပေါင်းသည်လည်း ပျောက်ကွယ်သွားမည် ဖြစ်ပေသည်။

၆. အမှန်တရားလမ်းစဉ်ကို ရှာဖွေသောသူသည် ရှေးဦးစွာ မိမိကိုယ်ကို အထင်ကြီးမှုများကို ဖယ်ရှား ၍ ဗုဒ္ဓ၏ သွန်သင်ညွှန်ကြားမှု အလင်းရောင်ကို ရှိသေလေးစားစွာဖြင့် ခံယူလိုသည့် ဆန္ဒရှိရမည် ဖြစ်သည်။ ကမ္ဘာလောကအတွင်းရှိ

အဖိုးတန်ကျောက်မျက်ရတနာများ၊ ရွှေ၊ ငွေနှင့် ဂုဏ်သိက္ခာများသည် အသိဉာဏ်နှင့် ကောင်းမှုတို့နှင့် နှိုင်းယှဉ်နိုင်ခြင်း မရှိပါပေ။

ကျန်းမာစွာ ရှိစေရန် မိမိ၏မိသားစုအား စစ်မှန်သောပျော်ရွှင်မှု ရှိစေရန်နှင့် လူတိုင်း အတွက် ငြိမ်းချမ်းမှုရရှိစေရန် မိမိ၏ စိတ်ကို ရှေးဦးစွာစည်းကြပ် ချုပ်ထိန်းရမည် ဖြစ်ပေသည်။ မိမိ၏ စိတ်ကို ချုပ် ထိန်းနိုင်သူသည် အမှန်တရားလမ်းစဉ်ကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်၍ ဂုဏ်သိက္ခာအပေါင်းသည်လည်း သဘာဝအလျောက် ရရှိလာမည် ဖြစ်သည်။

အဖိုးတန်ရွှေငွေရတနာများကို မြေအောက်မှ တူးဖော်ရရှိသကဲ့သို့ပင်၊ ကောင်းသော လုပ်ရပ်များ မှ ဂုဏ်သိက္ခာ ထွက်ပေါ်လာ၍ သန့်စင်၍ အေးချမ်းသောစိတ်မှ အသိဉာဏ် ပေါ်ထွက်လာလေသည်။ ရှုပ်ထွေးကြမ်းတမ်း လှသော လူ့ဘဝကို လုံခြုံစွာ လျှောက်လှမ်းဖြတ်ကျော်နိုင်ရန် အသိဉာဏ် အလင်း ရောင်နှင့် ဂုဏ်သိက္ခာကောင်းမှု၏ ဦးဆောင်ညွှန်ကြားမှုများကို လိုအပ်ပေသည်။

လောဘ၊ ဒေါသနှင့် မောဟကို ရှင်းလင်းပစ်နိုင်ရန် ညွှန်ပြသော ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများသည် ကောင်းမွန်သော သွန်သင်ချက်များဖြစ်၍ လိုက်နာ ကျင့်သုံးသူများသည် ကောင်းမွန်သော ဘဝ၏ ပျော်ရွှင်ချမ်းသာမှုများကို ရရှိနိုင်ပေသည်။

၇. လူသားများသည် ၄င်းတို့၏ တွေးတောစိတ်ကူးမှုဖက်သို့ ရွှေ့လျားလိုသည့် သဘောမျိုး ရှိလေ သည်။ အကယ်၍ လောဘကြီးသည့် ကြံ့စည်တွေးတောမှုများ ပြုလုပ်ပါက ပိုမိုဒေါသကြီးလာကာ လက်စားချေရေးကို စဉ်းစားပါက ခြေထောက်များသည်လည်း ယင်းလားရာဘက်သို့ ဦးတည် ရွှေ့လျား လေသည်။

ကောက်ရိတ်ချိန်တွင် လယ်သမားများသည် ၄င်းတို့၏ ကျွန်းများကို ချည်နှောင်ထားကြလေ သည်။ သို့မဟုတ်ပါက ကျွန်းများက ခြံစည်းရိုးများကို ဖြတ်ကျော်ကာ၊ လယ်ကွင်းများ အတွင်းသို့ ဝင် ရောက်သွားခြင်းဖြင့်၊ အချင်းဖြစ်ပွားမှုများ၊ သို့မဟုတ် အသတ်ခံရမှု အကြောင်းရင်းများ ဖြစ်ပေါ်လာနိုင် ပေသည်။ ထို့ကြောင့် လူများသည် မဖြောင့်မတ်ခြင်းနှင့် ကံဆိုးမှုများမှ

ရှောင်ကွင်းနိုင်ရန်၊ မိမိတို့၏ စိတ်များကို အစဉ်အမြဲ ကာကွယ်စောင့်ထိန်းကြရမည် ဖြစ်သည်။ လောဘ၊ ဒေါသနှင့် မိုက်မဲမှုများကို ဖြစ်ပေါ်စေတတ်သော အတွေးအခေါ်များကို ဖျောက်ဖျက်၍၊ အလှူကောင်းမှုနှင့် ကြင်နာမှုများကို အားပေးသည့် အတွေးအခေါ်များကို မွေးထုတ်ရမည် ဖြစ်သည်။

နွေဦးပေါက်ရာသီ ရောက်လာ၍ စိမ်းလန်းစိုပြေသော မြက်ပင်များ အမြောက်အများ ပေါ်ပေါက် နေသောအခါ၊ လယ်သမားများသည် ၄င်းတို့၏ ကျွဲနွားများကို လွှတ်ထားကြလေသည်။ ယင်းသည့်တိုင် အောင် ၄င်းတို့သည် ကျွဲနွားများကို ကောင်းစွာ စောင့်ကြပ် ကြည့်ရှုနေပေသည်။ လူတို့၏ စိတ်များသည် လည်း အလားတူပင် ဖြစ်သည်။ အကောင်းဆုံးသော အခြေအနေမျိုးအောက်၌ပင်၊ စိတ်ကို စောင့်ထိန်း ကြည့်ရှုရမည် ဖြစ်သည်။

၈. မြတ်စွာဘုရားသည် တစ်ချိန်က ကောသမ္မီ (ကောဗီသံ) မြို့တွင် သီတင်းသုံးနေလေသည်။ ဤမြို့ တွင် ဗုဒ္ဓအား မုန်းတီးသူတစ်ဦးရှိ၍ ၄င်းက ဗုဒ္ဓအကြောင်း မမှန်သတင်းများကို ဖြန့်လွှင့်ရန်၊ ကောက် ကျစ်စည်းလဲသူများအား လာဘ်ထိုး၍ လုပ်ဆောင်စေလေသည်။ ဤကဲ့သို့သော အခြေအနေများကြောင့် ဗုဒ္ဓ၏ နောက်လိုက်အရွှေ့အရံများသည် လုံလောက်သော ဆွမ်းထမင်းများကို ခံယူနိုင်ရန် လွန်စွာ ခက်ခဲ ကြ၍၊ မကောင်းသတင်းများကိုသာ ကြားနေကြရလေသည်။

အာနန္ဒာက ဗုဒ္ဓအား လျှောက်တင်လေသည်။ "တပည့်တော်တို့သည် ဤကဲ့သို့သော မြို့တွင် နေထိုင်ရန် မသင့်ပါ။ အခြားပိုမိုကောင်းမွန်သော မြို့များ ရှိပါသည်။ ဤမြို့မှ ထွက်ခွာ သွားသင့်ပါသည် ဘုရား။"

ဗုဒ္ဓက ပြန်လည်မြွက်ကြားတော်မူသည်မှာ "နောက်မြို့သည်လည်း ဤမြို့ကဲ့သို့ပင် ဖြစ် ငြားအုံ၊ ငါတို့ဘာလုပ်ရမည်နည်း"

"ထိုအခါတွင်၊ အခြားနောက်တစ်မြို့သို့ သွားကြပါမည်။"

ဗုဒ္ဓက မြွက်ကြားတော်မူ၏။ "ထိုနည်းဖြင့် အဆုံးသတ်နိုင်မည်မဟုတ်ပါ အာနန္ဒာ၊ ငါတို့သည် ဤနေရာ၌ ပင်နေ၍၊ ပြစ်တင်ဝေဖန်မှုများ

ဆုံးခန်းတိုင်သွားသည်အထိ သည်းညည်းခံနေပြီးနောက်မှ၊ အခြား တစ်နေရာသို့ သွားကြမည်"

ဤကမ္ဘာလောကတွင် လာဘ၊ အလာဘ၊ ယသ၊ အယသ၊ ပသံသာ၊ နိန္ဒာ၊ သုခ၊ ဒုက္ခ ဟူသော လောကဓံရှစ်ပါးရှိပေသည်။ အမှန်တရားရပြီးသူသည် ဤကဲ့သို့သော ပြင်ပအရာများ၏ ချုပ်ထိန်းမှုများ ကို မခံရပါပေ။ ယင်းတို့သည် ပေါ်ထွက်လာသည်နှင့်အမျှ စောလျင်စွာပင် ပျောက်ကွယ်သွားမည်သာ ဖြစ်ပေသည်။"

II
မွန်မြတ်သောအမူအကျင့်

၁. အမှန်တရားလမ်းစဉ်ကို ရှာဖွေသူများသည် မိမိတို့၏ ကိုယ်ခန္ဓာ၊ စကားနှင့် စိတ်များကို အမြဲပင် သန့်စင်စွာ ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း၊ အစဉ်အမြဲ စွဲမှတ်ထားကြရမည် ဖြစ်ပေသည်။ ကိုယ် ခန္ဓာကို သန့်စင်စွာထားရှိနိုင်ရန် သက်ရှိသတ္တဝါမှန်သမျှကို သတ်ဖြတ်ခြင်း၊ ခိုးယူခြင်း၊ သို့မဟုတ် သူတပါး သားမယားကို ကျူးလွန်ခြင်းများ မပြုလုပ်ရပါပေ။ စကားပြောဆိုမှုကို သန့်စင်စွာ ထိန်းထားရန် မှာ လိမ်လည်ပြောဆိုခြင်း၊ ဆဲဆိုခြင်း၊ လှည့်စားခြင်း သို့မဟုတ် အဖျင်းပြောဆိုမှုများကို မပြုလုပ်ရပါပေ။ စိတ်ကိုသန့်စင်စွာ ထိန်းထားရန်မှာ လောဘ၊ ဒေါသနှင့် မှားယွင်းသည့် ထင်မြင်ယူဆချက်အလုံးစုံကို ဖယ်ရှားပစ်ရမည် ဖြစ်ပေသည်။

စိတ်က မသန့်စင်ပါက လုပ်ရပ်များသည်လည်း ဇကန်မုချသန့်စင်မည် မဟုတ်ပါပေ။ လုပ်ရပ်များ မသန့်စင်ပါက ဆင်းရဲဒုက္ခဖြစ်ပေမည်။ ထို့ကြောင့် စိတ်နှင့်ကိုယ်ခန္ဓာကို သန့်စင်စွာ ထိန်းသိမ်းထားရှိရေး သည် အရေးအကြီးဆုံးပင် ဖြစ်သည်။

၂. တရံရောအခါက ကြင်နာတတ်မှုနှင့် ယဉ်ကျေးသိမ်မွေ့မှုတို့ဖြင့် ကျော်ကြားသော ကြွယ်ဝချမ်း သာသည့် မုဆိုးမတစ်ဦးရှိလေသည်။ သူမတွင် ပညာရှိ၍ ဖွဲ့၊ ဂီရိယရှိသော အိမ်ဖော်တစ်ဦး ရှိလေသည်။

တစ်နေ့တွင် အိမ်ဖော်က ဤသို့ စဉ်းစားမိ၏။ "ငါ၏ အရှင်သခင်မသည် နာမည်ကောင်း ရှိပေ သည်။ သူမသည်ပင် ကိုယ်သဘာဝက ကောင်း၍လော၊ သို့မဟုတ် ပတ်ဝန်းကျင်ကြောင့် ကောင်းသ လော၊ သိရှိနိုင်ရန် စမ်းသပ်ကြည့်မည်။"

နောက်တစ်နေ့နံနက်၌ အိမ်ဖော်သည် နေ့လည်မွန်းတည့်ချိန်နီးပါးကျမှ အရှင်သခင်မ ရှေ့သို့ ထွက်ပေါ်လာခဲ့လေသည်။ အရှင်သခင်မသည် စိတ်ဆိုးစွာဖြင့်၊ အိမ်ဖော်အား ဆဲဆိုကြိမ်းမောင်းလေ သည်။ အိမ်ဖော်က ပြန်လည်ပြောကြားသည်မှာ "ကျွန်မက တစ်ရက် သို့မဟုတ် နှစ်ရက်ခန့်မျှ ပျင်းရိရုံဖြင့် ထိုမျှလောက် သည်းညည်းမခံနိုင်အောင် မဖြစ်သင့်ပါ" ။ ထိုအခါ

အရှင်သခင်မသည် အထူးပင် အမျက် ထွက်လာ၏။

နောက်တစ်နေ့၌လည်း အိမ်ဖော်သည် အိပ်ရာထ နောက်ကျပြန်လေသည်။ ထို့ကြောင့် အရှင် သခင်မသည် အထူးပင် စိတ်ဆိုး၍ အိမ်ဖော်အား ဒုတ်ဖြင့် ရိုက်လေသည်။ ဤအဖြစ်အပျက်ကို လူအမြောက်အများ ကြားသိလာကြ၍ ကြွယ်ဝချမ်းသာသော မုဆိုးမ၏ နာမည်ကောင်းမှာလည်း ပျက်ပြားသွားလေသည်။

၃. လူအမြောက်အများတို့သည် ဤအမျိုးသမီးနှင့် တူလေသည်။ ပတ်ဝန်းကျင် အခြေအနေများ ကျေနပ်အားရဖွယ်ရှိသောအခါ၌ ကြင်နာသနားမှု၊ သိမ်မွေ့မှုနှင့် ဆိတ်ငြိမ်မှုများ ရှိကြ၍၊ အခြေအနေများ ပြောင်းလဲသွားကာ ကျေနပ်ဖွယ်ရာ မရှိသောအခါတွင် အလားတူပင် ပြုမူနေထိုင်ခြင်း ရှိမရှိမှာမူ သံသယ ဖြစ်ဖွယ်ရာပင် ဖြစ်သည်။

လူတစ်ဦးတစ်ယောက်သည် သန့်စင်၍၊ အေးချမ်းသည့်စိတ်ကို ထိန်းသိမ်း ထားရှိကာ မကောင်း သောစကားများကို ကြားသိရချိန်၌ အခြားသူများ၏ မနာလိုမုန်းတီးမှုကို ခံရချိန်၌ သို့မဟုတ် အစား အစာ၊ အဝတ်အစားနှင့် နေအိမ်စသည်တို့တွင် မလုံမလောက် ဖြစ်နေသောအခါ၌ ကောင်းမွန်စွာပင် ဆက်လက်ပြုမူနေထိုင်နိုင်မှသာလျှင်၊ ၄င်းအား လူကောင်းဟု ခေါ်ဆိုနိုင်ပေသည်။

ထို့ကြောင့် ပတ်ဝန်းကျင်အခြေအနေများ ကျေနပ်ဖွယ်ရှိမှသာလျှင် ကောင်းသော အလုပ်ကို လုပ် ၍၊ အေးချမ်းသောစိတ်ကို ထားရှိသောသူသည် အမှန်ပင် ကောင်းမွန်သောလူ မဟုတ်ပါပေ။ ဗုဒ္ဓ၏ သွန် သင်ဆုံးမမှုများကို ခံယူ၍၊ ယင်းသွန်သင်ဆုံးမမှုများအတိုင်း မိမိတို့၏ စိတ်နှင့် ခန္ဓာကိုယ်များကို လေ့ကျင့် ချုပ်ထိန်းနေသူများသာလျှင် အမှန်ပင် ကောင်းမွန်၍ ယဉ်ကျေးသိမ်မွေ့ကာ၊ အေးချမ်းသော သူများဟု ခေါ်ဆိုနိုင်ပေသည်။

၄. သုံးစွဲရမည့် သင့်တော်သောစကားလုံးများနှင့် ပတ်သက်၍ ဆန့်ကျင်သော စကားလုံးအတွဲ ငါးတွဲ ရှိလေသည်။ အချိန်အခါနှင့် ဆီလျော်သင့်တော်သော စကားလုံးများနှင့် ဆီလျော်မှု မရှိလှသော စကား လုံးများ၊ အချက်အလက်များနှင့်

ကိုက်ညီမှုရှိသော စကားလုံးများနှင့် ကိုက်ညီမှုမရှိသော စကားလုံးများ၊ သာယာနာပျော်ဖွယ်ရှိသော စကားလုံးများနှင့် ယုတ်ရင့်ကြမ်းတမ်းသောစကားလုံးများ၊ အကျိုးရှိသော စကားလုံးများနှင့် ထိခိုက်နစ်နာစေသော စကားလုံးများ၊ ကြင်နာမှုရှိသော စကားလုံးများနှင့် မုန်းတီး သောစကားလုံးများ ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ပြောဆိုလိုသော စကားလုံးများကို ကောင်းစွာ ရွေးချယ်သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းစကားလုံးများကို ကြားသိရသူများသည် အကောင်း သို့မဟုတ် အဆိုး ဖြစ်နိုင်သောကြောင့် ဖြစ်ပေသည်။ အကယ်၍ ကျွန်ုပ်တို့၏ စိတ်ထဲတွင် ကြင်နာကရုဏာစိတ်များဖြင့် အပြည့်ဖြစ်နေပါက မကောင်းသော စကားလုံးများကို ခုခံနိုင်စွမ်း ရှိပေမည်။ ကျွန်ုပ်တို့၏ နှုတ်ခမ်းများမှ ရိုင်းစိုင်းသော စကားလုံးများကို ထွက်ခွင့်မပြုရပါပေ။ သို့မဟုတ်ပါက ဒေါသနှင့် မုန်းတီးစိတ်များ ထွက်ပေါ်လာမည် ဖြစ်သည်။ ကျွန်ုပ်တို့ ပြောဆိုသော စကားလုံးများသည် အစဉ်အမြဲပင် ကြင်နာမှုနှင့် ဉာဏ်ပညာရှိမှု စကားလုံးသာ ဖြစ်သင့်ပေသည်။

ကမ္ဘာကြီးရှိ မြေအားလုံးကို ရှင်းလင်းလိုသည့် လူတစ်ယောက်ရှိသည် ဆိုကြပါစို့။ ၄င်းသည် ဂေါ်ပြားနှင့် ဆန်ကောတို့ကို အသုံးပြု၍ မြေကြီးများကို နေရာအနှံ့သို့ ပျံ့လွင့်သွားစေရန် ကြိုးပမ်းလုပ်ဆောင် သော်လည်း မဖြစ်နိုင်သည့် လုပ်ငန်းတစ်ရပ်သာ ဖြစ်ချေသည်။ မိုက်မဲသော ဤလူကဲ့သို့ပင် ကျွန်ုပ်တို့ သည် စကားလုံးအားလုံးကို ရှင်းလင်းပစ်ရန် မမျှော်လင့်နိုင်ပါပေ။ ကျွန်ုပ်တို့သည် စိတ်ကို လေ့ကျင့်၍ အသဲနလုံးထဲ၌ ကြင်နာမှုများဖြင့် အပြည့် ဖြည့်ထားမှသာလျှင် အခြားသူများ၏ ပြောစကားများကြောင့် မတုန်မလှုပ် တည်ငြိမ်နေနိုင်မည် ဖြစ်သည်။

ကောင်းကင်ပြာပေါ်တွင် ရေဆေးဖြင့် ရုပ်ပုံရေးဆွဲခြယ်သရန် ကြိုးပမ်းပါက ဖြစ်နိုင်မည် မဟုတ်ပါ ပေ။ မြက်ခြောက်ဖြင့် ပြုလုပ်ထားသော မီးရှူးတိုင်ဖြင့် မြစ်ကြီးတစ်ခုအတွင်းရှိ ရေများကို ခမ်းခြောက် သွားအောင် မပြုလုပ်နိုင်သကဲ့သို့ ကောင်းစွာ အသားသေပြီးသော သားရေပြားနှစ်ချပ်ကို ပွတ်တိုက်ခြင်း ဖြင့်လည်း ထက်မြက်စူးရှသော အသံမျိုးထွက်ပေါ်လာ မည်မဟုတ်ပါပေ။ ဤဥပမာများကဲ့သို့ပင် လူတို့ သည် မည်ကဲ့သို့သော ကြမ်းတမ်းသည့် စကားမျိုးကို ကြားရသည်ဖြစ်စေ၊

တုန်လှုပ်ထိခိုက်ခြင်းမရှိစေရန်၊ မိမိတို့၏ စိတ်များကို လေ့ကျင့်သင့်ပေသည်။

ငှင်းတို့သည် ကမ္ဘာမြေကြီးကဲ့သို့ ကျယ်ပြန့်သော ကောင်းကင်ကဲ့သို့ အကန့်အသတ် မရှိသော မြစ်ကြီးကဲ့သို့ နက်ရှိုင်းသော ကောင်းစွာ အသားသေပြီးသော သားရေကဲ့သို့ နူးညံ့ပျော့ပြောင်းသော စိတ်မျိုးဖြစ်အောင် လေ့ကျင့်ကာ၊ ထိန်းသိမ်းထားရှိသင့်ပေသည်။

အကယ်၍ ရန်သူက အသင့်အား ဖမ်းဆီးကာ ညှင်းပန်းနှိပ်စက်သည့်တိုင်အောင် အသင်သည် စိတ်ဆင်းရဲပါက အသင်သည် ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို လိုက်နာနေခြင်း မရှိပါပေ။ မည်ကဲ့သို့သော အခြေအနေမျိုးဌမဆို၊ အသင်သည် ဤကဲ့သို့ စဉ်းစားတတ်ရမည် ဖြစ်သည်။ "ငါ၏ စိတ်သည် မတုန်လှုပ် နိုင်ပေ။ မုန်းတီးမှုနှင့် ဒေါသစကားများ၊ ငါ၏ နှုတ်ခမ်းများမှ ထွက်ပေါ်လာမည်မဟုတ်။ သက်ရှိ သတ္တဝါ အားလုံးအတွက် ကြင်နာကရုဏာ စိတ်များဖြင့် အပြည့်ဖြစ်နေသော စိတ်ထဲမှ ယိုစီးထွက်ပေါ်လာသော ကြင်နာသနားမှု အတွေးအခေါ်များဖြင့် ငါသည် ရန်သူအား ဝိုင်းခြုံထားမည်။"

၅. နေ့ခင်းတွင် မီးလောင်၍ ညဥ့် မီးခိုးအူနေသော ခြတောင်ပို့တစ်ခုကို တွေ့ရှိရသည့် လူတစ် ယောက်အကြောင်း ပုံပြင်တစ်ခုရှိလေသည်။ ငှင်းသည် မည်ကဲ့သို့ ပြုလုပ်သင့်ကြောင်း မေးမြန်းရန် ပညာရှိ တစ်ဦးထံသို့ သွားလေသည်။ ပညာရှိက ငှင်းအား ဓားရှည်တစ်လက်ဖြင့် ယင်းတောင်ပို့ကို တူးဆွရန် ပြောလေသည်။ ငှင်းသည်ပြောသည့်အတိုင်း ပြုလုပ်သောအခါ၊ အဂင်ဂကို ကာထားသည့် ဂိတ်တန်း၊ ရေ ပူဖောင်းအချို့၊ ကောက်ဆွတစ်ခု၊ သေတ္တာတစ်လုံး၊ လိပ်တစ်ကောင်၊ နွားသတ်ဓားတစ်လက်၊ အသား တစ်တုံးနှင့် နောက်ဆုံး၌ အပြင်သို့ ထွက်လာသော နဂါးတစ်ကောင်တို့ကို အစီအစဉ်အလိုက် တွေ့ရလေသည်။ ငှင်းလူသည် တွေ့ရှိခဲ့ရသည့်အတိုင်း ပညာရှိအား ပြန်လည်ပြောပြသော်လည်း ဤအချင်းအရာ များ၏ အရေးပါမှုကို ပညာရှိက ရှင်းပြကာ ဤသို့ပြောလေသည်။ "နဂါးမှလွဲ၍ ကျန်အရာများ အားလုံးကို စွန့်ပစ်လိုက်ပါ။ နဂါးတစ်ကောင်ကိုသာ ချန်လှပ်ထား၍ မထိခိုက် မနှောင့်ယှက်ပါနှင့်။`"

အမှန်တရားသို့ သွားရာလမ်း

ဤပုံပြင်ထဲတွင် ခြတောင်ပို့သည် လူကိုယ်ခန္ဓာကို ကိုယ်စားပြုပေသည်။ "နေ့ခင်းတွင် မီးလောင် ၍" သည်နေ့လည်နေ့ခင်း၌ လူများသည် ယခင်ညက စဉ်းစားထားသော အရာများကို လက်တွေ့ ပြုလုပ်တတ်ကြသော အချက်ကို ကိုယ်စားပြုသည်။ " ညှဉ် မီးခိုးအူနေသော" ညအချိန်၌ လူများသည် ယခင်တနေ့က ပြုလုပ်ခဲ့သော ကိစ္စရပ်များကို ပျော်ရွှင်စွာ သို့မဟုတ် ဝမ်းနည်းစွာဖြင့် ပြန်ပြောင်း အမှတ်ရ သည့်အချက်ကို ညွှန်ပြလေသည်။ ဤပုံပြင်၌ "လူတစ်ယောက်" ဆိုသည်မှာ အမှန်တရားကို ရှာဖွေနေသူ လူတစ်ဦးကို ဆိုလိုသည်။ " ပညာရှိတစ်ဦး" သည် ဗုဒ္ဓကို ဆိုလိုသည်။ "မားရှည်တစ်လက်" သည် ထက် မြက်သော အသိပညာ ဉာဏ်ဖြစ်သည်။ "တူးဆွခြင်း" သည် အမှန်တရားကို ရရှိနိုင်ရန် အတွက် ကြိုးပမ်း လုပ်ဆောင်မှုကို ရည်ညွှန်းသည်။

ယင်းပုံပြင်၌ "ဂိတ်တန်း" သည် အဂိဇ္ဇာ (၇) မသိနားမလည်မှုကို ကိုယ်စားပြုသည်။ "ရေပူ ဖောင်း" များသည် ဆင်းရဲဒုက္ခနှင့် ဒေါသဖြစ်မှုများကို ရည်ညွှန်းသည်။ ထို့အပြင် "ကောက်ဆွ" သည် တွေဝေမှုနှင့် စိုးရိမ်ကြောင့်ကြမှု၊ စိတ်မတည်ငြိမ်မှုကို ဖော်ပြသည်။ "သေတ္တာတစ်လုံး" သည် လောဘ၊ ဒေါသ၊ ပျင်းရိမှု၊ စိတ်ပြောင်းလဲမှု၊ နောင်တရမှုနှင့် စိတ်မရှင်းမလင်းဖြစ်မှုများ စုပုံနေကြောင်းကို ညွှန်ပြ သည်။ "နွားသတ်ဓား" သည် အာရုံ ငါးပါးတို့၏ ပေါင်းစပ်မှုကို ဖော်ပြ၍၊ "အသားတစ်တုံး" သည် လူတစ်ဦးအား ကျေနပ်မှု ရရှိစေရန် စွဲမြဲလုပ်ဆောင်စေသည့် ဆန္ဒရမက်ကို ဆိုလိုသည်။ ဤအရာ အားလုံးတို့သည် လူကို ဥပါဒါဖြစ်စေသဖြင့် ဗုဒ္ဓက "အရာအားလုံးကို စွန့်ပစ်လိုက်ပါ" ဟု မြွက်ကြား တော်မူလေသည်။

ထို့အပြင် "နဂါး" သည် လောကီရမက်အပေါင်းကို စွန့်လွှတ်ပြီးသော စိတ်ကို ဖော်ပြပေသည်။ လူတစ်ဦးက မိမိ၏ ခြေအောက်ကို အသိဉာဏ်မားဖြင့် တူးဆွကြည့်ပါက နောက်ဆုံးတွင် နဂါးကို တွေ့ရှိ ရမည် ဖြစ်သည်။ "နဂါးတစ်ကောင်တည်းကိုသာ ချန်လှပ်ထား၍ မနောင့်ယှက်ပါနှင့်" ဟူသည်မှာ လောကီရမက်အပေါင်းတို့မှ လွတ်ကင်းသောစိတ်ကို ရှာဖွေဖော်ထုတ်ပါဟူသော အဓိပ္ပာယ်ဖြစ်သည်။

၆. ဗုဒ္ဓ၏ နောက်လိုက်တပည့်တစ်ဦးဖြစ်သူ ပိဏ္ဍောဌသည် အမှန်တရားကို ရရှိပြီးနောက် ၄င်း၏ ဇာတိ ချက်ကြွေဖြစ်သော ကောသမ္မီ (ကောဗီသံ) သို့ မြို့သူမြို့သားများ၏ ကျေးဇူးကို ပြန်လည် ပေးဆပ်ရန် ပြန် သွားလေသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ၄င်းသည် ဗုဒ္ဓမျိုးစေ့များကို ပျိုးကြဲရန် ပျိုးခင်းကို ပြင်ဆင်လိုက်ခြင်းပင် ဖြစ်လေသည်။

ကောသမ္မီ (ကောဗီသံ) မြို့စွန်၌ ဂင်္ဂါမြစ်ကမ်းတလျှောက်တွင်ရှိသော ပန်းခြံငယ်လေးတစ်ခုတွင် အုန်းပင်များ အမြောက်အများ ပေါက်ရောက်နေ၍ လေပြေလေညှင်းများလည်း အမြဲမပြတ် တိုက်ခတ်နေ လေသည်။

ပူအိုက်လှသော နွေရာသီနေ့တစ်နေ့တွင် သစ်ပင်တစ်ပင်အောက်၌ အရှင်ပိဏ္ဍောလက ကမ္မဋ္ဌာန်းထိုင်နေစဉ် ဘုရင်ဥဒေနသည် ၄င်း၏ မိဖုရား၊ မောင်းမမိသံများနှင့် အပန်းဖြေရန် ပန်းခြံသို့ ရောက်လာ၍ တေးဂီတသံများနျင့် ပျော်ရွှင်မှုများကို ခံစားပြီးနောက်၊ အခြားသစ်ပင် တစ်ပင်၏အရိပ်၌ လှဲလျောင်းကျိန်းစက်နေလေသည်။

ရှင်ဘုရင်စက်တော် ခေါ်နေစဉ်၊ မိဖုရားများနှင့် မောင်းမမိသံများသည် အပန်းဖြေလမ်းလျှောက် ထွက်ကြရာ၊ ကမ္မဋ္ဌာန်းထိုင်နေသော ပိဏ္ဍောလအား တွေ့မြင်ကြရလေသည်။ ကြည်ညိုဖွယ် ကောင်းလှ သော သူတော်စင် (ရဟန္တာ) ဖြစ်ကြောင်း သိရှိကြသဖြင့်၊ ၄င်းတို့သည် သွန်သင်ဟောပြောပါရန် ပန်ကြား ကာ၊ ပိဏ္ဍောလ၏ ဟောပြောမှုများကို နားဆင်နေကြလေသည်။

ရှင်ဘုရင်သည် နိုးလာသောအခါ၌ မောင်းမမိသံများကို လိုက်လံရှာဖွေသောအခါ၊ ဤသူတော် စင်အား ဝိုင်းရံကာ၊ ဟောပြောမှုများကို နာယူနေကြကြောင်း တွေ့ရှိကြရလေသည်။ မနာလိုစိတ်နှင့် တဏှာရာဂစိတ်ရှိသူဖြစ်သော ဘုရင်သည် အမျက်ဒေါသထွက်ကာ၊ ပိဏ္ဍောလအား ဆဲဆိုပြောကြား လေသည်။ သူတော်စင် (ရဟန္တာ) ဖြစ်သော အသင်က အမျိုးသမီးများအကြား၌ အတင်းအဖျင်း ပြောဆို နေခြင်းကို ခွင့်မလွှတ်နိုင်ပါပေ” ။ ပိဏ္ဍောလသည် မျက်စိအစုံကို မှိတ်၍ နှုတ်ဆိတ်နေလေသည်။

အမျက်ထွက်နေသော ဘုရင်က မားရှည်ကိုဆွဲထုတ်လိုက်ကာ၊

ပိဏ္ဍောလအား ခြိမ်းခြောက် သော်လည်း သူတော်စင်မှာမူ နှုတ်ဆိတ်နေ၍ ကျောက်ဆောင်ကဲ့သို့ မတုန်မလှုပ် နေလေသည်။ ထို့ ကြောင့် ဘုရင်သည် ပိုမိုအမျက်ထွက်လာကာ၊ ခြတောင်ပို့တစ်ခုကို ဖောက်၍ ၊ ခြများဖြင့် အပြည့် ဖြစ်နေ သော အမှိုက်များကို ကျုံးယူကာ၊ ပိဏ္ဍောလကိုယ်ပေါ်သို့ ပစ်ပေါက်လိုက်လေသည်။ သို့ရာတွင် ပိဏ္ဍောလမှာမူ ကမ္မဋ္ဌာန်းထိုင်မြဲပင် ထိုင်နေ၍ စော်ကားမှုများနှင့် နာကျင်မှုများကို ဆိတ်ငြိမ်စွာပင် သည်း ညည်းခံနေလေသည်။

ထိုအခါ ဘုရင်သည် ၄င်း၏ ရိုင်းစိုင်းကြမ်းတမ်းသော အပြုအမူများအတွက် ရှက်လာကာ၊ ခွင့် လွှတ်ပါရန် ပိဏ္ဍောလအား တောင်းပန်လေသည်။ ဤအရေးအခင်းကြောင့် ဗုဒ္ဓ၏ သွန်သင်ဆုံးမချက် များသည် ဘုရင့်နန်းတော်သို့တိုင် ပျံ့နှံ့သွားကာ ထိုမှတဆင့် နိုင်ငံတစ်ဝှမ်းလုံးသို့ ပျံ့နှံ့သွားလေသည်။

၇. ရက်အနည်းငယ်ကြာသောအခါ ဘုရင်ဥဒေနသည် ပိဏ္ဍောလ သီတင်းသုံးနေသော တောအုပ် ရှိရာသို့ သွားရောက်ကာ ဤသို့မေးမြန်းလေသည်။ "အရှင်ဘုရား၊ ဗုဒ္ဓ၏ တပည့်နောက်လိုက် အများစု တို့သည် လူငယ်များ ဖြစ်ကြပါလျက်၊ တဏှာရာဂစိတ်များ၏ ဆွဲဆောင်မှုကို မခံရဘဲ၊ မိမိတို့၏ ကိုယ် ခန္ဓာများနှင့် စိတ်များကို သန့်စင်စွာ အဘယ်ကဲ့သို့ ထိန်းထားနိုင်ကြပါသနည်း။"

ပိဏ္ဍောလ ပြန်လည်ဖြေကြားတော်မူ၏။ "ဘုရင်မင်းကြီး အမျိုးသမီးအားလုံးကို လေးစားကြရန် ဗုဒ္ဓက ကျွန်ုပ်တို့အား သင်ကြားခဲ့ပေသည်။ ဗုဒ္ဓသည် အသက်ကြီးရင့်သူ အမျိုးသမီးအပေါင်းအား မိမိ တို့၏ မိခင်များအဖြစ်၄င်း၊ သက်တူရွယ်တူတို့အား အစ်မများ နှမများ အဖြစ်၄င်း၊ အသက်ငယ်ရွယ်သူ များအား သမီးများအဖြစ်၄င်း၊ ကြည့်မြင်ကြရန် ကျွန်ုပ်တို့အား သင်ကြားပေးခဲ့ပါသည်။ ဤသွန်သင် ညွှန်ကြားမှုကြောင့် ဗုဒ္ဓ၏ နောက်လိုက် တပည့်များသည် အသက်ငယ်ရွယ်ကြသော်လည်း တဏှာရာဂ စိတ်များ၏ ဆွဲဆောင်မှုများမှ လွတ်ကင်းကာ မိမိတို့၏ ကိုယ်ခန္ဓာများနှင့် စိတ်များကို သန့်စင်စွာ ထိန်း ထားနိုင်ကြခြင်း ဖြစ်ပါသည်။"

"သို့ရာတွင် အရှင်ဘုရား ယောဂျားဆိုသည်မှာ မိခင် သို့မဟုတ်

သမီးအရွယ်ရှိသော အမျိုးသမီး တစ်ဦးအပေါ် မသန့်စင်သော အတွေးမျိုး ရှိနိုင်ပေသည်။ ဗုဒ္ဓ၏ တပည့်တော်များက ၄င်းတို့၏ ရမက်များ ကို အဘယ်ကဲ့သို့ ချုပ်ထိန်းကြပါသနည်း။"

"ဘုရင်မင်းကြီး၊ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများသည် သွေးပြည်၊ ချွေးနှင့် ဆီကဲ့သို့သော အညစ် အကြေးပေါင်းစုံဖြင့် ပြည့်နှက်နေသည့် အရာများအဖြစ် ကြည့်မြင်ကြရန် ကျွန်ုပ်တို့အား ဘုရားက သွန်သင်ဟောပြောခဲ့ပါသည်။ ထိုကဲ့သို့ တွေးတောကြည့်မြင်မှုဖြင့် ကျွန်ုပ်တို့သည် ငယ်ရွယ်စေကာမူ၊ စိတ်ကိုသန့်စင်စွာ ထိန်းထားနိုင်ကြပါသည်။"

ဘုရင်က ထပ်မေးပြန်၏။ "ကိုယ်ခန္ဓာနှင့် စိတ်ကို လေ့ကျင့်ပြီးဖြစ်၍ အသိဉာဏ်ကြွယ်ဝပြီး ဖြစ် သော ရဟန်းအတွက် လွယ်ကူမည်ဖြစ်သော်လည်း၊ ထိုကဲ့သို့သော လေ့ကျင့်မှုမျိုး မရှိသေးသူများ အ တွက် ခက်ခဲလိမ့်မည် ဖြစ်သည်။ ၄င်းတို့သည် ညစ်ညမ်းမှုများကို သတိထား မှတ်သားရန် ကြိုးပမ်းကြ မည် ဖြစ်သော်လည်း မျက်စိများမှာမူ လှပသော ပုံသဏ္ဌာန်များကို ကြည့်ရှုကြမည် ဖြစ်သည်။ ၄င်းတို့ သည် အကျည်းတန်မှုများကို ကြည့်ရန် ကြိုးပမ်းကြမည် ဖြစ်သော်လည်း၊ လှပသောရုပ်ပုံများ၏ ဆွဲ ဆောင်မှုများကိုလည်း ခံကြရမည်သာ ဖြစ်ပေသည်။ ဘုရား၏ နောက်လိုက် တပည့်တော်များအနက် လူငယ်များက ၄င်းတို့၏ လုပ်ရပ်များကို သန့်စင်စွာ ထိန်းထားနိုင်ရန် အခြားသော အကြောင်းရင်းများ ရှိရမည် ဖြစ်ပါသည်။"

ပိဏ္ဍောလက ပြန်လည်ဖြေကြား၏။ ဘုရင်မင်းကြီး၊ အာရုံငါးပါး၏ တံခါးဝများကို စောင့်ထိန်းရန်၊ ကျွန်ုပ်တို့အား ဘုရားက သင်ကြားပေးပါသည်။ ကျွန်ုပ်တို့သည် လှပသော ရုပ်ပုံများနှင့် အရောင်များကို မျက်စိများဖြင့် ကြည့်မြင်သောအခါ၌၄င်း၊ သာယာသောအသံများကို နားဖြင့် ကြားရသောအခါ၌၄င်း၊ သာယာသောအသံများကို နားဖြင့်ကြားရသော အခါ၌၄င်း၊ ဖွေးရန့်များကို နှာခေါင်းဖြင့် ရှူရှိုက်ရသော အခါ၌၄င်း၊ ချိုမြသောအရာများကို လျှာဖြင့် ခံစားရချိန်၌၄င်း၊ သို့မဟုတ် နူးညံ့ပျော့ပြောင်းသော အရာများ ကို လက်ဖြင့် စမ်းသပ်သောအခါ၌၄င်း၊ ကျွန်ုပ်တို့သည် ဤစွဲမက်ဖွယ်ရာ ကောင်းသောအရာများတွင်၊ တွယ်တာစုံမက်ခြင်းမဖြစ်သကဲ့သို့၊ စွဲမက်ဖွယ်ရာ မကောင်းသော

အမှန်တရားသို့ သွားရာလမ်း

အရာများကြောင့်လည်း၊ တွန့်ဆုတ်ခြင်း မဖြစ်ရပါပေ။ ဤအာရုံငါးပါးတို့၏ တံခါးဝများကို ကောင်းစွာစောင့်ထိန်းရန် ကျွန်ုပ်တို့အား သင်ကြား ထားပါသည်။ ဘုရား၏ ဤသွန်သင်ညွှန်ပြမှုကြောင် လူငယ်တပည့်များပင်လျှင် ၄င်းတို့၏ စိတ်နှင့် ခန္ဓာ ကိုယ်များကို သန့်စင်စွာ စောင့်ထိန်းနိုင်ကြခြင်း ဖြစ်ပါသည်။

"ဘုရား၏ သွန်သင်ညွှန်ပြမှုများသည် အမှန်တကယ်ပင် ထူးကဲ ကောင်းမွန်လှပေ၏။ ကျွန်ုပ်၏ ကိုယ်ပိုင်အတွေ့အကြုံအရ လှပသော သို့မဟုတ် သာယာနာပျော်ဖွယ်ကောင်းသော အရာတစ်ခုခုနှင့် တွေ့ကြုံရပါက သတိတရား မထားလျှင် အာရုံ၏ ဆွဲဆောင်မှုကြောင့် လှုပ်ရှားမိကြောင်းကို ကျွန်ုပ် သိပါ သည်။ ကျွန်ုပ်တို့၏ လုပ်ရပ်များကို သန့်စင်စွာ ထိန်းထားနိုင်ရန်၊ အာရုံငါးပါး၏ တံခါးဝများတွင် အစဉ်အမြဲ သတိထား စောင့်ထိန်းနေရန်၊ အထူး အရေးကြီး လှပါသည်။"

၈. လူတစ်ဦးသည် ၄င်း၏ အတွေးအခေါ်များကို လက်တွေ့ အကောင်အထည် ဖော်လုပ်ဆောင် သည့်အခါတိုင်းတွင် တန်ပြန်သက်ရောက်မှုလည်း အမြဲ ဖြစ်ပေါ်လာလေသည်။ လူတစ်ဦးတစ်ယောက်၏ မတရားပြုမှုကို ခံရသောအခါ ပြန်လည်ပြောကြားခြင်း သို့မဟုတ် လက်စားချေလိုစိတ်များ ဖြစ်ပေါ်လာ သည်။ ဤကဲ့သို့သော သဘာဝအလျောက် တုန့်ပြန်မှုကို အစဉ်အမြဲ ဆန့်ကျင် စောင့်ထိန်းရမည် ဖြစ်သည်။ ၄င်းသည် လေဆန်ဖက်သို့ တံတွေးထွေးသည်နှင့်တူ၍ မည်သူ့ကိုမျှ မထိခိုက်ပဲ မိမိကိုယ်ကိုပင် ထိခိုက်လေသည်။ ၄င်းသည် လေတိုက်ခတ်လာရာဖက်သို့ ဖုန်လှည်းကျင်းသည်နှင့်တူ၍ ဖုန်များ ရှင်း မသွားဘဲ မိမိသာလျှင် ညစ်ပေလေသည်။ လက်စားချေလိုသည့် ဆန္ဒကို လိုက်လျောသူ၏ နောက်သို့ ဘေးဥပဒ်များ၊ ကံဆိုးမှုများ အမြဲ ကပ်ပါလာလေသည်။

၉. လောဘကို စွန့်ပယ်၍ အလှူအတန်းပြုသော စိတ်မျိုးကို ချစ်မြတ်နိုးမှုသည် အလွန်ကောင်းသော လုပ်ရပ်ပင် ဖြစ်သည်။ မြင့်မြတ်သောလမ်းစဉ်ကို အလေးပေးမှုအပေါ်၊ မိမိ၏ စိတ်ကို ထိန်းထားနိုင်မှုက ပို၍ပင် ကောင်းမွန်

လေသည်။

အတ္တစိတ်၊ တစ်ကိုယ်ကောင်းဆန်သောစိတ်ကို စွန့်ပယ်၍ အခြားသူများအား အကူအညီ ပေးလို သောစိတ်ဖြင့် အစားထိုးသင့်ပေသည်။ အခြားသူအား ပျော်ရွှင်စေရန် ပြုမူမှုသည် ထိုသူက နောက်အခြားသူအား ပျော်ရွှင်စွာပြုလုပ်ပေးရန် စိတ်ဆန္ဒ ဖြစ်ပေါ်လာမည် ဖြစ်၍၊ ထိုကဲ့သို့သော အပြုအမူမှ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှုများ ပေါက်ဖွားလာလေသည်။

ကညင်တိုင်တစ်ချောင်းဖြင့် ထောင်ပေါင်းများစွာသော ကညင်တိုင်များကို မီးထွန်းညှိပေးနိုင်ပြီး၊ ယင်းကညင်တိုင်၏ သက်တမ်းမှာလည်း တိုသွားမည် မဟုတ်ပါပေ။ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှုကို ခွဲဝေ ပေးခြင်းဖြင့် မည်သည့်အခါမျှ လျော့သွားမည် မဟုတ်ပါပေ။

အမှန်တရားကို ရှာဖွေသူတို့သည် ၄င်းတို့၏ ပထမခြေလှမ်းများကို သတိပြုရမည် ဖြစ်သည်။ ဆန္ဒရည်မှန်းချက်များ မည်မျှပင် မြင့်မားစေကာမူ၊ တဆင့်ပြီးတဆင့် တက်လှမ်းရမည် ဖြစ်သည်။ အမှန် တရားလမ်းစဉ်သို့ ချီတက်သော လေ့ခါးထစ်များကို ကျွန်ပ်တို့သည် နေ့စဉ်ဘဝ၌ ယနေ့၊ မနက်ဖန်၊ သဘက်ခါ စသည်ဖြင့် တက်လှမ်းသွားရမည် ဖြစ်ပေသည်။

၁၀. ဤလောကတွင် အမှန်တရားလမ်းစဉ်သို့ ချီတက်ရာ၌ ကျော်လွန်သွားရမည့် အခက်အခဲပေါင်း နှစ်ဆယ်ရှိလေသည်။ ၄င်းတို့မှာ (၁) ဆင်းရဲသော လူတစ်ဦးအတွက် ရက်ရောရန် ခက်ခဲခြင်း၊ (၂) ဘဝင်မြင့်သူ တစ်ဦးအတွက် အမှန်တရားလမ်းစဉ်ကို ရှာဖွေရန် ခက်ခဲခြင်း၊ (၃) မိမိ ကိုယ်ကျိုးကို စွန့်လွှတ်ကာ အမှန်တရားကို ရှာဖွေရန် ခက်ခဲခြင်း၊ (၄) ကမ္ဘာတွင် ဘုရားသက်တော် ထင်ရှားရှိနေစဉ် မွေးဖွားလာရန် ခက်ခဲခြင်း (၅) ဘုရား၏ သွန်သင်ဟောပြောမှုကို ကြားနာရန် ခက်ခဲခြင်း၊ (၆) ကိုယ်ခန္ဓာ၏ အာရုံရမက် ကို ဆန့်ကျင်ကာ စိတ်ကို စင်ကြယ်စွာ ထိန်းထားရန် ခက်ခဲခြင်း (၇) လုပ၍ မြတ်နိုးဖွယ်ကောင်းသော အရာများကို လိုချင်တပ်မက်ခြင်း မရှိရန် ခက်ခဲခြင်း၊ (၈) အာဏာရှိသူတစ်ဦးက ၄င်း၏ဆန္ဒကို ဖြည့်စွမ်းရန်အတွက် အာဏာမသုံးရန် ခက်ခဲခြင်း၊ (၉)

အမှန်တရားသို့ သွားရာလမ်း

အစော်ကားခံရချိန်၌ စိတ်မဆိုးရန် ခက်ခဲခြင်း (၁၀) ရုတ် ချည်းဖြစ်ပေါ်လာသော အခြေအနေများ၏ ဆွဲဆောင်မှုကြောင့် အပြစ်ကင်းစင်စွာ နေနိုင်ရန်ခက်ခဲခြင်း၊ (၁၁) ကျယ်ကျယ်ပြန့်ပြန့် အနစိတ် ဆည်းပူးလေ့လာရန် ခက်ခဲခြင်း (၁၂) အတွေ့အကြုံမရှိသောသူအား အထင်မသေးရန် ခက်ခဲခြင်း (၁၃) မိမိကိုယ်ကို နှိမ့်ချရန် ခက်ခဲခြင်း (၁၄) မိတ်ဆွေကောင်း ရရှိရန် ခက်ခဲ ခြင်း (၁၅) အမှန်တရားသို့ ရောက်ရှိနိုင်မည့် ကျင့်စဉ်များကို စောင့်ထိန်းလိုက်နာရန် ခက်ခဲခြင်း၊ (၁၆) ပြင်ပအခြေအနေများကြောင့် သြဇာခံခြင်း ၊ တုန်လှုပ်ခြင်းမရှိရန် ခက်ခဲခြင်း (၁၇) အခြားသူများ၏ စွမ်း ရည်ကို သိရှိကာ၊ သင်ကြားပေးရန် ခက်ခဲခြင်း (၁၈) အေးချမ်းသောစိတ်ကို ထိန်းသိမ်းထားရှိရန် ခက်ခဲခြင်း (၁၉) အမှန်နှင့် အမှားအကြောင်း ငြင်းခုံပြောဆိုခြင်း မပြုရန်အတွက် ခက်ခဲခြင်း (၂၀) ကောင်းမွန်သော နည်းလမ်းကို တွေ့ရှိလိုက်နာရန် ခက်ခဲခြင်းတို့ ဖြစ်လေသည်။

၁၁. လူကောင်းများနှင့် လူမိုက်များသည် ၄င်းတို့၏ သဘောသဘာဝချင်း ကွဲပြားကြလေသည်။ လူမိုက်များသည် မကောင်းသောလုပ်ရပ်ကို မကောင်းကြောင်း မသိကြပါပေ။ အကယ်၍ ယင်း မကောင်းမှု အကြောင်းကို သတိပေးပြောပြပါကလည်း ၄င်းတို့သည် ရပ်တန့်မသွားပဲ လုပ်မြဲပင် လုပ်ကြ၍ ထိုကဲ့သို့ မကောင်းကြောင်း သူတစ်ပါး၏ ပြောဆိုမှုကို မခံလိုကြပါပေ။ လူကောင်းများသည် အမှန်နှင့်အမှားကို လွန်စွာဆင်ခြင်သတိထားကြလေသည်။ ထိုကဲ့သို့သော မှားယွင်းသည့် လုပ်ရပ်များကို ညွှန်ပြ ပြောဆိုသူ များအားလည်း ၄င်းတို့က ကျေးဇူးတင်ကြလေသည်။

ဤသို့ဖြင့် လူကောင်းများနှင့် လူမိုက်များသည် အခြေခံအားဖြင့် ကွဲပြားကြလေသည်။ မိုက်မဲ သော သူများသည် ကြင်နာကရုဏာထာခြင်း ခံရသော်လည်း မည်သည့်အခါမျှ တန်ဖိုးမထားကြဘဲ ကောင်းသောသူများမှာမူ တန်ဖိုးထားကာ ကျေးဇူးတင်ကြလေသည်။ ပညာရှိသူများသည် ၄င်းတို့၏ တန်ဖိုးထားမှုနှင့် ကျေးဇူးတင်မှုများကို ကြင်နာသနားမှုဖြင့် ပြန်လည် ပေးဆပ်လေ့ရှိကြရာ၊ ကျေးဇူးရှင် တစ်ဦးတည်းသာ မဟုတ်မှု၍ အခြားလူအပေါင်းတို့အား ဖြစ်လေသည်။

III
ပုံတိုပတ်စများမှ သင်ခန်းစာများ

၁. တရံရောအခါက နိုင်ငံတစ်နိုင်ငံတွင် သက်ကြီးရွယ်အိုများအား လူသူမရောက်နိုင်သော ဝေးလံ လှသည့် တောတောင်များအတွင်းသို့ စွန့်ပစ်လေ့ရှိသော အလွန်ထူးခြားသည့် ဓလေ့ထုံးစံတစ်ရပ်ကို ကျင့်သုံးလျက်ရှိလေသည်။

ဂန်ကြီးတစ်ဦးသည် အသက်ကြီးရင့်ပြီဖြစ်သော ၄င်း၏ဖခင်အား ယင်းထုံးစံအတိုင်း ပြုမူရန် မဖြစ်နိုင်ကြောင်း တွေ့ရှိရသဖြင့် မြေအောက်တွင် လျှို့ဝှက်လိုက်ဂူတစ်ခုကို ဆောက်လုပ်ကာ ဖခင်အား ဝှက်ထား၍ ကျွေးမွေးစောင့်ရှောက်ထားလေသည်။

တစ်နေ့သ၌ ဘုရင့်ရှေ့မှောက်တွင် နတ်တစ်ပါးပေါ်လာ၍ ခက်ခဲသော မေးခွန်းတစ်ပုဒ်ကို မေးမြန်းကာ၊ ကျေနပ်ကောင်းမွန်စွာ ဖြေကြားနိုင်ခြင်းမရှိပါက၊ နိုင်ငံကို ဖျက်ဆီးသွားမည် ဖြစ်ကြောင်း ပြောကြားလေသည်။ ယင်းပုစ္ဆာမှာ "ဤတွင် မြွေနှစ်ကောင်ရှိသည်။ တစ်ကောင်ချင်းစီ၏ လိင်ကို ပြောပြ ပါ။"

ဘုရင်သော်၄င်း၊ နန်းတော်တွင်းရှိ မည်သူတစ်ဦးတစ်ယောက်မျှသော်၄င်း၊ ယင်းပုစ္ဆာကို ဖြေစွမ်းနိုင်ခြင်း မရှိကြပါပေ။ ထို့ကြောင့် နိုင်ငံတွင်းရှိ ဖြေဆိုနိုင်သူ မည်သူမဆို ဆုလာဘ်များစွာ ပေးမည်ဟု ဘုရင်က ကြေညာလေသည်။

ဂန်ကြီးသည် ဖခင်ပုန်းအောင်းနေရာသို့ သွားရောက်၍ ပုစ္ဆာ၏အဖြေကို မေးလေသည်။ လူအိုက ပြန်လည်ဖြေကြား၏။ "လွယ်ကူသောပုစ္ဆာပင် ဖြစ်ပါသည်။ မြွေနှစ်ကောင်အား ပျော့ပြောင်းသော ပုစ္ဆာ ပင်ဖြစ်ပါသည်။ မြွေနှစ်ကောင်အား ပျော့ပြောင်းသော ကော်ဇောပေါ်တွင် ချထားပါ။ လူးလွန့်ရွေ့လျား နေသော မြွေသည် အထီးဖြစ်၍ ငြိမ်နေသောမြွေသည် အမဖြစ်သည်။ "ဂန်ကြီးသည် ယင်းအဖြေကို ဘုရင်အား လျှောက်ကြားလိုက်သဖြင့် ပုစ္ဆာကို အောင်မြင်စွာ ဖြေရှင်းလိုက်လေသည်။

ထို့နောက်တွင်လည်း နတ်သားက ခက်ခဲသော ပုစ္ဆာအမျိုးမျိုးကို မေး၍ ဘုရင်နှင့် တစ်ကွ ၄င်း၏ နောက်လိုက်အသင်းအပင်းများ ဖြေဆိုနိုင်ခြင်း မရှိကြပါ၊

ဖော်ပြပါ ဂန်ကြီးကသာလျှင် သက်ကြီးရွယ်အို ဖခင်အား မေးမြန်းကာ အမြဲပင် အဖြေပေးနိုင်လေသည်။

အချို့သောမေးခွန်းများနှင့် အဖြေများမှာ ဤသို့ဖြစ်သည်။ "အိပ်ပျော်နေသော်လည်း နိုးနေသူအဖြစ် ခေါ်ဆို၍ ၊ နိုးနေသော်လည်း အိပ်ပျော်နေသူအဖြစ် ခေါ်ဆိုခြင်းခံရသူသည် မည်သူနည်း။ "ဌင်း သည် အမှန်တရား ရရှိနိုင်ရန် လေ့ကျင့်နေသူဖြစ်သည်။ ဌင်းသည် အမှန်တရားကို စိတ်မဂင်စားသူများ နှင့် နှိုင်းယှဉ်ကြည့်ပါက နိုးနေသူ ဖြစ်သည်။ အမှန်တရားကို ရရှိပြီးသူများနှင့် နှိုင်းယှဉ်ပါက ဌင်းသည် အိပ်နေသူဖြစ်သည်။

"ကြီးမားသော ဆင်တစ်ကောင်၏ အလေးချိန်ကို အဘယ်ကဲ့သို့ ချိန်နိုင်ပါသနည်း။" "ဆင်ကို လှေတစ်စီးပေါ်တွင် တင်ဆောင်၍ ဌင်းလှေက ရေမျက်နှာပြင်အောက် မည့်သည့်အမှတ်အထိ နစ်သွား ကြောင်းကို ရေးဆွဲမှတ်သားထားပါ။ ထို့နောက် ဆင်ကို ကုန်းပေါ် တက်ခိုင်း၍ အလားတူအမှတ်အထိ နစ် သွားအောင် လှေပေါ် ခဲများ တင်ဆောင်ထားပါ။ ထို့နောက် ဤကျောက်ခဲများကို ချိန်ကြည့်ပါ။"

"ရေတစ်ခွက်သည် ပင်လယ်သမုဒ္ဒရာရေထက် ပိုများသည်" ။ ဟူသော စကားပုံ၏ အဓိပ္ပာယ်ကို ဖော်ပြပါ။ အဖြေမှာ ဤသို့ပင် ဖြစ်သည်။ "မိမိ၏ မိဘများအား၊ သို့မဟုတ် ဖျားနာနေသူတစ်ဦးအား၊ သန့်စင်ကြည်လင်၍ ကြင်နာမှု အပြည့်ရှိသော စိတ်ဓာတ်ဖြင့် ရေတစ်ခွက်တိုက်ခြင်းသည် အဆုံးအစရှိ သော ကုသိုလ်ကောင်းမှုကို ရပေသည်။ သို့ရာတွင် ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေများသည် တစ်နေ့ နေ့၌ ကုန်ခမ်းသွားမည် ဖြစ်သည်။"

နတ်သားသည် အရိုးနှင့်အရေသာ ကျန်ရှိတော့သော ငတ်မွတ်နေသ တစ်ဦးအသွင် ဖန်ဆင်း၍ "ဤကမ္ဘာပေါ်တွင် ကျွန်ပ်ထက်ပို၍ ဆင်းရဲ ငတ်ပြတ်နေသူ ရှိပါသလား" ဟု မေးလေသည်။ "ဘုရား၊ တရားနှင့် သံဃာတည်းဟူသော ရတနာသုံးပါးကို မယုံကြည်သည့်၊ တစ်ကိုယ်ကောင်းဆန်၍ လောဘ ကြီးလွန်းလှသောလူသည်၊ မိဘများနှင့်ဆရာများအားလည်း ပေးကမ်းခြင်း မရှိသဖြင့် ပိုမို ငတ်ပြတ်နေရုံ၊ မက၊ ဆာလောင်မွတ်သိပ်နေသော ပြိတ္တာဘဝသို့

ကျရောက်သွားမည် ဖြစ်ပြီး ယင်းဘဝ၌ပင် အဆုံးမရှိ ငတ်ပြတ်နေမည် ဖြစ်သည်။"

"ဤတွင် ၊ စန္ဒကူးသား ပျဉ်ပြားတစ်ချပ်ရှိသည်။ မည်သည့်အပိုင်းသည် ပင်စည်၏ အောက်ပိုင်း ဖြစ်သနည်း။" "ပျဉ်ပြားကို ရေပေါ် မျှောထားပါ။ အနည်းငယ် ပိုမို နစ်မြုပ်သွားသောအပိုင်းသည် အမြစ်နှင့် ပိုမိုနီးကပ်သည့်အပိုင်း ဖြစ်သည်။"

"ဤတွင်၊ အရွယ်တူ ပုံတူမြင်းနစ်ကောင် ရှိသည်။ မိခင်နှင့်သားကို အဘယ်သို့ ခွဲခြားနိုင်မည် နည်း" ။ " မြက်ခြောက် အနည်းငယ် ကျွေးကြည့်ပါ။ မိခင်မြင်းမသည် သားဖက်သို့ မြက်ခြောက်များကို တွန်းပေးပေလိမ့်မည်။"

"ခက်ခဲလှသော ဤမေးခွန်းများအတွက် အဖြေတိုင်းသည် နတ်သားနှင့် တကွ ဘုရင်တို့အား အထူးဟမ်းသာကျေနပ်စေလေသည်။ မြေအောက် လိုဏ်ဂူထဲတွင် ပှက်ထားသော သက်ကြီးရွယ်အို ဖခင် ထံမှ ဤအဖြေများကို ရရှိကြောင်း သိရှိရသည့်ဘုရင်သည် လွန်စွာ ကျေးဇူးတင်ရှိ၍ တောတောင်များထဲ သို့ သက်ကြီးရွယ်အိုများအား စွန့်ပစ်စေသော ဥပဒေကို ပြန်လည်ရုပ်သိမ်းကာ ၄င်းတို့အား ကြင်နာစွာ ပြုစုစောင့်ရှောက်ထားကြရန် အမိန့်ပေးလေသည်။

၂. မဇ္ဈိမဒေသရှိ "ဂိဒေဟ" မိဖုရားသည် တစ်ခါက အစွယ်ခြောက်ချောင်းရှိသော ဆင်ဖြူတော် တစ်ကောင်ကို အိပ်မက်မြင်မက်လေသည်။ မိဖုရားသည် ဆင်စွယ်များကို လိုချင်တပ်မက်လှသဖြင့် ရှာယူပေးပါရန် ဘုရင်အား ပန်ကြားလေသည်။ မဖြစ်နိုင်လောက်သော ကိစ္စရပ် ဖြစ်သော်လည်း မိဖုရား အား ချစ်မြတ်နိုးလှသည့် ဘုရင်သည် ထိုကဲ့သို့သော ဆင်ကို တွေ့ရှိ သတင်းပေးနိုင်သူ၊ မည်သည့်မုဆိုး ကိုမဆို၊ ဆုလာဘ်များစွာပေးမည်ဟု ကြေညာလေသည်။

ယင်းကဲ့သို့သော အစွယ်ခြောက်ချောင်းရှိသည့် ဆဒ္ဒန်ဆင်တစ်ကောင်သည် ဟိမဝန္တာတောင် တွင် အမှန်တကယ်ပင် ရှိနေ၍ ဗုဒ္ဓဘဝသို့ ရောက်ရှိနိုင်ရန် တရားကျင့်ကြံနေသော ဆင် ဖြစ်လေသည်။ ၄င်းဆင်သည် တစ်ခါက တောနက်ကြီးအတွင်း၌ အရေးပေါ် အခြေအနေနှင့် ကြုံတွေ့နေရသော မုဆိုး

တစ်ယောက်၏ အသက်ကို ကယ်ဆယ်ဘူး၍၊ ထိုမုဆိုးသည်လည်း ဘေးမသီရန်မခဘဲ မိမိနေရာသို့ ပြန်သွားနိုင်လေသည်။ သို့ရာတွင် ဆုလာဘ်များကို အမက်မောလွန်၍ ဆင်၏ ကယ်တင်မှု ကျေးဇူးတရား များကို မေ့လျော့ကာ၊ ၄င်းမှ မုဆိုးသည် ဆင်ကို သတ်ဖြတ်ရန်၊ တောတောင်တွင်းသို့ ပြန်လာလေသည်။

ဗုဒ္ဓဘဝသို့ရောက်ရှိနိုင်ရန် တရားကျင့်ကြံနေသော ဆင်အကြောင်းကို သိရှိသဖြင့်၊ မုဆိုးသည် ရဟန်းတော်ကြီးအသွင် သယ်နှင်းခံ၍ ဆင်၏အလစ်ကို ချောင်းကာ၊ အဆိပ်လူးမြှားဖြင့် ပစ်သတ်လေ သည်။

မိမိ သေဆုံးရတော့မည်ဖြစ်ကြောင်းနှင့် ဆုလာဘ်ရယူရန် လောဘီ ရမက်များဖြင့် ဖုံးလွှမ်းနေ သော မုဆိုး၏ အကြောင်းကို သိရှိသော ဆင်သည် မုဆိုးအပေါ် ကြင်နာသနားကာ အခြားသော လာဘ်စားချေလိုသည့် ဆင်များ၏ အမျက်ဒေါသဘေးဒဏ်မှ မိမိ၏ခြေလက်များ အတွင်း ကွယ်ပှက်ကာ ကာကွယ်ပေးလေသည်။ ထို့နောက် ဆင်က အဘယ်ကြောင့် ဤမျှ မိုက်မဲသော အလုပ်ကို ပြုလုပ်ပါ သနည်းဟု မုဆိုးအား မေးလေသည်။ မုဆိုးက ဆုလာဘ်အကြောင်း ပြန်ပြောပြ၍ ဆင်၏ အစွယ် ခြောက်ချောင်းကို ရယူလိုခြင်းဖြစ်ကြောင်း ဂန်ဧပြောကြားလေသည်။ ဆင်သည် ချက်ချင်းပင် အပင် တစ်ပင်ကို ထိုးနှက်ခြင်းဖြင့်၊ အစွယ်ခြောက်ချောင်းကို ချိုး၍ မုဆိုးအား ပေးအပ်ကာ၊ ဤသို့ ပြောဆိုလေ သည်။ "ဤပေးလှူမှုဖြင့် ကျွန်ုပ်သည် ဗုဒ္ဓဘဝအတွက် လေ့ကျင့်မှုများ ပြီးပြည့်စုံပြီ ဖြစ်၍ သန့်စင်သော ကမ္ဘာတွင် မွေးဖွားလာမည် ဖြစ်ပေသည်။ ကျွန်ုပ်သည် ဗုဒ္ဓဖြစ်လာသောအခါ အသင်အား လောဘ၊ ဒေါသ နှင့် မောဟ ဟူသော အဆိပ်မြှားသုံးချောင်းကို စွန့်ပယ်နိုင်စေရန် အကူအညီပေးမည်။"

၃. ဟိမန္တာတောင်တန်း၏ ခြေရင်းနား၌ရှိသော ဂါးရုံတွင် တရံရောအခါက ကြက်တူရွေး တစ်ကောင်သည် အခြားသောတိရစ္ဆာန်များ၊ ငှက်ငယ်များနှင့်အတူတကွ နေထိုင်နေလေသည်။ တစ်နေ့ ၌ လေပြင်းထန်စွာ တိုက်ခတ်သောကြောင့် ခြုံတန်းအတွင်းရှိ ဂါးပင်များ ပွတ်တိုက်မှုမှ မီးတောက်လောင် လာသဖြင့် ငှက်များနှင့် တိရစ္ဆာန်များသည် ကြောက်ရွံ့ တုန်လှုပ်နေကြလေသည်။ ၄င်းတို့၏

ကြောက်ရွံ့ မှုနှင့် ဆင်းရဲဒုက္ခများကို ကရုဏာသက်မိသော ကြက်တူရွေးသည် ခိုလှုံရပ်နားနိုင်ခဲ့သော ဂါးရုံအားလည်း ကျေးဇူးပြန်ဆပ်လိုသဖြင့် ၄င်းတို့အား ကယ်ဆယ်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လေသည်။ ကြက်တူရွေးသည် အနီးနားရှိ ရေကန်တစ်ခုတွင် မိမိကိုယ်ကို ရေစွတ်၍ မီးပေါ်သို့ ပျံသန်းလာကာ၊ မီးကို ငြိမ်းသတ်ရန်အတွက် မိမိကိုယ်ပေါ်မှ ရေစက်များကို ခါချလေသည်။ ကြက်တူရွေးသည် ဂါးရုံအပေါ် ကျေးဇူးတင်စိတ်နှင့် မေတ္တာကရုဏာဖြစ်၍ ဤကဲ့သို့ ကြိမ်ဖန်များစွာ ဇွဲရှိရှိဖြင့် ပြုလုပ်လေသည်။

ဤကဲ့သို့သော ကြင်နာမှုနှင့် ကိုယ်ကျိုးစွန့်မှု စိတ်ဓာတ်ကို အထက်ကောင်းကင်ဘုံမှ သိကြားမင်း က သိမြင်တော်မူ၍ ကောင်းကင်ပေါ်မှ ဆင်းလာကာ၊ ကြက်တူရွေးအား ဤကဲ့သို့ပြောလေသည်။ "အသင်သည် ရဲရင့်သောစိတ် ရှိသော်လည်း၊ ရေစက် အနည်းငယ်ဖြင့် ဤမီးကြီးကို အဘယ်သို့ မီးငြိမ်း သတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသနည်း။" ကြက်တူရွေးက ပြန်လည်ဖြေကြား၏။ "ကျေးဇူးတင်ရှိမှုနှင့် ကိုယ်ကျိုးစွန့်မှု စိတ်ဓာတ်ဖြင့် မစွမ်းဆောင်နိုင်သော အရာဟူ၍ ဘာမျှမရှိပါ။ ကျွန်ုပ်သည် အကြိမ်ကြိမ် အခါခါ ထိုမှသည် နောင်ဘဝတိုင် ကြိုးပမ်းလုပ်ဆောင်ပါမည်။" သိကြားသည် ကြက်တူရွေး၏ စိတ်ဓာတ် ကို အထူး မြတ်နိုးချီးမွမ်းကာ၊ နှစ်ဦးပူးပေါင်း၍ မီးကို ငြိမ်းသတ်လိုက်လေသည်။

၄. တစ်ရံရောအခါက ဟိမဝန္တာတောင်တန်းတွင် ကိုယ်ခန္ဓာတစ်ခုနှင့် ဦးခေါင်းနှစ်ခု ရှိသော ၄က် တစ်ကောင် နေထိုင်လျက် ရှိလေသည်။ တစ်နေ့တွင် ဦးခေါင်းတစ်ခုသည် အခြားသော ဦးခေါင်းက ချိုမြ သောသစ်သီးအချို့ကို စားသုံးနေသည်ကို တွေ့မြင်ရ၍ မနာလိုစိတ် ဖြစ်ကာ မိမိကိုယ်ကို ဤသို့ ပြော လေသည်။ "အကျွန်ုပ်သည် အဆိပ်ပါသော သစ်သီးကို စားမည်။" သို့နှင့် ၄င်းဦးခေါင်းသည် အဆိပ်ကို စားသုံးသဖြင့် ၄က်တစ်ကောင်လုံး သေဆုံးသွား လေသည်။

အမှန်တရားသို့ သွားရာလမ်း

၅. တစ်ချိန်က မြေ့တစ်ကောင်၏ အမြီးနှင့် ခေါင်းတို့သည် မည်သည့်အပိုင်းက အရှေ့ ဖြစ်သင့် ကြောင်း အငြင်းပွားကြလေသည်။ အမြီးက ဦးခေါင်းအားပြော၏ ။ "အသင်သည် အမြဲပင် အရှေ့မှ ဦးဆောင်သွားနေသည်။ ၎င်းမှာ တရားမမျှတသဖြင့် တခါတရံ ကျွန်ုပ်အား ဦးဆောင်ခွင့် ပေးသင့်ပါ သည်။" ဦးခေါင်းက ပြန်ဖြေ၏။ "ကျွန်ုပ်က ဦးပိုးဖြစ်သင့်သည်ဆိုသည်မှာ သဘာဝ၏ နိယာမပင် ဖြစ်သည်။ အသင်နှင့် နေရာချင်း မလဲနိုင်ပါ။"

သို့ရာတွင် အငြင်းပွားမှုမှာ ဆက်လက်ဖြစ်ပွားနေ၍ တစ်နေ့သောအခါ အမြီးသည် မိမိကိုယ်ကို အပင်တစ်ပင်၌ ရစ်ပတ်ချည်နှောင်ထားခြင်းဖြင့် ဦးခေါင်းအား ရှေ့သို့ မသွားနိုင်စေရန် ဟန့်တားထား လေသည်။ ဦးခေါင်းသည် ရုန်းကန်၍ မောပန်းလာသောအခါ၌၊ အမြီးသည် မိမိဆန္ဒအလျှောက် ဦးဆောင်သွားသောအခါ နောက်ဆုံး၌ မြွေသည် မီးပုံတစ်ခုတွင်းသို့ ကျရောက်သွားကာ သေဆုံးသွားလေသည်။

သဘာဝ လောကတွင် သင့်တင့်လျောက်ပတ်သော အစီအစဉ်တစ်ရပ် အမြဲတည်ရှိနေ၍၊ အရာ ခပ်သိမ်းသည်လည်း မိမိတို့၏ ကိုယ်ပိုင်လုပ်ငန်းတာဝန်ရှိကြလေသည်။ အကယ်၍ ဤအစီအစဉ်ကို ပျက်ပြားအောင် ဖျက်လိုက်ပါက လုပ်ငန်းတာဝန်ပိုင်းသည်လည်း ကမောက်ကမ ဖြစ်သွားကာ အစီအစဉ် တစ်ခုလုံး ပျက်သုဉ်းသွားမည် ဖြစ်ပေသည်။

၆. တရံရောအခါက စိတ်တို၍ စိတ်ပြောင်းမြန်သော လူတစ်ယောက်ရှိလေသည်။ တစ်နေ့တွ၌ လူ နှစ်ယောက်တို့သည် ထိုလူ နေထိုင်လျက်ရှိသော အိမ်ရှေ့၌ ထိုလူ၏အကြောင်းကို ပြောဆိုနေကြလေ သည်။ လူတစ်ယောက်က နောက်တစ်ယောက်အား ဤသို့ပြော၏။ "ဤအိမ်ရှင်သည် လူကောင်းတစ်ယောက် ဖြစ်သော်လည်း ၊ သည်းညည်းမခံနိုင်ပါ။ ဒေါသအလွန်ကြီး၍ အလွယ်တကူ စိတ်တိုတတ်ပါ သည်။" ဤသို့ပြောဆိုသံကို ကြားရသော အိမ်ရှင်သည် အိမ်မှပြေးထွက်လာကာ၊ စကားပြောနေသော လူနှစ်ယောက်အား ပုတ်ခတ်၊

ထိုးနှက် ကန်ကြောက်ခြင်းဖြင့် ဒဏ်ရာရစေလေသည်။

လိမ်မာပါးနပ်သူသည် ၄င်း၏ အမှားများအကြောင်းကို ညွှန်ပြ ပြောဆိုခြင်းခံရသောအခါတွင် ပြန်ပြောင်းစဉ်းစား၍ အမူအကျင့် ပိုမိုကောင်းမွန်လာအောင် ပြုပြင်နေထိုင်လေသည်။ မကောင်းသော အမူ အကျင့်များအကြောင်းကို ညွှန်ပြပြောဆိုခြင်းခံရသော လူမိုက်မှာမူ၊ ညွှန်ပြပြောဆိုမှုကို ဂရုမပြုရုံ သာမက၊ အလားတူ အမှားမျိုးကို ထပ်မံ ကျူးလွန်တတ် လေသည်။

၇. တရံရောအခါက ကြွယ်ဝချမ်းသာသော်လည်း မိုက်မဲသောလူတစ်ယောက် ရှိလေသည်။ အခြား သော လူတစ်ယောက်၏ လုပသော သုံးထပ်အိမ်တစ်လုံးကို တွေ့မြင်ရသောအခါ ထိုလူသည် မနာလို စိတ်ရှိ၍၊ မိမိလည်း အလားတူပင် ချမ်းသာကြွယ်ဝသည်ဟု ထင်မှတ်ကာ၊ ထိုအိမ်အတိုင်း အိမ်တစ်လုံး ဆောက်လုပ်ရန် ဆုံးဖြတ်လိုက်လေသည်။ ၄င်းသည် လက်သမားတစ်ယောက်ကို ခေါ်၍ ဆောက်လုပ် ရန် အမိန့်ပေးလေသည်။ လက်သမားကလည်း သဘောတူလက်ခံ၍ ချက်ချင်းပင် စတင်ကာ၊ အုတ်မြစ်၊ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့ကို ဆောက်လုပ်လေသည်။ ယင်းအချက်ကို တွေ့မြင်မိ သောသူဌေးသည် စိတ်မရှည်နိုင်ဘဲ ဤသို့ပြောလေသည်။ "အုတ်မြတ်ကိုသော်၄င်း၊ ပထမထပ်ကို သော် ၄င်း၊ သို့မဟုတ် ဒုတိယထပ်ကိုသော်၄င်း၊ ကျွန်ပ်အလိုမရှိပါ။ လုပသော တတိယထပ်သာ အလိုရှိပါ သည်။ ထိုအထပ်ကို ဆောလျင်စွာ ဆောက်လုပ်ပါ။"

မိုက်မဲသူတစ်ဦးသည် ရလဒ်များကိုသာ အစဉ်အမြဲ တွေးတောစဉ်းစား၍ ကောင်းမွန်သော ရလဒ် မျိုး ရရှိနိုင်ရန်အတွက်လိုအပ်သော ကြိုးပမ်းချက်များကိုမူ သည်းညည်းမခံနိုင် ဖြစ်တတ်လေသည်။ သင့်တော်သော ကြိုးပမ်းချက်မျိုး မရှိပဲနှင့် ကောင်းမွန်သောရလာဒ်မျိုး မရရှိနိုင်ပါ။ အုတ်မြစ်၊ ပထမနှင့် ဒုတိယထပ်များ မရှိပဲနှင့် တတိယထပ် မရရှိနိုင်သကဲ့သို့ပင် ဖြစ်ပေသည်။

အမှန်တရားသို့ သွားရာလမ်း

၈. တရံရောအခါက လူမိုက်တစ်ယောက်သည် ပျားရည်ကို ကျိုချက်နေ၏။ ၎င်း၏ မိတ်ဆွေ တစ်ဦး ရုတ်တရက် ရောက်ရှိလာသဖြင့် လူမိုက်က ပျားရည်ကျွေးလိုသောကြောင့် ပူလွန်းလှသော ပျားရည်ကို မီးဖိုပေါ်မှ မချဘဲ အေးသွားစေရန် ယပ်တောင်ဖြင့် ခပ်ပေးလေသည်။ အလားတူပင်၊ ရှေးဦးစွာ လောကီ ရမက်မီးများကို မဖယ်ရှားပဲနှင့်၊ အေးမြသော ပညာဉာဏ် ပျားရည်ကို မရရှိနိုင်ပါပေ။

၉. တရံရောအခါက ဘီလူးနှစ်ကောင်တို့သည် သေတ္တာတစ်လုံး၊ ကြိမ်လုံးတစ်ချောင်းနှင့် ဖိနပ် တစ်ရံတို့အတွက် တစ်နေကုန် ငြင်းခုံ အချင်းပွားနေကြလေသည်။ ၎င်းတို့အနီးသို့ ရောက်ရှိလာသော လူ တစ်ဦးက မေးမြန်း၏။ "ဤအရာများအတွက် အဘယ်ကြောင့် အငြင်းပွားနေကြသနည်း။ ၎င်းအရာများ သည် မည်ကဲ့သို့သော ထူးခြားသည့်တန်ခိုးအာဏာများ ရှိနေ၍ အသင်တို့က ရယူပိုင်ဆိုင်လိုကြောင်း အငြင်းပွားခြင်း ဖြစ်သနည်း။"

ဘီလူးများက သေတ္တာအတွင်းမှ အစားအစာ၊ အဝတ် သို့မဟုတ် ရတနာရွှေငွေ အစရှိသည့် အလိုရှိရာပစ္စည်းများကို ရယူနိုင်ကြောင်း၊ ကြိမ်လုံးဖြင့် ရန်သူအပေါင်းကို နှိမ်နင်းနိုင်ကြောင်းနှင့် ၎င်းဖိနပ် ဖြင့် လေထဲတွင် ပျံသန်းသွားနိုင်ကြောင်း၊ ထိုလူအား ရှင်းလင်း ပြောပြလေသည်။"

ထိုလူက ပြော၏။ "အငြင်းပွားရန်မလိုပါ။ အသင်တို့က ခေတ္တခဏမျှ ရှောင်နေမည် ဆိုပါက ပစ္စည်းများကို သင်တို့ နှစ်ယောက်အကြား မျှတစွာ ခွဲဝေပေးနိုင်သည့် နည်းကို ကျွန်ုပ် ဆောင်ရွက်နိုင်ပါ သည်။" ထို့ကြောင့် ဘီလူးနှစ်ကောင်တို့သည် ရှောင်တိမ်းသွားကြလေသည်။ ၎င်းတို့ ထွက်ခွာသွား သည်နှင့် တစ်ပြိုင်နက်၊ ထိုလူသည် ဖိနပ်ကိုစီး၍ သေတ္တာကို လက်ဝယ်ပိုက်ကာ၊ ကြိမ်လုံးဖြင့် လေထဲသို့ ပျံသန်းထွက်ခွာသွားလေသည်။

ဘီလူး ဟူသည်မှာ မိစ္ဆာဂါဒီအယူအဆ မှားယွင်းနေသူများကို ဆိုလိုသည်။ "သေတ္တာ တစ်လုံး" သည် အလှူအတန်းပေးမှုမှ ရရှိသော ကုသိုလ်ကောင်းမှု ဖြစ်သည်။ လှူဒါန်းမှုမှ အဖိုးတန်ရွှေငွေ ရတနာ များ၊ မည်မျှရယူနိုင်သည်ကို

ငင်းတို့နားမလည်ကြပါပေ။ "ကြိမ်တစ်ချောင်း" သည် စိတ်ကိုတည်ငြိမ်စေရန် ကမ္ဘဏ္ဍာန်းထိုင်လေ့ကျင့်ခြင်းဖြင့် လောကီ ရမက်အပေါင်းကို နှိမ်နင်း အောင်မြင်နိုင်ကြောင်း မသိရှိကြပါ ပေ။ "ဖိနပ်တစ်ရံ" ဟူသည်မှာ သီလ (၇) ရမက်နှင့် အငြင်းပွားမှုအပေါင်းကို ကျော်လွန်စေနိုင်သည့် သန့်စင်သော အတွေးအခေါ်နှင့် အမူအကျင့်ကို ဆိုလိုသည်။ ၄င်းတို့သည် ဤအကြောင်းများကို မသိရှိ ကြပဲ သေတ္တာတစ်လုံး၊ ကြိမ်တစ်ချောင်းနှင့် ဖိနပ်တစ်ရံကို လုယူ၍ အငြင်းပွားနေကြခြင်း ဖြစ်ပေသည်။

၁၀. တရံရောအခါက လူတစ်ယောက်သည် တစ်ဦးတည်း ခရီးထွက်လာလေသည်။ ညနေခင်း၌ လူသူနေထိုင်ခြင်း မရှိသော အိမ်လွတ်တစ်လုံးသို့ ရောက်ရှိလာရာ၊ ထိုအိမ်၌ပင် တစ်ညအိပ်ရန် ၄င်းက ဆုံးဖြတ်လိုက်လေသည်။ ညသန်းခေါင်အချိန် လောက်တွင် ဘီလူးတစ်ကောင်က အလောင်းတစ်ခုကို သယ်ဆောင်လာကာ ကြမ်းပေါ်တွင် ချထားလေသည်။ မကြာမီပင် ဘီလူးနောက်တစ်ကောင် ရောက်ရှိ လာ၍ ယင်းအလောင်းမှာ မိမိပိုင် ဖြစ်သည်ဟု ပြောကြားကာ အငြင်းပွား နေကြလေသည်။

ထိုအခါ ပထမမကောင်းဆိုးဝါးက ဆက်လက်ငြင်းခုံနေ၍ အကျိုးထူးမည် မဟုတ်သဖြင့် ဒိုင် လူကြီး၏ ဆုံးဖြတ်ချက်ကို ခံယူကြရန် အဆိုပြုလေသည်။ ဒုတိယဘီလူးက ယင်းအဆိုပြုချက်ကို သဘောတူ လက်ခံသဖြင့် အခန်းထောင့်တွင် တုန်တုန်ရီရီဖြစ်နေသော လူကို တွေ့မြင်၍၊ မည်သူက ပိုင်ဆိုင်သင့်ကြောင်း၊ ဆုံးဖြတ်ပေးရန် ပြောကြားလေသည်။ ထိုလူသည် အထူး ကြောက်လန့်နေလေ သည်။ အဘယ်ကြောင့်ဆိုသော် မည်ကဲ့သို့ ဆုံးဖြတ်ချက်မျိုးကို ချမှတ်စေကာမူ၊ အရှုံးပေးခံရသော ဘီလူးက အမျက်ချောင်းချောင်းထွက်ကာ မိမိအား ကလဲ့စားခေျသတ်ဖြတ်မည်ကို ကောင်းစွာ သိရှိထား သဖြင့်၊ မိမိ တွေ့မြင်ခဲ့ရသည့်အတိုင်း အမှန်အတိုင်းပြောဆိုရန် ၄င်းက ဆုံးဖြတ်လိုက်လေသည်။

ထိုလူ မျှော်လင့်ထားသည့်အတိုင်း ပြောဆိုပြီးသည့်အခါတွင် ဒုတိယ ဘီလူးသည် စိတ်ဆိုး၍၊ ထိုလူ၏ လက်မောင်းတစ်ဖက်ကို ဖမ်းကိုင်ကာ

ဆွဲဖြတ်ပစ်လေသည်။ သို့ရာတွင် ပထမဘီလူးက အလောင်း၏ လက်ကို ထိုလူအား ပြန်တပ်ပေးလေသည်။ စိတ်ဆိုးနေသော ဘီလူးသည် ထိုလူ၏ ကျန်သောလက်တစ်ဖက်ကို ဆွဲဖြတ်ပစ်ပြန်ရာ၊ ပထမဘီလူးက အလောင်းမှ ကျန်သော လက်တစ်ဖက် ဖြင့် ပြန်တပ်ပေးပြန်၏။ ဤသို့ဖြင့် လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ဦးခေါင်းနှင့် ကိုယ်ခန္ဓာတို့ကို အသီးသီး ဆွဲဖြတ်ပြီး အလားတူ အလောင်းမှ အစိတ်အပိုင်းများဖြင့် ပြန်တပ်ထားလေသည်။ ထို့နောက်တွင် ၄င်း ဘီလူးနှစ်ကောင်သည် ကြမ်းပေါ်တွင် ပြန့်ကျဲနေသော လူ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို တွေ့မြင်၍ ကောက်ယူစားသုံးကာ ရီရီမောမောဖြင့် ထွက်ခွာသွားကြလေသည်။

လူမရှိသောအိမ်၌ ဝင်ရောက်တည်းခိုမိသော ထိုလူသည် ကြောက်မက်ဖွယ်ရာ ကောင်းသော အဖြစ်ကြောင့် လွန်စွာ စိတ်မချမ်းမသာ ဖြစ်နေလေသည်။ ဘီလူးများက စားသုံးသွားသော ကိုယ်ခန္ဓာ အစိတ်အပိုင်းများသည် ၄င်း၏ မိဘများက ပေးခဲ့သော အစိတ်အပိုင်းများ ဖြစ်၍၊ ယခုလက်ရှိ ၄င်း၏ ကိုယ်အဂါအစိတ်အပိုင်းများမှာမူ အလောင်းကောင်မှ ဖြစ်လေသည်။ သူသည် အဘယ်သူပါနည်း။ ၄င်း သည် ဖြစ်ရပ်အလုံးစုံကို သိရှိသော်လည်း၊ စဉ်းစား၍ နားမလည်နိုင်ပဲ ရူးသွပ်လာသဖြင့်၊ အိမ်မှ ထွက်လာ လေသည်။ ဘုရားကျောင်းတစ်ခုသို့ ရောက်သောအခါ သူသည် အတွင်းသို့ဝင်၍ ဖြစ်ရပ်အလုံးစုံကို ဘုန်းတော်ကြီးများအား လျှောက်ထားလေသည်။ ၄င်း၏ ဇာတ်လမ်းအရ၊ ငါမဟုတ်မူ၏ အဓိပ္ပာယ် အစစ် အမှန်ကို လူများ တွေ့မြင်နိုင်ကြပေသည်။

၁၁. တရံရောအခါက ကောင်းစွာဝတ်ဆင်ထားသော လှပသည့် အမျိုးသမီးတစ်ဦးသည် နေအိမ် တစ်အိမ်သို့ ရောက်လာလေသည်။ သူမအား အဘယ်သူဖြစ်ပါသနည်းဟု အိမ်ရှင်က မေး၏။ သူမက ရှေ့ဌေစည်းစိမ်၏ ဘုရားသခင်မဖြစ်ကြောင်း၊ ပြန်လည်ဖြေကြားလေသည်။ အိမ်ရှင်သည် ဝမ်းမြောက် ဝမ်းသာဖြစ်၍၊ သူမအား ကောင်းစွာ ပြုစုကျွေးမွေး ဧည့်ခံလေသည်။

မကြာမီပင် အရုပ်ဆိုး၍ ဆင်းရဲစွာ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် ပေါ်လာပြန်လေ သည်။ အိမ်ရှင်က အဘယ်သူပါနည်းဟု မေးမြန်းသောအခါ၊ သူမက ဆင်းရဲခြင်း၏ ဘုရားသခင်မ ဖြစ်ကြောင်း ပြန်လည်ဖြေကြားလေသည်။ အိမ်ရှင်သည် ကြောက်ရွံ့တုန်လှုပ်လျက် သူမအားအိမ်မှ မောင်းထုတ်ရန် ကြိုးပမ်းသော်လည်း သူမက ထွက်ခွာမသွားပဲ ဤသို့ ပြောလေသည်။ "ရှေ့ငွေစည်းစိမ် ဘုရားသခင်မသည် ငါ၏ အစ်မဖြစ်သည်။ ငါတို့နှစ်ယောက် မည်သည့်အခါမျှ သီးခြားစီ ခွဲမနေကြရန် သဘောတူညီ ထားကြသည်။ အကယ်၍ သင်က ကျွန်ုပ် အားမောင်းထုတ်မည် ဆိုပါက အစ်မသည်လည်း ကျွန်ုပ်နှင့် အတူ ထွက်သွားရမည်။" အမှန်ပင်လျှင် အရုပ်ဆိုးသော အမျိုးသမီး ထွက်သွားသည်နှင့် တပြိုင်နက် ရုပ်ချောသော အမျိုးသမီးသည်လည်း ပျောက်ကွယ်သွားလေသည်။

မွေးခြင်းနှင့် သေခြင်းတို့သည် ဒွန်တွဲလျက်ရှိလေသည်။ ကံကောင်းခြင်းနှင့် ကံဆိုးခြင်းတို့ ဒွန်တွဲ နေလေသည်။ ကောင်းသောအရာ၏ နောက်တွင် မကောင်းသောအရာ လိုက်ပါလာလေသည်။ ဤ အချက်ကို လူများ သိရှိနားလည်ရမည် ဖြစ်ပေသည်။ မိုက်မဲသောလူများသည် ဆင်းရဲခြင်းကို ကြောက်ရွံ့ကြ၍၊ ချမ်းသာကြွယ်ဝလာနိုင်ရန် ကြိုးပမ်းကြလေသည်။ သို့ရာတွင် အမှန်တရားကို ရှာဖွေသူ တို့သည် ယင်းတို့ကို ကျော်လွန်၍ လောကီသံယောဇဉ်များမှ လွတ်ကင်းအောင် ကြိုးပမ်းကြရမည် ဖြစ်သည်။

၁၂. တရံရောအခါက ဆင်းရဲသော ပန်းချီဆရာတစ်ယောက်သည် ဇနီးသည်ကို ထားခဲ့၍ စီးပွားရှာရန် အိမ်မှထွက်ခွာသွားလေသည်။ သုံးနှစ်ကြာ ရှန်းကန်ရှာဖွေ၍ ရွှေအသပြာသုံးရာ စုဆောင်းမိသောအခါ၊ နေအိမ်သို့ ပြန်လာရန် ဆုံးဖြတ်လိုက်လေသည်။ လမ်းခရီးတစ်ဝက်တွင် ၄င်းပန်းချီဆရာသည် ကြီးကျယ် ခမ်းနားစွာ အလှုအတန်းပေးနေသော ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ရောက်ရှိလာလေသည်။ ၄င်းသည် အထူးပင် ခံစားမိပြီး၊ ဤကဲ့သို့ စဉ်းစားလေသည်။ "ယခုအချိန်အထိ ငါသည် ပစ္စုပ္ပန်အကြောင်း ကိုသာ

တွေးခေါ်ခဲ့သည်။ ငါသည် အနာဂါတ်ဖျော်ရွှင်မှုအတွက် တစ်ကြိမ်တစ်ခါမျှ မစဉ်းစားခဲ့ပေ။ ဤ နေရာသို့ ငါရောက်လာခြင်းသည် ကံကောင်း၍သာ ဖြစ်သည်။ ဤသည်ကို အခွင့်ကောင်းယူ၍ ကုသိုလ် ကောင်းမှုမျိုးစေ့များကို ပျိုးကြဲရမည် ဖြစ်သည်။" ထိုကဲ့သို့ စဉ်းစားမိကာ၊ ၄င်းသည် စုဆောင်းထားသော ရွှေ အသပြာ အလုံးစုံကို စေတနာအပြည့်ဖြင့် ဘုန်းကြီးကျောင်းအား လှူဒါန်း၍ ငွေကြေးတစ်ပြား တစ်ချပ်မျှ မရှိဘဲ နေအိမ်သို့ ပြန်သွားလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဇနီးဖြစ်သူက စားဝတ်နေရေးအတွက် ငွေကြေး မပါလာသဖြင့် ပြစ်တင်ဆဲဆိုလေသည်။ မိမိသည် ငွေကြေးအချို့ ရှာဖွေစုဆောင်းထားခဲ့သော်လည်း လုံခြုံစိတ်ချရသည့် နေရာတွင် ထားခဲ့ကြောင်း၊ ဆင်းရဲသောပန်းချီဆရာက ပြန်လည် ပြောဆိုလေသည်။ မည်သည့်နေရာ၌ ပှက်ထားပါသနည်းဟု ဇနီးက အတင်းအကြပ် မေးမြန်းသောအခါ ၄င်းက ဘုန်းကြီးကျောင်းတစ်ကျောင်းရှိ ဘုန်းတော်ကြီးများအား လှူဒါန်းခဲ့ကြောင်း ပန်ခံပြောဆို လေသည်။

ဇနီးသည်သည် စိတ်ဆိုး၍ ခင်ပွန်းအား ဆဲဆိုပြီးနောက်၊ နောက်ဆုံးတွင် ယင်းကိစ္စရပ်ကို ခုံ သမာဓိထံ တိုင်တန်းလေသည်။ ခုံမင်းက ပန်းချီဆရာအား စစ်ဆေးမေးမြန်းသောအခါ ပန်းချီဆရာသည် မိမိသည် မိုက်မဲစွာ ပြုကျင့်ခဲ့ခြင်း မရှိကြောင်း။ အဘယ်ကြောင့်ဆိုသော် ကြာရှည်စွာ ရုန်းကန် လုပ်ကိုင်ပြီး မှ ၄င်းငွေကြေးများကို စုဆောင်းရရှိခဲ့ကြောင်း၊ ယင်းငွေကြေးများကို အနာဂါတ် ကံကြမ္မာ ကောင်းမွန်ရေး အတွက် မျိုးစေ့အဖြစ် အသုံးပြုလိုကြောင်း ပြောကြား လေသည်။ ဘုန်းကြီးကျောင်းသို့ ရောက်ရှိလာ သောအခါ၌ ၄င်းနေရာသည် ကံကြမ္မာကောင်းမွန်ရေးအတွက် ၄င်း၏ ရွှေအသပြာကို မျိုးစေ့အဖြစ် စိုက်ပျိုးသင့်သော လယ်ကွင်းအဖြစ် ထင်မှတ်လေသည်။ ထို့နောက် ၄င်းက ဆက်လက်၍ "ဘုန်းတော် ကြီးများအား ရွှေအသပြာများကို ကျွန်ုပ်လှူဒါန်း သောအခါ ကျွန်ုပ်သည် စိတ်အတွင်းရှိ လောဘနှင့် ကပ်စေးနဲမှု အလုံးစုံကို စွန့်ပစ်သကဲ့သို့ ထင်မှတ်၍၊ ချမ်းသာကြွယ်ဝမှု အစစ်အမှန်သည် ရွှေမဟုတ်ဘဲ စိတ်သာဖြစ်ကြောင်း သိရှိနားလည်လာခဲ့ပါသည်" ဟု ပြောကြားလေသည်။

ခုံမင်းသည် ပန်းချီဆရာ၏ စိတ်ဓာတ်ကို ချီးကျူးပြောကြား၍

ငင်းအခြင်းအရာကို ကြားသိရသူ များကလည်း နှစ်သက်သဘောကျစွာဖြင့် ပန်းချီဆရာအား နည်းမျိုးစုံ အကူအညီ ပေးကြလေသည်။ ဤသို့ဖြင့် ငင်းပန်းချီဆရာနှင့် ဇနီးတို့သည် ချမ်းသာကြွယ်ဝသည့် ဘဝသို့ ရောက်ရှိသွားကြလေသည်။

၁၃. သချိုင်းတစ်ခု၏ အနီးတွင် နေထိုင်လျက်ရှိသော လူတစ်ယောက်သည် တစ်ညသောအခါ၌ သချိုင်းဂူတစ်ခုမှနေ၍ ငင်းအား ခေါ်ဆိုနေသည့်အသံတစ်ခုကို ကြားရလေသည်။ ငင်းသည် ကြောက်ရွံ့ လွန်းလှ၍၊ စုံစမ်းစစ်ဆေးခြင်း မပြုဂုံသောကြောင့်၊ နောက်တစ်နေ့တွင် ရဲရင့်သော သူငယ်ချင်း တစ်ယောက်အား ပြောကြားရာ၊ ထိုသူငယ်ချင်းက အသံလာသည့်နေရာကို ညတွင် စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်လိုက်လေသည်။

ကြောက်ရွံ့တတ်သည့်လူက တုန်လှုပ်နေသော်လည်း ငင်း၏သူငယ်ချင်းမှာမူ သချိုင်းသို့ ရောက် ရာ အမှန်ပင် အလားတူအသံသည် သချိုင်းဂူတစ်ခုမှ ထွက်လာနေသည်ကို ကြားရလေသည်။ အဘယ် သူဖြစ်၍ ဘာအလိုရှိကြောင်းကို သူငယ်ချင်းက မေးလေသည်။ မြေအောက်မှ လာသောအသံက ပြန်လည်ဖြေကြားသည်မှာ "ကျွန်ုပ်သည် ၇က်ထားသော ကျောက်မျက်ရတနာဖြစ်၍ တစ်ယောက် ယောက်အား ပေးကမ်းရန် ဆုံးဖြတ်ထားပါသည်။ မနေ့ညက လူတစ်ယောက်အား ပေးရန် ကမ်းလှမ်းခဲ့သော်လည်း ထိုလူသည် ကြောက်လွန်းအားကြီး၍ လာမယူရဲပါ။ ထို့ကြောင့် ထိုက်တန်သော သင့်အား ပေးပါမည်။ မနက်ဖြန်နံနက်တွင် ကျွန်ုပ်သည် နောက်လိုက်ခုနစ်ယောက်နှင့်အတူ အသင့်အိမ်သို့ လာခဲ့ပါ မည်"။

သူငယ်ချင်းကပြော၏။ "ကျွန်ုပ်သည် သင့်အား စောင့်နေပါမည်။ သို့ရာတွင် အသင့်အား အဘယ်ကဲ့သို့ လက်ခံပြုစုရမည်ကို ကျေးဇူးပြု၍ ပြောပြပါ" ။ အသံက ပြန်လည်ဖြေကြား၏။ "ကျွန်ုပ် တို့သည် သဃ်နိုးဂတ်ဖြင့် လာကြပါမည်။ ကျွန်ုပ်တို့အတွက် ရေရှိသော အခန်းတစ်ခု အဆင်သင့် ပြင်ထားပါ။ အသင်၏ ကိုယ်ခန္ဓာကို ဆေးကြော၍ အခန်းကို လှဲကျင်းထားပါ။ ကျွန်ုပ်တို့အတွက် နေရာနှင့်

ဆန်ပြုတ်ရှစ်ပန်းကန်ပြင်ထားပါ။ စားသောက်ပြီးနောက်၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ရွှေအိုးများအဖြစ် ပြောင်းလဲနိုင်ရန် တစ်ယောက်ချင်းဆီကို အလုံပိတ်ထားသော အခန်းတစ်ခုအတွင်းသို့ ဦးဆောင်ခေါ် သွားပါ"။

နောက်နေ့နံနက်တွင် ဤလူသည် ကိုယ်ခန္ဓာကို ဆေးကြောသန့်စင်၍ အခန်းကို လှဲကျင်းပြီး နောက် ပြောဆိုလိုက်သည့်အတိုင်း ဘုန်းတော်ကြီးရှစ်ပါး ကြွမြန်းလာမည်ကို စောင့်ဆိုင်းနေလေသည်။ အချိန်တန်လျှင် ဘုန်းတော်ကြီးများ ကြွမြန်းလာ၍ ၄င်းကလည်း ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံလေသည်။ ဘုန်းတော်ကြီးတစ်ပါးချင်းစီအား အလုံပိတ်ထားသော အခန်းတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားရာ၊ ဘုန်းတော်ကြီးအားလုံးတို့သည် ရွှေအတိဖြစ်သော အိုးများအဖြစ် ပြောင်းလဲသွားလေသည်။

ထိုရွာ၌ပင် အလွန်လောဘကြီးသော လူတစ်ယောက်ရှိ၍၊ ဤအကြောင်းကို ကြားသိရသော အခါ ရွှေအိုးများကို ရယူလိုစိတ် ပြင်းထန်နေလေသည်။ ၄င်းသည် ဘုန်းတော်ကြီးရှစ်ပါးတို့အား နေအိမ်သို့ ပင့်ဖိတ်လေသည်။ ဆွမ်းဘုဉ်းပေးပြီး သည့်နောက် ၄င်းသည် ဘုန်းတော်ကြီးများအား အလုံပိတ်ထား သော အခန်းတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားရာ ဘုန်းတော်ကြီးများသည် ရွှေအိုးများအဖြစ် ပြောင်းလဲ မသွားရုံမက လွန်စွာအမျက်ထွက် ကြမ်းတမ်း လာကာ လောဘကြီးသူ၏ အကြောင်းကို ရဲများအား တိုင် တန်းကြသဖြင့် နောက်ဆုံးတွင် အဖမ်းခံလိုက်ရလေသည်။

ကြောက်တတ်သောလူကလည်း သချိုင်းဂူမှ အသံကြောင့် ရဲရင့်သောလူက ကြွယ်ဝ ချမ်းသာ သွားကြောင်းကို ကြားသိရသောအခါ ရဲရင့်သောလူ၏ နေအိမ်သို့သွား၍ အသံသည် ရှေးဦးပထမ မိမိကို ခေါ်ခြင်း ဖြစ်သဖြင့် ရွှေအိုးများသည် မိမိပိုင်သာ ဖြစ်သောကြောင့်၊ မိမိအား ပေးရမည်ဟု လောဘကြီးစွာ တောင်းဆိုလေသည်။ ကြောက်တတ်သောလူသည် ရွှေအိုးများကို သယ်ယူသွားရန် လုယူလိုက်သော်၊ အိုးများထဲ၌ မြွေများအပြည့် ဖြစ်နေပြီး၊ မိမိအားပေါက်ရန် ခေါင်းထောင်နေကြကြောင်း တွေ့ရှိရလေ သည်။

ဤအကြောင်းချင်းရာကို ကြားသိရသော ဘုရင်က ရွှေမိုးများသည်

ရဲရင့်သော လူကသာ ပိုင်ဆိုင် ကြောင်း ဆုံးဖြတ်ကာ ဤသို့ မြွက်ကြားလေသည်။ "ကမ္ဘာလောကရှိ အရာခပ်သိမ်းတို့သည် ဤသို့ပင် ဖြစ်ချေသည်။ မိုက်မဲသောသူများသည် ကောင်းမွန်သော ရလဒ်များအတွက်သာ လောဘကြီး နေကြ၍ ဖော်ထုတ်ရန် ရဲစွမ်းသတ္တိမရှိကြသဖြင့်၊ အဆက်မပြတ် ဆုံးရှုံးနေကြ လေသည်။ ၄င်းတို့သည် စိတ်ထဲ၌ ရုန်းကန်လှုပ်ရှားမှုများကို ရင်ဆိုင်ရန် ယုံကြည်မှုသော်၄င်း၊ သတ္တိသော်၄င်း မရှိကြပါပေ။ ယင်း စိတ်တစ်ခု တည်းဖြင့်ပင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ချမ်းသာမှုတို့ကို ရရှိနိုင်ပေသည်။

အခန်း နှစ်

လက်တွေ့ကျင့်ကြံနည်း

I

အမှန်တရားကို ရှာဖွေခြင်း

၁. အမှန်တရားကို ရှာဖွေရာ၌ အရေးမကြီးသည့် မေးခွန်းအချို့ ရှိလေသည်။ ဤ စကြာဝဠာကို မည် သည့် ဒြပ်ပစ္စည်းတို့ဖြင့် တည်ဆောက်ထားပါသနည်း။ စကြာဝဠာသည် ထာဝရပင် တည်ရှိနေပါသလော။ စကြာဝဠာတွင် အကန့်အသတ်ရှိပါသလား။ ဤလူ့အဖွဲ့အစည်းကို အဘယ်ကဲ့သို့ စုပေါင်းထားပါသနည်း။ လူ့အဖွဲ့အစည်းအတွက် အဘယ်ကဲ့သို့သော ဖွဲ့စည်းမှုပုံစံသည် အကောင်းဆုံး ဖြစ်ပါသနည်း။ အကယ် ၍သာ လူတစ်ယောက်သည် ဤကဲ့သို့သော မေးခွန်းများကို ဖြေဆိုနိုင်ချိန်အထိ ၎င်း၏ အမှန်တရား ရှာဖွေမှုနှင့် လေ့ကျင့်မှုများကို ရွှေ့ဆိုင်းထားမည် ဆိုပါက၊ ၎င်းသည် အမှန်တရားလမ်းစဉ်ကို မတွေ့ရှိမီ သေဆုံးသွားမည် ဖြစ်ပေသည်။

ဥပမာ၊ လူတစ်ဦးအား အဆိပ်လူးမြွား ထိမှန်၍ ၎င်း၏ ဆွေမျိုးများနှင့် မိတ်ဆွေ သင်္ဘာများက စုရုံးရောက်ရှိလာကာ၊ မြွားကို နှုတ်ပစ်ရန်နှင့် အနာကို ဆေးဝါးကုသပေးရန်အတွက် ဆေးဆရာတစ်ဦး အား ခေါ်ဆိုကြသည် ဆိုပါစို့။

အကယ်၍၊ ဒဏ်ရာရရှိသူက ဟန့်တားကာ "ခဏစောင့်ပါ။ ဤမြွားကို အသင်တို့ ဆွဲနှုတ်ခြင်း မပြု မီ အဘယ်သူက ပစ်လိုက်ကြောင်းကို ကျွန်ုပ် သိရှိလိုပါသည်။ ယောက်ျားလော၊ မိန်းမလော၊ ဂုဏ်သရေ ကြီးမြင့်သူပေလော၊ သို့မဟုတ်ပါက တောင်သူလယ်သမားပေလော၊ လေးကို မည်သည့်အရာဖြင့် ပြုလုပ် ထားပါသနည်း။ ကြီးမားသောလေးလော၊ သို့မဟုတ် သေးငယ်သော လေးလော၊ သစ်သားဖြင့် ပြုလုပ် ထားပါသလား၊ သို့မဟုတ် ဂါးလော၊ လေးကြိုးကို မည်သည့်အရာဖြင့် ပြုလုပ်ထားပါသနည်း။ ကြိုးမျှင် လား၊ သားရေကြိုးလား၊ မြွားကို ကိုင်းဖြင့် ပြုလုပ်ထားပါသလော၊ သို့မဟုတ် ကြိမ်ဖြင့် ပြုလုပ်ထားပါ သလော၊ မည်သို့သော အမွှေးများကို အသုံးပြုထားပါသနည်း။ မြွားကို မနှုတ်မီ၊

အကြောင်းအရာ အလုံးစုံကို ကျွန်ပ်သိလိုပါသည်"။ သို့ဖြစ်လျှင် မည်သို့ ဖြစ်မည်နည်း။

ဤသတင်းအချက်အလက် အလုံးစုံကို မသိရှိနိုင်မီ အဆိပ်သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့၍ ထိုလူ သည် သေဆုံးသွားမည် ဖြစ်ပေသည်။ ပထမလုပ်ရမည့် တာဝန်မှာ၊ မြွားကို နှုတ်ပယ်၍ အဆိပ်များ ပျံ့နှံ့ သွားခြင်း မရှိစေရန် ကုသမည် ဖြစ်ပေသည်။ လောကီရမက်မီး ကမ္ဘာကြီးကို အန္တရာယ် ပြုနေချိန်တွင် စကြာဝဠာ၏ ဖွဲ့စည်းမှုသည် အရေးအကြောင်း မဟုတ်ပါပေ။ လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံး သော ပုံစံကိုလည်း၊ ကိုင်တွယ်ဖြေရှင်းရန် အရေးမကြီးလှပါပေ။

မွေးဖွားခြင်း၊ အသက်ကြီးရင့်ခြင်း၊ ဖျားနာခြင်းနှင့် သေခြင်းမီးများကို ငြိမ်းသတ်နိုင်သော နည်း လမ်းတစ်ခုခုကို တွေ့ရှိရချိန်အထိ စကြာဝဠာကြီးတွင် အကန့်အသတ်များ ရှိပါသလော၊ သို့မဟုတ် ထာဝရ ဖြစ်ပါသလော ဟူသော မေးခွန်းကို ဆိုင်းငံ့ထားနိုင်ပါသည်။ ဝမ်းနည်းကြေကွဲခြင်း၊ ပူဆွေးခြင်း၊ ဖျားနာခြင်းနှင့် သေဆုံးခြင်းများ ရှိနေစဉ်၊ ရှေးဦးစွာ ဤပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် နည်းလမ်း ရှာကြံသင့်၍ ယင်းလမ်းစဉ်အတိုင်း ကြိုးစားကျင့်သုံးသင့်ပေသည်။

ဘုရားဇ၏ သွန်သင်ဆုံးမမှုသည် သိရှိရန် အရေးကြီးသောအရာများကို သင်ပြထားခြင်းဖြစ်၍ ဆုံးမရန် မလိုသောအရာများကို သင်ပြထားခြင်း မဟုတ်ပါပေ။ အဓိပ္ပာယ်မှာ လူများအား လေ့လာသင့်သည် တို့ကို လေ့လာရန်၊ ဖယ်ရှားသင့်သည်တို့ကို ဖယ်ရှားရန်၊ မည်သည့်အကြောင်းအရာများတွင် အမှန် တရား ရရှိသင့်သည်တို့အတွက် လေ့ကျင့်ရန်တို့ကို သင်ပြထားခြင်း ဖြစ်လေသည်။

ထို့ကြောင့် လူများသည် မည်သည့်အရာသည် အရေးအကြီးဆုံး ဖြစ်သနည်း။ မည်သည့် ပြဿနာရပ်ကို ရှေးဦးစွာ ဖြေရှင်းသင့်သနည်း။ မည်သည့် ကိစ္စရပ်သည် အရေးအကြီးဆုံး ဖြစ်သနည်း။ စသည်တို့ကို ရှေးဦးစွာ ဆင်ခြင်သင့်ပေသည်။ ဤအရာခပ်သိမ်းကို ပြုလုပ်ရန်၊ ၄င်းတို့သည် ရှေးဦးစွာ မိမိတို့၏ စိတ်များကို ထိန်းသိမ်းချုပ်တည်းရမည် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ၄င်းတို့သည် ရှေးဦးစွာ စိတ်ထိန်းမှုကို လုပ်ဆောင်ရမည် ဖြစ်သည်။

၂. ဥပမာ လူတစ်ယောက်သည် သစ်ပင်တစ်ပင်၏ ပင်စည်အတွင်းရှိ အနှစ်ကို ရယူလိုသဖြင့် တော တွင်းသို့ သွားရောက်ပြီးနောက် မိမိရယူလိုသော အရာကို ရရှိပြီဟု ထင်မှတ်ကာ၊ အကိုင်းအခက်များနှင့် အရွက်များကို သယ်ဆောင်လာသည် ဆိုကြပါစို့။ အကယ်၍ ၄င်းသည် ပင်စည်အတွင်းရှိ အနှစ်အစား၊ သစ်ခေါက် သစ်သားများဖြင့်သာ ကျေနပ်မှု ရှိမည်ဆိုပါက မိုက်မဲရာကျမည် မဟုတ်ပါလော။ သို့ရာတွင် မြောက်များစွာသော လူများသည် ဤအတိုင်းပင် ပြုလုပ်နေကြ လေသည်။

မွေးဖွားခြင်း၊ အိုခြင်း၊ ဖျားနာခြင်းနှင့် သေခြင်း၊ သို့မဟုတ် ဝမ်းနည်းကြေကွဲခြင်း၊ ပူဆွေးခြင်း၊ ဆင်းရဲဒုက္ခနှင့် နာကျင်ခြင်းဝေဒနာတို့မှ ဝေးကွာသွားမည့် လမ်းကြောင်းကို ရှာကြံသူတစ်ဦးသည် ထိုလမ်းစဉ်အတိုင်း လိုက်နာ၍ အနည်းငယ်မျှ တိုးတက်မှု ရှိကြောင်း သတိပြုမိသည့်အခါ ချက်ချင်းပင် ဝင့်ကြွားမောက်မာသွားတတ်လေသည်။ ၄င်းသည် ပင်စည်အနှစ်ကို ရယူလိုသော်လည်း၊ အကိုင်းအခက် များနှင့် အရွက်များကို သယ်ဆောင် သွားခြင်းဖြင့် ကျေနပ်မှုရှိသောလူနှင့် တူလေသည်။

အခြားလူတစ်ယောက်သည် အနည်းငယ် ကြိုးစားခြင်းဖြင့် ရရှိလာသော တိုးတက်အောင်မြင်မှု အတွက် ကျေနပ်သွားကာ၊ ဆက်လက် မကြိုးပမ်းတော့ပဲ ဘဝင်မြင့်သွားလေသည်။ ၄င်းသည် ရယူလို သော ပင်စည်အနှစ်အစား၊ သစ်ခေါက်များကိုသာ ယူဆောင်သွားသူ ဖြစ်လေသည်။

နောက်တစ်ယောက်မှာမူ၊ စိတ်အနည်းငယ် တည်ငြိမ်လာ၍ အတွေးအခေါ်များကလည်း ပိုမို ထင်ရှားပြတ်သားလာကြောင်းကို တွေ့ရှိရသဖြင့် ဂီရိယကို လျှော့ချလိုက်ကာ ဘဝင်မြင့်နေလေသည်။ ၄င်းသည် ရယူလိုသော ပင်စည်အနှစ်အစား အကာသားများကို သယ်ဆောင်သွားသူ ဖြစ်လေသည်။

နောက်တစ်ယောက်မှာလည်း အတော်အတန် ဆင်ခြင်သိမြင်နိုင်စွမ်း ရှိကြောင်း သတိပြုမိသဖြင့်၊ ဘဝင်မြင့်သွားလေသည်။ ထိုသူသည် ပင်စည်အနှစ်အစား၊ အသားအခေါက်များကို ယူဆောင်သွားသူ ဖြစ်လေသည်။ ဤလူအပေါင်းတို့သည် လုံလောက်ပြည့်စုံခြင်း မရှိသော ကြိုးပမ်းမှုဖြင့်

အလွယ်တကူ ကျေနပ်သွားကာ ဝင့်ကြွားမောက်မာလာပြီး၊ ၄င်းတို့၏ ဂီရိယများကို လျှော့ချလိုက်သဖြင့်၊ အလွယ်တကူပင် အားလပ်ပျင်းရိသည့် ဘဝသို့ ရောက်ရှိသွားကြလေသည်။ ဤလူအပေါင်းတို့သည် မလွဲမသွေပင် ဆင်းရဲ ဒုက္ခများနှင့် ထပ်မံရင်ဆိုင်ကြရမည် ဖြစ်ပေသည်။

အမှန်တရားလမ်းစဉ်ကို ရှာကြံသူများသည် လွယ်ကူသောအလုပ်၊ သို့မဟုတ် ရိုသေလေးစား ခြင်း၊ ဂုဏ်ပြုခြင်းနှင့် ချဉ်းကပ်ပူဇော်ခြင်းခံရခြင်းဖြင့် သာယာကြည်နူးဖွယ်ကောင်းသော အလုပ်အဖြစ် မမျှော်လင့်ရပါပေ။ ၄င်းပြင် ဂီရိယအနည်းငယ်သာ စိုက်ထုတ်၍ တည်ငြိမ်မှု သို့မဟုတ် အသိဉာဏ် ဗဟုသုတ အနည်းငယ် တိုးပွားမှု အတွက်သာ ရည်ရွယ်ခြင်း မပြုရပါပေ။

ရှေးဦးစွာ အသက်ရှင်ခြင်းနှင့် သေခြင်းဖြစ်သော ဤလောကဏ္ဍ အခြေခံကျ၍ အရေးကြီး လိုအပ် သော သဘာဝများကို စိတ်ထဲတွင် ထင်ရှားပြတ်သားစွာ စွဲမြဲမှတ်သားသင့်ပေသည်။

၃. ဤကမ္ဘာကြီးသည် မိမိ၏ ကိုယ်ပိုင်ဒြပ်ဝတ္ထု မရှိပါပေ။ မသိရှိမှု၊ မှားယွင်းသော တွေးခေါ်ထင်မြင်မှု၊ လိုအင်ဆန္ဒနှင့် တပ်မက်စွဲလမ်းမှုတို့၏ လှုံ့ဆော်ချက်အရ၊ စိတ်၏ လှုပ်ရှားမှုများ သက်သက်ကြောင့် သာလျှင် အကြောင်းရင်းနှင့် အခြေအနေတို့၏ မြောက်များလှစွာသော တိုက်ဆိုင်မှုများသာ ဖြစ်ပေသည်။ ပြင်ပအရာတစ်ခုခုကြောင့် စိတ်ထဲ၌ မှားယွင်းသော ထင်မြင်ချက်များ ဖြစ်ပေါ်လာခြင်း မဟုတ်ပါပေ။ စိတ်၏ အတွင်းမှနေ၍ သံသယဖြစ်မှု၊ တွေဝေမှုများ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။ စိတ်၏ လိုအင် ဆန္ဒများ၊ လောဘ၊ ဒေါသနှင့် တပ်မက်စွဲလမ်းမှုများကြောင့် ဖြစ်ပေါ်လာသည့် နာကျင်မှုမှ ပေါ်ပေါက်လာ သည့် ဆင်းရဲဒုက္ခများနှင့် ရုန်းကန်မှုများမှ ထင်ယောင်ထင်မှားဖြစ်မှုများ ပေါ်ထွန်း ကြီးထွားလာခြင်း ဖြစ်ပေသည်။ အမှန်တရားလမ်းစဉ်ကို ရှာကြံသူများသည် ၄င်းတို့၏ ပန်းတိုင်သို့ ရောက်ရှိနိုင်ရန်အတွက် ထိုကဲ့သို့သော စိတ်မျိုးကို ဆန့်ကျင်တိုက်ခိုက်ရန် အဆင်သင့်ရှိရမည် ဖြစ်ပေသည်။

၄. အကျွန်ပ်၏ စိတ်၊ အသင်သည် အဘယ်ကြောင့် ဘဝအခြေအနေ ပြောင်းလဲမှုများအပေါ် မတည် မငြိမ် ချဉ်းကပ်ပျံဝဲနေပါသနည်း။ အသင်သည် အဘယ်ကြောင့် ကျွန်ပ်အား ဤမျှ ရှုပ်ထွေးသွားအောင် နှင့် အေးချမ်းမှု မရှိအောင် ပြုလုပ်ရပါသနည်း။ အသင်သည် အဘယ်ကြောင့် ကျွန်ပ်အား ဝတ္ထုပစ္စည်း အမြောက်အများကို စုဆောင်းရန် တိုက်တွန်းပါသနည်း။ အသင်သည် လယ်မထွန်မီ အစိတ်စိတ် အပိုင်း ပိုင်း ကျိုးသွားသော ထွန်တုံးနှင့် တူပေသည်။ အသင်သည် အသက်ရှင်ခြင်းနှင့် သေခြင်း ပင်လယ်ထဲသို့ စတင် ထွက်ခွာလာချိန်၌ပင် ဖြတ်ပစ်သော သင်္ဘောပဲ့နှင့် တူပေသည်။ အကယ်၍ ဤဘဝကို ကောင်းစွာ အသုံးမချပါက၊ ကြိမ်ဖန်များစွာ ပြန်လည် မွေးဖွားလာခြင်းသည် ဘာအသုံးကျပါသနည်း။

အကျွန်ပ်၏ စိတ်၊ အသင်သည် တစ်ချိန်က ကျွန်ပ်အား ရှင်ဘုရင်အဖြစ် မွေးဖွားလာစေခဲ့ပြီး ထို့နောက် အပယ်ခံအဖြစ် မွေးဖွားလာစေကာ တောင်းရမ်း စားသောက်စေခဲ့သည်။ တစ်ခါတစ်ရံ အသင်သည် ကျွန်ပ်အား အထက်ကောင်းကင် ဘုရားများ၏ ဘုံဆောင်တွင် မွေးဖွားလာစေခြင်း၊ ပျော်ရွှင်ချမ်း သာမှု အပြည့်ဖြင့် နေထိုင်စေခဲ့သော်လည်း၊ ယင်းသည်နောက် ငရဲမီးတောက်အတွင်းသို့ ကျဆင်းစေခဲ့ သည်။

မိုက်မဲလှသော အကျွန်ပ်၏ စိတ်၊ ဤသို့ဖြင့် အသင်သည် ကျွန်ပ်အား လမ်းကြောင်းမျိုးစုံသို့ ခေါ် ဆောင်ခဲ့ပြီး ကျွန်ပ်သည်လည်း ရိုသေလိုက်နာကာ ငြိမ်နေခဲ့ပေသည်။ သို့ရာတွင် ယခုအခါ၌ ကျွန်ပ်သည် ဗုဒ္ဓ၏ တရားတော်ကို ကြားနာပြီးဖြစ်၍ ကျွန်ပ်အား ထပ်မံ၍ နောက်ယှက်ခြင်း၊ သို့မဟုတ် ဆင်းရဲဒုက္ခ ခံစားရခြင်းများကို မပြုမှု၍ ကျွန်ပ်တို့ အတူတကွ ရိုကျိုးစွာနှင့် စိတ်ရှည်စွာဖြင့် အမှန်တရားကို ရှာကြံကြ ပါစို့။

အကျွန်ပ်၏ စိတ်၊ အကယ်၍ အသင်သည် အရာခပ်သိမ်းမှာ ဒြပ်ဝတ္ထု မဟုတ်မှု၍၊ ပြောင်းလဲနေ ကြောင်းကို သိရှိနိုင်မည်ဆိုပါက အရာဝတ္ထုများကို ဆုပ်ကိုင်ရယူလိုခြင်း၊ တပ်မက်ခြင်း မရှိရန် လေ့လာ နိုင်မည်ဆိုပါက လောဘ၊ ဒေါသနှင့် မောဟ အလိုသို့ မလိုက်ပဲ နေနိုင်မည် ဆိုပါက ကျွန်ပ်တို့သည် ဆိတ်ငြိမ်စွာ ခရီးဆက်နိုင်ကြမည် ဖြစ်ပေသည်။ ထို့နောက် ဆန္ဒရမက်နောင်ကြိုးကို

အသိဉာဏ် ဓားဖြင့် ဖြတ်တောက်ခြင်းဖြင့် အခြေအနေပြောင်းလဲမှု၊ အသာရမှုနှင့် ရှုံးနိမ့်မှု၊ အဆိုး သို့မဟုတ် အကောင်း၊ အရှုံးနှင့် အမြတ်၊ ချီးမွမ်းခြင်း သို့မဟုတ် ဆဲဆိုခြင်းတို့ဖြင့် တုန်လှုပ်ခြင်း မရှိပါက ကျွန်ုပ်တို့သည် ငြိမ်းချမ်း စွာ နေနိုင်ကြမည် ဖြစ်ပေသည်။

အကျွန်ုပ်၏ စိတ်၊ ကျွန်ုပ်တို့တွင် ယုံကြည်ကိုးကွယ်စိတ်ကို ရှေးဦးစွာ နှိုးဆွပေးခဲ့သူမှာ အသင်ပင် ဖြစ်သည်။ ကျွန်ုပ်တို့အား အမှန်တရားကို ရှာဖွေရန် အကြံပေးခဲ့သူမှာ အသင်ပင် ဖြစ်သည်။ အဘယ် ကြောင့် အသင်သည် လောဘ၊ စည်းစိမ်သက်သာကို ချစ်မြတ်နိုးမှုနှင့် ဟော်ပါးမှုများကို ထပ်မံ ရှာဖွေစပြု နေပြန်ပါသနည်း။ အကျွန်ုပ်၏ စိတ်၊ အသင်သည် တိကျသော ရည်ရွယ်ချက် မရှိပဲနှင့် အဘယ် ကြောင့် ဟိုဟိုဒီဒီ ပြေးလွှားနေပါသနည်း။ သံသယရှိသော ဤ ပင်လယ်ရေပြင်ကြမ်းကို ကျွန်ုပ်တို့ ဖြတ် ကျော်သွားပါရစေ။ ကျွန်ုပ်သည် ယခုအချိန်ထိ အသင် အလိုရှိသည့်အတိုင်း ပြုကျင့်ခဲ့ပါသည်။ သို့ရာတွင် ယခုအခါ အသင်သည် ကျွန်ုပ်၏ အလိုအတိုင်း လိုက်နာကျင့်သုံးရမည် ဖြစ်၍ အတူတကွ ဘုရား၏ သွန်သင်ဆုံးမမှုများကို လိုက်နာကြမည် ဖြစ်သည်။

အကျွန်ုပ်၏ စိတ်၊ ဤတောင်များ၊ မြစ်များနှင့် ပင်လယ်များသည် ပြောင်းလဲနိုင်ကြ၍၊ နာကျင်မှုကို ဖြစ်ပေါ်စေပါသည်။ လှည့်စားတတ်သော ဤကမ္ဘာကြီး၏ မည်သည့်နေရာ၌ ဆိတ်ငြိမ်မှုကို ရှာကြရမည် နည်း။ ဘုရား၏ ဆုံးမမှုများကို လိုက်နာ၍၊ အမှန်တရားဟူသော တဖက်ကမ်းသို့ ဖြတ်ကျော်သွားကြပါစို့။

၅. အမှန်တရား လမ်းစဉ်ကို အမှန်တကယ် ရှာဖွေသူများသည် ၄င်းတို့၏ စိတ်ကို ချုပ်ထိန်းထားကြ လေသည်။ ထို့နောက် ၄င်းတို့သည် ခိုင်မြဲသော သန္ဓိဌာန်ဖြင့် ချီတက်ကြလေသည်။ အချို့သော သူများ၏ ပြက်ရယ်ပြုခြင်းနှင့် အခြားသူများ၏ ကဲ့ရဲ့ပြစ်တင်ခြင်းများကို ခံရစေကာမူ၊ ၄င်တို့သည် မတုန်မလှုပ်ပဲ ရှေ့သို့ ချီတက်ကြလေသည်။ ၄င်းတို့သည် လက်သီးဖြင့် အထိုးခံရခြင်း၊ ကျောက်ခဲဖြင့် အပေါက်ခံရခြင်း၊ သို့မဟုတ် ဓားဖြင့် အခုတ်ခံရခြင်းများကို ခံရသည့်တိုင်အောင် ဒေါသမထွက်ကြပါပေ။

လက်တွေ့ကျင့်ကြံနည်း

ရန်သူများက သင်တို့၏ ခေါင်းကို ဖြတ်ပစ်သည့်တိုင်အောင်၊ စိတ်သည် တုန်လှုပ်ခြင်း မဖြစ်ရပါ ပေ။ ခံစားနေရသော အရာများကြောင့် စိတ်ညစ်မှုကို ခွင့်ပြုမည် ဆိုပါက ဘုရားဆုံးမချက်များကို လိုက် နာနေခြင်း မဟုတ်ပါပေ။ မည်သို့ပင်ဖြစ်စေ၊ မတုန်မလှုပ် တည်ငြိမ်စွာဖြင့် ကြင်နာကရုဏာနှင့် စိတ်ကောင်းစိတ်မြတ်များကို အစဉ်အမြဲ ထုတ်လွှတ်နိုင်ရန် သင်တို့သည် သန္ဓိဌာန်ချထားရမည် ဖြစ်ပေ သည်။ မတရားမှုများ ခံရသည် ဖြစ်စေ၊ ကံဆိုးမှုများနှင့် ကြုံရသည်ဖြစ်စေ၊ မတုန်မလှုပ် နေနိုင်ရန် စိတ်ပိုင်းဖြတ်ထားရမည် ဖြစ်၍၊ ဘုရား၏ ဆုံးမချက်များနှင့် ပြည့်စုံနေသောစိတ်ဖြင့် တည်ငြိမ်နေရမည် ဖြစ်သည်။

အမှန်တရားကို ရရှိနိုင်ရေးအတွက် သင်သည် မဖြစ်နိုင်သည်ကို ဖြစ်အောင် ကြိုးစားရမည်။ မခံနိုင်သည်ကို ခံနိုင်အောင် ကြိုးစားရမည်။ သင့်တွင် ရှိသည့်အရာ မှန်သမျှကို အလုံးစုံ ပေးကမ်းရမည်။ အကယ်၍၊ အမှန်တရား ရရှိရေးအတွက် တစ်နေ့လျှင် ဆန်တစ်စေ့သာ စားရမည်ဆိုပါက ထိုအတိုင်း စားရမည်။ အကယ်၍ အမှန်တရား လမ်းစဉ်သည် မီးပုံကို ဖြတ်ကျော်သွားရမည် ဆိုပါက သင်သည် ရှေ့သို့ ချီတက်သွားရမည်။

သို့ရာတွင် လူတစ်ဦးတစ်ယောက်သည် အခြားသောရည်ရွယ်ချက် တစ်ခုခုအတွက်၊ ဤအရာ များကို မပြုလုပ်ရပါပေ။ ပညာရှိသောလုပ်ရပ်၊ မှန်ကန်သော လုပ်ရပ်တစ်ခုဖြစ်၍သာ လုပ်ဆောင်သင့်ပေ သည်။ မိမိ၏ ကိုယ်ပိုင်ခွန်အား၊ သို့မဟုတ် သက်သာမှုများကို လုံးဝ မဆင်ခြင်မစဉ်းစားပဲ ဖျားနာနေသော ကလေးအတွက် မိခင်က ပြုစုစောင့်ရှောက်သကဲ့သို့ပင်၊ ကြင်နာကရုဏာစိတ်ဖြင့် ပြုလုပ်သင့်ပေသည်။

၆. ရှေးသရောအခါက မိမိ၏ တိုင်းသူပြည်သားများနှင့် မိမိ၏ နိုင်ငံကို ချစ်ခင်မြတ်နိုးသော ရှင်ဘုရင် တစ်ပါးသည် ဉာဏ်ပညာရှိစွာနှင့် ကြင်နာစွာဖြင့် အုပ်ချုပ်လေသောကြောင့် နိုင်ငံသည်လည်း ကြွယ်ဝ ချမ်းသာစွာနှင့်၊ အေးချမ်းစွာရှိလေသည်။ ဘုရင်သည် ဉာဏ်ပညာ တိုးတက်လာရေးနှင့် အမှန်တရား ရရှိရေးတို့အတွက် အမြဲပင် ရှာကြံ ကြိုးစားနေလေသည်။ တန်ဖိုးရှိသော

သွန်သင်ညွှန်ပြမှုများသို့ ဦး ဆောင် လမ်းပြနိုင်သူအား ဆုလာဘ်ချီးမြှင့်မည်ဟုပင် ဘုရင်က ကြေညာထားလေသည်။

ရှင်ဘုရင်၏ ကိုယ်ကျိုးစွန့်မှုနှင့် ပညာရှာမှုတို့ကို နောက်ဆုံးတွင် အစောင့်အရှောက် နတ်များက သတိပြုမိလာကြသော် စမ်းသပ်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။ ဘီလူးသရဲ အသွင်ဖန်ဆင်းထား သော ဘုရားတစ်ဆူသည် (ထေရဝါဒတွင်မူ ဤကဲ့သို့ အယူအဆမျိုး မရှိပါ) ဘုရင့်နန်းတော်၏ တံခါးဝ တွင် ပေါ်လာကာ၊ မြင့်မြတ်သော အဆုံးအမတစ်ရပ် ရှိသောကြောင့် ဘုရင့် ရှေ့မှောက်သို့ ခေါ်ဆောင် သွားပါရန် ပြောလေသည်။

ထိုသတင်းကို ကြားရသောဘုရင်သည် ဂမ်းမြောက်ဂမ်းသာစွာဖြင့် သိမ်မွေ့စွာ ကြိုဆိုလက်ခံ၍ သွန်သင်ညွှန်ပြပါရန် ပန်ကြားလေသည်။ ဘီလူးသည် ကြောက်ရွံ့ဖွယ်ရာ အသွင်မျိုးဖြင့် မိမိ ကြိုက်နစ် သက်သော အရာကို မစားရမီ သင်ကြားနိုင်မည် မဟုတ်ဟု ပြောကြားကာ အစားအစာပေးရန် တောင်း ဆိုလေသည်။ အကောင်းဆုံးသော အစားအစာများကို ကမ်းလှမ်းသော်လည်း ဘီလူးက ပူနွေးသော လူသားနှင့် သွေးများကို စားသောက်ရမှ ဖြစ်မည်ဟု အခိုင်အမာ ပြောဆိုနေလေသည်။ အိမ်ရှေ့မင်းသား က ၄င်း၏ ကိုယ်ခန္ဓာကို လည်းကောင်း၊ မိဖုရားကလည်း မိမိ၏ ကိုယ်ခန္ဓာကိုလည်းကောင်း ပေးကမ်းကြ သော်လည်း၊ ဘီလူးသည် ကျေနပ်တင်းတိမ်မှုမရှိပဲ၊ ဘုရင်၏ ကိုယ်ခန္ဓာကို တောင်းဆိုလေသည်။

ဘုရင်က မိမိ၏ ကိုယ်ခန္ဓာကို ပေးကမ်းရန် အဆင်သင့် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလေ သည်။ သို့ရာတွင် ကိုယ်ခန္ဓာကို မစွန့်လှူမီ တရားတော်ကို ရှေးဦးစွာ ကြားနာခွင့်ပြုရန် ပန်ကြားလေ သည်။

ဘီလူးသည် အောက်ပါ တရားတော်ကို ဟောတော်မူလေသည်။ "စိုးရိမ်ကြောင့်ကျမှုများသည် တဏှာရာဂမှ ထွက်ပေါ်လာခြင်းဖြစ်၍ ကြောက်ရွံ့မှု များသည်လည်း တဏှာရာဂမှပင် ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။ တဏှာရာဂကို စွန့်ပယ် သူများသည် စိုးရိမ်ကြောင့်ကြခြင်း သို့မဟုတ် ကြောက်ရွံ့ခြင်း မရှိ ကြပါပေ" ။ ရုတ်ချည်းပင် ဘီလူးသည် ပုံမှန်ကို ပြန်လည် ဖန်ဆင်းလိုက်၍

မင်းသားနှင့် မိဖုရားတို့သည်လည်း မူရင်း ကိုယ်ခန္ဓာများအတိုင်း ပြန်လည် ပေါ်ထွက်လာလေသည်။

၇. တရံရောအခါက ဟိမဝန္တာတောင်တွင် အမှန်တရားလမ်းကြောင်းကို ရှာဖွေနေသူ ရသေ့တစ်ဦး ရှိလေသည်။ ၎င်းသည် ကမ္ဘာပေါ်ရှိ ရွှေငွေ ရတနာအပေါင်းကိုလည်း၊ အထက်ကောင်းကင်ဘုံ၏ သာယာ ပျော်မွေ့ဖွယ်ရာ အပေါင်းကိုလည်း၊ ဂရုမစိုက်ပဲ စိတ်၏တွေးဝေမှု၊ သံသယဖြစ်မှု၊ လှည့်စားမှုအပေါင်းကို ဖယ်ရှားပစ်နိုင်မည့် တရားတော်ကို ရှာကြံနေလေသည်။

ထိုလူ၏ စိတ်အားထက်သန်မှုနှင့် စိတ်ရင်းစေတနာ မှန်ကန်မှုတို့အတွက် နတ်ကောင်းနတ်မြတ် များက ဂရုပြုမိကာ၊ ၎င်း၏ စိတ်ကို စမ်းသပ်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။ ထို့ကြောင့် နတ်သား တစ်ပါးသည် ဘီလူးအသွင် ဖန်ဆင်းကာ ဟိမဝန္တာတောင်တွင် ပေါ်လာပြီး၊ သီချင်းသီဆိုနေလေသည်။ "အရာခပ်သိမ်း ပြောင်းလဲ၍ အရာခပ်သိမ်း ပေါ်လာကာ အရာခပ်သိမ်း ပျက်စီးပျောက်ကွယ်သွားသည်။"

အမှန်တရားရှာဖွေသူ ရသေ့သည် ဤသီချင်းကို ကြားရ၍ အထူး ဂမ်းသာသွားလေသည်။ ၎င်းသည် ရေတက်နေသောအခါ၌ အေးမြသော စိမ့်စမ်းရေကို တွေ့ရှိရသကဲ့သို့ သို့မဟုတ် မမျှော်လင့်ပဲ နှင် လွှတ်ခံလိုက်ရသော အကျဉ်းသားကဲ့သို့ ပျော်ရွှင်ကြည်နူးမိလေသည်။ ရသေ့သည် မိမိကိုယ်ကို ဤသို့ ပြောဏ်။" ငါသည် နှစ်ရှည်လများ ရှာကြံလာခဲ့သော၊ စစ်မှန်သည့်တရားတော်ကို တွေ့ရှိရပေပြီ။" ၎င်း သည် အသံ လာရာဖက်သို့ လိုက်ရှာကြည့်ရာ၊ ကြောက်ရွံ့ဖွယ်ရာကောင်းသော ဘီလူးကို တွေ့ရလေ သည်၊ ဇဝေဇဝါဖြစ်ကာ ၎င်းသည် ဘီလူးထံ ချဉ်းကပ်လာ၍၊ ဤသို့ပြောလေသည်။ "ငါ ယခု ကြားလိုက် ရသော တရားတော်သီချင်းကို သီဆိုသူသည် အသင်ပါလော၊ ဟုတ်ပါက ထပ်မံ သီဆိုပြပါ"။

ဘီလူးက ပြန်ဖြေ၏။ "ဟုတ်ပါသည်။ ကျွန်ုပ်၏ သီချင်း ဖြစ်ပါ၏။ သို့ရာတွင် တစ်ခုခုမစားရမီ မသီဆိုနိုင်ပါ။ ကျွန်ုပ် အလွန်ဗိုက်ဆာနေပါသည်"။

ထိုရသေ့က သီချင်းကို ထပ်မံဆိုပြပါရန်၊ အထူးစိတ်အားထက်သန်စွာဖြင့် တောင်းပန်၍၊ ဤသို့ပြော၏။ "ငင်းသီချင်းသည် ကျွန်ုပ်အတွက် ထူးခြားမြင့်မြတ်လှသော အဓိဗွာယ်ရှိ၍၊ ယင်းသွန်သင်ညွှန်ပြ ချက်ကို အချိန်ကြာမြင့်စွာ ရှာဖွေနေခဲ့ပါသည်။ ကျွန်ုပ်သည် တစ်စိတ်တစ်ပိုင်းသာ ကြားရသေး၍၊ ပိုမို ကြားသိပါရစေ"။

ဘီလူးက ထပ်ပြောပြန်၏။ "ကျွန်ုပ်သည် ဗိုက်အလွန်ဆာနေပါသည်။ အကယ်၍ လူသားတစ်ဦး ၏ ပူနွေးသောအသားနှင့် သွေးများကို စားသုံးရပါက သီချင်းကို အပြီးသတ် သီဆိုပါမည်"။

သွန်သင်ဟောပြောမှုကို ကြားသိလိုစိတ် ပြင်းထန်လှသော ထိုရသေ့က သွန်သင်မှုများကို ကြားသိရပြီးသည့်အခါတွင် မိမိကိုယ်ခန္ဓာကို စားသုံး နိုင်ပါသည်ဟု ဘီလူးအား ကတိပေးလေသည်။ ထိုအခါတွင် ဘီလူးက ဂါထာကို ရွတ်လေသည်။

အရာခပ်သိမ်း ပြောင်းလဲ၍၊
အရာခပ်သိမ်း ပေါ်လာကာ၊ အရာခပ်သိမ်း ပျောက်ကွယ်သွားသည်။
လုံးဝ တည်ငြိမ်အေးချမ်းမှု ရှိသည်၊
ဘဝနှင့် ချုပ်ငြိမ်းမှု နှစ်ရပ်စလုံးကို ကျော်လွန်သောအခါ။

ဤသီချင်းကို ကြားရသောအခါ၊ ထိုရသေ့သည် ပတ်ဝန်းကျင်ရှိ ကျောက်ဆောင်များနှင့် သစ်ပင် များတွင် ရေးမှတ်ပြီးနောက် သစ်ပင်တစ်ပင်ပေါ်သို့ အေးချမ်းစွာ တက်၍၊ မိမိကိုယ်ကို ဘီလူး၏ ခြေရင်း နားသို့ ကျရောက်သွားစေရန်၊ ခုန်ချလိုက်လေသည်။ သို့ရာတွင် ဘီလူးသည် ပျောက်ကွယ်သွားပြီး ဖြစ်၍၊ ၎င်း၏ နေရာ၌ တန်ခိုးကြီးသော နတ်ကောင်းနတ်များက ထိုလူ၏ ကိုယ်ခန္ဓာကို အန္တရာယ်ကင်းရှင်းစွာ ခံယူလိုက်လေသည်။

၈. တရံရောအခါက အမှန်တရားလမ်းစဉ်ကို စိတ်အားထက်သန်စွာဖြင့် ရှာဖွေနေသော ဗာဟိယဒါ ရုစိရိယဆိုသူ ရှိလေသည်။ ၎င်းသည် အမြတ်အစွန်း သို့မဟုတ် ဂုဏ်သိက္ခာဆိုင်ရာ ဆွဲဆောင်မှု အပေါင်း ကို စွန့်လွှတ်၍၊ အသက်ကို

စွန့်ကာ၊ အမှန်တရား လမ်းစဉ်ကို ရှာဖွေနေလေသည်။ တစ်နေ့တဌ် အထက်ကောင်းကင်ယံမှ အသံတစ်ခုက ၄င်းအား ဤသို့ ပြောလေသည်။ "ဗာဟိယဒါ ရုစီရိယ၊ အရှေ့ဖက်သို့ တည့်တည့်မတ်မတ်သွားပါ။ အပူ သို့မဟုတ် အအေးတို့ကို ဂရုမစိုက်ပါနင့်။ လောကကြီး၏ ချီးကျူးမှု သို့မဟုတ် ကဲ့ရဲ့ပြစ်တင်မှုတို့ကို အာရုံမမူပါနင့်၊ အကောင်း သို့မဟုတ် အဆိုးဟူသော ခွဲခြားမှုများကြောင့် စိတ်အနှောင့်အယှက်မဖြစ်ပါနင့်။ အရှေ့သို့သာ ဆက်သွားပါလော့။ ဝေးလံလှသော အရှေ့အရပ်တွင် အသင်သည် စစ်မှန်သော ဆရာတစ်ဦးကို တွေ့ရမည်ဖြစ်ပြီး၊ အမှန်တရားကို ရရှိမည် ဖြစ်သည်"။

ဗာဟိယဒါ ရုစီရိယသည် တိကျလှသော ဤညွှန်ကြားချက်ကို ရရှိသဖြင့်၊ လွန်စွာ ဂမ်းမြောက် ဂမ်းသာဖြစ်၍ ချက်ချင်းပင် အရှေ့ဖက်သို့ ခရီးထွက်လာလေသည်။ ညအချိန် ရောက်လာသောအခါ၊ ၄င်း သည် ကြံ့ကြိုက်ရာ နေရာ၌၊ တစ်ခါတစ်ရံ လူသူကင်းမဲ့သော ကွင်းပြင်တွင်၄င်း၊ သို့မဟုတ် တောကြီးမြက်မဲတွင်၄င်း၊ အိပ်စက်ရလေသည်။ တိုင်းတစ်ပါး၌ သူစိမ်းတစ်ဦးဖြစ်၍လည်း၊ ၄င်းသည် နိပ်စက်ညှင်း ပန်းမှုအမျိုးမျိုးကို ခံရလေသည်။ တခါက ၄င်းသည် မိမိကိုယ်ကို ကျွန်အဖြစ် ရောင်းချခဲ့ရပြီး၊ ဝိုက်ဆာလှ သဖြင့် မိမိကိုယ်ခန္ဓာမှ အသားကို ရောင်းချခဲ့ရသော်လည်း နောက်ဆုံးတွင် စစ်မှန်သောဆရာကို တွေ့ရှိရကာ၊ သွန်သင်ညွှန်ပြပါရန် ပန်ကြားလေသည်။

အမှန်တရား လမ်းစဉ်ကို ရှာဖွေသည့် လမ်းခရီး၌ အခက်အခဲ အမြောက်အများနှင့် ကြုံတွေ့ ခဲ့ရသဖြင့် ဗာဟိယဒါ ရုစီရိယသည် ၄င်း၏ဖြစ်ရပ်မှာ "ကောင်းသောအရာများသည် တန်ဖိုးကြီးမြင့်သည်" ဟူသော ဆိုရိုးနှင့် ကိုက်ညီနေကြောင်း တွေ့ရှိရလေသည်။ ၄င်းသည် ဆရာအား ပူဇော်ကန်တော့ရန် အတွက်၊ ပန်းများနှင့် အမွှေးတိုင်များကို ဂယ်ယူနိုင်ရန် ငွေမရှိပါပေ။ ၄င်းသည် ငွေရရှိရန်အတွက်၊ အလုပ် လုပ်ရန် ကြိုးစားသော်လည်း၊ မည်သူမျှ ၄င်းအား ငှားရမ်းခြင်း မပြုကြပါပေ။ ၄င်း၏ လုပ်ဆောင်ချက် မှန် သမျှကို မာရ်နတ်သားများက တားဆီးဟန့်တားနေသယောင် ဖြစ်လေသည်။ အမှန်တရားသို့ သွား ရောက်ရာ လမ်းစဉ်သည် ခက်ခဲကြမ်းတမ်း၍ အသက်ပင် ဆုံးရှုံးနိုင်လေသည်။

နောက်ဆုံး၌ ဗာဟိယဒါ ရုစီရိယသည် ဆရာ့ရှေ့မှောက်သို့ ရောက်ရှိ

လာသောအခါ၌ လည်း အခက်အခဲသစ် တစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့ ရပြန်လေသည်။ ၄င်းသည် ရေးသားမှတ်သားထားရန် အတွက် စက္ကူသော်၄င်း၊ စုတ်တံသော်၄င်း၊ မင်သော်၄င်း မရှိပါပေ။ ထိုအခါ ၄င်းသည် လက်ဆစ်၌ သွေးကို ဖောက်ထုတ်၍ မိမိ၏သွေးဖြင့် ရေးမှတ်လေ သည်။ ဤသို့ဖြင့် ၄င်းသည် အဖိုးအနဂ္ဃ ထိုက်တန် လှသော အမှန်တရားကို ရရှိခဲ့လေသည်။

၉. ရှေးလွန်လေပြီးသောအခါက သုခနဟု ခေါ်သော လူငယ် တစ်ယောက်သည်လည်း အမှန်တရား ကို ရရှိလိုသဖြင့် စိတ်အားထက်သန်စွာ ရှာဖွေကြိုးစားလေသည်။ ၄င်းသည် တံငါသည်တစ်ဦးထံမှ ပင်လယ်ရေပြင် အကြောင်းကို လေ့လာသိရှိခဲ့လေသည်။ ဆေးဆရာတစ်ဦးထံမှ ဂေဒနာ ခံစားနေရသော လူနာအပေါ် ထားရှိရမည့် သနားကြင်နာမှုကို လေ့လာ သိရှိခဲ့လေသည်။ ကြွယ်ဝချမ်းသူတစ်ဦးထံမှ ချမ်းသာကြွယ်ဝရခြင်း၏ လျှို့ဝှက်ချက်မှာ ချွေတာစုဆောင်းခြင်းပင် ဖြစ်ကြောင်း သိရှိရလေသည်။ ထို့ကြောင့် ၄င်းသည် အမှန်တရားသို့ ချီတက်ရာလမ်းကြောင်း၌ ရရှိသော သေးငယ်သည့် ကောင်းမှု၊ အကျိုးမှန်သမျှကို ထိန်းသိမ်းထားရှိရန် အထူးလိုအပ်ကြောင်း တွေးတောမိလေသည်။

ဖြူစင်သန့်ရှင်း၍ အေးချမ်းသောစိတ်သည် အခြားသောစိတ်များကို သန့်စင်စေရန်နှင့် အေးချမ်း စေရန် စွမ်းဆောင်နိုင်သော ထူးခြားသည့် စွမ်းပကားရှိကြောင်းကို ၄င်းသည် ကမ္မဋ္ဌာန်းထိုင်နေသော ဘုန်းကြီးတစ်ပါးထံမှ လေ့လာသိရှိရလေသည်။ ၄င်းသည် တစ်ခါက ထူးခြားကောင်းမွန်လှသော ဥပဓိ ရှိပ်ရှိသည့် အမျိုးသမီးတစ်ဦးနှင့် တွေ့ရှိ၍ သူမ၏ ကြင်နာတတ်သော စိတ်ဓာတ်ကို စွဲမြဲမှတ်သားမိ သဖြင့်၊ ယင်းအမျိုးသမီးမှတဆင့် ပေးလှူမှုသည် အသိဉာဏ်ရှိမှု၏ အသီးအပွင့်ဖြစ်ကြောင်း၊ သိရှိခဲ့ရ လေသည်။ တစ်ခါက၊ ၄င်းသည် လှည့်လည်သွားလာနေသော အသက်ကြီးရင့်သူ ရသေ့တစ်ဦးနှင့် တွေ့ရှိ ရာ၊ ထိုရသေ့က တစ်နေရာရာသို့ ရောက်ရှိနိုင်ရန်အတွက် ဓားများဖြင့် အပြည့်ဖြစ်သော တောင်ကို ကျော်တက်ရ၍ မီးတောက်လောင်နေသော တောင်ကြားကို ဖြတ်ကျော်ရကြောင်း ၄င်းအား ပြောပြလေသည်။ ဤသို့ဖြင့် မိမိ

တွေ့မြင်ကြားသိရသော အရာခပ်သိမ်းတို့မှ စစ်မှန်သော သင်ခန်းစာများကို ရယူနိုင်ကြောင်း၊ သုဓနသည် ၄င်း၏ အတွေ့အကြုံများမှ ပညာရရှိလေသည်။

သုဓနသည် ဆင်းရဲ၍ ကိုယ်လက်အင်္ဂါ ချို့ယွင်းနေသော အမျိုးသမီး တစ်ဦးထံမှ သည်းညည်းခံ မှုကို လေ့လာသိရှိခဲ့လေသည်။ ၄င်းသည် လမ်းပေါ်တွင် ကစားနေကြသော ကလေးသူငယ်များကို တွေ့ မြင်ရာမှ ရိုးသားသောပျော်ရွှင်မှု သင်ခန်းစာကို ရရှိခဲ့လေသည်။ အခြားသူများ လိုချင်သည့်အရာကို လို ချင်ကြောင်း တစ်ခါမျှ မစဉ်းစားမိကြသော သိမ်မွေ့၍ မိမိကိုယ်ကို နှိမ့်ချထားသည့်သူများထံမှ ၄င်းသည် ကမ္ဘာ ကြီးတစ်ခုလုံးနှင့် ပြိမ်းချမ်းစွာ နေထိုင်ရေး လျှို့ ဝှက်ချက်ကို လေ့လာသိရှိခဲ့လေသည်။

၄င်းသည် အမ္မေးတိုင်တွင်းရှိ ဒြပ်များ ရောယှက်ပေါင်းစပ်ထားခြင်းကို ကြည့်၍ စည်းလုံးညီ ညွတ်စွာ နေထိုင်မှုကို၄င်း၊ ပန်းများကို စီစဉ်ထားရှိမှုမှ ကျေးဇူးတင်ရှိခြင်းကို၄င်း၊ သိရှိနားလည်ခဲ့လေ သည်။ တစ်နေ့တဉ် သုဓနသည် တောအုပ်တစ်ခုကို ဖြတ်သန်းသွားစဉ် သစ်ပင်တစ်ပင်အောက်၌ ခေတ္တ ရပ်နား၊ အနားယူနေလေသည်။ ထိုအခါ ၄င်းသည် အနီးနားရှိ ပြိုလဲ၍ ဆွေးမြေ့နေသော သစ်ပင်ဟောင်း ကြီးတစ်ပင်မှ သေးငယ်လှသော အပင်သစ်လေး ပေါက်ထွက်လာနေကြောင်းကို တွေ့မြင်ရသဖြင့် ဘဝ ၏ မရေရာမှုသဘော၊ သင်ခန်းစာကို ရရှိခဲ့လေသည်။

နေ့ခင်း၌ ထွက်သောနေရောင်နှင့် ညဉ့်ထွက်သော မှိတ်တုတ်မှိတ်တုတ် ကြယ်ပွင့်လေးများက ၄င်း၏ စိတ်ဓာတ်ကို အမြဲပင်ရွှင်လန်းဆန်းသစ်စေလေသည်။ ဤသို့ဖြင့် သူနေသည့် ၄င်း၏ ရှည်လျားလှသော ခရီးစဉ်၊ အတွေ့အကြုံများမှ သင်ခန်းစာများ ရရှိခဲ့လေသည်။

အမှန်မှာ အမှန်တရားကို ရှာဖွေသူများသည် ၄င်းတို့၏ စိတ်ကို ရဲတိုက်ကြီးများအဖြစ် မှတ်ယူ ကာ၊ မွမ်းမံတန်ဆာဆင်ရမည် ဖြစ်ပေသည်။ ၄င်းတို့သည် ၄င်းတို့ စိတ်များ၏ ရဲတိုက်တံခါးများကို ဘုရား အတွက် ကျယ်ပြန့်စွာ ဖွင့်ထားရမည်ဖြစ်ပြီး ဘုရားအား အတွင်းဆုံးသော အပိုင်းအထိ ဝင်ရောက်လာပါ ရန် ယုံကြည်မှု အမ္မေးတိုင်နှင့် ဝမ်းသာပျော်ရွှင်မှုပန်းများဖြင့် ပေးလှူပူဇော်ကြရမည် ဖြစ်ပေသည်။

II
ကျင့်ကြံအားထုတ်နည်းများ

၁. အမှန်တရားကို ရှာဖွေသူများအတွက် နားလည်သဘောပေါက်ကာ လိုက်နာကျင့်သုံးရမည့် ကျင့်ကြံအားထုတ်နည်း သုံးမျိုးရှိလေသည်။ ပထမ၊ သီလ (လက်တွေ့ပြုမူ၊ နေထိုင်မှုအတွက် စည်းကမ်း များ)၊ ဒုတိယသမာဓိ (စိတ်ကို တည်ငြိမ်အောင် မှန်ကန်စွာ ချုပ်ထိန်းခြင်း) နှင့် တတိယ၊ ပညာ (ဉာဏ် ပညာ ရှိမှု) ဖြစ်လေသည်။

သီလ (စည်းကမ်းများ) ဟူသည်မှာ အဘယ်နည်း။ လူတိုင်းလူတိုင်းသည် သာမန်လူတစ်ဦး ဖြစ်စေ၊ အမှန်တရားကို ရှာဖွေသူဖြစ်စေ၊ ကောင်းမွန်သော ပြုမူနေထိုင်မှုအတွက် အတွေးအခေါ် သဘောတရားများကို လိုက်နာရမည် ဖြစ်သည်။ ၄င်းသည် ၄င်း၏ စိတ်နှင့် ကိုယ်ခန္ဓာတို့ကို ချုပ်ထိန်း၍ အာရုံငါးပါး တံခါးဝများကို စောင့်ထိန်းရမည် ဖြစ်သည်။ ၄င်းသည် အသေးအဖွဲမျှသာ ဖြစ်သော မကောင်း မှုများကို ရှဉ်ကြောက်၍ အစဉ်အမြဲပင် ကောင်းသော လုပ်ရပ်များကိုသာ လုပ်ဆောင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။

သမာဓိ (၇)၊ စိတ်ကိုတည်ငြိမ်အောင် ချုပ်ထိန်းမှုဟူသည်မှာ အဘယ်နည်း။ လောဘနှင့် မကောင်းသော ဆန္ဒရမက်များ ထွက်ပေါ်လာသည်နှင့် စောလျင်စွာ ဖျောက်ဖျက်၍၊ စိတ်ကို သန့်စင်စွာ နှင့် တည်ငြိမ်စွာ ချုပ်ထိန်းထားရေးကို ဆိုလိုပေသည်။

ဉာဏ်ပညာဟူသည် အဘယ်နည်း။ သစ္စာတရား လေးပါးကို ကောင်းစွာ နားလည်၍၊ စိတ်ရှည်စွာ ဖြင့် လက်ခံသော အသိဉာဏ်ပညာ ဖြစ်သည်။ ဆင်းရဲဒုက္ခနှင့် ယင်း၏ သဘောကို သိရှိခြင်း၊ ဆင်းရဲ ဒုက္ခ၏ အကြောင်းရင်း ဇစ်မြစ်ကို သိရှိခြင်း၊ ဆင်းရဲဒုက္ခ၏ နိဂုံးချုပ်ကို သိရှိခြင်းနှင့် ဆင်းရဲဒုက္ခ၏ အဆုံး သို့ ရောက်စေသော မြင့်မြတ်သော လမ်းစဉ်ကို သိရှိခြင်းတို့ ဖြစ်လေသည်။

ဤ ကျင့်ကြံအားထုတ်နည်းလမ်း သုံးသွယ်ကို စိတ်အားထက်သန်စွာ လိုက်နာသူများအား ရဟန်း (၇)၊ ဗုဒ္ဓ၏ တပည့်များဟု ခေါ်ဆိုနိုင်ပေသည်။

လက်တွေ့ကျင့်ကြံနည်း

ဥပမာ - နွားကဲ့သို့ ပုံသဏ္ဌာန် မရှိပဲ၊ အသံလည်းမရှိ၊ ကျိုလည်းမရှိသည့် မြည်းတစ်ကောင်သည် နွားတစ်အုပ်၏ နောက်သို့လိုက်၍ "ကြည့်ပါလော့၊ ငါလည်း နွားတစ်ကောင်ပင် ဖြစ်သည်" ဟုပြောသည် ဆိုကြပါစို့။ ၄င်းအား ယုံကြည်မည့်သူ ရှိပါမည်လော။ လူတစ်ဦးတစ်ယောက်သည် ကျင့်ကြံအားထုတ် နည်းသုံးရပ်ကို လိုက်နာကျင့်သုံးခြင်း မရှိပဲ၊ မိမိသည် အမှန်တရားကို ရှာကြံနေသူ ဖြစ်သည်။ သို့မဟုတ် ဗုဒ္ဓ၏ တပည့်နောက်လိုက် ဖြစ်သည်ဟု ကြွားဝါပြောဆို မည်ဆိုပါက အလားတူ မြည်းကဲ့သို့ပင် မိုက်မဲ ရာကျမည် ဖြစ်သည်။

လယ်သမားတစ်ဦးသည် ဆောင်းဦးပေါက်၌ ကောက်ပင်များကို ရိတ်သိမ်းခြင်း မပြုမီ ရေးဦးစွာ မြေထွန်ခြင်း၊ မျိုးစေ့ကြဲခြင်း၊ ရေပေးသွင်းခြင်းနှင့် နွေဦးပေါက်ရာသီ၌ ထွက်ပေါ်လာသော ပေါင်းပင်များ ကို နှုတ်ပစ်ခြင်းများ ပြုလုပ်ရမည် ဖြစ်သည်။ အလားတူပင် အမှန်တရားကို ရှာဖွေသူသည် ကျင့်ကြံအား ထုတ် နည်းသုံးရပ်ကို လိုက်နာကျင့်သုံးရမည် ဖြစ်သည်။ လယ်သမားတစ်ဦးသည် အဖူးအငုံများကို ယနေ့ တွေ့မြင်ရ၍၊ မနက်ဖြန်၌ အပင်များကို တွေ့ပြီး၊ သဘက်ခါ၌ ရိတ်သိမ်းရန် မမျှော်လင့်နိုင်ပါပေ။ ထိုနည်းတူပင် အမှန်တရားကို ရှာဖွေသူ တစ်ဦးသည် လောကီရမက်များကို ယနေ့ဖယ်ရှားပစ်၍ သံယောဇဉ်များနှင့် မကောင်းသော ဆန္ဒရမက်များကို မနက်ဖြန်တွင် ဖယ်ရှားကာ၊ သဘက်ခါ၌ အမှန် တရားကို ရရှိရန် မမျှော်လင့်နိုင်ပါပေ။

မျိုးစေ့များကို ကြဲပြီးသည့်နောက်နှင့် ရာသီဥတု ပြောင်းလဲသောအချိန်၊ အပင်မှ အသီးအပွင့်များ ဖူးပွင့်လာချိန်တို့၌ လယ်သမားက ပျိုးပင်များကို စိတ်ရှည်စွာဖြင့် ပြုစုစောင့်ရှောက်ရသကဲ့သို့ပင်၊ အမှန် တရားကို ရှာဖွေသူသည်လည်း ကျင့်ကြံအားထုတ်နည်း သုံးရပ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် စိတ်ရှည်စွာ နှင့် ဇွဲရှိစွာဖြင့်၊ အမှန်တရားမြေကို ပြုစုပျိုးထောင်ရမည် ဖြစ်ပေသည်။

၂. စည်းစိမ်ချမ်းသာများကို မြတ်နိုး၍ အာရုံ၏ ဆန္ဒရမက်ကြောင့် စိတ်လှုပ်ရှားမှု ရှိနေသ၍ ကာလ ပတ်လုံး အမှန်တရားသို့ ရောက်ရှိစေမည့် လမ်းစဉ်တလျှောက်၊ ချီတက်လျှောက်လှမ်းရန် ခဲယဉ်းပေ သည်။ ဘဝစည်းစိမ်ကို ခံစားမှုနှင့်

အမှန်တရားလမ်းစဉ်ကို ခံစားမှုများအကြား ကျယ်ပြန့်လှသော ကွာခြားမှု ရှိနေလေသည်။

အထက်က ရှင်းလင်းခဲ့ပြီးဖြစ်သည့်အတိုင်း၊ စိတ်သည် အရာခပ်သိမ်း အလုံးစုံ၏ ပင်မဇစ်မြစ် ဖြစ်သည်။ အကယ်၍ စိတ်သည် လောကီရေးရာများတွင် ပျော်မွေ့ခံစားနေမည်ဆိုပါက အထင်မှားမှုများ နှင့် ဆင်းရဲဒုက္ခများ မလွဲမသွေ ဖြစ်ပေါ်လာမည် ဖြစ်ပြီး၊ အကယ်၍ စိတ်သည် အမှန်တရားလမ်းစဉ်၌ ပျော်မွေ့ခံစားမည် ဆိုပါက ပျော်ရွှင်မှု၊ ချမ်းသာမှု၊ ရောင့်ရဲတင်းတိမ်မှုနှင့် အမှန်တရား သိရှိမှုများ၊ မလွဲ မသွေ ပေါ်ထွက်လာမည် ဖြစ်ပေသည်။

ထို့ကြောင့် အမှန်တရားကို ရှာဖွေသူများသည် ၄င်းတို့၏ စိတ်ကို သန့်စင်စွာ ထိန်းသိမ်းထားရှိ၍ ကျင့်စဉ်သုံးရပ်ကို စိတ်ရှည်စွာဖြင့် စောင့်ထိန်းကာ ကျင့်ကြံအားထုတ်ရမည် ဖြစ်ပေသည်။ ယင်းအတွေး အခေါ်များကို ထိန်းသိမ်းထားရှိပါက စိတ်၏ တည်ငြိမ်မှုကို ရရှိကြမည်ဖြစ်သည်။ စိတ်၏ တည်ငြိမ်မှုကို ရရှိပါက အသိဉာဏ်ကိုလည်း အလားတူပင် ရရှိနိုင်၍၊ အသိဉာဏ်ဖြင့် အမှန်တရားကို ရရှိနိုင်မည် ဖြစ်ပေ သည်။

စင်စစ်အားဖြင့် ဤနည်းလမ်းသုံးမျိုး (သီလ၊ သမာဓိနှင့် ပညာ) သည် အမှန်တရားသို့ ရောက်ရှိ ရန် စစ်မှန်သော လမ်းစဉ်ပင် ဖြစ်ပေသည်။

ဤလမ်းစဉ်များကို မလိုက်နာသဖြင့် လူများသည် နစ်ရှည်လများ၊ စိတ်၏ တွေဝေမှု၊ သံသယ ဖြစ်မှုများကို တိုးပွားစေခဲ့လေသည်။ ၄င်းတို့သည် လောကီလူသားများနှင့် အငြင်းမပွားကြဘဲ၊ အမှန် တရားကို ရရှိနိုင်ရန်အတွက် စိတ်ကို သန့်စင်စေရန်၊ စိတ်ရှည်စွာဖြင့် ကမ္မဋ္ဌာန်းထိုင်ကြရမည် ဖြစ်ပေ သည်။

၃. ဤကျင့်ကြံအားထုတ်နည်း သုံးမျိုးကို စစ်ဆေးလေ့လာကြည့်မည်ဆိုပါက မဂ္ဂင်ရှစ်ပါး၊ စဉ်းစား လေ့လာရမည့် အမြင်လေးရပ်၊ မှန်ကန်သော လုပ်နည်းလုပ်ဟန် လေးရပ်၊ အသုံးပြုရမည့် စွမ်းအားငါးရပ် နှင့် ပါရမီခြောက်ပါး (၇)အပြစ်ကင်းစင် ကောင်းမွန်သော ကျင့်စဉ်ခြောက်ရပ်၊ ပေါ်ထွက်လာမည် ဖြစ်ပေ သည်။

လက်တွေ့ကျင့်ကြံနည်း

မဂ္ဂင်ရှစ်ပါးသည် မှန်ကန်သော အမြင်၊ မှန်ကန်သော အတွေး၊ မှန်ကန်သော အပြော၊ မှန်ကန် သော ပြုမှုမှု၊ မှန်ကန်သော အသက်မွေးဝမ်းကြောင်းပြုမှု၊ မှန်ကန်သော ကြိုးပမ်းမှု၊ မှန်ကန်သော သတိ ပြုမှုနှင့် မှန်ကန်သော စိတ်အာရုံပြုမှုတို့ကို ဆိုလိုပေသည်။

မှန်ကန်သော အမြင်ထဲတွင်၊ သစ္စာတရားလေးပါးကို အနုစိတ်ကောင်းစွာ နားလည်ခြင်း၊ အကျိုး နှင့်အကြောင်း နိယာမကို ယုံကြည်၍ ရုပ်သဏ္ဌာန်နှင့် ဆန္ဒရမက်များ၏ လှည့်ဖြားမှုကို မခံရခြင်းများ ပါဝင်ပေသည်။

မှန်ကန်သော အတွေးသည် ဆန္ဒရမက်ကို စွဲမက်မြတ်နိုးခြင်း မပြုရန်၊ လောဘမကြီးရန်၊ ဒေါသ မထွက်ရန်နှင့် ထိခိုက်နစ်နာစေသော အလုပ်မျိုးကို မပြုလုပ်ရန် ဆုံးဖြတ်ချက်ကို ဆိုလိုသည်။

မှန်ကန်သော အပြောဆိုသည်မှာ လိမ်လည်သော စကား၊ အဖျင်းဖြစ်သော စကား၊ ဆဲဆိုသော စကားနှင့် နှစ်ခွဖြစ်သော စကားများကို ရှောင်သွားခြင်းကို ဆိုလိုသည်။

မှန်ကန်သော ပြုမှုမှုဆိုသည်မှာ အသက်သတ်ခြင်း၊ ခိုးဝှက်ခြင်းနှင့် သူတပါး သားမယားကို ကျူးလွန်ခြင်းများ မပြုလုပ်ရေးကို ဆိုလိုသည်။

မှန်ကန်သော အသက်မွေးဝမ်းကြောင်းပြုမှု ဆိုသည်မှာ အရှက်တကွဲ ဖြစ်စေနိုင်သည့် ဘဝနေ ထိုင်မှုမျိုးကို ရှောင်ရှားခြင်းကို ဆိုလိုသည်။

မှန်ကန်သော ကြိုးပမ်းမှု ဆိုသည်မှာ မှန်ကန်သော ရည်ရွယ်ချက်ပန်းတိုင်ကို ဦးတည်၍၊ ဇွဲဝရိယ ဖြင့် အစွမ်းကုန်ကြိုးပန်း အားထုတ်ခြင်းကို ဆိုလိုသည်။

မှန်ကန်သော သတိပြုမှုဆိုသည်မှာ သန့်စင်၍ စာနာစဉ်းစားတတ်သော စိတ်ကို ထိန်းသိမ်းထား ရှိခြင်းကို ဆိုလိုသည်။

မှန်ကန်သော စိတ်အာရုံပြုမှု ဆိုသည်မှာစိတ်၏ သန့်စင်သော အနှစ်သာရကို ဖော်ထုတ်ရန် အတွက် အာရုံစူးစိုက်ရန် စိတ်ကို မှန်ကန်စွာနှင့် တည်ငြိမ်စွာ ထိန်းသိမ်းထားရှိခြင်းကို ဆိုလိုသည်။

၄. စဉ်းစားလေ့လာရမည့် အမြင်လေးရပ်မှာ ပထမ၊ သံယောဇဉ် စွဲမက်မှုအလုံးစုံကို ဖယ်ရှားပစ်ရန် အတွက် ကိုယ်ခန္ဓာကို သန့်စင်ခြင်းမရှိဟု တွေးခေါ်ရန် ဖြစ်သည်။ ဒုတိယအာရုံတွင် နာကျင်မှု သို့မဟုတ် ပျော်ရွှင်မှုများကို ခံစားရသည်ဖြစ်စေ၊ အာရုံများသည် ဆင်းရဲဒုက္ခ၏ ပင်ရင်းဖစ်မြစ်အဖြစ် ယူဆရန် ဖြစ် သည်။ တတိယမှာ၊ စိတ်သည် အစဉ်အမြဲ ပြောင်းလဲရွှေ့လျားနေသည်ဟု နားလည်ရန် ဖြစ်သည်။ စတုတ္ထမှာ ကမ္ဘာလောကရှိ အရာခပ်သိမ်းအလုံးစုံတို့သည် အကြောင်းရင်းနှင့် အခြေအနေများ၏ ရလဒ် ကြောင့်ဖြစ်၍ မည်သည့်အရာမျှ ထာဝရ မပြောင်းလဲပဲ ရပ်တည်နေခြင်းမရှိဟု ထင်မြင်ရန် ဖြစ်သည်။

၅. မှန်ကန်သော လုပ်နည်းလုပ်ဟန် လေးရပ်မှာ ပထမ၊ မကောင်းမှုမှန်သမျှ စတင် ပေါ်ပေါက်လာ ခြင်း မရှိစေရန် ကာကွယ်တားဆီးခြင်း၊ ဒုတိယ- မကောင်းမှုများ စတင်ပေါ်ပေါက်လာသည်နှင့် ဖယ်ရှား ရှင်းလင်းပစ်ခြင်း၊ တတိယ- ကောင်းသော လုပ်ရပ်များကို လုပ်ဆောင်ရန် အားပေးဖန်တီးခြင်း၊ စတုတ္ထ - စတင်ပြီးဖြစ်သော ကောင်းသည့်လုပ်ရပ်များကို ဆက်လက် တည်ရှိစေရန်နှင့် တိုးပွားလာစေရန် အားပေး ခြင်းတို့ဖြစ်လေသည်။ ဤလုပ်နည်းလုပ်ဟန် လေးရပ်ကို ထိန်းသိမ်းထားရှိရန် ကြိုးပမ်းရမည် ဖြစ်သည်။ (ထေရာဂါဒ အယူအဆအရ သမ္မပဓာန် ၄ပါးကို ဆိုလိုပါသည်။ တည်းဖြတ်ရေးအဖွဲ့)

၆. စွမ်းအားငါးရပ်တို့မှာ (ထေရာဂါဒ အယူအဆအရ သဒ္ဓါ၊ ဂိရိယ၊ သတိ၊ သမာထိ၊ ပညာကို ဆိုလို ပါသည်။ တည်းဖြတ်ရေးအဖွဲ့) ပထမ၊ ယုံကြည်စိတ်၊ ဒုတိယ - ကြိုးပမ်းလုပ်ဆောင်လိုစိတ်၊ တတိယ - ဆင်ခြင်တွေးခေါ်စိတ်၊ စတုတ္ထ - စိတ်ကိုစူးစိုက်ထိန်းချုပ်နိုင်မှု စွမ်းရည်နှင့် ပဉ္စမ - ရှင်းလင်း ပြတ်သား သော အသိဉာဏ်ပညာကို ထိန်းသိမ်းထားရှိနိုင်စွမ်းတို့ ဖြစ်လေသည်။ ဤစွမ်းအား ငါးရပ်တို့သည် အမှန် တရားကို ရရှိနိုင်ရန် လိုအပ်သော စွမ်းအားများ ဖြစ်ပေသည်။

၇. ပါရမီခြောက်ပါး (၀၊) အမှန်တရားရရှိရေးအတွက် အပြစ်ကင်းစင်ကောင်းမွန်သော ကျင့်စဉ် ခြောက်ရပ်တို့မှာ ဒါန (ပေးကမ်းလှူဒါန်းခြင်း)၊ သီလ (အတွေးအ ခေါ် သဘောတရားများကို ထိန်းသိမ်း ထားရှိခြင်း) ၊ ခွန္တီ (ခံနိုင်ရည်ရှိခြင်း) ၊ ဂိရိယ (ကြိုးပမ်းခြင်း) ၊ သမာဓိ (စိတ်ကို စူးစိုက်ထိန်းချုပ်ခြင်း) နှင့် ဉာဏ်ပညာရှိခြင်းတို့ ဖြစ်လေသည်။ ဤကျင့်စဉ်များအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် သံသယဖြစ်မှု ကမ်းခြေမှသည် အမှန်တရား ကမ်းခြေသို့ ကူးဖြတ်သွားနိုင်မည် ဖြစ်သည်။

ဒါန (၀၊) ပေးကမ်းလှူဒါန်းခြင်း လုပ်ရပ်သည် ကပ်စေးနဲမှုကို ဖျောက်ဖျက်ပစ်လေသည်။ အတွေးအခေါ် သဘောတရားများကို ကျင့်သုံး လုပ်ဆောင်ပါက အခြားသူများ၏ စည်းစိမ်ကောင်းမွန်မှုများကို အစဉ်အမြဲ လိုက်နာထောက်ထားမည် ဖြစ်သည်။ ခွန္တီ ၊ ခံနိုင်ရည်ရှိရန် ကျင့်ကြံခြင်းသည် ကြောက်ရွံ့ဖွယ် ကောင်းသော သို့မဟုတ် အမျက်ထွက်သောစိတ်ကို ချုပ်ထိန်းနိုင်ပေသည်။ ဂိရိယ - ကြိုးပမ်းမှုကို ကျင့် သုံးခြင်းသည် ဖွဲ့၊ ဂိရိယရှိမှုနှင့် သစ္စာရှိမှုကို ဖြစ်ပေါ်စေသည်။ သမာဓိ၊ စိတ်အာရုံစူးစိုက်ထိန်းချုပ်မှုကို ကျင့်ကြံခြင်းသည် လေလွင့်၍ အချည်းနှီးဖြစ်သော စိတ်ကို ချုပ်ထိန်းနိုင်သည်။ ဉာဏ်ပညာရှိစွာ ကျင့်ကြံ ခြင်းသည် မှောင်မိုက်၍ ရှုပ်ထွေးနေသောစိတ်ကို ကြည်လင်၍ ဖောက်ထွင်းကြည့်မြင်နိုင်သော စိတ်အဖြစ် ပြောင်းလဲပေးနိုင်လေသည်။

ဒါန (ပေးကမ်းခြင်း) နှင့် သီလ (သဘောတရားများကို ထိန်းသိမ်းထားရှိခြင်း) တို့သည် ရဲတိုက် ကြီးတစ်ခုကို ဆောက်ရန်အတွက် လိုအပ်သော အောက်ခြေအုတ်မြစ်ပင် ဖြစ်လေသည်။ ခွန္တီ (ခံနိုင်ရည် ရှိခြင်း)နှင့် ဂိရိယ (ကြိုးပမ်းခြင်း) တို့သည် ပြင်ပရှိ ရန်သူများ၏ ဘေးရန်မှ ကာကွယ်ပေးသော ရဲတိုက်ကြီး၏ နံရံများပင် ဖြစ်သည်။ သမာဓိ (စိတ်ကိုစူးစိုက်ထိန်းချုပ်ခြင်း) နှင့် ဉာဏ်ပညာရှိခြင်း တို့သည် အသက်ရှင်ခြင်းနှင့် သေခြင်းတို့၏ ထိုးနှက်တိုက်ခိုက်မှုများမှ ကာကွယ်ပေးသော မိမိကိုယ်ပိုင် သံချပ်ကာ ၀တ်စုံ ဖြစ်လေသည်။

အကယ်၍ လူတစ်ဦးတစ်ယောက်သည် အဆင်ပြေသောအခါတွင်မှ

ပေးလှူခြင်း၊ သို့မဟုတ် မပေးခြင်းထက်၊ ပေးကမ်းရသည်က ပိုမိုလွယ်ကူ အဆင်ပြေ၍ ပေးကမ်းခြင်းဖြစ်ပါက ၄င်းသည် ပေးလှူ ခြင်းပင် ဖြစ်သော်လည်း၊ စစ်မှန်သော ပေးကမ်းလှူဒါန်းမှု မဟုတ်ပါပေ။ စစ်မှန်သော ပေးကမ်းလှူဒါန်းမှု သည် မေတ္တာရင်ခံခြင်း မပြုမီ၊ ကြင်နာသနားတတ်သော အသဲနလုံးမှ ပေါက်ဖွားလာခြင်း ဖြစ်၍၊ ရံဖန် ရံခါမဟုတ်ဘဲ အစဉ်အမြဲ ပေးကမ်းမှု ဖြစ်သည်။

ပေးကမ်းလှူဒါန်းပြီးသည့်နောက်၌၊ ဂမ်းနည်းခြင်း၊ နောင်တရခြင်း၊ သို့မဟုတ် မိမိကိုယ်ကို ချီးကျူးခြင်း စိတ်ဓါတ်များ ရှိပါက၊ စစ်မှန်သော အလှူ မဟုတ်ပါပေ။ စစ်မှန်သော အလှူသည် လှူဒါန်းမှု ပြုသူအဖြစ် မိမိကိုယ်ကိုသော်၄င်း၊ လက်ခံရရှိသူကိုသော်၄င်း၊ အလှူပစ္စည်းကိုသော်၄င်း၊ အလှူပေးစဉ် ဂမ်းနည်းစရာများကို မေ့ပျောက်ကာ၊ ဂမ်းမြောက်ဂမ်းသာစွာဖြင့် ပေးလှူခြင်း ဖြစ်သည်။

စစ်မှန်သော ပေးလှူမှုသည်၊ မိမိ၏ သန့်စင်သောကြင်နာမှု အသဲနလုံးမှ တစ်ပြိုင်တည်း အလို အလျောက် ပေါက်ဖွားလာခြင်းဖြစ်၍၊ တစ်ခုခုသောအကျိုး ကျေးဇူးကိုရရှိရန် မျှော်မှန်းခြင်းမရှိဘဲ အတူ တကွ ဘဝသံသရာမှ လွတ်ကင်းရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ပစ္စည်းဥစ္စာ မရှိ နွမ်းပါးသူများပင်လျှင်၊ လက်တွေ့ကျင့်သုံးနိုင်သော ဒါန ခုနစ်ပါး (ပေးလှူမှု ခုနစ် မျိုး) ရှိလေသည်။ ပထမမှာ၊ ရုပ်ပိုင်းအလှူ ဖြစ်လေသည်။ ဤပေးလှူမှုများထဲတွင်၊ အမြင့်မားဆုံးမှာ၊ အောက်ပါပုံပြင်၌ ဖော်ပြထားသကဲ့သို့၊ မိမိ၏ အသက်ကို ပေးလှူခြင်းပင် ဖြစ်လေသည်။ ဒုတိယမှာ၊ စိတ်ပိုင်းအလှူ ဖြစ်လေသည်။ ဤသည်မှာ ကြင်နာကရုဏာထားသော နှလုံးသား စိတ်ဓါတ်ကို အခြားသူ များအား ပေးလှူခြင်းဖြစ်သည်။ တတိယမှာ၊ မျက်စိများကို ပေးလှူခြင်း ဖြစ်သည်။ ဤသည်မှာ၊ အခြား သူများအား တည်ငြိမ်မှု အေးချမ်းမှု ရှိစေရန်၊ ကြင်နာမှုအပြည့်ရှိသော အကြည့်မျိုးဖြင့် ကြည့်ခြင်းပင် ဖြစ်ပေသည်။ စတုတ္ထမှာ၊ ရုပ်သွင်ပေးလှူမှု ဖြစ်သည်။ ၄င်းမှာ အခြားသူများအား၊ ယဉ်ကျေးသိမ်မွေ့ သော အသွင်ဖြင့် ပြုံးပြုံးရွှင်ရွှင်၊ ကြည့်မြင်စေမှု ဖြစ်သည်။ ပဉ္စမမှာ၊ နှုတ်ခမ်းအလှူ ဖြစ်သည်။ ဤသည် မှာ၊ အခြားသူများအား ကြင်နာရင်းနှီးသော စကားလုံးများဖြင့်၊ ပြောဆိုမှုပင် ဖြစ်သည်။ ဆဋ္ဌမမှာ၊ နေရာ ပေးလှူမှု ဖြစ်သည်။ ဤသည်မှာ၊ မိမိ၏

နေရာကို အခြားသူများအား ပေးကမ်းခြင်း ဖြစ်သည်။ သတ္တမမှာ၊ ခိုလှုံမှု ပေးကမ်းခြင်း ဖြစ်သည်။ ၄င်းမှာ အခြားသူများအား၊ မိမိနေအိမ်တွင် ညအိပ် တည်းခိုခွင့်ပြုခြင်းပင် ဖြစ်သည်။ ဤကဲ့သို့သော ပေးလှူမှုမျိုးကို လူတိုင်း လူတိုင်းတို့က၊ ၄င်းတို့၏ နေ့စဉ် စားသောက်နေထိုင်မှုဘဝတွင် လက်တွေ့ ကျင့်သုံးနိုင်ကြပေသည်။

၈. တရံရောအခါက၊ သတ္တဟု ခေါ်သော မင်းသားတစ်ယောက် ရှိလေသည်။ တနေ့သောအခါတွင် ၄င်းသည် နောင်တော်နှစ်ဦးနှင့်အတူ တောကစားရန် တောထဲသို့ သွားလေသည်။ ၄င်းတို့သည် တောထဲ တွင်၊ မိမိကိုယ်တိုင် မွေးထားသော ကျားငယ်လေးခုနစ်ကောင်ကို စားသောက်လိုစိတ် ပြင်းပြနေဟန် ရှိသော ဆာလောင်ငတ်မွတ်နေသည့် ကျားမတစ်ကောင်ကို တွေ့မြင်ကြရလေသည်။

နောင်တော်နှစ်ဦးတို့က ကြောက်လန့်စွာဖြင့် ထွက်ပြေးသွားကြသော်လည်း၊ သတ္တမင်းသားမှာမူ၊ ကျားငယ်လေးများ၏ အသက်ကို ကယ်ဆယ်ရန်အတွက် တောင်စောင်းတစ်ခုပေါ်သို့ တက်ကာ၊ မိမိ ကိုယ်ကို အစားခံရန် ကျားမရှေ့သို့ ခုန်ချလိုက်လေသည်။

သတ္တမင်းသားသည်၊ ဤကဲ့သို့ ပေးလှူမှုလုပ်ရပ်ကို အလိုအလျောက် ရုတ်ချည်းပြုလုပ်ခြင်း ဖြစ် သော်လည်း၊ ၄င်း၏ စိတ်ထဲတွင်မူ ဤသို့ စဉ်းစားနေလေသည်။ `ဤ ခန္ဓာကိုယ်သည် အစဉ်အမြဲ ပြောင်းလဲနေ၍၊ တည်မြဲမှု မရှိပါပေ။ ငါသည် စွန့်ပစ်လိုစိတ် မရှိဘဲနှင့် ဤခန္ဓာကိုယ်ကို ချစ်ခင်မြတ်နိုး နေခဲ့ပေသည်။ သို့ရာတွင်၊ ယခုအခါ၌ ငါသည် အမှန်တရားရရှိနိုင်ရန်အတွက်၊ ဤကျားမအား ခန္ဓာကိုယ်ကို ပေးလှူမည်´ ။ သတ္တမင်းသား၏ ဤသို့သောအတွေးသည် အမှန်တရား ရရှိရန်အတွက်၊ စစ်မှန်သော ဆုံးဖြတ်ချက်ကို ဖော်ပြနေလေသည်။

၉. အမှန်တရားကို ရှာဖွေသူတဦးက ချစ်ခင်မြတ်နိုးရမည့် ဗြဟ္မဂိဟာရတရား လေးပါးရှိလေသည်။ ၄င်းတို့မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတို့ ဖြစ်လေသည်။ မေတ္တာ (ကြင်နာဂရုဏာရှိမှု) ကို မြတ်နိုးခြင်းဖြင့် လောဘကို ဖယ်ရှားနိုင်သည်။ ကရုဏာကို မြတ်နိုးလျှင် ဒေါသကို နှုးညံ့မှုဖြင့် ဖယ်ရှား ပစ်နိုင်သည်။ ဥပေက္ခာ (မိမိစိတ်ကို ခံစားမှုကင်းအောင် ထားခြင်း) ကို မြတ်နိုးခြင်းဖြင့်၊ ရန်သူနှင့် မိတ်ဆွေအဖြစ် ခွဲခြားသောစရိုက်ကို ဖယ်ရှား ပစ်နိုင်သည်။

လူများအား ပျော်ရွှင်စေရန်နှင့် တင်းတိမ်ရောင့်ရဲမှု ရှိစေရန် ပြုလုပ်ခြင်းသည် မေတ္တာကြင်နာ ကရုဏာမှုကြီးပင် ဖြစ်သည်။ လူများအား ပျော်ရွှင်စေရန်နှင့် ကျေနပ်ရောင့်ရဲစေရန် မပြုလုပ်နိုင်သော အရာမှန်သမျှကို ဖယ်ရှားခြင်းသည် ကရုဏာမှုကြီးပင် ဖြစ်သည်။ ပျော်ရွှင်မှုစိတ်ဖြင့် လူတိုင်းက ပျော်ရွှင် ခြင်းနှင့် ကျေနပ်ရောင့်ရဲမှုဖြစ်နေခြင်းကို တွေ့မြင်ရခြင်းသည် မုဒိတာပင် ဖြစ်သည်။ လူတိုင်းက ပျော်ရွှင်၍ ကျေနပ်ရောင့်ရဲမှု ရှိသောအခါတွင်၊ အေးချမ်းမှုကြီး တစ်ရပ်ပင် ဖြစ်၍၊ လူတိုင်းအပေါ် တူညီသော ခံစားချက်မျိုးကို ထားရှိနိုင်လေသည်။

ဤဗြဟ္မဂိဟာရတရား လေးပါးကို ချစ်မြတ်နိုးကာ၊ လောဘ၊ ဒေါသ၊ ဆင်းရဲ ဒုက္ခနှင့်ချစ်ခြင်း-မုန်းခြင်းစိတ်တို့ကို ဖယ်ရှားပစ်နိုင်သော်လည်း၊ အလွယ်တကူ လုပ်ဆောင်နိုင်သည့်အရာ မဟုတ်ပါပေ။ မကောင်းသောစိတ်သည် အိမ်စောင့်ခွေး ကဲ့သို့ပင်၊ စွန့်ပစ်နိုင်ရန် ခက်ခဲလှ၍၊ ကောင်းသောစိတ်သည် တောထဲရှိ သမင်တကောင်ကဲ့သို့ ပျောက်ကွယ်သွားရန် လွယ်ကူလှပေသည်။ သို့မဟုတ်၊ မကောင်း သောစိတ်သည် ကျောက်တွင် ထွင်းထားသော စာများကဲ့သို့ ပယ်ဖျက်ပစ်ရန် လွန်စွာခက်ခဲလှ၍၊ ကောင်းသောစိတ်သည် ရေထဲတွင် ရေးထားသော စာများကဲ့သို့ အလွယ်တကူ ပျောက်ကွယ်သွားနိုင်လေသည်။ အမှန်ပင်လျှင် အမှန်တရား ရရှိရန်အတွက် လေ့ကျင့်မှုသည်၊ ဘဝတွင် အခက်ခဲဆုံးသောအရာ ဖြစ်လေ သည်။

၁၀. တရံရောအခါက၊ ချမ်းသာသည့် မိသားစုတွင် မွေးဖွားလာသော်လည်း၊

ကျန်းမာရေးအခြေအနေ ချို့တဲ့နေသော၊ သောဏဟုခေါ်သည့် လူငယ်တဦး ရှိလေသည်။ ၄င်းသည်အမှန်တရားရရှိကာ၊ ဘုရား၏ တပည့်တဦး ဖြစ်လာရန်အတွက်၊ စိတ်ဓါတ် အထူး ပြင်းပြနေလေသည်။ ၄င်းသည် အထူး ကြိုးစား ကျင့်ကြံသဖြင့်၊ နောက်ဆုံးတွင် ခြေ၌ သွေးများထွက်လာလေသည်။

ဘုရားသည် ၄င်းအား သနား၍ ဤသို့ မြွက်ကြားတော်မူလေသည်။ `ငါ့သား၊ သောဏ၊ အသင်သည် အိမ်တွင် စောင်းတီးအတတ်ကို လေ့ကျင့်သင်ကြားဖူးပါသလော။ စောင်းကြိုးသည် တင်းလွန်းလျှင် သော်၄င်း၊ လျော့လွန်းလျှင် သော်၄င်း၊ အသံကောင်း ထွက်လာမည် မဟုတ်ပါ။ စောင်းကြိုးများကို သင့်တော်စွာ တင်းထားမှသာလျှင် ကောင်းမွန်သော တေးသံ ထွက်ပေါ်လာပါသည်။

အမှန်တရားရရှိရန် လေ့ကျင့်ခြင်းသည်၊ စောင်းကြိုးများကို အလျှော့အတင်း ညှိခြင်းနှင့် အတူတူ ပင်ဖြစ်သည်။ စိတ်၏ ကြိုးများကို လျှော့လွန်းစွာ သို့မဟုတ် တင်းလွန်းစွာ ညှိခြင်းဖြင့် အမှန်တရားကို မရရှိနိုင်ပါ။ အသင်သည် စဉ်းစားဆင်ခြင်၍ ဉာဏ်ပညာရှိစွာ လုပ်ဆောင်ရမည် ဖြစ်သည်။

သောဏသည် ဤစကားလုံးများ၏ တန်ဖိုးကို နားလည်သဘောပေါက်၍၊ နောက်ဆုံးတွင် အမှန်တရားရရှိပြီး ရဟန္တာ ဖြစ်သွားလေသည်။

၁၁. တရံရောအခါက၊ လက်နက်ငါးမျိုးကို ကျွမ်းကျင်စွာ သုံးစွဲတတ်သော မင်းသားတဦး ရှိလေသည်။ တနေ့သောအခါတွင်၊ ၄င်းသည် ပစ်ခတ်လေ့ကျင့်ပြီး အိမ်သို့ အပြန်လမ်းခရီး၌၊ လက်နက်ပစ္စည်းတို့ဖြင့် မဖောက်ထွင်းနိုင်သော အရေခွံရှိသည့် ဘီလူးကြီးတစ်ကောင်နှင့် တွေ့လေသည်။

ဘီလူးကြီးက လိုက်လာသော်လည်း၊ မင်းသားသည် စိုးစဉ်းမျှ မကြောက်ရွံ့ပါပေ။ ၄င်းသည် မြား တစ်စင်း ပစ်လွှတ်လိုက်သော်လည်း၊ ဘီလူးကြီးသည် လုံးဝ ထိခိုက်နာကျင်ခြင်း မရှိပါပေ။ ထိုအခါ၊ မင်းသားသည် လုံ့ဖြင့် ပစ်လိုက်ပြန်၏။ သို့ရာတွင် လုံ့သွားသည် ဘီလူးကြီး၏ အရေခွံကို ဖောက်ထွင်းနိုင်ခြင်း မရှိပါပေ။ ထို့နောက် မင်းသားသည် တုတ်ချောင်း၊ သံချွန်ရှည်တို့ဖြင့် ပစ်ခတ်တိုက်ခိုက်သော် လည်း၊ ဘီလူးကြီးမှာမူ လုံးဝထိခိုက်နာကျင်ခြင်း မရှိပါပေ။

မင်းသားသည် ဓားဖြင့် ခုတ်ပြန်၏။ ဓားသာလျှင် ကျိုးသွားလေသည်။ မင်းသားသည် လက်သီးဖြင့်ဝင်း၊ ခြေဖြင့်ဝင်း၊ ထိုးကြိတ်ကန်ကျောက်သော် လည်း အချည်းနှီးသာ ဖြစ်ချေ၏။ ဘီလူးကြီးသည် ဝင်းအား ဖမ်းချုပ်လိုက်၏။ ထိုအခါ၊ မင်းသားသည် ဝင်း၏ ဦးခေါင်းကို လက်နက်အဖြစ် အသုံးပြုကာ တိုက်ခိုက်ပြန်၏။ သို့ရာတွင် အချည်းနှီးသာ ဖြစ်ချေ သည်။

ဘီလူးကြီးက ပြော၏။ `အသင်ခုခံနေ၍ ဘာမျှအရာရောက်မည်မဟုတ်၊ အသင့်ကို ငါ စားတော့ မည် ´ မင်းသားက ပြန်ဖြေ၏။ `ငါ၏ လက်နက် အလုံးစုံကို အသုံးပြုပြီး ဖြစ်၍ ၊ ဘာမျှမတတ်နိုင်တော့ပြီ ဟု အသင် ထင်မှတ်ကောင်း ထင်မှတ်ပေမည်။ သို့ရာတွင်၊ ငါ့၌ ဂရဇိန် လက်နတ်တခု ကျန်ရှိနေဆဲ ဖြစ် သည်။ အကယ်၍ အသင်သည် ငါ့ကို စားအုံ့၊ ငါသည် အသင့်ကို အသင်၏ ဂမ်းပိုက်အတွင်းမှ နေ၍ သတ်ဖြတ်သုတ်သင်ပစ်မည်။ ´

မင်းသား၏ သတ္တိကြောင့် ဘီလူးကြီးသည် တုန်လှုပ်သွားကာ၊ ဤသို့မေးမြန်း၏။ `အသင် အဘယ်ကဲ့သို့ ပြုလုပ်နိုင်မည်နည်း ´။ မင်းသားက ပြန်ဖြေ၏။ `အမှန်တရား၏ တန်ခိုးစွမ်းအားဖြင့် ပြုလုပ် မည် ´။

ထိုအခါ၊ ဘီလူးကြီးသည် မင်းသားကို လွှတ်ကာ၊ အမှန်တရားအကြောင်း သွန်သင်ပြပါရန် တောင်းပန်လေသည်။

ဤပုံပြင်၏ သွန်သင်ချက်သည်၊ နောက်လိုက်တပည့်များအား ဇွဲဂိရိယ ရှိစွာဖြင့် ကြိုးပမ်းကြရန် နှင့် အခက်အခဲ၊ ကျရှုံးမှုများနှင့် ရင်ဆိုင်ရသော်လည်း၊ ကြောက်ရွံ့အလျှော့ပေးခြင်း မပြုကြရန် တို့အ တွက် အားပေးရန်ပင် ဖြစ်သည်။

၁၂. ရွှံ့ရှာမုန်းတီးဖွယ်ကောင်းသော မိမိကိုယ်ကို အမ္ဘန်းတင်မှုနှင့် အရှက်ကင်းမဲ့မှု နှစ်မျိုးစလုံးသည် လူသားကို ထိခိုက်ကျူးလွန်ခြင်းပင် ဖြစ်သော်လည်း၊ ဂုဏ်သရေပျက်ပြားမှုနှင့် အရှက်ခွဲမှုတို့သည် လူသားများကို ကာကွယ်စောင့်ရှောက် လေသည်။ လူများသည် ၎င်းတို့၏ မိဘများနှင့်ဆရာသမားများ၊ အသက်ကြီးရင့်သူ များအားလုံး၊ အစ်ကိုနှင့်အစ်မများအားလုံး၊ ရိုသေလေးစားကြ၏။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် ဂုဏ်သရေပျက်မှုနှင့် အရှက်ကွဲမှုများကို ခံစား

တတ်သောကြောင့် ဖြစ်သည်။ မိမိကိုယ်ကို ပြန်လည် စဉ်းစား သုံးသပ်ပြီးသည့်နောက်၊ အခြားသောသူများကို ကြည့်မြင်၍ မိမိ ဂုဏ် သိက္ခာ ထိန်းကာ၊ ရှက်ကြောက်တတ်ခြင်းသည် ကောင်းမွန်သော လုပ်ရပ် ဖြစ်လေသည်။

အကယ်၍၊ လူတစ်ဦးသည် နောင်တရတတ်သော စိတ်ဓါတ်မျိုးရှိပါက၊ ၎င်း၏ဒုစရိုက်များသည် ပျောက်ကွယ်သွားမည်ဖြစ်၍ နောင်တရတတ်သော စိတ်ဓာတ်မျိုးမရှိပါက၊ ဒုစရိုက်များသည်လည်း ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ထာဝရ ဝင့်ခံရမည် ဖြစ်လေသည်။

မှန်ကန်သော တရားတော်ကို ကြိမ်ပေါင်းများစွာကြားနာ၍၊ ယင်း၏ အဓိပ္ပာယ်နှင့်တကွ၊ မိမိကိုယ် နှင့် ဆက်စပ်နေပုံကို နားလည်သဘောပေါက်သော သူသာလျှင် တရားတော်ကို နာခံနိုင်၍၊ အကျိုးရှိနိုင် ပေသည်။

မှန်ကန်သော တရားတော်ကို နားဆင်ရုံသာ နားဆင်၍ အရမယူတတ်လျှင်၊ အမှန်တရားကို ရှာဖွေ၍ တွေ့ရှိနိုင်မည် မဟုတ်ပါပေ။

အမှန်တရားကို ရှာဖွေနေသူတစ်ဦးအတွက်၊ သဒ္ဒါ (ယုံကြည်မှု)၊ ရှက်ကြောက်မှု၊ နှိမ့်ချမှု၊ ဂီရိယ (ကြိုးပမ်းမှု) နှင့်ပညာရှိမှုတို့သည် စွမ်းအား ပင်မဇစ်မြစ်ကြီးများ ဖြစ်လေသည်။ ယင်းတို့အနက်၊ ပညာရှိမှု သည် အကြီးမားဆုံးသော စွမ်းအားဖြစ်၍၊ ကျန်ဇစ်မြစ်များမှာလည်း ပညာရှိမှုနှင့် ဆက်စပ်နေလေသည်။ အကယ်၍၊ တရားကျင့်ကြံအားထုတ်နေသူတဦးသည် လောကီရေးရာများကို ဂရုစိုက်၍၊ အဖျင်းစကား ပြောခြင်းကို ခုံမင်နှစ်သက်ကာ၊ အအိပ်ကြူးနေမည် ဆိုပါက၊ ၎င်းသည် အမှန်တရား လမ်းစဉ်မှ ဝေးကွာ သွားမည် ဖြစ်ပေသည်။

၁၃. အမှန်တရား ရရှိရန်အတွက်၊ ကျင့်ကြံအားထုတ်ရာတွင်၊ အချို့သော သူများသည် အခြားသူများ ထက် စောလျင်စွာ အောင်မြင်မှု ရရှိနိုင်ပေသည်။ ထို့ကြောင့်၊ ဦးစွာ အမှန်တရား ရရှိသွားသူများကို ကြည့်မြင်ခြင်းဖြင့်၊ စိတ်ဓါတ် ကျဆင်းသွားရန် မသင့်ပါပေ။

မြှားပစ်ခြင်းကို လေ့ကျင့်နေသူတဦးသည် လျင်မြန်စွာ အောင်မြင်တတ်

ကျွမ်းရန် မမျှော်လင့်ဘဲ၊ စိတ်ရှည်လက်ရှည်ဖြင့် လေ့ကျင့်သွားပါက၊ တဖြည်းဖြည်း လက်ဖြောင့်လာမည် ဖြစ်ကြောင်း သိရှိထား လေသည်။ မြစ်သည် ချောင်းငယ်လေးမှ စတင်လာခြင်း ဖြစ်သော်လည်း၊ တဖြည်းဖြည်း ကြီးထွားလာ ကာ၊ နောက်ဆုံး၌ ပင်လယ်ပြင်ကြီးထဲသို့ စီးဝင်သွားလေသည်။

ဤဥပမာများကဲ့သို့ပင်၊ ဖွဲ့ဝိရိယဖြင့် စိတ်ရှည်လက်ရှည် ကျင့်ကြံ အားထုတ်သူသည် အမှန်တရား ကို ရရှိရန် သေချာပေသည်။

အထက်က ရှင်းပြခဲ့ပြီး ဖြစ်သည့်အတိုင်း၊ မျက်စိအစုံကို ဖွင့်ထားပါက၊ နေရာတစ်ကာ၌၊ အမှန် တရားများကို တွေ့မြင်နိုင်သဖြင့်၊ အမှန်တရားရရှိနိုင်ရန် အခွင့်အလမ်းများသည် အနန္တပင် ဖြစ်လေသည်။

တရံရောအခါက၊ အမှေးတိုင်များကို ထွန်းညှိနေသူတစ်ဦး ရှိလေသည်။ ၎င်းသည် အမှေးရန့်များ သွားလာနေခြင်းမရှိ၊ ထွက်ပေါ်လာခြင်း ပျောက်ကွယ်သွားခြင်းလည်း မရှိကြောင်းကို ဆင်ခြင်သတိပြုမိ လေသည်။ ဤသေးငယ်သော ဖြစ်ရပ်လေးမှတဆင့်၊ ထိုလူသည် အမှန်တရားကို ရရှိသွားလေသည်။

တရံရောအခါက၊ လူတစ်ယောက်၏ ခြေထောက်တွင် ဆူးစူးဝင်နေလေသည်။ နာကျင်မှု ဒဏ်ကို ခံစားမိသော ထိုလူက၊ ယင်းနာကျင်မှုသည် စိတ်၏ တုန့်ပြန်ချက်သာ ဖြစ်ကြောင်း တွေးတောမိလေ သည်။ ယင်းဖြစ်ရပ်မှသည်၊ စိတ်ကို မချုပ်ထိန်းနိုင်ပါက၊ အထိန်းမရ ဖြစ်သွားမည်ဖြစ်ပြီး၊ အောင်မြင်စွာ ချုပ်ထိန်းနိုင်ပါက၊ သန့်စင်လာမည်ဖြစ်ကြောင်း ပိုမိုနက်ရှိုင်းစွာ တွေးတောမိလေသည်။ ဤကဲ့သို့သော အတွေးများမှ တဆင့်မကြာမီပင် ထိုလူသည် အမှန်တရားကို ရရှိသွားလေသည်။

တရံရောအခါက၊ လွန်စွာ လောဘကြီးသော သူတစ်ဦးရှိလေသည်။ တနေ့သ၌ ထိုလူသည် လောဘကြီးလှသော ၎င်း၏ စိတ်အကြောင်းကို တွေးတောနေရာ၊ လောဘကြီးသော အတွေးများသည်၊ အသိဉာဏ်ဖြင့် လောင်ကျွမ်း ပျောက်ပျက်သွားနိုင်သော ရွှေဘော်စာလွှာစာမှုန့်များသာ ဖြစ်ကြောင်းကို စဉ်းစားတွေးတောမိလေသည်။ ယင်းအတွေးများသည် ထိုလူအတွက် အမှန်တရားကို ရရှိရန် လမ်းစ ဖြစ် လေသည်။

`အသင်၏ စိတ်ကို ရေချိန်ညီအောင် ထိန်းထားပါ။ အကယ်၍ စိတ်က ရေချိန်ညီ ဖြစ်နေပါက၊ ကမ္ဘာကြီးတခုလုံးသည်လည်း ရေချိန်ညီဖြစ်နေပေမည်´ ဟူသော ရှေးဟောင်းဆိုရိုး စကားတခု ရှိလေ သည်။ ဤစကားလုံးများကို စဉ်းစားပါ။ ကမ္ဘာပေါ်ရှိ ကွဲပြားခြားနားမှုအလုံးစုံသည် စိတ်၏ခွဲခြားသော အမြင်များကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ပါ။ ဤစကားလုံးများအထဲတွင် အမှန်တရားသို့ ရောက်ရှိနိုင်ရန် လမ်းကြောင်းတစ်ခု ရှိနေလေသည်။ အမှန်တရားသို့ ရောက်ရှိနိုင်သော လမ်းများသည် အမှန်တကယ်ပင် အနန္တ ဖြစ်လေသည်။

III
ယုံကြည်ကိုးကွယ်မှုလမ်းကြောင်း

၁. ဘုရား၊ တရားနှင့် သံဃာတည်း ဟူသော ရတနာသုံးပါးတွင် ခိုလှုံသူများအား ဘုရားတပည့်များဟု ခေါ်၏။ ဘုရားတပည့်များသည် သီလ (အတွေးအခေါ် သဘောတရား)၊ ယုံကြည်ကိုးကွယ်မှု၊ ဒါန (ပေးလှူခြင်း) နှင့် ဉာဏ်ပညာရှိခြင်းတည်း ဟူသော၊ စိတ်ချုပ်ထိန်းနည်း ပုံစံလေးရပ်ကို လိုက်နာ ကျင့်သုံးကြလေသည်။

ဘုရား၏ နောက်လိုက်တပည့်များသည် သတ်ဖြတ်ခြင်း မပြု၊ ခိုးယူခြင်း မပြု၊ သူတပါး သားမယား ကို ကျူးလွန်ခြင်း မပြု၊ လိမ်လည်ပြောဆိုခြင်း မပြု၊ သေရည်သေရက် သောက်စားခြင်း မပြု ဟူသော သီလငါးပါးကို စောင့်ထိန်းကြလေသည်။

ဗုဒ္ဓ၏ တပည့်များသည်၊ ဗုဒ္ဓ၏ ဉာဏ်ပညာကြီးမြတ်မှုအပေါ် ယုံကြည်မှု ရှိကြလေသည်။ ၎င်းတို့ သည် လောဘကြီးမှုနှင့်ကပ်စေးနဲမှုတို့မှ ကင်းဝေးစေရန် ကြိုးပမ်းကြ၍ ပေးကမ်းလှူဒါန်းခြင်းများကို ပြုလုပ်ကြလေသည်။ ၎င်းတို့သည် အကြောင်းနှင့်အကျိုးနိယာမကို နားလည်ကြ၍ ခေတ္တခဏသာ စိတ် ထဲတွင် စွဲမှတ်မထားဘဲ၊ ပညာရှိစွာ ပြုမူကျင့်ကြံလေသည်။

အရှေ့ဖက်သို့ ယိမ်းနေသော သစ်ပင်သည် အရှေ့သို့ပင် လဲကျမည် ဖြစ်ရာ၊ ဗုဒ္ဓ၏ တရားတော် များကို ကြားနာ၍ ယုံကြည်ကိုးကွယ်သူများသည်လည်း၊ မလွဲမသွေပင်၊ ဗုဒ္ဓ၏ ဘုရားသာသနာတွင် မွေးဖွားလာကြမည် ဖြစ်ပေသည်။ (တနည်းဆိုသော ဗုဒ္ဓ၏ မေတ္တာရိပ်အောက်တွင် နိုလုံနိုင်ကြမည်။ တည်းဖြတ်ရေးအဖွဲ့)

၂. ဘုရား၊ တရားနှင့် သံဃာတည်း ဟူသော ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သူများအား ဘုရား၏ နောက်လိုက်တပည့်တော်များဟု အထက်က ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

ဘုရားသည် သဗ္ဗညုတညာဏ်ကို ရရှိသူဖြစ်၍၊ ယင်းညာဏ်တော်ကို အသုံးပြုကာ၊ လူသားအပေါင်း တို့အား ဟောပြောကယ်တင်လေသည်။ တရားသည် အမှန်တရားဖြစ်၍၊ အမှန်တရား၏ အနှစ်သာရနှင့် ယင်းအကြောင်းကို ရှင်းပြသည့် သွန်သင်မှု ဖြစ်သည်။ သံဃာသည် ဘုရားနှင့် တရားတို့ကို ယုံကြည်ကိုးကွယ်ကြသူများ၏ သာသနာရေးအဖွဲ့ ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရား၊ တရားနှင့် သာသနာရေးအဖွဲ့တို့ကို သီးခြားစီ ဖြစ်သော နေရာသုံးခု သဖွယ် ပြောဆိုကြသော်လည်း၊ ၄င်းတို့သည် အမှန်မှာ တစ်ခုတည်း ဖြစ်သည်။ ဘုရားသည် တရားဖြင့် ပေါ်လွင်၍၊ သံဃာက တရားကို ဖော်ထုတ်လေသည်။ ထို့ကြောင့် တရားကို ယုံကြည်၍၊ သာသနာရေး အဖွဲ့ကို ချစ်မြတ်နိုးမှုသည် ဘုရားအား ယုံကြည်ခြင်းပင် ဖြစ်၍ ဘုရားအား ယုံကြည်မှု၏ အဓိပ္ပာယ်မှာ လည်း တရားကို ယုံကြည်မှုနှင့် သာသနာရေးအဖွဲ့ကို ချစ်မြတ်နိုးမှုပင် ဖြစ်လေသည်။

ထို့ကြောင့် လူများသည် ဘုရားအား ယုံကြည်မှုရှိပြီး တရားတော်အတိုင်း ကျင့်ကြံရုံမျှဖြင့်ပင် လျှင်၊ အမှန်တရား ရရှိကာ၊ လွတ်မြောက်နိုင်ကြလေသည်။ ဗုဒ္ဓသည် သဗ္ဗညုတညာဏ်ကို ရရှိသူဖြစ်၍၊ လူ အပေါင်းတို့အား၊ မိမိ၏ တစ်ဦးတည်းသော ကလေးသဖွယ် ချစ်မြတ်နိုးလေသည်။ ထို့ကြောင့် ဗုဒ္ဓအား မိမိ၏ မိဘအရင်းကဲ့သို့ သဘောထားသူသည်၊ ဗုဒ္ဓကဲ့သို့ ဖြစ်လာ၍ အမှန်တရားကို

ရရှိလေသည်။

ဗုဒ္ဓကို ဤကဲ့သို့ သဘောထားသူများသည် ဗုဒ္ဓဘာဂ်တော်၏ ထောက်ခံမှုကို ရရှိကာ၊ ဗုဒ္ဓ ကျက်သရေ၏ မွှေးရနံ့ပက်ဖြန်းမှုကို ခံရမည် ဖြစ်လေသည်။

၃. ကမ္ဘာလောကကြီးထဲတွင်၊ ဗုဒ္ဓအား ယုံကြည်ကိုးကွယ်သည်ထက် အကျိုးအမြတ် ပိုများသော အရာ မရှိပါပေ၊ ဗုဒ္ဓ၏အမည်ကို ကြားနာရုံမျှဖြင့်၊ ယုံကြည်ကာ၊ တစ်ခဏတာမျှ ပျော်ရွှင်ရုံဖြင့်၊ မခန့်မှန်း နိုင်လောက်သော အကျိုးကျေးဇူး ရှိလေသည်။

ထို့ကြောင့်၊ ကမ္ဘာတစ်ခုလုံး၌ မီးတောက်မီးလျှံများဖြင့် ပြည့်နေစေကာမူ၊ ဗုဒ္ဓ၏ ဆုံးမမှုကို ရှာကြံ ခြင်းဖြင့် မိမိကိုယ်ကို ပျော်ရွှင်အောင် ပြုလုပ်ကြရမည် ဖြစ်ပေသည်။

တရားကို ရှင်းလင်းပြောပြနိုင်သည့် ဆရာတစ်ဦးကို တွေ့ရှိရန် ခက်ခဲမည် ဖြစ်သည်။ ဗုဒ္ဓတဆူ အား ဖူးတွေ့ရန် ပိုမိုခက်ခဲမည်ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓ၏ ဆုံးမမှုများကို ယုံကြည်ရန် အခက်ခဲဆုံး ဖြစ်မည် ဖြစ်ပေသည်။

သို့ရာတွင် ယခုအခါ၌၊ အသင်သည် တွေ့ဆုံရန် ခက်ခဲသော ဗုဒ္ဓအား တွေ့ဆုံပြီး ဖြစ်၍၊ ကြားနာ ရန် ခက်ခဲသောအရာကိုလည်း၊ အသင့်အား ရှင်းလင်းပြောပြခဲ့ပြီး ဖြစ်သောကြောင့်၊ အသင်သည် ဂမ်းမြောက်ဂမ်းသာစွာဖြင့် ဗုဒ္ဓအား ယုံကြည်ကိုးကွယ်သင့်ပေသည်။

၄. ရှည်လျားသော လူ့ဘဝခရီးတွင်၊ ယုံကြည်ကိုးကွယ်မှုသည် အကောင်းဆုံးသောအဖော် ဖြစ်လေ သည်။ ၄င်းသည် လမ်းခရီး၌ အကောင်းဆုံးသော ဖျော်ယာမကာဖြစ်၍၊ အကြီးမားဆုံးသော ဥစ္စာဓန ဖြစ်လေသည်။ ယုံကြည်ကိုးကွယ်မှုသည်၊ တရားကို ခံယူသော လက်ဖြစ်သည်။ ၄င်းသည် ကောင်းမှု အပေါင်းကို ခံယူရာ၊ သန့်စင်သောလက် ဖြစ်သည်။ ယုံကြည်ကိုးကွယ်မှုသည် လောကီရမက် အညစ် အကြေးအပေါင်းကို လောင်ကျွမ်း ပျက်စီးစေသော မီးဖြစ်သည်။ ၄င်းသည် ဂန်ထုပ်ကို ဖယ်ရှား၍ ဦး ဆောင်

လမ်းပြပြုသော လမ်းပြ ဖြစ်သည်။

ယုံကြည်ကိုးကွယ်မှုသည် လောဘ၊ ကြောက်ရွံ့ခြင်းနှင့် ဂုဏ်မာနများကို ဖယ်ရှားပစ်လေသည်။ ၄င်းသည် ယဉ်ကျေးသိမ်မွေ့မှုနှင့် သူတပါးအား ရိုသေလေးစားရန် သင်ကြားပေးလေသည်။ ၄င်းသည် အခြေအနေများ၏ ချုပ်နှောင်မှုမှ လွတ်မြောက်စေလေသည်။ ၄င်းသည် အခက်အခဲနှင့် ရင်ဆိုင်နိုင်ရန် ရဲစွမ်းသတ္တိပေးလေသည်။ ၄င်းသည် ဆွဲဆောင်မှုများကို ကျော်လွန်နိုင်စေရန် စွမ်းအားပေးလေသည်။ ယုံကြည်ကိုးကွယ်မှုသည် လုပ်ရပ်များကို တောက်ပြောင်စွာနှင့် သန့်ရှင်းစွာ လုပ်နိုင်စေရန် စွမ်းဆောင် ပေးလေသည်။ ၄င်းသည် စိတ်ကို ဉာဏ်ပညာဖြင့် ကြွယ်ဝစေလေသည်။

ယုံကြည်ကိုးကွယ်မှုသည် လောဘ၊ ကြောက်ရွံ့ခြင်းနှင့် ဂုဏ်မာနများကို ဖယ်ရှားပစ်လေ သည်။ ၄င်းသည် ယဉ်ကျေးသိမ်မွေ့မှုနှင့် သူတပါးအား ရိုသေလေးစားရန် သင်ကြားပေးလေသည်။ ၄င်း သည် အခြေအနေများ၏ ချုပ်နှောင်မှုမှ လွတ်မြောက်စေလေသည်။ ၄င်းသည် အခက်အခဲနှင့် ရင်ဆိုင်နိုင် ရန် ရဲစွမ်းသတ္တိ ပေးလေသည်။ ၄င်းသည် ဆွဲဆောင်မှုများကို ကျော်လွန်နိုင်စေရန် စွမ်းအားပေးလေသည်။ ယုံကြည်ကိုးကွယ်မှုသည် လုပ်ရပ်များကို တောက်ပြောင်စွာနှင့် သန့်စင်စွာ လုပ်နိုင်စေရန် စွမ်းအားပေး လေသည်။ ယုံကြည်ကိုးကွယ်မှုသည် လုပ်ရပ်များကို တောက်ပြောင်စွာနှင့် သန့်စင်စွာ လုပ်နိုင်စေရန် စွမ်းဆောင်ပေးလေသည်။ ၄င်းသည် စိတ်ကို ဉာဏ်ပညာဖြင့် ကြွယ်ဝစေလေသည်။

ခရီးတာရှည်လျှား၍ ပင်ပန်းနွမ်းနယ်နေသည့်အခါ၌ ယုံကြည်ကိုးကွယ်မှုသည် အားပေးချက် တစ်ရပ်ဖြစ်၍ အမှန်တရားသို့ ရောက်ရှိစေလေသည်။

ယုံကြည်ကိုးကွယ်မှုသည် ဗုဒ္ဓ၏ ရှေ့မှောက်သို့ ရောက်ရှိနေကြောင်း ခံစားချက်များကို ဖြစ်ပေါ် စေ၍ ဗုဒ္ဓက ကျွန်ုပ်တို့အား ဖေးမထားသော နေရာသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်သွားလေသည်။ ယုံကြည် ကိုးကွယ်မှုသည်၊ ကျွန်ုပ်တို့၏ မာကြောမှု တစ်ကိုယ်ကောင်းဆန်သော စိတ်များကို ပျော့ပြောင်းစေပြီး ၊ ကျွန်ုပ်တို့အား ချစ်ကြည်ရင်းနှီးသော စိတ်ဓါတ်နှင့် နားလည်မှုရှိသော

ကြင်နာသနားမှုစိတ်ကို ပေးလေ သည်။

၅. ယုံကြည်ကိုးကွယ်မှုရှိသူသည်၊ ကြားရသော အရာအားလုံး၌ ဗုဒ္ဓ၏ တရားတော် ပါရှိနေကြောင်း သိရှိနိုင်သည့် အသိဉာဏ်ကို ရရှိလေသည်။ ယုံကြည်မှုရှိသူသည် အကြောင်းရင်းနှင့် အခြေအနေများ နိယာမရအရ၊ အရာခပ်သိမ်းတို့၏ ရှုပ်ပုံများထွက်ပေါ်လာခြင်း ဖြစ်၍၊ လိုက်လျောညီထွေ၊ အေးချမ်းစွာ လိုက်နာနေထိုင်နိုင်သည့် သည်းညည်းခံမှုကို ရရှိကြောင်း၊ အသိဉာဏ်ကို ရရှိလေသည်။

ယုံကြည်ကိုးကွယ်မှုသည်။ ခဏတာမျှဖြစ်သော ဘဝ၏ မတည်မြဲမှုနှင့်၊ မည်သည့်အခြေအနေ မျိုးနှင့် တွေ့ကြုံရစေကာမူ၊ အံ့သြခြင်းသို့မဟုတ် ဝမ်းနည်းခြင်း မဖြစ်၊ အခြေအနေများနှင့် ရုပ်ပုံသဏ္ဌာန် များက မည်ကဲ့သို့ပင် ပြောင်းလဲစေကာမူ၊ ဘဝ၏ စစ်မှန်မှုသည်၊ အမြဲပင် မပြောင်းမလဲပဲ တည်ရှိနေ ကြောင်း အသိဉာဏ်ကို ရရှိစေလေသည်။

ယုံကြည်ကိုးကွယ်မှုတွင် အရေးကြီးသော အဂ်ါရပ်သုံးခုရှိလေသည်။ နိမ့်ကျ၍ သည်းခံသော မိမိ ကိုယ်ကိုနိမ့်ချမှု၊ အခြားသောသူများ၏ ကောင်းမှုများအတွက် ဝမ်းသာပျော်ရွှင်မှုနှင့် စစ်မှန်သော လေးစားမှုတို့ဖြင့် ဗုဒ္ဓပေါ်ထွက်လာမှုကို ကျေးဇူးတင်စွာဖြင့် လက်ခံမှုတို့ ဖြစ်လေသည်။

လူတို့သည် ဤယုံကြည်မှု၏ အဂ်ါရပ်များကို ပျိုးထောင်သင့်လေသည်။ ၄င်းတို့သည်၊ မိမိတို့၏ ညံ့ကွက်များနှင့် မသန့်စင်မှုများကို ဂရုပြုရမည် ဖြစ်သည်။ ၄င်းတို့သည် အရှက်အကြောက် ရှိ၍၊ မိမိတို့၏ မကောင်းမှုများကို ဝန်ခံရမည် ဖြစ်သည်။ ၄င်းတို့သည် အခြားသူများ၏ ကောင်းသော အကျင့်စရိုက်နှင့် လုပ်ရပ်များကို သိရှိနားလည်၍၊ ဇွဲဂိရိယ ရှိစွာဖြင့် ကြိုးပမ်းကျင့်သုံးကာ၊ ကောင်းမှုကို ကောင်းမှုအဖြစ် ချီးကျူးရမည် ဖြစ်သည်။ ၄င်းတို့သည် အမြဲပင် အလိုအလျောက် ဗုဒ္ဓနှင့်အတူတကွ လုပ်ဆောင်၍၊ ဗုဒ္ဓနှင့် နေထိုင်လိုသော ဆန္ဒမျိုး ရှိရမည် ဖြစ်သည်။

ယုံကြည်မှုစိတ်သည် စစ်မှန်သောစိတ် ဖြစ်သည်။ ၄င်းသည်

နက်ရှိုင်းလှသော စိတ်ဖြစ်၍၊ ဗုဒ္ဓ၏ တန်ခိုးအာဏာဖြင့် ဗုဒ္ဓ၏ သန့်စင်သော ကမ္ဘာပေါ်သို့ ခေါ်ဆောင်သွားခြင်း ခံရရန် အမှန်တကယ်ပင် ဝမ်း မြောက်ဝမ်းသာ ဖြစ်သောစိတ် ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓသည် လူများအား သန့်စင်ကမ္ဘာသို့ ခေါ်ဆောင်သွားရန်၊ ၎င်းတို့အား သန့်စင်သွား စေရန်၊ ၎င်းတို့အား မိမိကိုယ်ကိုတွေဝေမှု၊ သံသယဖြစ်မှုမှ ကာကွယ်တားဆီးရန် ယုံကြည်မှုအား တန်ခိုး စွမ်းအားပေးထားလေသည်။ ဗုဒ္ဓ၏ အမည်ကို ကမ္ဘာတဝှမ်းလုံး၌ ချီးကျူးပြောဆိုသည်ကို ကြားရချိန်၌ ခေတ္တခဏမျှသာ ယုံကြည်မှုရှိစေကာမူ၊ ၎င်းတို့သည် ဗုဒ္ဓ၏ သန့်စင်ကမ္ဘာသို့ ဆောင်ကြဉ်းသွားခြင်းခံရ မည်ဖြစ်ပေသည်။

၆. ယုံကြည်မှုသည် လောကီရမက် စိတ်သို့ဖြည့်စွက်ထည့်သွင်းလိုက်သော အရာတခုခု မဟုတ်ပါပေ။ ၎င်းသည် စိတ်တွင်းရှိ ဗုဒ္ဓသဘာဝကို ဖော်ပြနေခြင်းပင်ဖြစ်သည်။ ဗုဒ္ဓကို နားလည်သဘောပေါက်သော သူသည်။ မိမိကိုယ်တိုင်လည်း ဗုဒ္ဓပင်ဖြစ်သည်။ ဗုဒ္ဓအား ယုံကြည်မှု ရှိသူသည်လည်း ဗုဒ္ဓပင် ဖြစ်သည်။

သို့ရာတွင်၊ လူတဦးတယောက်၏ ဗုဒ္ဓသဘာဝကို ဖော်ထုတ်ရယူရန် ခဲယဉ်းလေသည်။ အစဉ်အမြဲ ပင်၊ လောဘဒေါသနှင့် လောကီတဏှာရမက်များ အတက်အကျ ဖြစ်နေသည့်အကြား၌ ၊ သန့်စင်သော စိတ်ကို ထိန်းသိမ်းထားရှိရန် ခက်ခဲလေသည်။ သို့တိုင်အောင်၊ ထိုကဲ့သို့ ပြုလုပ်နိုင်ရန် ယုံကြည်မှုက စွမ်းဆောင်ပေးလေသည်။

အဆိပ်ရှိသော ဧရန္ဒပင်များ ပေါက်ရောက်နေသည့် သစ်တောထဲတွင် ဧရန္ဒပင်များသာ ပေါက်ရောက်၍ မွှေးရနံ့သင်းကြိုင်သော စန္ဒကူးပင် (နံ့သာဖြူပင်)များ ပေါက်ရောက်မည် မဟုတ်ဟု ပြောကြ လေသည်။ အကယ်၍ စန္ဒကူးပင်တစ်ပင်က ဧရနသစ်တောထဲ၌ ပေါက်ရောက်နေမည် ဆိုပါက ထူးဆန်း အံ့သြဖွယ်ပင် ဖြစ်ပေမည်။ ထိုနည်းတူပင်၊ လူတို့၏ အသဲနှလုံးထဲ၌၊ ဗုဒ္ဓအပေါ် ယုံကြည်မှုများ ရှင်သန် ပေါက်ဖွားလာမည် ဆိုပါက၊ ထူးဆန်းအံ့သြဖွယ် တစ်ရပ်ပင်

ဖြစ်ပေသည်။

ထို့ကြောင့်၊ ဗုဒ္ဓအား ယုံကြည်ကိုးကွယ်သည့် ယုံကြည်မှုကို` အမြစ်မဲ့ ယုံကြည်မှု´ဟု ခေါ်လေ သည်။ ၄င်းသည် လူသားတို့၏ စိတ်ထဲတွင် ရှင်သန်ပေါက်ရောက်နိုင်ရန် အမြစ် မရှိသော်လည်း၊ ဗုဒ္ဓ၏ မေတ္တာကရုဏာ စိတ်ထဲတွင် ပေါက်ရောက်နိုင်ရန် အမြစ်တစ်ခု ရှိလေသည်။

၇. ထို့ကြောင့် ယုံကြည်မှုသည် အသီးအပွင့်ရှိ၍၊ သန့်စင်မွန်မြတ်လေသည်။ သို့ရာတွင် မိုက်မဲသော စိတ်ထဲတွင် ယုံကြည်မှုနှိုးကြားလာရန် ခက်ခဲလေသည်။ အထူးသဖြင့်၊ ယုံကြည်မှုကို `ဟန့်တားသည့် လူ့စိတ်၏ နောက်ကွယ်အရိပ်ထဲတွင် ငြောင့်ငါးစင်း (၇၊)သံသယဖြစ်မှု ငါးရပ် ရှိလေသည်။

ပထမ၊ ဘုရားဇာ၏ အသိဉာဏ်ကို သံသယဖြစ်ခြင်း၊ ဒုတိယ၊ ဘုရား၏ တရားတော်ကို သံသယ ဖြစ်ခြင်း၊ တတိယ၊ သံဃာတော်ကို သံသယဖြစ်ခြင်း၊ စတုတ္ထ၊ သိက္ခာပုဒ် (ဗုဒ္ဓလမ်းစဉ်)ကို ယုံကြည် စိတ်ချရပါ၏လောဟု သံသယဖြစ်ခြင်းနှင့် ပဉ္စမ ဘဝင်မြင့်၍ သည်းညည်းမခံသော စိတ်ရှိသူတဦးက ဗုဒ္ဓတရားတော်များကို နားလည်သဘောပေါက်၍ လိုက်နာကျင့်သုံးနေသော အခြားသူများ၏ စိတ်ရင်း စေတနာကောင်းကို သံသယ ဖြစ်နိုင်ခြင်း စသည်တို့ ဖြစ်လေသည်။

စင်စစ်အားဖြင့်၊ သံသယထက် ပိုမိုဆိုးဝါးကြောက်ရွံ့ဖွယ်ကောင်းသော အရာ မရှိပါပေ။ သံသယသည် လူများကို ကွဲကွာစေလေသည်။ ၄င်းသည် ချစ်ကြည်ရင်းနှီးမှုများကို ပြိုကွဲပျက်စီးစေ၍၊ သာယာကောင်းမွန်သော ဆက်ဆံမှုများကို ပျက်ပြားစေသော အဆိပ်ပင် ဖြစ်သည်။ ၄င်းသည် စနောင့် စနင်းဖြစ်ကာ၊ နာကျင်စေသော ဆူးငြောင့်ဖြစ်၍၊ သတ်ဖြတ်သေကြေစေသော ဓားဖြစ်လေသည်။

ယုံကြည်မှု၏ အစကို လွန်ခဲ့သော ခေတ်ကာလများစွာကပင် ဗုဒ္ဓ၏ မေတ္တာ ကရုဏာစိတ်က စိုက်ပျိုးပေးခဲ့လေသည်။ ယုံကြည်မှုရှိသူတစ်ဦးသည် ဤအချက်ကို သဘောပေါက်၍၊ ဗုဒ္ဓ၏ ကောင်းမှုအတွက်၊ ဗုဒ္ဓအား အထူးကျေးဇူး

တင်သင့်လေသည်။

မိမိ၏ ကိုယ်ပိုင်ကရုဏာစိတ်ကြောင့်၊ ယုံကြည်မှု ရှင်သန်နိုးကြားလာခြင်း မဟုတ်ဘဲ၊ ရှေးခေတ် ကာလများစွာကတည်းက၊ လူစိတ်ထဲရှိ၊ မသိရှိမှု အမှောင်ထုကို ဖြိုခွင်းကာ၊ သန့်စင်သော ယုံကြည်မှု အလင်းရောင်ကို ပေးခဲ့သည့် ဗုဒ္ဓ၏ မေတ္တာကရုဏာတော်ကြောင့် ဖြစ်ကြောင်း မည်သည့်အခါမျှ မမေ့ သင့်ပါပေ။

သာမန်လူနေမှုဘဝတွင် ရှိနေစေကာမူ၊ ဗုဒ္ဓ၏ ကရုဏာတော်များ၊ ခေတ်ကာလ ကြာညောင်း စွာ အဆက်ပြတ် တည်ရှိနေမှုကြောင့် ယုံကြည်မှုများ ရှင်သန်နိုးကြားလာ၍၊ သန့်စင်ကမ္ဘာတွင် မွေးဖွား လာနိုင်လေသည်။

ဤကမ္ဘာလောကကြီးတွင်၊ မွေးဖွားလာရန် အမှန်ပင် ခဲယဉ်းပေသည်။ တရားကို ကြားနာရန် ခက်ခဲပေသည်။ ယုံကြည်မှုရှိလာရန် ပိုမိုခက်ခဲပေသည်။ ထို့ကြောင့် လူတိုင်း လူတိုင်းသည် ဘုရား၏ တရားတော်များကို ကြားနာရန် အစွမ်းကုန် ကြိုးစားသင့်ကြပေသည်။

IV
ဗုဒ္ဓ၏ တရားစကားများ

၁. သူသည် ကျွန်ုပ်အား မတရားပြုမှု၏၊ ကျွန်ုပ်အား လျှောင်ပြောင်ရယ်မောမှု၏၊ ကျွန်ုပ်အား ရိုက်ခတ်မှု၏ ။ဤကဲ့သို့ တွေး၍ ဤကဲ့သို့ အတွေးများကို စွဲမြဲလက်ခံနေသ၍ ကာလပတ်လုံး ဒေါသသည်လည်း ဆက်လက်တည်ရှိနေမည်သာ ဖြစ်သည်။

စိတ်ဆိုးသော အတွေးများကို စွဲမြဲလက်ခံနေသ၍ ကာလပတ်လုံး၊ ဒေါသသည် မည်သည့် အခါမျှ ပျောက်ကွယ်သွားမည် မဟုတ်ပါပေ။ စိတ်ဆိုးသည့် အတွေးအခေါ်များကို မေ့ပျောက် လိုက်သည်နှင့်တပြိုင်နက်၊ ဒေါသသည်လည်း ပျောက်ကွယ်သွားမည် ဖြစ်ပေသည်။

အိမ်ခေါင်မိုးကို ကောင်းစွာ ပြုလုပ်ထားခြင်းမရှိပါက၊ သို့မဟုတ်

ပျက်စီးပျိုယွင်းနေပါက၊ အိမ်တွင်းသို့ မိုးရေပိုကျလာမည် ဖြစ်သည်။ ထိုနည်းတူ လောဘသည်လည်း ကောင်းစွာ လေ့ကျင့်ထားခြင်း မရှိသော၊ သို့မဟုတ် မထိန်းချုပ်နိုင်သော စိတ်အတွင်းသို့ ဝင်ရောက်လာလေ သည်။

လေလွင့်ပျင်းရိနေမှုသည် သေခြင်းသို့ ရောက်ရှိရန် လမ်းတို့ဖြစ်၍၊ ဇွဲဂိရိယရှိမှုသည် အသက်ရှင်နေထိုင်မှု၏ လမ်းကြောင်းဖြစ်သည်။ မိုက်မဲသော လူများသည် ပျင်းရိကြ၍၊ ပညာရှိ သော လူများသည် မြားလုပ်သူ တစ်ဦးသည်၊ ၎င်း၏ မြားများကို ဖြောင့်တန်းနေစေရန် ကြိုးစားလုပ်ကိုင်လေသည်။ ပညာရှိသောသူသည် ၎င်း၏ စိတ်ကို ဖြောင့်မတ်နေစေရန်၊ ကြိုးစား ထိန်းသိမ်းလေသည်။

အနှောင့်အယှက်ဖြစ်နေသော စိတ်သည်၊ အမြဲပင် တက်ကြွနေ၍၊ ဟိုဟိုဒီဒီ ခုန်ကူးကာ၊ ချုပ်ထိန်းရန် ခက်ခဲလေသည်။ သို့ရာတွင်၊ တည်ငြိမ်သော စိတ်သည် အေးချမ်းလေသည်။ ထို့ကြောင့် စိတ်ကို ထိန်းချုပ်ထားသင့်ပေသည်။

မကောင်းသော လမ်းစဉ်သို့ ဖြားယောင်းဆွဲဆောင်ခြင်းခံရမှုမှာ၊ ရန်သူကြောင့် မဟုတ်ဘဲ၊ မိမိ၏ ကိုယ်ပိုင်စိတ်ကြောင့် ဖြစ်လေသည်။

မိမိ၏ စိတ်ကို လောဘ၊ ဒေါသနှင့်မောဟတို့မှ ကာကွယ်စောင့်ထိန်းနိုင်သူသည် စစ်မှန်၍ တာရှည်တည်မြဲသော ငြိမ်းချမ်းမှုကို ခံစားရလေသည်။

၂. သာယာချိုမြသော စကားလုံးများကို ပြောဆို၍၊ လက်တွေ့လိုက်နာကျင့်သုံးခြင်း မရှိပါက၊ မွှေးရနံ့မရှိသော လှပသည့် ပန်းပွင့်ကဲ့သို့ပင်ဖြစ်ချေမည်။

ပန်း၏ ရနံ့သည် လေဆန်ဘက်သို့ ပျံ့လွင့်သွားခြင်း မရှိပါပေ။ သို့ရာတွင် လူကောင်း တစ်ယောက်၏ ဂုဏ်သတင်းသည် လေဆန်ဖက်သို့ပင် ဆန်တက်ကာ၊ ကမ္ဘာတစ်ဝှမ်းလုံးသို့ ပျံ့လွင့်သွားလေသည်။

အိပ်မပျော်သော လူတစ်ဦးအတွက်၊ ညတာသည် ရှည်လျားဟန် ရှိ၍၊ ပင်ပန်းနွမ်းနယ်နေသော ခရီးသည်တစ်ဦးအတွက်မူ ခရီးလမ်းသည် ရှည်လျားလေသည်။ မှန်ကန်သည့်သွန်သင် ဆုံးမမှုကို မသိသော လူတစ်ဦး

အတွက်၊ တပေ့လည်လည်ဖြင့် ဆင်းရဲဒုက္ခခံစားရသော အချိန် ကာလသည် ကြာရှည်ဟန် ရှိလေသည်။

ခရီးသွားသောအခါ၊ မိမိနှင့် စိတ်ချင်းတူသူ သို့မဟုတ် ပိုမိုကောင်းမွန်သော စိတ်ရှိသူ၊ အဖော်နှင့် သွားသင့်လေသည်။ လူမိုက်နှင့် သွားသည်ထက်၊ တစ်ယောက်တည်း သွားသည်က ပိုကောင်းလေသည်။

စိတ်ရင်းကောင်းမရှိသော၊ ဆိုးသွမ်းကောက်ကျစ်သည့် သူငယ်ချင်းသည် တိရစ္ဆာန်တစ် ကောင်ထက်ပင်၊ ပိုမိုကြောက်ရွံ့ဖွယ် ကောင်းလေသည်။ တောရဲတိရစ္ဆာန်ရိုင်းသည် ကိုယ်ခန္ဓာ ကို ထိခိုက်ဒဏ်ရာရရှိစေမည် ဖြစ်သော်လည်း မကောင်းသောမိတ်ဆွေသူငယ်ချင်းသည် စိတ်ကို ထိခိုက်ဒဏ်ရာရရှိစေမည် ဖြစ်သည်။

မိမိ၏ ကိုယ်ပိုင်စိတ်ကို မထိန်းချုပ်နိုင်သ၍ ကာလပတ်လုံး၊ 'ငါ့သား' 'ငါ့သမီး' 'ငါ့ပစ္စည်း' 'ငါ့ဥစ္စာ' ဟူသော အတွေးခေါ်မျိုးကို စဉ်းစားတွေးတောနေခြင်းမှ အဘယ်ကဲ့သို့ ကျေနပ်အားရ မှု ရှိနိုင်ပါမည်နည်း။ မိုက်မဲသောသူသည် ထိုကဲ့သို့သော အတွေးမျိုးကို စဉ်းစားတွေးတော လေ သည်။

မသိမိုက်မဲ၍၊ လူမိုက်ဖြစ်ကြောင်း သိရှိခြင်းသည် မသိမိုက်မဲ၍၊ ပညာရှိသည်ဟု ထင်မှတ် ခြင်းထက် ပိုကောင်းလေသည်။

ဖွန်းသည် ဟင်းဏ၏အရသာကို မခံစားနိုင်ပါပေ။ ထိုနည်းတူပင်၊ လူမိုက်တဦးသည် ပညာရှိ တစ်ယောက်နှင့် ပေါင်းသင်းသည့်တိုင်အောင်၊ ပညာရှိမှုကို နားလည်နိုင်မည် မဟုတ်ပါပေ။

လတ်ဆတ်သောနွားနို့သည် အလွယ်တကူ ခဲပျစ်သွားခြင်း မရှိပါပေ။ မကောင်းမှု ဒုစရိုက် များသည်လည်း ချက်ခြင်းရလဒ် ထွက်ပေါ်လာမည် မဟုတ်ပါပေ။ မကောင်းသည့် လုပ်ရပ်များ သည် ပြာဖြင့် ဖုံးအုပ်နေသော မီးခဲကဲ့သို့ ဖြစ်၍၊ ဆက်လက်တောက်လောင်နေကာ၊ နောက်ဆုံး၌ မီးလောင်မှုကြီးကို ဖြစ်ပွားစေလေသည်။

အထူးအခွင့်အရေးများ၊ ရာထူးတိုးမြင့်ခြင်း၊ အမြတ်အစွန်းရရှိခြင်း၊ သို့မဟုတ်

ဂုဏ်သိက္ခာ များကို လိုလားတပ်မက်သောသူသည် မိုက်မဲရာကျပေသည်။ အဘယ်ကြောင့်ဆိုသော်၊ ယင်းကဲ့သို့သော ဆန္ဒရမက်များသည် မည်သည့်အခါမျှ ပျော်ရွှင်မှုကို ပေးစွမ်းနိုင်မည် မဟုတ်ဘဲ၊ ဆင်းရဲ ဒုက္ခများကိုသာ ဖြစ်ပေါ်စေမည် ဖြစ်ပေသည်။

အမှားများနှင့် ချို့ယွင်းချက်များကို ညွှန်ပြကာ မကောင်းမှုများကို အပြစ်တင်ပြောကြားသော မိတ်ဆွေကောင်းတစ်ဦးအား၊ ဖုံးကွယ်နေသော ရတနာများ၏ လျှို့ဝှက်ချက်ကို ဖော်ပြသူ တစ်ဦးသဖွယ်၊ ရိုသေလေးစားရမည် ဖြစ်သည်။

၃. ကောင်းမွန်သော သွန်သင်ဆုံးမမှုကို ခံယူရ၍၊ ပျော်ရွှင်သောလူသည် အေးချမ်းစွာ အိပ်စက် နိုင်မည် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်၊ ၄င်း၏ စိတ်သည် သန့်စင်သွားသောကြောင့် ဖြစ်သည်။

လက်သမားတစ်ဦးသည်၊ ၄င်း၏ သစ်သားဘောင်ကို ဖြောင့်တန်းနေစေရန် ကြိုးစား လုပ်ကိုင်လေသည်။ မြှားလုပ်သောသူသည် မြှားတန်များ အချိုးအဆ ကောင်းမွန်စေရန် ကြိုးစား လုပ်ကိုင်လေသည်။ ရေမြောင်းတူးဖော်သူသည် ရေများ ကောင်းမွန်စွာ စီးဆင်းနိုင်စေရန် ကြိုးစားလုပ်ကိုင်လေသည်။ ထိုနည်းတူပင်၊ ပညာရှိသောသူသည် ချောမွတ်မှန်ကန်စွာ လှုပ်ရှား နိုင်စေရန်၊ မိမိ၏ စိတ်ကို ကြိုးစားချုပ်ထိန်းလေသည်။

ခိုင်မာသော ကျောက်ဆောင်သည် လေကြောင့် တုန်လှုပ်ခြင်း မဖြစ်ပါပေ။ ပညာရှိသူ တစ်ဦး၏ စိတ်သည် ဂုဏ်ပြုခံရခြင်း၊ သို့မဟုတ် မတရားပြုမူခံရခြင်းတို့ကြောင့် တုန်လှုပ်ခြင်း မရှိပါပေ။

မိမိကိုယ်ကို အောင်နိုင်ခြင်းသည် စစ်ပွဲတွင် ထောင်ပေါင်းများစွာသော ရန်သူများကို အောင်နိုင်ခြင်းထက် ပိုမိုကြီးမားသော အောင်ပွဲ ဖြစ်ပေသည်။

တစ်ရက်တာသာ နေထိုင်၍၊ ကောင်းမွန်သော တရားတော်များကို ကြားနာရခြင်းသည်၊ ထိုကဲ့သို့သော တရားတော်များကို မသိရှိဘဲနှင့် နှစ်ပေါင်းတစ်ရာ နေထိုင်ရခြင်းထက် ပိုမို ကောင်း မွန်လေသည်။

မိမိကိုယ်ကို ရိုသေသူများသည် မကောင်းသော ဆန္ဒရမက်များ နောက်သို့ မလိုက်မိစေရန် အတွက်၊ အမြဲပင် ကာကွယ်စောင့်ထိန်းနေကြရမည် ဖြစ်သည်။ တစ်သက်တာတွင်၊ အနည်းဆုံး တစ်ကြိမ်ဖြစ်စေ၊ ငယ်ရွယ်စဉ်အခါ၌ သို့မဟုတ် သက်လတ်ပိုင်း၌ သို့မဟုတ် အသက်ကြီးရင့်ချိန်၌ ပင်ဖြစ်စေ၊ ယုံကြည်စိတ်ဓာတ် နိုးကြားသင့်ပေသည်။

ကမ္ဘာလောကကြီးသည်၊ အစဉ်အမြဲပင်၊ လောဘ၊ ဒေါသနှင့် မောဟမီးများဖြင့် တောက် လောင်နေလေသည်။ ဤကဲ့သို့သော ဘေးအွန္တရာယ်များမှ တတ်စွမ်းသ၍ ဆောလျင်စွာ ထွက်ပြေးတိမ်းရှောင်ရမည် ဖြစ်သည်။

ကမ္ဘာလောကကြီးသည် ရေမြှုပ်ကဲ့သို့ငင်း၊ ပင့်ကူမျှင်အိမ်သို့ငင်း၊ ညစ်ပေနေသော အိုး တလုံးထဲရှိ အညစ်အကြေးကဲ့သို့ငင်း တူလေသည်။ လူတို့သည် မိမိတို့စိတ်၏ သန့်စင်မှုကို အစဉ်အမြဲပင် ကာကွယ်စောင့်ရှောက်သင့်လေသည်။

၄. မကောင်းမှုမှန်သမျှကို ရှောင်ကွင်းခြင်း၊ အကောင်းကိုရှာဖွေခြင်း၊ စိတ်ကို သန့်စင်အောင် ထိန်းထားခြင်း၊ ဤသည်တို့မှာ ဗုဒ္ဓတရားတော်၏ အနှစ်သာရပင် ဖြစ်သည်။

စိတ်ကို ချုပ်ထိန်းမှုတွင်၊ သည်းညည်းခံမှုသည် အခက်ခဲဆုံးဖြစ်၍၊ သည်းညည်းခံနိုင်သူ သာလျှင်၊ နောက်ဆုံး၌ အောင်ပန်းဆွတ်နိုင်လေသည်။

လူတို့သည် အာယာတစိတ် ရှိလာသည့်အခါတွင်၊ အာယာတစိတ်ကို ဖယ်ရှားပစ်ရမည် ဖြစ်သည်။ ဂမ်းနည်းနေချိန်တွင်၊ ဂမ်းနည်းမှုကို ဖယ်ရှားရမည် ဖြစ်သည်။ လောဘရမက် ပြင်းထန် နေချိန်၌၊ လောဘကို ဖယ်ရှားပစ်ရမည် ဖြစ်သည်။ တစ်ကိုယ်ကောင်းမဆန်သော၊ သန့်စင်သည့် ဘဝမျိုးတွင် နေထိုင်ရန် အတွက်၊ ပေါ်ကြွယ်လှသည့် ရွှေငွေပစ္စည်း အမြောက်အများတို့တွင်၊ မိမိ၏ ကိုယ်ပိုင်ပစ္စည်း တစ်ခုမျှ မရှိဟု မှတ်ယူရမည် ဖြစ်သည်။

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ခုပင် ဖြစ်သည်။ ရှိသည့်အရာနှင့် ကျေနပ်ရောင့်ရဲခြင်း သည် ရွှေငွေပစ္စည်း အမြောက်အများ ပိုင်ဆိုင်ခြင်းထက်၊

သာလွန်ကောင်းမွန်လေသည်။ ယုံကြည်စိတ်ချရသည်ဟု ယူဆခြင်းခံရမှုသည် ချစ်ကြည်ရင်းနှီးမှု၏ အစစ်မှန်ဆုံးသော အမှတ် လက္ခဏာ ဖြစ်သည်။ အမှန်တရားကို ရရှိခြင်းသည် အမြင့်မားဆုံးသော ပျော်ရွှင်မှုဖြစ်သည်။

မကောင်းမှုများကို ရွံရှာမုန်းတီးသည့် ခံစားချက်များရှိသောအခါ၊ တည်ငြိမ် အေးချမ်းသည့် ခံစားမှုမျိုးရှိသောအခါ၊ ကောင်းမွန်သော သွန်သင်ဆုံးမမှုများကို ကြားနာရ၍ ပျော်ရွှင်မှု ရှိသော အခါ၊ ဤကဲ့သို့သော ခံစားမှုများရှိ၍ တန်ဖိုးထား မြတ်နိုးသောအခါ စိုးရိမ်မှုကြောက်ရွံ့မှုများ ကင်းမဲ့နေမည် ဖြစ်သည်။

နှစ်သက်မြတ်နိုးသော အရာများတွင် စွဲမက်နေခြင်းမရှိဘဲ၊ မကြိုက် မနှစ်သက်သော အရာများကို ရွံမုန်းစိတ်မထားရှိပါနှင့် ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်းနှင့် တွယ်တာမှုတို့သည် ကြိုက်နှစ်သက်ခြင်းနှင့် မကြိုက် မနှစ်သက်ခြင်းတို့မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

၅. သံချေးသည် သံပေါ်တွင် တက်လာ၍ သံကို ဖျက်ဆီးပစ်လေသည်။ ထိုနည်းတူစွာ၊ မကောင်း သောအရာသည် လူ၏ စိတ်တွင် ပေါက်ဖွားလာပြီး၊ လူကို ဖျက်ဆီးပစ်လေသည်။

ကောင်းမွန်စွာ ဖတ်ရှုခြင်း မပြုသော စာပေကျမ်းဂန်သည် မကြာမီပင် ဖုန်တက်သွားလေ သည်။ ပြင်ဆင်ရန် လိုအပ်ချိန်၌ မပြုပြင်ဘဲ ထားသော အိမ်သည် ညစ်ပေသွားလေသည်။ ထို နည်းတူပင်၊ ပျင်းရိသောလူသည် မကြာမီပင် ညစ်ပေသွားလေသည်။

မသန့်စင်သော လုပ်ရပ်သည် အမျိုးသမီးကို ညစ်ညမ်းစေလေသည်။ ကပ်စေးနဲမှုသည် လှူဒါန်းခြင်းကို ညစ်ညမ်းစေလေသည်။ မကောင်းသော လုပ်ရပ်များသည် ယခု ပစ္စုပန်ဘဝကို သာမကဘဲ၊ နောင်ဘဝများကိုပါ ထိခိုက်ညစ်ညမ်းစေလေသည်။

သို့ရာတွင် ကြောက်ရွံ့ဖွယ်ရာ အကောင်းဆုံးသော ညစ်ညမ်းမှုမှာ အဂိဇ္ဇာ (ဝါ) မသိနား မလည်မှု၏ ညစ်ညမ်းမှုပင် ဖြစ်လေသည်။ မသိနားမလည်မှုကို မဖယ်ရှားမီ၊ ကိုယ်ခန္ဓာကို သော်၎င်း၊ စိတ်ကိုသော်၎င်း၊ သန့်စင်အောင် ပြုလုပ်ရန် မမျှော်လင့်နိုင်ပါပေ။

အရှက်ကင်းခဲ့ခြင်းနှင့် ကျီးတစ်ကောင်ကဲ့သို့ ရဲရင့်ခြင်း၊ ဝမ်းနည်းမှု ခံစားချက်မျိုး ကင်းမဲ့စွာ ဖြင့် သူတစ်ပါးအား ထိခိုက်နာကျင်စေခြင်းများကို ပြုလုပ်ရန်မှာ လွယ်ကူပေသည်။

မိမိကိုယ်ကို နှိမ့်ချခြင်း၊ ရိုသေမှုနှင့်ဂုဏ်သိက္ခာတို့ကိုသိရှိခြင်း၊ စွဲမက်မှုအပေါင်းကို စွန့်ပစ် ခြင်း၊ အတွေးနှင့်လုပ်ရပ်များကို သန့်စင်စွာ ထိန်းသိမ်းပြုလုပ်ခြင်းနှင့် ပညာရှိလာရေးတို့မှာ အမှန် ပင် ခဲယဉ်းပေသည်။

အခြားသူများ၏ အမှားများကို ညွှန်ပြရန် လွယ်ကူသော်လည်း၊ မိမိ၏ ကိုယ်ပိုင်အမှားများ ကို ဝန်ခံရန် ခက်ခဲပေသည်။ လူတို့သည် အခြားသူများ၏ ဒုစရိုက်များကို စဉ်းစားခြင်း မပြုဘဲ၊ ဖြန့်လွှတ်ပြောဆိုကြသော်လည်း၊ မိမိ၏ ဒုစရိုက်များကိုမူ၊ လောင်းကစားသမားတဦးက ၄င်း၏ အံစာအပိုကို ပုက်ထားသကဲ့သို့ ကွယ်ပုက်ထားလေသည်။

ကောင်းကင်သည် ကျေးဇူက် သို့မဟုတ် မီးခိုး သို့မဟုတ် လေမုန်တိုင်းတို့၏ ကြွင်းကျန် သော အမှတ်အရာများကို ထိန်းသိမ်းထားခြင်း မရှိပါပေ။ မကောင်းသော သွန်သင်ဟောပြောမှု တွင် အမှန်တရား မပါရှိပါပေ။ ဤကမ္ဘာလောကတွင်၊ မည်သည့်အရာမျှ မတည်မြဲပါပေ။ သို့ရာ တွင် အမှန်တရားရှိပြီးသော စိတ်သည် တုန်လှုပ်ခြင်း မရှိပါပေ။

၆. စစ်သူကြီးတစ်ဦးက ၄င်း၏ ရဲတိုက်ဝင်ပေါက်ကို စောင့်ကြပ်သည့်နည်းတူ၊ လူတို့သည်လည်း ၄င်းတို့၏ စိတ်များကို ပြင်ပမှအွန့်နရာယ်များမှ ကာကွယ်စောင့်ရှောက်ရမည် ဖြစ်ပေသည်။ တစ်ခဏတာမျှ လျစ်လျူမရှုရပါပေ။

လူသည် မိမိကိုယ်၏ သခင်ဖြစ်သည်။ မိမိ မှီခိုအားထားနိုင်သော အိုအေစစ် ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို မိမိချုပ်ထိန်းရန် အရေးကြီးဆုံး ဖြစ်သည်။

လောကီအနှောင်အဖွဲ့များမှ စိတ်၏ လွတ်လပ်မှုရရှိရေးအတွက်၊ ပထမ ခြေလှမ်းတစ်ရပ်မှာ မိမိ၏ စိတ်ကို ချုပ်ထိန်း၍ အဖျင်းစကားပြောကြားမှုများကို ရပ်ဆိုင်းကာ၊ အထိုက်အလျောက် နက်နဲစွာ တွေးခေါ်ရမည် ဖြစ်သည်။

လက်တွေ့ကျင့်ကြံနည်း

နေသည် နေ့အချိန်ကို ထွန်းလင်းစေလေသည်။ လသည် ညအချိန်ကို သာယာစေလေ သည်။ စည်းကမ်းရှိမှုသည် စစ်သူရဲကောင်းတစ်ဦးအား ပိုမိုသိက္ခာရှိစေလေသည်။ ထိုနည်းတူပင်၊ ဆိတ်ငြိမ်စွာ တရားထိုင်ခြင်းသည် အမှန်တရား ရှာဖွေသူအား ထင်ရှားသိသာစေလေသည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် ကိုယ်ခန္ဓာတည်းဟူသော အာရုံငါးပါးကို ကာကွယ် စောင့်ထိန်းနိုင်ခြင်း မရှိသူ၊ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုကို ခံရသူသည် အမှန်တရား ရရှိစေရန် လေ့ကျင့်နိုင်သူ မဟုတ်ပါပေ။ မိမိ၏ အာရုံငါးပါးတံခါးဝများကို ခိုင်မြဲစွာ စောင့်ကြပ်၍၊ မိမိ၏ စိတ်ကိုချုပ်ထိန်းထားသူသာလျှင်၊ အမှန်တရားကို ရရှိနိုင်ရန် အောင်မြင်စွာ လေ့ကျင့်နိုင်သူ ဖြစ်လေသည်။

၇. မိမိ၏ ကြီးကက်နစ်သက်သောအရာနှင့် မကြီးကက်မနစ်သက်သောအရာတို့၏ လွှမ်းမိုးမှုကို ခံရသောသူသည်၊ အခြေအနေအရပ်ရပ်တို့၏ အရေးပါမှုကို မှန်ကန်စွာ နားလည်နိုင်မည် မဟုတ်ဘဲ၊ ယင်းအခြေအနေတို့၏ ကြီးစိုးခြယ်လှယ်မှုကို ခံရတတ်ပေသည်။ စွဲမက်တွယ်တာမှုတို့မှ လွတ် ကင်းသူသည် အခြေအနေများကို မှန်ကန်စွာ သိရှိနားလည်သဖြင့်၊ ထိုလူအတွက် အရာခပ်သိမ်း သည် အသစ်ဖြစ်၍၊ အရေးပါ အရာရောက်လေသည်။

ဝမ်းနည်းမှု၏ နောက်တွင် ဝမ်းသာပျော်ရွှင်မှု လိုက်ပါလာ၍၊ ဝမ်းသာ ပျော်ရွှင်မှု၏ နောက်၌ ဝမ်းနည်းမှု လိုက်ပါလာသော်လည်၊ ဝမ်းသာပျော်ရွှင်မှုနှင့် ဝမ်းနည်းမှု၊ ကောင်းမှုနှင့် မကောင်းမှု တို့ကို သီးခြားခွဲခြားခြင်း မပြုသောအခါ လွတ်လပ်မှုကို ရရှိနိုင်လေသည်။

ကြိုတင်မျှော်မှန်းကာ၊ စိုးရိမ်ပူပန်ခြင်း၊ သို့မဟုတ် အတိတ်ကာလအတွက်၊ နောင်တရခြင်း၊ ဝမ်းနည်းခြင်းတို့သည် ဖြတ်တောက်ထားပြီးဖြစ်၍၊ ခြောက်သွေ့ သွားသော ကျူမြက်များနှင့် တူလေသည်။

ကိုယ်နှင့်စိတ်နှစ်ဖြာစလုံးအတွက် ကျန်းမာရေး၏ လျှို့ဝှက်ချက်များမှာ၊ အတိတ်ကာလ အတွက် ပူဆွေးဝမ်းနည်းခြင်း မပြုဘဲ၊ အနာဂါတ်အတွက် စိုးရိမ်ပူပန်ခြင်း မပြုမှု၍၊ ဒုက္ခအခက် အခဲများကို ကြိုတင်မျှော်လင့်ခြင်း မပြုဘဲ။

ပစ္စုပန်ကာလ၌ ပညာရှိစွာနှင့် စိတ်အားထက်သန်စွာ နေထိုင်ရေးပင် ဖြစ်ပေသည်။

အတိတ်ကို စွဲလမ်းမနေဘဲ၊ အနာဂါတ်အတွက် စိတ်ကူးယဉ်ခြင်း မပြုမူ၍ လက်ရှိ ပစ္စုပန်ကာလ၌၊ ပညာရှိစွာနှင့် စိတ်အားထက်သန်စွာ နေထိုင်ရေးပင် ဖြစ်ပေသည်။

အတိတ်ကို စွဲလမ်းမနေဘဲ၊ အနဂါတ်အတွက် စိတ်ကူးယဉ်ခြင်း မပြုမူ၍ လက်ရှိ ပစ္စုပန် ကာလ၌သာ၊ စိတ်အားရုံစူးစိုက်ရမည် ဖြစ်သည်။

လက်ရှိတာဝန်ကို ကောင်းစွာ မလွဲမသွေ ထမ်းဆောင်လုပ်ကိုင်သင့်ပေသည်။ မနက်ဖြန် အထိ ရှေ့ဆိုင်းထားရန်၊ သို့မဟုတ် ရှောင်လွှဲနေရန် မကြိုးစားပါနှင့်။ ယခု လက်ငင်း လုပ်ဆောင်ခြင်းဖြင့်၊ ကောင်းမွန်သော တစ်နေ့တာအဖြစ် နေထိုင်နိုင်ပေသည်။

ပညာ (အသိဉာဏ်) သည် အကောင်းဆုံးသော လမ်းပြဖြစ်၍၊ သဒ္ဓါ (ယုံကြည်မှု) သည် အကောင်းဆုံးသော အဖော်ဖြစ်လေသည်။ မသိနားမလည်မှုနှင့် ဆင်းရဲဒုက္ခအမှောင်ထုမှ လွတ် မြောက်နိုင်ရန် ကြိုးပမ်း၍၊ အမှန်တရားအတွက် အလင်းရောင်ကို ရှာကြံရမည် ဖြစ်သည်။

အကယ်၍ လူတစ်ဦးတစ်ယောက်၏ ကိုယ်ခန္ဓာနှင့် စိတ်တို့ကို ထိန်းချုပ်ထားနိုင်မည် ဆိုပါက၊ ထိုလူသည် ယင်းဖြစ်ရပ်ကို ကုသိုလ်ကောင်းမှု လုပ်ရပ်များဖြင့် သက်သေပြရမည် ဖြစ်ပေသည်။ ဤသည်မှာ မွန်မြတ်လှသော တာဝန်တစ်ရပ်ဖြစ်သည်။ ထိုအခါ၊ ယုံကြည်မှုသည် ၄င်း၏ စည်းစိမ်ဖြစ်လာ၍၊ စိတ်ရင်းစေတနာကောင်း ရှိမှုက၊ ၄င်း၏ ဘဝကို ချိုမြိမ့်သော အရသာကို ပေးကာ၊ ကုသိုလ်ကောင်းမှု ပွားများရန်မှာ ၄င်း၏ မွန်မြတ်သော တာဝန်ဝတ္တရားတစ်ရပ် ဖြစ်ပေမည်။

ဘဝခရီးလမ်းတွင် သဒ္ဓါ (ယုံကြည်မှု) သည် အာဟာရဓာတ်ဖြစ်၍၊ ကုသိုလ်ကောင်းမှုများ သည် ခိုလှုံရာနေရာ ဖြစ်ကာ၊ ပညာဉာဏ်ရှိမှုသည် နေ့ခင်းပိုင်း အလင်းရောင်ဖြစ်ပြီး၊ မှန်ကန် သော စိတ်ရှိမှုသည် နေ့ခင်းပိုင်းအလင်းရောင်းဖြစ်ပြီး၊ မှန်ကန်သော စိတ်ရှိမှုသည် ညအချိန်၏ ကာကွယ်စောင့်ရှောက်မှု ဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် သန့်စင်သော

လက်တွေ့ကျင့်ကြံနည်း

ဘဝတွင် နေထိုင် ပါက၊ မည်သည့်အရာမျှ ၄င်းအား မဖျက်ဆီးနိုင်ပါပေ။ အကယ်၍ ၄င်းသည် လောဘကို အောင် နိုင်ပြီးပါက၊ မည်သည့်အရာမျှ ၄င်း၏ လွတ်လပ်မှုကို မကန့်သတ်နိုင်ပါပေ။

လူတို့သည် မိမိ၏ မိသားစုအတွက် မိမိကိုယ်ကို မေ့လျော့ထားသင့်ပေသည်။ မိမိ၏ ကျေးရွာအတွက်၊ မိမိ၏ မိသားစုကို မေ့ထားသင့်ပေသည်။ နိုင်ငံအတွက်၊ မိမိ၏ ကျေးရွာကို မေ့ ထားသင့်ပေသည်။ အမှန်တရားအတွက် အရာခပ်သိမ်းကို မေ့ထားသင့်ပေသည်။

အရာခပ်သိမ်းသည် ပြောင်းလဲနေသည်။ အရာခပ်သိမ်းသည် ထွက်ပေါ်လာ၍ ပျက်စီး ပျောက်ကွယ်သွားလေသည်။ သေခြင်းနှင့်ရှင်ခြင်း၊ ဆင်းရဲဒုက္ခကို မကျော်လွန်နိုင်မီ၊ ပျော်ရွှင် သော ငြိမ်းချမ်းမှုဟူ၍ မရှိနိုင်ပါပေ။

ညီအစ်ကိုဖြစ်မှ
လုပ်ဖော်ကိုင်ဖက်

အခန်း တစ်
သီတင်းသုံးဖော်၏ တာဝန်ဝတ္တရားများ

I
ရဟန်းဘဝ

၁. ငါ့၏ တပည့်နောက်လိုက် ဖြစ်လိုသူသည်၊ မိသားစုနှင့် တိုက်ရိုက် ဆက်ဆံမှုများကိုင်း၊ လောကီတွင်းရှိ လူမှုရေးဘဝကိုင်း၊ ငွေကြေး ချမ်းသာမှုအပေါ် မှီခိုမှု အားလုံးကိုင်း၊ စွန့်လွှတ်လိုစိတ် ရှိရမည် ဖြစ်ပေသည်။

တရားအတွက် ထိုကဲ့သို့သော ဆက်ဆံမှုအပေါင်းကို စွန့်လွှတ်ပြီး၍၊ မိမိ၏ ကိုယ်ခန္ဓာ အတွက်ငင်း၊ စိတ်အတွက်ငင်း သတ်မှတ်ထားသော နေရာမရှိသည့် သူသည် ငါ၏နောက်လိုက် ဖြစ်လာ ၍ ဘိက္ခု(ဂါ) ရဟန်းဟု ခေါ်ဆိုရမည် ဖြစ်သည်။

ငင်း၏ ခြေများသည်၊ ငါ၏ ခြေရာများတွင် အရာထင်စေပြီး၊ ငင်း၏ လက်များက ငါ၏ ဂတ်ရုံ ကို သယ်ဆောင်နေသော်လည်း၊ အကယ်၍ ငင်း၏ စိတ်က လောဘကြောင့် တုန်လှုပ်မည် ဆိုပါက၊ ငင်း သည် ငါနှင့် အလှမ်းဝေးပေသည်။ ငင်းသည် ရဟန်းတော်တပါးကဲ့သို့ ဂတ်ဆင်ထားသော်လည်း၊ ငါ၏ တရားတော်ကို လက်ခံခြင်းမပြုပါက၊ ငဲ့အား တွေ့မြင်နိုင်မည် မဟုတ်ပါပေ။

သို့ရာတွင်၊ အကယ်၍ သူသည်လောဘအပေါင်းကို ဖယ်ရှားပြီးဖြစ်၍၊ သူ၏ စိတ်သည် လည်း သန့်စင်၍ အေးချမ်းမှုရှိမည် ဆိုပါက၊ ယူဇနာပေါင်းများစွာ ကွာဝေးနေစေကာမူ၊ ငါနှင့် လွန်စွာ နီးကပ်နေပေသည်။ အကယ်၍ ငင်းသည် တရားကို လက်ခံရရှိမည် ဆိုပါက၊ ထိုအထဲတွင် ငဲ့အား တွေ့မြင်ရမည် ဖြစ်သည်။

၂. တပည့်ကို၊ ဘိက္ခု (ဂါ) ရဟန်းများသည် စည်းကမ်းလေးရပ်ကို စောင့်ထိန်း၍၊ ယင်းစည်း ကမ်းများနှင့်အညီ ကျင့်သုံးနေထိုင်ကြရမည်ဖြစ်သည်။

ပထမ၊ ငင်းတို့သည် ဟောင်းနွမ်းစုတ်ပြတ်နေသော ပုံသုဂူ အဝတ်အစားများကို ဂတ်ဆင် ခြင်း၊ ဒုတိယ၊ ငင်းတို့သည် အိမ်သို့ လှည့်လည်၍

တောင်းခံကာ စားသောက်နေထိုင်ခြင်း၊ တတိယ ၄င်း တို့၏ နေအိမ်သည် ညအချိန် ရောက်ရှိလာ၍ တွေ့ရှိရသော သစ်ပင်အောက်၊ သို့မဟုတ် ကျောက်ဆောင် တို့ပင် ဖြစ်ခြင်းနှင့် စတုတ္ထမှာ ဗုဒ္ဓမြတ်စွာက ချမှတ်ထားသော နွားကျင်ငယ်မှ ပြုလုပ်ထားသည့် အထူး ဆေးဝါးတစ်ခုတည်းကိုသာ သုံးစွဲခြင်းတို့ ဖြစ်လေသည်။

သပိတ်ကို လက်ဝယ်ပိုက်၍၊ တစ်အိမ်မှ တစ်အိမ်သို့ လှည့်လည် ဆွမ်းခံခြင်းသည် သူတောင်းစားဘဝပင် ဖြစ်သော်လည်း၊ ထိုကဲ့သို့ပြုလုပ်ရန် အခြားသူ၏ အဓမ္မစေခိုင်းချက်အရသော်၄င်း၊ အခြေအနေအရသို့မဟုတ် စိတ်၏ ဆွဲဆောင်ချက် အရသော်၄င်း၊ မလွှဲမရှောင်သာ ပြုလုပ်ခြင်း မဟုတ် ပါပေ။ ယုံကြည်မှုရှိသော ဘဝသည် ဘဝ၏ လှည့်စားမှုများမှ ကင်းဝေး၍ ဆင်းရဲ ဒုက္ခများကို ရှောင်ထွင်း ကာ၊ အမှန်တရားသို့ ရောက်ရှိနိုင်ကြောင်း သိရှိသဖြင့်၊ မိမိဆန္ဒအလျောက် ပြုလုပ်ခြင်း ဖြစ်လေသည်။

ရဟန်းတစ်ပါး၏ ဘဝသည်၊ လွယ်ကူသောဘဝ မဟုတ်ပါပေ။ ၄င်းသည် မိမိ၏ စိတ်ကို လောဘနှင့် ဒေါသတို့မှ လွတ်ကင်းအောင် ထိန်းသိမ်းနိုင်ခြင်း မရှိပါက၊ ယင်းဘဝမျိုးကို ခံယူရန် မသင့်ပါ ပေ။

၃. မိမိကိုယ်ကို ရဟန်းတစ်ပါးအဖြစ် ယုံကြည်၍၊ မေးမြန်းခြင်းခံရသောအခါ ဖြေဆိုနိုင်ရန် အတွက်၊ ၄င်းသည် ဤကဲ့သို့ ပြောနိုင်ရမည် ဖြစ်သည်။

"ကျွန်ုပ်သည် ရဟန်းဖြစ်ရန်အတွက် လိုအပ်သည့် အရာမှန်သမျှကို ခံယူလိုက်နာလိုစိတ် ရှိပါသည်။ ကျွန်ုပ်သည် ယင်းကိစ္စအတွက် ရိုးသားဖြောင့်မတ်၍၊ ဖြစ်လိုသည့် ရည်ရွယ်ချက်များကို ဖြစ် မြောက်အောင် ကြိုးပမ်းဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဒါန (ပေးလှူခြင်း) ဖြင့် ကူညီကြသူများအား မေတ္တာပို့ကာ ကျေးဇူးဆပ်မည် ဖြစ်ပြီး၊ ကျွန်ုပ်၏ စိတ်အားထက်သန်မှုနှင့် ကောင်းမွန်သော ဘဝတို့ဖြင့်၊ ၄င်းတို့အား ပျော်ရွှင်အောင် ကြိုးစားလုပ်ဆောင်ပါမည်"။

ရဟန်းဖြစ်ရန်အတွက်၊ ၄င်းသည် မိမိကိုယ်ကို နည်းမျိုးစုံဖြင့် လေ့ကျင့်ရမည် ဖြစ်သည်။ ၄င်းသည် မအောင်မြင်သည့်အခါ၌၊ ရှက်ကြောက်မှုနှင့် ဂုဏ်သိက္ခာ ပျက်မှုတို့ကို ခံစားတတ်ရမည် ဖြစ်သည်။ ၄င်းသည် ဘဝကို သန့်စင်စေရေးအတွက်

ကိုယ်ခန္ဓာ၊ နှုတ်နှင့် စိတ်တို့ကို သန့်စင်စွာ ထိန်းသိမ်း ထားရှိရမည်ဖြစ်သည်။ ၎င်းသည် အာရုံငါးပါးတံခါးများကို ကာကွယ်စောင့်ထိန်းရမည် ဖြစ်သည်။ ၎င်း သည် ခေတ္တခဏမျှသာဖြစ်သော ပျော်ရွှင်မှုအတွက်၊ စိတ်၏ ချုပ်ထိန်းမှုကို အလွတ်မခံရ။ ၎င်းသည် မိမိ ကိုယ်ကို ချီးကျူးခြင်း၊ သို့မဟုတ် သူတပါးအား ပြစ်တင်ဆဲဆိုခြင်းများကို မပြုလုပ်ရ။ ၎င်းသည် ပျင်းရိခြင်း သို့မဟုတ် ကြာရှည်စွာ အအိပ်ကြူးခြင်းတို့ကို မပြုလုပ်ရ။

ညနေခင်းပိုင်းတွင်၊ ဆိတ်ငြိမ်စွာထိုင်ရန် ကမ္မဋ္ဌာန်းထိုင်ရန် အချိန်ရှိရမည် ဖြစ်ပြီး၊ အနားယူ အိပ်စက်ခြင်း မပြုမီ၊ လမ်းအနည်းငယ် လျှောက်ရမည် ဖြစ်သည်။ အေးချမ်းစွာ အိပ်စက်နိုင်ရန်အတွက်၊ ၎င်းသည် လက်ျာဖက်စောင်းလဲ၍၊ ခြေများကို စုထားရမည် ဖြစ်ပြီး၊ နောက်ဆုံးအတွေးများမှာ၊ နံနက် စောစောအိပ်ယာထလိုသည့် စိတ်ဆန္ဒ ရှိရမည် ဖြစ်သည်။ နံနက်စောစော၌၊ လမ်း အနည်းငယ် လျှောက် ရမည် ဖြစ်သည်။

နေ့ခင်းပိုင်းတစ်နေ့လုံးတွင်မူ၊ ၎င်းသည် အမြဲပင် ရှင်သန်နိုးကြားနေသော စိတ်ကို ထိန်း သိမ်းထားရှိ၍၊ ကိုယ်နှင့်စိတ် နှစ်ဖြာစလုံးကို ထိန်းချုပ်ထားကာ၊ လောဘ၊ ဒေါသ၊ မောဟ၊ အိပ်ငိုက်မှု၊ စိတ်လေလွင့်မှု၊ နောင်တရမှု၊ သံသယဖြစ်မှုနှင့် လောကီရမက် အပေါင်းတို့ကို တိမ်းညွှတ်မှုများအား ခုခံ တားဆီးရမည် ဖြစ်သည်။

ဤကဲ့သို့ စိတ်ကို တည်ငြိမ်အောင် ချုပ်ထိန်းထားကာ၊ အကောင်းဆုံးသော ဉာဏ်ပညာရှိမှု များကို ပျိုးထောင်၍၊ လုံးဝအမှန်တရားရရှိရေးအတွက် တစ်ခုတည်းကိုသာ ရည်ရွယ်ရမည် ဖြစ်ပေသည်။

၄. အကယ်၍ ရဟန်းတစ်ပါးတွင်၊ မိမိကိုယ်ကို မေ့လျော့ကာ၊ လောဘကြီးခြင်း၊ ဒေါသထွက်ခြင်း နှင့် မလိုမုန်းတီးမှု မနာလိုမှု၊ ဘဝင်မြင့်မှု၊ မိမိကိုယ်ကို ချီးကျူးမှု၊ သို့မဟုတ် စိတ်ရင်းကောင်း မရှိမှုများ ဖြစ်ပေါ် လာပါက၊ ၎င်းသည် ပါးလွှာသော ပိတ်စတခုဖြင့်သာ ဖုံးအုပ်ထားသည့် ထက်မြက်လှသော နှစ်ဖက်သွား ဓားရှည်တချောင်းကို သယ်ဆောင်နေသူနှင့် တူညီလေသည်။

သဃ်နိ်းစုတ်ကို ခြ်ုၤ၍ သပိတ်တစ်လုံးကို သယ်ဆောင်နေခြင်းဖြင့် ၄င်းသည် ရဟန်းတစ်ပါး ဖြစ်မလာပါပေ။ ဘုရားကျမ်းစာများကို အလွယ်တကူရွတ်ဆိုနိုင်ရုံဖြင့်၊ ၄င်းသည် ရဟန်းတစ်ပါး မဟုတ်ပါ ပေ။ ၄င်းသည် လူ့ကောက်ရိုးသာ ဖြစ်၍၊ အခြားဘာမျှ မဟုတ်ပါပေ။

၄င်း၏ ပြင်ပရုပ်သဏ္ဌာန်က ဘုန်းကြီးတစ်ပါးအသွင် ဖြစ်သော်လည်း၊ ၄င်းသည် လောကီ ရမက်များကို ဖယ်ရှားနိုင်ခြင်းမရှိပါပေ။ ၄င်းသည် ရဟန်းတစ်ပါး မဟုတ်မူ၍၊ သဃ်နိ်းခြ်ုထားသော ကလေးငယ်တယောက်သာ ဖြစ်ချေသည်။

စိတ်ကို ချုပ်ထိန်း၍၊ ဉာဏ်ပညာရှိ ကာလောကီရမက်အပေါင်းကို ဖယ်ရှားပြီး ဖြစ်၍၊ အမှန် တရားရရှိရေး ရည်မှန်းချက်တခုတည်းသာ ထားရှိသောသူများအား ရဟန်းအစစ်ဟု ခေါ်ဆိုနိုင်ပေသည်။

စစ်မှန်သောရဟန်းသည် ၄င်း၏ နောက်ဆုံးသော သွေးတစ်စက်ကုန်ဆုံးသွားသည့် တိုင် အောင်၊ ၄င်း၏ အရိုးများ ကြေမွသွားသည့်တိုင်အောင်၊ အမှန်တရားဟူသော ပန်းတိုင်သို့ ရောက်ရှိနိုင်ရေး အတွက် ဆုံးဖြတ်ထားလေသည်။ ထိုကဲ့သို့သောလူသည်၊ အစွမ်းကုန် ကြိုးပမ်းခြင်းဖြင့် နောက်ဆုံးတွင် ပန်းတိုင်သို့ ရောက်ရှိမည် ဖြစ်ပြီး၊ ရဟန်းတစ်ပါး၏ ကောင်းမွန်သော လုပ်ရပ်များကို ပြုလုပ်နိုင်သည့် စွမ်းရည်ဖြင့် သက်သေပြလေသည်။

၅. ရဟန်းတစ်ပါး၏ လုပ်ငန်းတာဝန်သည်၊ ဗုဒ္ဓတရားတော်များ၏ လင်းရောင်ခြည်ကို ရှေ့သို့ သယ်ဆောင်ကာ သွားရေးပင် ဖြစ်ပေသည်။ ၄င်းသည် လူတိုင်းလူတိုင်းအား ဟောပြောရမည် ဖြစ်သည်။ ၄င်းသည် အိပ်ပျော်နေသူများအား နှိုးရမည် ဖြစ်သည်။ ၄င်းသည် မှားယွင်းသော အတွေးအခေါ်များကို အမှန်ပြင်ရမည် ဖြစ်သည်။ ၄င်းသည် မှန်ကန်သော အတွေးအခေါ်များ ရရှိစေရန်၊ လူများအား ကူညီရမည် ဖြစ်သည်။ ၄င်းသည် သက်စွန့်ဆံဖျား၊ နေရာတကာသို့ သွားရောက်ကာ၊ တရားတော်များကို ကျယ်ပြန့်စွာ ဟောပြောဖြန့်ဖြူးရမည် ဖြစ်သည်။

ရဟန်းတစ်ပါး၏ လုပ်ငန်းတာဝန်သည် လွယ်ကူသည် မဟုတ်သောကြောင့် လုပ်ဆောင်လို သောသူသည် သဃ်နိ်း (၇) ဗုဒ္ဓ၏ ၇တ်ရုံကို ၇တ်ဆင်၍ ဗုဒ္ဓ၏

ထိုင်ခုံတွင် ထိုင်ကာ ဗုဒ္ဓ၏ အခန်းတွင်းသို့ ဝင်ရောက်သင့်ပေသည်။

ဗုဒ္ဓ၏ ဝတ်ရုံကို ဝတ်ဆင်သည့်အဓိပ္ပာယ်မှာ မိမိကိုယ်ကို နှိမ့်ချ၍ သည်းညည်းခံခြင်းကို ဆိုလိုပေ သည်။ ဗုဒ္ဓ၏ ထိုင်ခုံတွင် ထိုင်သည့် အဓိပ္ပာယ်မှာ အရာဝတ္ထုကို သုည (၀) အကောင်အထည် မဟုတ်ဟု ကြည့်မြင်၍ စွဲလမ်းမှုမရှိခြင်းကို ဆိုလိုသည်။ ဗုဒ္ဓ၏ အခန်းတွင်းသို့ ဝင်ရောက်ခြင်းသည် ဗုဒ္ဓ၏ မေတ္တာ ကရုဏာတော်ကို ခံယူ၍၊ လူတိုင်း လူတိုင်းအား ကြင်နာကရုဏာ ထားခြင်းကို ဆိုလိုပေသည်။

၆. ဗုဒ္ဓ၏ တရားတော်များကို သင်ကြားဟောပြောလိုသူတို့သည် အချက်လေးချက်ကို လက်ခံစွာဖြင့် အလေးထား ဂရုစိုက်ကြရမည် ဖြစ်သည်။ ပထမ ၄င်းတို့သည် မိမိတို့၏ ကိုယ်ပိုင်အပြုအမူများအတွက် အလေးထား ဂရုစိုက်ကြရမည် ဖြစ်သည်။ တတိယ ၄င်းတို့သည် သင်ကြားဟောပြောရသည့် ရည်ရွယ်ချက်နှင့် စွမ်းဆောင်လိုသော ရလဒ်များအတွက် အလေးထား ဂရုစိုက်ကြရမည် ဖြစ်ပြီး စတုတ္ထ ၊ ၄င်းတို့ သည် ကြီးမားလှသော မဟာ ကရုဏာတော်အတွက် အလေးထား ဂရုစိုက်ကြရမည် ဖြစ်သည်။

တရားကို ဟောပြောသည့် ဆရာကောင်းတစ်ဦး ဖြစ်ရန်အတွက် ရဟန်းသည် ရှေးဦးစွာ ၄င်း၏ ခြေထောက်အစုံကို ခံနိုင်မှု မြေမျက်နှာပြင်ပေါ်တွင် ခိုင်မြဲစွာ ချထားရမည် ဖြစ်သည်။ ၄င်းသည် ယဉ်ကျေးသိမ်မွေ့ရမည် ဖြစ်သည်။ ၄င်းသည် တစ်ဖက်စွန်းသို့ ရောက်ခြင်း၊ သို့မဟုတ် ကျော်စောမှုကို လိုလားခြင်းများ မဖြစ်စေရ။ ၄င်းသည် အရာဝတ္ထုတို့၏ သဘောအကို အစဉ်အမြဲ စဉ်းစားတွေးတောရမည်ဖြစ်သည်။ ၄င်းသည် မည်သည့်အရာကိုမျှ စွဲလန်းတပ်မက်ခြင်း မဖြစ်စေရပေ။ အကယ်၍ ၄င်း သည် ဤကဲ့သို့ ဂရုစိုက် ဖြစ်ပါက ၄င်းသည် မှန်ကန်သော အပြုအမူများကို ပြုကျင့်နိုင်စွမ်း ရှိပေမည်။

ဒုတိယအနေဖြင့် ရဟန်းသည်လူများနှင့် အခြေအနေအရပ်ရပ်သို့ ချဉ်းကပ်ရာတွင် ဆင်ခြင် သတိထားရမည် ဖြစ်သည်။ ၄င်းသည် မကောင်းသော ဘဝမျိုးဌ် နေထိုင်နေသူများ၊ သို့မဟုတ် အာဏာရှိ သူများကို ရှောင်ကွင်းရမည်

ဖြစ်သည်။ ၄င်းသည် ဆန့်ကျင်ဘက်လိင်ကို ရှောင်ကွင်းရမည် ဖြစ်သည်။ အရာဝတ္ထုများသည် အကြောင်းရင်းနှင့် အခြေအနေများကြောင့် ထွက်ပေါ်လာခြင်း ဖြစ်ကြောင်းကို ၄င်း သည် အစဉ်အမြဲ မှတ်သားထားရမည် ဖြစ်ပြီး၊ ယင်းရပ်တည်ချက်မှ နေ၍ အပြစ်တင်ခြင်း သို့မဟုတ် မတရားပြုမူခြင်း၊ သို့မဟုတ် အမှားအယွင်းများကို ပြောကြားခြင်း၊ သို့မဟုတ် အထင်သေးခြင်းများကို မပြုလုပ်ရပါပေ။

တတိယမှာ ရဟန်းသည် စိတ်ကိုအေးချမ်းစွာ ချုပ်ထိန်းထားရှိရမည် ဖြစ်ပြီး၊ ဘုရားအား စိတ်ဓာတ်ရေးရာဆိုင်ရာ ဖခင်အဖြစ်၄င်း၊ အမှန်တရားရရှိရန် အတွက်လေ့ကျင့်နေကြသော အခြားသော ညီအစ်ကိုများအား မိမိ၏ ဆရာများအဖြစ် ၄င်း၊ မှတ်ယူ၍ လူတိုင်းလူတိုင်းအား ကြင်နာ ကရုဏာစိတ် ကြီးမားစွာဖြင့် ကြည့်မြင်ရမည် ဖြစ်သည်။ ထိုအခါ ၄င်းသည် လူတိုင်းလူတိုင်းအား ညီတူမျှတစွာ သင်ကြား ဟောပြောရမည် ဖြစ်သည်။

စတုတ္ထမှာ ရဟန်းသည် ဗုဒ္ဓကဲ့သို့ပင် မိမိ၏ကြင်နာကရုဏာစိတ်ကို အစွမ်းကုန် ထုတ်ဖော်ပြသရ မည်ဖြစ်သည်။ အထူးသဖြင့် ၄င်း၏ ကြင်နာကရုဏာစိတ်များကို အမှန်တရား ရှာဖွေရမှန်း မသိသူများ ထံသို့ ယိုစီးဖြာထွက်စေရမည်ဖြစ်သည်။ ၄င်းသည် ထိုကဲ့သို့သော လူများက အမှန်တရားကို ရှာဖွေလာ ကြရန် လိုလားရမည် ဖြစ်ပြီး၊ ယင်းလိုအင်ဆန္ဒများအတိုင်း စိတ်ပါဝင်စားမှုရှိလာစေရန်အတွက်၊ ကိုယ်ကျိုးစွန့် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပေသည်။

II

ဥပါသကာ (၇) ယုံကြည်ကိုးကွယ်သူ

၁. ဗုဒ္ဓ၏ တပည့်နောက်လိုက်တစ်ဦး ဖြစ်လာရန်အတွက် ဘုရား၊ တရားနှင့် သံဃာတည်း ဟူသော ရတနာသုံးပါးကို ယုံကြည်ရမည်ဖြစ်ကြောင်း ရှင်းလင်း

တင်ပြခဲ့ပြီး ဖြစ်ပေသည်။

ယုံကြည်ကိုးကွယ်သူတစ်ဦး ဖြစ်လာရန်အတွက် ဗုဒ္ဓအား စွဲမြဲယုံကြည်မှု ရှိရမည် ဖြစ်သည့်အပြင် ဗုဒ္ဓ၏ ဆုံးမမှုများကို ယုံကြည်၍ လက်တွေ့ လေ့လာ ကျင့်ကြံနေထိုင်ခြင်းနှင့်၊ အတူတကွ နေထိုင်သုံး ဆောင်ရမှု သံဃာဂဏကို နှစ်သက် မြတ်နိုးခြင်း ရှိရမည် ဖြစ်သည်။

ဥပါသကာ (သာမန်ယုံကြည်ကိုးကွယ်သူများ) သည် သတ်ဖြတ်ခြင်း၊ ခိုးယူခြင်း၊ သူတပါး သားမယားကို ကျူးလွန်ခြင်း၊ လိမ်လည်ပြောဆိုခြင်း သို့မဟုတ် လှည့်ဖြားခြင်းနှင့် သေရည်သေရက် သောက်စားခြင်းများကို မပြုဟူသော သီလငါးပါးကို စောင့်ထိန်းရမည် ဖြစ်ပေသည်။

ယုံကြည်ကိုးကွယ်သူ၊ သာမန်လူများသည် ရတနာသုံးပါးကို ယုံကြည်မှုနှင့် သီလစောင့်ထိန်း မှုများကို မိမိတို့ကိုယ်ဌာသာ ထိန်းသိမ်းထားရှိခြင်း မပြုမူ၍၊ အခြားသော သူများအား အထူးသဖြင့် ဆွေမျိုး များနှင့် သူငယ်ချင်းများအားလည်း လိုက်နာစောင့်ထိန်းစေရန် တတ်စွမ်းသ၍ အကူအညီပေးကာ ၎င်းတို့ လည်း ဗုဒ္ဓ၏ မေတ္တာကရုဏာကို ခံယူနိုင်ကြရန်အတွက် ဘုရား၊ တရားနှင့် သံဃာတို့တွင် ခိုင်မြဲစွာ ယုံကြည်စိတ်ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပေသည်။

မိမိတို့သည် ရတနာသုံးပါးကို ယုံကြည်၍၊ သီလငါးပါးကို စောင့်ထိန်းရခြင်း၏ အကြောင်းရင်းမှာ နောက်ဆုံးတွင် အမှန်တရားကို ရရှိနိုင်ရန်ဖြစ်ကြောင်း၊ ယုံကြည်ကိုးကွယ်သူ သာမန်အရပ်သားများက အစဉ်အမြဲ စွဲမြဲမှတ်သားထားသင့်ပြီး၊ ယင်းသည့်အတွက်ကြောင့် ၎င်းတို့သည် ကာမရမက်လောကတွင် နေထိုင် ကြသော်လည်း ထိုကဲ့သို့သော တဏှာရမက်များ၌ တပ်မက်စွဲလန်းခြင်း ဖြစ်မလာစေရန် ရှောင်ရှားသင့်ပေသည်။

မိမိတို့သည် အနေးနှင့်အမြန်ဆိုသလို၊ မိဘများနှင့် မိသားစုများနှင့် မလွဲမသွေ ကွေကွင်း ခွဲခွါရ မည်ဖြစ်ပြီး မွေးဖွားခြင်းနှင့် သေခြင်းတည်းဟူသော ဤဘဝမှ သေလွန်ကြရမည် ဖြစ်ကြောင်းကို ယုံကြည်ကိုးကွယ်သူများသည် အစဉ်အမြဲပင် စွဲမြဲမှတ်သားထားရမည် ဖြစ်ပေသည်။ ထို့ကြောင့် ၎င်းတို့ သည် ဤဘဝရှိ အရာဝတ္ထုများအပေါ် စွဲမက်ခြင်း မဖြစ်သင့်ပဲ၊ မည်သည့်အရာမျှ သေဆုံး ပျောက်ကွယ် သွားခြင်းမရှိ အမှန်တရား ကမ္ဘာအပေါ် စွဲမြဲရည်မှန်း သင့်ပေသည်။

၂. အကယ်၍ ယုံကြည်ကိုးကွယ်သူ သာမန်လူများသည် ဘုရား၏ တရားတော်များအပေါ် ပြင်းထန် ခိုင်မာသည့် ယုံကြည်စိတ်များ ရှင်သန်နိုးကြား လာပါက ၎င်းတို့သည် စိတ်ထဲတွင် တည်ငြိမ်၍ တုန်လှုပ် ခြင်းမရှိသော ပျော်ရွှင်မှုမျိုးကို ရရှိလာနိုင်ကြပြီး ယင်းပျော်ရွှင်မှုများက ၎င်းတို့၏ ပတ်ဝန်းကျင် အလုံးစုံသို့ ထွန်းလင်းတောက်ပစေကာ ရောင်ပြန်ဟပ်လာမည် ဖြစ်သည်။

ဤယုံကြည်စိတ်သည် သန့်စင်၍ နူးညံ့ပျော့ပြောင်းလှပြီး အစဉ်အမြဲပင် သည်းညည်းခံကာ မည်သည့်အခါမျှ အတိုက်အခံ ငြင်းဆိုခြင်း၊ အခြားသူများအား ဆင်းရဲဒုက္ခ ရောက်စေခြင်းများကို မပြုမူ၍ အစဉ်အမြဲပင် ဘုရား၊ တရားနှင့် သံဃာ တည်းဟူသော ရတနာသုံးပါးကို စဉ်းစားနေလေသည်။ ဤသို့ ဖြင့် ၎င်းတို့၏စိတ်ထဲတွင် ပျော်ရွှင်မှုများ အလိုအလျောက် ထွက်ပေါ်လာ၍ အမှန်တရားအတွက် အလင်း ရောင်များကို နေရာတကာ၌ တွေ့မြင်နိုင်လေသည်။

၎င်းတို့သည် ယုံကြည်မှုကြောင့် ဗုဒ္ဓ၏ ရင်ခွင်ဝယ် နားခိုနေကြရသဖြင့် ၎င်းတို့သည် တကိုယ် ကောင်းဆန်သည့်စိတ်မှ၊ အလှမ်းဝေးစွာ၊ ခွဲခွာထားခြင်း ခံကြရပြီး ၎င်းတို့၏ စည်းစိမ်ပစ္စည်းများအပေါ် တွယ်တာမှုနှင့်လည်း ကင်းကွာနေကြသဖြင့်၊ ၎င်းတို့သည် နေ့စဉ်ဘဝတွင် ကြောက်ရွံ့ခြင်းများ၊ သို့မ ဟုတ် ဝေဖန်ပြစ်တင်မှုခံရခြင်းကို ကြောက်ရွံ့ခြင်းများ၊ သို့မဟုတ် ဝေဖန်ပြစ်တင်မှုံရခြင်းကို ကြောက်ရွံ့ ခြင်းများ မရှိကြပါပေ။

၎င်းတို့သည်၊ ဗုဒ္ဓကမ္ဘာတွင်မွေးဖွားလာကြမည်ကို ယုံကြည်ကြသဖြင့်၊ အနာဂတ် သေဆုံးရမည့် အရေးကို စိုးရိမ်ကြောက်ရွံ့ခြင်း မရှိကြပါပေ။ ၎င်းတို့သည် တရားတော်များ၏ မှန်ကန်မှုနှင့် မြင့်မြတ်မှု များကို ယုံကြည်ကြသဖြင့် မိမိတို့၏ အတွေးအခေါ်များကို လွတ်လပ်စွာနှင့် ကြောက်ရွံ့မှုကင်းမဲ့စွာဖြင့် ထုတ်ဖော် ပြောဆိုနိုင်ကြပေသည်။

၎င်းတို့၏ စိတ်များသည် လူအားလုံးအတွက် ကြင်နာ ကရုဏာစိတ်များဖြင့် ပြည့်လျှမ်းနေသော ကြောင့်၊ ခွဲခြားခြင်းမပြုဘဲ၊ တန်းတူညီတူဆက်ဆံလေသည်။ ၎င်းတို့၏ စိတ်များသည် ကြိုက်နှစ်သက် ခြင်းနှင့် မကြိုက်မနှစ်သက်ခြင်းမှ ကင်းလွတ်နေကြသဖြင့်၊ သန့်စင်၍ တရားမျှတမှု ရှိကာ၊ ကောင်းမွန် သော

အလုပ်များကို လုပ်ကိုင်ရန် ပျော်ရွှင်ကြလေသည်။

ငှင်းတို့သည် ဆင်းရဲကျပ်တည်းစွာ နေထိုင်ရသည် ဖြစ်စေ၊ သို့မဟုတ် ကြွယ်ဝချမ်းသာစွာ နေထိုင် ကြရသည်ဖြစ်စေ၊ ငှင်းတို့၏ ယုံကြည်မှုများ တိုးပွားလာရန်အတွက်၊ ခြားနားမှုရှိမည် မဟုတ်ပါပေ။ အကယ်၍ ငှင်းတို့သည် ကျိုးနွံနိမ့်ချမှုကို မြတ်နိုးကြပါက၊ ဗုဒ္ဓ၏ တရားတော်များကို လေးစားကြပါက၊ အပြောနှင့်အလုပ် ကိုက်ညီပါက၊ အသိဉာဏ်၏ လမ်းညွှန်မှုကို ခံယူရပါက၊ ငှင်းတို့၏ စိတ်များသည် တောင်တခုကဲ့သို့ ရွှေ့လျားနိုင်ခြင်း မရှိပါက၊ ငှင်းတို့သည် အမှန်တရား လမ်းကြောင်းပေါ် တွင်၊ မှန်မှန် ချီတက်နိုင်ကြမည် ဖြစ်ပေသည်။

ငှင်းတို့သည် ခက်ခဲသော အခြေအနေများနှင့် စိတ်ထားမသန့်စင်သူများအကြား၊ မလွဲမရှောင် သာ၊ နေထိုင်ကြရစေကာမူ၊ အကယ်၍ ဗုဒ္ဓအပေါ် ယုံကြည်မှုကို စွဲလန်းမြတ်နိုးမည် ဆိုပါက၊ ငှင်းတို့သည် ပိုမိုကောင်းမွန်သော လုပ်ရပ်များကို လုပ်ဆောင်နိုင်ကြမည် ဖြစ်ပေသည်။

၃. ထို့ကြောင့်၊ ဗုဒ္ဓ၏ တရားတော်များကို နာကြားလိုသည့် စိတ်ဆန္ဒမျိုး၊ ရှေးဦးစွာရှိရမည် ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်က ငှင်းအား အမှန်တရားရရှိရန်အတွက်၊ မီးပုံတွင်းသို့ ရောက်ရန် လိုအပ်ပါသည်ဟု ပြောကြားမည် ဆိုပါက၊ ငှင်းသည် ထိုကဲ့သို့သော မီးပုံကို ဝင်ရောက် ဖြတ်ကျော်သွား လိုသည့် ဆန္ဒရှိရမည် ဖြစ်ပေသည်။

ဗုဒ္ဓ၏ အမည်ကို ကြားရ၍၊ ကျေနပ်အားရမှုရှိပါက၊ ငှင်းသည် မီးများဖြင့် ပြည့်နှက်နေသော ကမ္ဘာ ကြီးကို ဖြတ်ကျော်သွားရန် တန်ပေသည်။

အကယ်၍ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို လိုက်နာလိုပါက၊ မိမိကိုယ်ကျိုး အတွက်ငှင်း၊ သို့မဟုတ် မိမိစိတ်ဆန္ဒအရငှင်း မပြုမူဘဲ လူတိုင်းအား ချစ်ကြည်ရင်းနှီးသည့် စိတ်မျိုးကို မြတ်နိုးရမည် ဖြစ်သည်။ လေးစား ထိုက်သောသူအား လေးစားရမည် ဖြစ်သည်။ ပြုစုထိုက်သူအား ပြုစုရမည်ဖြစ်ပြီး၊ လူတိုင်း လူတိုင်းအား တညီတညာတည်းဖြစ်သော ချစ်ကြင်နာစိတ်ဖြင့် ဆက်ခံရမည် ဖြစ်သည်။

ဤသို့ဖြင့် ယုံကြည်ကိုးကွယ်သူ သာမန်လူသားများသည်၊ မိမိတို့၏ စိတ်များကို ရှေးဦးစွာ လေ့ကျင့်ကြ၍ အခြားသူများ၏ အပြုအမူများဖြင့် ထိခိုက်တုန်လှုပ်ခြင်း မဖြစ်ကြရပါပေ။ ဤကဲ့သို့သော နည်းဖြင့်၊ ၄င်းတို့သည် ဗုဒ္ဓ၏ ဆုံးမမှုများကို ခံယူကျင့်သုံးကြရမည်ဖြစ်ပြီး၊ အခြားသူများအား မနာလိုခြင်း၊ အခြားသူများ၏ သြဇာသက်ရောက်မှုကို ခံရခြင်းနှင့်၊ အခြားသောနည်းလမ်းများကို စဉ်းစားလေ့လာခြင်း များ မပြုရပါပေ။

ဗုဒ္ဓ၏ တရားတော်များကို မယုံကြည်သူတို့သည် အမြင်ကျဉ်းမြောင်းကြ၍၊ မတည်ငြိမ်သောစိတ် ရှိလေသည်။ သို့ရာတွင် ဗုဒ္ဓ၏တရားတော်များကို ယုံကြည်သူတို့သည် အရာခပ်သိမ်းကို ထွေးပိုက်ထား သော မဟာ ဉာဏ်တော်နှင့် မဟာ ကရုဏာများရှိကြောင်းကို ယုံကြည်၍၊ ယင်းယုံကြည်မှု ဖြင့်ပင်လျှင် ၄င်းတို့သည် အသေးအဖွဲ ကိစ္စရပ်များကြောင့် တုန်လှုပ်ခြင်း မရှိကြပါပေ။

၄. ဗုဒ္ဓ၏ တရားတော်များကို ကြားနာခံယူကြရသူများသည်၊ မိမိတို့၏ ဘဝများသည် ခေတ္တခဏမျှသာ ဖြစ်၍ မိမိတို့၏ ခန္ဓာများသည်လည်း၊ ဆင်းရဲဒုက္ခများနှင့် မကောင်းမှုအပေါင်း၏ ပင်မဖစ်မြစ်များ ပေါင်းစု ထားခြင်းသာ ဖြစ်ကြောင်းကို သိရှိနားလည်ကြသဖြင့်၊ စွဲလန်းတွယ်တာခြင်း မရှိကြပါပေ။

တစ်ချိန်တည်းမှာပင်၊ ၄င်းတို့၏ ကိုယ်ခန္ဓာများကို ကောင်းစွာ ဂရုပြု စောင့်ထိန်းကြရန်၊ ၄င်းတို့ သည် လစ်ဟင်းခြင်း မရှိကြပါပေ။ ဤကဲ့သို့ ဂရုပြု စောင့်ထိန်းကြခြင်းသည် ရူပကိုယ်ခန္ဓာ၏ အပျော် အပါးများကို ခံစားလိုကြ၍ မဟုတ်ဘဲ။ အသိဉာဏ်ပညာရရှိရေးနှင့် အမှန်တရားလမ်းစဉ်ကို အခြားသူ များအား ရှင်းလင်းပြောပြရမည့် တာဝန်ဝတ္တရားများအတွက် ယာယီလိုအပ်သောကြောင့် ဖြစ်ပေသည်။

အကယ်၍ ကိုယ်ခန္ဓာကို ကောင်းစွာ ဂရုပြုစောင့်ထိန်းခြင်း မပြုပါက၊ တာရှည်အသက်ရှင် နေထိုင် မည် မဟုတ်ပါပေ။ တာရှည်စွာ အသက်ရှင်နေထိုင်နိုင်ခြင်း မရှိပါက၊ ၄င်းတို့သည် တရားတော်များကို ကိုယ်တိုင် ကျင့်ကြံခြင်း သို့မဟုတ် အခြားသူများအား ဖြန့်ဖြူးပေးခြင်းတို့ကို ပြုလုပ်နိုင်မည်

မဟုတ်ပါပေ။

အကယ်၍ လူတစ်ဦးသည် မြစ်ကိုဖြတ်ကျော်လိုပါက၊ ၄င်းသည် ၄င်း၏ ဖောင်ကို အထူး ဂရုပြု ရမည် ဖြစ်သည်။ အကယ်၍ ခရီးရှည်သွားရမည် ဆိုပါက၊ မြင်းကို ကောင်းစွာ ပြုစုစောင့်ရှောက်ရမည် ဖြစ် သည်။ ထိုနည်းတူပင် အမှန်တရားကို ရှာဖွေသောသူသည် မိမိ၏ ကိုယ်ခန္ဓာကို ဂရုပြု စောင့်ထိန်းရမည် ဖြစ်ပေသည်။

ဗုဒ္ဓကို ယုံကြည်သူများသည် ရာသီဥတုအပူအအေးဒဏ်မှ ကိုယ်ခန္ဓာကို ကာကွယ်ရန်နှင့် အရှက်ကို ကာကွယ်ရန်တို့အတွက် အဝတ်အစားကို ဝတ်ဆင်ကြရမည် ဖြစ်သော်လည်း၊ အလှတန်ဆာဆင်ရန် အတွက် မဝတ်သင့်ပါပေ။

၄င်းတို့သည် တရားတော်ကို ကြားနာခံယူရှင်းလင်းဟောပြောနိုင်ရန် ကိုယ်ခန္ဓာ အာဟာရ ဖြစ် ထွန်းရေးအတွက်၊ စားသောက်ကြရမည် ဖြစ်သော်လည်း၊ အရသာ၏ စားရေးအတွက် မစားသင့်ပါပေ။

၄င်းတို့သည် လောကီရမက်ဟူသော သူခိုးဓားပြများနှင့် မကောင်းသော သွန်သင်မှု မုန်တိုင်းဒဏ် များမှ အကာအကွယ် ရယူနိုင်ရန်အတွက်၊ အမှန်တရား နေအိမ်တွင် နေထိုင်ကြရမည်ဖြစ်ပြီး၊ ယင်းစစ်မှန် သော ရည်ရွယ်ချက်အတွက်သာ နေအိမ်ကို အသုံးပြုသင့်၍ ပကာသနပြုရန်သို့မဟုတ် တစ်ကိုယ် ကောင်းဆန်သော လုပ်ရပ်များကို ဖုံးလွှမ်းရန်အတွက် မဖြစ်သင့်ပါပေ။

ဤသို့ဖြင့် အရာဝတ္ထုများကို တန်ဖိုးထား၍ အမှန်တရားနှင့် တရားတော်များနှင့် သက်ဆိုင်သော အသုံးပြုမှုများကိုသာ ပြုလုပ်သင့်ပေသည်။ တစ်ကိုယ်ကောင်းဆန်သော အကြောင်းအချက်များကြောင့်၊ ယင်းဝတ္ထုများကို ပိုင်ဆိုင်ခြင်း၊ သို့မဟုတ် စွဲလန်းတပ်မက်ခြင်း မဖြစ်သင့်ပဲ၊ အခြားသူများအား တရား တော်ကို ရှင်းလင်းဖြန့် ဖြူးပေးနိုင်ရေးအတွက်၊ အသုံးဝင်သော အရာဝတ္ထုအဖြစ်သာ ကြည့်မြင်သင့်ပေ သည်။

ဗုဒ္ဓကို ယုံကြည်ကြသူ (၇) ဥပါသကာများသည် အောက်ပါ သင်ခန်းစာများကို နေ့စဉ်နေ့တိုင်း ဆည်းပူးလေ့လာသင့်ပေသည်။ မိဘများအား

အဘယ်ကဲ့သို့ လုပ်ကျွေးပြုစုမည်နည်း။ ဇနီးနှင့် ကလေး များနှင့် မည်ကဲ့သို့ နေထိုင်ရမည်နည်း၊ မိမိကိုယ်ကို အဘယ်ကဲ့သို့ ချုပ်ထိန်းမည်နည်း၊ ဗုဒ္ဓအား အဘယ်ကဲ့သို့ အလုပ်အကျွေး ပြုမည်နည်း၊ စသည်တို့ ဖြစ်လေသည်။

၅. မိဘများအား အကောင်းဆုံး ပြုစုစောင့်ရှောက်နိုင်ရန်အတွက် ၄င်းတို့သည် သားသမီးဂတ် (၅) ပါး အစားထိုးနိုင်သည်။ ဇနီးသည်များနှင့် ကလေးများနှင့် ပျော်ရွှင်စွာ နေထိုင်နိုင်ရန်အတွက် မိဘဂတ္တရား (၅) ပါး အစားထိုးနိုင်သည်။

မိသားစုဘဝ၏ တေးသံများကို နားဆင်နေကြစဉ်၊ ၄င်းတို့သည် ပိုမိုသာယာ ငြိမ့်ညောင်းသော တရားတော်၏ တေးသံများကို မမေ့ကြရပါပေ။ နေအိမ်၏ အမိုးအကာအောက်တွင် နေထိုင်ကြစဉ် ၄င်းတို့သည် မသန့်စင်မှု အပေါင်းနှင့် နှောင့်ယှက်မှုအပေါင်းတို့မှ ကင်းလွှတ်နိုင်ရန် ပညာရှိ သူတော်စင် များက၊ ခိုလှုံဝင်ရောက်ကြသော ပိုမိုလုံခြုံမှုရှိသည့် ကမ္ဘာ့နန်း အမိုးအကာအောက်သို့ ဝင်ရောက်ခိုလှုံရန် မကြာခဏ ကြိုးပမ်းကြရမည် ဖြစ်ပေသည်။

ဥပါသကာများသည် အလှူအတန်းပေးကြသောအခါ၊ အသဲနှလုံးတွင်းရှိ လောဘအပေါင်းကို ဖယ်ရှားသင့်ပေသည်။ ၄င်းတို့သည် လူစုလူအုပ်ထဲ ရှိနေသောအခါ၊ ၄င်းတို့၏ စိတ်များသည် ပညာရှိ သူများထံသို့ ရောက်ရှိနေရမည် ဖြစ်လေသည်။ ဆင်းရဲဒုက္ခနှင့် ရင်ဆိုင်ရသောအခါ၊ ၄င်းတို့၏ စိတ်များကို တည်ငြိမ်အေးချမ်းစွာ ရှိစေရန်နှင့် အဟန့်အတားများမှ လွတ်ကင်းစေရန် ထိန်းသိမ်းထားရှိသင့်ပေသည်။

၄င်းတို့သည် ဘုရားအောက် ဝင်ရောက်ခိုလှုံသောအခါ၊ ဘုရား၏ ဉာဏ်ပညာကို ရှာကြံသင့်ပေ သည်။

၄င်းတို့သည် တရားအောက် ဝင်ရောက်ခိုလှုံသောအခါ၊ ဉာဏ်ပညာ သမုဒ္ဒရာကြီးနှင့် တူသော အမှန်တရားကို ရှာကြံသင့်ပေသည်။

၄င်းတို့သည် သံဃာအောက် ဝင်ရောက် ခိုလှုံသောအခါ တစ်ကိုယ် ကောင်းဆန်သော အကျိုး အကြောင်းများဖြင့်၊ ဟန့်တားထားခြင်းမရှိသော သံဃာတော်တို့၏ အေးချမ်းသော အပေါင်းအဖော်ဖြစ် မှုကို ရှာကြံသင့်ပေသည်။

ငှင်းတို့သည် အဝတ်ဝတ်သောအခါ၊ ကောင်းမွန်ခြင်းနှင့် နှိမ့်ချခြင်း အဝတ်အထည်ကိုလည်း ဝတ် ဆင်ရန် မမေ့ရပါပေ။

ငှင်းတို့သည် အပေါ့အပါး သွားလိုသောအခါ၊ ငှင်းတို့၏ စိတ်ထဲရှိသော လောဘ၊ ဒေါသနှင့် မောဟဟူသော အညစ်အကြေးအပေါင်းကို စွန့်ပစ်လိုစိတ် ရှိရမည် ဖြစ်ပေသည်။

တောင်တက်လမ်းပေါ်တွင် ပင်ပင်ပန်းပန်းဖြင့် လျှောက်လှမ်းနေရသောအခါ သံသယဖြစ်သော ကမ္ဘာမှ ကျော်လွန်သွားနိုင်မည့် အမှန်တရားသို့ သွားရာလမ်းအဖြစ် ထင်မှတ်သင့်ပေသည်။ ငှင်းတို့သည် လွယ်ကူဖြောင့်ဖြူးသော လမ်းပေါ်တွင် လျှောက်လှမ်းနေရသောအခါ၊ သက်သာလွယ်ကူသော အခြေ အနေများကို အခွင့်ကောင်းယူ၍ ဗုဒ္ဓဘာသာသို့ ခရီးပိုရောက်စေရန် လျှောက်လှမ်း သင့်ပေသည်။

ငှင်းတို့သည် တံတားတခုကို တွေ့မြင်ရသောအခါ၊ လူများအား ဖြတ်ကျော်စေနိုင်မည့် သွန်သင် ဟောပြောမှု တံတားကို ဆောက်လုပ်လိုသည့် ဆန္ဒရှိရမည် ဖြစ်ပေသည်။

ငှင်းတို့သည် စိတ်မချမ်းမသာဖြစ်နေသူ တစ်ဦးနှင့် တွေ့သောအခါ၊ အစဉ်အမြဲ ပြောင်းလဲနေသော ဤကမ္ဘာလောကကြီး၏ အနိစ္စကို ဝမ်းနည်းကြေကွဲကြရမည် ဖြစ်သည်။

လောဘကြီးသူတစ်ဦးကို တွေ့မြင်ရသောအခါ၊ ငှင်းတို့သည် ဤဘဝ၏ လှည့်ဖြားမှုများမှ ကင်းလွတ်၍၊ အမှန်တရား၏ စစ်မှန်သော ကြွယ်ဝမှုများကို ရရှိနိုင်ရန် အထူး လိုချင်တပ်မက်ရမည် ဖြစ်သည်။

အရသာရှိသောအစာများကို တွေ့မြင်ရသောအခါ၊ ဆင်ခြင်သတိထားရမည် ဖြစ်သည်။ အရသာ မကောင်းသောအစာများကို တွေ့မြင်ရသောအခါ၊ လောဘစိတ်များ မည်သည့်အခါမျှ ပြန်ပေါ်လာခြင်း မရှိစေရန် ဆန္ဒပြုရမည် ဖြစ်သည်။

နွေရာသီ၏ ပူအိုက်လှသော အချိန်တွင် ငှင်းတို့သည် လောကီရမက်များ၏

အပူဝါတ်မှ ကင်းဝေး ၍ အမှန်တရား၏ လန်းဆန်းအေးမြမှုကို တောင့်တရမည် ဖြစ်ပေသည်။ မခံနိုင်လောက်သော ဆောင်း ရာသီ၏ ချမ်းအေးလှသည့် အခါသမယတွင်၊ ၄င်းတို့သည် ဗုဒ္ဓ၏ ကြီးမြတ်လှသော ကြင်နာ ကရုဏာ တော်၏ အနွေးဓာတ်ကို စဉ်းစားရမည် ဖြစ်သည်။

၄င်းတို့သည် ဘုရားကျမ်းစာများကို ရွတ်ဖတ်ကြသောအခါ၊ မေ့ပျောက်ခြင်း မရှိဘဲ၊ တရားစာနှင့် အညီ လက်တွေ့ကျင့်ကြံနေထိုင်ရန် သံန္ဓိဌာန်ချရမည် ဖြစ်သည်။

၄င်းတို့သည် ဘုရားကျမ်းစာများကို ရွတ်ဖတ်ကြသောအခါ၊ မေ့ပျောက်ခြင်း မရှိဘဲ၊ တရားစာ နှင့်အညီ လက်တွေ့ကျင့်ကြံနေထိုင်ရန် သံန္ဓိဌာန်ချရမည် ဖြစ်သည်။

၄င်းတို့သည် ဗုဒ္ဓကို အောက်မေ့သောအခါ ဗုဒ္ဓကဲ့သို့သော မျက်စိအစုံရှိလိုသည့် ပြင်းပြလှသော ဆန္ဒကို နှစ်သက်မြတ်နိုးကြရမည် ဖြစ်သည်။

၄င်းတို့သည် ညအိပ်သောအခါတွင်း မိမိတို့၏ကိုယ်ခန္ဓာ၊ ပါးစပ်နှင့် စိတ်များ သန့်စင်လန်းဆန်း လာစေလိုသော ဆန္ဒမျိုးရှိရမည် ဖြစ်ပေသည်။ နံနက်နိုးလာသောအခါ၊ ၄င်းတို့၏ ပထမဆန္ဒမှာ ထိုနေ့ တွင် အရာခပ်သိမ်းကို နားလည်နိုင်ရန် အတွက်၊ စိတ်ကြည်လင်မှုရှိပါစေဟူသော ဆန္ဒမျိုး ဖြစ်ရမည် ဖြစ်ပေသည်။

၆. ဗုဒ္ဓ၏ တရားတော်ကို လိုက်နာသောသူများသည် အရာခပ်သိမ်းတို့၏ သွင်ပြင်လက္ခဏာများမှာ သုညဝါ) အကောင်အထည်မဲ့ကြောင်း သိရှိနားလည်ထားသဖြင့်၊ လူ့ဘဝအတွင်းသို့ ဝင်ရောက်လာ သော အရာများကို ပေါ့ဆစွာကိုင်တွယ် ဆက်ဆံခြင်း မပြုမူ၍၊ အရှိကိုအရှိအတိုင်း လက်ခံကာ အမှန် တရားရရှိရေးအတွက်၊ သင့်တော်ကောင်းမွန်သော ကိရိယာများအဖြစ် ပြုလုပ်ရန် ကြိုးပမ်းကြလေသည်။

၄င်းတို့သည် ဤကမ္ဘာမှာ အဓိပ္ပာယ်ကင်းမဲ့၍၊ ရုပ်ထွေးမှုများနှင့် ပြည့်နှက်နေပြီး၊ အမှန်တရား ကမ္ဘာမှာမူ အဓိပ္ပာယ်နှင့်ငြိမ်းချမ်းမှုအပြည့်ရှိသည်ဟု မထင်မှတ်ရပါပေ။ ယင်းအစား၊ ၄င်းတို့သည် ဤကမ္ဘာ၏ အရေးကိစ္စအလုံးစုံတို့တွင်၊

အမှန်တရား၏ နည်းလမ်းများကို အရသာခံသင့်ကြပေသည်။

အကယ်၍ လူတစ်ဦးသည် အဂိုဏ္ဌာဖြင့် မှန်နေသော၊ ညစ်ညမ်းသည့် မျက်စိများဖြင့် ကမ္ဘာ လောကကြီးကို ကြည့်မြင်ပါက၊ ၎င်းသည် အမှားများဖြင့် ပြည့်နှက်နေသော ကမ္ဘာကို တွေ့မြင်ရမည် ဖြစ်ပေသည်။ သို့ရာတွင် အကယ်၍ ၎င်းသည် ကြည်လင်သော အသိဉာဏ်ဖြင့် ကြည့်မြင်မည် ဆိုပါက၊ အမှန်အတိုင်းဖြစ်သော အမှန်တရား ကမ္ဘာကြီးအဖြစ် တွေ့မြင်ရမည် ဖြစ်ပေသည်။

အမှန်မှာ ကမ္ဘာလောကသည် တစ်ခုတည်းသာရှိ၍ အဓိပ္ပာယ် ကင်းမဲ့သော ကမ္ဘာနှင့် အဓိပ္ပာယ် အပြည့်ရှိသော ကမ္ဘာ သို့မဟုတ် ကောင်းသောကမ္ဘာနှင့် ဆိုးသောကမ္ဘာ ဟူ၍ ကမ္ဘာနှစ်ခု မရှိပါပေ။ လူတို့ သည် ၎င်းတို့၏ ခွဲခြားတတ်သော စိတ်ကြောင့်၊ ကမ္ဘာနှစ်ခုရှိသည်ဟု ထင်မှတ်ကြခြင်းသာ ဖြစ်သည်။

အကယ်၍ ၎င်းတို့သည် မိမိတို့ကိုယ်မှ ဤခွဲခြားမှုများကို ပယ်ရှားနိုင်ပြီး ၎င်းတို့၏ စိတ်များကို လည်း အသိဉာဏ်ပညာ အလင်းရောင်ဖြင့် သန့်စင်စွာ ထိန်းထားနိုင်မည် ဆိုပါက၊ ၎င်းတို့သည် အရာ ခပ်သိမ်းတိုင်းက အဓိပ္ပာယ်ရှိသော ကမ္ဘာတစ်ခုတည်းကိုသာ တွေ့မြင်ကြရမည် ဖြစ်ပေသည်။

၇. ဗုဒ္ဓကို ယုံကြည်သူများသည် အရာခပ်သိမ်းတို့၊ တစ်ခုတည်းသာရှိမှု ဟူသော တရားကို အရသာခံကြ ရမည်ဖြစ်ပြီး ယင်းသို့သော စိတ်မျိုးဖြင့် လူအပေါင်းတို့အား ကြင်နာသနားကာ လူတိုင်းအား အကျိုးပြု လုပ်ကိုင်ပေးနိုင်ရန် နှိမ့်ချသော စိတ်နေသဘောထားရှိမည် ဖြစ်သည်။

ထို့ကြောင့်၊ ၎င်းတို့သည် ၎င်းတို့၏ စိတ်များကို ဘဝင်မြင့်မှုအပေါင်းမှ သန့်စင်အောင် ပြုလုပ်ကြ၍ နှိမ့်ချမှု၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် အကျိုးပြုမှုများကို ချစ်မြတ်နိုးသင့်ပေသည်။ ၎င်းတို့၏ စိတ်များသည် အရာခပ်သိမ်းကို ဘက်လိုက်ခြင်း မရှိဘဲ၊ အာဟာရဖြစ်ထွန်းစေသော ညည်းညူခြင်းမပြုဘဲ အသုံးပြု ဆောင်ရွက်သော၊ စိတ်ရှည်စွာဖြင့် သည်းညည်းခံသော အစဉ်အမြဲ စိတ်အားထက်သန်သော၊ အကျိုး အမြတ်ရှိသည့် ကမ္ဘာမြေကြီးကဲ့သို့ ဖြစ်သင့်ပြီး၊ ဆင်းရဲသူအပေါင်းတို့၏ စိတ်ထဲ ဗုဒ္ဓတရားတော် မျိုးစေ့များကို စိုက်ပျိုး

ပေးခြင်းအားဖြင့် ၄င်းတို့အား အကျိုးပြု ဆောင်ရွက်ပေးမှုတွင်၊ အမြင့်မားဆုံးသော ပျော်ရွှင်ချမ်းသာမှုကို တွေ့ရှိခံစားသင့်ပေသည်။

ဤသို့ဖြင့်၊ ဆင်းရဲသူများအတွက် ကြင်နာကရုဏာထားသော စိတ်သည် လူအပေါင်းတို့၏ မိခင် တစ်ဦးပမာ ဖြစ်လာ၍၊ လူအပေါင်းတို့အား ဂုဏ်ပြုကာ၊ လူအပေါင်းတို့အား ပုဂ္ဂလိက မိတ်ဆွေသူငယ် ချင်းများအဖြစ် ကြည့်မြင်၍၊ ၄င်းတို့အား မိဘကဲ့သို့ ရိုသေလေးစားလေသည်။

ထို့ကြောင့် ထောင်ပေါင်းများစွာသော လူများက ဗုဒ္ဓ၏အဆုံးအမကို ယုံကြည်သူများအား ရန်ညှိုး ထား၍ မလိုမုန်းတီးမှုများ ရှိနိုင်သော်လည်း၊ ၄င်းတို့သည် မည်သို့မျှ အွန်ရာယ် မဖြစ်စေနိုင်ပါပေ။ အဘယ်ကြောင့်ဆိုသော်၊ ထိုကဲ့သို့သော အွန်ရာယ်များသည် ကြီးမားလှသော ပင်လယ်ရေပြင်အတွင်းရှိ အဆိပ်ရည်တစ်စက် ကဲ့သို့ပင် ဖြစ်သောကြောင့် ဖြစ်ပေသည်။

၈. ဥပါသကာ (၇) ဗုဒ္ဓ၏ နောက်လိုက်တပည့်တဦးသည် ပြန်လည်သုံးသပ်ခြင်း၊ စဉ်းစားဇေဖန်ခြင်း နှင့် ကျေးဇူးတင်ရှိခြင်း အလေ့အကျင့်တို့ဖြင့်၊ ပျော်ရွှင်မှုကို ခံစားမည် ဖြစ်လေသည်။ ၄င်း၏ ယုံကြည်မှု သည် ဗုဒ္ဓ၏ ကရုဏာတော်ပင် ဖြစ်၍၊ ယင်းမှာလည်း၊ ဗုဒ္ဓက ပေးအပ်ထားခြင်း ဖြစ်ကြောင်းကို ၄င်းသည် သိရှိသဘောပေါက်လာမည် ဖြစ်ပေသည်။

လောကီရမက် တဏှာနွံထဲတွင်၊ ယုံကြည်မှုမျိုးစေ့များ ရှိသော်လည်း၊ ဗုဒ္ဓ၏ မေတ္တာ ကရုဏာ တော်ကြောင့် ယုံကြည်မှု မျိုးစေ့များကို နွံထဲပျိုးကြဲထားနိုင်၍၊ ဗုဒ္ဓအား ယုံကြည်သည့် ယုံကြည်မှုများ ဖြစ်ပွားလာသည်အထိ၊ ယင်းမျိုးစေ့များက စိတ်ကို သန့်စင်စေမည် ဖြစ်ပေသည်။

အထက်က ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း၊ မြွေးရန်ံ့သင်းသော စန္ဒကူးပင်သည် ဇရွန်တောထဲတွင် မရှိနိုင်ပါပေ။

သို့ရာတွင် အမှန်စင်စစ်မှာ ပျော်ရွှင်မှုပန်းပွင့်သည် ထိုနေရာတွင် ဖူးပွင့်နေသဖြင့်၊ ပန်းပွင့်များ ကတဏှာရာဂဖြင့် အပြည့်ဖြစ်သော ရင်ထဲတွင် ရှိနေသော်လည်း၊ ယင်း၏ အမြစ်များမှာမူ၊ တခြား တစ်နေရာတွင်ရှိနေသည်ဟု

ကောက်ချက်ချရမည် ဖြစ်ပေသည်။ ယင်း၏ အမြစ်များမှာ ဗုဒ္ဓ၏ ရင်တော် တွင် ရှိနေပေသည်။

အကယ်၍ ဗုဒ္ဓ၏ နောက်လိုက်တစ်ဦးသည် စိတ်ကို မထိန်းနိုင်ပါက၊ ၄င်းသည် မနာလိုဝန်တိုခြင်း၊ မုန်းတီးခြင်းနှင့် အပ္ပနာယပြုခြင်းများကို ပြုလုပ်လာမည် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၄င်း၏ စိတ်သည် လောဘ၊ ဒေါသနှင့် မောဟ တို့ဖြင့် ညစ်ညမ်းနေသောကြောင့် ဖြစ်ပေသည်။ သို့ရာတွင် အကယ်၍ ၄င်းသည် ဗုဒ္ဓထံသို့ ပြန်သွားပါက အထက်က ဖော်ပြခဲ့သည့်အတိုင်း၊ ဗုဒ္ဓအတွက် ပို၍ အကျိုးပြု သယ်ပိုးနိုင်မည် ဖြစ်သည်။ ဤသည်မှာ အမှန်တကယ်ပင် မည်သို့မျှ ရှင်းလင်းဖော်ပြနိုင်ခြင်း မရှိပါပေ။

III

မှန်ကန်သောနေထိုင်နည်းအတွက် လက်တွေ့လမ်းညွှန် ဝတ္တရားဘဝ

၁. ကံဆိုးမှုနှင့် ဘေးဥပါဒ်များက အရှေ့ဖက်မှ သို့မဟုတ် အနောက်ဖက်မှ လာသည်ဟု ထင်မှတ်ခြင်းမှာ မှားယွင်းပေသည်။ ၄င်းတို့သည်မိမိ၏ ကိုယ်ပိုင်စိတ်ထဲမှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။ ထို့ကြောင့်အတွင်းစိတ်ကို ထိန်းချုပ်ခြင်း မပြုပဲ၊ ပြင်ပလောကမှ ကံဆိုးမှုနှင့် ဘေးဥပါဒ်များကို ဟန့်တား ကာကွယ်ခြင်းသည် မိုက်မဲရာ ကျပေသည်။

သာမန်လူသားများက ယခုထက်တိုင် လိုက်နာကျင့်သုံးနေသော ရှေးဟောင်းခေတ်မှ ဆင်းသက် လာသည့် ထုံးစံဓလေ့တစ်ခု ရှိပေသည်။ ၄င်းတို့သည် နံနက်အိပ်ရာထသောအခါရှေးဦးစွာ မျက်နှာသစ်၍ ပလုပ်ကျင်းပြီးလျှင် မည်သည့် လားရာဖက်ကမျှ ဆိုးမှုများ ထွက်ပေါ်လာခြင်း မရှိဘဲ၊ တစ်ရက်တာ အေးချမ်းစွာ နေနိုင်စေရန် အလို့ငှာ၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်နှင့် အောက်ဟူသော ပူဇော်အပ်သည့် အရပ်ခြောက်ပါးသို့ အလေးပြုကြလေသည်။

သို့ရာတွင် ၄င်းသည် ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုနှင့် ကွာခြားနေလေသည်။ ကျွန်ုပ်တို့သည် မှန်ကန်ခြင်း၏ အရပ်ခြောက်မျက်နှာအား အရိုအသေ ပြုပြီးသည့်နောက်၊ ဉာဏ်ပညာရှိစွာနှင့် သီလရှိစွာ ပြုမူနေ ထိုင်ခြင်းဖြင့်၊ ကံဆိုးမှုနှင့် ဘေးဥပါဒ်အပေါင်းကို ကာကွယ်ရမည်ဟု ဗုဒ္ဓက ဟောပြောလေသည်။

ဤအရပ်ခြောက်မျက်နှာတို့မှ ၀င်၀များကို ကာကွယ်စောင့်ရှောက်ရန်အတွက်၊ လူတို့သည် လုပ်ရပ်လေးခုတို့၏ အညစ်အကြေးများကို ဖယ်ရှား၍၊ မကောင်းသောစိတ်လေးခုကို ချုပ်ထိန်းကာ အိုးအိမ်ပစ္စည်းများကို ဆုံးရှုံးစေသော အပေါက်ခြောက်ပေါက်ကို ပိတ်ရမည် ဖြစ်ပေသည်။

လုပ်ရပ်လေးခု ဟူသည်မှာ၊ သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်း၊ သူတပါး သားမယားအား ကျူးလွန်ခြင်း နှင့် လိမ်လည်ပြောဆိုခြင်းတို့ကို ဆိုလိုပေသည်။

မကောင်းသောစိတ် လေးခုတို့မှာ လောဘ၊ ဒေါသ၊ မောဟနှင့် ကြောက်ရွံ့ခြင်းတို့ ဖြစ်လေသည်။

ငွေကြေးဥစ္စာများကို ဆုံးရှုံးစေသော အပေါက်ခြောက်ပေါက်တို့မှာ သေရည်သေရက် သောက် စားလိုသည့် စိတ်ဆန္ဒနှင့် မိုက်မဲစွာ ပြုမူကျင့်ကြံခြင်း၊ ညနက်သန်းခေါင်တိုင် မအိပ်ဘဲ နေ၍ အပျော်အပါး လိုက်စားနေခြင်း ဝေးဂီတနှင့် ပွဲလမ်းသဘင်ဖျော်ဖြေမှုများကို တပ်မက်လိုက်စားခြင်း၊ လောင်းကစား ခြင်း၊ မကောင်းသော အပေါင်းအဖော်များနှင့် ပေါင်းဖက်ခြင်းနှင့် တာဝန်ဝတ္တရား လစ်ဟင်းခြင်းတို့ ဖြစ် လေသည်။

ဤမကောင်းမှုလေးရပ်ကို ဖယ်ရှား၍၊ မကောင်းသော စိတ်နေစိတ်ထား လေးရပ်ကို ရှောင်ရှားကာ၊ ဖြူနီးတီးမှု အပေါက်ခြောက်ရပ်ကို ပိတ်ပြီးသည့် နောက်တွင် ဘုရား၏ နောက်လိုက်တပည့်များသည် မှန်ကန်မှု အရပ်ခြောက်မျက်နှာကို ကြည်ညိုသမှု ပြုလေသည်။

ဤမှန်ကန်မှု အရပ်ခြောက်မျက်နှာဟူသည်မှာ အဘယ်နည်း။ ၄င်းတို့မှာ အရှေ့သည် မိဘများ နှင့်ကလေးအတွက် လမ်း၊ တောင်ဖက်သည် ဆရာနှင့်တပည့်အတွက် လမ်း အနောက်သည် လင်နှင့် မယားအတွက် လမ်း၊ မြောက်ဖက်မှာ သူငယ်ချင်းတို့၏ လမ်း၊ အောက်ဖက်မှာ အရှင်သခင်နှင့် အစေခံ

တို့၏ လမ်းနှင့် အထက်မှာ တရားတော်များကို အသေးစိတ် ရှင်းလင်းပို့ချသင်ကြားပေးသူများ၏ လမ်းတို့ ဖြစ်ကြလေသည်။

ပထမဦးစွာ (အရှေ့အရပ်ပမာတင်စားသော) မိဘသားသမီးများ၏ တာဝန်များမှာ ငါးမျိုးရှိသည်။ မိဘများကို ပြုစုစောင့်ရှောက်ရမည်။ မိဘ၏မျိုးရိုး ဂုဏ်သိက္ခာကို ကာကွယ်ထိန်းသိမ်းရမည်။ မိဘအမွေ အနှစ်ကိုတက်ခံရမည်။ ကွယ်လွန်မိဘဘိုးဘွားများအတွက် ကောင်းမှုကုသိုလ်များပြုလုပ် ဆောင်ရွက်ပေးရမည်။ မိဘများအနေဖြင့်လည်း အပြန်အလှန်အားဖြင့် သားသမီးများ အပေါ်တွင် တာဝန်ငါးရပ် ရှိသည်။ မကောင်းမှုမပြုရန် စောင့်ထိန်းရမည်။ ကောင်းမှုကုသိုလ် တိုးပွားဆောင်ရွက်ပေးရမည်။ သားသမီးများ အတတ်ပညာ ရရှိစေရန် ဆောင်ရွက်ပေးရမည်။ သင့်တော်သောအခါ ထိမ်းမြားမင်္ဂလာ ပြုလုပ်ပေးရမည်။ ဥစ္စာစီးပွား အမွေလွှဲအပ်ရမည်။ ဤသို့လိုက်နာ ဆောင်ရွက်ခြင်းဖြင့် (အရှေ့အရပ်ပမာ တင်စားထားသော) မိဘသားသမီး တို့သည် ငြိမ်းအေးမှုကို ရရှိကြမည်။

နောက်တဖန် (တောင်အရပ်ဟုတင်စားခေါ်ဝေါ်သော) ဆရာတပည့်တို့၏ တာဝန်များ၊ တပည့် မျှားသည် ဆရာ့ထံရှိသေစွာ ချဉ်းကပ်ဆက်ဆံရမည်။ ဆရာ၏ လိုအပ်သမျှကို အနီးကပ် ဖြည့်ဆည်း ဆောင်ရွက်ရမည်။ ဆရာ့၏ ဆိုဆုံးမစကားကို စိတ်ဝင်စားစွာ နာယူမှတ်သားရမည်။ ဆရာ့ကျေးဇူးကို မမေ့မလျော့ စောင့်ရှောက်ပေးဆပ်ရမည်။ ဆရာသင်ကြားသမျှကို ရိုသေလေးစားစွာ နာယူမှတ်သား ရမည်။ ဆရာများကလည်း အပြန်အလှန်အားဖြင့် တပည့်များကို နည်းကောင်းလမ်းကောင်းလမ်း ညွှန်ပြ ပေးရမည်။ ဆရာတတ်သိသမျှ ပညာကို မချွင်းမချန် တတ်မြောက်ရန် သင်ကြားပေးရမည်။ သင်ကြား သမျှ အတတ်ပညာကိုလည်း မမေ့မလျော့စေရန် လုပ်ဆောင်ပေးရမည်။ ဂုဏ်သိက္ခာ တက်စေရန် အကျိုး ကျေးဇူး များရစေရန်ကိုလည်း စီမံဆောင်ရွက်ပေးရမည်။ ဤသို့ဖြင့် (တောင်အရပ်ပမာတင်စားသော) ဆရာတပည့်တို့သည် ပူပန်မှု ကင်းဝေးစွာဖြင့် ဘဝငြိမ်းချမ်းမှု ရရှိကြမည်။

အနောက်အရပ်နှင့် ပမာပြုသော လင်ယောကျ်ား၊ ဇနီးတို့တွင် ခင်ပွန်းသည် ယောကျ်ားသည် ဇနီး မယားကို အလေးထားဆက်ဆံရမည်။ သစ္စာရှိစွာ

ဆက်ဆံပေါင်းသင်းရမည်။ ယုံကြည်စွာ ဆွေးနွေး တိုင်ပင်ဆောင်ရွက်ရမည်။ ရရှိသော ဥစ္စာပစ္စည်းကို အပ်နှင်းရမည်။ ဇနီးမယားကလည်း အိမ်မှုကိစ္စ အဂဝကို ကောင်းစွာစီမံ ဆောင်ရွက်ရမည်။ မိသားစု၏ လိုအပ်သမျှကို ဖြည့်ဆည်း ဆောင်ရွက်ပေးရ မည်။ ခင်ပွန်းသည်အပေါ်တွင် သစ္စာရှိရမည်။ မိသားစု အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းရမည်။ မိသားစုကိစ္စ အဂဝကို အဆင်ပြေစေရန် ဆောင်ရွက်ရမည်။ ဤသို့ဖြင့် (အနောက်အရပ်ဆိုအပ်သော) လင်မယား ဇနီးမောင်နှံတို့သည် အပူပင်ကင်းစွာဖြင့် ငြိမ်းချမ်းမှု ရပေမည်။

(မြောက်အရပ်ပမာပြုသော) မိတ်ဆွေအပေါင်းအသင်းတို့သည် တစ်ဦး ချို့တဲ့လျှင် တစ်ဦးက အကူအညီပေးရမည်။ အချင်းချင်းကြင်နာစွာ ဆက်ဆံပြောဆိုရမည်။ အကျိုးစီးပွား အတူတကွ ပူးပေါင်း ဆောင်ရွက်ရမည်။ ထာဝရ ဆင်ခြင်တုံတရားဖြင့် တစ်ဦးနှင့် တစ်ဦးရိုးသားစွာ ပြုမူဆက်ဆံရမည်။ တစ်ဦး နှင့်တစ်ဦး လမ်းမှားမရောက်စေရန် ကာကွယ်စောင့်ရှောက်ရမည်။ တစ်ဦး၏ အကျိုးစီးပွား ပျက်စီးဆုံးရှုံး မှု ကြုံတွေ့သောအခါ တစ်ဦးက ကာကွယ်ပေးရမည်။ အခက်အခဲပြဿနာများ ကြုံတွေ့လျှင် လိုအပ်သ လို လိုက်နာဆောင်ရွက်ပေးရမည်။ ဒုက္ခရောက်နေသောအခါ ကူညီမစ ဆောင်ညှိုးပေးရမည်။ တစ်ဦး၏ မိသားစုကို တစ်ဦးက လိုအပ်သလို ကူညီဆောင်ရွက်ပေးရမည်။ ဤသို့ဖြင့် (မြောက်အရပ်နှင့် တူသော) မိတ်ဆွေအပေါင်းအသင်းတို့သည် သောကငြိမ်းချမ်းသောဘဝကို ရရှိပေမည်။

(အောက်အရပ်ဟု သမုတ်ထားသော) အရှင်သခင်နှင့် အစေအပါးတို့တွင် အရှင်သခင်သည် အစေအပါး နှင့် ဆက်ဆံရာတွင် နည်းလမ်းငါးရပ်ဖြင့် ပြုမူဆက်ဆံရမည်။ အစေအပါး၏ အရည်အချင်းနှင့် ကိုက်ညီသော အလုပ် တာဝန်ကိုသာ ဆောင်ရွက်စေရမည်။ ကောင်းမွန်သော စားရေရိက္ခာနှင့် လုံလောက်သော အခကြေးငွေပေးရမည်။ နာမကျန်းဖြစ်သော အစေအပါးကို ကြင်နာစွာ ဆက်ဆံပေးရမည်။ အစားအစာ ကောင်းများကိုလည်း မျှဝေ ပေးကမ်းရမည်။ အခါအားလျော်စွာ နားယူသက်သာခွင့် ပေးရမည်။

အတုံ့အလှယ်အားဖြင့် အစေအပါး အလုပ်သမားကလည်း မိမိ၏ အရှင်သခင်ကို အောက်ပါ အတိုင်း စွဲမှတ် ဆောင်ရွက်ပေးရမည်။ သခင်အိပ်ယာမှ

မထမီ မိမိဦးစွာ ထရမည်။ သခင် အိပ်ယာဝင် ပြီးမှ အိပ်ရမည်။ မိမိ သခင်အပေါ်တွင် အခါမလပ် ရိုးသားမှု ရိုးသားစွာ ပြုမူဆက်ဆံရမည်။ အစေ အပါးသည် အလုပ်တာဝန် ဆောင်ရွက်ရာတွင် ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်ရမည်။ အလုပ်ရှင်၏ ဂုဏ်သိက္ခာကျဆင်းမည့်ကိစ္စမပြုရ။ ဤသို့ဖြင့် (အောက်အရပ်နှင့်တူသော) အရှင်သခင် အစေအပါးတို့ သည် ငြိမ်းအေးစိတ်ချမ်းသာစွာ ဘဝရရှိနိုင်ပေမည်။

နောက်တဖန် (အထက်အရပ်နှင့်ပမာတူသော) တရားနည်းလမ်းပြ ဆုံးမဟောပြောသော ဆရာ သခင်တို့အား ဆုံးမနာယူသူတို့သည် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ ယဉ်ကျေးစွာဖြင့် အစွမ်းကုန် ဆက်ဆံရမည်။ ဆရာသခင်အား ကောင်းစွာ ခရီးဦးကြိုပြုရမည်။ ဟောပြောပို့ချ သင်ကြား ချက်များကို နာယူမှတ်သား ဆောင်ရွက်ရမည်။ ဆရာသခင်အား ပူဇော်ချီးမြှောက်ရမည်။ တရားဟော ပုဂ္ဂိုလ်မှလည်း မကောင်းသောအမှုကို တားမြစ်၍ ကောင်းသော အမှုကိစ္စကို ဆောင်ရွက်ရန် အားပေး အားမြှောက်ပြုရမည်။ စိတ်ကောင်းနှလုံးကောင်းဖြင့် ကြင်နာမှု ထားရမည်။ အကျင့်စာရိတ္တ ကောင်းမွန် စေသောတရားများ ဟောပြရမည်။ တရားနာသူတို့အား အလုံးစုံ နားလည်သဘောပေါက်ရန် ဟောပြ သွန်သင်ရမည်။ လူအများတို့အား စိတ်ချမ်းသာမှုရစေရေး ဆောင်ရွက်ပေးရမည်။ ဤသို့ ဆောင်ရွက် ခြင်းဖြင့် (အထက်အရပ်နှင့်တူသော) တရားဟောတရားပြဆရာ သူတော်စဉ်တို့သည် စိတ်ချမ်းသာမှု ငြိမ်းအေးမှုတို့ကို ရရှိပေမည်။

အရပ်ခြောက်မျက်နှာသို့ အလေးပြုသော လူတစ်ဦးသည် ပြင်ပမှ ကံဆိုးမှုများနှင့် ဘေးဥပါဒ်များ မှ လွတ်ကင်းစေရန်ပြုလုပ်ခြင်း မဟုတ်ပါပေ။ ၎င်းသည် မိမိ၏ ကိုယ်ပိုင်စိတ်အတွင်းမှ မကောင်းမှုများ ထွက်ပေါ်လာခြင်း မရှိစေရေးအတွက် ကာကွယ်တားဆီးရန် ပြုလုပ်ခြင်း ဖြစ်လေသည်။

၂. လူတစ်ယောက်သည် ၎င်း၏အသိမိတ်ဆွေများအထဲမှ မည်သူနှင့် ပေါင်းဖက်သင့်၍၊ မည်သူနှင့် မပေါင်းဖက်သင့်ကြောင်းကို သိရှိရမည် ဖြစ်ပေသည်။

မပေါင်းဖက်သင့်သောသူများမှာ၊ လောဘကြီးသူများ၊ လိမ်မာပါးနပ်စွာ ပြောဆိုတတ်သူ များ၊ မျှောက်ပင့်ပြောဆိုတတ်သူများနှင့် ဖြန်းတီးတတ်သူများ ဖြစ်ကြလေသည်။

ပေါင်းဖက်သင့်သူများမှာ၊ အကူအညီပေးတတ်သူများ၊ ဟော်ရှင်ခြင်း သို့မဟုတ် ဆင်းရဲဒုက္ခ များကို လိုလိုလားလား အတူတကွ ရှိနေသူများ၊ အကြံဉာဏ်ကောင်းပေးသူများနှင့် ကိုယ်ချင်းစာ ကြင်နာ တတ်သော အသဲနှလုံးရှိသူများ ဖြစ်လေသည်။

ယုံကြည်စိတ်ချစွာဖြင့် ပေါင်းဖက်နိုင်သော စစ်မှန်သည့် မိတ်ဆွေသူငယ်ချင်းသည်၊ အစဉ် အမြဲပင် မှန်ကန်သောလမ်းစဉ်အတိုင်း လိုက်နာကျင့်သုံး၍၊ သူငယ်ချင်း၏ သာယာဝပြောမှုအတွက်၊ လျှို့ဝှက်စွာ စိုးရိမ်ပူပန်ပြီး၊ ဆင်းရဲဒုက္ခရောက်ချိန်၌ အားပေးဖျောင်းဖျကာ၊ လိုအပ်သောအခါ၌ အကူ အညီပေးခြင်း၊ လျှို့ဝှက်ချက်များကို စောင့်ထိန်းခြင်းနှင့် အစဉ်အမြဲ ကောင်းမွန်သော အကြံများကို ပေး ခြင်း စသည်တို့ကို ပြုလုပ်လေသည်။

ဤကဲ့သို့ မိတ်ဆွေကောင်းတစ်ဦးကို တွေ့ရှိနိုင်ရန် လွန်စွာ ခက်ခဲလှသဖြင့်၊ ဤကဲ့သို့သော မိတ်ဆွေကောင်းတဦး၊ ဖြစ်လာစေရန် အစွမ်းကုန် ကြိုးစားသင့်ပေသည်။

ကမ္ဘာမြေကြီးကို နေရောင်က နွေးထွေးစေသကဲ့သို့၊ မိတ်ဆွေကောင်း တစ်ယောက်သည်လည်း ၄င်း၏ ကောင်းသော လုပ်ရပ်များကြောင့်၊ လူ့အဖွဲ့အစည်းထဲတွင် ထွန်းလင်းတောက်ပ နေလေသည်။

၃. သားဖြစ်သူသည် ၄င်း၏ ဖခင်အား ညာဘက်ပုခုံးပေါ်တွင်၄င်း၊ မိခင်အား ဘယ်ဘက်ပုခုံး ပေါ်တွင်၄င်း နှစ်ပေါင်းတစ်ရာတိုင်တိုင် ထိန်းထားနိုင်သည့်တိုင်အောင် မိဘ၏ ကျေးဇူးများကို ပြန်လည် ပေးဆပ်နိုင်မည် မဟုတ်ပါပေ။

၄င်းသည် မိဘများအား၊ အနှစ်တစ်ရာတိုင်တိုင် အမွှေးအကြိုင်များဖြင့် ရေချိုးပေးခြင်း၊ စံပြ သားကောင်းအဖြစ် ပြုစုလုပ်ကျွေးခြင်း၊ မိဘများအား ရာဇဝပလွင် ရယူပေးခြင်းနှင့် ကမ္ဘာ့စည်းစိမ် အပေါင်းကို ပေးအပ်နိုင်သည့်တိုင်အောင် ကြီးမားလှသော မိဘကျေးဇူးများကို အလုံအလောက် ပြန် လည်ပေးဆပ်နိုင်မည်

မဟုတ်ပါပေ။

သို့ရာတွင် အကယ်၍ ၄င်းသည်မိဘများအား ဗုဒ္ဓထံသို့ ဦးဆောင်ခေါ်သွားကာ၊ ဗုဒ္ဓ၏ တရားတော်များကို ရှင်းလင်းပြောပြ၍ မှားယွင်းသောလမ်းစဉ်ကို စွန့်လွှတ်ကာ၊ မှန်ကန်သော လမ်းစဉ်ကို လိုက်နာပါရန် ဖြောင်းဖျပြောဆိုခြင်းနှင့် လောဘအပေါင်းကို စွန့်လွှတ်၍ ပေးလှူခြင်း၌ ပျော်မွေ့လာ စေရန် ဦးဆောင်လုပ်ကိုင်ခြင်းများ ပြုလုပ်မည် ဆိုပါက၊ ၄င်းသည် မိဘကျေးဇူးများကို အလျှံပယ် ပြန်လည် ပေးကမ်းခြင်းပင် ဖြစ်သည်။

၄. မိသားစု ဆိုသည်မှာ၊ စိတ်များက တစ်ခုနှင့် တစ်ခု တွေ့ထိသောနေရာပင် ဖြစ်လေသည်။ အကယ်၍ ဤစိတ်များသည် တစ်ခုနှင့်တစ်ခု၊ ချစ်ခင်ကြမည်ဆိုပါက၊ နေအိမ်သည်လည်း၊ ပန်းခြံတစ်ခု ကဲ့သို့ပင် သာယာလှပပေမည်။ သို့ရာတွင်၊ အကယ်၍ ဤစိတ်များက တစ်ခုနှင့်တစ်ခု မသင့်မမြတ် ဖြစ်ကြပါက၊ နေအိမ်သည်လည်း ပန်းခြံကို ဖျက်ဆီးပစ်သော လေမုန်တိုင်းကဲ့သို့ ဖြစ်ပေမည်။

အကယ်၍ အိမ်ထောင်စုတစ်ခုတွင် မသင့်မြတ်မှုများ ဖြစ်ပေါ်လာပါက၊ အခြားသူများအား အပြစ်တင်ခြင်း မပြုဘဲ၊ မိမိ၏ ကိုယ်ပိုင်စိတ်ကို ဆန်းစစ်ကာ၊ မှန်ကန်သောလမ်းစဉ်အတိုင်း လိုက်နာသင့် ပေသည်။

၅. တရံရောအခါက၊ ဘာသာရေးလွန်စွာ ယုံကြည်ကိုင်းရှိုင်းသော လူတစ်ဦး ရှိလေသည်။ ၄င်း သည် ငယ်ရွယ်စဉ်အခါက၊ ၄င်း၏ ဖခင်ကွယ်လွန်သွားသဖြင့်၊ မိခင်နှင့် အတူ ပျော်ရွှင်စွာ နေထိုင်လာ ခဲ့ပြီးနောက်၊ အိမ်ထောင်ပြုလေသည်။ အစပထမ၌ ၄င်းတို့သည် အတူတကွ ပျော်ရွှင်စွာ နေထိုင်ခဲ့ကြ သော်လည်း၊ နောက်ပိုင်းတွင် အနည်းငယ်သော အထင်မှားမှုကြောင့်၊ ဇနီးသည်နှင့် မိခင် ယောကျ္ဍမတို့ တစ်ဦးနှင့်တစ်ဦး မုန်းတီးလာကြလေသည်။ ဤမုန်းတီးမှုမှာ တနေ့တခြားကြီးထွားလာ၍၊ နောက်ဆုံးတွင် မိခင်ဖြစ်သူသည် လူငယ်ဇနီးမောင်နှံ နှစ်ဦးနှင့် ခွဲခွာ၍၊ တစ်ဦးတည်း သီးခြားစီ အခြားတနေရာသို့ သွားရောက်

နေထိုင်လေသည်။

မိခင်ယောကျ္ဗမ ထွက်သွားပြီးသည့်နောက်၌ လူငယ်ဇနီးမောင်နှံတွင် သားငယ် တစ်ဦး မွေးဖွားလာလေသည်။ လူငယ်ဇနီးသည်က `ယောကျ္ဗမကြီးသည် ကျွန်မအား အမြဲအနှောင့်အယှက် ပေးနေ၍ ကျွန်မတို့နှင့်အတူ နေထိုင်သမျှ ကာလပတ်လုံး၊ ပျော်ရွှင်ဖွယ်ရာ မည်သည့်ကိစ္စရပ်မျှ မဖြစ်ပေါ် ခဲ့ပါ။ သို့ရာတွင် သူမ ထွက်သွားသည်နှင့်တပြိုင်နက်၊ ပျော်ရွှင်ဖွယ်ရာ ကောင်းလှသော သားဦးလေး မွေးဖွားလာခဲ့ပါသည်´ဟု ပြောဆိုကြောင်း၊ ကောလာဟလသတင်းများ၊ ယောကျ္ဗမကြီး နားသို့ ရောက်ရှိ လာလေသည်။

ဤကောလာဟလသတင်းကြောင့် စိတ်ဆိုးသွားသော မိခင် ယောကျ္ဗမက ဤသို့ ဟစ်အော်လေသည်။ `အကယ်၍ ခင်ပွန်းသည်၏ မိခင်အားအိမ်မှ နှင်ထုတ်လိုက်သဖြင့် ပျော်ရွှင်စရာ ဖြစ်ရပ်မျိုး ဖြစ်ပေါ်ခဲ့ပါသည်ဟု ပြောဆိုပါက၊ မတရားလွန်လွန်းလှပါသည်။ အမှန်တရားများ ဤကမ္ဘာ ပေါ်မှ ကွယ်ပျောက်သွားပြီး ဖြစ်ရပေမည်။

ထို့နောက်၊ မိခင်က `ဤအမှန်တရားကို ယခုအခါ အသုဘချရမည် ဖြစ်သည်´ဟု အော်ဟစ်ကာ၊ ရှူးသွပ်နေသည့် အမျိုးသမီးတစ်ဦးသဖွယ် အသုဘအခမ်းအနား ပြုလုပ်ရန် သချိုင်းသို့ သွား လေသည်။

ဤအရေးအခင်းကို ကြားသိရသော သိကြားမင်းသည် မိခင် ယောကျ္ဗမ ရှေ့မှောက်၌ ပေါ် ပေါက်လာကာ၊ အကျိုးသင့်အကြောင်းသင့် ဖျောင်းဖျပြောဆိုရန် ကြိုးပမ်းသော်လည်း၊ အချည်းနီးသာ ဖြစ်ချေသည်။

ထိုအခါ၊ သိကြားမင်း သူမအား ဤသို့ ပြောကြားလေသည်။ `ထိုသို့ဖြစ်ပါက၊ ကျွန်ုပ်သည် ကလေးသူငယ်နှင့်မိခင်တို့အား မီးရှို့သတ်ရမည် ဖြစ်သည်။ ထိုသို့ ပြုလုပ်ပါက၊ အသင် ကျေနပ်ပါမည် လော´

ဤသည်ကို ကြားရသောအခါ၊ ယောကျ္ဗမသည် မိမိအမှားကို သိရှိ၍ ဒေါသဖြစ်မိခြင်း အတွက် ဝန်ချတောင်းပန်ကာ၊ ကလေးနှင့်မိခင်တို့၏ အသက်ကို ကယ်ဆယ်ပါရန် တောင်းပန်လေသည်။ တချိန်တည်းမှာပင်၊ လူငယ်ဇနီးသည်နှင့် ခင်ပွန်းတို့သည် မိခင်ယောကျ္ဗမအပေါ် ၎င်းတို့၏ မတရားမှုကို နားလည်သဘော ပေါက်မိကြ၍ မိခင်အား ရှာဖွေရန် သချိုင်းသို့ ရောက်ရှိလာလေသည်။ သိကြားမင်း

သည် ၄င်းတို့အား ပြန်လည် စေ့စပ်သင့်မြတ်စေပြီး၊ ယင်းသည့်နောက်၌၊ ၄င်းသည် ပျော်ရွှင်သော မိသားစုအဖြစ် အတူတကွ နေထိုင်သွားကြလေသည်။

မှန်ကန်မှုကို မစွန့်ပစ်သ၍ မည်သည့်အခါမျှ ပျောက်ကွယ်သွားခြင်း မရှိပါပေ။ မှန်ကန်မှု သည် တခါတရံ ပျောက်ကွယ်သွားဟန်ရှိသော်လည်း၊ အမှန်မှာ မည်သည့်အခါမျှ ပျောက်ကွယ်သွားခြင်း မရှိပါပေ။ မိမိ၏ ကိုယ်ပိုင်စိတ်အတွင်းရှိ အမှန်တရားများ ပျောက်ကွယ်ဆုံးရှုံးနေသောကြောင့်သာလျှင် ပျောက်ကွယ်နေသယောင် ထင်မှတ်ရခြင်း ဖြစ်လေသည်။

မသင့်မြတ်သောစိတ်များသည် မကြာခဏ ပျက်ဆီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေလေသည်။ အသေးအဖွဲမျှဖြစ်သော အထင်လွဲမှု၊ အထင်မှားမှုသည် ကြီးမားလှသော ဆင်းရဲဒုက္ခ ဖြစ်ပေါ်စေနိုင်လေ သည်။ ဤသဘောတရားကို အထူးသဖြင့် မိသားစုဘဝတွင် သတိထားကာကွယ်ရမည် ဖြစ်ပေသည်။

၆. အိမ်ထောင်စုဘဝတွင်၊ နေ့စဉ်အသုံးစရိတ်များကို မည်ကဲ့သို့ ဖြည့်စွက်သုံးစွဲရမည့် ပြဿနာရပ်မှာ အမြဲပင် အထူးဂရုပြုဆောင်ရွက်ရန် အရေးကြီးလိုအပ်လှပေသည်။ အိမ်သူအိမ်သား တိုင်းသည် ဇွဲဂိရိယရှိသော ပုရွက်ဆိတ်များနှင့် အလုပ်များသော ပျားများကဲ့သို့ ကြိုးစားလုပ်ကိုင်ကြရ မည် ဖြစ်ပေသည်။ မည်သူမျှ၊ အခြားသူတို့၏ ဇွဲဂိရိယရှိမှုအပေါ် မှီခိုအားထားခြင်း၊ သို့မဟုတ် ၄င်းတို့၏ ဇွဲဂိရိယရှိမှုအပေါ် မှီခိုအားထားခြင်း၊ သို့မဟုတ် ၄င်းတို့၏ ပေးကမ်းမှုကို မျှော်ကိုးခြင်းများ မပြုရပါပေ။

အခြားတစ်ဖက်တွင်မူ၊ လူတစ်ယောက်သည် ၄င်းလုပ်ကိုင်ရရှိသော ဝင်ငွေများကို လုံးဝ မိမိ၏ ကိုယ်ပိုင်ငွေအဖြစ် သဘောမထားရပါပေ။ အချို့သောငွေများကို အခြားသူများနှင့် ခွဲဝေသုံးစွဲခြင်း၊ အချို့ကို အရေးပေါ် ကိစ္စရပ်များအတွက် စုဆောင်းထားခြင်း၊ အချို့ကို လူ့အဖွဲ့အစည်းအတွက် ဖယ်ထား ခြင်းနှင့် အချို့ကို ဘာသာရေးဆရာများအား ပေးလှူပူဇော်ရန် သုံးစွဲခြင်းတို့ကို ပြုလုပ်ရမည် ဖြစ်ပေ သည်။

ဤကမ္ဘာပေါ်တွင် `မိမိပိုင်ဆိုင်သော အရာဟူ၍ အတိအကျ ခေါ်ဆိုနိုင်သော အရာတစ်ခုမျှ မရှိကြောင်းကို သတိပြုရမည် ဖြစ်ပေသည်။ လူတစ်ဦး

တစ်ယောက်ထံသို့ ရောက်ရှိလာသော အရာများ သည် အကျိုးအကြောင်းနှင့် အခြေအနေများ၏ ပေါင်းစပ်မှုကြောင့်သာ ဖြစ်လေသည်။ ၄င်းသည် ထိုအရာကို ယာယီမျှသာ ထိန်းသိမ်းထားရှိနိုင်ခြင်းရှိသဖြင့်၊ တစ်ကိုယ်ကောင်းဆန်စွာ သို့မဟုတ် တန်ဖိုး မရှိသော ရည်ရွယ်ချက်များအတွက် သုံးစွဲခြင်း မပြုရပါပေ။

၇. ဘုရင်ဥဗောနမ၏ မိဖုရားကြီး သာမာဝတီက အရှင်အာနန္ဒာအား သင်္ကန်း အထည်ငါးရာကို လှူဒါန်း သောအခါ၌ အာနန္ဒာက ကျေနပ်မှုအပြည့်ဖြင့် လက်ခံလိုက်လေသည်။

ထိုအကြောင်းကို ကြားသိရသော ဘုရင်မင်းမြတ်သည်၊ အရှင်အာနန္ဒာအား ရိုးသားဖြောင့် မတ်မှု မရှိဟု သံသယဖြစ်ကာ၊ အာနန္ဒထံသို့ သွားရောက်၍၊ ယင်းသင်္ကန်း အထည်ငါးရာကို မည်ကဲ့သို့ အသုံးပြုရမည်နည်းဟု မေးမြန်းလေသည်။

အရှင်အာနန္ဒာက ဤသို့ဖြေကြား၏ `အရှင်မင်းကြီး၊ ရဟန်းများ၏ တပည့် အမြောက်အ များတို့သည် ဟောင်းနွမ်းစုတ်ပြတ်နေသော အဝတ်အစားများကိုသာ ဝတ်ဆင်နေကြရပေသည်။ ဤအဝတ်အစားများကို ယင်းရဟန်းတို့အား ဖြန့်ဝေပေးမည် ဖြစ်ပါသည်။´

`အဝတ်အထည်အဟောင်းအစုတ်များကို မည်ကဲ့သို့ ပြုလုပ်ပါမည်နည်း´
`အိပ်ရာခင်းအဟောင်းများကို ဘာလုပ်မည်နည်း´
`ခေါင်းအုံးစွပ်များအဖြစ် ချုပ်လုပ်ပါမည်´
`ခေါင်းအုံးစွပ်အဟောင်းများကို ဘာလုပ်မည်နည်း´
`ကြမ်းခင်းများအဖြစ် ပြုလုပ်ပါမည်´
`ကြမ်းခင်းအဟောင်းများကို ဘာလုပ်မည်နည်း´
`ခြေသုတ်ပုဝါများအဖြစ် အသုံးပြုပါမည်´
`ခြေသုတ်ပုဝါအဟောင်းများကို ဘာလုပ်မည်နည်း´
`ကြမ်းတိုက်အဝတ်များအဖြစ် အသုံးပြုပါမည်´
`ကြမ်းတိုက်အဝတ်ဟောင်းများကို ဘာလုပ်မည်နည်း´
`အရှင်မင်းကြီး၊ ယင်းအဝတ်ဟောင်းများကို ဆုတ်ဖြို၍ ရွှံ့မြေများနှင့်ယမကာ၊

အိမ်နံရံ ပလတ်စတာများအဖြစ် အသုံးပြုပါမည်´

ကျွန်ုပ်တို့ထံ ပေးအပ်ထားသော အရာဝတ္ထုမှန်သမျှကို အသုံးဝင်သော နည်းတစ်မျိုးမျိုးဖြင့် ကောင်းမွန်စွာ အသုံးပြုရမည် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်၊ ယင်းအရာဝတ္ထုသည် `ကျွန်ုပ်တို့၏´ အရာဝတ္ထုမဟုတ်ဘဲ ကျွန်ုပ်တို့ထံ ယာယီအပ်နှံထားခြင်းသာ ဖြစ်ပေသည်။

၈. လင်နှင့်မယားတို့၏ ဆက်ဆံရေးများသည် ၄င်းတို့၏ အဆင်ပြေရေး အတွက်သာ ရည်ရွယ်ထားခြင်း မဟုတ်ပါပေ။ အိမ်တစ်အိမ်ထဲ၌ ရှုပခန္ဓာ ကိုယ်နှစ်ခုတို့၏ ပူးပေါင်းနေထိုင်မှုထက် ပိုမို လေးနက်သော အရေးပါမှုရှိလေသည်။ လင်နှင့်မယားတို့သည်၊ ရင်းနှီးသော ၄င်းတို့၏ ပေါင်းဖက် နေထိုင်မှုကို အခွင့်ကောင်းယူ၍ မြင့်မြတ်လှသော တရားတော်ထိုင်မှုကို အခွင့်ကောင်းယူ၍ မြင့်မြတ် လှသော တရားတော်များအတိုင်း၊ မိမိတို့၏ စိတ်များကို လေ့ကျင့်ရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီကြရမည် ဖြစ်ပေသည်။

`စံပြစုံတွဲ´ ဟု ခေါ်ဆိုခြင်းခံရသော အသက်ကြီးရင့်သူ ဇနီးမောင်နှံနှစ်ဦးတို့သည် တစ်ချိန် က ဘုရားထံသို့လာ၍ ဤသို့ လျှောက်ထားကြလေသည်။ `ကျွန်တော်ကျွန်မတို့သည် ကလေးဘဝ ကတည်းက သိကျွမ်းပြီးသည့်နောက်၊ လက်ထပ်ပေါင်းသင်းလာခဲ့ရာ၊ ဟော်ရွှင်မှုအတိသာ ရှိခဲ့ကြပါသည်။ နောင်ဘဝတွင် ပြန်လည်ပေါင်းဖက်နိုင်ခြင်း ရှိမရှိကို မိန့်ကြားတော်မူပါ´

ဘုရားက ၄င်းတို့အား ဤသို့သော ပညာရှိသည့်အဖြေကို ပေးလေသည်။ `အကယ်၍ အသင်တို့ နှစ်ဦးစလုံးသည် အတိအကျတူညီသော ယုံကြည်မှုရှိကြ၍၊ တရားတော်များကို တစ်ပုံစံတည်း ခံယူခဲ့ကြကာ၊ အလှူကောင်းမှုများကို တထေရာတည်း ပြုလုပ်ပြီး၊ တူညီသော ဉာဏ်ပညာရှိကြပါက နောင်ဘဝတွင် တူညီသောစိတ်မျိုး ရှိကြမည်သာ ဖြစ်ပေသည်´

၉. အမှန်တရားလမ်းစဉ်သို့ တက်လှမ်းရာတွင် လိုင်အရ ခွဲခြားမှု မရှိပါပေ။

အကယ်၍ အမျိုး သမီးတစ်ဦးက အမှန်တရားကိုရှာဖွေရန် စိတ်ဆုံးဖြတ်လိုက်ပါက၊ သူမသည် အမှန်တရားလမ်းစဉ်၏ အာဇာနည်သူရဲကောင်းမတစ်ဦး ဖြစ်လာပေမည်။

ရှင်ဘုရင်ပဒေနဒီ၏ သမီးတော် ဖြစ်၍ အယောဇာပြည့်ရှင်မိဖုရားဖြစ် သူမလွှိကာသည် ထိုကဲ့သို့သော သူရဲကောင်းမတစ်ဦး ဖြစ်လေသည်။ သူမသည် ဘုရား၏ သွန်သင်ဆုံးမမှုများကို အထူး ယုံကြည်၍၊ ဘုရား၏ ရှေ့မှောက်တွင်၊ အောက်ပါသံနွှဲဌာန် (10) ချက်ကို ချမှတ်လေသည်။

`အရှင်ဘုရား၊ တပည့်တော်မသည် စည်းကမ်းများကို ချိုးဖောက်မည် မဟုတ်ပါ၊ မိမိထက် အသက်ကြီးရင့်သူများ၏ ရှေ့မှောက်၌ မာန်မာန ထောင်လွှားမည် မဟုတ်ပါ။ မည်သူ့ကိုမျှလည်း အမျက် ထွက်မည် မဟုတ်ပါ။´

`တပည့်တော်မသည် အခြားသူများအား မနာလိုခြင်း၊ သို့မဟုတ် ၎င်းတို့၏ စည်းစိမ်ဥစ္စာ များအတွက် မနာလိုခြင်းဖြစ်မည် မဟုတ်ပါ၊ စိတ်တွင်၎င်း၊ ဝတ္ထုပစ္စည်းတွင်၎င်း၊ ကပ်စေးနဲမည် မဟုတ် ပါ။ တပည့်တော်မ ရရှိသော ပစ္စည်းများကို ကိုယ်ကျိုးအတွက် သိုလှောင်ထားခြင်း မပြုဘဲ၊ ဆင်းရဲသူများ ပျော်ရွှင်စေရေးအတွက် အသုံးပြုပါမည်။´

`တပည့်တော်မသည် လူအပေါင်းတို့အား ယဉ်ကျေးစွာ လက်ခံ၍၊ ၎င်းတို့ လိုအပ်သည် များကို ပေးကမ်းကာ၊ ကြင်နာစွာ ပြောဆိုဆက်ဆံပါမည်။ မိမိ အဆင်ပြေရေး အတွက် မဟုတ်ဘဲ ၎င်းတို့ ၏ အခြေအနေကို တန်ဖိုးထား စဉ်းစား၍ ဘက်မလိုက်ဘဲ ၎င်းတို့အား အကျိုးရှိစေရန် ကြိုးပမ်းကာ လုပ် ဆောင်ပါမည်။´

`တပည့်တော်မသည် တကိုယ်တည်းနေရသူ အကျဉ်းထောင်တွင် နေရသူ၊ မဟုတ် ရောဂါ စွဲကပ်သူ၊ သို့မဟုတ် အခြားသောဒုက္ခဝေဒနာများကို ခံစားနေရသူများအား တွေ့ရှိရပါက၊ အကြောင်း ရင်းနှင့် နိယာမသဘောများကို ရှင်းလင်းပြောပြခြင်းဖြင့်၊ ၎င်းတို့အား သက်သာစေရေးနှင့် ပျော်ရွှင်လာ စေရေးတို့အတွက် ကြိုးပမ်းလုပ်ဆောင်ပါမည်။´

`အကယ်၍ တပည့်တော်မသည် အခြားသူများက သက်ရှိသတ္တဝါများကို ဖမ်းယူ၍ ရက်စက်စွာ ပြုမူခြင်း၊ သို့မဟုတ် မကောင်းမှုများကို ကျူးလွန်ခြင်းများကို

သီတင်းသုံးဖော်၏ တာဝန်ဝတ္တရားများ

တွေ့မြင်ရမည် ဆိုပါက၊ အပြစ် ဒဏ်ပေးရမည့်သူများကို အပြစ်ပေးပါမည်။ သွန်သင်ရမည့်သူများအား သွန်သင်ဆုံးမပါမည်။ တပည့် တော်သည် ၎င်းတို့ ကျူးလွန်ထားသည်များကို ဖြေဖျောက်ပေးရာ ကြိုးစား၍ ၎င်းတို့၏ အမှားများကို တတ်စွမ်းသ၍ ပြင်ဆင်ပေးပါမည်။ ´

`တပည့်တော်မသည် မှန်ကန်သော တရားတော်များကို ကြားနာရန် မေ့လျော့နေမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်၊ မှန်ကန်သော တရားတော်များကို လျစ်လျူရှုထားပါက၊ နေရာတိုင်း ၌ ရှိနေသော အမှန်တရားများမှာ လျင်မြန်စွာ ကင်းကွာသွား၍၊ ဘဝသံသရာမှ ကျွတ်လွတ်ရာ အမှန် တရားကမ်းခြေသို့ ဆိုက်ရောက်နိုင်မည် မဟုတ်ကြောင်း တပည့်တော်မ သိရှိထားသောကြောင့် ဖြစ်ပါ သည်။ ´

ထို့နောက်၊ သူမသည် ဆင်းရဲသောသူများအား ကယ်တင်ရန်အတွက် အောက်ပါ ဆုတောင်းသုံးရပ်ကို ပြုလေသည်။ `ပထမ၊ ကျွန်မသည် ဆင်းရဲဒုက္ခခံနေရသူများအား အေးချမ်းမှု ရှိအောင်ပြုလုပ်ပါမည်။ ဤကောင်းမှုကြောင့် နောက်မည်သည့်ဘဝ၌မဆို ကောင်းမွန်သော တရားတော် ၏ အသိဉာဏ်များ ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါသည်။ ´

`ဒုတိယ ကျွန်မသည် ကောင်းမွန်သော တရားတော်များ၏ အသိဉာဏ်ကို ရရှိပြီးသည့် နောက်တွင် လူအပေါင်းတို့အား မမောမပန်း သင်ကြားဟောပြောပါမည်။ ´

`တတိယ ကျွန်မ၏ ကိုယ်ခန္ဓာ အသက် သို့မဟုတ် ကိုယ်ပိုင်စည်းစိမ် ပစ္စည်းများကို စွန့် လွှတ်ရသည့်တိုင်အောင် မှန်ကန်သောတရားတော်များကို စောင့်ထိန်းကာကွယ်ပါမည်။ ´

အိမ်ထောင်စုဘဝ၏ စစ်မှန်သောအရေးပါမှုမှာ အမှန်တရားလမ်းစဉ်သို့ ချီတက်ရာ၌၊ အချင်းချင်း အားပေးကူညီမှု ပြုလုပ်နိုင်ရန် အခွင့်အလမ်း ရရှိမှုပင် ဖြစ်ပေသည်။ အမှန်တရားကို ရှာဖွေလို သော စိတ်ဓါတ်မျိုး ရှိ၍၊ သံနွှဲဌာန်နှင့် လိုအင်ဆန္ဒများကို ချမှတ်မည် ဆိုပါက မလွှိကာကဲ့သို့ပင် ဘုရား၏ ကြီးမြင့်သော ဥပါသိကာတစ်ဦး ဖြစ်လာနိုင်ပေသည်။

အခန်း နှစ်
ဗုဒ္ဓသာသနာတော်ကို တည်ထောင်ခြင်း

I
သာသနာ့ဉီနောင်များ၏ စည်းလုံးသင့်မြတ်မှု

၁. သက်ရှိသတ္တဝါအမြောက်အများတို့က လှုပ်လှုပ်ရွရွဖြင့် စမ်းရမ်းသွားလာ နေသော လုံးဝမှောင်မိုက် နေသည့် သဲကန္တာရနိုင်ငံတခုကို စဉ်းစားကြည့်ကြပါစို့။

ငင်းတို့သည် အလိုအလျောက်ပင် ထိတ်လန့်ကြောက်ရွံ့ကာ ညအခါ၌ တစ်ဦးနှင့်တစ်ဦး မသိရှိကြပဲ ဟိုဟိုဒီဒီ ပြေးလွှားသွားလာကြသည်နှင့်အမျှ လှုပ်လှုပ်ရွရွ ဖြစ်မှုနှင့် စိတ်အားငယ်ပျင်းရိမှုများ မကြာခဏရှိနေပေမည်။ ဤသည်မှာ အမှန်တကယ်ပင် သနားဖွယ်ရာကောင်းသော မြင်ကွင်းတခု ဖြစ်ပေသည်။

ထိုအခါ မွန်မြတ်သော လူတဦးက မီးရှူးတိုင်ကိုင်၍ ရုတ်တရက်ပေါ်လာကာ အရာခပ်သိမ်း တို့ကို ထင်ရှားရှင်းလင်းစွာ မြင်လာရသည်ဟု စဉ်းစားကြည့်ကြပါစို့။

အမှောင်ထုထဲတွင် တစ်ကိုယ်တည်း ရှိနေကြသော သက်ရှိသတ္တဝါများသည် ပတ်ဝန်းကျင်ကို ကြည့်၍ အချင်းချင်းတွေ့မြင်သိရှိကာ၊ ပျော်ပါးစွာဖြင့် ပြောဆို ဆက်ဆံကြသည်နှင့်အမျှ၊ ရုတ်ချည်း ပင်၊ အထူးစိတ်သက်သာမှု ရရှိကြမည် ဖြစ်ပေသည်။

`သဲကန္တာရနိုင်ငံတခု´ ဆိုသည်မှာ မသိနားမလည်မှု မောဟ အမှောင်ထုထဲတွင် တည်ရှိနေ စဉ်က လူသားတို့၏ ဘဝလောကကို ဆိုလိုပေသည်။ မိမိတို့၏ စိတ်ထဲ၌ အသိဉာဏ်ပညာ အလင်းရောင် မရှိသူတို့သည် တစ်ကိုယ်တည်း ပျင်းရိစွာနှင့် ကြောက်ရွံ့စွာဖြင့်၊ စမ်းတဝါးဝါး ဟိုဟိုဒီဒီ သွားလာနေကြ ပေသည်။ ငင်းတို့သည် တကိုယ်တည်း မွေးဖွားလာကြ၍၊ တစ်ကိုယ်တည်း သေဆုံးကြလေသည်။ ငင်းတို့ သည် အချင်းချင်းဖြစ်သော လူသားများနှင့် ငြိမ်းချမ်းညီညွတ်စွာ မည်ကဲ့သို့ ပေါင်းသင်းဆက်ဆံရမည်ကို မသိကြဘဲ၊

စိတ်အားငယ် ကြောက်ရွံ့နေကြလေသည်။

ဤအလင်းရောင်အောက်တွင် လူတို့သည် မိမိကိုယ်နှင့်တကွ အခြားသူများကိုပါ တွေ့မြင် ကြရ၍ လူသားချင်းဆက်ဆံပေါင်းသင်းမှုနှင့် သင့်မြတ်ချစ်ခင်သော ဆက်ဆံရေးများကို ဖမ်းသာစွာဖြင့် တည်ထောင်ထားရှိ ကြလေသည်။

ထောင်ပေါင်းများစွာသော လူများသည် စုပေါင်းနေထိုင်ကြစေကာမူ၊ အချင်းချင်း သိရှိကြ၍၊ တစ်ဦးနှင့်တစ်ဦး ကြင်နာသနားမှု မရှိသေးပါက စစ်မှန်သော လူ့အဖွဲ့အစည်း မဟုတ်ပါပေ။

စစ်မှန်သော လူ့အဖွဲ့အစည်းတွင်၊ ထွန်းလင်း၍ တောက်ပစေသည့် ယုံကြည်မှုနှင့် အသိဉာဏ်ပညာများ ရှိလေသည် ၎င်းသည် တစ်ဦးနှင့်တစ်ဦး သိရှိ ယုံကြည်ကြ၍ လူမှုရေး သာယာ သင့်မြတ်မှုရှိသော နေရာဖြစ်လေသည်။

စင်စစ်အားဖြင့် သာယာသင့်မြတ်မှုသည် စစ်မှန်သော လူ့အဖွဲ့အစည်း၊ သိုပမဟုတ် အသင်းအဖွဲ့တစ်ခု၏ အသက်နှင့်အနက်အဓိပ္ပာယ်စစ် ဖြစ်လေသည်။

၂. အသင်းအဖွဲ့များတွင် သုံးမျိုးသုံးစား ရှိလေသည်။ ပထမ ခေါင်းဆောင်ကြီးများ၏ တန်ခိုးအာဏာ၊ ငွေကြေး၊ သို့မဟုတ်အာဏာပိုင်မှုပေါ်တွင် အခြေခံ၍ ဖွဲ့စည်းထားသော အသင်းအဖွဲ့များ ရှိလေသည်။

ဒုတိယ အဖွဲ့ဝင်များက ကျေနပ်မှုရှိကြ၍ အငြင်းပွားမှုမဖြစ်သမျှ ကာလပတ်လုံး တည်ရှိနေမည့် အဖွဲ့ဝင်များ၏ အဆင်ပြေမှုအတွက် ဖွဲ့စည်းထားသော အသင်းအဖွဲ့များ ရှိလေသည်။

တတိယ သင့်မြတ်စည်းလုံးမှုကို အသင်း၏ အသက်သွေးကြောအဖြစ် ထင်မှတ်ကာ၊ ကောင်းမွန်သော သွန်သင်မှုများကို ဗဟိုပြုဖွဲ့စည်းထားသော အသင်းအဖွဲ့များ ရှိလေသည်။

တတိယ သို့မဟုတ် နောက်ဆုံးအသင်းအဖွဲ့သည်သာ စစ်မှန်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အသင်းဝင်များသည်

တစ်ကိုယ်တည်းတိတ်တည်းရှိကြ၍ ယင်းမှ သည် စိတ်ဓါတ်ချင်း စည်းလုံးညီညွတ်မှုနှင့် ကောင်းမှုအမျိုးမျိုး ထွက်ပေါ်လာမည် ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။ ထိုကဲ့သို့သော အသင်းအဖွဲ့တွင် သင့်မြတ်ညီညွတ်မှု၊ ရောင့်ရဲကျေနပ်မှုနှင့် ပျော်ရွှင်မှုများ လွှမ်းမိုးနေပေမည်။

အမှန်တရားသည် တောင်ပေါ်တွင် ရွာကျလာသည့် မိုးရေကဲ့သို့ ဖြစ်၍ ချောင်းငယ်လေး များအဖြစ် ပေါင်းစုံစီးဆင်းကာ မြစ်များဖြစ်လာပြီးနောက် နောက်ဆုံးတွင် ပင်လယ်သမုဒ္ဒရာထဲသို့ စီးဝင် သွားလေသည်။

မြင့်မြတ်သောတရားတော်၏ မိုးရေသည်လည်း လူသားအားလုံးအပေါ် ၄င်းတို့၏ အခြေ အနေများ သို့မဟုတ် အကြောင်းချင်းရာများနှင့် မသက်ဆိုင်ဘဲ၊ သာတူညီမျှ ရွာချလေသည်။ ၄င်းကို လက်ခံသူများသည် အဖွဲ့ငယ်လေးများအဖြစ် ပေါင်းစည်းစုရုံးကြ၍၊ ယင်းမှတဆင့် အသင်းအဖွဲ့များ၊ ထို့နောက် လူအဖွဲ့အစည်းများနှင့် နောက်ဆုံးတွင် အမှန်တရား ပင်လယ်သမုဒ္ဒရာကြီးထဲသို့ ရောက်ရှိ သွားကြလေသည်။

ဤလူများ၏ စိတ်များသည် နို့နှင့်ရေကဲ့သို့ ရောစပ်နိုင်ကြပြီး၊ နောက်ဆုံးတွင် သင့်မြတ် ညီညွတ်သော သာသနာညီနောင်များအဖြစ် ပေါင်းဖွဲ့ကြလေသည်။

ထို့ကြောင့် မှန်ကန်သော တရားတော်သည် စံပြအသင်းအဖွဲ့တစ်ခု၏ အခြေခံလိုအပ်ချက် တရပ်ဖြစ်၍၊ အထက်ကဖော်ပြခဲ့သည့်အတိုင်း၊ ၄င်းသည် လူသားများအား တစ်ယောက်နှင့်တစ်ယောက် အချင်းချင်း သိမြင်စေသော တစ်ယောက်နှင့်တစ်ယောက် လိုက်လျောပေါင်းဖက်နိုင်စေ၍ အတွေး အခေါ်များ အတွင်းရှိ ကြမ်းတမ်းသော နေရာများကို ချောမွတ်စေနိုင်သော အလင်းရောင်ပင် ဖြစ်လေသည်။

ဤသို့ဖြင့် ဘုရား၏ သာလွန်မြင့်မြတ်သော တရားတော်များနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့ကို သံဃာ (၇) သာသနာ့ညီနောင်များဟု ခေါ်ဆိုနိုင်လေသည်။

သံဃာတော်တို့သည် ဤသွန်သင်ဆုံးမမှုများကို လိုက်နာစောင့်ထိန်းကြ၍ မိမိတို့၏ စိတ် များကို လိုက်လျောညီထွေ လေ့ကျင့်သင့်ကြပေသည်။ ဤသို့ဖြင့်

ဗုဒ္ဓသာသနာတော်ကို တည်ထောင်ခြင်း

ဘုရား၏ တပည့်သားတော် ညီနောင် များသည် သဘောတရားအရ လူတိုင်း ပါဝင်နေကြမည် ဖြစ်သော်လည်း အမှန်စင်စစ်မှာ တူညီသော ဘာသာရေး ယုံကြည်ချက်ရှိသူများသာလျှင် အဖွဲ့ဝင်များ ဖြစ်ကြလေသည်။

၃. ဘုရား၏ တပည့်သားတော် ညီနောင်ဖြစ်ရာ၌ အဖွဲ့ဝင်နှစ်မျိုးနှစ်စားရှိမည် ဖြစ်ပေသည်၊ သာမန် အရပ် သား အဖွဲ့ဝင်တို့အား သွန်သင်ဆုံးမနေသူ ရဟန်းများနှင့် လိုအပ်သော အစားအစာနှင့် အဝတ်အစား များကို ပေးလှူခြင်းဖြင့် သွန်သင်ဟောပြောသူများကို ပေးလှူခြင်းဖြင့် သွန်သင်ဟောပြောသူများအား ထောက်ပံ့နေကြသူ (ဥပါသကာနှင့် ဥပါသိကာ) များ ဖြစ်ကြလေသည်။ ၄င်းတို့သည် အတူတကွ တရား တော်များကို ပြန့်ပွားစေရန် ထာဝရ တည်မြဲစေလေသည်။

ထိုအခါ ညီနောင်ဖြစ်မှုကို လုံးဝပြည့်စုံစေရန်အတွက် အဖွဲ့ဝင်များအချင်းချင်း လုံးဝ သင့်မြတ်စည်းလုံးမှု ရှိကြရမည် ဖြစ်ပေသည်။ ဆရာများက အဖွဲ့ဝင်များကို သင်ကြား၍ အဖွဲ့ဝင်များက ဆရာများကို ဂုဏ်ပြုခြင်းဖြင့် ၄င်းတို့အကြား သင့်မြတ်ညီညွတ်မှု ရှိနိုင်ပေသည်။

ဘုရား၏ ညီနောင်အဖွဲ့ဝင်တို့သည် အတူတကွ ချစ်မြတ်နိုးသော ကြင်နာ ကရုဏာစိတ်ဖြင့် ပေါင်းသင်းဆက်ဆံခြင်း၊ အပေါင်းအဖော် ယုံကြည်သူများနှင့် အတူတကွ နေထိုင်ရာ၌ ပျော်ရွှင်ခြင်းနှင့် အပေါင်းတစည်းတည်း၊ စိတ်ဓါတ် တစ်ခုတည်း ဖြစ်လာရန် ကြိုးပမ်းခြင်းများကို ပြုလုပ်သင့်ပေသည်။

၄. ရဟန်းသံဃာ (၇) သာသနာ့ညီနောင်များ သင့်မြတ်ညီညွတ်လာစေရန် အထောက်အကူပြုသည့် မူခြောက်ခု ရှိလေသည်။ ၄င်းတို့မှာ ပထမချစ်ခင်ရင်းနှီးသော စကားပြောဆိုမှု၊ ဒုတိယ ချစ်ခင်ရင်းနှီး၍ ကြင်နာမှုရှိသော လုပ်ဆောင်မှု၊ တတိယ ချစ်ခင်ရင်းနှီး၍ ကိုယ်ချင်းစာနာသောစိတ်ဓာတ်၊ စတုတ္ထ ဘုံ ပစ္စည်းများကို ညီတူမျှတူ ခွဲဝေသုံးစွဲမှု၊ ပဉ္စမ တူညီသော ဖြူစင်သည့် အတွေးအခေါ်များကို လိုက်နာကျင့် သုံးမှုနှင့် ဆဋမ အားလုံးက မှန်ကန်သော အပြင်သဘောထားများ ထားရှိမှုတို့ ဖြစ်လေသည်။

ဤမူခြောက်ခုတို့တွင်၊ ဆဌမ သို့မဟုတ် `အားလုံးက မှန်ကန်သော အမြင်သဘောထား ရှိမှု´ သည် အဓိက ဗဟိုမဏ္ဍိုင်ပင် ဖြစ်၍ အခြားသော အရာငါးခုတို့မှာ အကာအရံများသာ ဖြစ်ကြလေ သည်။

သာသနာ့ဥပဒေနောင်ဖွဲ့စည်းမှု အောင်မြင်စေရန်အတွက် နှစ်စုံသောစည်းမျဉ်း ခုနှစ်ရပ်တို့ကို လိုက်နာရမည် ဖြစ်ပေသည်။ ပထမအစုံမှာ အုပ်စုတခုအနေနှင့်။

(၁) ၄င်းတို့သည် မကြာခဏ စုရုံးပေါင်းစုံကြ၍ တရားတော်များကို ကြားနာကာ ဆွေးနွေး ပြောဆိုကြရမည် ဖြစ်သည်။

(၂) ၄င်းတို့သည် အချင်းချင်းလွတ်လပ်စွာ ရောနှောဆက်ဆံကြ၍ တစ်ဦးနှင့် တစ်ဦး လေးစားကြရမည် ဖြစ်သည်။

(၃) ၄င်းတို့သည် တရားတော်များကို ရိုသေမြတ်နိုးကြ၍ သိက္ခာပုဒ် စည်းမျဉ်းများကို လေး စားကာ၊ ယင်းတို့ကို ပြောင်းလဲခြင်းများ မပြုလုပ်ရပါပေ။ (ထေရဝါဒဗုဒ္ဓဘာသာတွင် လုံး၀ ပြုပြင်ပြောင်း လဲခြင်း မရှိသော်လည်း ယနေ့အချိန်အထိ မဟာယနတွင် သိက္ခာပုဒ်များကို လိုသလို ပြုပြင်ပြောင်းလဲ ကာ ကျင့်သုံးနေကြပါသည်။)

(၄) အသက်ကြီးရင့်သူနှင့် ငယ်ရွယ်သူအဖွဲ့ဝင်များသည် တစ်ဦးနှင့်တစ်ဦး ယဉ်ကျေး သိမ်မွေ့စွာ ဆက်ဆံကြရမည် ဖြစ်သည်။

(၅) ၄င်းတို့သည် အနေအထား၊ ပြုမူချက်များတွင်၊ ချစ်ခင်ရင်းနှီးမှုနှင့် ရိုသေ လေးစားမှုများသာ ရှိရမည် ဖြစ်သည်။

(၆) ၄င်းတို့သည် ဆိတ်ငြိမ်သော နေရာ၌ မိမိတို့၏ စိတ်များကို အေးချမ်းတည်ငြိမ်အောင် ပြုလုပ်ရမည်ဖြစ်ပြီး၊ ဤနေရာများကိုလည်း မိမိတို့အတွက် အသုံးချရန် မယူမီ၊ အခြားသူများအား ဦးစား ပေးရမည် ဖြစ်သည်။

(၇) ၄င်းတို့သည် လူအပေါင်းကို ချစ်မြတ်နိုးကြ၍ ဇည့်သည်များအား ရင်းနှီးပျူဂှာစွာ ဆက်ဆံရမည်ဖြစ်ပြီး ဖျားနာနေသူများအား ကြင်နာမှုဖြင့် ပြုစုအားပေးကြရမည် ဖြစ်ပေသည်။

ဤစည်းမျဉ်းများကို လိုက်နာသော ညီနောင်အဖွဲ့အစည်းသည် မည်သည့်အခါမျှ တိမ် ကောပျက်ပြားသွားမည် မဟုတ်ပါပေ။

ဒုတိယ စည်းမျဉ်းအုပ်စုမှာ တစ်ဦးတစ်ယောက်ဆီက (၁) သန့်စင်သော

စိတ်ဓါတ်ကို ထိန်း သိမ်းထားရှိ၍ အရာဝတ္ထုအမြောက်အများကို တောင်းဆိုမှု မပြုခြင်း၊ (၂) ရိုးသားဖြူစင်မှုကို ထိန်းသိမ်း ထားရှိ၍ လောဘအပေါင်းကို ဖယ်ရှားခြင်း၊ (၃) သည်းညည်းခံ၍ ငြင်းခုံမပြုခြင်း၊ (၄)ဆိတ်ငြိမ်စွာ နေ၍ ဘာမျှ အကျိုးကျေးဇူး မဖြစ်စေသော စကားမပြောခြင်း၊ (၅) အဆုံးအမနှင့် စည်းကမ်းများကို လိုက်နာ၍ ကြွားဝါမှု မပြုခြင်း၊ (၆) သင့်တင့်မျှတသော စိတ်ကို ထိန်းသိမ်းထားရှိ၍ ခြားနားသော တရားတော်များကို လိုက်နာကျင့်သုံးမှု မပြုခြင်းနှင့် (၇) နေ့စဉ် စားသောက်နေထိုင်မှုဘဝတွင် ခြိုးခြံချွေတာခြင်းတို့ ဖြစ်လေသည်။

အကယ်၍ အဖွဲ့ဝင်များက ဤစည်းမျဉ်းများကို လိုက်နာကျင့်သုံးကြမည် ဆိုပါက၊ ညီနောင်အဖွဲ့ အစည်းသည် တာရှည်တည်မြဲ၍ မည်သည့်အခါမျှ ဆုတ်ယုတ်ပျက်ပြားသွားမည် မဟုတ်ပါပေ။

၅. အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သံဃာ(၇) သာသနာ့ညီနောင်တို့သည် သင့်မြတ်စည်းလုံး မှုရှိကြရမည် ဖြစ်ပေသည်။ ထို့ကြောင့် သင့်မြတ်စည်းလုံးမှု မရှိသူအား ညီနောင်ဟု ခေါ်ဆိုနိုင်မည် မဟုတ်ပါပေ။ အဖွဲ့ဝင်တစ်ဦးချင်းစီသည် မသင့်မြတ်မှု၏ အကြောင်းရင်း မဖြစ်လာစေရန် သတိပြု စောင့် ထိန်းရမည် ဖြစ်ပေသည်။ အကယ်၍ မသင့်မြတ်မှုများ ဖြစ်ပေါ်လာပါက၊ တတ်နိုင်သမျှ စောလျင်စွာ ဖယ်ရှားပစ်ရမည် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် မသင့်မြတ်မှုသည် မည်သည့် အဖွဲ့အစည်းကိုမဆို စောလျင်စွာ ပျက်စီးစေသောကြောင့် ဖြစ်ပေသည်။

သွေးစွန်းနေသော အကွက်များကို သွေးဖြင့်စင်ကြယ်အောင် မဆေးကြောနိုင်ပါပေ။ အာယာတ များကိုလည်း နောက်ထပ်အာယာတများဖြင့် တုံ့ပြန်နိုင်မည် မဟုတ်ပါပေ။ အာယာတများကို မေ့ပျောက် ပစ်ခြင်းဖြင့်သာ ဖယ်ရှားပစ်နိုင်လေသည်။

၆. တရံရောအခါက ဒီဃီတိကောသလဟုခေါ်သော ဘုရင်တစ်ပါး ရှိလေသည်။

ထိုဘုရင်၏ နိုင်ငံကို အိမ်နီးနားချင်းနိုင်ငံမှ စစ်သွေးစစ်မာန်တက်ကြွသော ဗြဟ္မဒတ္တဟု ခေါ်သည့် ဘုရင်တစ်ပါးက တိုက်ခိုက် သိမ်းပိုက်လိုက်လေသည်။ အတန်ကြာ ပုန်းအောင်းနေကြသော ပျက်စီးမှုဘုရင်နှင့် မိဖုရားနှင့် သားတော် တို့အား ဖမ်းဆီးရမိသော်လည်း သားတော်ဖြစ်သူ ဒီဃာဝု မင်းသားမှာ ကံကောင်းထောက်မ၍ လွတ် မြောက်သွားလေသည်။

ဒီဃာဝု မင်းသားသည် ခမည်းတော်အား ကယ်တင်ရန် နည်းလမ်းများကို ရှာကြံခဲ့သော်လည်း အချည်းနီးသာ ဖြစ်ချေသည်။ ခမည်းတော်အား ကွပ်မျက်မည့်နေ့တွင် မင်းသားသည် ကိုယ်ယောင် ဖျောက်၍ ကွပ်မျက်မည့်နေ့တွင် မင်းသားသည် ကိုယ်ယောင်ဖျောက်၍ ကွပ်မျက်မည့် နေရာသို့ သွား ရောက်နိုင်ခဲ့သော်လည်း ဘာမျှ မလုပ်နိုင်ဘဲ ကံဆိုးသူ ခမည်းတော် သေဆုံးသွားသည်ကိုသာ ရင်နင့် ကြေကွဲစွာ ကြည့်နေခဲ့ရလေသည်။ ဖခင်သည် လူအုပ်ကြီးထဲတွင် သားတော်ကို တွေ့မြင်ရသဖြင့် မိမိကိုယ်ကို ပြောကြားသည့် အသွင်ဖြင့် ဤသို့ပြောဆိုလေသည်။ ဒီယံပသံ ရေရှည်ကို မျှော်ကြည့်ပါ၊ မာရသံ လတ်တလော ခံစားချက်ကို မကြည့်ပါနှင့်၊ အာယာတများကို ပြန်လည် မတုန့်ပြန်ခြင်းဖြင့်သာ ဖျောက်ဖျက်နိုင်ပေသည်။

ထို့နောက်ပိုင်းတွင် ဒီဃာဝု မင်းသားသည် လက်စားချေရန်အတွက် အချိန်ကြာမြင့်စွာ နည်းလမ်း ရှာကြံလေသည်။ နောက်ဆုံးတွင် မင်းသားသည် ဗြဟ္မဒတ္တ၏နန်းတော်တွင် အလုပ်ရရှိ၍ ဘုရင်၏ ကြိုက် နှစ်သက်မှုကို ခံယူရလေသည်။

တစ်နေ့တွင် ဗြဟ္မဒတ် ဘုရင်က တောကစားထွက်တော်မူသောအခါတွင် မင်းသားသည် လက်စား ချေနိုင်ရန် အခွင့်အလမ်းများကို ရှာကြံလေသည်။ မင်းသားသည် အရှင်သခင်ဘုရင်အား လူသူ မရှိသော နေရာသို့ ဦးဆောင်ခေါ်ယူနိုင်၍ ဘုရင်မှာလည်း မင်းသားအား လုံးဝ ယုံကြည်မှု ရှိနေသဖြင့် မောပန်းနေ သည်နှင့် အမျှ မင်းသား၏ ပေါင်ပေါ်တွင် ဦးခေါင်းတင်၍ စက်တော်ခေါ်လေသည်။

မင်းသားသည် ၄င်း၏မားမြောင်ကိုဆွဲထုတ်ကာ ဘုရင်၏ လည်ချောင်းပေါ်

တင်လိုက်သော်လည်း လက်တုန်နေမိလေသည်။ ကွပ်မျက်ခြင်း ခံရတော့မည့် အချိန်တွင် ဖခမည်းတော်မြွှတ်ကြားခဲ့သော စကားများက ၄င်း၏ ဦးခေါင်းတွင်းသို့ ဖြတ်ခနဲ ဝင်ရောက်လာသဖြင့်၊ သတ်ဖြတ်ရန် ထပ်မံကြိုးပမ်းသော် လည်း ဘုရင်အား သတ်ဖြတ်နိုင်ခြင်း မရှိပါပေ။ ဘုရင်လည်း ရုတ်တရက်ပင် အိပ်ရာမှ နိုးလာ၍ ကောသလဘုရင်၏ သားတော်က မိမိအား သတ်ဖြတ်ရန် ကြိုးပမ်းကြောင်း အိပ်မက်ဆိုးကို မြင်မက်မိ သည်ဟု မင်းသားအား ပြောပြလေသည်။

မင်းသားသည် လက်တွင် ဓားမြှောင်ကိုကိုင်မြှောက်ကာ ဘုရင်အား လျင်မြန်စွာ ဖမ်းချုပ်၍ မိမိမှာ ထိုဘုရင်၏ သားတော်ဖြစ်သည်ဟု ပြောကြားပြီး ဖခင်ကိုယ်စား လက်စားချေရန်အချိန်ရောက်ပြီဟု ပြော ကြားလေသည်။ သို့ရာတွင် ၄င်းသည် သတ်ဖြတ်လိုခြင်း မရှိသဖြင့် ဓားမြှောင်ကို ပစ်ချလိုက်ကာ ဘုရင် ရှေ့မှောက်တွင် ဦးညွှတ်ဒူးထောက်လိုက်လေသည်။

မင်းသား၏ ဘဝဇာတ်လမ်း ဖြစ်ကြောင်းကုန်စင်နှင့် ၄င်း၏ ဖခမည်းတော်၏ နောက်ဆုံးစကား များကို ကြားသိရသောအခါ ဘုရင်သည် အထူး စိတ်လှုပ်ရှား ချီးကျူးမိ၍ မင်းသားအား ပန်ချတောင်းပန် လေသည်။ နောက်ပိုင်းတွင် ဘုရင်သည် မင်းသားအား ၄င်း၏ ခမည်းတော်နိုင်ငံကို ပြန်လည် ပေးအပ် အုပ်စိုးစေ၍ နှစ်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်ပေါင်းများစွာ ယှဉ်တွဲ နေထိုင် သွားကြလေ သည်။

ဒီဃီတိကောသလဘုရင်၏ နောက်ဆုံးစကားများဖြစ်သော ဒီဃံပသံ ဟူသည်မှာ အာယာတ များကို တာရှည်စွာ ထိန်းမထားပါနှင့်ဟု ဆိုလိုပြီး မာရသံ ဟူသည်မှာ ချစ်ကြည်ရင်းနှီးမှုများကို စောလျင်စွာ မပျက်ပြားစေပါနှင့်ဟု ဆိုလိုပေသည်။

အာယာတများကို အာယတဖြင့် ဖြည့်စွမ်းနိုင်ခြင်း မရှိပါပေ။ အာယာတကို ပြန်လည် မတုန့်ပြန် ခြင်းဖြင့်သာ ဖယ်ရှားပစ်နိုင်လေသည်။

မှန်ကန်သော သွန်သင်ဟောပြောမှုများ၏ သင့်မြတ်မှုအပေါ် အခြေခံထားသော သံယာ (သာသ နာ့ ညီနောင်) ဖြစ်မှုတွင် အဖွဲ့ဝင်တိုင်းသည် ဤပုံပြင်၏ အနှစ်သာရ သဘောတရားများကို အမြဲပင် တန်ဖိုးထားသင့်ပေသည်။

သာသနာ့ဥပဒေနောင် အဖွဲ့ဝင်များသာမက လူသားအားလုံးတို့သည် ၄င်းတို့၏ နေ့စဉ်စားသောက် နေထိုင်မှုဘဝတွင် ဤအနှစ်သာရသဘောတရားများကို တန်ဖိုးထားမြတ်နိုးကြ၍ လက်တွေ့ဖော်ဆောင် ကျင့်သုံးကြပေသည်။

II
ဗုဒ္ဓ၏ သာသနာ့နယ်မြေ

၁. အထက်တွင် ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အကယ်၍ သံဃာ (သာသနာ့ဥပဒေနောင်အဖွဲ့) သည် ဗုဒ္ဓ၏ တရားတော်များကို ပြန့်ပွားစေရာတွင် သင့်မြတ်စည်းလုံးစွာ နေထိုင်မှုတည်းဟူသော တာဝန် ကို မေ့လျော့ခြင်းမရှိပါက ၄င်းအဖွဲ့သည် ပိုမိုကြီးထွားလာမည်ဖြစ်ပြီး၊ တရားတော်မှာလည်း ပိုမို ကျယ် ပြန့်စွာ ပြန့်ပွားလာမည် ဖြစ်ပေသည်။

အမိပွာယ်မှာ အမှန်တရားကို ရှာဖွေသူများ ဆထက်တံပိုး တိုးတက်များပြားလာ၍ အဂိဇ္ဇာ (မသိနားမလည်မှု) နှင့် တဏှာရမက်ဟူသော ဘီလူးသူရဲက ဦးဆောင်သည့် လောဘ၊ ဒေါသ၊ မောဟ ဟူသော ကိလေသာစစ်သည်များမှာလည်း စစ်ရေးရုံးနိမ့်ကာ နောက်ဆုတ်သွားမည်ဖြစ်ပြီး အသိဉာဏ် ရှိမှု၊ အလင်းရောင် ယုံကြည်မှုနှင့် ပျော်ရွှင်မှုတို့က ကြီးစိုးလာမည် ဖြစ်ပေသည်။

ဘီလူးသူရဲတို့၏ နယ်မြေပိုင်နက်ထဲတွင် လောဘ၊ ဒေါသ၊ မိုက်မဲမှု၊ အငြင်းပွားမှု၊ တိုက်ခိုက်မှု၊ ဓားများနှင့် သေတ္တာကိုယ်ပိုဖြစ်မှုနှင့် ပြည့်နှက်နေ၍ မနာလိုဝန်တိုမှု၊ အထင်မှားမှု၊ မုန်းတီးမှု၊ လိမ်လည် မှု၊ မြောက်ပင့်မှု၊ လျှို့ဝှက်မှုနှင့် ကုန်းချောမှုများဖြင့်သာ ပြည့်နှက်နေလေသည်။

ယခုအခါတွင် ယင်းနယ်မြေပိုင်နက်ပေါ်သို့ အသိဉာဏ်ပညာ အလင်းရောင် ကျရောက်ကာ မေတ္တာ ကရုဏာ မိုးရေရွာသွန်းလာသည်ဆိုပါစို့ ယုံကြည်မှုအမြစ်များ တွယ်လာကာ၊ ပျော်ရွှင်မှုပန်းပွင့် များ၏ မွှေးရနံ့များ စတင်ပျံ့လွင့်လာမည်။ ယင်းဘီလူးသူရဲနယ်မြေသည် ဗုဒ္ဓ၏ မြင့်မြတ်သော နယ်မြေ

အဖြစ် ပြောင်းလဲသွားမည် ဖြစ်ပေသည်။

လေပြေလေညှင်းနှင့် သစ်ကိုင်းပေါ်ရှိ အဖူးအငုံအနည်းငယ်တို့က နွေဦးပေါက်ရာသီ ရောက်ရှိ လာပြီကို ဖော်ပြသကဲ့သို့ လူတစ်ဦးတယောက်က အမှန်တရားကို ရရှိသောအခါတွင် မြက်ပင်၊ သစ်ပင်၊ တောတောင်၊ မြစ်ချောင်းများနှင့် အခြားသောအရာခပ်သိမ်းတို့သည်လည်း ဘဝသစ်တွင် ရှင်သန်လန်း ဆန်းလာကြလေသည်။

အကယ်၍ လူ၏ စိတ်က သန့်စင်လာပါက ၄င်း၏ ပတ်ဝန်းကျင်သည်လည်း သန့်စင်လာမည် ဖြစ်ပေသည်။

၂. မှန်ကန်သော တရားတော်များ ကြီးစိုးသည့် လောကတွင် နေထိုင်သူအပေါင်းတို့သည် သန့်စင်၍ တည်ငြိမ်အေးချမ်းသော စိတ်ဓာတ်မျိုး ရှိကြလေသည်။ ဘုရား၏ ကြင်နာ ကရုဏာတော်များက လူအ ပေါင်းတို့အား အစဉ်အမြဲ အကျိုးဖြစ်ထွန်းစေ၍ ဗုဒ္ဓ၏ ထွန်းလင်းတောက်ပသော စိတ်ဓာတ်က လူသားတို့၏ စိတ်အတွင်းရှိ အညစ်အကြေးပေါင်းကို ရှင်းလင်းဖယ်ရှား ပေးလေသည်။

စင်ကြယ်သော စိတ်သည် မကြာမီပင် နက်နဲသော စိတ်မျိုးဖြစ်လာ၍ မြင့်မြတ်သောလမ်းစဉ်နှင့် ကိုက်ညီသော ပေးကမ်းစွန့်ကြဲခြင်း၊ သီလစောင့်ထိန်းခြင်း၊ ခံနိုင်ရည်ရှိခြင်း၊ လုံ့လဂိရိယထုတ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် ပညာရှိခြင်း၊ ကြင်နာချစ်ခင်မှု ရှိခြင်းတည်းဟူသော စိတ်မျိုးပင် ဖြစ်ပြီး၊ ကျွမ်းကျင်လိမ်မာသော နည်းမျိုးစုံတို့ဖြင့် လူများအား အမှန်တရားလမ်းစဉ်သို့ ဆောင်ကျဉ်းပေးသည့် စိတ်မျိုး ဖြစ်လေသည်။ ဤသို့ဖြင့် ဗုဒ္ဓ၏ နိုင်ငံတော်ကို တည်ထောင်ရမည် ဖြစ်ပေသည်။

ဇနီး၊ သားသမီးများနှင့် နေထိုင်ကျက်ရှိသော နေအိမ်သည် ဗုဒ္ဓတည်ရှိရာ နေအိမ်အဖြစ် ပြောင်း လဲနိုင်လေသည်။ လူမှုရေး ခွဲခြားမှုများကြောင့် ဒုက္ခရောက်နေသော နိုင်ငံသည်လည်း အလားတူပင် အချင်းချင်းကြင်နာ သနားမှုရှိသော နိုင်ငံတစ်ခုအဖြစ် ပြောင်းလဲနိုင်လေသည်။

သွေးဖြင့်စွန်းနေသော ရွှေနန်းတော်သည် ဗုဒ္ဓစံမြန်းရန်အတွက် နေရာ မဖြစ်နိုင်ပါပေ။ အကယ်၍ အိမ်ရှင်၏ စိတ်က သန့်စင်ပါက အိမ်ခေါင်မိုး အပေါက်များမှ လရောင်ထိုးဖောက်ဝင်နေသည့် သေးငယ်လှသော တဲစုတ် တစ်ခုပင်လျှင် ဗုဒ္ဓစံမြန်းရန် နေရာအဖြစ် ပြောင်းလဲသွားနိုင်လေသည်။

လူတစ်ယောက်တည်း၏ သန့်စင်သောစိတ်အပေါ် အခြေခံ၍ ဗုဒ္ဓနိုင်ငံကို တည်ဆောက်ထား သောအခါ ယင်းသန့်စင်စိတ်တစ်ခုတည်းက အခြားအလားတူ သန့်စင်သော စိတ်များကို ဆွဲဆောင် ခေါ် ယူကာ၊ ညီနောင်အဖွဲ့အစည်းတစ်ရပ်ကို ဖြစ်ပေါ်စေလေသည်။ ဗုဒ္ဓအား ယုံကြည်မှုသည် လူတစ်ဦးမှ သည် မိသားစုတစ်ခုသို့ မိသားစုမှ သည်ကျေးရွာသို့ ကျေးရွာမှ မြို့ကြီး၊ မြို့ငယ်များသို့ ထိုမှတဆင့် တိုင်းပြည်များသို့ နောက်ဆုံးတွင် တစ်ကမ္ဘာလုံးသို့ ပြန့်နှံ့သွားလေသည်။

စင်စစ်အားဖြင့် တရားကို ပြန့်ပွားစေလိုသည့် စိတ်ဓာတ်ထက်သန်မှုနှင့် သစ္စာရှိမှုတို့ဖြင့် ဗုဒ္ဓနိုင်ငံ ကို တည်ဆောက်ထားခြင်း ဖြစ်လေသည်။

၃. ရှုထောင့်တစ်ခုထဲမှနေ၍ ကြည့်မြင်ပါက၊ လောဘမတရားမှုနှင့် သွေးထွက်သံယိုဖြစ်မှုတို့ဖြင့် ပြည့်နှက်နေသော ကမ္ဘာအား ဘီလူးသူရဲတို့၏ ကမ္ဘာတစ်ခုအဖြစ် တွေ့မြင်ရမည် ဖြစ်ပေသည်။ သို့ရာ တွင် လူအများက ဗုဒ္ဓ၏အမှန်တရားကို ယုံကြည်လာကြသည်နှင့်အမျှ သွေးများသည် နွားနို့များအဖြစ် ပြောင်းလဲသွား၍ လောဘသည် ချစ်ကြင်နာမှုအဖြစ် ပြောင်းလဲသွားကာ ဘီလူးသူရဲကမ္ဘာသည်လည်း ဗုဒ္ဓ၏ မြင့်မြတ်သော ကမ္ဘာ ဖြစ်လာနိုင်သည်။

ပင်လယ်သမုဒ္ဒရာထဲမှ ရေကို အုန်းမှုတ်ငယ်လေးတစ်ခုဖြင့် ခပ်ထုတ်ပစ်ရန် ဖြစ်နိုင်မည် မဟုတ်သော်လည်း၊ ဘဝပေါင်းများစွာ ကြာမြင့်စေကာမူ၊ လုပ်ဆောင်မည်ဟူသော စိတ်ဓာတ်မျိုးသည် ဗုဒ္ဓ၏ အမှန်တရားကို ခံယူရာတွင် ထားရှိသင့်သည့် စိတ်မျိုးပင် ဖြစ်လေသည်။

ဘုရားသည် အခြားသော နိဗ္ဗာန်ဟူသော ကမ်းခြေတစ်ဖက်တွင် ချမ်းသာစွာ ကိန်းအောင်းနေ လေသည်။ ၄င်းအမှန်တရားကမ္ဘာတွင် လောဘ၊ ဒေါသ၊ မောဟ၊ ဆင်းရဲဒုက္ခ၊ နာကျင်မှုဝေဒနာများ လုံးဝမရှိဘဲ၊ အသိဉာဏ်ပညာ အလင်းရောင်နှင့်

မေတ္တာ ကရုဏာမိုးများသာ ရှိလေသည်။

ဌင်းကမ္ဘာသည် ဆင်းရဲဒုက္ခရောက်၍ ဝမ်းနည်းကြေကွဲမှု ဖြစ်နေသူများ အတွက် ခိုလှုံရာ ငြိမ်းချမ်း ရေးကမ္ဘာပင် ဖြစ်လေသည်။ တရားကို ဖြန့်ဖြူးနေသူများ အတွက် အပန်းဖြေအနားယူရာနေရာ ဖြစ်လေ သည်။

ဤ အေးချမ်းသော ကမ္ဘာတွင် အကန့်အသတ်မဲ့သော အလင်းရောင်နှင့် ထာဝရတည်မြဲသော ချမ်းသာမှု ရှိလေသည်။ ဤ ခိုလှုံရာနေရာသို့ ရောက်ရှိ လာသူများသည် ဆင်းရဲခြင်း ကမ္ဘာသို့ မည်သည့် အခါမျှ ပြန်သွားကြမည် မဟုတ်ပါပေ။

အမှန်စင်စစ်မှာ ပန်းရန့်များက လေထုထဲတွင် အသိဉာဏ်ပညာကို ပျံ့လွင့်စေ၍ ၄က်ငယ်လေး များက ဓမ္မတရားတော်ကို သီဆိုရင့်ကျူးသော ဤသန့်စင်ကမ္ဘာပင် ဖြစ်လေသည်။

၄. ဤအေးချမ်းသော ကမ္ဘာသည် အနားယူရန်နေရာ ဖြစ်သော်လည်း၊ ပျင်းရိစွာဖြင့် အချိန်ဖြုန်းတီးရန် နေရာ မဟုတ်ပါပေ။ မွေးကြိုင်နေသော ပန်းခင်းများသည်လည်း၊ အကြောင်းမဲ့ အချိန်ဖြုန်းတီးရေး အ တွက် မဟုတ်မူ၍ အင်အားပြည့်ဖြိုးစေရန်နှင့် အနားယူရန်အတွက် နေရာများဖြစ်ပြီး ထိုမှတဆင့် ထာဝရ မြဲသော ချမ်းသာသုခကို ခံစားရမည် ဖြစ်ပေသည်။

ဗုဒ္ဓ၏ တာဝန်ခရီးစဉ်သည် ထာဝရ တည်ရှိနေလေသည်။ လူများနှင့် သက်ရှိသတ္တဝါများ အသက် ရှင်တည်ရှိနေသ၍ တစ်ကိုယ်ကောင်းဆန်၍ ညစ်ညမ်းသော စိတ်များက မိမိတို့၏ ကိုယ်ပိုင်လောကနှင့် အခြေအနေများကို တည်ထောင်ဖန်တီးနေသ၍ ဗုဒ္ဓ၏ တာဝန်ခရီးစဉ်သည်လည်း ပြီးဆုံးသွားမည် မဟုတ်ပါပေ။

အမိတာဘဘုရား၏ တန်ခိုးစွမ်းအားဖြင့် အေးချမ်းသော ကမ္ဘာသို့ ဖြတ်သန်းရောက်ရှိသွားကြသော ဗုဒ္ဓ၏ သားတပည့်များသည် မိမိတို့ ထွက်ခွာလာခဲ့သော ကမ္ဘာ၊ အဆက်အသွယ် ရှိနေဆဲ ကမ္ဘာသို့ ပြန်လည် ရောက်ရှိသွားကြရန် စိတ်အားထက်သန်နေကြမည် ဖြစ်ပေသည်။ ဌင်းတို့သည်

ယင်းကမ္ဘာများတွင် ဗုဒ္ဓ၏ ပါဝင်လုပ်ငန်းများတွင် သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် ပါဝင်ဆင်နွှဲကြမည် ဖြစ်ပေ သည်။

ဖယောင်းတိုင်မီးတစ်ခုက အခြားသောဖယောင်းတိုင်များသို့ တစ်ခုပြီးတစ်ခု ကူးစက်သွားသကဲ့သို့ ဗုဒ္ဓ၏ ကရုဏာတော် အလင်းရောင်သည်လည်း လူတစ်ယောက်၏ စိတ်မှသည် နောက်တစ်ယောက် သို့ အဆုံးအစမရှိ ကူးစက်ပြန့်နှံ့သွားလေသည်။

ဗုဒ္ဓ၏ သားတပည့်များသည် ဗုဒ္ဓ၏ ချစ်ကြင်နာမှုစိတ်ဓါတ်ကို သိရှိနားလည်ကြ၍ ဗုဒ္ဓ၏ အမှန် တရားနှင့် သန့်စင်ရေးလုပ်ငန်း တာဝန်များကို ချမှတ်ခံယူကာ၊ ဗုဒ္ဓ သာသနာတော်မြတ်ကြီးအား၊ ထာဝရ ထွန်းလင်းတောက်ပနေစေရေးအတွက်၊ မျိုးဆက်တစ်ခုမှသည် နောက်တစ်ခုသို့ ဆင့်ကဲဆင့်ကဲ ဆက်တိုက် ကြိုးပမ်း ဆောင်ရွက်ကြလေသည်။

III
ဗုဒ္ဓနိုင်ငံတွင် ဆီးကြိုခြင်း ခံကြရသူများ

၁. ဘုရင်ဥတေန၏ မိဖုရားသာမာဝတီသည် ဗုဒ္ဓအား အထူး ကြည်ညိုကိုးကွယ်လေသည်။

သူမသည် နန်းတွင်းရှိ အတွင်းဖက် အကျဆုံးသောအဆောင်တွင် နေထိုင်လျက်ရှိ၍ အပြင်သို့ ထွက်ခွာခြင်း မပြုသော်လည်း မှတ်ဉာဏ် အထူးကောင်းသည့် ခါးကုန်းမတစ်ဦးဖြစ်သော သူ၏အခိုင်းအစေ မိန်းကလေးသည် ပြင်ပသို့ထွက်၍ ဗုဒ္ဓ၏ တရားတော်များကို နာယူလေ့ရှိသည်။

နန်းတော်သို့ ပြန်လာသောအခါတွင် အခိုင်းအစေမိန်းကလေးသည် ဗုဒ္ဓ၏ တရားတော်များ အကြောင်းကို မိဖုရားအား ပြန်လည်ပြောပြသဖြင့် မိဖုရား၏ အသိဉာဏ်ပညာနှင့် ယုံကြည်မှုများမှာ လည်း ပိုမိုကျယ်ပြန့်နက်ရှိုင်းလာလေသည်။

ဘုရင်၏ ဒုတိယမိဖုရား မာဂဏ္ဍီသည် ဤပထမမိဖုရားကို မနာလိုမုန်းတီး၍

သတ်ဖြတ်ရန် ကြိုး စားလေသည်။ ဒုတိယမိဖုရားက ဘုရင်အားကြိမ်ဖန်များစွာ လိမ်လည်ကုန်းချောကာ နားသွင်းနေသဖြင့်၊ နောက်ဆုံးတွင် ဘုရင်ကြီးက ယုံကြည်လာပြီး ပထမမိဖုရား သာမာဝတီအား သတ်ဖြတ်ရန် ကြံစည်လာ လေသည်။

သာမာဝတီ မိဖုရားသည် ဘုရင့်ရှေ့မှောက်တွင် အထူးတည်ငြိမ်အေးချမ်းစွာ ရပ်နေသဖြင့်၊ ဘုရင် သည် သတ်ဖြတ်ရန် စိတ်မရှိလောက်အောင် ဖြစ်သွားရလေသည်။ မိမိ၏ စိတ်ကို ပြန်လည်ချုပ်ထိန်းပြီး နောက်၊ မယုံသင်္ကာ ဖြစ်မိခြင်းအတွက် ခွင့်လွှတ်ပါရန် ဘုရင်က မိဖုရားအား တောင်းပန်လေသည်။

ဒုတိယမိဖုရား မာဂဏ္ဍီ၏ မနာလိုဝန်တိုမှုများ ပိုမိုတိုးပွားလာသဖြင့်၊ နန်းတော်တွင် ဘုရင်မရှိရိုက် အတွင်းဘက်ဆုံးဖြစ်သော နန်းဆောင်ကို မီးရှို့ရန် သူမက လူမိုက်များအား ခိုင်းစေလိုက်လေသည်။ မိဖုရားသည် တည်ငြိမ်စွာပင် နေ၍ ထိတ်လန့်ကြောက်ရွံ့နေသော အခိုင်းအစေများအား တည်ငြိမ်စွာ ရှိစေရန် အားပေးစကား ပြောကြားပြီးနောက် စိုးရိမ်ကြောက်ရွံ့မှု ကင်းမဲ့စွာဖြင့်၊ ဗုဒ္ဓထံမှ သင်ယူလေ့လာ ထားခဲ့သော မေတ္တာစိတ်ဓါတ်ဖြင့် အေးချမ်းစွာ သေဆုံး သွားလေသည်။ ခါးကုန်းမဖြစ်သူ အခိုင်းအစေ စုဇတ္တရာသည်လည်း မိဖုရားနှင့် အတူ မီးထဲတွင် သေဆုံးသွားလေသည်။

ဗုဒ္ဓ၏ နောက်လိုက်တပည့်မများအထဲတွင် ဤအမျိုးသမီးနှစ်ဦးသည် အမြင့်ဆုံး ဇောဒဂ် ဘွဲ့ထူး ဖြင့် ဂုဏ်ပြုခြင်း ခံကြရလေသည်။ မိဖုရားအား ကြင်နာ ကရုဏာရှိသော စိတ်ဓါတ်အဖြစ်၄င်း၊ ခါးကုန်းမ အခိုင်းအစေ စုဇတ္တရာအား ကောင်းစွာ နားဆင်သူ တစ်ဦးအဖြစ်၄င်း ဂုဏ်ပြုကြလေသည်။

၂. သကျသာကီဝင်လူမျိုးစုထဲတွင် ဗုဒ္ဓ၏ ညီအစ်ကိုဝမ်းကွဲဖြစ်သော မဟာနာမမင်းသားသည် ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို အထူးယုံကြည်၍ သစ္စာအရှိဆုံးသော ဥပါသကာတစ်ဦး ဖြစ်လေသည်။

ထိုအချိန်က ကောသလတိုင်းမှ ဂိဒ္ဓဠှာမင်းဟု ခေါ်သော ကြမ်းတမ်း ခက်ထန်သည့် ဘုရင် တစ်ပါးသည် သကျသာကီဝင်လူမျိုးများကို တိုက်ခိုက်၍

အောင်နိုင်လိုက်လေသည်။ မဟာနာမမင်းသည် ဘုရင့်ထံသို့ သွား၍၊ ၎င်း၏ တိုင်းသူပြည်သားများအား အသက်ချမ်းသာပေးပါရန် တောင်းပန် လျှောက်ထားသော်လည်း၊ ဘုရင်က လက်မခံပါပေ။ ထိုအခါ မဟာနာမမင်းက အနီးအနားရှိ ရေကန်တစ်ခုတွင် ရေငုတ်နေပါမည်။ ရေငုတ် နေနိုင်သော အချိန်ပိုင်း အတောအတွင်း တိုင်းသူပြည်သား အကျဉ်းသားများ အား တတ်နိုင်သလောက် ထွက်ပြေးလွတ်မြောက်နိုင်စေရန် ခွင့်ပြုပါရန် ဘုရင်အား တင်ပြလျှောက်ထား ပြန်လေသည်။

ရေအောက်တွင် ငုတ်နေနိုင်မည့် အချိန်ပိုင်းမှာ လွန်စွာ တိုတောင်းမည် ဖြစ်သည်ဟု တွေးတောကာ ရှင်ဘုရင်က တင်ပြချက်ကို လက်ခံလိုက်လေသည်။

မဟာနာမမင်းသားက ရေထဲသို့ ခုန်ဆင်းလိုက်သည်နှင့်တပြိုင်နက် ရဲတိုက်ဂိတ်တံခါးကို ဖွင့်လိုက်ကာ၊ အထိန်းသိမ်းခံနေရသူများသည် လုံခြုံရာသို့ ထွက်ပြေးကြလေသည်။

သို့ရာတွင် မဟာနာမမင်းသည် ရေပေါ်သို့ ပြန်ပေါ်မလာပါပေ။ ၎င်းသည် ရေအောက်ရှိ မိုးမခပင် တစ်ပင်၏ အမြစ်တွင် မိမိ၏ ဆံပင်ကိုချည်နှောင်ကာ၊ ပြည်သူပြည်သားများ အသက်ချမ်းသာရာရရှိရေး အတွက် မိမိ၏ အသက်ကို စွန့်လွှတ်လိုက်လေသည်။ (ထေရဂါဒကျမ်းစာများတွင် သာကီဝင်မင်းတို့အား ဂိဋ္ဌဋ္ဌူဘ မင်းသားက နှိပ်ကွပ်သည် မှန်သော်လည်း ရေငုတ် ထွက်ပြေးစေခြင်း မပါရှိဘူးပါ။ တည်းဖြတ်ရေးအဖွဲ့)

၃. ဥပ္ပလဝဏာသည် ထင်ပေါ်ကျော်ကြားသော တပည့်မ ဘိက္ခုနီတစ်ဦး ဖြစ်၍ အသိဉာဏ်ပညာရှိမှုတွင် ဗုဒ္ဓ၏ အဂ္ဂသာဝကဖြစ်သော ရှင်မောဂလာန်နှင့် အတူတူပင်ဖြစ်သည်ဟု နှိုင်းယှဉ် ပြောဆိုလေ့ရှိကြလေ သည်။ သူမသည် ဘိက္ခုနီအပေါင်းတို့၏ အထွတ်အထိပ်ပင်ဖြစ်၍ ခေါင်းဆောင်တစ်ဦးအဖြစ် အခြား ဘိက္ခုနီများအား အမြဲပင် မမောမပန်း သွန်သင်ဟောပြောလေသည်။

ဒေဝဒတ်သည် လွန်စွာ ကောက်ကျစ်၍ ရက်စက်ကြမ်းကြုတ်သော လူတစ်ဦးဖြစ်ပြီး၊ ဘုရား၏ တရားတော်များကို ဆန့်ကျင်စေရန် အဇာတသတ်မင်းအား လိမ်လည်ဖြားယောင်းကာ လျှောက်လဲထားသူ

ဖြစ်လေသည်။ သို့ရာတွင် နောက်ပိုင်းတွင် အဏတသတ်မင်းသည် နောင်တရ၍ ဒေဝဒတ်နှင့် အဆက်အသွယ် ဖြတ်တောက်ကာ၊ ဘုရား၏ ရိုသေကြိုးနှံသော ဥပါသကာတစ်ဦး ဖြစ်လာလေသည်။

တစ်ချိန်တွင် ဒေဝဒတ်သည် ဘုရင်အား တွေ့ဆုံရန် ဝင်ခွင့်မရဘဲ ရဲတိုက်တံခါးဝမှ နင်ထုတ်ခြင်း ခံရစဉ် ဥပွလဝဏာ ထွက်လာသည်နှင့် တွေ့ဆုံမိလေသည်။ ၄င်းသည် လွန်စွာ အမျက်ထွက်၍ သူမအား ရိုက်နှက်ကာ ပြင်းထန်စွာ ဒဏ်ရာရရှိစေလေသည်။

သူမသည် အထူးနာကျင်စွာဖြင့် ကျောက်အတွင်းသို့ ပြန်သွားရာ အခြားသော ဘိက္ခုနီများက တွေ့မြင်ကြသောအခါ၊ ဝိုင်းဝန်းပြုစုအားပေးရန် ကြိုးစားကြသည်တွင်၊ ဥပွလဝဏာသည် ၄င်းတို့အား ဤသို့ ပြောကြားလေသည်။ ဘိက္ခုနီတို့ လူအသက်ကို ကြိုတင်တိုင်းတာနိုင်ခြင်း မရှိပါ။ အရာခပ်သိမ်း သည် အနိစ္စသာ ဖြစ်၍ ငါဟူသော အရာမရှိပါပေ။ အမှန်တရားကမ္ဘာသည်သာလျှင် ဆိတ်ငြိမ် အေးချမ်းမှု ရှိပါပေသည်။ အသင်တို့သည် လေ့ကျင့်အားထုတ်မှုများကို ဆက်လက် ပြုလုပ်ကြရမည် ဖြစ်သည်။ ထို့နောက် သူမသည် အေးချမ်းငြိမ်သက်စွာဖြင့် ကွယ်လွန်သွားလေသည်။

၄. တစ်ချိန်က လူအမြောက်အများကို သတ်ဖြတ်ခဲ့သော ကြောက်ရွံ့ ဖွယ်ကောင်းလှသည့် ဓားပြတစ်ဦး ဖြစ်သူ အင်္ဂုလိမာလသည် ဘုရား၏ ကယ်တင်ခြင်းကိုခံရ၍ ဘုရားတပည့်တစ်ဦး ဖြစ်လာခဲ့လေသည်။

တနေ့တွင် ၄င်းသည် မြို့တမြို့သို့ သွားရောက်၍ ဆွမ်းခံရာတွင် အတိတ်ကာလက ပြုကျင့်ခဲ့ သော မကောင်းမှုများအတွက် အခက်အခဲမျိုးစုံနှင့် ဆင်းရဲဒုက္ခများကို ခံစားရလေသည်။

ရွာသူရွာသားများက ၄င်းအား ဝိုင်းဝန်းရိုက်နှက်ကြသော်လည်း ၄င်းသည် သွေးယိုစီးကျနေသော ခန္ဓာကိုယ်ဖြင့် ဘုရားထံ ပြန်သွားကာ၊ ဘုရား၏ ခြေရင်းတွင် ဦးခိုက်၍ ယခင်က ကျူးလွန်ခဲ့သော ရက်စက်မှုများအတွက် ဒဏ်ခံရသည့် အခွင့်အလမ်း ရရှိခဲ့ခြင်းကြောင့် ဗုဒ္ဓအား ကျေးဇူးတင် မဆုံးနိုင် အောင်

ဖြစ်နေလေသည်။

၄င်းက ဤသို့လျှောက်ထား၏ အရှင်ဘုရား တပည့်တော်၏ မူရင်းအမည်မှာ "အဟီ သက . မညှင်းဆဲတတ်သူ" ဖြစ်ပါသည်။ သို့ရာတွင် မသိနားမလည်မှုကြောင့် အဖိုးတန်လှသည့် အသက်များစွာကို တပည့်တော် သတ်ဖြတ်ခဲ့ပြီး တစ်ယောက်ချင်းစီမှ လက်ချောင်းတစ်ချောင်းကို ဖြတ်ယူခဲ့သည်။ ထို အတွက်ကြောင့် လက်ချောင်း စုဆောင်းသူ ဟူသော အင်္ဂုလိမာလဟု အခေါ် ခံရခြင်း ဖြစ်ပါသည်။

ထို့နောက် အရှင်ဘုရား၏ ကရုဏာတော်ဖြင့် တပည့်တော်သည် အသိဉာဏ်ပညာ ရရှိလာကာ၊ ဘုရား တရားနှင့် သံဃာတည်းဟူသော ရတနာသုံးပါးကို ရိုကျိုးကိုးကွယ်လာခဲ့ပါသည်။ လူတစ်ဦးက မြင်း သို့မဟုတ် နွားတစ်ကောင်ကို မောင်းနှင်သောအခါ၊ ကြိမ်လုံး သို့မဟုတ် ကြိုးတစ်ချောင်းကို အသုံး ပြုရသော်လည်း၊ အရှင်ဘုရားသည် ကြိမ်လုံး သို့မဟုတ် ကြိုးသို့မဟုတ် ချိတ်တို့ကို အသုံးမပြုဘဲ တပည့် တော်၏ စိတ်ကို သန့်စင်စေခဲ့ပါသည်။

အရှင်ဘုရား တပည့်တော်သည် ယနေ့ခံစားထိုက်သည်ကို ခံစားခဲ့ရပါပြီ တပည့်တော်သည် အသက်ရှင်နေလိုစိတ်မရှိ သေလိုစိတ်လဲ မရှိပါ။ တပည့်တော်၏ အချိန်ရောက်ရှိလာမည်ကိုသာ စောင့် ဆိုင်းနေပါသည်။

၅. ရှင်မောဂလာန်နှင့် ရှင်သာရိပုဋ္ဌာတို့သည် ဗုဒ္ဓ၏ အကြီးမြင့်ဆုံးသော နောက်လိုက် တပည့်တော် နှစ်ဦး ဖြစ်ကြလေသည်။ အခြားသော ဘာသာရေး ခေါင်းဆောင် ဆရာများသည် ဗုဒ္ဓ၏ သန့်စင်သော တရားတော် ရေအေးများ၊ ပြည်သူတို့အတွင်းတွင် ပြန့်ပွားစီးဆင်းကာ စိတ်အားထက်သန်စွာဖြင့် သောက် သုံးနေကြသည်ကို တွေ့ရသည့်အခါ မနာလိုဝန်တို ဖြစ်ကြ၍ ဗုဒ္ဓ၏ တရားဆုံးမမှုများကို နည်းမျိုးစုံဖြင့် ဟန့်တားနှောက်ယှက်ကြလေသည်။

သို့ရာတွင် မည်သည့်အတားအဆီးမျှ ဗုဒ္ဓ၏ တရားတော်များ ကျယ်ပြန့်စွာ ပြန့်ပွားလာမှုကို တားဆီးဟန့်တားနိုင်ခြင်း မရှိကြပါပေ။ အခြားသော ဘာသာရေးများမှ နောက်လိုက်များက ရှင်မောဂ္ဂလာန်အား သတ်ဖြတ်ရန်

ကြီးပမ်းကြလေသည်။

ငင်းသည် နှစ်ကြိမ်တိုင်တိုင် လွတ်မြောက်ခဲ့သော်လည်း တတိယ အကြိမ်တွင်မူ အယူမှားယွင်းသူ ခိုးသားမားပြ ငါးရာတို့၏ ဝိုင်းပန်းရိုက်နှက်မှုကြောင့် ကွယ်လွန်သွားလေသည်။

အမှန်တရားကို ရင်ဝယ်ပိုက်ထားသူ ဖြစ်သဖြင့် ငင်းသည် ရိုက်နှက်မှုကို တည်ငြိမ်စွာ ခံယူကာ အရိုးအရေများ ကြေမွစုတ်ပြတ်ကုန်သော်လည်း တည်ငြိမ် အေးချမ်းစွာဖြင့် ကွယ်လွန်သွားလေသည်။

အင်္ဂုတ္တရနိကာယ်

ရဟန်းတော်တို့ လူအမြောက်အများတို့၏ သာယာဝပြောရေးနှင့် ပျော်ရွှင်ရေးများအတွက် ဤ လောကတွင် မွေးဖွားလာသူတစ်ဦးရှိပေသည်။ ၄င်းသည် ကမ္ဘာလောကကြီးအတွက် ကြင်နာကရုဏာ ထား၍၊ အကျိုးရှိစေရန်၊ ကောင်းကင်ဘုံတွင်ရှိသူများနှင့် လူသားများ၏ သာယာဝပြောရေးနှင့် ပျော်ရွှင်မှုများအတွက် မွေးဖွားလာခြင်း ဖြစ်ပေသည်။ ထိုသူသည် အဘယ်သူနည်း။ ၄င်းသည် အရဟတ္တ ဖြစ်သော တထာဂတောဖြစ်၍ လုံးဝအမှန်တရားကို သိရှိထားသူ ဖြစ်ပေသည်။ ဤသူမှာ ရဟန်းတော်တို့ ထိုလူပင် ဖြစ်ပေသည်။

ရဟန်းတော်တို့ လူတစ်ဦး၏ ဖော်ပြချက်များကို ကမ္ဘာပေါ်တွင် ရှာဖွေတွေ့ရှိနိုင်ရန် ခက်ခဲပေသည်။ မည်ကဲ့သို့သော လူပါနည်း။ အရဟတ္တဖြစ်သော တထာဂတောဖြစ်၍ လုံးဝအမှန်တရားကို သိမြင် ထားသူဖြစ်သည်။ ၄င်းသည် ထိုလူပင် ဖြစ်သည်။

ရဟန်းတော်တို့ ဤလောကတွင်တွေ့မြင်ရန် ခဲယဉ်းသောသူမှာ ထိုထူးခြားလှသောလူဖြစ်သည်။ မည်ကဲ့သို့သော လူပါနည်း။ အရဟတ္တဖြစ်သော တထာဂတော ဖြစ်၍ လုံးဝအမှန်တရားကို သိမြင်ထားသူ ဖြစ်သည်။ ၄င်းသည် ထိုလူပင် ဖြစ်သည်။

ရဟန်းတော်တို့ လူတစ်ဦး၏ သေဆုံးမှုကို လူအပေါင်းက ဝမ်းနည်းကြေကွဲကြမည် ဖြစ်သည်။ မည်ကဲ့သို့သော လူပါနည်း။ အရဟတ္တဖြစ်သော တထာဂတောဖြစ်၍ လုံးဝအမှန်တရားကို သိမြင်ထားသူ ဖြစ်သည်။ ၄င်းသည် ထိုလူ ဖြစ်သည်။

ရဟန်းတော်တို့ ကမ္ဘာပေါ်တွင် မွေးဖွားလာ၍ ယှဉ်ပြိုင်နှိုင်းယှဉ်နိုင်သူမရှိသော လူတစ်ဦး ရှိပေ သည်။ ထိုလူသည် အဘယ်သူပါနည်း။ ၄င်းသည် အရဟတ္တဖြစ်သော တထာဂတောဖြစ်၍ လုံးဝ အမှန် တရားကို သိမြင်ထားသူ ဖြစ်သည်။ ၄င်းသည် ထိုလူ ဖြစ်ပေသည်။

(အင်္ဂုတ္တရနိကာယ် ၁-၁၃)

ကျမ်းကိုးစာရင်းများ

အတိုကောက်အမှတ်အသားများ

ဒန	-	ဒီဃနိကာယ်
မန	-	မဇ္ဈိမနိကာယ်
သန	-	သံယုတ္တနိကာယ်
အန	-	အင်္ဂုတ္တရနိကာယ်

ဗုဒ္ဓ

	အခန်း	စာမျက်နှာ	မျဉ်းကြောင်း	မူရင်းစာအုပ်
အခန်း တစ်				
၁	2	1		ဗုဒ္ဓဝင်
	5	7		အန ၃-၃၈ သုခုမာလာသုတ်
	5	19		အန ၃-၃၆ အရိယပရိယေသနသုတ်
	6	6		သုတ်များ
	7	5		မန ၉-၈၅ ဟောဒိရာဇကုမာရသုတ
	7	11		သုတ်များ
	7	24		သုတ္တ-နိပါတ ၃-၂။ ပဓါနသုတ်
	8	6		သုတ်များ
	8	24		ဂိုနည်း၊ မဟာဝဂ္ဂ
	9	26		ဒန ၁၆၊ မဟာပရိနိဗ္ဗာနသုတ်
၂	11	1		ဒန ၁၆၊ မဟာပရိနိဗ္ဗာနသုတ်
	11	21		ပရိနိဗ္ဗာနသုတ်
	13	19		ပရိနိဗ္ဗာနသုတ်
	13	25		ဒန ၁၆၊ မဟာပရိနိဗ္ဗာနသုတ်
အခန်း နှစ				
၁	15	1		အမိတာယုရ်ချာနနှင့် ဂိမလကီရ်သီနိရ်ဒေသသုတ်
	15	6		သူရမ်ဂါမသုတ်
	15	11		ဂိမလကီရ်သီသရ်ဒေသနှင့် မဟာပရိနိဗ္ဗာနသုတ်

အခန်း	စာမျက်နှာ	မျဉ်းကြောင်း	မူရင်းစာအုပ်
	16	3	သဒ္ဒါမပုဏ္ဍရီကသုတ် ၁၆
	16	18	မဟာယာနဇာတကစိတ္တဘူမိပရီသသုတ်
	17	1	မဟာပရိနိဗ္ဗနသုတ်
၂	18	13	သဒ္ဒါမပုဏ္ဍရီကသုတ် ၃
	19	12	သဒ္ဒါမပုဏ္ဍရီကသုတ် ၄
	20	25	သဒ္ဒါမပုဏ္ဍရီကသုတ် ၅
၃	22	4	သဒ္ဒါမပုဏ္ဍရီကသုတ် ၁၆
အခန်း သုံး			
၁	25	1	အမိတာယုရ်ဓျာနနှင့် ဂိမလကီရ်သီနိရ်ဒေသသုတ်
	25	18	မဟာပရိနိဗ္ဗနသုတ
	26	5	အဝတံသကသုတ
	26	16	သုဝဏပြဘာသောတ္တမရာဇသုတ် ၃
၂	28	20	အဝတံသကသုတ်
	29	3	အဝတံသကသုတ် ၃၄၊ ကဏ္ဍဗျူဟာ
	29	7	စူဋ္ဌာသုခဝတီဗျူဟာသုတ်
	29	13	အဝတံသကသုတ်
	29	18	သန ၃၅-၅
	29	21	မဟာပရိနိဗ္ဗနသုတ်
၃	31	22	မန ၈-၇၇၊ မဟာသကုလူဒယီသုတ်
	32	19	မဟာပရိနိဗ္ဗနသုတ်
	33	6	လင်္ကာဝတရသုတ်
	33	16	အဝတံသကသုတ် ၃၂
	34	6	သဒ္ဒါမပုဏ္ဍရီကသုတ် ၂၅
	34	10	မဟာပရိနိဗ္ဗနသုတ်
	34	21	သဒ္ဒါမပုဏ္ဍရီကသုတ် ၂
	35	3	သဒ္ဒါမပုဏ္ဍရီကသုတ် ၃

၈မ္မ

အခန်း တစ်			
၁	38	1	ဂိနည်း၊ မဟာဂဂ္ဂ ၁-၆ နှင့် သန
	39	16	၅၆-၁၁-၁၂ ၊ ဓမ္မစက္ကာပြဂရ်တနသုတ်
	38	27	ဣတိဝုတ္တက ၁၇၃
	40	7	မန ၂၊ သဗ္ဗာသဂသုတ်
	40	20	သုတ်လေးဆယ့်နှစ်အပိုင်း ၁၈
၂	42	15	သီရိမာလာဒေဝီသဟ်နာဒသုတ်
အခန်း နှစ			
၁	46	1	အဂတံသကသုတ် ၂၂၊ ဒဿဘူမိက
	48	1	မန ၄-၃၅၊ စူဠဋ္ဌသစ္စကသုတ်
	48	11	အန ၅-၄၉၊ ရာဇာမုဏ္ဍသုတ
	48	18	အန ၃-၁၈၅၊ သမနသုတ
၂	49	1	အန ၄-၁၄၃၊ ဥပ္ပါဒသုတ
	49	6	လက်ဂဟတရသုတ
	49	15	အဂတံသကသုတ် ၂
	50	6	အဂတံသကသုတ် ၁၆
	50	14	အဂတံသကသုတ် ၂၂၊ ဒဿဘူမိက
	50	20	လက်ဂဟတရသုတ်
	51	1	အန ၄-၁၈၆၊ ဥမ္မဂ္ဂသုတ်
	51	15	ဓမ္မပဒ ၁၊ ၂၊ ၁၇။ ၁၈
၃	52	1	သန ၂-၁-၆၊ ကာမဒသုတ်
	52	8	အဂတံသကသုတ် ၁၆ လက်ဂဟတရသုတ
	53	1	မန ၃-၂၂၊ အလဂဒ္ဒူပမသုတ
	53	21	လက်ဂဟတရသုတ
	54	1	လက်ဂဟတရသုတ
၄	56	15	ဂိနည်း၊ မဟာဂဂ္ဂ ၁-၆

အခန်း	စာမျက်နှာ	မျဉ်းကြောင်း	မူရင်းစာအုပ်
	57	3	လက်ဘဝတါရသုတ
	57	10	သန ၃၅- ၂--၊ ဒါရုကွန္ဓသုတ
	57	22	လက်ဘသတာရသုတ်နှင့် အခြားသုတ်များ
	58	13	မန ၂-၁၈၊ မဓုပိဏ္ဍိကသုတ
	59	4	လက်ဘဝတာရသုတ
	59	19	လက်ဘဝတာရသုတ
	60	16	ဂိမလကာသီနာဒေဿသုတ
	62	15	အဝတံသကသုတ် ၃၄၊ ကဏ္ဍာဗျူဟာ
	62	23	လက်ဘဝတာရသုတ်နှင့်အခြားသုတ်များ
အခန်း သုံး			
၁	64	1	ဂိနည်းမဟာဝဂ္ဂ ၁-၅
	64	18	ဂိနည်းစူဠဝဂ္ဂ ၅-၂၁
	65	6	သူရံဂါမသုတ
၂	69	17	သူရံဂါမသုတ
	71	9	မဟာပရိနိဗ္ဗာနသုတ
	71	18	သဒ္ဓါမပုဏ္ဍရီကသုတ်နှင့် သူရံဂါမသုတ်
	72	9	အဝတံသကသုတ် ၃၂
	72	14	မဟာပရိနိဗ္ဗာနသုတ်
	72	19	ဗဟွာဇာလသုတ်
	73	4	မဟာပရိနိဗ္ဗာနသုတ်
၃	74	1	မဟာပရိနိဗ္ဗာနသုတ်
အခန်း လေး			
၁	78	1	သီရိမာလာဒေဝီသဟ်နာဒသုတ်
	79	6	အန ၂-၁၁
	79	11	ကတိဝုတ္တက ၉၃
	79	17	ဂိနည်း၊ မဟာဝဂ္ဂ
	80	1	အန ၃-၆၈၊ အသာတိမ္ဒိကသုတ်
	80	15	အန ၃-၃၄၊ အာဌာဝကသုတ်

အခန်း	စာမျက်နှာ	မျဉ်းကြောင်း	မူရင်းစာအုပ်
	81	5	ဂေဟုလျသုတ်
	81	11	ဂိနည်း၊ မဟာဂဂ္ဂ ၁-၆၊ ဓမ္မ စကြာပရာဂါတနသုတ်
	81	15	မန ၂-၁၄၊ စုဋ္ဌဒုက္ခတခန္ဓသုတ်
	82	7	မဟာပရိနိဗ္ဗာနသုတ်
	83	9	ကတိဂုတ္တက ၂၄
၂	85	1	မန ၆-၅၁၊ ကန္ဒရကသုတ်အန ၃-၁၃၀
	85	16	အန ၃-၁၃၀
	86	5	အန ၃-၁၁၃
၃	86	13	ကတိဂုတ္တက ၁၀၀
	87	16	သံယုတ္တရွန္ဂပိဋကသုတ်
	88	1	မဟာပရိနိဗ္ဗာနသုတ်
	89	8	အန ၃-၆၂
	89	22	အန ၃-၃၅၊ ဒေဝဒုတသုတ်
	91	1	ဌေရီဂါထာသုတ်အတွဲ ၂
၄	92	1	သုခါဝတီဗျူဟာသုတ်အတွဲ ၂
အခန်း ငါး			
၁	98	1	သုခါဝတီဗျူဟာသုတ်အတွဲ ၁
	101	17	သုခါဝတီဗျူဟာသုတ်အတွဲ ၂
	102	24	အမိတာယုရ်ဓျာနသုတ်
၂	106	14	စူဋ္ဌာသုခါဝတီဗျူဟာသုတ်

ကျင့်ကြံနည်းများ

အခန်း ငါး			
၁	110	1	မန ၂ ၊ သိဗ္ဗာသဝသုတ်

အခန်း	စာမျက်နှာ	မျဉ်းကြောင်း	မူရင်းစာအုပ်
	111	20	မန ၃၊ ၃၆၊ အရိယပရိယေသနသုတ သန
	112	10	၃၅-၂၀၆၊ ဆပါနသုတ်
	113	6	လေးဆယ့်နှစ်ပိုင်းသောသုတ် ၄၁-၂
	115	17	မန ၂-၁၉၊ ငွေဓါဂိသကသုတ်
	116	11	ဓမ္မပဒအဌကထာ
၂	118	1	အန ၃-၁၁၇
	118	14	မန ၃-၂၁ ကကစူပမသုတ်
	121	14	မန ၃-၂၃၊ ဗမ္မီကသုတ်
	123	1	ဇာတ် ၄- ၄၉၇၊ မာတင်္ဂဇာတ်
	126	12	လေးဆယ့်နှစ်ပိုင်းသောသုတ် ၉
	126	22	လေးဆယ့်နှစ်ပိုင်းသောသုတ် ၁၁
	127	16	လေးဆယ့်နှစ်ပိုင်းသောသုတ် ၁၃
	128	12	အန ၂-၄၊ သမစိတ္တသုတ်
၃	129	1	သံယုတ္တရန္တပိဋကသုတ်
	134	1	ဒဏ္ဍာရီ ၁၀၀ သုတ်များ
	137	8	ပရိညာ ပါရမိတာ သုတ်
	138	21	မဟာပရိနိဗ္ဗာနသုတ်
	139	19	သံယုတ္တရန္တ ပိဋကသုတ်
အခန်း နှစ			
၁	144	1	မန ၇ - ၆၃၊ စူဋမာလုန်ကျသုတ္တ
	146	1	မန ၃ - ၂၉၊ မဟာသရောပါမသုတ္တ
	147	13	မဟာမာယာသုတ်
	148	1	ဌေရဂါထာ အဌကထာ
	149	20	မန ၃-၂၈၊ မဟာဟတ္တိပဒေါပမသုတ်
	150	10	မဟာပရိနိဗ္ဗာနသုတ်
	150	22	အဝဒါနသတ္တကသုတ်
	152	3	မဟာပရိနိဗ္ဗာနသုတ်
	153	23	ပဉ္စဂိသ်သိ - သာဟသြကာပသာပါရမိတာသုတ်

အခန်း	စာမျက်နှာ	မျဉ်းကြောင်း	မူရင်းစာအုပ်
	155	6	အဝတံသကသုတ် ၃၄၊ ကဏ္ဍဗျူဟ
၂	157	1	အန ၃-၈၈
	157	22	အန - ၈၁
	158	8	အန ၃-၈၂
	158	24	မဟာပရိနိဗ္ဗာနသုတ်အတွဲ ၂
	159	21	မန ၁၄ -၁၄၁၊ သစ္စဂိဗန္ဂသုတ်
	161	1	ပရိနိဗ္ဗာနသုတ် အတွဲ ၂
	161	17	အန ၅-၁၆၊ ဗလသုတ္တ
	162	1	အဝတံသကသုတ် ၆
	162	27	မဟာပရိနိဗ္ဗာနသုတ်
	163	16	သံယုတ္တရန္တ ပိဋကသုတ်
	164	6	သုဝဏပြဘာသသုတ် ၂၆
	165	1	မဟာပရိနိဗ္ဗာနသုတ်
	165	25	ဌေရဂါထာအဌကထာ
	166	17	ဇာတ် ၅၅၊ ပဉ္စဝဇာတ်
	167	20	ကတိဝုတ္တက ၃၉ နှင့် ၄၀
	168	4	မဟာပရိနိဗ္ဗာနသုတ်
	168	8	မဟာပရိနိဗ္ဗာနသုတ်
	168	13	အန ၅-၁၂
	168	21	ပရိနိဗ္ဗာနသုတ်
	169	7	သူရံဂမသုတ်
၃	170	11	သန ၅၅၂၁ နှင့် ၂၂၊ မဟာနာမသုတ်
	171	6	အန ၅-၃၂ ၊ စုန္ဒီသုတ်
	171	14	ဂိမလကာသီ - နာဒေဿသုတ်
	172	2	သူရံဂမသုတ်
	172	8	သုခါဝတီဗျူဟသုတ်အတွဲ ၂
	172	18	သန ၁-၄-၆
	173	2	အဝသံသကသုတ် ၃၃

အခန်း	စာမျက်နှာ	မျဉ်းကြောင်း	မူရင်းစာအုပ်
	174	2	အဝသံသကသုတ် ၂၄
	174	13	သုဝဏ္ဏပြဘာသသုတ် ၄
	174	25	အမိတာယုံချာနသုတ်
	175	4	သုခါဝတီဗျူဟာသုတ်
	175	10	မဟာပရိနိဗ္ဗာနသုတ်
	176	6	အန ၂-၁၆၊ စေတောခလသုတ်
	176	23	သုခါဝတီဗျူဟာသုတ်အတွဲ ၂
၄	177	15	ဓမ္မပဒ
	185	11	သန ၁-၄-၆
	186	4	အန
	186	8	မဟာပရိနိဗ္ဗာနသုတ်

ညီအစ်ကိုဖြစ်မှု

အခန်း	ငါး		
၁	188	1	ကတိဝုတ္တက ၁၀၀ နှင့် မန ၁-၃ ဓမ္မဒါယာဒသုတ်
	188	7	ကတိဝုတ္တက ၉-၂
	188	16	ဂိနည်း၊ မဟာဝဂ္ဂ ၁-၃၀
	189	15	မန ၄-၃၉၊ မဟာအသသပူရသုတ်
	190	21	မန၄-၄၀၊ စူဠအသသပူရသုတ်
	191	17	ဒ္ဒါ သဒ္ဒါမ ပုဏ္ဏရိကသုတ် ၁၉
	191	24	ဒ္ဒါ သဒ္ဒါမ ပုဏ္ဏရိကသုတ် ၁၉
	192	8	သဒ္ဒါမ ပုဏ္ဏရိကသုတ် ၁၄
၂	193	22	သန ၅၅-၃၇၊ မဟာနာမသုတ်
	194	10	အန ၃-၇၅
	194	16	သန ၅၅-၃၇၊ မဟာနာမသုတ်
	194	22	သန ၅၅-၅၄၊ ဂိလာယနံသုတ်

အခန်း	စာမျက်နှာ	မျဉ်းကြောင်း	မူရင်းစာအုပ်
	195	1	အဂတိသကသုတ် ၂၂
	196	13	မဟာပရိနိဗ္ဗာနသုတ်
	199	4	အဂတံသကသုတ် ၇
	201	16	မဟာမာယာသုတ်
	202	14	အဂတံသကသုတ် ၂၁
	203	11	မဟာပရိနိဗ္ဗာနသုတ်
၃	204	12	ဒန ၃၁၊ သဃ်ာလောဂါဒသုတ်
	209	20	အန ၂-၄၊ သမစိတ္တသုတ်
	210	8	အန ၃-၃၁
	210	17	ဇာတ် ၄၁၇၊ ကစ္စာနိဇတ်
	212	12	ဒန ၃၁၊ သဃ်ာလောဂါဒသုတ်
	212	25	ဓမ္မပဒ အဌကထာ ၁
	214	6	(မြန်မာဘာသာဋီကာအဌကထာ)
	214	24	သီရိမာလာဒေဂီ သဟ်နာဒသုတ်
အခန်းနှစ်			
၁	217	1	မဟာပရိနိဗ္ဗာနသုတ်
	218	14	အန၃-၁၁၈၊ သောဂေယျန်သုတ်
	220	4	စန
	220	18	ဂိနည်း၊ မဟာဂဂ္ဂ ၁၀ - ၁ နှင့် ၂
	221	4	ဒန ၁၆၊ မဟာပရိနိဗ္ဗာနသုတ်
	222	12	ဂိနည်း၊ မဟာဂဂ္ဂ ၁၀ ၊ ၁ နှင့် ၂
၂	225	6	စန
	226	2	ချူးအင်း - ကျိုးသုတ်
	226	9	ဂိမလကာသိနာဒေသသုတ်
	227	13	မဟာပရိနိဗ္ဗာနသုတ်
	228	5	စူဋ္ဌာသုခါဂတီဗျူဟာသုတ်
	228	12	သုခဂတီဗျူဟာသုတ်
	229	3	ဂိမလကာသိနာဒေသသုတ်

အခန်း	စာမျက်နှာ	မျဉ်းကြောင်း	မူရင်းစာအုပ်
၃	229	14	ဓမ္မပဒ အဋ္ဌကထာ ၁
	229	23	အန ၃၄-၂
	230	21	ဓမ္မပဒ အဋ္ဌကထာ ၁
	231	19	အန ၅-၁
	231	24	သာဂတ္တိဂါဒ - သဃ်ဂေဒကဂတ္တ
	232	16	မန ၉-၈၆၊ အဂုံလိမာလသုတ်
	233	17	အန ၂၆

နောက်ဆက်တွဲများ

ဗုဒ္ဓဘာသာ၏ သမိုင်းအကျဉ်းချုပ်

အိန္ဒိယနိုင်ငံမှ ဂျပန်ပြည်သို့ ရောက်ရှိလာခြင်း

1. အိန္ဒိယနိုင်ငံ

လူသားတို့၏ စိတ်ဖက်ဆိုင်ရာ သမိုင်းတွင် အကြီးမားဆုံးသော အဖြစ်ပျက်ကြီး တစ်ရပ် ထွက်ပေါ်လာ သည်မှာ မဖျိုမဒေသ (၀၂) အိန္ဒိယနိုင်ငံ၏ အလယ်ပိုင်း၌ "အာရှလင်းရောင်ခြည်" ပေါ်ထွန်းလာခဲ့ချိန်ကပင် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ယင်းနေရာ၌ မဟာဉာဏ် ပညာတော် နှင့် မေတ္တာ ကရုဏာတော် ရေပန်းက အရှိန်အဟုန်ကြီးမားစွာ ပေါက်ထွက်လာခဲ့ချိန် ဖြစ်ရာ၊ ရာစုနှစ်ပေါင်းများစွာ ဆက်လက်၍ ယခုထက်တိုင် လူသားတို့၏ စိတ်ကို အနှစ်သာရ ကြွယ်ဝစေခဲ့လေသည်။

နောက်ပိုင်း၌ ဗုဒ္ဓဘာသာယုံကြည်သူများက သကျမုနိ သို့မဟုတ် "သကျလူမျိုးစု၏ မဟာပညာရှင်" ဟု ခေါ်ဆိုကြသော ဂေါတမဗုဒ္ဓသည် ၎င်း၏ နေအိမ်ကို စွန့်ခွာ၍ တောင်းရမ်းစားသောက်သူတစ်ဦး အဖြစ် တရားတော်ကို ရှာကြံရန် တောင်ဘက်ရှိ မဂ္ဂဒါသို့ ထွက်ခွာလာခဲ့လေသည်။ ၎င်းသည် နောက်ဆုံး ၌ ဗောဓိညောင်ပင်အောက်တွင် သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့သည်။

ခရစ်သက္ကရာဇ်မတိုင်မီ ငါးရာစုနှစ်၏ အလယ်ပိုင်းလောက်က ဖြစ်သည်ဟု ယုံကြည်ရသည်။ ဗုဒ္ဓသည် ထိုအချိန်မှစ၍ နောက်ဆုံးပရိနိဗ္ဗာန် စံလွန်တော်မူသည် အထိ လေးဆယ့်ငါးနှစ်တိုင်တိုင် မနားမနေ သွန်သင်ဟောပြောတော်မူခဲ့လေသည်။ ထိုအတွက်ကြောင့်ပင်လျှင် အိန္ဒိယ အလယ်ပိုင်းရှိ ဘုရင့်နိုင်ငံ များနှင့် လူမျိုးစုပေါင်းစုံတို့တွင် ဗုဒ္ဓဘာသာ အာဇာနည်သူရဲကောင်းများ ဆက်တိုက် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်ပေသည်။

မောရိယနိုင်ငံ၏ တတိယမင်းဆက်ဖြစ်သော ဓမ္မသောကမင်း (အာသောကဘုရင်) (နန်းသက်ကာလ၊ ဘီစီ ၂၆၈-၂၃၂) အုပ်စိုးချိန်တွင် ဂေါတမဗုဒ္ဓ၏ တရားတော်များသည် အိန္ဒိယနိုင်ငံ တဝှမ်းလုံးသာမက အခြားသောနိုင်ငံများသို့ ပျံ့နှံ့သွားခဲ့လေသည်။

မောရိယသည် အိန္ဒိယနိုင်ငံတွင် အခိုင်အမာတည်ထောင်ခဲ့သော ပထမဦးဆုံးသော ဘုရင့်နိုင်ငံ ဖြစ်လေသည်။ ပထမဘုရင်ဖြစ်သော စန္ဒဂုတ္တမင်း

(ထီးနန်းကာလ၊ ဘီစီ ၃၁၇ - ၂၉၃ ပတ်ဝန်းကျင်ခန့်) အုပ်စိုးစဉ်ကာလကပင်၊ ယင်းဘုရင့်နိုင်ငံသည် မြောက်ဖက်၌ ဟိမဝန္တာတောင်တန်းများအထိ၄င်း၊ အရှေ့ ဖက်၌ ဘင်္ဂလားပင်လယ်အော်အထိ၄င်း၊ အနောက်ဖက်၌ ဟိန္ဒူကွတ် (ရှိ) တောင်တန်းများအထိ၄င်း၊ တောင်ဖက်တွင်မူ ဂိန္ဓာတောင်များကို ကျော်လွန်သွားသည် အထိ၄င်း၊ ကျယ်ပြန့်နေပြီ ဖြစ်ပေသည်။ အာသောကဘုရင်သည် တလင်္ဂနနှင့်တကွ အခြားသော နယ်မြေများကို တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းဖြင့် နိုင်ငံတော်နယ်နမိတ်ကို ဒက္ခာန်ကုန်းပြင်မြင့်ဒေသအထိ ထပ်ဆင့်တိုးချဲ့ခဲ့လေသည်။

အာသောကဘုရင်သည် မူလက စိတ်ဓာတ်ကြမ်းတမ်းခက်ထန်သူ ဖြစ်၍ ၄င်း၏ ပြည်သူများက ဆန္ဒာသောက (ကြမ်းတမ်းခက်ထန်သော အာသောက) ဟု ခေါ်ဆိုကြလေသည်။ သို့ရာတွင် အာသောကဘုရင်သည် တလင်္ဂနေပြည်ကို အောင်နိုင်ခဲ့သော စစ်ပွဲ၌ ဆင်းရဲဒုက္ခ သေကြေပျက်စီးမှုများကို တွေ့မြင်ခဲ့ရသည့် နောက်တွင် စိတ်နေသဘောထားများ လုံးဝပြောင်းလဲသွားလေသည်။ မင်းကြီးသည် အသိဉာဏ်ပညာနှင့် ကြင်နာကရုဏာထားမှု တရားတော်များကို အထူးယုံကြည်ကိုးစားလာခဲ့လေသည်။ ထို့နောက် ၄င်းသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ တစ်ဦးအဖြစ် ကုသိုလ်ကောင်းမှု အမျိုး မျိုးကို ပြုလုပ်ခဲ့ရာ၊ အောက်ပါလုပ်ဆောင်ချက် နှစ်ရပ်တို့မှာ အထူးမှတ်သားဖွယ်ရာပင် ဖြစ်ပေသည်။

ပထမမှာ "အာသောကကျောက်စာတိုင်" ပင် ဖြစ်ပေသည်။ ၄င်းမှာ ဗုဒ္ဓတရားတော်များအပေါ် အခြေခံ ရေးသားထားသော အုပ်ချုပ်ရေးဆိုင်ရာ အတွေးအခေါ်များဖြစ်၍ ကျောက်တိုင်များ ကျောက်နံရံများနှင့် နေရာအမြောက်အများ တို့တွင် ထွင်းထားရန် အာသောကဘုရင်က အမိန့်ပေးလုပ်ဆောင်စေ ခြင်းဖြင့် ဗုဒ္ဓတရားတော်များကို ပြန့်ပွားစေခဲ့လေသည်။ ဒုတိယအချက်မှာ အာသောက ဘုရင်သည် သာသနာပြုအဖွဲ့များကို လာရောက်စေပြီး ဘက်ပေါင်းစုံရှိ နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ကာ ပညာရှိမှုနှင့် ကြင်နာကရုဏာထားမှု တရားတော်များကို ဟောပြောစေခဲ့လေသည်။ အထူးမှတ်သားဖွယ် ရာအချက်မှာ အချို့သော သာသနာပြုအဖွဲ့များအား ဆီးရီးယား၊ အီဂျစ်၊ ကိုင်ရင် မက္ကဒိုးနီးယားနှင့် အီပိအီရိုးစ်ကဲ့သို့သော နေရာဒေသများအထိ စေလွှတ်ကာ၊ အနောက်တိုင်းနိုင်ငံများသို့ ဗုဒ္ဓဘာသာ တရားတော်ကို ကျယ်ပြန့်စွာ ပြန့်နှံ့စေခဲ့ခြင်းပင် ဖြစ်လေသည်။ ထို့အပြင် သီဟိုဠ်သို့ စေလွှတ်ခဲ့သော ကိုယ်စားလှယ်တော် မဟေဒြ (ပါဠိဘာသာတွင် မဟိန္ဒ)

မထေရ်သည် လှပသော လက်ာဒီပ (ပါဠိ၊ လက်ာ ဒီပ) ပေါ်တွင် လှပသော တရားတော်ကို တည်ထောင်ထားရှိမှု၌ အောင်မြင်ခဲ့သဖြင့် ယင်းကျွန်းပေါ်၌ ဗုဒ္ဓ ဘာသာတရားတော်များ အောင်မြင်စွာ ပြန့်နှံ့သွားစေရန် အစပျိုးခဲ့လေသည်။

2. မဟာယာနဗုဒ္ဓဘာသာ ထွန်းကားလာခြင်း

နောက်ပိုင်းနှစ်များတွင် ဗုဒ္ဓဘာသာဝင်များက "ဗုဒ္ဓဘာသာ အရှေ့ဘက်သို့ ရွှေ့လျားမှု အကြောင်း ကို မကြာခဏ ပြောဆိုခဲ့ကြလေသည်။ သို့ရာတွင် ခရစ်သက္ကရာဇ်မတိုင်မီ ရာစုနှစ်များကမူ ဗုဒ္ဓဘာသာ သည် အနောက်ဘက်သို့ မျက်နှာမူနေခဲ့ကြောင်း သိသာထင်ရှားလေသည်။ ခရစ်သက္ကရာဇ်သို့ ဝင်ရောက် လာသော အစဦးပိုင်းလောက်ကျမှသာလျှင် ဗုဒ္ဓဘာသာ၏ မျက်နှာသည် အရှေ့ဘက်သို့ ဦးတည်လာခဲ့ခြင်း ဖြစ်လေသည်။ သို့သော်လည်း ဤကိစ္စရပ်ကို မဆွေးနွေးမီ၊ ဗုဒ္ဓဘာသာ၌ ဖြစ်ပေါ် လာသော ကြီးမားသည့် ပြောင်းလဲမှုအကြောင်းကို လေ့လာရန် လိုအပ်ပေသည်။ ဤပြောင်းလဲမှု ဆိုသည်မှာ မဟာယာနဗုဒ္ဓဘာသာ၊ သို့မဟုတ် ကြီးမားသော စကြာယဉ် ဗုဒ္ဓဘာသာဟု ခေါ်ဆိုသော "လှိုင်းသစ်" ပင် ဖြစ်လေသည်။ ဤ မဟာယာန ဗုဒ္ဓဘာသာသည် ကြီးထွားကျယ်ပြန့်လာကာ ထိုအချိန် က ဘာသာရေး ဟောပြောမှုများတွင် ထင်ပေါ်ကျော်ကြားလာခဲ့လေသည်။

ထိုကဲ့သို့သော "လှိုင်းသစ်" ကို မည်သည့်အချိန်၌ မည်သူက မည်ကဲ့သို့ စတင်ခဲ့ပါသနည်း။ ဤ မေးခွန်းများကို ယခုထက်တိုင် တိကျစွာ ဖြေဆိုနိုင်သည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါပေ။ ကျွန်ုပ်တို့ သိရှိထားသည့် အရာများမှာ ပထမ၊ ထိုအချိန်က တိုးတက်သောအမြင်ရှိကြသည့် ဘုန်းတော်ကြီးများက မဟာသံဃိက အတွေးအခေါ်တွင်းရှိ တွေးခေါ်မြော်မြင်မှုများမှ ထိုကဲ့သို့သော " လှိုင်းသစ်" အမြင်များ ထွက်ပေါ်လာခြင်း ဖြစ်နိုင်ပေသည်။ ဒုတိယ ဘီစီ တစ်ရာစုနှစ်၊ သို့မဟုတ် နှစ်ရာစုနှစ်မှသည် ခရစ် သက္ကရာဇ် တစ်ရာစုနှစ်အထိ အချိန်ကာလအတွင်း၌ မဟာယာနကျမ်းဂန်စာပေများအတွက် အရေးကြီး သည့် အချို့သော အခြေအနေများ ရှိနေခဲ့ပြီး ဖြစ်သည်ဆိုသည့်အချက်ပင် ဖြစ်ပေသည်။ ထို့ကြောင့် မဟာယာန

စာပေများ၏ အကူအညီဖြင့် သာလွန်ကောင်းမြတ်လှသော နာဂါရ်ဇုန အတွေးအခေါ်များ ဖွံ့ဖြိုးတိုးတက်လာသောအခါ ဗုဒ္ဓဘာသာ၏ သမိုင်းတွင် မဟာယာန ဗုဒ္ဓဘာသာသည် ရှေ့တန်း၌ မားမားမတ်မတ် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်ပေသည်။

ရှည်လျားလှသော ဗုဒ္ဓဘာသာသမိုင်းတွင် မဟာယာနဗုဒ္ဓဘာသာ၏ အခန်းကဏ္ဍသည် ကြီးမားလှ ပေသည်။ တရုတ်ပြည်နှင့် ဂျပန်ပြည်တို့၏ ဗုဒ္ဓဘာသာ သမိုင်းကြောင်း အားလုံးလိုလို တို့သည် မဟာယာန တရားတော်များ၏ သြဇာ လွှမ်းမိုးမှုအောက်၌ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ ဖြစ်ရသည်မှာလည်း ထူးဆန်းအံ့သြဖွယ်ရာ မဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော် အများ ပြည်သူများအား ကယ်တင်ရေးအတွက် အတွေးအခေါ်သစ်တစ်ရပ်ကို ရေးဆွဲ ထားပြီးဖြစ်၍ ယင်းအတိုင်း ကျင့်သုံးနိုင်စေရန်အတွက် ဗောဓိသတ်ဘုရားလောင်း ပုံစံဖြင့် အသက်ရှင်နေဆဲဖြစ်သော ဘုရားများကို ဖော်ထုတ်ထားပြီး ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။ ထို့အပြင် ၄င်းတို့အား ထောက်ခံအားပေးရန် အတွက် မဟာယာန တွေးခေါ်မှု ပုဂ္ဂိုလ်များက ဖော်ထုတ်ခဲ့ကြသော သဘာဝတ္တဗေဒ သို့မဟုတ် စိတ္တ ဗေဒနယ်ပယ်များအတွင်းရှိ တွေးခေါ်မြော်မြင်မှု ရလဒ်များမှာလည်း အမှန်တကယ်ပင် ထူးခြားကောင်း မွန်လှပေသည်။ ဤနည်းဖြင့် ဗုဒ္ဓဂေါတမ၏ သွန်သင် ဟောပြောမှုများနှင့် တစ်ဖက်တွင် ဆက်စပ်နေ သော်လည်း ပညာရှိမှုနှင့် ကြင်နာကရုဏာထားမှုဆိုင်ရာ အတွေးအခေါ်ခံယူချက် အသစ်များ အမြောက် အများ ထပ်ဆင့် တိုးပွားလာခဲ့လေသည်။ ဤသို့ အသစ်ထွက်ပေါ်လာသော တွေးခေါ်မှုများနှင့် အတူ ဗုဒ္ဓဘာသာသည် စွမ်းအင်အပြည့်ရရှိလာကာ မြစ်ကြီးတစ်ခုတွင် အဟုန်ကြီးစွာဖြင့် စီးဆင်းနေသော ရေစီးကြောင်းပမာ အရှေ့တိုင်းနိုင်ငံများအား အနှစ်သာရ ကြွယ်ဝစေခဲ့လေသည်။

3. အာရှအလယ်ပိုင်း

တရုတ်ပြည်သည် အာရှအလယ်ပိုင်းရှိ နိုင်ငံများမှတဆင့် ဗုဒ္ဓဘာသာကို ရှေးဦးစွာ သိရှိလာခဲ့ရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓတရားတော်များက

အိန္ဒိယနိုင်ငံမှ တဆင့် တရုတ်ပြည်သို့ ပြန့်နှံ့သွားကြောင်းကို ပြောဆိုမည်ဆိုပါက ပိုးလမ်းမအကြောင်းကို ပြောကြားရန် လိုအပ်ပေသည်။ ဤလမ်းမသည် အာရှ အလယ်ပိုင်းရှိ ကြီးမားကျယ်ပြန့်လှသော နယ်မြေများကို ဖြတ်ကျော်ကာ၊ အရှေ့နှင့်အနောက်တို့အား ဆက်သွယ်ပေးခြင်း ဖြစ်၍၊ ဟန်မင်းဆက် လက်ထက်က ဂူဘုရင် (ဘီစီ ၁၄၀-၈၇) အုပ်စိုးနေစဉ်၊ ဤကုန်သွယ်ရေးလမ်းကြောင်းကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပေသည်။ ထိုအချိန်က ဟန်နယ်မြေ ပိုင်နက်သည် အနောက်ဘက် ဝေးလံလှသော နေရာအထိ ကျယ်ပြန့်စွာ တည်ရှိနေခဲ့ရာ၊ ဖာဂါန၊ ဆက်ဒီယာန၊ ကုကာရနှင့် ပါသီယာကဲ့သို့သော နယ်စပ်ချင်း ဆက်စပ်နေကြသည့် နိုင်ငံများတွင် ယခင်က အလက်ဇန္ဒားမင်းကြီးကြောင့် တဟုန်ထိုး ပေါ်ထွန်းခဲ့သော ကူးသန်းရောင်းဝယ်ရေး စိတ်ဓာတ်များမှာ အထူးရှင်သန်တက်ကြွနေဆဲပင် ဖြစ်ပေသည်။ ဤနိုင်ငံများကို ဖြတ်သန်းသွားသော ယင်းရှေးဟောင်း လမ်းကြောင်းတလျှောက်တွင် ပိုးထည်မှာ အရေးကြီးဆုံးသော အခန်းကဏ္ဍ၌ ပါရှိခဲ့သဖြင့်၊ ပိုးလမ်းမ ဟူသော အမည်ဖြင့် မှည့်ဆိုခဲ့ကြခြင်း ဖြစ်ပေသည်။ ခရစ်သက္ကရာဇ် ပေါ်ပေါ်လာခါနီး သို့မဟုတ် ပေါ်ထွက်လာခါစအချိန်မှစ၍ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေး လမ်းကြောင်းဖြင့် ပထမဦးဆုံးသော ယဉ်ကျေးမှု ဆက်ဆံရေးများကို စတင် ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။ ဤသို့ဖြင့် ပိုးလမ်းမကို ဗုဒ္ဓဘာသာပြန့်ပွားရာ လမ်းမဖြစ်ခဲ့သည်ဟုလည်း ပြောဆိုနိုင်ပေသည်။

4. တရုတ်ပြည်

တရုတ်ဗုဒ္ဓဘာသာ သမိုင်းသည် တရုတ်ပြည်က ဗုဒ္ဓကျမ်းဂန်စာပေများကို လက်ခံ၍ ဘာသာပြန်ဆို ရေးသားခဲ့ချိန်မှ စတင်ခဲ့ပေသည်။ ရှေးဟောင်းအကျဆုံးသော ကျမ်းစာမှာ အရှေ့တိုင်းဟန် အနောက်ပိုင်း ယင်းပင်ခေတ်၊ မင်ဘုရင် (အေဒီ ၅၈-၇၆) လက်ထက်က ကဿပမာတယ်နှင့် အခြားသူ များက ဘာသာပြန်ဆိုခဲ့ကြသော ဆူ - ရှီ - အ ၁ - ချန် - ချင် (ဗုဒ္ဓက ဟောကြားတော်မူခဲ့သော လေးဆယ့်နှစ်ပိုဒ်သောသုတ်) ဖြစ်သည်ဟု ပြောဆိုကြလေသည်။ သို့ရာတွင် ဤနေ့ ဤရက်၌ ၄င်းမှာ

သံသယဖြစ်ဖွယ်ရှိသော ဒဏ္ဍာရီပုံပြင်ဖြစ်သည်ဟု ယူဆကြလေသည်။ ယခုလက်ရှိ ထင်မြင်ချက်မှာ အာ- ရှီ - ခ အိုကလိုရင်း၌ အေဒီ ၁၄၈ ခန့်မှစ၍ ၁၇၁ အထိ ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်သည်ဟု အဆို ရှိလေသည်။ ထိုအချိန်မှစ၍ မြောက်ဘက်ပိုင်း ဆွန်မင်းဆက် (အေဒီ ၉၆၀-၁၁၂၉) အထိ နှစ်ပေါင်း တစ်ထောင်နီးပါးကြာမျှ ဘာသာပြန်ဆိုမှုများကို ဆက်လက်ပြုလုပ်ခဲ့လေသည်။

စောစောပိုင်းနှစ်များက ဘုရားကျမ်းစာများကို တင်သွင်းလာကာ၊ ဘာသာပြန်ဆိုမှုများ၌ အဓိက အခန်းကဏ္ဍများတွင် ပါဝင်ဆင်နွဲခဲ့သူများမှာ အများအားဖြင့် အာရှအလယ်ပိုင်းနိုင်ငံများမှ ဘုန်းတော် ကြီးများ ဖြစ်ကြလေသည်။ ဥပမာ- အထက်၌ ဖော်ပြခဲ့သော အာ - ရှီ - ခ အိုသည် ပါသီယာ မှဖြစ်လေသည်။ ဆမားကန်းဒေသမှ လိုရင်းသို့ တတိယရာစုနှစ်ခန့်က လာရောက်ခဲ့သော ကန် - ဆင်း - ကိုင် သည် "သုခါဝတီဗျူဟ" (အကန့်အသတ်မဲ့ဘဝ စာအုပ်) ကို ဘာသာပြန်ဆိုခဲ့လေသည်။ ၎င်းအပြင် "သဒ္ဓဂ်မပုဏ္ဍရိကာ" ကို ပြန်ဆိုခဲ့သူ ချ - ဖ -ဟူသို့မဟုတ် ဓမ္မရက္ခသည် တုကာရမှ နေ၍ လို - ရင်း သို့မဟုတ် ချိန် - အင် သို့ လာရောက်ကာ တတိယ ရာစုနှစ်နောက်ပိုင်းမှသည် စတုတ္တနှစ် ရာစုနှစ် အစပိုင်းအထိ နေထိုင်ခဲ့လေသည်။ ပဥ္စမရာစုနှစ်၏ အစပိုင်း၌၊ ကုမာရဇီဝ ကကုချမှ လာရောက်ခဲ့သော အချိန်တွင် တရုတ်ပြည်၌ ဘာသာပြန် လုပ်ငန်းများမှာလည်း အထွတ်အထိပ်သို့ ရောက်ရှိခဲ့လေသည်။

ထိုအချိန်လောက်မှစ၍ ဘုန်းတော်ကြီးများသည် သင်္ဂြိုင္ဒဘာသာကို လေ့လာရန် တရုတ်ပြည်မှ အိန္ဒိယနိုင်ငံသို့ စတင်လာရောက်ခဲ့ကြလေသည်။ ထိုကဲ့သို့သော ရှေ့ဆောင် ဘုန်းတော်ကြီးတစ်ဦးမှာ ဖ - ရှဲင်း (အေဒီ ၃၃၉-၄၂၀) ပင်ဖြစ်လေသည်။ ၎င်းသည် ၃၉၉ ခုနှစ်၌ လို - ရင်း မှ ထွက်ခွာလာ၍ ဆယ့်ငါးနှစ်ကြာမှ ပြန်သွားခဲ့လေသည်။ အိန္ဒိယနိုင်ငံသို့ လာရောက်ခဲ့ကြသော ဘုန်းတော်ကြီးများ အနက်၊ အထင်ရှားဆုံးမှာ စူန် - ချောင်း (အေဒီ ၆၀၂-၆၆၄) ဖြစ်၍ ယင်းဘုန်းတော်ကြီးသည် ၆၂၇ ခုနှစ်၌ အိန္ဒိယနိုင်ငံသို့ ထွက်ခွာလာခဲ့ပြီး၊ ၁၉နှစ်တိုင်တိုင် လေ့လာဆည်းပူးပြီးသည့် နောက်တွင်မှ ပြန်လည် ထွက်ခွာသွားလေသည်။ ထို့အပြင် အိုင်-ချင်း (အေဒီ ၆၃၅-၇၁၃) (အိုင် - ချင်း စာအုပ်နှင့် လွဲမှားခြင်း မရှိစေရန် သတိပြုပါ) သည် ၆၇၁ ခုနှစ်၌ ရေလမ်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာလာခဲ့ပြီး နှစ်ဆယ့် ငါးနှစ်ကြာမှ ရေလမ်းခရီးဖြင့်ပင်

ပြန်လည်ထွက်ခွာသွားလေသည်။

ဤဘုန်းတော်ကြီးများသည် သသံဂြိုဠ်ဘာသာကို လေ့လာဆည်းပူးရန် အိန္ဒိယနိုင်ငံသို့ လာရောက်ပြီးသည့်နောက်၊ မိမိတို့ရွေးချယ်ထားသော ကျမ်းဂန်စာပေများကို နေပြည်တော်သို့ သယ်ဆောင် သွားကြခြင်းကြောင့် ကျမ်းဂန်စာပေ ဘာသာပြန်ဆိုမှုတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြလေသည်။ စူအန်ချောင်း သည် ဘာသာစာပေတွင် အထူးကျွမ်းကျင်လှသဖြင့် ၄င်း၏ အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်မှု ကြောင့် တရုတ်ပြည်၌ ကျမ်းဂန်စာပေ ဘာသာပြန်ဆိုမှုများမှာ အထွတ်အထိပ်သို့ ထပ်မံရောက်ရှိ လာပြန်လေသည်။ ကုမာရဇီဝ အမှူးပြုသော ယခင်က ဘာသာပြန်ဆိုမှုများကို "ဘာသာပြန် အဟောင်း များ" ဟု ၄င်း၊ စူအင်-ချောင်း နှင့် နောက်ပိုင်း ဘာသာပြန်ဆိုသူများ၏ ပြန်ဆိုချက်များကို "ဘာသာပြန်အသစ်များ" ဟု၄င်း၊ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာစာပေပညာရှင်များက ခေါ်ဆိုကြလေသည်။

သသံပြုဟ်ဘာသာမှ ပြန်ဆိုခဲ့သော များပြားလှသည့် ဤစာပေများအပေါ် အခြေခံ၍ ဤပညာရှင် များ၏ အတွေးအခေါ်နှင့် ဘာသာရေးလှုပ်ရှားမှုများမှာ တဖြည်းဖြည်းနှင့် ခိုင်မြဲစွာ တရုတ်လူမျိုး ဓလေ့ ထုံးစံဘက်သို့ ဦးတည်လာလေသည်။ လူမျိုးရေးဆိုင်ရာ သဘာဝ၊ လုပ်ရပ်များနှင့် ယုံကြည်ချက်များ ထင်ရှားစွာ ထွက်ပေါ်လာလေသည်။ အစပိုင်း၌ ဘုန်းတော်ကြီးများက "အကောင်အထည် မဟုတ်မှု" ဘက်သို့ ဘုရားစာထဲ၌ ပရမတ်တွင် ဖော်ပြထားသည့်အတိုင်း သဘာဝတ္တာကျစွာ စဉ်းစားလာခြင်းမှာ ဤဦးတည်ချက်ကို ထင်ရှားစွာ ဖော်ပြလျက် ရှိပေသည်။ နောက်ပိုင်းတွင် ၄င်းတို့သည် ဟိနယာန ဟု ခေါ်သော သေးငယ်သည့် စကြာဝဠာဥကို စွန့်လွှတ်၍၊ ကြီးမားသော စကြာဝဠာဥ ဖြစ်သည့် မဟာယာန ဘက်သို့သာ အာရုံစိုက်လာခဲ့ကြလေသည်။ ၄င်းအပြင် ဤသို့ဦးတည်ပြောင်းလဲမှုသည် တင်ဒိုင်းဂိုဏ်းတွင် တစ်ဖြည်းဖြည်းချင်း သိသာထင်ရှားလာကာ၊ ဇင်ဂိုဏ်း ထွက်ပေါ်လာချိန်၌ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်ဟု ပြောဆို နိုင်ပေသည်။

ခြောက်ရာစုနှစ်၏ နောက်ပိုင်းကျမှသာ၊ တရုတ်ပြည်တွင် တင်ဒိုင်းဂိုဏ်းက လုံးဝ လွှမ်းမိုးလာခဲ့၍၊ တတိယဂိုဏ်းချုပ် မထေဂ်ကြီးတင်ဒိုင်းဒိုင်းရှိ၊ ချိအဲ (အေဒီ ၅၃၈ - ၅၉၇) က စွမ်းဆောင်ခဲ့ခြင်း ဖြစ်ပေသည်။ ၄င်းသည် ဗုဒ္ဓဘာသာအတွေးအခေါ်တွင် အထူးချွန်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ၄င်းက ခွဲခြား ဖော်ထုတ်ခဲ့သော် ဗုဒ္ဓတရားတော်များ၏ အချိန်ပိုင်းငါးရပ်နှင့် မူဝါဒ ရှစ်ရပ်တို့မှာ တရုတ်ပြည်နှင့်တစ်ကွ ဂျပန်ပြည်ရှိ

ဗုဒ္ဓဘာသာပေါ်တွင် ကြာရှည်စွာ သြဇာလွှမ်းမိုးခဲ့လေသည်။

ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက ဘုရားစာအမျိုးမျိုးတို့ကို မူလအချိန်ပိုင်း အစီအစဉ်အတိုင်း မဟုတ်ပဲ၊ တရုတ်ပြည်သို့ သယ်ဆောင်သွားကာ ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရမည် ဖြစ်ပေ သည်။ ဤဘုရားစာများ၏ အရေအတွက် များပြားလှမှုကြောင့် မည်သည့်နေရာမှ ရရှိကြောင်းနှင့် တန်ခိုး ဖြင့် ခန့်မှန်းရန် ပြဿနာတစ်ရပ် ပေါ်ပေါက်လာခဲ့လေသည်။ ဗုဒ္ဓဘာသာတစ်ခုလုံးကို တန်ဖိုးထားရန်နှင့် မိမိ၏ နားလည်မှုနှင့်အညီ မည်ကဲ့သို့ ရပ်တည်ရမည်ဖြစ်ကြောင်းကို ဖော်ပြရန် လိုအပ်ပေသည်။ ဘုရားစာများကို ခန့်မှန်းသုံးသပ်ရန်မှာ တရုတ် အတွေးအခေါ်များက ရှေးဦးစွာ ပေါ်ထွက်လာမည် ဖြစ်ပေသည်။ ချိ -အိ ၏ အတွေးအခေါ်များမှာ စနစ်အကျဆုံး ဖြစ်သဖြင့် အထူးဆွဲဆောင်မှု ရှိပေသည်။ သို့ရာတွင် ခေတ်ပေါ် ဗုဒ္ဓဘာသာ သုတေသနလုပ်ငန်းရပ်များကြောင့် ထိုကဲ့သို့သော သြဇာလွှမ်းမိုးမှုများပင်လျှင် နိဂုံးချုပ်သွားရလေသည်။

တရုတ်ပြည်ရှိ ဗုဒ္ဓဘာသာ သမိုင်းတွင် နောက်ဆုံး ပေါ်ပေါက်လာသည်မှာ ဇင်ဂိုဏ်းပင် ဖြစ်လေ သည်။ ယင်းဂိုဏ်းကို တည်ထောင်ခဲ့သူမှာ နိုင်ငံခြားတိုင်းပြည်မှ သရမဏ သို့မဟုတ် ဗောဓိဓမ္မ (၅၂၈ အေဒီ) ဖြစ်သည်ဟု အဆိုရှိလေသည်။ သို့ရာတွင် ၄င်းက ပျိုးထောင်ခဲ့သော မျိုးစေ့များသည် ဆဋမ ဂိုဏ်းချုပ် မထေရ်ကြီး ဟူ - နန် (အေဒီ ၆၃၈-၇၁၃) ၏ နောက်ပိုင်းတွင်မှ အသီးအပွင့်များ ပွင့်ဖူးလာခဲ့ လေသည်။ ရှစ်ရာစုနှစ်၏ နောက်ပိုင်းတွင် တရုတ် ပြည်တွင်းရှိ ဂိုဏ်းသည် ထူးချွန်သော ဘုန်းတော်ကြီး အမြောက်အများကို အစီအရီ စေလွှတ်နိုင်ခဲ့သဖြင့် ဇင်မှာလည်း ရာစုနှစ် အတန်ကြာသည်အထိ ထွန်း တောက်နေခဲ့လေသည်။

တရုတ်ပြည်သူတို့၏ သဘာဝတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသော် ဗုဒ္ဓဘာသာ တွေးခေါ် မြှောမြင်နည်း အသစ်တစ်ရပ် ရှိနေခဲ့ကြောင်း တွေ့မြင်နိုင်ပေသည်။ ၄င်းမှာ တရုတ်အတွေးအခေါ်များ ရောယှက်နေသော ဗုဒ္ဓဘာသာပင် ဖြစ်ပေသည်။ သို့တိုင်အောင်ပင်လျှင် ဗုဒ္ဓဂေါတမ၏ တရားတော် ရေစီးကြောင်းသည် ဤစီးကြောင်းအသစ်၏ ဖြည့်စွက်မှုကြောင့် ဆထက်တံပိုး အရှိန်အဟုန် ကြီးမားလာကာ အရှေ့တိုင်းနိုင်ငံများအား အာဟာရ ကြွယ်ဝစေခဲ့ လေသည်။

5. ဂျပန်

ဂျပန်ပြည်၏ ဗုဒ္ဓဘာသာသမိုင်းသည် ခြောက်ရာစုနစ်မှ စတင်ခဲ့လေသည်။ အေဒီ ၅၃၈ ခုနှစ်တွင် ပိုချိ (သို့မဟုတ် ခုဒါရ၊ ကိုရီးယား) ဘုရင်သည် ဗုဒ္ဓဆင်းတုတော် တစ်ဆူနှင့် ဘုရားစာ တစ်လိပ်ကို ဆက်သရန် သံတမန်တစ်ဦးအား ရှင်ဘုရင်ခင်မဲထံသို့ စေလွှတ်ခဲ့လေသည်။ ဤသည်မှာ ဂျပန်ပြည်သို့ ဗုဒ္ဓဘာသာ စတင်ပြန့်နှံ့လာခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် ဂျပန်ပြည်၏ ဗုဒ္ဓဘာသာသမိုင်းသည် ယခုအခါတွင် နှစ်ပေါင်း ၁၄၀၀ ကျော် ကြာမြင့်နေပြီ ဖြစ်ပေသည်။

ရှည်လျားလှသော ဤသမိုင်းတွင် ကျွန်ုပ်တို့သည် ဂျပန် ဗုဒ္ဓဘာသာကို အချက်သုံးချက်နှင့် ဆက်စပ်၍ စဉ်းစားနိုင်ပေသည်။ ပထမတစ်ချက်မှာ အကြမ်းဖျဉ်းအားဖြင့် ခုနစ်ရာစုနှစ်နှင့် ရှစ်ရာစု နှစ်များရှိ ဗုဒ္ဓဘာသာပင် ဖြစ်ပေသည်။ ဤခေတ်ကာလနှင့် သက်ဆိုင်သည့် ဗုဒ္ဓဘာသာအတွက် ဟောယူဂျီဘုရားကျောင်း (အေဒီ ၆၀၇) နှင့် တိုဒိုင်းဂျိဘုရားကျောင်း (အေဒီ ၇၅၂) တို့ကို ရည်ညွှန်းပြသနိုင်ပေသည်။ ဤခေတ်ကာလကို ပြန်ပြောင်းသုံးသပ်ကြည့်မည် ဆိုပါက ယင်းကာလ၌ အာရှတိုက် တစ်ခွင်လုံးတွင် ယဉ်ကျေးမှုများ အရှိန်အဟုန် မြင့်မားစွာဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်းကို လျှစ်လျူရှု၍ မရနိုင်ပါပေ။ သို့ရာတွင် ယင်းအချိန်က အနောက်တိုင်းနိုင်ငံများ၏ ယဉ်ကျေးမှုမှာ အမှောင်ထဲ၌ ပိတ်လှောင်နေဆဲပင် ဖြစ်ပေသည်။ အရှေ့တိုင်းနိုင်ငံများမှာ အဲ့ဩဖွယ် ကောင်းလောက်သော ကြီးမားတက်ကြွလှသည့် လူပ်ရှားမှုတစ်ရပ်ကို ဖော်ထုတ်နေကြပေသည်။ တရုတ်ပြည်၊ အာရှအလယ်ပိုင်း၊ အိန္ဒိယနှင့် တောင်ဘက် ပင်လယ်နိုင်ငံများတွင် ပညာရေး၊ ဘာသာရေးနှင့် အနုပညာနယ်ပယ်များရှိ လူပ်ရှားမှုများမှာ အရှိန်အဟုန် မြင့်မားစွာ တိုးတက်လျက် ရှိပေသည်။ ဤလူပ်ရှားမှုများနှင့်အတူ ဗုဒ္ဓဘာသာသည်လည်း အရှေ့ကမ္ဘာအား ကြီးမားလှသည့် လူသားချင်း ချစ်ကြင်နာမှု ဒီရေဖြင့် တိုက်ခတ်လွှမ်းခြုံနေလေသည်။ ဂျပန်ယဉ်ကျေးမှု၏ ဤလူပ်ရှားမှုအသစ်သည် ပြောင်မြောက်လှသော ဟောယူဂျိ နှင့် ကြီးကျယ်ခမ်းနားလှသည့် ဒိုင်းဂျိတို့ကို တည်ဆောက်ခဲ့မှုတွင် တွေ့မြင်ရသည့်အတိုင်း ထို့အပြင် ဤဖြစ်စဉ်များနှင့်အတူ ထွက်ပေါ်လာခဲ့သော တောက်ပြောင်လှသည့် ဘာသာရေးနှင့် အနုပညာ လူပ်ရှားမှုများအရ အရှေ့ဗျားအစွန်း၌ ပေါ်ထွက်လာခဲ့သော ဤအထွေထွေ ယဉ်ကျေးမှု ဒီရေလှိုင်းကြီးသည် ကျယ်ပြန့်ကြီးမားလှသည့် အာရှဒေသ တစ်ခုလုံးကို

လွှမ်းခြုံသွားကြောင်း ပေါ်လွင်လျက် ရှိပေသည်။

အချိန်ကာလ ကြာမြင့်စွာ မယဉ်ကျေးသော အခြေအနေတွင် ရှိနေခဲ့ကြသည့် ဤနိုင်ငံမှ ပြည်သူ ပြည်သားများသည် ယခုအခါတွင် ယဉ်ကျေးမှုကြီးတစ်ရပ်၏ ရေယာဉ်ကြောတွင် မျောပါနေကြလေ သည်။ ယဉ်ကျေးမှု ပန်းပွင့်သည် ရုတ်ချည်း ဖူးပွင့်လာခဲ့လေသည်။ ထိုရာစုနှစ်များက ဂျပန်ပြည်သည် ဤသို့သော အခွင့်အခါကောင်းနှင့် ကြုံကြိုက်ခဲ့ရလေသည်။ ဤယဉ်ကျေးမှု ဖွံ့ဖြိုးလာခဲ့ခြင်း၏ အဓိက တာဝန်ခံမှာ ဗုဒ္ဓဘာသာပင် ဖြစ်၍ ထိုအချိန်က ဗုဒ္ဓဘာသာ ဘုရားကျောင်းများသည် အရေးပါ အရာ ရောက်လှသော လူမှုရေးဗဟိုဌာနများ ဖြစ်လာကာ၊ ဘုန်းတော်ကြီးများမှာလည်း အသိဉာဏ်ပညာသစ် ၏ ခေါင်းဆောင်များ ဖြစ်ခဲ့ကြလေသည်။ ဘာသာရေးသက်သက်မျှသာ မဟုတ်ဘဲ ကြီးများကျယ်ပြန့်လှ သော ယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာခဲ့ခြင်းပင် ဖြစ်ပေသည်။ ဤသည်မှာ ဂျပန်ပြည်သို့ ပထမဦးဆုံး အကြိမ် ရောက်ရှိလာခဲ့သော ဗုဒ္ဓဘာသာ၏ အခြေအနေမှန် ဖြစ်လေသည်။

ကိုးရာစုနှစ်တွင် ဆိုင်ချို (ဒင်ဂျိုဒိုင်းရှိ ဂ၆ဂ-၈၂၂) နှင့် ကုကိုင်း (ကိုဘိုဒိုင်းရှိ၊ ၄ဂ၄-၈၃၅) ဟု ခေါ်သော ဘုန်းတော်ကြီးနှစ်ပါး ပေါ်ထွက်လာကာ ဟိန်း ဗုဒ္ဓဘာသာဟု အတူတကွ ရည်ညွှန်းဖော်ပြလေ့ ရှိသော ဗုဒ္ဓဘာသာဝိဂ်းနှစ်ခုကို တည်ထောင်ခဲ့ကြလေသည်။ ဤသည်မှာ ဂျပန် ဗုဒ္ဓဘာသာသက်သက် ကို တည်ထောင်ခဲ့ခြင်းပင် ဖြစ်ပေသည်။ ၄င်းတို့သည် ဗုဒ္ဓဘာသာ၏ မူလရပ်တည်ချက်နှင့် ကျင့်သုံးမှုများ ကို ဆုပ်ကိုင်ကာ ဟိအဲတောင်နှင့် ကိုရတောင်များပေါ်တွင် ဗဟိုဘုန်းကြီးကျောင်းများကို အသီးသီး တည်ထောင်ခဲ့ကြလေသည်။ ထို့နောက် နှစ်ပေါင်းသုံးရာ ကြာသည့်တိုင်အောင် ကမာဂူရခေတ်အထိ ဤသီးခြားဝိဂ်းနှစ်ခု ဖြစ်ကြသော တင်ဒိုင်းနှင့် ရှင်ဝွန်းတို့သည် အဓိကအားဖြင့် လူ့အထက်တန်းလွှာများ နှင့် မင်းမျိုးမင်းနွယ်တို့အကြား၌ ပြန့်ပွားခဲ့လေသည်။

ဒုတိယအချက်မှာ ဆယ့်နှစ်နှင့်ဆယ့်သုံးရာစုနှစ်များက ဗုဒ္ဓဘာသာပင် ဖြစ်လေသည်။ ထိုကာလ အတွင်းက ဟိုနင် (အေဒီ ၁၁၃၃-၁၂၁၂) ရှင်ဂန်း (အေဒီ ၁၁ဂ၃-၁၂၆၂) ၊ ဒိုဇင် (အေဒီ ၁၂၀၀-၁၂၅၃) နှင့် နိချိရင်း (အေဒီ ၁၂၂၂-၁၂၈၂) ကဲ့သို့သော ဘုန်းတော်ကြီးများ ထွက်ပေါ်လာခဲ့လေသည်။ ဂျပန်ပြည်၏ ဗုဒ္ဓဘာသာအကြောင်းကို ပြောကြားသောအခါ၊ ဤဘုန်းတော်ကြီးများ

အကြောင်းမပါပဲနှင့် မဖြစ်နိုင်ပါ ပေ။ အဘယ်ကြောင့် ထိုရာစုနှစ်များ၌သာ ထိုကဲ့သို့ ထူးချွန်သည့် ပုဂ္ဂိုလ်များ ထွက်ပေါ်လာခဲ့ပါသနည်း။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ၄င်းတို့အားလုံး ရင်ဆိုင်နေခဲ့ရသည့် ဘုံပြဿနာရပ်တစ်ခု ရှိနေသောကြောင့် ဖြစ်ပေသည်။ ယင်းဘုံပြဿနာရပ်သည် အဘယ်နည်း။ ၄င်းမှာ ထူးခြားသော ဂျပန်နည်း ဂျပန်ဟန်ဖြင့် ဗုဒ္ဓဘာသာကို လက်ခံခဲ့ခြင်းကြောင့် ဖြစ်နိုင်ဖွယ်ရာ ရှိပေသည်။

သို့ဖြစ်လျှင် "အဘယ်ကြောင့်နည်း။ ထိုခေတ်ကာလမတိုင်မီ ရှေးယခင်ကပင်လျှင် ဂျပန် ပြည်သို့ ဗုဒ္ဓဘာသာ ၀င်ရောက်လာခဲ့သည်မဟုတ်ပါလော" ဟူသော မေးခွန်းတစ်ရပ် ထွက်ပေါ်လာနိုင်ပေ သည်။ ဤသည်မှာ သမိုင်းကြောင်းအရ မှန်ကန်ပေသည်။ သို့သော်လည်း ဂျပန်ပြည်သူများက နိုင်ငံခြားမှ ၀င်ရောက်လာခဲ့သော ဘာသာကို မိမိတို့၏ ကိုယ်ပိုင်ဘာသာအဖြစ် ပြုလုပ်နိုင်ရန်အတွက် ကောင်းစွာ ကျေညက်နားလည်ကာ ပြုပြင်ပြောင်းလဲနိုင်ရန် နှစ်ကာလ ရာပေါင်းအတန်ကြာ လိုအပ်ခဲ့သည်မှာလည်း မှန်ကန်ပေသည်။ အတိုချုပ်အားဖြင့် ဆိုသော် ခုနစ်ရာစုနှင့် ရှစ်ရာစုနှစ်တို့တွင်မှ ဂျပန်ပြည်တွင် ဗုဒ္ဓ ဘာသာကို လက်ခံကျင့်သုံးရန် စတင်ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး ဤကြိုးပမ်းမှုများကြောင့် ဆယ့်နှစ်နှင့် ဆယ့်သုံးရာစုနှစ်များတွင် ဗုဒ္ဓဘာသာသည် ထွန်းကားလာခဲ့ခြင်း ဖြစ်ပေသည်။

ထို့နောက်တွင် ဖော်ပြပါ ထင်ပေါ်ကျော်ကြားသည့် ဘုန်းတော်ကြီးများက တည်ဆောက်ခဲ့သော အုတ်မြစ်ပေါ်တွင် အခြေခံကာ ဂျပန်ပြည်တွင် ဗုဒ္ဓဘာသာ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းရပ်များကို ယနေ့ ထက်တိုင် ပြုလုပ်လာခဲ့ကြပေသည်။ ယင်းပုဂ္ဂိုလ်များ ထွက်ပေါ်လာပြီးသည့် နောက်ပိုင်း ဂျပန်ဗုဒ္ဓ ဘာသာတွင် ယင်းရာစုနှစ်များကကဲ့သို့ ထူးချွန်ပြောင်မြောက်မှုများ ထပ်မံထွက်ပေါ်လာခဲ့ခြင်း မရှိတော့ ပါပေ။ သို့ရာတွင် သတိပြုဘွယ်ရာ ကောင်းသော အခြားအရာတစ်ခုမှာ ကျွန်ုပ်တို့၏ လက်ရှိ ခေတ်မီတိုး တက်သည့် မျက်မှောက်ခေတ်တွင် ပြုလုပ်နေကြသော မူရင်းဗုဒ္ဓဘာသာဆိုင်ရာ သုတေသနများမှ အသီး အပွင့်များပင် ဖြစ်သည် ဟု စာရေးသူက ယူဆပေသည်။

ဂျပန်ပြည်ရှိ ဗုဒ္ဓဘာသာအပေါင်းတို့သည် ရှေးဦးစွာ စတင်လက်ခံခဲ့ချိန်မှစ၍ တရုတ် ဗုဒ္ဓဘာသာ ၏ သြဇာအောက်၌ မဟာယာနလိုလိုချည်းသာ ဖြစ်ခဲ့လေသည်။ အထူးသဖြင့် ဆယ့်နှစ်နှင့် ဆယ့်သုံး ရာစုနှစ်များ အထူးချွန်သော ဘုန်းတော်ကြီးများ

ထွက်ပေါ်လာခဲ့ချိန် ဂိုဏ်းခေါင်းဆောင်များကို ဗဟိုပြု ထားသည့် မဟာယာန တရားတော်များသာ အဓိက ထွန်းကားလာခဲ့လေသည်။ ဤထင်မြင်ခံယူချက်မှာ ယနေ့ထက်တိုင် ဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် ဂျပန်ပြည်၏ ဗုဒ္ဓဘာသာသမိုင်း၌ မူရင်းဗုဒ္ဓဘာသာကို ဆည်းပူးလေ့လာမှုများမှာ မေဂျီခေတ်အလယ်ပိုင်း၏ နောက်တွင်မှ စတင်ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။ ဂိုဏ်းများကို တည်ထောင်ခဲ့သူများအား သိရှိပြီး၊ ဗုဒ္ဓဘာသာကို တည်ထောင်ခဲ့သူလည်း ရှိသေး ကြောင်း မေ့လျော့နေသူများ၏ ရှေ့မှောက်၌ ဗုဒ္ဓဂေါတမ၏ ရုပ်ဆင်းတော် ပြန်လည်ပေါ်ပေါက်လာခဲ့ပြီး မဟာယာန ကိုသာ လိုက်နာခဲ့သူများအားလည်း စနစ်တကျရှိသော ဗုဒ္ဓဘာသာ ရှိနေသေးကြောင်း ထင်ရှားသိသာစေခဲ့လေသည်။ ဤကဲ့သို့သော ဖြစ်ပေါ် ပြောင်းလဲမှု အသစ်များသည် ပညာရေးဆိုင်ရာ လေ့လာဆည်းပူးမှု နယ်ပယ်အတွင်း၌သာ ရှိနေဆဲဖြစ်၍၊ ပြည်သူပြည်သားများအကြား၌ ဘာသာရေး စိတ်ဓာတ် ပြင်းပြလာစေသည်အထိ ဖွံ့ဖြိုးတိုးတက်လာခြင်း မရှိသေးပါပေ။ သို့ရာတွင် ဗုဒ္ဓဘာသာနှင့် ပတ်သက်သော ဤနိုင်ငံရှိ ပြည်သူပြည်သားများ၏ အသိဉာဏ်ပညာများသည် အခန်းကဏ္ဍသစ် တရပ် သို့ ကူးပြောင်းလာနေဟန် ရှိပေသည်။ ဤအခြေအနေကို အထက်က ဖော်ပြခဲ့သော အကြောင်းအချက် ကြီး သုံးရပ်တို့အနက် တတိယအချက်အဖြစ် ထားရှိလိုပါသည်။

ဗုဒ္ဓ၏ တရားတော်များ ပြန့်ပွားလာမှု

ဗုဒ္ဓဘာသာသည် သကျမုနိက သက်တော်ရှိစဉ် လေးဆယ့်ငါးနှစ်တိုင်တိုင် ဟောပြောတော်မူခဲ့ သော တရားတော်များတွင် အခြေခံထားသည့် ဘာသာရေး ဖြစ်လေသည်။ ထို့ကြောင့် ဟောပြောခဲ့စဉ်က သုံးစွဲခဲ့သော စကားလုံးများသည် ဤဘာသာရေးတွင် လုံးဂသြဇာရှိ၍ စုစုပေါင်း ၈၄၀၀၀ ရှိ၍ ဂိုဏ်းခွဲများ အမြောက်အများရှိနေစေကာမူ ၄င်းတို့သည် သကျမုနိ၏ ကျမ်းဂန်စာပေများနှင့် ဆက်စပ်နေလေသည်။ ဗုဒ္ဓ၏ တရားတော်များကို ရေးသားမှတ်ထားသော စာအုပ်များကို ဘုရားကျမ်းစာ ပေါင်းချုပ်အဖြစ် ပိဋ္ဌကတ်သုံးပုံ သို့မဟုတ် ဆိုင်းကျို (ဂါ) ဒိုင်ဇိုကျိုဟု ခေါ်ဆိုလေသည်။

သကျမုနိသည် လူသားတို့၏ အရည်အသွေးကောင်းမွန်မှုကို အထူး ထောက်ခံဟောပြောခဲ့၍ ဟောပြောရာတွင်လည်း လူတိုင်းကောင်းစွာ နားလည်နိုင်ရန် နေ့စဉ်သုံး သာမန်အရပ်သုံး စကားလုံးများ ဖြင့် ဟောပြောခဲ့လေသည်။ ၄င်းသည် သက်တော် (၈၀) အရွယ် ကွယ်လွန်ချိန်အထိ များပြားလှစွာသော လူသားများ၏ အကျိုးအတွက် ဆက်တိုက် ဟောပြောတော်မူခဲ့လေသည်။

သကျမုနိ စုတေပြီးသည့်နောက်တွင် နောက်လိုက် တပည့်များသည် ၄င်းတို့ ကြားနာခဲ့ရသည့် အတိုင်း ပြန်လည်ဟောပြောကြလေသည်။ သို့ရာတွင် မိမိတို့ကြားသိခဲ့ရသည့် သို့မဟုတ် နားလည်ထား သည်ဟု ထင်မှတ်သည့်အတိုင်း ပြန်လည်ဟောပြောကြခြင်း ဖြစ်သဖြင့် သတိမမူမိသော ကွဲလွဲမှုများ ဖြစ်ပေါ် လာနိုင်ဘွယ်ရာ ရှိလေသည်။ သို့သော်လည်း သကျမုနိ၏ စကားလုံးများကိုကား အစဉ်အမြဲပင် တိကျမှန်ကန်စွာ ဟောပြောသုံးစွဲရမည် ဖြစ်သည်။ ယင်းဟောပြောမှုများကို နားဆင်နိုင်စေရန်အတွက် လူသားအပေါင်းတို့အား ခွဲခြားခြင်းမပြုပဲ အခွင့်အရေးပေးရမည် ဖြစ်ပေသည်။ ထို့ကြောင့် ဂါရင့်သော ဘုန်းတော်ကြီး (မဟာထေရ) အမြောက်အများတို့သည် မိမိတို့ ကြားနာခဲ့ရသည်များကို ပြန်လည် ရွတ် ဆိုခြင်းဖြင့် တရားတော်များနှင့် စကားလုံးအမှန်များကို ခိုင်မြဲစွာ ညှိနှိုင်းဖွဲ့စည်းကြရန် ရည်ရွယ်ချက်ဖြင့် စုပေါင်းကာလပေါင်းများစွာ ကြိုးပမ်းညှိနှိုင်း ခဲ့ကြလေသည်။ ဤကြိုးပမ်းမှုမှ ထွက်ပေါ်လာခဲ့သော ရလဒ် ကို သင်္ဂါယနာ(ဂါ) ခက်စုဂျူးဟု ခေါ်ဆိုလေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ တရားတော်များကို တသွေမတိမ်း၊

ထိန်းသိမ်း ဟောပြောကြရန်အတွက် ၎င်းတို့က မည်မျှကျိုးနွံစွာ ကြိုးပမ်းခဲ့ကြကြောင်း သိသာထင်ရှား လေသည်။

ဤကဲ့သို့ ညှိနှိုင်းပြီးသော တရားတော်များကို စာပေဖြင့် ရေးသား ထားခဲ့လေသည်။ ရေးသား မှတ်တမ်းတင်ထားသည့် တရားတော်များတွင်လည်း နောက်ပိုင်းတွင် ဝေဖန်ချက်၊ တစ်နည်းအားဖြင့် အဘိဓမ္မဟု ခေါ်ဆိုသော ပညာတတ်ဘုန်းတော်ကြီးများ၏ ဝေဖန်ချက်များ နှင့် အဓိပ္ပာယ်ယူချက်များကို ဖြည့်စွက်ရေးသားထားလေသည်။

ဗုဒ္ဓ၏ တရားတော်များ နောက်ပိုင်းတွင် ဖြည့်စွက်ခဲ့သော ဝေဖန်ချက်များနှင့် ဗုဒ္ဓဘာသာ အတွေး အခေါ်အားလုံးတို့ကို ပေါင်းခြုံ၍ ပိဋကတ်သုံးပုံ (ဗုဒ္ဓဘာသာ ကျမ်းစာသုံးပိုင်း) သို့မဟုတ် သင်္ဂြိုဋ် ဘာသာဖြင့် တိပိဋကဟု ခေါ်ဆိုလေသည်။

ပိဋကတ်သုံးပုံ သို့မဟုတ် တိပိဋကတွင် သုတ္တန္တပိဋက၊ ဂိနယပိဋကနှင့် အဘိဓမ္မ ပိဋကတို့ ပါဝင် လေသည်။ ပိဋကဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ ခံယူသည့်ခွက်ဟူ၍ ဖြစ်သည်။ သုတ်သည် ဗုဒ္ဓ ဘာသာကျမ်းစာများဖြစ်၍၊ ဂိနည်းမှာ ဗုဒ္ဓဘာသာ ညီနောင်ဖြစ်မှု အတွေးအခေါ်ဖြစ်ပြီး အဘိဓမ္မမှာမူ ဂါရင့် ဘုန်းတော်ကြီးများက ရေးသားခဲ့သော ဝေဖန်ချက်များ ဖြစ်လေသည်။

အများအားဖြင့် ဘုန်းကြီးကျောင်းများ၊ စာသင်တိုက်များသည် (သက္ကဋ္ဌ၊ပိဋကသုံးပုံ၊ပါဠိ၊တိပိဋက) ဂိနည်းကျင့်စဉ်များကို ထိန်းသိမ်းစောင့်ရှောက် ထားကြသည်။ ထေရဂါဒသာသနာကမူ ပါဠိဘာသာ တစ်မျိုးတည်းဖြင့် ပြည့်စုံစွာ ထိန်းသိမ်းထားသည်။ ပါဠိဘာသာဖြင့် ရေးထားသော ပိဋကတရားတော် သည် အရေးပါ အရာရောက်လှပေသည်။ အရှေ့တောင်အာရှနိုင်ငံများ တောင်ပိုင်းနိုင်ငံများတွင် ပါဠိ ဘာသာသည် အကျွမ်းတဝင်ရှိသည်။

ရိုးရာအယူအဆအရ ဗုဒ္ဓဘာသာသည် အရှေ့ဟန်မင်းဆက် (အေဒီ ၂၅-၂၂၀) ၏ နောက်ပိုင်း ကာလအတွင်း မင်ဘုရင်လက်ထက် (အေဒီ ၆၇ ခုနှစ်) လက်ထက်က တရုတ်ပြည်သို့ ရောက်ရှိလာခဲ့ သည်ဟု အဆိုရှိလေသည်။ သို့ရာတွင် နောက်ရှစ်ဆယ့်လေးနှစ်အကြာ ဟွမ်ဘုရင်လက်ထက်တွင် (အေဒီ ၁၅၁ ခုနှစ်တွင်) တရုတ်ပြည်သို့ ဗုဒ္ဓဘာသာ ကျမ်းစာများ ရောက်ရှိလာခဲ့ပြီး ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်လေသည်။ ထိုခေတ်အခါက မဟာယနဗုဒ္ဓဘာသာသည် အိန္ဒိယမှာ လွှမ်းမိုးသောအခါ ဖြစ်သည်။ ထိုမဟာယန ဗုဒ္ဓဘာသာစာပေ တို့သည် အိန္ဒိယနိုင်ငံမှ

တရုတ်နိုင်ငံသို့ ကွဲပြားခြားနားမှု မရှိပဲ ပြန့်ပွား သွားခဲ့သည်။ ထိုအချိန်မှစ၍ နောင်နှစ်ပေါင်း ၁၇၀၀ကျော်သည်အထိ ဗုဒ္ဓဘာသာကျမ်းစာများကို တရုတ်ဘာသာဖြင့် ပြန်ဆိုရေးသားမှုများကို ဆက်လက် ပြုလုပ်ခဲ့ကြလေသည်။ ဤကဲ့သို့ ပြန်ဆိုရေးသားခဲ့သော ကျမ်းစာအုပ်ပေါင်းမှာ ၁၄၄၀အထိ ရှိ၍ အတွဲပေါင်း ၅၅၈၆ အတွဲထိ ရှိလေသည်။ ဤ ပြန်ဆိုရေးသား ထားသော တရားစာပေများကို ထိန်းသိမ်းထားရှိရန် ဝေမင်းလက်ထက်မှစ၍ ကြီးပမ်းလုပ်ဆောင်ခဲ့သော် လည်း ပုံနှိပ်ထုတ်ဝေမှုများကိုမူ မြောက်ပိုင်းဆွန်မင်းလက်ထက်တွင်မှ စတင်ပြုလုပ်ခဲ့လေသည်။ သို့ရာတွင် ထိုအချိန်မှစ၍ တရုတ်ဘုန်းတော်ကြီးများ၏ ရေးသားချက်များကိုလည်း ဘုရားကျမ်းစာအတွင်းသို့ ဖြည့်စွက်ထည့်သွင်းခဲ့သဖြင့် ဤစာအုပ်များကို တိပိဋကဟု ခေါ်ဆိုရန် မသင့်တော်တော့ပါပေ။ ဆွန်မင်းလက်ထက်သို့ ရောက်သော အခါ ယင်းစာအုပ်များ၏ ဘာသာရေးဆိုင်ရာ ရေးသားချက်ပေါင်းချုပ် ဟူသော အမည်ဖြင့် အစ်ဆိုင်းကျိုဟု ခေါ်ဆိုခဲ့ပြီး တန်မင်းလက်ထက်သို့ ရောက်လာသော အခါတွင် မူ ဗုဒ္ဓကျမ်းစာများ၊ ဥပဒေများနှင့် ပြုစုရေးသားမှုများ ပေါင်းချုပ်ဟူသော အမည်သစ်ဖြင့် ဒိုင်ဇိုကျို ဟု ခေါ်ဆိုကြလေသည်။

ဗုဒ္ဓဘာသာကို အေဒီ ခုနစ်ရာစုနှစ်လောက်က တိဗက်နိုင်ငံသို့ တင်သွင်းခဲ့ရာ ကိုးရာစုနှစ်မှ ဆယ့်တစ်ရာစုနှစ်အထိ နှစ်ပေါင်း ၁၅၀ခန့်ကာလအတွင်း ဗုဒ္ဓကျမ်းစာ ဘာသာပြန်ဆိုမှုများကို ဆက်လက် ပြုလုပ်ခဲ့ကြရာ ထိုအချိန်လောက်တွင် အားလုံးလိုလို ပြန်ဆိုပြီး ဖြစ်ခဲ့လေသည်။

ဘုရားစာများကို ကိုရီးယား၊ ဂျပန်၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ တူရကီနှင့် အရှေ့တိုင်း ဘာသာစကား အားလုံးလိုလိုတို့ဖြင့် သာမက၊ လက်တင်၊ ပြင်သစ်၊ အင်္ဂလိပ်၊ ဂျာမန်နှင့် အီတလီ ဘာသာများဖြင့်လည်း ပြန်ဆိုရေးသားခဲ့ပြီး ဖြစ်သည်ဟူသော အချက်ကြောင့် ဗုဒ္ဓတရားတော်များသည် ယခုအခါတွင် ကမ္ဘာတစ်ဝှမ်းလုံး နေရာအနှံ့သို့ ပြန့်နှံ့နေပြီး ဖြစ်သည်ဟု သေချာ တပ်အပ်ပြောဆိုနိုင်ပေသည်။

သို့ရာတွင် ပြန်ပြောင်း စဉ်းစားကြည့်မည်ဆိုပါက ဘာသာပြန်ဆိုရေးသားမှုများ၏ အရည်အသွေး နှင့် ဗုဒ္ဓဘာသာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် မူရင်းဖြစ်သော နှစ်ပေါင်းနှစ်ထောင်ကျော် သမိုင်းကာလများ၊ ဘာသာပြန်ဆိုရေးသားခဲ့သော စာအုပ်ပေါင်းတစ်သောင်းကျော် ရှိနေမှုဟူသည့် ရှုထောင့်မှ ပြန်ပြောင်း

သုံးသပ်ကြည့်မည်ဆိုပါက " ဒိုင်ဇိုကျိ" ၏ အကူအညီဖြင့်ပင်လျှင် သကျမုနိ မြွက်ကြားခဲ့သော စကား လုံးများ၏ အဓိပ္ပာယ် အစစ်အမှန်ကို ပိုင်နိုင်စွာ သိရှိနားလည်နိုင်ရန် ခက်ခဲဟန်ရှိနေဆဲပင် ဖြစ်ပါသည်။ ထို့ကြောင့် ဘာသာရေးတွင် ယုံကြည်မှုရှိနိုင်ရန် အခြေခံအုတ်မြစ်အဖြစ် " ဒိုင်ဇိုကျိ" ထဲမှ အရေးကြီး လိုအပ်သော အချက်အလက်များကို ရွေးချယ်ထုတ်နှုတ်ရန်သာ ရှိပေသည်။

ဗုဒ္ဓဘာသာတွင် တန်ခိုးအာဏာအရှိဆုံးသော အရာမှာ သကျမုနိတ မြွက်ကြားခဲ့သော စကား လုံးများပင် ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာတွင် တရားတော်များသည် နေ့စဉ်စားသောက်နေထိုင်မှု ဘဝတွင် ကြုံတွေ့နေရသော ဖြစ်ရပ်မှန်များနှင့် နီးစပ်စွာ ဆက်စပ်မှုရှိသည့် တရားတော်များ ဖြစ်ရပေ မည်။ သို့မဟုတ်ပါက တရားတော်များကို ယုံကြည်လာစေရန်အတွက် လူသားတို့၏ စိတ်များကို နှိုးဆွ မြှင့်တင်ပေးနိုင်ခြင်းရှိမည် မဟုတ်ပါပေ။ ဤသဘောဖြင့် မိမိတို့၏ ကိုယ်ပိုင်တရားတော်များအဖြစ် ပြုလုပ်နိုင်ရန် ရိုးရိုးနှင့် ရှင်းရှင်း တသမတ်တည်း ဖြစ်သော အရည်အသွေးအသုံးအနှုန်း စကားလုံးများ သည်လည်း လူတိုင်း နားလည်နိုင်သော လွယ်ကူရှင်းလင်းသည့် စကားလုံးများဖြစ်၍ အကြောင်းခြင်းရာ တစ်ခုလုံးကို တိကျလုံလောက်စွာ ကိုယ်စားပြုနိုင်ရန် လိုအပ်လှပေသည်။

ဤစာအုပ်သည် ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားကာ နှစ်ပေါင်းနှစ်ထောင့်ခုနစ်ရာကျော် ကြာမြင့်လာခဲ့သော ဒိုင်ဇိုကျိ၏ အဆီအနှစ်များကို ဆက်ဆံ ရေးသားထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် စာအုပ်ကို တစ်ကမ္ဘာလုံးသို့ ဖြန့်ချိ ခဲ့လေသည်။

၁၉၃၄ ခုနှစ်၊ ဇူလိုင်လ၌ ပစိဖိတ်သမုဒ္ဒရာလုံးဆိုင်ရာ ဗုဒ္ဓဘာသာ လူငယ်များ၏ စည်းဝေးပွဲကို ဂျပန်ပြည်တွင် ကျင်းပခဲ့သောအခါ၌လည်း ဂျပန်ပြည်လုံးဆိုင်ရာ ဗုဒ္ဓဘာသာလူငယ်များ အဖွဲ့ချုပ်သည် မစ္စတာကာဒီဂေါ့ဒတ်၏ အကူအညီဖြင့် အထက်ပါ လူကြိုက်များသော ဗုဒ္ဓဘာသာစာအုပ်ကို အင်္ဂလိပ် ဘာသာဖြင့် ပြန်ဆိုရေးသား၍ ဗုဒ္ဓ၏ တရားတော်များအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ အမေရိကန် နိုင်ငံသို့ ဗုဒ္ဓဘာသာ ဝင်ရောက်လာခဲ့သည့် အနှစ်(၇၀)မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ၁၉၆၂ ခုနှစ်တွင် မစ်စုတိုယိုကုမ္ဂဏီကို တည်ထောင်ခဲ့သူ မစ္စတာရဲဟန်နူမားတားသည် အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသော ဗုဒ္ဓ၏ တရားတော်များစာအုပ်ကို တစ်ဦးတည်း ထုတ်ဝေခဲ့လေသည်။

မစ္စတာနူမားတားသည် ၁၉၆၅ ခုနှစ်တွင် ဗုဒ္ဓဘာသာ ပြန့်ပွားရေးအသင်းကို တိုကျိုမြို့တွင် တည်ထောင်ခဲ့ပြီး၊ အသင်း၏ လှုပ်ရှားမှုတစ်ရပ်အဖြစ် ယင်းအင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသောစာအုပ်ကို ကမ္ဘာတစ်ဝှမ်းလုံးသို့ ဖြန့်ချိုရန် ကြံရွယ်ခဲ့လေသည်။

ဤစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ဗုဒ္ဓ၏ တရားတော်များ စာအုပ်ကို ပြန်လည် စစ်ဆေးကြည့်ရှုရန် ကော်မတီတစ်ရပ်ကို ၁၉၆၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့လေသည်။ ကော်မတီဝင်များမှာ ပါမောက္ခများ ဖြစ်ကြသည့် ကာဇူယိုရှိခိနိုး၊ ရှားယူခနအိုခ၊ ဇင်နိအီရှိဂမိ၊ ရှင်ကိုဆရဲခိ၊ ကိုဒိုမတ်စုနာမိ၊ ရှိုးဂျန်ဘန်ဒိုနှင့် တာခဲမိတခါစ်တို့ ဖြစ်ကြလေသည်။ ပါမောက္ခဖုမီအိုမာဆူတာနီနှင့် မစ္စတာ အင်အေဝဒ်ဒယ်နှင့် မစ္စတာတိုရှိဆုခဲ့၌ ပါရှိသော အချက်အလက်များ လုံးဝ ပြီးပြည့်စုံ လုံလောက်သည် ဟု ကား မဆိုနိုင်ပါပေ။ ဗုဒ္ဓ၏ စကားလုံးများသည် အနက်အဓိပ္ပာယ် နက်ရှိုင်းလွန်းလှ၍၊ ဗုဒ္ဓ၏ ပါရမီများ မှာလည်း အကန့်အသတ်မရှိ ကျယ်ပြန့်လှသဖြင့် အလွယ်တကူသိရှိနားလည်ကာ ခံစားနိုင်ကြမည် မဟုတ်ပါပေ။

ထို့ကြောင့် ကြံရွယ်ထားသည့်အတိုင်း ဤစာအုပ်ကို ပိုမိုမှန်ကန်၍ တန်ဖိုးရှိသော စာအုပ် တစ်အုပ်အဖြစ် အနာဂတ်တွင် ပြန်လည်ပြင်ဆင်၊ ပုံနှိပ်ထုတ်ဝေနိုင်ရန် အထူး မျှော်လင့်ဆုတောင်းလျက် ရှိပါသည်။

"ဗုဒ္ဓ၏တရားတော်များ" သမိုင်း

ဘုန်းတော်ကြီး မွန်ခိုဇီးဆောင်သော "အသစ်ပြန်ဆိုပြီးသော ဗုဒ္ဓဘာသာ စာအုပ်" ဖြန့်ချီရေး အသင်းက ဂျပန်ဘာသာဖြင့် ၁၉၂၅ ခုနှစ်၊ ဇူလိုင်လက ပြန်လည် ပြင်ဆင်ပြုစုကာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ အသစ်ပြန်ဆိုပြီးသော ဗုဒ္ဓဘာသာစာအုပ်အပေါ် အခြေခံ၍ ဤဗုဒ္ဓဘာသာစာအုပ်ကို ပြန်လည် ပြုပြင် ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ ယင်းပထမ ဂျပန်စာအုပ်ကို ဒေါက်တာ ရှူးဂယုယာမဘဲနှင့် ဒေါက်တာ ချိဇင်အကာနမတို့က ဂျပန်ပြည်တွင်းရှိ မြောက်များလှစွာသော ဗုဒ္ဓဘာသာ သုတေသီ ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စုဆောင်းပြုစုခဲ့ခြင်းဖြစ်ရာ၊ ပုံနှိပ် ထုတ်ဝေနိုင်ရန် ငါးနှစ်နီးပါးမျှ အချိန်ကြာမြင့်ခဲ့လေသည်။

ရှီးဂဆေတ် (၁၉၂၆-၁၉၈၉) တွင်လည်း လူကြီးကျက်များသော ဗုဒ္ဓဘာသာစာအုပ်ကို ယင်းအသင်း ကပင် ပုံနှိပ်ထုတ်ဝေကာ ဂျပန်ပြည်တဝှမ်းရှိ မိဇုတို့လည်း ပြန်လည် ဆန်းစစ်မှုတွင် ပါဝင် ဆောင်ရွက်ခဲ့ ကြလေသည်။ ဤသို့ဖြင့် အင်္ဂလိပ်-ဂျပန်ဘာသာ နှစ်မျိုးဖြင့် ပုံစံသစ်ဖြစ်သော ဗုဒ္ဓတရားတော်များကို ပုံနှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်လေသည်။

၁၉၇၂ ခုနှစ်တွင်အင်္ဂလိပ်-ဂျပန်ကျမ်းစာကိုအခြေပြု၍ပါမောက္ခ ရှုယု ကာနာအိုကာ၊ ဇန်းနီ အီရီဂမိ၊ ရှော်ယူး ဟနရာမ၊ ကွန်းဆေး တမူရ၊ တာကေမီ တကာဆေး တို့စုပေါင်း၍ အင်္ဂလိပ်ဘာသာ သို့စု ပေါင်းကျမ်းပြုခဲ့သည်။ထို နှစ် (၁၉၇၂) တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

နောက်ပိုင်းတွင် ပါမောက္ခများဖြစ်သော ရရော်တဆုစ် ရှိအိုအီရိ၊ တကေမီ တကာဆေး၊ ဟိရိုရှိ တချိကာဂါ၊ ကွန်းဆေး တမူရ၊ ရှောဂျွန်း ဘန်းဒိုး၊ ရှော်ယူး ဟနရာမ (စာတည်းချုပ်) ဖြင့် ဖွဲ့စည်း ခဲ့သည်။ ထိုအဖွဲ့သည် ဗုဒ္ဓတရားတော်များ၏ အချက်အလက်များ ပြန်လည်စုပေါင်း၍ ဂျပန်ဘာသာဖြင့် ၁၉၇၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

တဖန် ၁၉၇၄ ခုနှစ်တွင် ပါမောက္ခ ကွန်ဒို မတုစ်နာမိ၊ ရှောဂျွန်း ဘန်းဒိုး၊ ရှင်းကိုး ဆေးယာဂိ၊ ဒိုးယူး တကာနာကာ၊ ကွန်းဆေး တမူရ၊ ရှော်ယူး ဟနရာမ (စာတည်းချုပ်) တို့ပါဝင်သောအဖွဲ့ကို ဖွဲ့စည်း၍ ဗုဒ္ဓကျမ်းစာများကို အင်္ဂလိပ်ဘာသာဖြင့် အချက်အလက်များ စုစည်း၍ ကျမ်းပြုခဲ့သည်။ ထိုကျမ်းကို မစ္စတာရစ်ချက်၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ပြုစုခဲ့သည်။

ထိုကျမ်းကို ဂျပန်-အင်္ဂလိပ်နစ်ဘာသာဖြင့် ၁၉၇၃ခုနှစ်တွင် ပုံနှိပ်ခဲ့သည်။ ဤသို့ဖြင့် ဗုဒ္ဓကျမ်းစာ များကို ဂျပန်-အင်္ဂလိပ် နှစ်ဘာသာဖြင့် အကျိုးပြု ထုတ်ဝေနိုင်ခဲ့ခြင်း ဖြစ်သည်။

၁၉၇၈ ခုနှစ်တွင် ပါမောက္ခများဖြစ်သော ရှိဂေးအိုကမတ၊ ယယစုအကိ နာရာ တို့သည် ကော်မတီနှင့် ပူးပေါင်းခဲ့သည်။ သက္ကရာဇ် ၂၀၁၁ တွင်ပါမောက္ခများဖြစ်သော ကာနေတာ တနာကာ၊ ရှောဂို ဂါတာနာဘဲ၊ ယောရှိရာစု ယောနယ်ဇာဂါ၊ ဆန်းင်းကကု မာရယ်ဒါ (အမှုဆောင် စာတည်းချုပ်) အယ်ဒီတာ အဖွဲ့ဖွဲ့စည်းပြီး ပူးပေါင်းခဲ့ပြန်သည်။

သက္ကရာဇ် ၂၀၁၃ တွင် (ဗုဒ္ဓဘာသာပြန်ပွားရေးအသင်း) အခြေခံ (စုပေါင်းဖေါင်ဒေးရှင်း) အဆင့် မှ (အများပြည်သူ အကျိုးစီးပွား ပူးပေါင်းဆောင်ရွက်မှု ဖေါင်ဒေးရှင်း) အမည်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ သည်။

ယင်းသို့ ပြောင်းလဲဆောင်ရွက် အကောင်အထည်ဖော်ရန် ကိစ္စအတွက် အယ်ဒီတာအဖွဲ့ဝင်များ ကို အသင်းအဖွဲ့အစည်းမျှင်းနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့ပြန်သည်။ ထိုကော်မတီ အဖွဲ့ဝင်များမှာ ဆန်းင်းကကု မာရယ်ဒါ (အမှုဆောင် စာတည်းချုပ်) ၊ ဇန်းနီ အီရှိဂမိ၊ ကီရောကတ ကီမူရာ၊ ကာနေတာ တနာကာ၊ မိကီကို တာကေးမူရာ၊ ယာစုအကိ နာရာ၊ ချိဇုကို ယောရှိမိဇု၊ ယောရှိယာစု ယောနယ်ဇာဂါ၊ ရှောဂို ဂါတာနာဘဲ တို့ ဖြစ်ကြသည်။

ဇူလိုင်လ၊ ၂၀၁၄ ခုနှစ်။

ဗုဒ္ဓ၏ တရားတော်များကို မြန်မာနိုင်ငံသား ဒေါက်တာတင်အောင်က သာဘာပြန်ဆိုရေးသား၍ အိုစကာ နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခ မစ္စတာ တိုးရှအိုးနိုးနှင့် အင်အိပ် (ချ) ကေအသံလ္ဒင့်ဌာနမှ မစ္စတာ ဟီဆအိုတာနာဘဲ့တို့က ကူညီဖတ်ရှု စစ်ဆေးပေးခဲ့ကြပါသည်။

ဇူလိုင်လ၊ ၂၀၁၄ ခုနှစ်။

ဆရာ့ဆရာ့ကြီးများ၏ ပထမအကြိမ် ဘာသာပြန်ထားသော ဤစာအုပ်အား ဒေါက်တာ အရှင် သုနန္ဒာလင်္ကာ (Dr. Ashin Thunandar Lankara) သာသနာဓဇ ဓမ္မာစရိယ၊ ဂိနယဂိဒ္ဒဘွဲ့ ၊ မဟာဂိဏာဘွဲ့ (သီရိလင်္ကာ)၊ ဒေါက်တာဘွဲ့ (အိန္ဒိယ) က အမှုးပြု ပြင်ဆင်ပေးပြီး၊ အင်ဂြိမ်းစား စိုက်ပျိုးရေးဘဏ်မန်နေဂျာ ဦးသိန်းမြင့်က

ထပ်မံဖြည့်စွက်မှုများကို ဘာသာပြန်ပေး ထားပါသည်။ စီစဉ်ညှိနှိုင်းမှုကို စာရေးဆရာ သုခ(သား) မှ တာဝန်ယူ ဆောင်ရွက်ထားပါသည်။

ဇူလိုင်လ၊ ၂၀၁၆ ခုနှစ်။

"ဗုဒ္ဓ၏တရားတော်များ" အတွက်
အညွှန်းများ

	စာမျက်နှာ	မျဉ်းရေ
လူ့ဘဝ		
လူ့ဘဝ၏အဓိပ္ပာယ်	5	19
ဤကမ္ဘာလောက၏လက်ရှိအခြေအနေ	93	2
အကောင်းမွန်ဆုံးသောနေထိုင်နည်း	226	9
ဘဝအပေါ်မှားယွင်းသောအမြင်များ	44	12
ဘဝအပေါ်စစ်မှန်သောအမြင်များ	41	1
မှားယွင်းနေသည့်ဘဝ	56	15
တွေဝေသူ၊ သံသယဖြစ်နေသူများအား	121	14
လူ့ဘဝ(ပုံပြင်)	87	6
အကယ်၍တဏှာရာဂလောကတွင် ပျော်မွေ့မည်ဆိုပါက(ပုံပြင်)	86	22
အသက်ကြီးရင့်သူ၊ ဖျားနာသူနှင့်သေဆုံးသူတို့မှ သင်ခန်းစာများ(ပုံပြင်)	89	22
သေခြင်းကိုရှောင်ကွင်း၍မရ(ပုံပြင်)	91	1
ဤကမ္ဘာတွင်မည်သူမျှမစွမ်းဆောင်နိုင်သော အရာငါးခု	48	1
ဤလောကရှိအမှန်တရားလေးပါး	48	11
သံသယဖြစ်မှုနှင့်အမှန်တရားနှစ်ရပ်စလုံးစိတ်တွင်းမှထွက်ပေါ်လာခြင်းဖြစ်သည်	49	1
ပုထုဇဉ်(ဂါ)သာမန်လူသားများအနေနှင့်ရယူရန်ခက်ခဲသော်လည်း တန်ဖိုးရှိသောအရာ၂၀	127	16
ယုံကြည်မှု		
ယုံကြည်မှုသည်မီးဖြစ်သည်	172	18
ယုံကြည်မှုတွင်အရေးကြီးသောအကြောင်းအချက်သုံးရပ်ရှိသည်	174	13
ယုံကြည်မှုသည်ထူးကဲဆန်းကြယ်သည်	175	20
ယုံကြည်မှုသည်စစ်မှန်သောစိတ်ထဲတွင်ပေါ်လာသည်	174	25

အညွှန်းများ

	စာမျက်နှာ	မျဉ်းရေ
အမှန်တရားကိုရှာဖွေတွေ့ရှိရေးသည်မျက်မမြင်များက ဆင်၏ပုံပန်းသဏ္ဍာန်အမှန်ကို လက်ဖြင့်စမ်းသပ်၍ ဖော်ပြပြောဆိုရသကဲ့ခက်ခဲသည်(ပုံပြင်)	73	4
မည်သည့်နေရာမှာ ဗုဒ္ဓသဘာဝတည်ရှိသည်ကို စစ်မှန်သော ဗုဒ္ဓဘာသာ၏ သွန်သင်ဟောပြောမှုများက ဖော်ပြသည်(ပုံပြင်)..	75	17
ဗုဒ္ဓသဘာဝသည်တဏှာရမက်များဖြင့် ဖုံးကွယ်နေသည်(ပုံပြင်)	71	18
သံသယဖြစ်မှုသည် ယုံကြည်မှုကိုအဟန့်အတားပြုသည်	176	6
ဗုဒ္ဓသည်ကမ္ဘာလောကတစ်ခုလုံး၏ ဖခင်ဖြစ်၍လူသားများသည် ၎င်း၏ကလေးများဖြစ်သည်	35	3
ဗုဒ္ဓ၏အသိဉာဏ်တော်သည် သမုဒ္ဒရာကြီးကဲ့သို့ကျယ်ပြန့်နက်ရှိုင်းသည်	33	21
ဗုဒ္ဓ၏စိတ်ဓာတ်သည် မေတ္တာကရုဏာများဖြင့် အပြည့်ဖြစ်သည်	15	1
ဗုဒ္ဓ၏မေတ္တာကရုဏာတော်သည် ထာဝရဖြစ်သည်	16	3
ဗုဒ္ဓတွင်ရူပခန္ဓာကိုယ်မရှိ	14	5
ဗုဒ္ဓသည်ဘဝသက်တမ်းတစ်လျှောက်လုံးဟောပြောခဲ့သည်	23	3
ဗုဒ္ဓသည်အသက်ရှင်ခြင်းနှင့်သေခြင်းတရားကို မိမိကိုယ်တိုင်ပြသ၍လူများအား သွန်သင်သည်	23	3
ဗုဒ္ဓသည်လူသားများအား ၎င်းတို့၏ဆင်းရဲဒုက္ခများမှ ကင်တင်ရန် ပုံပြင်များဖြင့် ဟောပြောသင်ပြသည်	18	18
။ ။ ။	19	12
အမှန်တရားကမ္ဘာ	227	23
ဘုရား၊ တရားနှင့်သံဃာတို့အား ကြည်ညိုကိုးကွယ်ရန်	171	14
သီလ (တရားတော်များ) ကိုစောင့်ထိန်းခြင်း၊ သမာဓိ (စိတ်ကိုတည်ငြိမ်အောင်လေ့ကျင့်ထိန်းသိမ်းခြင်း) ၊ ပညာရှိစွာ ပြုမူနည်းများကို လေ့လာခြင်း	157	3
မဂ္ဂင်ရှစ်ပါး	160	1
အမှန်တရား၏တစ်ဖက်ကမ်းသို့ရောက်ရှိနိုင်သောလမ်းစဉ်	162	1
မှန်ကန်သည့်လုပ်နည်းလုပ်ဟန်လေးရပ်	161	9
မှန်ကန်သောအမြင်လေးရပ်.....	161	1

			အညွှန်းများ
		စာမျက်နှာ	မျဉ်းရေ
အမှန်တရားရရှိရေးအတွက်လိုအပ်သောစွမ်းအားငါးရပ်		161	17
အကန့်အသတ်မဲ့စိတ်အခြေအနေလေးရပ်		165	1
သစ္စာတရားလေးပါးကိုသိရှိနားလည်သူများ		39	16
လူတို့၏သေဆုံးမှုနှင့်အနိစ္စ(၇)ဘဝမတည်မြဲမှု		13	10
ဗုဒ္ဓနသတိ ဘာဝနာ ပွားများသူများသည် သန့်စင်ကမ္ဘာတွင် ပြန်လည်မွေးဖွားလာကြမည်		108	10
အသင့်ကိုယ်ကိုမီးရှူးတိုင်ပြုလုပ်၍ ကိုယ့်ကိုယ်ကိုအားကိုးပါ		11	4
စိတ်ကိုလေ့ကျင့်မှု			
မိမိအတွက်မည်သည်ကအရေးကြီးဆုံးဖြစ်သည်ကိုသိမြင်သင့်သည် (ပုံပြင်)		144	10
အသင်၏ပထမခြေလှမ်းများကိုသတိပြုပါ		127	11
ဦးစွာပထမရှာကြံနေသည်ကိုမမေ့ပါနှင့် (ပုံပြင်)		146	1
မည်သည့်အရာတွင်မဆိုအောင်မြင်မှုရယူနိုင်ရန် အခက်အခဲများစွာခံရမည်ဖြစ်သည်		152	3
ကြိမ်ဖန်များစွာ ကျရှုံးစေကာမူ ကြံ့ကြံ့ခံထားပါ (ပုံပြင်)		166	17
ကျေနပ်ဖွယ်မရှိသောအခြေအနေများအောက်တွင်ပင်စိတ်ကို မတုန်လှုပ်စေပါနှင့် (ပုံပြင်)		118	14
မြင့်မြတ်သောလမ်းစဉ်ကိုသိရှိ၍ လိုက်နာသူများသည်အလင်းရောင်ဖြင့်အမှောင်ထဲသို့ဝင်သွားသည်နှင့်တူသည်		40	7
လူဘဝအနှံ့အပြားတွင်တရားတော်များကို တွေ့ရှိရမည်ဖြစ်သည် (ပုံပြင်)		155	6
လူသားများသည် စိတ်ကညှန်ကြားသည့်ဘက်သို့ရွှေ့လျားလိုကြသည်		115	17
တရားတော်၏ဆိုလိုရင်းမှာ မိမိ၏ကိုယ်ပိုင်စိတ်ကိုထိန်းသိမ်းရန်ဖြစ်သည်		12	3
ရှေးဦးစွာအသင်၏စိတ်ကိုထိန်းသိမ်းပါ		204	12
အကယ်၍စိတ်ကိုထိန်းသိမ်းပါက		115	21
စိတ်အခြေအနေအမျိုးမျိုး (ပုံပြင်)		112	10
စိတ်သည်အတ္တ (၇) ကိုယ်ပိုင်ဥပမိရှုပ်မဟုတ်		46	14

အညွှန်းများ

	စာမျက်နှာ	မျှင်းရေ
စိတ်ကြောင့်ယိမ်းယိုင်ခြင်းမဖြစ်ပါနှင့်	11	8
အသင်၏စိတ်ကိုအနိုင်ယူပါ	148	1
စိတ်ကိုချုပ်ထိန်းနိုင်သူဖြစ်ပါစေ	12	10
မကောင်းမှုအပေါင်းသည်ကာယကံ (ကိုယ်ခန္ဓာ) ၊ ဝစီကံ (ပါးစပ်) နှင့်မနောကံ (စိတ်) မှလာသည် စိတ်နှင့်စကားတို့၏ဆက်စပ်မှု	83	19
ဤကိုယ်ခန္ဓာသည်ခေတ္တာ့ဂှားယူထားသောအရာသာဖြစ်သည် (ပုံပြင်)	119	22
ဤကိုယ်ခန္ဓာသည်အညစ်အကြေးပေါင်းစုံနှင့်ပြည့်နှက်နေသည်	137	8
မည်သည့်အရာကိုမျှ စွဲလမ်းမက်မောခြင်းမပြုပါနှင့်	125	4
ကိုယ်ခန္ဓာ၊ ပါးစပ်နှင့်စိတ်တို့ကိုသန့်စင်စွာထားပါ	11	8
တရားမျှတစွာဖြင့် ကြီးပမ်းအားထုတ်ပါ (ပုံပြင်)	118	1
	165	25

လူသားတို့၏ဆင်းရဲဒုက္ခ

လူသားတို့၏ဆင်းရဲဒုက္ခများသည်တွယ်တာစွဲလမ်းမှုစိတ်မှထွက်ပေါ်လာခြင်းဖြစ်သည်	42	15
ဆင်းရဲဒုက္ခကိုမည်သို့ကာကွယ်မည်နည်း	13	19
တွေဝေမှု၊ သံသယဖြစ်မှုနှင့်မသိနားမလည်မှုများသည် အမှန်တရား၏ဝင်ပေါက်ဖြစ်သည်	58	22
ဆင်းရဲဒုက္ခများမှ လွတ်ကင်းနိုင်သောနည်း	110	1
တဏှာရမက်မီးပူငြိမ်းအေးသွားသောအခါ၊ အေးမြသောအမှန်တရားကိုရယူနိုင်သည်	136	11
တဏှာသည်ထင်ယောင်ထင်မှားဖြစ်မှု၏ပင်မဖစ်မြစ်ဖြစ်သည်	82	7
တဏှာကိုပန်းများအထဲတွင် ပုန်းအောင်းနေသော မြွေအဖြစ်မြင်ထားပါ	82	13
မီးလောင်နေသောအိမ်ကိုစွဲလမ်းတပ်မက်ခြင်းမပြုပါနှင့် (ပုံပြင်)	19	7
လောဘရမက်သည်မကောင်းမှု၏ပင်မဖစ်မြစ်ဖြစ်သည်	112	1
ဤလောကသည် တောက်လောင်နေသောမီးထဲတွင်ရှိသည်	79	17

			အညွှန်းများ
		စာမျက်နှာ	မျဉ်းရေ
ထင်ပေါ်ကျော်ကြားမှုနှင့်ဂုဏ်သိက္ခာနောက်သို့လိုက်မည်ဆိုပါက၊			
မိမိကိုယ်ကို မီးရှို့သည်နှင့်တူပေမည်		113	6
အကယ်၍ငွေကြေးစည်းစိမ်နှင့်ကာမရာဂနောက်သို့လိုက်မည်ဆိုပါက ပျက်စီးမည်သာဖြစ်သည်		113	14
လိမ္မာပါးနပ်သူနှင့်မိုက်မဲသူများသည် ၄င်းတို့၏အခြေခံသဘာဝများတွင် ကွာခြားကြသည်		128	12
မိုက်မဲသောသူများသည် မိမိတို့၏အမှားများကိုမသိကြပါပေ (ပုံပြင်)		135	2
မိုက်မဲသောသူများသည် အခြားသောသူများ၏ချမ်းသာစည်းစိမ်များကို ရလဒ်အပေါ် သာကြည့်၍မနာလိုဖြစ်ကြသည် (ပုံပြင်)		135	8
မိုက်မဲသူများက ပြုလုပ်တတ်သောနည်း (ပုံပြင်)		141	5
နေ့စဉ်စားသောက်နေထိုင်မှုဘဝ			
ပေးကမ်းလှူဒါန်း၍မေ့လိုက်ပါ		163	6
ပစ္စည်းဥစ္စာမဲ့၊ ဒါနခုနှစ်ပါး		163	16
ငွေကြေးစည်းစိမ်ရယူနည်း (ပုံပြင်)		139	19
ပျော်ရွှင်ချမ်းမြေ့မှုကိုရယူပုံ		127	2
ကျေးဇူးကိုမည်သည့်အခါမျှမမေ့ရန် (ပုံပြင်)		132	21
လူ့အကျင့်စရိုက်အမျိုးမျိုး		85	16
လက်စားချေလိုသူ၏နောက်သို့ကံဆိုးမှုအမြဲလိုက်ပါလာသည်		126	12
အာယာတစိတ်ကိုချုပ်ထိန်းနည်း (ပုံပြင်)		222	24
အခြားသူများ၏ဝေဖန်ပြောဆိုမှုကြောင့်မတုန်လှုပ်ပါနှင့် (ပုံပြင်)		116	11
အသင်သည်စားဝတ်နေရေးအတွက် အသက်ရှင်နေသည်မဟုတ်		198	11
အစားအစာနှင့်အဝတ်အထည်များသည်			
စည်းစိမ်ခံရန်သို့မဟုတ်ပျော်ပါးရန်အတွက်မဟုတ်		110	19
အစားစားသောအချိန်တွင် စဉ်းစားရမည့်အချက်		200	21
အဝတ်ဝတ်သောအခါတွင် စဉ်းစားရမည့်အချက်		200	1
အိပ်ရာဝင်သောအခါတွင် စဉ်းစားရမည့်အချက်		201	11

အညွှန်းများ

	စာမျက်နှာ	မျဉ်းရေ
ပူသောအခါသို့မဟုတ်ချမ်းအေးသောအခါတွင် ဆင်ခြင်ရမည့်အချက်	200	25
နေ့စဉ်ဘဝတွင်စဉ်းစားရမည့်အချက်များ	199	7

စီးပွားရေး

ဝတ္ထုပစ္စည်းများကို မှန်ကန်သင့်တော်စွာ သုံးစွဲရမည် (ပုံပြင်)	213	5
မည်သည့်ပစ္စည်းမျှထာဝရမိမိ၏ကိုယ်ပိုင်ပစ္စည်းမဟုတ်	212	19
မိမိကိုယ်ကျိုးအတွက်သာဝတ္ထုပစ္စည်းများကိုစုဆောင်းသိုလှောင်ထားရှိခြင်းမပြုရ	215	11
ချမ်းသာကြွယ်ဝအောင်ပြုလုပ်နည်း (ပုံပြင်).....	139	19

မိသားစုဘဝ

မိသားစုသည်အိမ်သူအိမ်သားများအချင်းချင်း၊ စိတ်ချင်းတွေ့ထိပေါင်းဆုံရာနေရာဖြစ်သည်.....	210	8
မိသားစုကိုထိခိုက်ပျက်စီးစေသောအရာများ.....	205	13
ကြီးမားလှသောမိဘကျေးဇူးများအားပြန်လည်ပေးဆပ်နည်း.....	210	2
သားကမိဘများအပေါ်ထားရှိရမည့်သင့်တော်မှန်ကန်သောဆက်ဆံနည်း	206	3
ခင်ပွန်းနှင့်ဇနီးတို့အကြားရှိမှန်ကန်သောဆက်ဆံနည်း	206	26
လင်မယားသည်တူညီသော ယုံကြည်မှုရှိရမည် (ပုံပြင်).....	214	6

ရဟန်း၏လမ်းစဉ်

သဃ်နိုးဝတ်ပြီးသုတ်များကိုရွတ်ဆိုခြင်းဖြင့် ရဟန်းတစ်ပါးမဟုတ်ပါပေ.....	191	1
ရဟန်းများသည်ဘုရားကျောင်းနှင့်ဝတ္ထုပစ္စည်းများကို အမွေဆက်ခံသူများမဟုတ်ပါပေ	188	1
တွယ်တာစွဲမက်သူများသည် စစ်မှန်သောရဟန်းတော်မဖြစ်နိုင်ပါပေ	188	7
ရဟန်းတစ်ပါးက လိုက်နာကျင့်သုံးရမည့် စစ်မှန်သောဘဝ.....	189	23

		အညွှန်းများ
	စာမျက်နှာ	မျဉ်းရေ
လူဘောင်		
လူဘောင်၏အနက်အဓိပ္ပာယ်	218	9
ဤကမ္ဘာရှိလူအဖွဲ့အစည်းများ၏လက်ရှိအခြေအနေများ	93	2
အသင်းအဖွဲ့သုံးမျိုးသုံးစား	218	14
စစ်မှန်သောစုပေါင်းနေထိုင်မှုဘဝ	218	23
အမှောင်ကိုခွင်းသောအလင်းရောင်ခြည်	217	8
လူလူချင်းဆက်ဆံမှုများ၌ သင့်မြတ်ညီညွတ်မှု	219	14
လူမှုရေးအသင်းအဖွဲ့တခုအား သင့်မြတ်ညီညွတ်စေမည့်အရာများ	220	18
အကောင်းဆုံးသောသံယာ	219	22
ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်သူများ၏အကောင်းဆုံးသော လူမှုရေး	227	13
တည်ငြိမ်အေးချမ်းမှုသပဒေကိုဖျောက်ဖျက်သောသူများသည် ပျက်စီးဆုံးရှုံးမည်သာဖြစ်သည် (ပုံပြင်)	134	1
မနာလိုဝန်တိုစိတ်ရှိ၍ အခြားသူများနှင့်အချင်းများသူများသည် ပျက်စီးဆုံးရှုံးမည်သာဖြစ်သည် (ပုံပြင်)	134	1
အသက်ကြီးရင့်သူများကို ရိုသေလေးစားပါ (ပုံပြင်)	129	1
တပည့်နှင့်ဆရာ၊ ဆရာနှင့်တပည့်တို့အချင်းချင်းအပြန်အလှန်ဆက်ဆံနည်း	206	14
သူငယ်ချင်းမိတ်သင်္ဂဟချစ်ကြည်ရင်းနှီးမှုအတွက်စည်းမျဉ်းများ	207	8
မိတ်ဆွေကောင်းများကိုရွေးချယ်နည်း	208	24
အရှင်သခင်နှင့်အိမ်စေတို့ကြားအချင်းချင်းပြုမူဆက်ဆံနည်း	207	19
ရာဇဝတ်မှုကျူးလွန်သူများအပေါ်ထားရှိရမည့်သဘောထား	215	20
ဓမ္မကိုသွန်သင်ဟောပြောလိုသူများက သတိပြုရမည့်အရာများ	192	8

ဂေါဟာရများ
(အကွာရာစဉ်အလိုက်)

ကံ(အလုပ်)

မူလအဓိပ္ပာယ်မှာ အလုပ်ဟူ၍ ဖြစ်သော်လည်း အကျိုးအကြောင်းသဘောတရားနှင့် ဆက်စပ်၍ အတိတ်ကာလက ပြုမူခဲ့သည့်အလုပ်ကြောင့် ရရှိလာသည့် စွမ်းအားရလဒ်တစ်မျိုးအဖြစ် ခံယူလာခဲ့ကြ လေသည်။ အဓိပ္ပာယ်မှာ လုပ်ရပ်မှန်သမျှသည် အကောင်းအဆိုး သို့မဟုတ် ဆင်းရဲခြင်း၊ ပျော်ရွှင်ခြင်းကို ဖြစ်ပေါ်စေနိုင်၍ ယင်းလုပ်ရပ်ကြောင့် အနာဂါတ်အပေါ် အကျိုးသက်ရောက်မှု ရှိစေနိုင်စွမ်းကို ကံဟု သဘောထားကြလေသည်။ ကောင်းမှုပြုပါက၊ ထပ်ဆင့်ထပ်ဆင့် ပြုလုပ်သော ကောင်းမှုများ စုပြုံများပြားလာကာ၊ အနာဂါတ်အပေါ် ကောင်းကျိုးပေးမည့် စွမ်းအားမျိုးရှိသည်ဟု ယုံကြည်ကြလေသည်။ ဤအတွေးအခေါ်တွင် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ လုပ်ရပ်သုံးမျိုး ရှိလေသည်။

တိပိဋကတ(ပဋကတ်သုံးပုံ)

ဗုဒ္ဓကျမ်းစာများ(ဓမ္မ)၏ အစိတ်အပိုင်းသုံးရပ် ဖြစ်သည်။ ၎င်းတို့မှာ ဗုဒ္ဓ၏တရားတော်များ ပါရှိ သော သုတ်ကျင့်ဝတ်များ ပါရှိသည့် ဂိနယနှင့် ဝေဖန်သုံးသပ်မှု အမျိုးမျိုးပါရှိသော အဘိဓမ္မာတို့ ဖြစ်လေ သည်။ နောက်ပိုင်းတွင် ပါဠိင့်တရုတ်နှင့် ဂျပန်ဘုန်းတော်ကြီးများ၏ ဗုဒ္ဓဘာသာဆိုင်ရာ ရေးသားချက်များ ကိုလည်း ပေါင်းစပ်ထည့်သွင်းခဲ့လေသည်။ (ဓမ္မတရားကိုကြည့်ပါ။)

ထေရဝါဒ

တောင်ဘက်ပိုင်း ရိုးရာဗုဒ္ဓဘာသာဖြစ်သည့် ထေရ၏အဓိပ္ပာယ်မှာ အသက်ကြီးရင့်သူများ ဖြစ် သည်။ ရိုးရာကို စောင့်ထိန်းကြသော ဝါရင့်ဘုန်းတော်ကြီးများ၏ ကျင့်ဝတ်တရားတော်များကို တင်းကြပ် စွာ လိုက်နာကျင့်သုံးရေး ခံယူချက်များမှ ထွက်ပေါ်လာသော ဘာသာရေး ဖြစ်သည်။ (အခြားသော တိုးတက်၍ ပိုမိုလွတ်လပ်သည့် ဘုန်းတော်ကြီးများအုပ်စုမှာမူ နောက်ပိုင်းတွင် မြောက်ပိုင်းရိုးရာဟု ခေါ် သော မဟာယာန ဖြစ်လာခဲ့လေသည်။ ဤကဲ့သို့ ဗုဒ္ဓဘာသာ အတွေးအခေါ်များ ကွာခြားမှုများ ဖြစ်ပေါ် လာခဲ့ခြင်းမှာ ဗုဒ္ဓ စုတေပြီးနောက် ရာစုနှစ် အနည်းငယ်အကြာမှာပင် စတင်လာခဲ့ခြင်း ဖြစ်သည်ဟု အဆို ရှိ၍ ထိုအချိန်က တိုးတက်သော အတွေးအခေါ်ရှိသည့် ဘုန်းတော်ကြီး မဟာဒေဝက ဗုဒ္ဓအတွေးအခေါ် ငါးမျိုးအောက်တွင် ပိုမိုလွတ်လပ်စွာ အဓိပ္ပာယ်ဖွင့်ဆိုရန် အခိုင်အမာ တင်ပြခဲ့လေသည်။ ထိုမှစ၍ ထေရ ဝါဒနှင့် မဟာသံဃိကတို့ ကွဲပြားသွားကာ နောက်ပိုင်းတွင် မဟာသံဃိကမှ မဟာယာန ထွန်းကားလာခဲ့ လေသည်။

ဓမ္မတရား(မှန်ကန်သောတရား)

ဤသည်မှာ ဗုဒ္ဓက ဟောပြောတော်မူခဲ့သော တရားတော်များ ဖြစ်လေသည်။ ယင်းတရားတော် များတွင် သုတ် (ဗုဒ္ဓကိုယ်တိုင်ဟောပြောခဲ့သည်များ)၊ ဂိုနည်း (ဗုဒ္ဓကချမှတ်ခဲ့သောဂိုနည်းများ)နှင့် အဘိဓမ္မာ (နောက်ပိုင်းခေတ်များတွင် ပညာရှင်များက သုတ်နှင့်ဂိုနယများအပေါ် ဝေဖန်ဆွေးနွေးချက် များ) ဟူ၍ သုံးမျိုးခွဲခြားထားလေသည်။ ဤ သုံးမျိုးစလုံးကို ပေါင်းခြုံ၍ တိပိဋကဟု ခေါ်လေသည်။ ဓမ္မသည် ဗုဒ္ဓဘာသာ၏ ရတနာသုံးပါးတွင် တစ်ခုအပါအဝင် ဖြစ်လေသည်။

နိဗ္ဗာန်(လုံးဝတည်ငြိမ်အေးချမ်းခြင်း)

ငြိမ်းစေသောဟူသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။ ဤသည်မှာ မှန်ကန်သော အသိဉာဏ်ဖြင့် တရား ကျင့်ကြံမှုများမှတဆင့်၊ လူ့အညစ်အကြေးနှင့် ကာမတဏှာ အပေါင်းကို လုံးဝငြိမ်းအေးစေသော အခြေ အနေဖြစ်ပေသည်။ ဤအခြေအနေသို့ ရောက်ရှိနိုင်သူများအား ဗုဒ္ဓဟု ခေါ်လေသည်။ ဂေါတမသိဒ္ဓတ္ထ သည် သက်တော်၃၅နှစ် အရွယ်တွင် ဤအခြေအနေသို့ ရောက်ရှိကာ ဗုဒ္ဓဖြစ်လာခဲ့လေသည်။ ဤကဲ့သို့ သော လုံးဝတည်ငြိမ်အေးငြိမ်းသည့် အခြေအနေသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း ၊ ရူပ ကိုယ်ခန္ဓာ တည်ရှိ နေသရွေ့၊ လူသားတို့၏ အကြွင်းအကျန်ဖြစ်သော မကောင်းမှု အညစ်အကြေးများ ဆက်လက်တည်ရှိ နေမည့်အတွက် ဖြစ်ကြောင်း ယခုအခါတွင် ယုံကြည်လျက် ရှိလေသည်။

ပညာ

ပရမိတာခြောက်ပါးအနက်၊ တစ်ခုအပါအဝင်ဖြစ်သည်။ ဘဝကိုအမှန်အတိုင်း တွေ့မြင်ခံစားနိုင်စေ ရန်နှင့် အမှန်နှင့်အမှားကို ခွဲခြားနိုင်စေသော အသိစိတ် ဖြစ်သည်။ ဤသည်ကို အပြည့်အဝ ရရှိထား သောသူအား ဗုဒ္ဓဟု ခေါ်လေသည်။ ထို့ကြောင့် ဤအသိဉာဏ်ပညာသည် သာမန်လူသားတို့၏ အသိ ဉာဏ်နှင့်မတူဘဲ သီးခြားဖြစ်သော အသိမ်မွေ့ဆုံးနှင့် အနက်နဲဆုံးသော ဉာဏ်များ ဖြစ်လေသည်။

ပါရမိတာ(တဖက်ကမ်းသို့ကူးသွားခြင်း)

တစ်ဖက်ကမ်းသို့ ကူးသွားခြင်း ဆိုသည်မှာ ဗုဒ္ဓဘာသာကျင့်စဉ်အမျိုးမျိုးကို ကျင့်ကြံခြင်းဖြင့်၊ ဗုဒ္ဓကမ္ဘာသို့ ရောက်ရှိခြင်းကို ဆိုလိုပေသည်။ သာမန်အားဖြင့် ဓွေးခြင်းနှင့် သေခြင်းဖြစ်သော ဤကာမ္ဘာမှ အမှန်တရားကမ္ဘာသို့ ဖြတ်သန်းရောက်ရှိနိုင်စေရန် အောက်ပါလက်တွေ့ကျင့်စဉ်ခြောက်ရပ်ကို ကျင့်ကြံ နေထိုင်ရန် လိုအပ်သည်ဟု ယူဆကြလေသည်။ ၄င်းတို့မှာ ပေးကမ်းလှူဒါန်းခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ခြင်း၊ သည်းခံခြင်း၊ စိတ်အာရုံ ထိန်းသိမ်းခြင်းနှင့် မှန်ကန်စွာ ဆုံးဖြတ်ခြင်း (သို့မဟုတ် ဉာဏ် ပညာ) တို့ဖြစ်လေသည်။ နွေဦးပေါက်နှင့် ဆောင်းဦးပေါက်ရာသီများတွင် ရှိသော ဂျပန်ရိုးရာ ဟိုဂန်ရက် သတ္တပါတ်များသည် ဤ ဗုဒ္ဓအတွေးအခေါ်များမှ ထုတ်ဖော်လာခြင်း ဖြစ်ပေသည်။

ပါဠိ(ဘာသာ)

ထေရဝါဒဗုဒ္ဓဘာသာတွင် အသုံးပြုသော ဘာသာစကား ဖြစ်သည်။ ရှေးဟောင်းအကျဆုံးသော ဗုဒ္ဓတရားတော်များကို ဤဘာသာစကားဖြင့် ရေးသားထားသည်ဟု ယုံကြည်ရလေသည်။ ဤဘာသာ သည် သင်္ဂြိုဟ်လ်တွင်ရှိသော ပရခရစ်ဘာသာတစ်မျိုးဖြစ်သဖြင့်၊ ပါဠိနှင့်သင်္ဂြိုဟ်ဖြင့် ရေးသားထား သော ဗမ္မပါဠိဖြင့် ရေးသားထားသောဓမ္မ၊ သင်္ဂြိုဟ်ဖြင့် ရေးသားထားသော နိဗ္ဗာန်နှ၊ ပါဠိဖြင့် ရေးသားထားသော နိဗာန၊ (သင်္ဂြိုဟ်ကိုကြည့်ပါ)

ဗုဒ္ဓ (အမှန်တရားသိသူ(ဂါ)အကျွတ်တရားရရှိသူ)

အစမူလက ဗုဒ္ဓဘာသာကို တည်ထောင်ခဲ့သူ ဂေါတမသိဒတ္ထ(သကျမုနိ)အား ဤအမည်ဖြင့် ခေါ် ဆိုခဲ့ကြလေသည်။ ဗုဒ္ဓသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ခန့်အကြာက အိန္ဒိယတွင် သက်တော်ဂ၅နှစ် အရွယ်တွင် အလုံးစုံကို သိမြင်သော၊ သဗ္ဗညုတညာဏ်ကို ရရှိခဲ့လေသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက် နောက်ဆုံးသော ရည်မှန်းချက်ပန်းတိုင်မှာ မည်သည့်ဂိုဏ်းဂနမှပင် ဖြစ်စေ၊ ဗုဒ္ဓ ဖြစ်လာရန်ပင် ဖြစ်ပေ သည်။ ဤ အခြေအနေသို့ ရောက်ရှိနိုင်စေရန် ကျင့်ကြံအားထုတ်နည်းများအပေါ် ကွာဟမှုများ ရှိနေ သောကြောင့်လည်း ဗုဒ္ဓဘာသာတွင် အတွေးအခေါ်အမျိုးမျိုး ဂိုဏ်းခွဲများ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာတွင် သမိုင်းဝင် ဗုဒ္ဓသကျမုနိအပြင်၊ အမိတာဘ၊ မဟာဂိရောစဏ၊ ဝေသဖျဂုရု အစရှိသည်တို့ကိုလည်း အများအားဖြင့် ဗုဒဘာသာ၏ အမှတ်လက္ခဏာများအဖြစ် လက်ခံ ထားလေသည်။ ဂျပန်ပြည်တွင် သန့်စင်ကမ္ဘာ အမျိုးအစား ဗုဒ္ဓဘာသာအတွေးအခေါ်များ၏ ဩဇာ လွှမ်းမိုးမှုကြောင့်၊ ကွယ်လွန်သွားသူ အပေါင်းတို့အား အများအားဖြင့် ဗုဒ္ဓများ သို့မဟုတ် ဂျပန်ဘာသာ စကားဖြင့် ဟိုတိုကေဟု ခေါ် ဆိုကြလေသည်။

ဗောဓိသတ်ဘုရားလောင်း(အမှန်တရားကိုရှာကြံနေသူ)

အစမူလက ဤအမည်ကို အမှန်တရား မရရှိမီကာလကဖြစ်သော ဂေါတမ သိဒ္ဓတ္ထအား ရည်ညွှန်း ခေါ်ဆိုခြင်း ဖြစ်ပေသည်။ မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာ ထွန်းကားလာခဲ့ပြီးနောက်တွင် ဗုဒ္ဓဘာဝသို့ ရောက်ရှိနိုင်ရန် ကြိုးပမ်းနေသူအပေါင်းအား ဤအမည်ဖြင့် ခေါ်ဆိုခဲ့ကြလေသည်။ နောက်ဆုံးတွင် ဗုဒ္ဓ ဘဝသို့ ရောက်ရှိနိုင်စေရန် မိမိတို့၏ အကြင်နာကရုဏာစိတ်များဖြင့် အခြားသူများအား ဆွဲဆောင်နေ သူများ၊ တစ်ချိန်တည်းမှာပင် မိမိတို့ ကိုယ်တိုင်လည်း၊ အလားတူပန်းတိုင်သို့ရောက်ရှိနိုင်ရန် ကြိုးပမ်းနေ သူများအား ဗောဓိသတ်ဘုရားလောင်းများအဖြစ် ခေါ်ဆိုခဲ့ကြလေသည်။ ၄င်းတို့အနက် ထင်ရှားသူ အချို့တို့မှာ အဝလောကိတေသရ၊ စိတိဂါဘ၊ မဉ္ဇုသီရိတို့ ဖြစ်လေသည်။

မယာယာဉ်(ကြီးသောယာဉ်)

ဗုဒ္ဓဘာသာသမိုင်းစဉ်တွင် အဓိကအတွေးအခေါ်ကြီးနှစ်မျိုး ထွက်ပေါ်လာခဲ့ရာ မဟာယာနနှင့် ထေရဝါဒ (ဟီနယာန)တို့ ဖြစ်လေသည်။ မဟာယာနဗုဒ္ဓဘာသာသည် တိဗက်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်စသည် တို့ကိုပြန့်နှံ့သွားခဲ့၍ ထေရဝါဒမှာ မြန်မာ၊ သီရိလင်္ကာ(သီဟိုရ်)၊ ထိုင်းအစရှိသည့် နိုင်ငံများ သို့ ပြန့်နှံ့သွားခဲ့လေသည်။ ဤစာလုံးဖ၏ အဓိပ္ပာယ်မှာ မွေးခြင်းနှင့်သေခြင်း ဖြစ်သော ဤလောကရှိ ဝေဒနာ ခံစားနေရသူ အပေါင်းအား ခွဲခြားမှုမရှိပဲ၊ အမှန်တရားရရှိစေရန် ဦးဆောင်ခေါ်ယူသွားနိုင်သည့် မဟာယာဉ်ကြီး ဟူ၍ ဖြစ်လေသည်။

သဃ်ာ(ဗုဒ္ဓညီနောင်များ)

ဤအထဲတွင် ဘုန်းတော်ကြီးများ မယ်သီလရှင်များနှင့် သာမန်အရပ်သူ အရပ်သားများ ပါဝင် လေသည်။ နောက်ပိုင်းတွင် မဟာယာနလူပ်ရှားမှုများ ထွက်ပေါ်လာသောအခါ၊ ဗောဓိသတ်ဘုရား လောင်းအဖြစ်သို့ ရောက်ရှိနိုင်ရန် ရည်မှန်းကြသူ၊ အရပ်သား သို့မဟုတ် ရဟန်းတော်မဟူ အတူတကွ ညီနောင်အဖြစ် ပေါင်းစည်းပါဝင်ခဲ့ကြလေသည်။ ဗုဒ္ဓဘာသာ၏ ရတနာသုံးပါးအနက် တစ်ခုအပါအဝင် ဖြစ်သည်။

သံသရာ(ပြန်လည်မွေးဖွားလာခြင်း)

အတိတ်ကာလမှသည် မျက်မှောက်နှင့် အနာဂါတ်အထိ အမြဲမပြတ် ကြိမ်ဖန်များစွာ အောက်ပါ ဘုံဘဝပြောက်မျိုးတို့တွင် မွေးဖွားလာခြင်းနှင့် သေဆုံးသွားခြင်းဖြစ်စဉ်များ ဖြစ်သည်။ ငရဲ၊ တဏှာသူရဲ များ၊ တိရစ္ဆာန်များ၊ အသူရာ၊ လူနှင့် ကောင်းကင်ဘုံတို့ ဖြစ်လေသည်။ အမှန်တရားမရရှိပါက ဤသံသရာ မှ လွတ်မြောက်နိုင်မည် မဟုတ်ပါပေ။ လွတ်မြောက်နိုင်သူများကို ဗုဒ္ဓဟု ခေါ်ဆိုနိုင်ပေသည်။

သုတ်(ကျမ်းစာများ)

ဗုဒ္ဓတရားတော်များ၏ မှတ်တမ်းများပင် ဖြစ်ပေသည်။ မူရင်းအဓိပ္ပာယ်မှာ ကြိုးဖြစ်၍။ ဘာသာ ရေး သို့မဟုတ် သိပ္ပံပညာများတွင် ကျယ်ပြန့်များပြားလှသော ပညာရပ်များကို သီကုံးဆက်နွယ်ထား ခြင်းကို ဆိုလိုပေသည်။ တိပိဋကတ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

သုည(ဂါ)နတ္တိ(အကောင်အထည်မရှိမှု)

အရာခပ်သိမ်းတို့တွင် ဂတ္တုပစ္စည်း သို့မဟုတ် တည်မြဲမှုမရှိဟူသော အတွေးအခေါ်ပင်ဖြစ်၍ ဗုဒ္ဓ ဘာသာ၏ အခြေခံသဘောတရားတစ်ခု ဖြစ်သည်။ အရာခပ်သိမ်းသည် ဖြစ်မှုအကြောင်းရင်းပေါ်တွင် မူတည်နေသဖြင့် အရာဂတ္တုတစ်ခုအဖြစ်၊ ထာဂရတည်မြဲသော ကိုယ်ဟူ၍ မရှိပါပေ။ သို့ရာတွင် အရာဂတ္တုတိုင်းတွင် အကောင်အထည်ရှိသည် သို့မဟုတ် မရှိဟူသော အတွေးအခေါ်မျိုးကို လိုက်နာရန် မသင့်ပါပေ။ သက်ရှိသတ္တဂါမှန်သမျှ၊ လူသားဖြစ်စေ၊ လူသားမဟုတ်သည်ဖြစ်စေ၊ ဆက်နွယ်မှုသာ ဖြစ် သည်။ ထို့ကြောင့် အတွေးအခေါ် သို့မဟုတ် ခံယူချက် မူဂါဒတစ်ခုခုကို လုံးဂမှန်ကန်သည့် တစ်ခုတည်း သောအရာဖြစ်သည်ဟု ဖက်တွယ်ထားမှုမှာ မိုကပ်မဲလှပေသည်။ ဤသည်မှာ မဟာယာနဗုဒ္ဓဘာသာ၏ ဉာဏ်ပညာ ကျမ်းစာထဲရှိ အခြေခံအတွေးအခေါ် ဖြစ်ပေသည်။

သက္ကဋ္ဌ(သင်္သကြိုဋ်)

ရှေးဟောင်းအိန္ဒိယနိုင်ငံ၏ ရှေးရိုးရာစာပေ ဘာသာစကားဖြစ်သည်။ အိန္ဒိယ-ဥရောပ ဘာသာ စကားတစ်မျိုး ဖြစ်လေသည်။ ၎င်းကို ဗေဒနှင့် ရှေးဟောင်းသင်္သကြိုဋ်အဖြစ် ခွဲခြားထားလေသည်။ မဟာ ယာနကျမ်းစာများကို ဤ ဘာသာစကားဖြင့် ရေးသားထားခဲ့ပြီး၊ ယင်းကို ဗုဒ္ဓဘာသာမျိုးစပ် သင်္သကြိုဋ်ဟု ခေါ်လေသည်။

အနတ္တ(ကိုယ်မဟုတ်မှု)

ဤသည်မှာ ဗုဒ္ဓဘာသာတွင် အခြေခံအကျဆုံးသော အချက်တစ်ချက် ဖြစ်ပေသည်။ ဤလောက ရှိ တည်ရှိမှုနှင့် ဖြစ်စဉ်အပေါင်းတို့သည် နောက်ဆုံးတွင် မည်သည့် အကောင်အထည်မျိုးမှ မရှိပါပေ။ တည်ရှိမှုမှန်သမျှမှာ မတည်မြဲမှုပင်ဖြစ်ကြောင်း လက်ခံထားသည့် ဗုဒ္ဓဘာသာတွင် ထိုကဲ့သို့သော မတည်မြဲသည့် တည်ရှိမှုတွင် ထာဝရ တည်မြဲသော ဝိထ္ဌာပစ္စည်းဟူ၍ မရှိကြောင်း ရှင်းလင်းပြောဆိုရန်မှာ သဘာဝပင် ဖြစ်ပေသည်။ အနတ္တမာန်ကို နာမ်မဟုတ်သောဟုလည်း ခေါ်ဆိုနိုင်ပေသည်။

အနိစ္စ(မတည်မြဲမှု)

အခြားသောအခြေခံအချက်တချက်ဖြစ်သည်။ ဤလောကရှိ တည်ရှိမှုနှင့် ဖြစ်စဉ်အပေါင်းတို့သည် အစဉ်အမြဲပင်ပြောင်းလဲနေ၍၊ ခေတ္တခဏမျျှပင် အလားတူ တည်ရှိနေခြင်း မရှိပါပေ။ အရာခပ်သိမ်းသည် တစ်နေ့နေ့တွင် သေဆုံးခြင်း သို့မဟုတ် အဆုံးသတ်သွားခြင်းသာ ရှိရမည်ဖြစ်သောကြောင့်၊ ထိုကဲ့သို့သော အလားအလာသည်ပင်လျှင် ဆင်းရဲဒုက္ခ၏အကြောင်းရင်းဖြစ်လေသည်။ သို့ရာတွင် ဤအတွေးအခေါ်ကို မကောင်းရှုမြင်တတ်သည့် ရှုထောင့်မျိုးမှသာ၊ အဓိပ္ပာယ် ကောက်ယူရန် မသင့်ပါပေ။ အဘယ်ကြောင့်ဆို သော် တိုးတက်မှုနှင့် ပြန့်ပွားမှုနှစ်ရပ်စလုံးသည် ဤကဲ့သို့ အစဉ်အမြဲပြောင်းလဲနေမှု၏ သာဓကများပင် ဖြစ်သောကြောင့် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာပြန့်ပွားရေး ရံပုံငွေအဖွဲ့နှင့် "ဗုဒ္ဓ၏ တရားတော်များ" ကို ထုတ်ဝေမှု

ဗုဒ္ဓဘာသာ ပြန့်ပွားရေး ရံပုံငွေအဖွဲ့အကြောင်းကို ပြောကြားမည်ဆိုပါက၊ မိတုတိုယို ကော်ပိုရေးရှင်းကို တည်ထောင်ခဲ့သူ၊ စီးပွားရေး လုပ်ငန်းရှင် တစ်ဦးဖြစ်သည့် မစ္စတာရဲဟန်နူမားတား အကြောင်းကို ထည့်သွင်း ပြောဆိုရန် လိုအပ်ပေသည်။

၄င်းပုဂ္ဂိုလ်သည် တိကျသော တိုင်းထွာမှု ပစ္စည်းကိရိယာများကို ထုတ်လုပ်ရန် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ကျော်က ကုမ္ပဏီတခုကို တည်ထောင်ခဲ့လေသည်။ လုပ်ငန်းဌာနတခု၏ အောင်မြင်မှုသည် အာကာသဘုံ၊ ဘုမ္မဘုံနှင့် လူသားတို့၏ သင့်မြတ်ညီညွတ်သော ပေါင်းစည်းမှုအပေါ်တွင် မူတည်၍ လူသားတို့၏ စိတ်ဓာတ်ကောင်းမွန်မှုကို အသိဉာဏ်ပညာ၊ ကြင်နာမှုနှင့် ရဲရင့်သတ္တိတို့၏ ချိန်ခွင်လျှာ ညီမျှသော ပေါင်းစည်းမှုဖြင့်သာ ရယူနိုင်သည်ဟု ၄င်းက စွဲမြဲစွာ ယုံကြည်မှုအောက်တွင် တိုင်းတာရေး ပစ္စည်းကိရိယာများ ထုတ်လုပ်မှုတွင် စက်မှုနည်းနာများ တိုးတက်ကောင်းမွန်လာရေးနှင့် လူ၏ စိတ်များ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာရေးတို့အတွက် စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်လျက် ရှိလေသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကို ရယူရန်မှာ လူစိတ်ကို အပြစ်အနာအဆာ ကင်းစင်အောင် ပြုလုပ်နိုင်မှသာ ဖြစ်နိုင်မည်။ ယင်းအတွက် ဗုဒ္ဓ၏ သွန်သင်ဟောပြောမှုများ ရှိနေသည်ဟုလည်း ၄င်းက စွဲမြဲစွာ ယုံကြည်ထားလေသည်။ ထို့ကြောင့် ကုမ္ပဏီ၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲလျက်နှင့်ပင် ၄င်းသည် ဗုဒ္ဓတော သံများကို ခေတ်မီစေရေးနှင့် ဗုဒ္ဓ၏ရုပ်ပုံများနှင့် တရားတော်များကို ဖြန့်ချီရေးလုပ်ငန်းရပ်များတွင် နှစ်ပေါင်းလေးဆယ်ကျော် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၁၉၆၆ခုနှစ် ဒီဇင်ဘာလတွင် ၄င်းသည် ဗုဒ္ဓဘာသာပြန့်ပွားရေး လုပ်ငန်းရပ်များကို လုပ်ဆောင်ရန် ရံပုံငွေအဖွဲ့တစ်ရပ်ကို မိမိ၏ ပုဂ္ဂလိကပိုင် ရံပုံငွေနှင့် ပေါင်းစပ်လိုက်ပြီး၊ တစ်ချိန်တည်းမှာပင် ကမ္ဘာ့ငြိမ်း ချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။ ဤသို့ဖြင့် ပြည်သူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ဗုဒ္ဓဘာသာပြန့်ပွားရေး ရံပုံငွေအဖွဲ့ စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓ၏ တရားတော်များကိုနေရာအနှံ့သို့ ဖြန့်ဝေ၍ လူသားတိုင်းက တရားရေအေးကို သောက်သုံး၍ အကျိုးထူးရရှိနိုင်စေရန် မည်ကဲ့သို့ လုပ်ဆောင်လျက် ရှိပါသနည်း။ ရံပုံငွေအဖွဲ့ကို တည် ထောင်ခဲ့သူ၏ ဆန္ဒကို ထိန်းသိမ်းကာ ဤပြဿနာရပ်၏ အဖြေကိုရှာကြံရေးမှာ ဤဗုဒ္ဓဘာသာ ပြန့်ပွား ရေး

ရံပုံငွေအဖွဲ့၏ လုပ်ငန်းပင် ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် ဗုဒ္ဓတရားတော်များကို ဖြန့်ချီရန်အတွက်၊ ကြီးပမ်းချက်မှန်သမျှကို ဤ ဗုဒ္ဓဘာသာ ပြန့်ပွားရေး ရံပုံငွေအဖွဲ့က ဦးလည်မသုန်၊ ကြီးပမ်းဆောင်ရွက်နေသည် ဟူသော အချက်ပင် ဖြစ်ပါသည်။

ဗုဒ္ဓ၏ တရားတော်များဟူသည် ဤစာအုပ်သည် ဤနိုင်ငံတွင်းရှိ ဘာသာရေး၏ သမိုင်းနှင့် ဗုဒ္ဓ ဘာသာယဉ်ကျေးမှုကို အစဉ်အမြဲပင် ဂုဏ်ယူဝင့်ကြွားခဲ့သော်လည်း ဂျပန်နည်းဖြင့် အမိပ္ပာယ် ကောက် ယူပါက ဗုဒ္ဓဘာသာ၏ သွန်သင်ဟောပြောချက်များဟု ခေါ်ဆိုနိုင်လောက်သော ရေးသားထုတ်ဝေမှုများ မရှိသလောက် ဖြစ်နေသည့် အချက်ကို ဆင်ခြင်သုံးသပ်ကာ ကြီးပမ်း ဖော်ထုတ်ခဲ့သည့် စာအုပ်ပင် ဖြစ်ပါ သည်။

ဤစာအုပ်သည် ဖတ်ရှုသူအားလုံးအတွက် စိတ်ဓာတ်ရေးရာ အာဟာရအဖြစ် အကျိုး ဖြစ်ထွန်း စေမည် ဖြစ်ပါသည်။ ဤစာအုပ်ကို မည်သူမဆို စာရေးစားပွဲပေါ် ထားရှိခြင်း သို့မဟုတ် မိမိကိုယ်နှင့် သယ်ဆောင်ကာ စိတ်တိုင်းကျ ဖတ်ရှုခြင်းများ ပြုလုပ်နိုင်ရန် စီစဉ်ထုတ်လုပ်ထားပါသည်။

ကျွန်ုပ်တို့ စိတ်တိုင်းကျဖြစ်လောက်အောင် အပြစ်အနာအဆာ ကင်းစင်မှုမျိုး မရှိသေးသော်လည်း ယခုလက်ရှိ ပုံနှိပ်ထုတ်ဝေထားသော ဗုဒ္ဓ၏ တရားတော်များသည် ဗုဒ္ဓဘာသာကို ပြည်သူလူထု အများစုက တိကျစွာ လွယ်ကူစွာနှင့် ပိုင်နိုင်စွာ လေ့လာဖတ်ရှုရန် လိုအပ်ချက် ဖြည့်စွမ်းစေနိုင်ရန်နှင့် တစ်ချိန်တည်းမှာပင် လက်တွေ့သောလမ်းညွှန်နှင့် နေ့စဉ်ကျင့်ကြံနေထိုင်မှုနှင့် အမှန်တရား၏ ပင်ရင်း ဖစ်မြစ်အဖြစ်၊ လူအမြောက်အများတို့၏ နှစ်ပေါင်းများစွာ ကြီးပမ်းဆောင်ရွက်ချက်များမှ ထွက်ပေါ် လာခဲ့ခြင်း ဖြစ်ပါသည်။

တတ်နိုင်သမျှ များပြားလှစွာသော နေအိမ်များတွင် စာအုပ်ရှိနေသည့်အချိန်၊ တတ်နိုင်သမျှ များပြားလှစွာသော လူများက မြတ်စွာဘုရား၏ လင်းရောင်ခြည်အောက်တွင် ပျော်မြူးစွာ ဂင်ရောက်လာ မည့် အချိန်မျိုး စောလျင်စွာ ရောက်ရှိလာမည်ကို ဗုဒ္ဓဘာသာပြန့်ပွားရေးအဖွဲ့က တွေ့မြင် လိုလှပါသည်။

စာဖတ်ပရိတ်သတ်များ၏ ဝေဖန်ရေးသားချက်များကို အစဉ်အမြဲပင် ကြိုဆိုလျက် ရှိပါသည်။ အချိန်မရွေး ဗုဒ္ဓဘာသာပြန့်ပွားရေး ရံပုံငွေအဖွဲ့သို့ စာရေးသား ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။